ကြောင်ပန်းဦးတိက္ကာအရှင်မြတ် - ၏

ဝိပဿနာ အလုပ် အကျဉ်းချုပ်

# ဒိဋ္ဌိပြုတ်လမ်း

## ပေါပုံကျမ်း

• တတိယတွဲ •

တတိယအကြိမ်

ဓမ္မဒါန

၁၄၆၁၅

# ဗုဓလင်မြို့

## ကြောင်ပန်း ဦးတိဿ အရှင်မြတ်

၏

## ဝိပဿနာအလုပ်-အကျဉ်းချုပ်

# ဒိဋ္ဌိပြုတ်လမ်းဟောပုံကျမ်း

## တတိယတွဲ

---

ဆုံးခန်းတိုင်အောင်- ကြည့် ကျက် ဆောင်

☆

နာယက ဆရာတော်ထံမှ အမိန့်မရရှိဘဲ
တဆင့်ကူးယူ ပုံနှိပ်ခြင်းမပြုရ

ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
၆၀၆-က

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၁၁၁၁၃)က

ကာင်းလွတ်ခွင့်အမှတ်(၀၄၅၀၃)က

ထုတ်ဝေသူ -ဦးသုန္ဒရ
ကြောင်ပန်းဝိပဿနာတိုက်၊ ဗုဓလင်မြို့။

ပုံနှိပ်သူ -ဦးသန်းမောင် မြဲ(၀၇၈၄)
ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

တတိယအကြိမ် စာအုပ်ရေ-၂၀၀၀။

ဓမ္မဒါန

၁၃၄၁-ခု၊ ဝါဆိုလ။ ၁၉၇၉-ခု၊ ဇူလိုင်လ။



ပုတလင်မြို့
ကြောင်ပန်းတောရတိုက်
နာယကဆရာတော် ဦးတိဿ၏ပုံတော်

# အကြောင်းပြ နိဒါန်း

အောက်ချင်းတွင်း သလ္လာခရိုင်ဗုဓလင်မြို့၊ပဌမကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဖြစ်တော်မူသောနာယက ဆရာတော် ဦးတိက္ခာ အရှင်မြတ်သည် အရပ်ရပ်၌ဟောကြားတော်မူအပ်သော ဝိပဿနာအလုပ် အကျဉ်းချုပ်ဖြစ်သည့် (**ဟောပုံကျမ်း ပဌမတွဲ ဒုတိယတွဲ**) ထုတ်ဝေပြီးနောက် (**တတိယတွဲ**) ကိုလည်း မကြာမီ စီစဉ် ထုတ်ဝေရန်ဖြစ်သော်လည်း ခန္ဓာကိုယ်၏ မကျန်းမာခြင်းကြောင့် ထုတ်ဝေခြင်း အကြောင်းမညီမညွတ် ဖြစ်နေရာမှ ယခုတဖန် ရဟန်းရှင် လူ တပည့်ကြီးငယ် အသွယ်သွယ်တို့ ထပ်မံ လျှောက်ထားကြပြန်သည်က တကြောင်း၊ မိမိကိုယ် မိမိလည်း ရောဂါအမျိုးမျိုး ဖိစီးသဖြင့် အဇ္ဇေဝ သုဝေဝ မရဏ ကာလ ဒိဝသဘာဂ မသိရသည်ကို ထောက်ဆ, မိသောကြောင့်ရင်းဝိပဿနာအရာ ဝါသနာ ပါသူတို့အတွက် ဝိပဿနာဉာဏ်စခန်း၌ တန်းတန်းမတ်မတ် ဟောတတ်, ပြောတတ်,ပွားများတတ်, မှတ်သား နည်းယူ လွယ်ကူစေခြင်း အကျိုးငှာ ဤဝိပဿနာအလုပ် အကျဉ်းချုပ် ဒိဋ္ဌိပြုတ်လမ်း (**ဟောပုံကျမ်း တတိယတွဲ**) ဆက်လက် ရေးသားတော် မူခဲ့သည်ကို တတိယအကြိမ် ထုတ်ဝေလိုက်ရပေသတည်း။

# မာတိကာ


| အမှတ်စဉ် | | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၁။ | ငှားနွားခန္ဓာ သိစေငှာ ချွေတာရေးညွှန်း တရားခွန်း .... | ၁ |
| ၂။ | ဝိဇ္ဇာစရဏ ကျင့်ညီမျှ နိဗ္ဗာန်ရညွှန်း တရားခွန်း .... | ၁၄၆ |
| ၃။ | ဗူးနှင့်ကျောက်ခဲ နှစ်ပါးတွဲ လားမြဲလားညွှန်း တရားခွန်း .... | ၁၈၅ |
| ၄။ | အယုတ်အမြတ် ထိုနှစ်ရပ် အမြတ်ဘော်ညွှန်း တရားခွန်း .... | ၂၀၂ |
| ၅။ | ဖြစ်ပျက်ကိုရှု နိဗ္ဗာန်ဆု ရမှုဘော်ညွှန်း တရားခွန်း .... | ၂၄၇ |
| ၆။ | ထူးသာထူးပြား မခြားနား စဉ်စားဘော်ညွှန်း တရားခွန်း .... | ၂၇၄ |
| ၇။ | ဒိဋ္ဌိတလုံး ပယ်သတ်ထုံး ကြီးဆုံးရေးညွှန်း တရားခွန်း .... | ၃၁၆ |
| ၈။ | တံခါးခြောက်တန် အတွင်းရန် လင်းညာဏ်ဖြိုခွင်း တရားခွန်း .... | ၃၃၇ |
| ၉။ | ရုပ်သေးပမာ နာမ်ရုပ်သာ ထုတ်ခါဘော်ညွှန်း တရားခွန်း .... | ၃၆၆ |
| ၁၀။ | ဘဝေစခန်း ခြေမလှမ်း သေခန်းဖြတ်ညွှန်း တရားခွန်း .... | ၄၀၃ |
| ၁၁။ | အသုဘ ဆယ်ပါး ပါဠိအနက် .... | ၅၁၇ |

# အမှား ပြင်ဆင်ချက်

| မျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၅၄ | ၁၀ | ပြစ်တဲ့အတိုင်း | ဖြစ်တဲ့အတိုင်း |
| ၅၆ | ၉ | ငါးလ | ငှါးလ |
| ၅၉ | ၁၀ | အမျးကြီး | အများကြီး |
| ၁၂၅ | ၂ | တဆစ်ချ | တထစ်ချ |
| ၁၂၆ | ၁၂ | မဟုတ်ဘုရား | မဟုတ်ပါဘုရား |
| ၁၄၃ | ၁၀ | ချပေးလိုက်ပေး | ချပေးလိုက် |
| ၁၄၇ | ၁၃ | အဝိဇ္ဇာ | ဝိဇ္ဇာ |
| ၁၅၇ | ၄ | ရှိန်နေကြတာ | ရှိနေကြတာ |
| ၁၅၇ | ၂၂ | ဝေးချင်းတိုင်း | ဝေးချင်တိုင်း |
| ၁၅၀ | ၆ | ယောင်တောင် တော့ | ယောင်တောင် တောင်တော့ |
| ၁၅၉ | ၅ | ပေးထာဒါ | ပေးထားဒါ |
| ၁၆၄ | ၈ | အငိုအတိုက်နှင့် | အငိုမတိုက်နှင့် |
| ၂၀၂ | ၁၇ | ဓမ္မတာအရာ | ဓမ္မအရာ |
| ၂၀၉ | ၂ | တွေနေခိုက် | တွေ့နေခိုက် |
| ၂၁၅ | ၂၀ | ကာမာစရ | ကာမာဝစရ |
| ၂၁၆ | ၁ | ဋ္ဌိဟိုတ် | ဒွိဟိတ် |
| ၂၃၄ | ၈ | ကိုယ့်မသိတ် | ကိုယ်မဟုတ် |
| ၂၃၄ | ၉ | ဘွဲ့စည်းရေမြှုပ် | ဘွဲ့စည်းရပ်ရေမြှုပ် |
| ၂၃၉ | ၂၁ | မြေမြှုပ် | ရေမြှုပ် |

# အမှား ပြင်ဆင်ချက်

| မျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၂၄၅ | ၉ | ဘွဲ့ဒါမှာ | ဘွဲ့ဒါထဲမှာ |
| ၂၅၇ | ၁၆ | တယောက်ထဲဘာ | တယောက်ထဲဘဲ |
| ၂၅၉ | ၉ | ဓမ္မစီထိ | ဓမ္မပီတိ |
| ၂၆၉ | ၂၀ | ဖြစိပေါ် | ဖြစ်ပေါ် |
| ၂၇၀ | ၅ | ဘန်ထင်း | ဘန်ဆင်း |
| ၂၇၇ | ၁၆ | ဖြေးဖြေခြင်း | ဖြေးဖြေးခြင်း |
| ၂၉၄ | ၁၀ | ဧါ့ကြောင့် | ဒါ့ကြောင့် |
| ၃၀၀ | ၁၃ | ရောက်တောင် | ရောက်တော့ |
| ၃၀၂ | ၁၂ | ဆန်လိုက်သော | ဆန့်လိုက်သော |
| ၃၂၃ | ၁၄ | ပြုတ်ကြရင်ဖြင့် | မပြုတ်ကြရင်ဖြင့် |

# ဒိဋ္ဌိပြတ်လမ်းဟောပုံကျမ်း

## တတိယတွဲ

---

ရတနတ္တယံ အဟံ ဝန္ဒာမိ။

(၁)

## ငါးနွားခန္ဓာ သိစေငါ စွဲ့တာရေးညွှန်း တရားခွန်း

အနုဂစ္ဆာမိ ကာယဿ၊ ဝဿံ နိစ္စဥ္ဆ ယဿာဟံ။
အပ္ပံအပ္ပံ ကရိဿာမိ၊ စောဒေတွာန ပုနပ္ပုန္နံ။

အဟံ၊ အပလိပ္ပိုမို အဆန်းချိတ် အရှိတွေကို ဒီလိုမှန်းလဲ မရိပ်မိခဲ့လို့ ဒိဋ္ဌိနှင့် စခန်းသွား လမ်းမှားခါ နေရတဲ့ငါသည်။ ယဿ ကာယဿ၊ အပေါ်ယံလူရိုး အတွင်းကသူခိုးညာဏ် တမျိုးဟန် အကဲပြ သူရဲမ ဘုရင် ဘိလူးမထိပ်ခေါင်တင်လို တဆိတ် ရှောင်တခင် အယုံသွင်းမိရင်ဖြင့် ဒုန်ရင်းလူ အပူတိုက်လို့မို့ မြူမကိုက် ချော့မဟန်

ရှော့မခံ တင်းမရ ကွင်းမရ မရှောင်နိုင် အတိုင်ကလဲမရ အလှဲကလဲ မရနှင့် အနှံ့တကာ့ ထိတ်သီး အကြင်ခန္ဓာ ကိုယ်တည်းဟူသော နွံ့ဆိုးကောင်ကြီး၏။ ဝါ၊ တား လိုက်ရင်တိုး ထားလိုက်ရင်ဆိုး မျှားလိုက်ရင် ညှိုးရိုင် တတ်လို့မို့ တိုးမနိုင် ဆိုးမနိုင် ညှိုးမနိုင် ကျိုးရိုင်ခွေနုံး အကြင် ခန္ဓာကိုယ်တည်း ဟူသော ဟောဒီ အဆိပ်တုံး ကြီးရှဲ့။ ဝသံ၊ ဟုတ်နိုးဟုတ်နိုး ရုပ်တမျိုးနှင့် ရုပ်ဆိုးဟန် ပို သူ့အလိုကို။ နိစ္စဥ-နိစ္စေ၊ မပြတ်အမြဲ ထပ်တလဲသာ လျှင်။ အနုဂစ္ဆာမိ၊ ပုတယ် စေတယ် မရွေးချယ်တော့ဘဲ ဖေးသွယ်ဝိုက်ခါ ကြိုက်ရာ ကြိုက်ရာ စိုက်စိုက်ပါအောင် ထိုက်ရာမှာ နားရော့လို့ အားမရှော့ တမင်မဲမဲပြီး သူ့ ဘက်မှာ အတွင်လဲလို့မို့ တစဉ်ထဲသာ လိုက်ပါ၍နေရ လေတော့၏ တကား။ အဟံ၊ အထဲခါတ် အံရှိတွေ့ကို အမြဲမပြတ် ကြည့်လို့မို့ ယခုမှ အကဲခတ်မိသော ငါ သည်။ တသ ကာယသ။ ကျွေးလိုက် မွေးလိုက် ဘယ် လိုပင် အရေး စိုက်သော်လဲ စျေး မကိုက်အမှုပို သူ့အလို စာရင်း ချလိုက်တော့ အရင်း မရ အမြတ်ရှုံး မှတ်ထုံးပုံ မိုး ထို ခန္ဓာကိုယ်တည်း ဟူသော ငှားနွားကြီး၏။ ဝါ၊ ကိုင်လိုက်ရင် စူး နမ်းလိုက်ရင် မူး စားလိုက်ရင် ရူးစေ တတ်လို့မို့ စူးမပြေ မူးမပြေ ရူးမပြေ ဘီလူးတစ္ဆေ ဖိစိး-ထို ခန္ဓာကိုယ်တည်းဟူသော ဟောဒီ ဗဒိုင်းသီးကြီး ရှဲ့။ ဝသံ၊ ခုတမျိုး ခုဇာမျိုး အညှတိုးလို့ မှုမရိုးဟန်ပို သူ့အလိုကို။ ပုနပ္ပုနံ၊ အပလီတမျိုး အဆိုးတလှဲ့ အနှံ့

တဖုံ ခယာသမျှ အလုံးစုံကို-အနှုလုံ ပဋိလုံ အစုန်အဆန် အပြန်အလှန် ကပ်ကပ်သတ်သတ် အထပ်ထပ် အဖန်ဖန်။ စောဒေတွာနှ၊ ဟုတ်မဟုတ် မှန်မမှန် မိမိဉာဏ်ဖြင့် ကေန်သိလိမ့် တစိမ့်စိမ့် အောက်မေ့ တငွေ့ငွေ့ ဆင်ခြင် အပြစ်တင်ခါ စောဒနာ၍။ အပွံ့အပွံ့၊ အငြိအစွဲ ခေတ်တွေကို တိကနဲ့နေအောင် မဖြတ်နိုင်သေးသော်လဲ တနေ့ထက် တနေ့ တရက်ထက် တရက် မှုန်းသည်ထက်မှုန်း ဝသည်ထက်ဝ နဲ့သည်ထက် နဲ့ရလေအောင်။ ကရိယာမိ၊ ဘာဘာညာညာ ဆိုတဲ့ အမှားရေးတွေကို အခါခါ အားမပေးတော့ဘဲ တရားသွေးဆောင် အစွဲမျှင်းမျှင်းပြီး နဲ့နဲ့ချင်း နဲ့နဲ့ချင်း တိလိုက်ပါတော့အံ့သတည်း။ အပွံ့အပွံ့၊ အထုံဝါသနာ အချစ် ရမက်တွေကို အကုန်ခွါခါ မပစ်ရက်နိုင်သေးသော်လဲ တနှစ်ထက် တနှစ်, တလထက် တလ ရော့သည့်ထက်ရော့ ပေါ့သည်ထက်ပေါ့ ပျော့သည်ထက် ပျော့ရလေအောင်။ ကရိယာမိ၊ သူတော်ကောင်း သူတော်ကောင်းနှင့် သူတော်မှ ကောင်း သူမတော်ရင် မကောင်းနိုင်ဘူး ခေတ်တောင်းတဲ့ သူ့အလိုကို တခုမဆို တရေးရေး တွေးတွေး ညင်းညင်းပြီး ဖြေးဖြေးချင်း, ဖြေးဖြေးချင်း, ရှော့လိုက်ပါတော့အံ့သတည်း။ အပွံ့အပွံ့၊ ရောင်ကြီးနှင့် ရုပ်အင်္ဂါ ဘီးဆံထုံးကို သုတ်သင်ခါ အပြီးကတုံးတုံးလို့မို့ ပုတီးတကုံးကို အမှန်ချစ်ခင် ဖန်ဝတ်လွင်နှင့် အသားချ တရားရအောင် ဘယ်တော ဘယ်တောင် ဘယ်ဂူချောင်မှ မထွက်နိုင်

သေးသော်လဲ, တဘာဝထက် တဘာဝ တစထက် တစ ကင်းသည်ထက် ကင်း, ရှင်းသည်ထက် ရှင်း လင်းသည်ထက် လင်းရလေအောင်။ ကရိယာမိ၊ စိတ်ထဲ နှလုံးထဲမှာ ဖြုံးခနဲ ဖြုံးခနဲ ဖြစ်ပေါ်လာတဲ့ အခါ အသုံးအစွဲ မလွဲရလေအောင် လွန်ကဲတဲ့ လောဘကို ချွေချွေတာတာ, လွန်ကဲတဲ့ဒေါသကို ချွေချွေတာတာ, အမှန်ကိုမသိ အမှားကိုသိအောင် ပကတိ အမှောင်ပြုတတ်တဲ့ (**မောဟကိုလဲ ချွေချွေတာတာ**) အဝတ်ကို ချွေချွေတာတာ, အစားကို ချွေချွေတာတာ, ကိုယ်အမိုက် အလို မလိုက်တော့ဘဲ (**နဂိုရ် အကြိုက်ကိုလဲ ချွေချွေတာတာ**) အသုံးကို ချွေချွေ တာတာ, အဖြုန်းကို ချွေချွေတာတာ, မတော် မတရား အမော် အကြွားတွေနှင့် (**အပျော်အပါးကိုလဲ ချွေချွေ တာတာ**) အပျင်းကို ချွေချွေတာတာ, အရိကို ချွေချွေ တာတာ, တရှိန်အတွင်း အချိန်မယွင်းရအောင် (**အသိမ် အဖျင်းကိုလဲ ချွေချွေတာတာ**) အငေါက်ကို ချွေချွေ တာတာ, အချောက်ကို ချွေချွေတာတာ, ဖရိုဖရဲ နှစ်ကိုယ် မကွဲရအောင် (**အဆို အဆဲကိုလဲ ချွေချွေ တာတာ**) အစောင်းကို ချွေချွေ တာတာ, အချိတ်ကို ချွေချွေ တာတာ, ဆိမပါ ဆားမပါ လျှာအရသာ ထူးလို့မို့ လက်ကလေးစတို့တို့ မေးကလေး တငေါ့ငေါ့, ဂေါင်းကလေး တညိမ့်ညိမ့်နှင့် နှစ်သိမ့်စွာ မပျင်း မမောနိုင်ကြတဲ့ (**အတင်းပြောတာကိုလဲ ချွေချွေတာတာ**) အချစ်ကို ချွေချွေတာတာ အမုန်းကို ချွေချွေတာတာ တဲ့ကြတဲ့

အခါ အပြုံးကြီးပြုံး မတဲ့ကြတဲ့အခါ အမုန်းကြီး မုန်းလို့မို့ နှလုံးအသည်း ကြေမလို အရှုံ့အမဲ့တွေနှင့် အတုံ့အလှဲ့ အခြေအတင် သင်းက စူးနှင့်ဖောက်တော့ ငါက ဆောက်နှင့် ထွင်းချင်, အဲဒါလို တဦး နှင့် တဦး, တယောက်နှင့် တယောက်, အတိုင် အဖောက်, အပြန်အလှန် အချက်ကောင်း ညှိုးညှိုးပြီး (**မျက်စောင်းထိုးတာကိုလဲ ချွေချွေတာတာ**) အလေ့ရိုးကို ချွေချွေတာတာ, အလေ့ဆိုးကို ချွေချွေတာတာ, ဂျပိုးပွတ်တာတွေ အရမ်းမလုပ်ကြပါနှင့် ဂျိုးဂျုတ် အရသာခံခါ နှုတ်ခမ်းကလေး လှုပ်လှုပ်ပြီး (သန်းတုတ်တာကိုလဲ ချွေချွေတာတာ) အစွဲကို ချွေချွေတာတာ, အငြိုကို ချွေချွေတာတာ စွဲမိရင် အထုတ်ခက်, ငြိမိရင် အဖြုတ်ခက်, ရုတ်တရက် မလွယ်ကူ ဘယ်အပူ ဘာအရေး, ဘယ်နမူနာ ဘာကလေး ရယ်လို့ ဘယ်သူ ဘယ်ဝါ ဘယ်ဟာမှ တွေးမနေနဲ့တော့ (ယယ်မူယယ်ရာကလေးတွေကိုလဲ ချွေချွေ တာတာ) အညှံ့ကို ချွေချွေတာတာ အဖျင်းကို ချွေချွေတာတာ, မရောက်ခင် ခြေဆင်း မနင်းခင်အပူထုတ် မလုပ်ခင် မဖြစ်နိုင်ပါဘူးရယ်လို့ ညစ်ညူးခါ တိတ်တဆိတ် ကုပ်ကုပ်ပြီး (စိတ်ရှုပ်တာကိုလဲ ချွေချွေတာတာ) အလွမ်းကို ချွေချွေတာတာ, အဆွေးကို ချွေချွေတာတာ ဓမ္မတာထုံပေ စိတ်ဒမြတွေကြောင့် အာရုံတွေ ပိတ်မရလို့မို့ အနိစ္စ,ဒုက္ခ, အနတ္တရယ်လို့ ပုတီးကလေးတောင် မစိပ်နိုင်တော့ဘဲ နေဝင်ရင် တံခါးပိတ်ပြီး (အအိပ်ကိုလဲ ချွေချွေတာတာ) ထိုကဲ့သို့ ချွေတာစရာ. အရေးတွေကို

အသေအချာ တွေးမိရင်ဖြင့် သွေမကွာ ပြေအမတာနှင့်လဲ မဝေးတော့ပါဘူး အမွေရတနာ ဒေသနာတွေကို အဖေဘဂဝါက ပေးခဲ့ပါပေါ့ အနေနေ အရာရာမှာ အထွေထွေ အခါခါ တွေးတွေးပြီး....ဩော် (တကယ့် ချေတာရေး တရားကြီး) ကျင့်ကြံ အားထုတ်ပါတော့အံ့သတည်း။

တကာဗိုလ်ကြီးလား (တင်ပါဘုရား) ဩော်....ပရမတ္ထ သဘာဝတရားတော်ကြီးကို အနည်းငယ်သိ၍ အတော်အတန် ရိပ်မိလာလေလေ, မိမိကိုယ်ကို မိမိအားမရလေလေ အသင့် အတင့် ဉာဏ်ပွင့်လာလေလေ ကိုယ့်ရှင်ကို တင်းမတိမ်နိုင် လေလေ ဆိုသလိုဘဲ၊ ထိထိမိမိ အဟုတ်သိဘို့ကလဲ တယ်-ဆိုက်ရောက်ခဲသကို တကာဗိုလ်ရ (မှန်ပါ့ အလွန်ဆိုက်ရောက် ခဲပါဘုရား)။

အကယ်၍ မိမိဉာဏ်ဖြင့် ဆိုက်ရောက်စွာ သိစေကာမူ သူတပါးအား ထုတ်ဖော် ဟောကြားဘို့ ဆိုပြန်တော့လဲ သိပ်လွယ်ကူတဲ့အလုပ် မဟုတ်ပါကလား....(တင်ပါ မလွယ်ကူ လှပါဘုရား)။

ထို သိသလောက် မြင်သလောက် ပြောဟောတတ် သလောက်ကိုဘဲ သူတထူး သိသာထင်ရှား သဘောကျ သွားလောက်အောင် စကား စာတမ်း တကျမ်းတဖွဲ့ တစါကျ တဂါထာ နေရာတကျ ရေးသားနိုင်ဘို့ အချက်ဆိုဒါကိုတော့ အခက်မှာ ပြောစရာ မလိုတော့ပါဘူး ထင်ပါရဲ့ (မှန်ပါ.... ကိုယ်လုပ်ကြည့်မှ ခက်သလောက် သိရပါလိမ့်ဘုရား)

စဉ်းစားသာကြည့်ကြတော့၊ အသိယောင်ရော အပြော ရှုပ်ထွေး အရေး ဗွက်ပေါက် ခက်သလောက် မပြောချင် ပါဘူး။

သို့ အသိခက်, အမြင်ခက်, အဟောခက်, အပြောခက်, အရေးခက် သကိုလို့ အားမထုတ် မလိုက်စားဘဲ ကြောင့်ကြမဲ့ ပစ်ထားလို့လဲ နေရာမကျဘူး၊ ဒါလောက် ခက်တဲ့တရား၊ မဆင်ခြင် မပွားများချင်ပါဘူးလေလို့ ပစ်ထားရင်လဲ နစ် သည်ထက် နစ်သွားမှာဘဲ မဟုတ်လား (မှန်ပါ ပစ်ထားရင် နစ်သွားမှာပါဘုရား)။

အေး.... ဒါ့ကြောင့် မိမိ ဉာဏ်မှီသလောက် သဘော ထောက်ပြီး ရှုမြင်နည်း တဌာန,ပြောဟောမှု အ၀၀,ရေးသား ခြင်း ကိစ္စတွေကို အထွေထွေ ပြုကြရတာပေါ့လေ။

ယခုငါတို့ ရေးသား ထုတ်ဆိုလိုက်သော ဂါထာကြီး၏ လိုရင်း အဓိပ္ပါယ်သရုပ် လက်ဝါးကြီးအုပ် စုစုချုပ်စကား ဘာတရားလို့ အမှတ်ထားမလဲ (ချွေတာရေး တရားကြီးလို့ အမှတ်ထားရပါလိမ့်မည်ဘုရား)။

ဩော်....သိသာထင်ရှား မှတ်သားလိုလျှင် အမည်တင်ပြီး "ချွေတာရေးတရားကြီး" လို့ မှတ်ထားရသတဲ့လား (မှန်ပါ ဘုရား)။

ရေးသား ထုတ်ဆိုလိုက်သော ပုဂ္ဂိုလ်၏အလို ဘာကို ရည်စူး၍ အထူး မိန့်ဆိုပါသလဲဆိုဒါ အမြဲစူးစိုက် သဘော ပိုက်ထားရတယ်နော်။

ချွေတာရေးဆိုဒါ တခြားဆိုဒါ မဟုတ်ဘူး (တပေါစ) ဟူသော မင်္ဂလာတရားတော်ကြီးနှင့်အညီ အစစ အရာရာမှာ ခြိုးခြံရမည် သိုသိပ်ရမည်ဟု ဆိုလိုသည်။

နိဗ္ဗာန်တည်းဟူသော ချမ်းသာထူးကြီးကို ဆည်းပူးလိုလားကြသော အမျိုးကောင်းသား အမျိုးသမီးကောင်း မှန်သမျှ လာဘအလာဘ၊ လာဘ်ရမှုကိစ္စ, လာဘ်မရမှုကိစ္စ, ပြည့်စုံမှုကိစ္စ, မပြည့်စုံမှုကိစ္စ, ခန္ဓာကိုယ် မွေးမြူးရန်အတွက် ရှာရ ဖွေရ, ပစ္စည်းရေးနှင့်ကျလျှင် ရထိုက်တာကိုယူ မရထိုက်ထာကို မယူဘဲ ဖြစ်ဖြစ်သမျှနှင့် ရောင့်ရဲလွယ်ရခြင်း တင်းတိမ်လွယ်ရခြင်း ဆိုတဲ့သန္တုဋ္ဌိဂုဏ်နှင့်လည်း ပြည့်စုံစေကြရမည်။

လျှပ်ပေါ်သော အမူအရာ, လျှပ်ပေါ်သော အလို, လျှပ်ပေါ်သော စိတ်တွေကို မယိုမဖိတ်ရအောင် ကြပ်ကြပ်ကြီး စောင့်စည်းသိုသိပ်ကြလေ။

ဤ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီး အတွက်နှင့် ခုဘဝနေ့ာင်ဘဝမှာ ဆင်းရဲတွင်းကြီး နက်အောင် မပြုကြလင့်၊ ဆင်းရဲနယ်ကြီး အကျယ်မချဲ့ကြပါနှင့်။

မြတ်စွာဘုရားကြီးကတော့ သတ္တဝါအများ ဆင်းရဲသားတွေကို ရာဟုလာ သားတော်နှင့်မခြား အလွန်သနားတော်မူလှ၍ ခြိုးခြံစွာကျင့်ကြ ရောင့်ရဲလွယ်ကြ လျှပ်ပေါ်သော စိတ်တို့ကို နိုင်နင်းစွာ ပိတ်ဆို့ကြဟု အမြဲမပြတ် ဆိုဆုံးမတော်မူတယ်။

သူသူငါငါ သတ္တဝါတွေ ကတော့ မရောင့်ရဲလွယ်ကြ လျှပ်ပေါ်သော စိတ်တွေကို မပိတ်မဆို့နိုင်ကြ၊ ဒါ့ကြောင့်

လဲ ဆင်းရဲတွင်းကြီး နက်ချင်တိုင်း နက်နေကြ, ဘုရားအဆုံး အမတော်နှင့် သတ္တဝါတို့၏ ပြုမူနေကြပုံတွေဟာ ဘယ့်ကလောက် ဆန့်ကျင်နေကြသလဲဟ တကာဗိုလ်ရ (အလွန်ကွာခြားနေကြ ထင်ပါဘုရား)။

ဘုရားအဆိုနှင့် အများအလို မျက်မြင်နားကြား အလွန်ကွာခြားနေကြလျှင် တလောကလုံး (**တပေါစ**) ဟူသော မင်္ဂလာ တရားတော်ကြီး ပျက်စီးချွတ်ယွင်း သတိကင်းနေကြပြီဟု ဆိုရလိမ့်မယ်။

မိမိသန္တာန်မှာ မင်္ဂလာတရားတော် အချက်ကြီး တခုက ပျက်စီးနေခဲ့လျှင် လိုရင်းဆုံးကြီးဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကိုမူ အဘယ်မှာ အရယူနိုင်ပါတော့မလဲ။

ယခုလောကမှာ (**တပေါစ**) ဟူသော မင်္ဂလာ တရားတော်ကြီးအရ ခြိုးခြံရမယ် ခြိုးခြံရမယ်လို့ လူတိုင်း ပစပ်ကဘဲ မပြောကြဘူးလား (ပြောကြပါဘုရား)။

အင်း....ပြောသာပြောနေကြ သဘောက ခပ်ချိုချိုမို့ ခေတ်ကို ထိခိုက်တယ် မထင်ဘူး။

အဲဒီ ခြိုးခြံရမယ်ဆိုတဲ့ စကားနှင့် ချွေတာရမယ်ဆိုတဲ့ စကားဟာ စကားသာကွဲ၍ အဓိပ္ပါယ်မှာ အတူတူပါဘဲ ဘာများထူးခြားကြသေးသလဲ (မထူးတော့ပါဘုရား)

ခြိုးခြံရမယ်ဆိုတဲ့စကားကတော့ အသုံးအစွဲ နည်းပါးလှ၍ လူတိုင်း သိပ်ပြီး နားလယ်မယ် မဟုတ်ဘူး၊ နားလယ်ချင်မှ နားလယ်မယ် ထင်တယ်၊ ချွေတာရမယ်ဆိုတဲ့ စကားကိုတော့ ကလေးလူကြီး ဆိုသလို အကုန်နားလယ်နိုင်တယ်။

ဒါကြောင့် (တပေါစ) ဟူသည်နှင့်အညီ ခြိုးခြံရမယ် ဆိုတဲ့စကားကို အများနားလယ်အောင် ချွေတာရမယ်လို့ စကားပရိယာယ်ဖြင့် လဲလှယ်၍ သုံးစွဲထုတ်ဆို ရေးသား လိုက်သကို တကာဗိုလ်ရ (မှန်ပါဘုရား နားလယ်ဘို့သာ အရေးကြီးပါဘုရား)။

ထိုမင်္ဂလာ တရားတော် အချက်ကြီး, ပျက်စီးယိုယွင်း သတိကင်းနေတဲ့ သူတွေကသာ အလွန် များပြားနေကြ သဖြင့် သိသင့်သူ သိကြဘို့ ကျင့်ထိုက်သူ ကျင့်ကြဘို့ သို့ကလို သဘောထားပြီး ဤချွေတာရေး တရားကွင်းကြီးကို ငါတို့ ထုတ်ဆို ရေးသားလိုက်ရပေသတည်း။

အမှန်စင်စစ်ကတော့ ဤချွေတာရေး တရားကွင်းကြီး ဟာ တကယ့် မင်္ဂလာတရားတော်ကြီး အစစ်ဘဲ မဟုတ်လား (မှန်ပါ မင်္ဂလာတရားတော်ကြီးအစစ်ပါ ဘုရား)

အေး- မင်္ဂလာ တရားတော်ကြီးမှန်းသိရင် စိစိပါအောင် သေသေချာချာကြည့်ထား အက္ခရာ စကားသုံးကို သဝေထိုး တလုံး မတိမ်းရအောင် အရအမိ ကျက်မှတ် ဆောင်ပြီး များများကြီး ဆင်ခြင်စဉ်းစား ပွားများလေ။

အကြင်သူ၏ စိတ် သန္တာန်၌ မင်္ဂလာထိုက်သော ဤ ချွေတာရေးတရားကြီး မတည်အံ့၊ ထိုသူသည် ယခု ပစ္စုပ္ပန် နောင်သံသရာ နှစ်ဖြာစလုံး ယူကြုံးမရ အကြီးအကျယ် ဆင်းရဲဒုက္ခ တွေ့ကြုံရမည်၊ အကြင်သူ၏ စိတ်သန္တာန်၌ မင်္ဂလာ ထိုက်သော ဤ (ချွေတာရေးတရားကြီး) တည်အံ့။ ထိုသူသည်

ယခု ပစ္စုပ္ပန် နောင်သံသရာ နှစ်ဖြာစလုံး သိမ်းကြုံး သိုသိပ် ကိုယ်စိတ်နှစ်ပါး ချမ်းသာပွား၍ နိဗ္ဗာန်တံခါးလည်း အပြီး တိုင် ပွင့်သွားတော့မည် ကေန္တ ဖြစ်တော့သည်၊ ဤမင်္ဂလာ တရားကြီးတခု မတည်လျှင် ကြွင်းသော သူတော်ကောင်း တရားတွေ အကုန် ပျက်စီးတတ်ချေသည်။ ဤမင်္ဂလာတရား တော်ကြီးတခု တည်လျှင်လည်း ကြွင်းသော သူတော်ကောင်း တရားတွေ အကုန် တည်လာ ပြည့်စုံလာနိုင်လေသည်။

မင်္ဂလာတရားတော်ကြီးတည်မှု မတည်မှု ဤနှစ်ခုကလည်း ခန္ဓာ၊ကိုယ်ပေါ်မှာ အမြစ်စုပြန်သကို - တကာဗိုလ်ရ (မှန်ပါ ခန္ဓာပေါ်မှာ အမြစ်စုရပါဘုရား)။

ဘာကိုမြင်မှ အစဉ်ထာဝရ ဤ မင်္ဂလာတရားတော်ကြီး တည်နိုင်မလဲ ဆိုလျှင် ခန္ဓာကို မှန်စွာမြင်မှ တည်လာခွင့် ရမည်။ ခန္ဓာကို မှန်စွာမမြင်က ဘယ်တော့မှ အစဉ်ထာဝရ တည်လာနိုင်ခွင့် ရမည်မဟုတ်။ အပြစ်နှင့်တကွ ဤခန္ဓာကို မှန်စွာမြင်ဘို့ အရေးကြီးကြပြီ။

ဘာ့ကြောင့် ခန္ဓာကို မှန်စွာ မမြင်ကြသလဲ၊ အဝိဇ္ဇာက အမှားပြ၊ တဏှာ မာနက အဆိပ်မိ၊ ဒိဋ္ဌိက အတင်းစွဲ၊ ဟောဒါကြောင့် အမှန်မမြင်နိုင်ကြဒါဘဲ။

ဒါကြောင့်လဲ ယခုဘဝမှာဘဲ ဆင်းရဲဒုက္ခ အဝဝ သေသည် မှ နောက်ကာလ, တမလွန်ဘဝမှာလဲ အပါယ် အစရှိသော ဘေးအမျိုးမျိုး၊သို့ကလို အကျိုးရင်း အကျိုးဖျား ဝဋ်မီးတွေ ပွား၊ ဝဋ်မှားတွေ အမျိုးမျိုးနှင့် မရှောင်နိုင် မတိမ်းနိုင် ရင်ဆိုင်ပင် တိုးနေကြရသည်။

ထိုကဲ့သို့ ဘေးဆိုး ဘေးညစ် ဘေးအပြစ်တွေနှင့် အမျိုးမျိုးဖြစ်ပြီး သံသရာနစ်ရခြင်းဟာ အရင်းအစကိုက-ဟန်မရလို့ မဟုတ်လား (မှန်ပါ အရင်းအစကိုက ဟန်မရသည့်အတွက် ကြောင့်ပါဘဲ ဘုရား)။

နွယ်ကို နှုတ်သောသူသည် ရှေးဦးစွာ အမြစ်အရင်းကို တွေ့အောင် ရှာရဘိသကဲ့သို့၊ ထို့အတူ အပါယ် အစရှိသော ဝဋ် ထိုထိုမှ လွတ်လိုသောသူသည် ထိုဝဋ်ပင် ဝဋ်ခင်း၏ အမြစ် ရင်းအစကို တွေ့အောင်ရှာရမည်။

အမြင်ကို ဆွဲနှုတ်လိုက်လျှင် တဖုတ်လုံး ထအုပ်လုံးပါနိုင် သည်၊ အမြစ်ကို ဆွဲပုံလိုက်လျှင်လည်း တရုံလုံး တအုံလုံး ပါနိုင်သည်။

ဒါကြောင့် ဝဋ်ထိုထိုမှ ကျွတ်လိုလွတ်လိုကြသော တကာ ဗိုလ်တို့ငါတို့တတွေဟာ အမြစ်ကို တွေ့အောင်ရှာဘို့ အရေး မကြီးဘူးလား (မှန်ပါ အမြစ်ကို တွေ့အောင်ရှာဘို့ အရေး ကြီးလှပါဘုရား)။

ကဲ....ဒါဖြင့် အမြစ်ကို တွေ့အောင် ရှာကြစို့၊ အမြစ်ကို တွေ့အောင်ရှာဘို့ရာ နည်းဆိုတာလဲ၊ တသီးတခြားမှာ မဟုတ် ပါဘူး၊ ယခင်ပြဆိုခဲ့ပြီးသော (ချေတာရေး) တရားဂါထာ ကြီး၏ အနက်လာအတိုင်း မြန်မာပြန် လိုရင်းကို တပိုဒ်စီ တပိုဒ်စီ ဖြေရှင်းကြည့်လိုက်လျှင် အရင်းမိလို့ အလယ်ပါ အဖျားဟာ စုရုံးလျက် အကုန်လုံး သိမ်းကြုံးမိတော့ဒါ ပါဘဲ၊

## ဂါထာအရ, အစိပ္ပါယ်အကျဉ်း ဖြေရှင်းချက်

သဗ္ဗာနိစ အပါယဂါမိကမ္မာနိ နာမ အတ္တဒိဋ္ဌိယာ
သတိယာဧဝ ဝိပစ္စန္တိ၊ အသတိယာ နဝိပစ္စန္တိ။

သဗ္ဗာနိစ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အပါယဂါမိကမ္မာနိနာမ၊ အပါယ်သို့ ရောက်ကြောင်း မကောင်းသော အကုသိုလ်ကံတို့ မည်သည်။ အတ္တဒိဋ္ဌိယာ၊ ငါကိုယ်ထင်ငြိ အတ္တဒိဋ္ဌိသည်။ သတိယာဧဝ၊ အမြစ်စိုက်ဆင်း အကြောင်းရင်းရှိမှသာလျှင်။ ဝိပစ္စန္တိ၊ အစုန်မြန်မြန် အဆန် နှေးနှေး သန်သန်ကြီး အကျိုး ပေးတတ်ကုန်၏။ အသတိယာ၊ ရုပ်နာမ်မြင်သိ၍ အတ္တဒိဋ္ဌိ အမြစ်အရင်းမရှိခဲ့သော်။ န ဝိပစ္စန္တိ၊ သိခိုက် မြင်ခိုက် တစဉ်တိုက်ဌ အကျိုး မပေးနိုင်ကုန်။ ဝါ၊ အစုန်လမ်းတွေအကုန်ပျက်စီးလို့မို့ အဆန်လမ်းကြီး တခုတည်း ဌသာ တဟုန်တည်း လိုက်ပါ ဆန်တက်ရ လေကုန်သတည်း။

ယခု ပြဆိုခဲ့သော အဘိဓမ္မာ ဋီကာကျမ်းကြီး အလို အဓိပ္ပါယ် ဆိုသော်....၊ ထိုထို အပါယ် ရောက်ကြောင်း မကောင်းသော အကုသိုလ် ကံတို့သည် ငါ ကိုယ် ထင်ငြိ အတ္တဒိဋ္ဌိ ထင်ရှား ရှိမှသာလျှင် အပါယ်ကျိုးကို ပေးစွမ်းနိုင်ကုန်၏၊ ဝိပဿနာဉာဏ် ဆင်ခြင်ကြည့်သဖြင့် ရုပ်နာမ် ကိုဟုတ်မှန်စွာ မြင်သိ၍ အတ္တဒိဋ္ဌိအမြစ်အရင်း မရှိခဲ့သော် အပါယ်ကျိုးကို ဘယ်သောအခါမှ မပေးနိုင်ကြတော့ဘူး ဆိုပါလား တကာဗိုလ်ရ (မှန်ပါ မပေးနိုင်တော့ပါဘူးတဲ့ ဘုရား)။

ဆိုလိုရင်းမှာ အတ္တဒိဋ္ဌိအရင်းရှိသေးက အပါယ်လေးပါး နှင့် တအိမ်ထဲသား အိုးစားမကွဲကြသေး။

ရုပ်နာမ်ကို အဟုတ်ညဏ်မြင်သိ၍ အတ္တဒိဋ္ဌိအမြစ်တကယ် ကျွတ်သွားမှ အပါယ်လေးပါးနှင့် အိုးစားကွဲကြမည်။

အတ္တဒိဋ္ဌိ အမြစ် မပြတ်သေးက အပါယ် လေးရပ်နှင့် ဘယ်တော့မှ အမွေမပြတ်ကြသေး။

ပုဂ္ဂိုလ်မပါ သတ္တဝါမဖက် အသက်မကပ် ရုပ်နာမ် ဆတ်ဆတ်ကို သိ၍ အတ္တဒိဋ္ဌိခေါ်တ် အမြစ်ဖြတ်မှ အပါယ် လေးရပ်နှင့် စင်စစ် အမွေပြတ်ကြမည်။

တကာဗိုလ် သင်တို့ ငါတို့တတွေ အပါယ်လေးပါးနှင့် အိုးစားမကွဲနိုင်ကြဒါဟာ ဘယ်သူ့ကြောင့်လဲ (အတ္တဒိဋ္ဌိ ကြောင့်ပါ ဘုရား)။

သင်တို့ ငါတို့တတွေ အပါယ်လေးရပ်နှင့် အမွေမပြတ် နိုင်ကြတာဟာ ဘယ်သူ့ကြောင့်လဲ (အတ္တဒိဋ္ဌိကြောင့်ပါ ဘုရား)။

အတ္တဒိဋ္ဌိနှင့် အိုးစားမကွဲသမျှ ငရဲနှင့် အမွေမပြတ်သေး၊ အတ္တဒိဋ္ဌိနှင့် အိုးစားကွဲမှ ငရဲနှင့်အမွေပြတ်တော့သည်ဟူလို။

ဒါဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော ချမ်းသာထူး ချမ်းသာမြတ်ကြီးနှင့် ဖီလာကန့်လန့် ဖြစ်နေ၍ ငရဲစသော ဝဋ်တွေ့၌သာ နှစ်စေတတ်သော အမြစ်ကို ဟောဒါလို စီစစ် ချက်အရ အခုတွေ့ရပြီမဟုတ်လား (မှန်ပါတွေ့ရပါပြီဘုရား)။

အတ္တဒိဋ္ဌိနှင့် တကွ နောက်လိုက် နောက်ပါ ဖြစ်ကြကုန်သော အကုသိုလ်ကံပေါင်း ကြွေးဟောင်း အနန္တတွေဟာ ရေစုန်လမ်း သက်သက် တို့သာ ဖြစ်ကုန်၏၊ အဆန်စခန်း အဆန်လမ်းကား အငွေ့မျှ မသန်းနိုင်ကြကုန်။

ထိုကြောင့် အတ္တဒိဋ္ဌိတခုမြုံလျှင် အစုန်လမ်းတွေ ကုန်ခန်း၍ အဆန်လမ်းကြီး တခုတည်းသာ ဖြောင့်တန်းပြီး တသမတ်ထည်း ပေါက်ရောက်ရလေတော့သည်။

ထိုအတ္တဒိဋ္ဌိ အချက်ကို မသိ အရင်းကို မမိကြတဲ့ အတွက်ကြောင့် အဆန်လမ်းဘက်သို့ မလှမ်းမတက်နိုင်ကြဘဲ အစုန်ထဲ၌သာ သူဆွဲတိုင်း လိုက်ပါနေကြရ မဟုတ်လား (မှန်ပါ သံသရာ ရေစုန်ဝဲထဲ သူဆွဲတိုင်း လိုက်ပါနေရပါဘုရား)

သူဆွဲရာ မလိုက်ပါဘဲ နေနိုင်ပါတော့မလား၊ သူ့ကို အယုံသွင်း အရင်းထားဒါကိုး၊ သူ့ကို အယုံသွင်းပြီးထားမိလို့လဲ သူ၏နှင်းပြားကြီးတွေ ဖြစ်နေကြရဒါပေါ့။

သူကလဲ ယုံစချင့်ဘွယ်ရှိအောင် အမျိုးမျိုး လှည့်ပတ် အထပ်ထပ်သွေးဆောင် အယောင်ယောင် အမှားမှား ဖြစ်စေသော အားဖြင့် များပြားသောပရိယာယ်နှင့် ဆန်းကြယ်သော အမူအရာတွေက တယ်ပေါသကို တကာဗိုလ်ရ (မှန်ပါ သိပ်ပေါပါဘုရား)။

ယုံစချင့်ဘွယ်ရှိအောင် သူဘယ်လိုလှည့်ပတ်၍ ပြတတ်ပါသလဲဆိုလျှင် သက်သက်သော ရုပ်သဘောတခုရှဲသဘောကို ငါ သဏ္ဌာန် ပြု၍ရင်း၊ ကိုယ် သဏ္ဌာန် ပြု၍ရင်း၊ ရှုတတ်မြင်တတ်သည်။

သို့ကလို ရုပ်တခုကိုသဏ္ဌာန်ပြု၍ ငါဟု ကိုယ်ဟု ထင်လိုက် မြင်လိုက်မိလျှင် မကောင်းသော စိတ်အစဉ်တွေဟာ ပိတ်ပင်လို့မရအောင် အယောင်ယောင် အမှားမှားနှင့် အမျိုးမျိုး ဖြစ်ပေါ် ပေါက်ပွါးကုန်တော့ဒါပေါ့ တကာဗိုလ်ရ (မှန်ပါ တစဉ်လုံးမှား ဖြစ်ရပါဘုရား)။

ထိုမှတချက် သက်သက်သော နာမ်သဘောတခုရှိသဘော ကို ငါ သဏ္ဌာန်ပြု၍ရင်း၊ ကိုယ် သဏ္ဌာန်ပြု၍ရင်း ရှုတတ် မြင်တတ်သေးသည်။

သို့ကလို နာမ်တခုကို သဏ္ဌာန်ပြု၍ ငါဟု ကိုယ်ဟု ထင်လိုက်မြင်လိုက်မိလျှင်လည်း မကောင်းတဲ့ စိတ်အစဉ်တွေဟာ ပိတ်ပင်လို့မရအောင် အယောင်ယောင် အမှားမှားနှင့် အမျိုးမျိုးဖြစ်ပေါ် ပေါက်ပွားကုန်ပြန်ရော မဟုတ်လား (မှန်ပါ စဉ်တိုက်ကြီး မှားထဲကပါဘဲ ဘုရား)။

ဒါ့ကြောင့် မိမိကလဲမှား၊ သူတပါးကိုလဲ မှားအောင် ဆွဲဆောင်တတ်သော ပရိယာယ် သဘောတွေဟာ ပြောလို့ တောင် ကုန်နိုင်ဘွယ်ရာ မရှိတော့ပါဘူး။

သူမသိနေရော့ သူသိမှဖြင့် ပုံတွေပန်းတွေနှင့် အဆန်း တကြယ် တကယ်ငုတ်တုတ် အဟုတ်လိုလို ပုဂ္ဂိုလ် သတ္တဝါ မှုရာထွေထူး အရှုးထင်လုံး မြင်မဆုံးသကဲ့သို့ ဖြစ်တတ်သော သဘောလက္ခဏာရှိချေသည်။

အေး....မဟုတ်မမှန် ဘောက်ဘောက်ပြန်ပြန် ကြံကြံ စည် စည် မိန်းမပလီလို့ သူပလီဒါတွေကို လုံးလုံးမသိ ဘိတ်ဘိတ်

မသိ နဲ့နဲ့ကလေးမှ မရိပ်မိဘဲ ဟောဒီဒိဋ္ဌိနှင့် စခန်းသွားနေရလို့ နောက်ကလဲ လမ်းမှားတွေ လိုက်ခဲ့ရပြီ မဟုတ်လား (မှန်ပါ သူနဲ့စခန်းသွားမိလို့ လမ်းမှားတွေ များလှပါပြီဘုရား)။

ယခုလဲ သူနဲ့သာ စခန်းသွားနေအုံးမယ် ဆိုလျှင် လမ်းမှား ကြီး လိုက်တုန်းဘဲ ဆိုရလိမ့် (မှန်ပါ လမ်းမှားတုန်းပါဘဲ ဘုရား)။

သို့ – နောင်တော့ကော သူနှင့် စခန်း သွားနေလျှင် လမ်းမှားပျောက်ပါ့မလား.... (လမ်းမှားကိုဘဲ လိုက်ရအုံးမှာ ပါဘုရား)

ဩော်....ဒါဖြင့် အတ္တဒိဋ္ဌိနှင့် စခန်းသွားလို့ နောက်ကလဲ လမ်းမှားခဲ့လှလေပြီ ၊ ယခုလဲ မှားတုန်း မှားဆဲ။ နောင်လဲ မှားရလိမ့်လတံ့ ဆိုပါတော့ (မှန်ပါဘုရား)။

ဒါကြောင့်....

(အဟံ၊ အပလိပ်ပိုမို အဆန်းချိတ်အရှိတွေကို ဒီလိုမှန်းလဲ မရိပ်မိခဲ့လို့ ဒိဋ္ဌိနှင့် စခန်းသွား လမ်းမှားခါ နေရတဲ့ငါသည်) ဟု ရေးသားလိုက်သည်။

ထိုအတ္တဒိဋ္ဌိ၏ မှီရာတည်ရာ စွဲဆိုရာဖြစ်သော ဤရုပ်နာမ် နှစ်ဖြာ ကိုယ်ခန္ဓာသည် အပေါ်ယံ ဘမ်းပြ ထင်ရသော အခြင်းအရာ အမူအရာကို ဟုတ်သလိုလို ပြတတ်သည်၊ မှန် သယောင်ယောင် ဟန်ဆောင်တတ်လေသည်၊ သူပြတဲ့အတိုင်း သာ ငါဟူ၍ရင်း၊ ကိုယ်ဟူ၍ရင်း၊ ပြောဆိုသုံးစွဲရိုးကြီး ဖြစ်

နေ၍ သဘောကို မစီစစ်တတ်ကြတော့ အပြစ်မရှိဟုယူပြီး သတိမမူဘဲ နေကြလေသည်။

အသိအမှတ် ပညတ်ခေါ်သံ အပေါ်ယံကတော့-ရိုးသား ဖြောင့်မှန်သလို မထင်ရဘူးလား (ထင်ရပါဘုရား)။

သို့ကလို လောကမှာ ပြောကြတဲ့ ဝေါဟာရ အမှတ် ပါးစပ်ဝ နှုတ်ဖျား ပညတ်စကားသံကလေးဟာ အပေါ်ယံ တွင် ဖြောင့်မှန် ရိုးသားသလိုလို ရှိငြားသော်လည်း၊လှည့်စား မှု အလုပ်တွေကို သူကသာ ရှုပ်ပွေ စေတတ်သောကြောင့် အတွင်းသဘောကတော့ဖြင့် သူခိုးနှင့် တူနေသကို တကာ ဗိုလ်ရ.... (မှန်ပါ အပေါ်ယံရိုး အတွင်းသူခိုးကြီးပါဘုရား)

သူခိုး လူဆိုးနှင့် မတူဘဲရှိစ၊ ပစပ်နောက်-နား-ပါး ဆိုဒါလို ငါဟု, ကိုယ် ဟု စွဲဆိုသမှု အတွင်းပြု၍ထားသော ဤနှစ်ပါး နာမ်,ရုပ် ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးဟာ ဘယ်နေရာ ဘာတခုကိုမျှ ဋ္ဌ သုခ ဟန်ရဘို့အချက် တကွက် ကလေးမှ မဆောင်ရွက်နိုင်တဲ့ အပြင် မကောင်းနေရာ၌သာ လျှင် အမြဲတမ်း ဆွဲငင်ပို့ဆောင်နေဒါကိုး။

တနည်းအားဖြင့် ဤ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီး ဟာ အမဲ, သား, ငါး အစိမ်းစားနေတဲ့ သားရဲမကြီးနှင့် မခြား အလားတူလေသည်။

လောကမှာ အမဲ သားငါးကို အစိမ်းစားနေတဲ့ သားရဲ မကြီးဟာ ချမ်းသာခွင့်အရေး ဘယ်သူ့ကိုမှ မပေးဘဲ၊ အမြဲ ကြမ်းကြုတ် အယုတ်တမာ ဆိုးညစ်စွာဖြင့် သတ္တဝါခပင်း

လူတသင်းတို့ကို ပူပြင်းဒုက္ခ တွေ့ကြုံရအောင် မပြတ်စောင်နေသကဲ့သို့၊ ထို့တူပမာဏ, ဤကိုယ်ကာယ အယုတ်တမကြီးလည်း၊ အပြီးတိုင်မှုချ, ဆင်းရဲမှုဝဋ္ဋဒုက္ခ ဘေးအမျိုးမျိုးကိုသာ စုဆောင်းပေါင်းရုံးသိမ်းကျုံးသိုမှီးတတ်သောကြောင့် ကြောက်စရာတသီး လန့်စရာအပြီး သားရဲမကြီးနှင့် တထပ်ထည်း တူနေပြီဟာ တကာဗိုလ်ရ (မှန်ပါ သားရဲမကြီးနှင့်တူလှပါဘုရား)။

တမျိုးသိသာ ဥပမာသော်ကား....၊ တွေ့မြင်သမျှ လူသားကို အရှင်လတ်လတ် ကိုက်ဖြတ် စားသောက်တတ်တဲ့ ဘီလူးမကြီးလို မှတ်ရမည်။

သားစားကြူးတဲ့ ဘီလူးမကြီးနှင့်များ အတူ ထားလျှင်နေဝံ့ပါ့မလား တကာဗိုလ်ရ (မနေဝံ့ပါဘုရား)။

ပျော်ပျော်ရွှင်ရွှင်နှင့် နေချင်ဘို့ ထားပါဦး၊ အသံကြားရုံနှင့် ရင်တုန်ချင်စရာကြီးဆိုပါတော့လေ။

ထိုသို့ပင် ကြောက်ရွံ့စရာမို့ အတူမနေဝံ့အောင် ရှိသော်လည်း၊ အကြင်ဘီလူးမကို ဘီလူးမမှန်း မသိသဖြင့် ထိုဘီလူးမကိုပင် နုတ်သွီးတမျှ ထင်လျက် မိဖုယားအရာ တင်မိ၍ အတိဒုက္ခတွေ့ကြုံရသော ရှေးက ဖြစ်ဘူးတဲ့ မင်းမိုက်တဦး ရှိတယ်မဟုတ်လား (မှန်ပါ အမိန့်ရှိတော်မူပါဘုရား)။

## တက္ကသိုလ်ဝတ္ထု

စကားတိုတို အမြွက်မျှကို ဆိုရလျှင် တက္ကသိုလ်ပြည်ဘုန်းရည် တောက်ကြွား မင်းတပါးသည် မောင်းမမိဿံ

ခြေရုံစည်ကား မင်းပရိသတ်များနှင့် တပျော်တပါး ဥယျာဉ် တော်အသွား လမ်းခရီးအကြားတွင်၊ နတ်သမီးအသွင် ဟန်ပြင် လှည့်စား ဖန်သင်း၍ ထားသော တပါးပျိုခင် ထိုဘီလူးမကို မြင်လေသော်....

ဟိုအပျိုစင် အရှင် ရှိမရှိ ငါသိလို၍, အတိကျစကား ပေါ်ထင်ရှားအောင် မေးချေကြ,သွား မောင်မင်းများလို့- မိန့်ကြားတော်မူလိုက်ရာ။

ထိုအခါ အရှင်မရှိပါ-ဟု၊တွတ်တီးတွတ်တာ သံစာစာနှင့် မာယာဆန်းပြား ဘီလူးမစကားကို မင်းချင်းသားယောကျ်ား က လျှောက်ထားလေလျှင်၊ ရှင်ဘုရင်က- အရှင်မရှိ မင်း၏ ဥစ္စာဖြစ်ထိုက်ရာဟု ကြင်နာသက်ညှာ မယ်သူဇာကို၊ ရတနာ ဆင်တော် ကျောက်ကုံးပေါ်သို့၊ဆင့်ခေါ်မိန့်ကြား ဆောင်ယူ ၍ သွားလေသော်-

ရွှေနန်းတော်ရောက်တော့ မိဖုယားကြီးအရာ မြှောက်၍၊ နေဝင်ပြီးနောက် ညဥ့်ဦးယံ အချိန်လောက်တွင် စိန်ခြူးရုပ် တပ်ဆင်သော ရွှေသလွန်ပေါ်၌၊ တမေ ကြင်ဖော် ဇော် အတွေ့နှင့် အမျိုးမျိုး ပျော်မွေ့ကြသတဲ့။

ထိုအခါ မင်းကြီးရဲ့စိတ်ထဲမှာ ဘယ်လိုများ ဖြစ်ပေါ်လာ သလဲဆိုတော့၊ အင်း....အတွေ့ကလဲထူး အငွေ့ကလဲထူး ဘယ် မိဖုယားနှင့်မှလဲ မတူဘူးဟ....ထူးလှတဲ့ငါ့ကံ၊ ဟန်လှတဲ့ ငါ့ တန်ခိုး၊ ဖြိုးလှတဲ့ ငါ့ဘုန်း၊ နတ်ခြောက်ရွာ ဖြန့်ခါဖုံးလို့မို့၊ တမိုဃ်းလုံးပျံ့လွှင်၊နတ်နယ်ပိုင်မနေနိုင်ဘဲသောကြောင့်၊ပြေပိုင်တဲ့ ငါ့အား ကေန္တ သိကြားမင်း ဆက်သ,လာသော ထိုမိန်းမ၊ဤ

မိန်းမ၊ ရင်းမိန်းမဘဲ-ဟု စွဲလမ်းချက် အထင်ရင့်ပြီး အတော်တောင် မြင့်သွားသေးဆိုကိုး တကာဗိုလ်ရ၊ (မှန်ပါ အထင်ကြီးပါလိမ့်ဘုရား)။

ဩြော်–ဘီလူးမကြီးကို နတ်သမီးတမျှထင် သေဘေးလဲ မမြင်ရှာဘဲကိုး၊ ဒီအခါမျိုး သိတဲ့သူ တဦးတယောက်က–မင်းကြီးအား ထိုမိန်းမဟာ အယုတ်တမာ ကြောက်စရာကောင်းသော ဘီလူးမကြီးပါဘုရားဟု သံတော်ဦး တင်လိုက်လျှင် ဘယ့်ကလောက် မခံချင် ရာဇမာန်ပွားပြီး သံတော်ဦးတင်သောသူအား ချည်လား တုပ်လား သတ်လား ဖြတ်လား လုပ်လိုက်လိမ့်မှာ နော် (လျှာလိုးပြီး ကျိုးစာကျွေးဟဲ့ ဆိုကောင်း ဆိုပါလိမ့်ဘုရား)။

ဆိုမှာပေါ့ သူဘုန်းကြီးလို့ သိကြားမင်းက ဆက်သလာသော နတ်ကညာတယောက်ကဲ့သို့ အထင်ရောက်နေပေါ့ကိုး။

ရင်းပြင် ဘီလူးမ့ဘဲ ဟု ဒိဋ္ဌ သိသူတယောက်က ငေါက်လား ငန်းလား ချောက်လား ချမ်းလား လုပ်ခဲ့ရင်ကော (ရင်ခွဲပြီး အသဲ နေလှန်းပါလိမ့်ဘုရား)။

ရင်ခွဲ အသဲနေမလှန်းဘဲရှိစ ဘီလူးမက မင်းကြီးရဲ့ အသဲနှလုံးထဲမှာ တရစ်ဝဲဝဲ တစွဲစွဲ တငြိငြိနေအောင် ကာမဂုဏ်ဆေးဩော်တိုက်မိထားပေါ့ကိုး။

အတွေ့ထူး အတွေ့ဆန်းလှ၍ မင်းကြီးရဲ့ အသဲပန်းမှာ ဘယ်လိုပင်စွဲလမ်းနေငြားသော်လဲ ဘီလူးမကဖြင့် သူ့အသားကို စားချင်လွန်းလို့ သရည် တတန်းတန်းကျနေ အခြေကပျက်လှပေါ့၊ ဒါတော့ သူမသိရှာဘူး။

မိမိအသားကို အစိမ်းဝါး စားချင်လှ၍ သရည်တတန်းတန်းကျနေဒါကိုအသေအချာသိရရင် ဒီမင်းကြီးဟာ ဖနောင့်တင်ပါး တသားတည်းနေအောင် ပြေးရှာမှာဘဲနော်။

အံတကြိတ်ကြိတ်နှင့် သရည်တွေ ယိုဖိတ်တဲ့ ထိုစိတ်မာန်ကို ကြာရှည်စွာ သည်းမခံ ဟန်မလုပ်နိုင်တော့ ဘီလူးမက အကြံထုတ်ကရော ဆိုကိုး တကာဗိုလ်ရ.... (မှန်ပါ အကြံထုတ်ပုံကို အမိန့်ရှိတော်မူပါဦးဘုရား)။

အကြံထုတ်ပုံကတော့ ဒီလိုတဲ့၊ ငါ ယခု မင်းကြီးကို ကိုက်ဖြတ် စားသောက်ခဲ့လျှင် ငါ့ တဝမ်း၊ ငါ့ တခါးသာ၊ ဝ, သွားမှာဘဲ၊ ငါ့အား သားချင်းဖေါက်ဖော် အမျိုးတော်စပ်သူတွေဟာ မြောက်မြားစွာ ရှိသေးတယ်၊ အနွယ် အမျိုးတွေ ဘီလူးပြေတပြေလုံး ဝ,ကြရလေအောင်ငါကဲ့သို့မိန်းမတို့အကြံနှင့် မူယာတထောင် မာယာတသိန်း အပလိန်း အနန္တတွေ ဖန်ပြီး မင်းကြီးအထံ အခွင့်ပန်ရလျှင် ဘာခံနိုင်မလဲဟူသော သဘောနှင့် ရွှေကော်ဇောခင်းတဲ့ မြသလွန်ထက်၌ မင်းကြီးရဲ့ လက်ကို ရင်ခွင်ပိုက်လျက်, မစောင်း တစောင်း, သူ၏ဂေါင်းကလေးကို မင်းကြီးရဲ့ ရင်ဝမှာ ညွှင်သာစွာ တိုက်တိုက်ပြီး၊ လှိုက်ခနဲလှိုက်ခနဲနေအောင် ခပ်ရှိုက်ရှိုက်အသံကလေးနှင့် ခပ်လေးလေး ခပ်ထွေးထွေး ပြောကြားလိုက်သည်မှာ....

ခင်မေ့ကြင်ဖော် မြတ်မောင်တော်ဘုရား-ဘုရားနှမလေးကို မိဖုယားအရာပေး၍ ထီးသွေး နန်းသွေး ညာစံမ,ကလေး ဖြစ်နေရပေမယ့် စိတ်ကဖြင့် တဆိတ်ကမ-မအေးဘူးနော် မြတ်မောင်တော်။

နှမသက်လယ် သူဇာမယ်ရယ်....မင်း ဘယ့်နှယ် အတွက်ကြောင့် စိတ်လက်မအေး ဖြစ်ရပါသလဲ။

ဘုရားနှမကလေး အပေါ်မှာ မေတ္တာတော် တကယ်ထားပြီး အဟုတ်ကို ချစ်ရဲ့လား။

အို....ဘယ့်နှယ်ပြောပါလိမ့် မောင်မောင့်ကြင်ဖော် အသဲကြော်ရယ်၊ မေတ္တာတော် ဆန္ဒဟာ လွန်မင်းစွာ ရှိလှသည်ကို အားလုံးပင် သိကြပြီးဖြစ်ပါတယ်၊ ချစ်တာက-တသွင်၊ ခင်ဒါက တပါး၊ သနားဒါက တဖုံ၊ ရွှေနှုတ်တော် ငုံလို့တောင် ထားချင်ရဲ့၊ တကယ့် အချစ်ဓာတ် ပြင်းပြလွန်းလို့မို့ အချစ်ဓာတ်ကြီးတောင် ခင်းပြပြီးပြီမဟုတ်လား၊မောင်တော်ဘုရား စိတ်ရှုပ်အောင် မလုပ်ပါနှင့်၊ အဟုတ်ချစ်ရေး မချစ်ရေး ယခု အသစ်မေးပြီး မင်းစစ်ဆေးနေစရာ မဟုတ်တော့ပါဘူးကွယ်။

ရှင့်မေတ္တာ စစ်စစ်နှင့် ကျမကို အဟုတ်ချစ်ထာဖြင့် ညစ်လာတဲ့ စိတ်ကလေးကို အေးသွားအောင် လုပ်ပေးရမယ် ငြင်းပယ်တော်မူမှာလား။

မငြင်း မပယ်ပါဘူးကွယ်၊ လွယ်လွယ်နှင့် ဖြစ်အောင် ဆောင်ရွက်ပေးပမယ် အရေးကို ပြောစမ်းပါဦး၊နေမကောင်းဘူးလား....၊ နေမကောင်းရင် မောင်ဘုရား လက်သုံးတော်ထားတဲ့ သမားတော်ကြီးတွေ ခေါ်ပေးမယ်လေ။

နေမကောင်းတဲ့ အရေးလဲ မဟုတ်သေးပါဘုရား။

ဒါမှ မဟုတ်သေးရင် ရွှေနန်းကြမ်းပြင် မြ,သလွန်ပေါ်မှာ လျှန်လိုက်စောင်းလိုက် တပွေ့ပွေ့ တပိုက်ပိုက် တအိုက်အိုက်

နေရလို့ ညောင်းကိုက်ပါသလား၊ညောင်းကိုက်ရင်လဲ သောင်းထိုက်တဲ့ အပျိုတော် အနှိပ်သည်တော်တွေ ခန်းဆောင်ဗွေ အသီးအသီးမှာ တပုံတခေါင်းကြီး အရှိသားကဘဲ က ခေါ်ပေးမလေ။

ညောင်းကိုက်ခြင်းဆိုတဲ့ ဝေဒနာလဲ ကျမ ဘယ်အခါကမှ မရှိခဲ့ပါဘူး မောင်တော်ဘုရား။

ဩော် - ရန်သူကို ချစ်သူထင်ရှာလို့ ညင်ညင်သာသာနှင့် ချော့မြှူခါ ပြောနေလိုက်တာ ကျောချမ်းစရာကောင်းပါဘိ တကာဗိုလ်ရယ် (မှန်ပါ ကျောချမ်းစရာကြီးပါဘုရား)။

ဒီလိုမှ မဟုတ်ပါက စားသောက်နေရတဲ့ ပွဲတော် အစာအာဟာရအတွက် မနှစ်သက်သေးလို့လား၊ ညာတပါး ဘာသားများစားချင်လို့ စိတ်မရွှင်ဖြစ်ရသလဲ၊ အကယ်၍များ နှမတော် စားသောက်လိုပါတယ်ဆိုရင် ကောင်းကင်၌ သွားလာ စိုင်းနှင်၍နေသော သိန္ဓောမြင်းကိုပင် ဖြစ်ပစေ၊ ဖမ်းချေကြ၊သွား-မောင်မင်းများဟု မဆိုင်းမနေ တိုင်းပြေကို ခိုင်းစေပမယ်၊ ထို့ပြင်တသီး ဤမြေကြီးအောက်မှ စားသောက်လိုသော အစာအာဟာရ ရှိပါတယ်ဆိုရင် ထိုမြေကြီကို အမြန်တူးဖောက်ပြီး ရွှေတော်ရောက် ယူကျွေးစေပမယ်၊ သူတပါး ယူကျွေးဒါကိုမှ အလိုတော်မကျသေးရင် အဝေးအနီး ခရီးလမ်းကြောင်း ဆိုးကောင်း နှစ်ပါး ပမာနမထားဘဲ ကိုယ်တော်တိုင်သွား သမုဒ္ဒရာကြီး ခြားနေသော်လဲ မောင်ဘုရား လက်ပစ်ကူးပြီး အချစ်ဦးကို ယူကျွေးပမယ်၊ စိတ်အေးပါ ကွယ် အလှရယ်။

ထိုအခါ ဘီလူးမသည် အစား အသောက် အတွက်နှင့် ပတ်သက်လာရာ မိမိ ပကတိစိတ်ထား အရိပ်အရောင် ပေါ် သွားမည်စိုးသဖြင့် မင်းကြီး၏ ရင်ခွင်သို့ တိုး၍တိုး၍ ဂေါင်းကလေးနှင့် ဝှေ့ဝှေ့ပြီး ဟင့်အင်-ဟင့်အင် အစားအသောက်ကို မနှစ်သက်၍ ပွဲတော်အတွက်လဲ ဟုတ်ဘူး ဟုတ်ဘူး-ဟု ပြန်ပြောလေသော်-

ဟား-ဟား-ဟား အခုမှ မောင်ဘုရား ရိပ်မိပေါ့ ရိပ်မိပေါ့၊ လက်စသတ်တော့ မင်းတို့ မိန်းမဆိုဒါ ဖီးမှု, လိမ်းမှု, ဝတ်ဆင်မှု၌ အလှန် အာရုံပြုလေ့ ရှိကြသည့်အတိုင်း ပုတီး, နားဒှောင်း, လက်ကောက်, လက်ကြပ်, လက်စွပ်, ရင်ထိုး, ဆံထိုး, ဆံဘီ,ဆံညှိတဘက်, ဘယက်တန်းဆာ ဒွါဒရာတို့ကို မင်းအလိုရှိလို့မဟုတ်လား၊စိတ်ကြည်ရွှင်ထားပါတော့ခုတ်ပြီး လုပ်ပြီးကအစားစား၊ ဟိုထားဒီထားက အထွေထွေ၊ ရွှေတိုက် ငွေတိုက်ကအခန်းခန်း ဖွင့်လိုက်စမ်းကွယ်၊ အကုန်လုံးသုံးလိုက် စမ်းကွယ် ထင်သလို၊ ဆင်လိုဆင် ဝတ်လိုဒါဝတ် စားလိုဒါ စား ကြွားလိုဒါကြွား၊ မောင်ဘုရား မတားမြစ်၊ သိကြား ဆရစ် သုဇာတာနှင့် ပြိုင်ကြ ဆိုင်ကြတောင် မင်းကအနိုင်ရမှ မောင့်စိတ်က ကျေနပ်မှာမို့၊ ဒါတွေအရပ်ရပ် ရှာရှေလို့မထပ် ပရစေနှင့်တော့ ရတနာတွေကိုလဲ အပ်ပါပြီကွယ်။

အင့်ဟင် အင့်ဟင် ဒီရွှေ,ငွေ ကျောက်သံပတ္တမြား အစား စားတွေကိုလဲ ဘာလုပ်ဘို့တုန်း လိုချင်ဘောင် လိုချင်ဘောင် ကျမကိုယ်ကောင်ကို တကိုယ်လုံးတကောင်လုံး လိုရာကိုသုံးပါ တော့ဟု အစရင်းကိုက အပ်နှင်းလိုက်ထာ ဒီရတနာ ဒီတန်း

ဆာ ဒီဟာတွေကိုလိုချင်လို့ သိမ်းပိုက်ချင်လို့ ဝတ်ဆင်ချင်လို့မှ မဟုတ်ဘဲ မောင်တော်လဲ အမြင်သား၊ ဘုရားနှမလို ကိုယ်ကောင်များ အထူး ပြင်ဆင်ဘို့ လိုသေး သလား၊ ပကတိသဘောအားဖြင့် ကံတရားအဟုန်ကြောင့် တင့်တယ်ခြင်းဂုဏ်အလုံးစုံတို့နှင့် အကုန်လုံး ပြည့်စုံပြီးသား ဖြစ်ပါတယ်၊ အနို့ပြီးတော့လဲ အရှင်မင်းမြတ်ချစ်ခင်၍ မိဖုယားအရာ တင်လိုက်ကတည်းက အထက်တန်းအမြင့်သို့ ဆိုက်ပေါ့ဘဲ၊ စိန်တွေကတဝဲဝဲ၊ မြတွေက တိုးလိုတဲ့လဲနှင့် ဆင်ပေါ်မှာ အလံစိုက်နေဘို့လဲ မလိုတော့ပါဘူး ပျို့ချစ်ဦးရယ်။

အောင်မယ် မာယာစကား အတော်များတတ်တဲ့ ဘီလူးမပါလားဟ တကာဗိုလ်ရ (မှန်ပါ ဘီလူးမတို့ ထုံးစံ သည်အတိုင်း မှန်ပါဘုရား)။

အချစ်ပန်းခက် ပုလဲရွက်ကယ်၊ မောင် ဘယ့်နှယ် ကြံရမတုံး၊ဤလောကတခုလုံး သိမ်းကျုံးသည့်စကား ယောကျာ်းတို့၏သဘောအရကို ပြောပြရမည်ဆိုလျှင် မိမိချစ်ခင်သူပြုံးပြင်၍အလိုမရှင် စိတ်ပင်ပန်းပြီး သူ၏မျက်နှာကလေးကို ညှိုးနွမ်းနေဒါကိုမြင်ရလျှင် ဘဝင်ဟဒယမှာ မက်လုံးဖမ်းသဖြင့် ထပြီးလက်ရုံးတန်းချင်တဲ့ သဘောမျိုးတွေဟာ ပေါ်လာတတ်ရိုးဖြစ်ပါတယ်၊ ဒါကြောင့် မင့်စိတ်ခေတ်ညှိုးနွမ်း၍ မင့်မျက်နှာမရွှင်လန်းဘူးဆိုလျှင် ခင့်မောင်လဲ ထပြီး လက်ရုံးသာတန်းလိုက်ချင်တော့ဒါဘဲ၊ သို့ကလို မယားအတွက်နှင့် အားတက်ခါဆောင်ရွက်မဟ, ကြိုးစားမဟ, လုပ်မကွ, ကိုင်မကွ ဆိုတဲ့

လက်ရုံးတန်းပြီး အစွမ်းပြလိုဒါပဲ့ ယောကျ်ားတို့ မမှတာ ပါဘဲနော်။

ကျမပြောပြဒါကို သဘောမကျလျှင် ဘုရားနှမကလေး အပြစ်ပေးတော်မူမှာလား။

အို–ဘာတွေဆိုဆို ဘာကိုပြောပြော ဘုရားဟောစကား အမှန်သာထား အမှားမရှိဒါလို ချစ်မေတ္တာပိုသောကြောင့် ရွှေနားဝင်ချိုပြီးသားမို့ အပြစ်မထားပါဘူးကွယ်၊ ပြောသာ ပြောပ ဘယ်နည်းမဆို သဘောကျပါမယ်။

ကျမမှာ အသက်က ငယ်၊ အရွယ်က နု၊ မင်းမှု မင်းရေး, လူမှုလူရေး နားမလည် သေး သ ဖြင့် ကလေးမိုက် အလား သဘောတော်ထားပြီး အကယ်၍မျှား ကျမစကား အပြစ် ရှိငြားအံ့၊ အပြစ်ရှိခဲ့သော် ထိုအပြစ်ကို ခွင့်လွှတ်တော် မူပါ မောင်ဘုရား။

စိန်ဆတိုးပန် ပုလဲပုံ့ရယ်၊ အကဲဟန် အမြင်သားဟာမို့၊ တင်ပါးကလေးက ခပ်ကားကား၊ ရင်သားကလေးက ခပ် မောက်မောက်၊ ဆံဆတောက်ကလေးက ပိတုန်းသွေး၊မျက်ခုံး ကလေးက သုံးရက်လ၊ မျက်လုံးနှစ်ဘက်က စက်ရောင်ကြည်၊ ဟောဒီပါးကလေးက မို့မို့၊ ဟောဒီ ပအို့ကလေးကကြွကြွ၊ ဟောဒီ နှုတ်ခမ်းကလေးက နီနီနှင့်၊ မင်းဘယ်လိုပင် အပလီပို သော်လဲ မောင်ဘုရား ရွှေနားဝင်ချိုပမယ် စိတ် ချ ၍ သာ သံတော်ဦးတင်ပါကွယ်။

အမိန့်အခွင့်ရဒါဖြင့် ဘုရားနှမ သံတော်ဦး တင်ပါရစေ၊ ရွှေနားတော်ဆင်ပါတော့ ပြည်ကြီးရှင် ပျို့ထိပ်တင်ဘုရား။

ဟား....ဟား....ဟား တင်စေဗျား....တင်စေဗျား။

## တင်ပြီ

ရှင်တို့ပြည်ကြီးသေဌ်နှင်းဘုရင်မင်းဆိုဒါထုံးတမ်းစဉ်လာဓမ္မတာအတိုင်း၊မိဖုယား ရတနာတွေဟာ အကြီးကအရပ်ရပ်, အလတ်ကအသွယ်သွယ်, အငယ်က အစားစား, အလွန်ပေါများပါတယ်၊ ဘုရားနှမကလေးမှာတော့ နောက်ဆုံးမှလဲရောက်၊ တယောက်ထဲလဲဖြစ်၊ မောင်ဘုရားက အလွန်ချစ်ထာကလဲတမျိုး၊ အလွန်မြတ်နိုးဒါကလဲ တပါး၊ အလွန်မြောက်စားတော်မူဒါကလဲ အထင် အရှားမို့၊ တနေ့ကျတော့ တနန်းတော်လုံး ရှိကြတဲ့ အဲဒီ မိဖုယားတွေက ကျမကို ဖိကြ, နှိပ်ကြ, ငြူစူကြ စောင်းမြောင်းကြနှင့် ပြုလုပ်ကြမည့်အရေးကို တွေးမိတိုင်း စိတ်မအေးဘူး ဘုရာ့။

အင်း အင်း- ချစ်မဝတဲ့ ကျုပ်နှမကို မိဖုယားများက ဖိနှိပ်ကြသလား၊ မိဖုယားများက ငြူစူကြသလား၊ စောင်းမြောင်း ကြသလား၊ ဖိနှိပ်ဘို့နှင့် ငြူစူ စောင်းမြောင်းဘို့နေနေသာသာ လက်ညှိုးထိုး မျက်စောင်းထိုး ခံရဘို့တောင်မဖြစ်စေရပါဘူးကွဲ့, ဘယ် မိဖုယားယုတ်က လက်ညှိုးများထိုးသလဲ၊ ဘယ်မိဖုယားယုတ်က မျက်စောင်းများ ထိုးသလဲပြောစမ်း၊ ပြောစမ်း၊ ချိန်ရွယ်လက်ညှိုး မျက်စောင်းထိုးတဲ့

မိဖုယားကို လုံဦး လုံဖျား လုံထိပ်ဌာထားပြီး မောင်ဘုရား လုံယာဉ်ကစားပြတော်မူမယ်။

အော်- မိတ်ဆွေကိုတော့ ရန်သူထင်၊ ရန်သူကိုတော့ မိတ်ဆွေထင်၊ ဒီဘုရင်ဟာ ဒီ မိန်းမရဲ့ အပေါ်မှာ ထင်လုံး ကြီးစူးပြီး ထင်ရူးကြီး ရူးနေရှာပြီ၊ မရူးဘဲ နေနိုင်ပါတော့ မလား၊ ဘီလူးမက အရူးထ, ဆေး တိုက်ထားပေါ့ကိုး တကာဗိုလ်ရ (မှန်ပါ တကျော့ပူးရစ် အရူးဖြစ်ပါတဲ့ဘုရား)။ အလွန် ကြောက်စရာကောင်းတဲ့ ဘီလူးမကို နတ်သမီးတမျှ အထင်ရောက်နေတော့ ယခင် မြှောက်စားထားတဲ့ မိဖုယား အစစ်အမှန် ဆထောက်အလှကလေးတွေတောင် တယောက် ကမှ သတိမရတဲ့ အပြင် ရန်သူမတွေ ထင်ပြီး ငြိုငြင်တော် မူသေးသတဲ့။

ကဲလေ- ရှိပါစေတော့ ရွှေစကား ဆက်ကြဦးစို့၊ မောင်တော်ဘုရား နှမကလေး အတွက်များနှင့် တဘက်သား ကို ပျက်ပြားသေကြေအောင် ပြုဒါကိုလဲ နဲနဲမှ အလိုမရှိပါ၊ သွေးရဲရဲ သံရဲရဲနှင့် လူသတ်ပွဲ ဆိုဒါကိုလဲ မကြည့်ရဲ မကြား ရဲပါ၊ အကယ်၍ မြင်ရလျှင် ရင်တုန်ပြီး ဘဝင်ခုန်လို့သာ သေရပါလိမ့်မယ်၊ အရှင် မင်းမြတ်နှင့်တကွ ကျမတို့ ရွှေနန်း သူ ရွှေနန်းသားအားလုံးကို ချမ်းသာ တိုးပွား အကျိုးများ ပြီး ပျော်ပျော်ပါးပါးကြီး နေထိုင်ကြရသည်ကိုသာ အမြဲ မြင်လိုပါတယ်၊ ဒါ့ကြောင့် ကျမအတွက်နှင့် ပတ်သက်၍ ထိတ်ခတ်နှောင်ကြိုး,လုံထိုး ဒါးခုတ် သတ်ဖြတ်ရိုက်ပုတ်ခြင်း ဆိုတဲ့ အလုပ် အမှုကိစ္စတွေ ဘယ်သော်အခါမှ မရှုပ်ရလေ

အောင် ရပ်လှတဲ့ ဟောဒီ နှမကလေးကို မနှောင့်မနှေးဘဲ အခွင့်အရေး အာဏာတော်ပေးမှ စိတ်အေးခွင့် ရပါတော့မယ် မောင်မောင်ရယ်။

ဘယ်လို အခွင့်အရေးနှင့် ဘယ်လို အာဏာမျိုးကို ပေးရမယ်ဆိုဒါ မထွေးအောင် ထပ်မံ၍ တဖန် သံတော်ဦး တင်စမ်းပါကွဲ့ ခင်လေးရဲ့။

ထိုအခါ လိုရာအခွင့်အရေး အာဏာတော် ပေးမည့် အသွင်ကို သိမြင်သော ဘိလူးမသည် ထူးလှသော လက်အတွေ့နှင့် နှစ်ဘက်ပွေ့ ခါမင်းကြီးပခုံး ဆုပ်ဆုပ်ပြီး လှုပ်ခါလှုပ်ခါနှင့် သုတ်ပြာပြာကလေး ပြောလိုက်ပြန်သည်မှာ....

## အခွင့်အာဏာတောင်းပြီ

အရှင်မင်း ပိုင်နင်းတော်မူသော ဤတက္ကသိုလ်ပြည်ကြီး အတွင်း၌ မှီတင်းနေထိုင်ကြတဲ့ အားလုံးကုန် လူတသင်းကို ဘုရားနှမ လက်တွင်းသို့ အပ်နှင်းတော်မူပါရန် ယခင်က အကြောင်းခံနှင့် တောင်းပန်ဝံ့ပါသည် ရွှေထီးစံဘုရား။

အကြောင်းက ဒီလို ပြောရမည်ဆိုလျှင် ဤတက္ကသိုလ်ပြည်ကြီး တပြည်လုံးကို မောင်ဘုရားပိုင်သည် မဟုတ်ဘူး၊ မင်းရေး မင်းရာနှင့် ပတ်သက်သော အမှုကိစ္စမျိုးကိုသာ မောင်ဘုရား အစိုးရတယ်၊ သည်တော့ ကျုပ်ပိုင်ဒါကို တောင်းမှ ပေးနိုင်တော့မပ၊ ကျုပ်မပိုင်ဒါတွေကို တောင်းနေလျှင် ဂေါင်းပွေ့လို့စိတ်ရှုပ် မောင်ဘုရား ဘယ်လိုမှ မလုပ်နိုင်တော့ဘဲ ငုတ်တုတ်ထိုင်ခွေလဲပြီးသေပွဲဝင်ဘို့ရှိတော့တယ်။

အို- အို- အို၊ သေဆိုဒါများ ကျမ အသံတောင်မကြား ချင်ပါဘူး၊ နားဆင်တော်မူပါဦး၊ မောင်ဘုရား ပိုင်နိုင်ရာ ကိုသာ ခိုင်ခိုင်မာမာ အမိန့်ရှိပါတော့။

မောင်ဘုရား ပိုင်ဒါကို ပြောရမည်ဆိုလျှင် ထိုထိုဆောင် ကြီး, သီးသီးဆောင်ငယ်, သွယ်သွယ်ဆောင်လတ်, ပြာသာဒ် ဥယျာဉ်, ပလ္လင်စမုတ် ကတုပ် ပြအိုး, မြို့ရိုး ကန်ကျုံး, ရှုမျှော်လို့ မဆုံးနိုင်တဲ့ ဟောဒီ ရွှေနန်းတော်ကြီး တခုလုံး ကို အုပ်ဖုံးလွှမ်းမိုး၍ မောင်ဘုရား ပိုင်နိုင်ရိုး မှန်ပါတယ် အမိရယ်။

ဒါဖြင့် ဒီတနန်းတော်လုံးကို အလိုရှိတိုင်း ထွက်ခွင့် ဝင်ခွင့် ပိုင်သခွင့်နှင့် အလိုရှိတိုင်း ထွက်ရေး ဝင်ရေး ပိုင်သ ခွင့် အရေးကို ဘုရားနှမလေးအား ပေးမှာလားဟု မေးဖျား ကလေး ဆွဲခါဆွဲခါနှင့် လဲပါလာအောင် ပြောလိုက်သော အခါ-

အို-ဒါကို လိုချင်လို့လား....၊ဒီအရေးကလေးလောက်ဖြင့် တာဝန်မလေးပါဘူး၊ မနှောင့်မနှေး မအောင့်အေးဘဲ မောင် ဘုရား ပေးမယ် ယူစေဗျား ယူစေဗျား။ ဟား- ဟား- ဟား။

အစက ပြောပါတော့ကွယ် အလွယ်ကလေးဘဲ၊ ကဲ-ကဲ-ကဲ နန်းတော်တွင်း ရှိရှိသမျှ သက်ရှိသက်မဲ့၊ မျှားခဲ့ကျော်မော် အပျိုတော်များ မိဖုယားနှင့် သားတော်သမီး မှူးကြီးမတ်ရာ သေနာပတိ ကဝိပုဏ္ဏား, စစ်သား- စစ်ဗိုလ် ထိုထို မှူးထမ်း, အတန်းနိမ့်မြင့် အဆင့်ဆင့် အခြွေအရံ တခုမှ မချန် အမိန့်

တော်ပြန်လျှင်၊ ခွေးတကောင် ကြောင်တမြီးမကျန်၊ တနန်းတော်လုံး အပ်နှံလိုက်ပါပြီ ခပ်မြန်မြန် စိတ်အေးပ နှမ,ရယ်။

ထိုအခါ ဘီလူးမသည်၊ ကြည်နူးဟာဒယ အလှဖန်၍ ငါ့အကြံအောင်ပြီ သဘောထားနှင့်၊ မောင်ကြီး စောဘုရား အချစ်တိုးလာလေအောင် အသစ်တမျိုးတခါ တသက်မမှန်းနိုင်လောက်တဲ့၊ မျက်လုံးနှစ်ဘက်, ကလယ်ကလယ်ကြည့်လျက် မရယ်တလှည့် ရယ်တလှည့် ဘလုံးဘထွေးနှင့်၊ ပြုံးပြုံးကလေး မျက်နှာပေးရွှင်ပြီး၊ တချက်မေ့ဆေး တင်လိုက်ပြန်လေသည် ဟူလို။

ဘယ့်နှယ်လဲ တကာဗိုလ်ရ၊ မိန်းမတို့ ပရိယာယ်နှင့် လည်ဆယ်ခါ အတွင်းတွယ်လိုက်တော့၊ မင်းကြီး ငြင်းပယ်နိုင်သေးရဲ့လား(မငြင်းပယ်နိုင်တော့ပါ ဘုရား)။

ဘာ ငြင်းပယ်နိုင်တော့မလဲ- အချစ်နှောင်ကြိုးကြီးထဲမိလို့ အစွဲက အသဲထဲစူးဝင်နေပေါ့ကိုး။

အစွဲက အသဲထဲ စူးဝင် ထားပြန်တော့လဲ- ဘယ်ကိစ္စ,ဘယ်အရေး, ဘာကလေးတခုမှ မစဉ်းစားနိုင်တော့ဘဲ မင်းဘုရား မောင်မောင်ဟာ–ယူစေဗျား၊ ယူစေဗျား- ဖြစ်ရတော့ဒါပေါ့လေ။

ဩော်– အသေကန်ပြီး ကြောက်စရာမ,ကြီးကို ပြေတန်တဲ့ မောက်ရတနာတမျှထင်ပြီး ချစ်လားခင်လား ကျွေးမွေးပေးကမ်းလား လုပ်နေလိုက်ထာ၊ အသဲ ထိတ်စရာကောင်းလိုက်ပါဘိနော်။

တနန်းတော်လုံး ဘီလူးမ, လက်တွင်းသို့ ကျရောက်မှန်း မသိ ကျရောက်သွားပြီ မဟုတ်လား- တကာဗိုလ်ရ (မှန်ပါ အောင်မြင်သွားပါပေါ့ဘုရား)။

ဒီကိစ္စဟာ မင်းကြီးနှင့် ဘီလူးမ စစ်တိုက်ကြဒါဘဲ၊ ရောမ စစ်ပွဲကြီးဆိုရင်လဲ မလွဲပါဘူး။

အောင်မယ် သူတကာ စစ်တိုက်ကြရိုး ထုံးစံကတော့ စစ် ဗိုလ်စစ်သား ပရိသတ်ကြီးတွေဟာ အများအပြားကြီး၊ ယခု ဘီလူးမ,ကတော့ တယောက်ထည်း၊ အတော်သတ္တိကောင်းတဲ့ ရဲဗိုလ်မကြီးပါလား။

ကြည့်စမ်း ရှေးရှေးသမယ ခုကာလရော တသောသော ဖြစ်ကြတဲ့ စစ်တွေကတော့ စစ်စခန်းက အသီးသီး စစ်လမ်း ကြီးက အဖုံဖုံ စစ်မြေပြင်ကြီးတွေကလဲ စုံလို့၊ မြင်းရှုံနှင့် အသဲ ယား, ကြားရုံနှင့်အူတုန်, အကြမ်းဖြင့် စခန်းကုန် လမ်းကုန် ပေါ့လေ။

အခုမယ်ယက္ခကတော့ ဒီလိုမဟုတ်ဘူး၊ နဲ့လိုက်တာကလဲ တယောက်ထဲ၊ရဲလိုက်တာကလဲ ဝက်ဝက်ကွဲ၊ စစ်မြေပြင်ဆိုဒါ ကလဲ အိပ်ရာထဲ၊ နူလိုက်တာကလဲ ဝါဂွမ်းဘဲ၊ အလွန် ယဥ်ကျေးတဲ့ တိုက်ပွဲလို့ ဆိုရပေလိမ့်မယ်-။

ယဥ်ယဥ် ကျေးကျေး နုနုကလေးနှင့် အလွယ်တကူ အနိုင် ယူသွားသူမို့ အလွန်အစွမ်းကောင်းတဲ့ ရဲဗိုလ်မလို့ မဆိုရပေ ဘူးလား (ဆိုထိုက်ပါဘုရား)။

နဲ့ လိုက် ပုံ က တော့ အ ဖော် မပ ါ ဗလာ ကိုယ် တည်း တယောက်ဘည်းသာ၊ အရဲမှာတော့–ကြောက်ရပ် ကြောက် သေးဆိုလျှင် တနှမ်းစေ့ကလေးမှမပါ၊ သူ၏ အောင်မြင်ရာ စစ်မြေပြင် ဆိုဒါကတော့ မင်းကြီးရဲ့ အိပ်ရာ ရွှေသလွန်ပါ ဘဲ၊ အကြမ်းမဖက် နူးညံ့ယဉ်ကျေးတဲ့အချက်ကတော့ ဘယ် လက်နက်နှင့်မှ မဆက်မဆံ၊ ဘယ်ကျည်ဆံ တဆံမှ မကုန်ရတဲ့ သူ၏ ကိုယ်ဟန်ကလေး ဖြစ်တော့သည်။

ထိုကဲ့သို့ တယောက်ချင်းချင်း စစ်ခင်းကျန စစ်ဟန်ပြပြီး ဘေးကလူ တယောက်မှ မသိရလေအောင် သိမ်သိမ်မွေ့မွေ့ ညင်ညင်သာသာနှင့် လွယ်ကူစွာ အနိုင်ရသွားတယ်ဆိုတော့လဲ အာဂ ရဲဗိုလ်မ,ဘဲ။

စစ်တိုက်ကြတယ် ဆိုတာ အားကြီး အင်ကြီး ဒုကြီး ဒယ်ကြီး ပရိသတ်ကြီးနှင့် တိုက်နည်း တိုက်ပွဲကိုသာ မြင်ဘူး ကြားဘူးကြမှာဘဲ၊တယောက်ချင်းချင်း တိုက်နည်း တိုက်ပွဲကို တော့ သိပ်မြင်ဘူး ကြားဘူးကြမယ် မဟုတ်ဘူး၊ မကြားဘူး ရင်လဲ ယခု မယ်ယက္ခရဲ့ တိုက်ပွဲဟာ ဘေးကလူ တယောက်မှ မကြားလိုက်သော (နှစ်ပါး တိုက်ပွဲ)ဟုမှတ်။

သို့ကလို ဘေးကလူ တဦးတယောက်မှ မကြားလိုက်တဲ့ (နှစ်ပါးတိုက်နည်း)ဖြင့် တိုက်ပြီး၍ နန်းတော်ကြီးတခုလုံးကို အောင်မြင် သွားတယ်ဆိုလျှင် ဘယ်ဟာမှ လိုတော့မည် မဟုတ်ပေ။

တနည်းအားဖြင့် မင်းကြီး၏ ဘက်ကလဲ နောက်လိုက် နောက်ပါ ရဲမက် ဗိုလ်ပါတွေ အများကြီး၊ မယ်ယက္ခ

ဘက်ကလဲ နောက်လိုက်နောက်ပါ ရဲမက်ဗိုလ်ပါတွေ အများကြီးဘဲလို့ ဆိုချင်လဲ ဆိုထိုက်ပါရဲ့ တကာဗိုလ်ရ၊ (များပုံကို အမိန့်ရှိပါဦး ဘုရား)။

စစ်သည်တော်သားတွေဆိုတာ တခြား ဟုတ်ပါရိုးလား၊ မင်းကြီးဘက်က ကြည့်လိုက်လျှင် ဟုတ်တိုင်းမှန်တိုင်း ဆုတ်ဆိုင်းမရှိ အမှန်ကိုသိတတ်သော အသိအလိမ္မာမျိုးတွေ အမှန်ကိုသိမြင်၍ အရာမဟုတ်သည်ကို ရှောင်ကြဉ်ခါ ဆင်ခြင်နိုင်သော ဉာဏ်ပညာတွေ၊ အလွန် မြင့်မြတ်သော အရာ၌ သဒ္ဓါကြည်လင်မှုတွေ၊ ကောင်းမြတ်သောအာရုံ၌ စူးစိုက်ခြင်းဆိုတဲ့ သတိတရားတွေ၊ မကောင်းမှုတို့၌ ပြုရမည့်အခွင့်ကို ရက်ရှုံ့ခြင်းဆိုတဲ့ ဟိရိတရားတွေ၊ မကောင်းမှုတို့၌ ပြုရမည့်အခင်းကို ကြောက်လန့်ခြင်းဆိုတဲ့ ဩတ္တပ္ပ တရားတွေ၊ စက္ခုအစရှိသော ဣန္ဒြေတို့ကို လုံခြုံစွာ စောင့်ရှောက် ထိန်းသိမ်း မယိုင်ယိမ်းအောင် ထားနိုင်သော သံဝရ တရားမျိုးကြီးတွေ၊ ထိုတရားတွေဟာ မင်းကြီးရဲ့ ဘက်တော်သားတွေပေါ့။

ဘီလူးမဘက်က ကြည့်လိုက်ပြန်လျှင်လဲ တခါမြင်လိုက်ရလျှင် အစာမဝင်နိုင်လောက်အောင် အလွန်ရှုချင်ဖွယ်ကောင်းသော သူ၏ ရူပါရုံ၊ တခါကြားလိုက်ရလျှင် အစာမစားချင်အောင် အလွန်နားထောင်ဘွယ်ကောင်းသော သူ၏ သဒ္ဒါရုံ၊ တခါမွှေးလိုက်လျှင် ဘာအရေးမှ မစိုက်နိုင်လောက်အောင် အလွန်ရှူရှိုက်ချင်ဘွယ်ကောင်းသောသူ၏ ဂန္ဓာရုံ၊ တခါကျွေးလိုက်လျှင် ဘာကလေးတခုမှ မတွေးတောနိုင်လောက်အောင် အလွန်မြိန်ယှက်ဘွယ်ကောင်းသော သူ၏ ရသာရုံ၊ တခါတွေ့

လိုက်လျှင် ကမ္ဘာမခံနိုင် လောက်အောင် ယောကျ်ားတို့၏ စိတ်ဓာတ်ကို အလွန်ဆွဲငင်ဆောင်နိုင်သော သူ၏ ဖောဋ္ဌဗ္ဗာရုံ၊ ထိုအာရုံငါးပါး ကာမဂုဏ် တရားများနှင့်တကွ မူရာတထောင် မာယာတသိန်း, အပလိန်း အနန္တဆိုတဲ့ သဘောမျိုးတွေကတော့ ဘီလူးမ,ရဲ့ ဘက်တော်သားတွေပါဘဲ။

အဲဒီအာရုံငါးပါးနှင့်တကွ မူရာတထောင်၊မာယာတသိန်း အပလိန်းအနန္တဆိုတဲ့ တပ်မတော်ကြီးနှင့် ဘီလူးမက တိုက်ချလိုက်တော့ မင်းကြီးနှင့်တကွ မင်းကြီးရဲ့အသိအလိမ္မာဉာဏ်, ပညာ, သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ-အစရှိသော တပ်မတော်သားတွေဟာ အကုန်လုံး ဂေါင်းငိုက်ဆိုက် ကျသွားတော့ ဒါပေါ့။

အင်း-ဘီလူးမရဲ့ တပ်မတော်ကြီးဟာ အတော်ခရီးရောက်ပါလား၊ အသိ အလိမ္မာ ဉာဏ် ပညာ သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပ-အစရှိသော မင်းကြီးရဲ့ တပ်မတော်သားတွေဟာ မင်းကြီးရဲ့အနားမှာ ကပ်လာကြသေးရဲ့လား တကာဗိုလ်ရ၊ (မှန်ပါပြုစိမ့် မတိုးလာနိုင်ကြတော့ပါဘုရား)။

ဘာပြုစိတိုးလာနိုင်တော့မလဲ၊ ဘီလူးမရဲ့တပ်မတော်က နလံမထနိုင်လောက်အောင် အစွမ်းပြလိုက်တာကိုး။

သြော်-မင်းကြီးရဲ့ တပ်မတော်သားတွေ မင်းကြီးရဲ့အပါးတော် တပါးမှ မကပ်လာ မသီလာ မငေ့လာကြတော့ဘဲ ကြောက်သွေး ကြောက်ရပ်နှင့် နောက်ဆုတ် ထွက်ပြေးပြီး အကုန်လုံး အရှုံးပေးလိုက်ကြရတယ်ဆိုတော့ တကယ့်ရဲဗိုလ်မပါလားကရို့။

သူ့အလိုလိုက်တော့ ကိုယ့်အကြိုက်ပါ ဆိုဒါလို မင်းကြီး အလိုလိုက်ပေးလိုက်တော့ ဘီလူးမအလို ရှောကနဲပါအောင် လိုက်ပါရတော့ဒါပေါ့လေ။

ဒီနေရာမင်းကြီး အထင် အမြင်မှားနေပုံကို ကြပ်ကြပ် သတိထားခဲ့ကြဘို့နော်၊ ဤကဲ့သို မင်းကြီးနှင့် ဘီလူးမနှစ်ဦး နှစ်ဝ စကားပြော၍ ကိစ္စချောကြသော ထိုအချိန်ကား- မှောင်ကလေး ရီရီ နေခြည်ပျောက်စ ညည့်ဦးယံ အချိန် ကာလ ဖြစ်သည့်အတိုင်း နံ့သာမီးကလေးက တမှိန်မှိန် နန်းတော်သူ နန်းတော်သားတွေလဲ ခပ်ငြိမ်ငြိမ်အနေ ဣန္ဒြေ မရသော ဘီလူးမသည် ထူးလှသော ကိုယ်အတွေ့နှင့် ရင်ငွေ့ ကလေးပေးပြီး ဧအိုနှင့် ခလေးကို တေးဆို၍ သိပ်သလို မင်းဘုရားကြီး အမြန်အိပ်ထဲ့အောင် အကြံစိတ်နှင့် ဖန်၍ သိပ်လိုက်တော့ တဆိတ်တဆိတ် တမှိတ်မှိတ် တတွဲတွဲ အားနဲ့ အားနဲ့လာသဖြင့် မျက်တောင်နှစ်ဘက် မှေးနေဆဲ မှေးနေဆဲ မေ့ခနဲမေ့ခနဲ အသွားတွင် အပါးကခွါမှန်းမသိ အသာခွါခါ ပြာရာပြာရာ တန်ခိုးဖန်ပြီး မိမိရပ်ထံဘီလူးမြို့ကြီးသို့ ထိုးပြန် ပြေးသွားလေသတည်း။

အင်း- သတင်းကြီးတဲ့ မင်းကြီးဟာ ဒုက္ခအကြီးအကျယ် ရောက်တော့မယ် တကာဗိုလ်ရ (မှန်ပါ ဒုက္ခရောက်ပါတော့ မယ်ဘုရား)။

သူပြန်သွားဒါဟာအခြားကိစ္စမဟုတ်ဘူး၊ ဘီလူးမြို့ကြီး၌ ရှိရှိသမျှ ကျန်ရစ်ကြသော အပေါင်းအဖော် ဘီလူးတွေကို အခေါ်သွားဒါဖြစ်တယ်။

ဤတက္ကသိုလ်ပြည်ကြီးမှ ယူဇနာတရာ့နှစ်ဆယ်ပြန့်ပြော ကျယ်သော ခရီးတောအုပ်ကြီးထဲ၌ မြို့ကြီးပြကြီးနှင့် ဖန် တီး၍ နေကြသော ထိုဘီလူးမြို့ကြီးသို့ ရောက်လေသော အခါ ထိုမှဤမှ လှည့်လည်ဟစ်ကြွေး၍ ခေါ်သည်မှာ-

လာကြဟေ- အဆွေ ဘီလူးတို့- အဆွေ ဘီလူးတို့ လာကြ လာကြ, ငါတို့ ယနေ့ မင်းဆီ မင်းသားတွေကို အလိုရှိသ လောက်စားပြီး မင်းသွေးတွေကို အလိုရှိသလောက် ရေလို သောက်ရတော့မှာ၊ ငါတို့ တဆွေလုံး တမျိုးလုံး ဗိုက်ကား အောင် စားရတော့မယ်၊ သောက်ရတော့မယ်၊ ဝချင်သူ လိုက်ခဲ့ကြ၊ အီချင်သူ လိုက်ခဲ့ကြ။

သို့ကလို ရှောက်ခေါ်လိုက်တော့ ပေါက်ဖော်သားချင်း အဆွေခင်ပွန်းတွေဟာ ဝမ်းသာအားရနှင့် အကုန်စုလာကြ ရောဆိုကိုး တကာဗိုလ်ရ (မှန်ပါ ကြိုက်ပေါက်တွေ့ပေါ့ကိုး ဘုရား)။

ကဲ-ကဲ- ကြာရှည်ဆိုင်းနေလို့ မဖြစ်ဘူး၊ စနောင့်စနင်း ခရီးဖင့်နေလျှင် အချိန်လင့်သွားလိမ့်မယ်၊ အသင့်ဖန် အမြန် လုပ်၊ ခပ်သုပ်သုပ် သွားကြစို့ဆိုပြီး တပေါင်းတည်းသွားကြ သတဲ့။

ထမီ လုံချီ အင်္ကျီ ပုဆိုး အမျိုးမျိုးတွေနှင့် ကမ္ဗဇိဒ္ဓိတန်ခိုး အမျိုးမျိုး ဖန်ဆင်းပြီး သွားလိုက်ကြဒါဟာ ယခုအခါမှာ ဝက်သားကျွေး သူဌေးအလှူကြီး သွားကြသလိုပေါ့လေ၊ ဘာပြောကောင်းမလဲ။

ယခုအခါ ဝက်သားကျွေး သူဌေး အလှူကြီးများ တကာ ဗိုလ် လိုက်ဘူးသွားဘူးရဲ့မဟုတ်လား (သွားဘူးပါဘုရား)။

ထိုသူဌေး အလှူကြီးဆိုလျှင် အထူးတလီ ပြင်ဆင်ပြီး တရှင်ရှင် တပြုပြုနှင့် အ ာ း ကျ ပ ါးကျ မသွားကြဘူးလား၊ (အားကျ ပါကျ သွားကြပါဘုရား)။

အဲ- ယခုလဲ ဘုရင့် နန်းတော်ကြီးဟာ သဘင်ပွဲလမ်း အခဏ်းခဏ်းတွေနှင့် အယုတ်အလတ် အမြတ်မရွေး ဝက်သား ကျွေး ကြက်သားကျွေး သူဌေးအလှူကြီးလိုဘဲမှတ်။

ထိုသို့ တိုင်ပင်ဆွေးနွေး စည်းဝေးညီညွတ်ပြီး တစုတဝေး ကြီး သွားကြ၍ ဘုရင့် နန်းတော်ကြီးသို့ ဆိုက်ရောက်ကြ သော အခါ အသီးအသီး ဘုရင့် ပရိသတ်ကြီးကို မြင်လိုက် ရလျှင်ဘဲ ပါလာသောဘီလူးတွေက ဆီးမရ တားမရ စားချင် ဝါးချင်ကြလွန်းလို့အားပြင်ခါမာန်စိတ်နှင့်အန်တကြိတ်ကြိတ် နေရောဆိုဘဲ။

မာန်စိတ်နှင့် အန်တကြိတ်ကြိတ် မဖြစ်ဘဲနေပါ့မလား၊ နန်းတော်သူ နန်းတော်သား မိဖုယားဆိုရင် လိုအင်ဆန္ဒ ရှိရှိသမျှ စားချင်ဒါတွေ စားနေရတော့ အသားကပြည့်ပြည့် ဖြိုးဖြိုး၊ အရိုးက နုနုနယ်နယ် အကြောငယ် အကြောကြီး တောင် မပေါ်ရအောင် အလှနှင့် အဝက အလွန်ဟန်ရနေ တော့ သူတို့ရဲ့ ခါတ်စာကျ ဖြစ်နေဒါကိုး။

ဒါ့ကြောင့်လဲ ဘီလူး မောင်မောင်တို့က ဦးမိအောင် အားထားလျက် အသားကလေးတွေ တုန်တုန်တုန်တုန်နှင့်

နေသော သိမ်းတော်ကလေးများ၏ တင်ဆိုနှင့်ရင်အုံကို မြင်ရုံနှင့် သရည်ကျကုန်တော့ဒါပေါ့။

သို့ကလိုဖြစ်နေကြတဲ့ အခါကျမှ ရှေ့ဆောင်၍ ခေါ်လာသော ဘီလူးမက နည်းပေးလမ်းပြ ဝေဘန်ခွဲက ပြုပေးရပြန်သည်မှာ-

ကဲ-ကဲ-ကဲ-အင်အားကြီးတဲ့ ဘီလူးထီးကြီးတွေက မူးကြီးတွေ မတ်ကြီးတွေ စစ်ဗိုလ်ကြီးတွေကို ရှေးဦးစွာ ဖြို့ချကြရမယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့ကို အရင်ဖြို့ မချလို့အကြောင်းကို သိကုန်ကြပလားဆိုလျှင် အားလုံးကုန် ဒါးပိုက်ပြီး တအားလိုက်မှဖြင့် ငါတို့ဘီလူး တမျိုးလုံးကျားကိုက်သည်ထက် ဆိုးလိမ့်မယ်၊ ဒါ့ကြောင့် လက်နက် ဒါးလှံနှင့် ရန်ခုခံကြမဲ့ တကယ့် ယောကျ်ား တကယ့် သားကြီးတွေကို အရင်စား, အရင်မျိုပစ်ကြနော်။

ဟဲ့-ဟဲ့- တာနေ့ာတို့ ဗာလော့တို့ အပျိုတော်ဆောင် ရောက်တဲ့အခါ အပျိုတော် မြာအချောကလေးတွေနှင့်၊ ဘာသော ညာသော ဝါပြောမနေကြနှင့်၊ စောနိုင်သမျှစော လောနိုင်သမျှလော အနိစ္စသဘော ကိစ္စသာ ချောလိုက်ကြ။

ဟော ဟော၊ မင်းတို့ မင်းတို့ မိဖုယားဆောင်တွေရောက်တော့လဲ၊ ယောင်တောင်တောင် အ,တတ န,တတ, ငေးတေးတေးနှင့်၊ဖြေးဖြေးနှေးနှေးကြီး လုပ်မနေကြနှင့်၊အတင်းသုတ်အမြန်နဲ့ တခါထဲ လက်ဆဲ့- တချက်ထဲနှင့် ကိစ္စပြီးလိုက်ကြ။

ဟဲ့ ဟဲ့ ကာမီတို့ ရာဂီတို့၊ သားတော်ကလေးတွေ ဆောင်တော်ရောက်ရင် ဘာအတည် ညာအတည်နှင့် လျှာပလီ

မနေကြနှင့်၊ မကြာမီ အတင်းဆွဲပြီး ခံတွင်းထဲသာ မြန်မြန် သွတ်လိုက်ကြ။

ဟောဟော ညည်းတို့ ညည်းတို့ နည်းမချိုကြစေနှင့် သားတော် သိမ်းတော်အဆောင်မှာ၊တောင်ကြာ မြောက်ကြာ အကြာကြီးကြာမနေရအောင် မျက်နှာချိုကလေး ပြခါ နှုတ်ဆက်မနေတော့ဘဲ ရုတ်တရက် ဇတ်ခနဲ့ဆွဲပြီး ပစပ်ထဲသာ မြန်မြန် သွတ်လိုက်ကြ။

ငါကတော့ ဟောဒီ အလယ်ခေါင်က ဆောင်မကြီးတွင် ရွှေသလွန်ပေါ်၌ စက်တော်ခေါ်၍နေသော မင်းဘုရားကြီးကို အတင်းဆားမြီးမယ်- ဟုပြောဆို၍ အပြီး နည်းပေး၍ အဆုံးတွင်၊

## ကိုက်ဝါး စားသောက်ကြပြီ

ဘီလူးမသည် ပူးခွခါ အတင်းစီးလျက်၊ မင်းကြီး၏ မောင်းအုံနှစ်ဘက်ကို နှစ်ချောင်းအစုံလက် ဖိနှိပ်ထားပြီးလျှင် ရှိစိတ်အား ဇောအထူးသန်၍ ငုက်ပျောဖူးသဏ္ဍာန် ပြူးရရူး ထွက်သော စူးစူးထက်ထက်အစွယ်ကြီးနှစ်ချောင်းနှင့်၊တကယ် အပြီး ချက်ကောင်း လည်ပင်း ခဲလိုက်တော့ သည်အတွင်းဘဲ တချက်မရှူမရှိုက်နိုင်တော့ဘဲ မျက်ပြူးဆိုက်ခါ နရီတော်ချိန်မို့ သုံးနိမိတ် မဒီအဖော်နှင့်၊ ဇောငါးတန် စည်ဆော်ပြီး၊မရဏာ ပြည်တော် ဝင်ရရှာလေ၏ ဟူလို။

ကဲ- ဘယ့်နှယ်ရှိစ တကာဗိုလ်၊ ဟိုတုန်းက မောင်ဘုရား မောင်ဘုရားနှင့် အယောင်ယောင် အမှားမှားဖြစ်အောင် ချစ်

ဟန်ဆောင်ခါ မာယာတွေရှုပ်ထွေးခဲ့သမျှ တကယ်ဟုတ်သေးရဲ့လား- (အမှန် မဟုတ်တော့ပါဘုရား)။

အမှန်မဟုတ်တဲ့ ဟန်လုပ်ထာ အတူနေမှားပြီး၊ယူစေဗျာ ယူခစေဗျားနှင့် ကာသာ ပေးခဲ့ဒါတွေဟာ အခုတော့ ညှာတာသေးရဲ့လား-(မညှာတာတော့ပါဘုရား)။

ဘာ-ညှာတာတော့မလဲ နဂိုရ်ကမှတကယ်မဟုတ်ခဲ့ဘဲ ဘဲ။

သူ၏ ပါးစောင်နှစ်ဘက်က ပြူးရရှုး ထွက်နေသော ငှက်ပျောဖူးပမာနရှိတဲ့ အစွယ်ကြီးနှစ်ခုနှင့် လယ်သီး အနုံကလေး အတင်း ညှပ်ဝါးလိုက်တော့ လည်ပင်းကို ဒိုးချင်းခတ်သွားပါရောတဲ့။

မင်းကြီးကလဲ ဝဝအိအိ၊ အစွယ်ကလဲ မြမြ မြိမြိနှင့် အလိုရှိသမျှ သတောကျပြီး ဖသောဖသ ဖြစ်နေတော့ဒါပေါ့လေ။

မဝဘဲရှိစ- ရှင်ဘုရင်ဆိုတော့ ဝက်တလဲ ကြက်တလဲ ဘဲတလဲ ဆိတ်တလဲ၊ အမဲ သားငါး အစားစားတွေနှင့်၊ နွားနို့ ထောပတ် ဆီဉ ပျားသကာ တင်လဲ အနံ့ အဝဝ, ကောင်းဆိုသမျှ အစာအာဟာရမျိုးတွေကို အလိုရှိတိုင်း စားသောက်နေရဒါကိုး တကာဗိုလ်ရ၊ (မှန်ပါ ရှင်ဘုရင်ဆိုဒါ ပြောဘို့မလိုပါဘုရား)။

အခေါက်က တလွှား၊ အသားက တဖိ၊ အဆီကတထပ်၊ သို့ကလို အထပ်ထပ် အလွှားလွှား ဖြစ်၍နေသော မင်းကြီး၏ သုံးထပ်သားကြီးတွေကို စားလိုက်တာကလဲ ဗျိုးဗျိုးဗျွတ်ဗျွတ်၊ ဝါးလိုက်ထာကလဲ ဂျိုးဂျိုးဂျွတ်ဂျွတ် နေပါရော။

တခါထဲ မလွတ်တော့ဘဲ ရွှေသလွန်ပေါ်မှာ စားပွဲထိုင်လိုက်တာ ဘာပြောကောင်းမလဲ၊ ဗျိုးဗျိုးဗျှတ်ဗျှတ် ဂျိုးဂျိုး ဂွျတ်ဂွျတ်နှင့် လက်ဆစ်ကလေးတွေတောင် မကျန်တော့ဘူး ဆိုကိုး။

ဥပမာ၊ အစာကလေးက နံ့နံ့ ဗိုက်ထဲက ဆာဆာအရသာကလေးက ထူးထူးဆိုလျှင် ဂျိုးနှူးပြီး အိုးလူးစားလိုက်သလိုပေါ့လေ။

ထို့အတူ-ဘီလူးမကလဲ မင်းသွေးမင်းသား လျှာဖျားမှာ အရသာက ထူးတော့ နောက်ပိတ်ဆုံး ရွှေသင်ဖြူးပေါ်ရှိတဲ့ သွေးစက်ကလေးများတောင် အကုန်လုံးကုန်းပြီး လျက်သွားသေးဆိုဘဲ- ဟ တကာဗိုလ်ရ (မှန်ပါ အတော်ဘဲ ကြိုက်လိုက်ထာကိုး ဘုရာ့)။

ဩြော်- အထင်မှောက်မှားတဲ့ မင်းဘုရားကြီးဟာ ဘီလူးမ၏ ခံတွင်းဝချောက်ကမ္ဘားသို့ အပြေး ကျရောက်သွားရှာပေါ့နော်။

ကြွင်းကျန်သော တာနောတို့ ဗာလောတို့ ကာမိတို့ ရာဂီတို့ ဆိုတဲ့ ဘီလူးတွေကလဲ၊တဦးမနေ ဆိုင်ရာဆိုင်ရာ သွားသွားပြီး ပိုင်ရာပိုင်ရာစားလိုက်ကြဒါလဲ သည်အတိုင်းပါဘဲတဲ့။

အောင်မယ် အချို့မိဖုယားကလေးတွေက ဘယ်လိုအထင်မှားရှာကြပြန်သလဲ ဆိုတော့ မှောင်ရိပ်ကလေး ထဲက ကုတ်ချောင်းကုတ်ချောင်းနှင့် ရုပ်ပြောင်း၍လာသော ဘီလူးကိုပင် ချစ်သူထင်ပြီး အသစ်မူပြင်ခါ ဇာကြည်လှသဖြင့် ဟောဒီက ဆရစ်ကညာအမေ်ကို မေတ္တာတော်ပိုလှ၍ အလိုကျ ရမက်

ဖျော်ဘို့ ညဥ့်ဦးယံ စက်တော်ခေါ်ရန်လာပြီ ထောက်ထား အတွေးနှင့် အပေါက် တံခါးကလေး ဖွင့်အပေး လိုက်တွင် အပြေးကိုက်ပြီး အတင်းဖမ်း ဝါးလိုက်တော့ သည်နေရာမှာ သေးငေါက်ငေါက်ပန်းသွားပါရောတဲ့။

တဦးသော မိဖုယားငယ်ကလေးက တော့လဲ ဘယ်လှမ်း ညာရုပ် တလှုပ်လှုပ်နှင့် သုတ်သုတ်, သုတ်သုတ် လာနေသော ရန်သူကို အကြံတူထင်ခါ သဂေါင်ကျော်ဦး မောင်တော် အထူး, ဆောင်တော်ကူးလာပြီ အထင်နှင့် ကြာချည်ကလေး တင်ခါ အမလိုက်တွင် ကြင်နာမမျှ ဒလကြမ်း ခဲလိုက်တော့ နန်းစွဲတဲ့ကလေး ယမင်းမဒီမှာ သွေးချင်းချင်း နီသွားရှာပါ ရောတဲ့။

မျှော်တော်မူခိုက် အာရုံစိုက်နေသော မိဖုယားတယောက် ကတော့ ဆောင်တော်ဝင် တံခါးပေါက်က မားမားကြီး ရောက်လာသော ဘီလူးအား မင်းဘုရားကြီးထင်ပြီး အောင် မယ်လေး အရင်းအဖျား မစဉ်းစားတဲ့ မင်းဘုရားကြီးက လင်းအားကြီးမှ ကြွရောက်တော် မူလာသကိုး-ဟု ဘာကိုး ညာကိုးနှင့် နွဲ့ဆိုးဆိုးချင်တဲ့ လျှာဖျားကလေးက မြူချိုကြည့် စားခါ မြည်တွန် တောက်တီးသော စကား ပြောနေတုန်း စကားမှမဆုံးသေးဘူး ပစပ်ပြဲမြဲနှင့် မတ်တတ်ကလျှဲပြီး ဇတ် ခနဲ ဆွဲမှန်းလိုက်ထာ တခါထဲ အသဲနှလုံးကြွေကျပါရောတဲ့။

သွီးတော် အပျိုတော် ကလေးများ အထင်ချော်ဒါက တော့ မလာစဖူး လာစဖူး အလာတော်ထူးပါဘိ၊ အချစ်ဦး

ဘယ်သူဖြစ်ပါလိမ့် မှန်း-ဟု ကမန်းကတန်း ပြာယိပြာယာနှင့် ကြာခြည်ကလေး အလုပ်လိုက် ကပ်တိုက်သလို မပြေးသာ မကွင်းသာတော့ဘဲ ထွေးကညာ အသဝင်းကလေးဟာ ဒီနေရာတွင် သေးဖြာလို့ ဆင်းပါရော့တဲ့။

ဩော်-မင်းကြီးကသာ ဘီလူးမရဲ့အပေါ်မှာ အထင်မှားဒါလားအောက်မေ့၊ မိဖုယား အပျိုတော်တွေကလဲ ဘီလူးအပေါ် အထင်မှားရှာကြသေးသကိုး-တကာဗိုလ်ရ၊ (မှန်ပါ သူတို့လဲ မှားရှာကြပါလိမ့် ဘုရား)။

ဘယ်အရာမျိုး မဆို အထင်မှားမှု တခုကြီးဟာ သိပ်ကြောက်စရာဘဲနော်။

ယခုပြောခဲ့သလို အသီးအသီး အသကအသက ဝေဘန္ဓိက ပြုပြီး စားလိုက် သောက်လိုက်ကြဒါ ဘာပြောကောင်းမလဲ ဘီလူးတွေ တဆွေလုံးတမျိုးလုံး ရတနာပုံဆိုက်ပြီး တနန်းတော်လုံး ဟီးတိုက်သွားရောဆိုဘဲ။

မူးကြီးမတ်ကြီးတွေအကုန်စား၊ မိဖုယားတွေ အကုန်မျိုး၊ အပျိုတော်တွေ အကုန်တွယ်၊ သားငယ်တော်တွေ အကုန်ဆော်၊ သမီးတော်တွေ အကုန်နှံ့၊ ခြေရံတော်တွေအကုန်ကျိတ်၊ တနန်းတော်လုံး တိတ်ဆိတ်သွားတော့သည်။

ရှင်ဘုရင်ကြီးနှင့် ဝက်သား ကြက်သား ကျွေးနိုင်သော အလှူ့ရှင်သူဌေးကြီးနှင့်တူစေ၊ ရွှေနန်းတော်ကြီးနှင့် အယုတ်အလတ် အမြတ်မရွေး လာသမျှ အကုန်ကျွေးတဲ့ ထို အလှူ ထမင်းကျွေးရုံကြီးနှင့်တူစေ၊ မိဖုယား အပျိုတော် သားတော်

သွီးတော်စသော နန်းတော်သူ နန်းတော်သားတွေနှင့် ဝက်သား, ကြက်သား, အမဲကြော်, အသဲကြော်တွေနှင့်တူစေ၊ ရွှေသလွန် မြသလွန် ကုတင်ညောင်စောင်း, အိပ်ရာကောင်းတွေကတော့ စားပွဲခုံတွေနှင့် တူစေ၊ ဘီလူးတွေကတော့ အရပ်လေးမျက်နှာမှ လာကြသော အလှူလာ ပရိသတ်တွေနှင့်တူစေ။

ဒီနေရာမှာ စဉ်းစားကြည့်လိုက်တော့ ဘီလူး စတုဒိသာပွဲကြီးလို့လဲ မဆိုထိုက်ပေဘူးလား တကာဗိုလ်ရ၊ (မှန်ပါ ဘီလူး စတုဒိသာပွဲကြီး ဆိုထိုက်ပါဘုရား)။

မဆိုထိုက်ဘဲနေပမလား၊ အလှူ့ဒါယကာ ရှင်ဘုရင်ကြီးက ဘီလူးမရဲ့အပေါ် အစက တယ်သဒ္ဓါတော်မူလိုက်ထာကိုး၊ ကဲ-အခုတော့ ဘယ့်နှယ်ရှိစ။

ဘီလူးတွေ အပြိုင်အဆိုင် စားပွဲထိုင်ပုံကို ပြောရလျှင်၊ အကြောကြီး အကြောသေး အရိုးနုကလေးနှင့် သွေးကလေး တစက်မှမချန် အကုန်နှံ့သွားလိုက်ကြဒါ၊ တကတဲ တနန်းတော်လုံး အရိုးဖွေးဖွေးသာ ကျန်ရစ်ခဲ့တော့ဆို မဟုတ်လား တကာဗိုလ်ရ၊(မှန်ပါ အရိုးဖွေးဖွေးမျှသာ ကျန်ရစ်ခဲ့ပါတော့ဘုရား)။

အတွေ့တမျိုးကြောင့် အဖြစ်ဆိုးလိုက်ပုံကို ကြားရုံနှင့်ဘဲ အသဲတုန်လိုက်ပါဘိတော့ ကရို။

ထိုထိုနန်းတော်ထဲ ကြိုးတိုကြဲတဲနှင့် ဖရိုဖရဲ အနဲ့နဲ့ အဝဝ လဲကျ လဲကျ၍ နေသော အရိုးဆိုင်ကြီးတွေကို ဒို့ကိုယ်တိုင်မြင်တွေ့ရပါလျှင် ့ရင်ပွေ့ခါ အထူးအန်းပြီး တကယ့်ကို ရှူး

ခမန်း ဖြစ်သွားမှာ အမှန်ဘဲနော်၊ (မှန်ပါ ကိုယ်တိုင်မြင်ကြ ရလျှင် ရူးခမန်း နေမှာပါဘဲဘုရား)။

မရှုးလောက်ဘဲရှိစ တနန်းတော်လုံး ပြုတ်ပြုတ် ပြန်းပြီး သင်းချိုင်းကုန်းကြီးလို ဖြစ်နေပေါ့ဘဲ။

ဟောဒီအဖြစ်ဆိုးကြီးနှင့်တွေ့ရဒါ ဘာ့ကြောင့်လဲ၊ ဘီလူး မကို နတ်သို့မ်းတမျှ အထင်မှားခဲ့လို့ မဟုတ်လား၊ (မှန်ပါ ဘီလူးမကို နတ်သို့မ်း အထင်မှားမိလို့ပါ ဘုရား)။

အထင်ကလေးတခုမှားသွားလျှင် အများကြီးဒုက္ခရောက် နိုင်တယ် ဆိုဒါ ကြပ်ကြပ်ကြီး သတိထား၊ များများကြီး စဉ်းစားကြနော်။

အကုန်လုံး ပြုတ်ပြုတ်ပြုန်း၍ တနန်းတော်လုံး သင်းချိုင်း ကုန်းကြီး ဖြစ်နေသော ဘီလူး စတုဒိသာ ပွဲကြီး ပြီးဆုံး သွားရော့ ဆိုပါတော့။

## ငါတို့ ဘုရားအလောင်းတော် မင်းသား ဆိုက်ရောက်လာမှု

ထို့နောက် များမကြာမီအတွင်း ထိုမင်းကြီးနှင့် ထို ဘီလူးမ မတွေ့ခင်ကပင် ထိုဘီလူးမ၏ရန်ကို အတန်တန် အောင်မြင်၍ လာသော ဘုရားအလောင်းတော် မင်းသားကို မြှောက်စား နန်းတင်ကြလေရော။

ပြည်သူပြည်သားတွေက ဝိုင်းအုံဖြဖြနှင့် အကုန်လာကြ၍ နန်းတော်ကြီး တခုလုံးကို နံ့သာရေတွေနှင့် ဆေး၊ အမွှေး အကြိုင်တွေနှင့်ထုံ၊ ပန်းမျိုးတွေ စုံအောင်ဆွဲ အောင်ပွဲကြီး

ခံလျက် အလောင်းတော် နန်းတက်မှ မျှားနှစ်သက် ဝမ်းသာပြီး ရွှေနန်းတော်နှင့်တကွ တက္ကသိုလ်ပြည်ကြီး အားလုံး စည်စည်ကားကားနှင့် ချမ်းသာစွာ နေထိုင်ကြရသတဲ့။

## ဉပမာနှင့် ဉပမေယျ

ဉပမာ ဉပမေယျ ဟပ်လိုက်သော် သက္ကာယဒိဋ္ဌိ လွှမ်းမိုး အုပ်စိုးလျက်ရှိသော ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးက ဘီလူးမနှင့် တူစေ။

ယခင်က ပြဆိုခဲ့ပြီးသော တက္ကသိုလ်ဝတ္ထုကြီး အတိုင်း ပါဘဲ၊ ဘီလူးမကို ထိပ်ခေါင်တင်မကြီး ထားလိုက်တော့၊ တခြား အပူမတိုက်ဘဲ မင်းဘုရား တဆူ ဒုန်ရင်းလူကို အပူ တိုက်တာလို ဤခန္ဓာကိုယ် တည်းဟူသော ဘီလူးမကို အလို လိုက်မိလို့ အလိုလိုက်နေကြတဲ့ ပုထုဇဉ် သူငါအမိုက် ဒုန်ရင်း လူတွေကို လိုက်လိုက်ပြီး အမြဲတမ်း အပူတိုက်နေတော့ဒါဘဲ မဟုတ်လား တကာဗိုလ်ရ (မှန်ပါ ဒုန်ရင်းလူ အပူတိုက်နေ ပါဘုရား)။

နောက်ကလဲ အပူတိုက်ခဲ့လှလေပြီ၊ ယခုလဲ တိုက်တုန်း တိုက်ဆဲ၊ ရှေ့လဲ တိုက်လတ္တံ့ဘဲ၊ သို့ကလို သံသရာတဝိုက် အပူတိုက်တတ်တဲ့ ခန္ဓာကိုယ် သူ့မြှူနေလို့လဲ မကိုက်သေး ဘူး၊ ချော့နေလို့လဲ မဟန်သေးဘူးနော်။

အသို့ သူ့ကိုမြှူချီပေးနေလို့လဲ အရေးမလှ၊ ချော့ချော့ မော့မော့ လုပ်နေရပြန်ရင်လဲဟန်မရလို့မို့၊ကဲ-နင့်ဘာသာနင် ဖြစ်ချင်ရာ ဖြစ်ကရော့ဆိုပြီး၊ ရှော့ပုံ ချထားပြန်လျှင်လဲ

သူခံမည်မဟုတ်၊ ထိုသို့ ခံမည်မဟုတ်လို့ သူ့အလိုတွေ အကုန် ဖြုတ်ပြီး ဘုရားအလို တရားအလုပ်ကြီး တခုကိုသာ အာရုံပြုပြီး တင်းတင်းကြပ်ကြပ်ကြီး လုပ်လိုက်ပြန်ပါတော့ကော ဘောက်ပြန်မဟဲ့၊ ညောင်းမဟဲ့၊ ကိုက်မဟဲ့၊ ခဲမဟဲ့၊ လဲမဟဲ့ ဆိုတဲ့ သဘောမျိုးတွေ ဖိလာ ညှဉ်းလာတတ်သမို့ တင်းမာလို့လဲ မဖြစ်ဘူး။

ဒါလောက်တောင် နှင်ဆိုးလှ၊ နှင်နှင့်ဖြင့် ဝေးအောင်ဟာဆိုပြီးရှောင်လို့ တိမ်းလို့ကော ရကြရဲ့လား တကာဗိုလ်ရ (မှန်ပါ ရှောင်မဖြစ် တိမ်းမဖြစ်ပါဘုရား)။

အနုပါဒိသေသနိဗ္ဗာန်မရမချင်း ဘာ သူ့ကိုလွတ်အောင် ကွင်းနိုင်မလဲ၊ ကွင်းလို့လဲ မဖြစ်ဘူးပေါ့။

အသို့ ကွင်းမရလို့ ဖြစ်ရာဘဝ တွေ့ရပြန်ပါတော့လဲ ဘယ်တော့မှ ကိုယ့်အလို့, ကိုယ့်ဆန္ဒ ကိုယ့်သဘောကျများ ပြုလုပ်ဆောင်ရွက်ပါလိမ့်မယ် မအောက်မေ့နှင့် အလွန်ဆိုးလှ ရိုင်းလှတဲ့ နွားဆိုး ကျွဲဆိုးကလေးများဟာ အတိုင်ကထားလဲ မသွား၊ အလှဲကထားလဲ မရသလို ကိုယ့်အလိုနှင့် သူ့သဘော နဲနဲကလေးမှ ရောနှောကြမည် မဟုတ်ဘူး။

ယခင် ပြဆိုခဲ့တဲ့အတိုင်း ဘီလူးမသည် မင်းကြီးရဲ့အပေါ်၌ အလွန်နွဲ့ အလွန်ဆိုးနေသလို ဤခန္ဓာသည်လည်း အမျိုးမျိုးနွဲ့ အဖုံဖုံဆိုးနေသောကြောင့် ဒီခန္ဓာကိုယ်တ် အကောင်ပုပ်ကြီးကို (နွဲ့ဆိုးကောင်ကြီး) လို့ ဆိုရလိမ့်မဟုတ်လား တကာဗိုလ်ရ (မှန်ပါ နွဲ့ဆိုးကောင်ကြီး အမှန်ပါဘုရား)။

သည့်မှတပါး ဘယ်အရာ ဘယ်အချက် ဘယ်အကွက် ဘယ်အရေးမှ ချမ်းသာခွင့် မပေးနိုင်သောကြောင့် အဆိပ်တုံး အဆိပ်ခဲ (အဆိပ်သီးကြီး) နှင့်လဲ တူတယ်။

ထိုအဆိပ်တုံး အဆိပ်ခဲကြီးများဟာ စားလာ မျိုလာသော သတ္တဝါကို ပြင်းထန်စွာ ဒုက္ခဝေဒနာပေးပြီးမှ မခိုတန်ခဲသေပွဲဝင်ရသော ဆင်းရဲကြီးတခုကိုသာ ဖြစ်စေနိုင်သလို ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးလဲ ဆင်းရဲလုံးလုံး ဆင်းရဲလမ်းကြီး မျှော်မဆုံးအောင် အကျမ်းဝင်သူကိုပို့ဆောင်ယူဆွဲတတ်သောကြောင့် အဆိပ်တုံး အဆိပ်ခဲကြီးနှင့်လဲ မတူဘူးလား (မှန်ပါ အဆိပ်တုံးကြီး အမှန်ဖြစ်ကြောင်းပါဘုရား)။

ဒါ့ကြောင့် ဤအဓိပ္ပါယ်စုကို ရည်၍-

(ယသာ ကာယသာ၊ အပေါ်ရံ လူရိုး, အတွင်းက သူခိုးညာဏ်, တမျိုးဟုန် အကဲပြ, သူရဲမဘုရင် ဘီလူးမထိပ်ခေါင်တင်လို တဆိပ်ရှောင်တခင် အယုံသွင်းမိရင်ဖြင့် ဒုန်ရင်းလူအပူတိုက်လို့မို့ မြူမကိုက်, ချော့မဟန် ရှော့မခံ တင်းမရ ကွင်းမရ မရှောင်နိုင် အတိုင်ကလဲမရ အလှဲ့ကလဲမရနှင့် အနွဲ့တကာ့ထိပ်သီး အကြွင် ခန္ဓာကိုယ် တည်းဟူသော နွံဆိုးကောင်ကြီး၏။ ဝါ၊ ထားလိုက်ရင်တိုး၊ တားလိုက်ရင် ဆိုး၊ မြှားလိုက်ရင် ညှိုးယိုင်တတ်လို့မို့ တိုးမနိုင်ဆိုးမနိုင် ညှိုးမနိုင် ကျိုးယိုင်ခွေနုံး အကြွင် ခန္ဓာကိုယ် တည်းဟူသော ဟောဒီ အဆိပ်တုံးကြီးရဲ့)ဟု ရေးသားလိုက်ပေသည်။

သက္ကာယဒိဋ္ဌိက ငါငါ ငါ့ကိုယ် စွဲဆိုသမျှ အတွင်းပြုပြီး၊ ဟုတ်နိုးဟုတ်နိုးနှင့် အမျိုးမျိုးသောသူ့အလိုတွေကို လိုက်ပါ နေလိုက်ရဒါ- ဘယ်ခါမှ အားလပ်ခွင့် ရတယ်မရှိဘူး။

ဒိခန္ဓာကိုယ်ကြီးရဲ့ အလိုအကြိုက်ကိုဖြင့် ဘာတခုမှ ငါ မလိုက်တော့ပါဘူးလေလို့ ပေနေလို့များ ဖြစ်ပါ့မလားတကာ ဗိုလ်ရ (မဖြစ်နိုင်ပါဘုရား)။

ဖြစ်နိုင်ဘို့နေနေသာသာ အမျိုးမျိုး တိုး၍တိုး၍သာလိုက် ပါပြီးနေရ တခဏမပြတ် ထပ်လို့သာနေပြီ ဆိုပါတော့လေ။

အဖျင်းဆုံးပြောအုံးမယ်၊နံနက်မိုးလင်းလာတယ်ဆိုရင်ဘဲ မျက်နှာ သစ်ပေးပါဦး ဆိုလို့ မျက်နှာ သစ်ပေးရပြန်တယ်၊ တော်တော်ကြာ ရေချိုးပေးပါဦး ဆိုလို့ ရေချိုးပေးရပြန် တယ်၊ ကဲ-ဘယ်သူကများ ငြင်းပယ်နိုင်သေးလဲ (မငြင်းပယ် နိုင်ပါဘုရား)။

ကြီးကျယ်သော ကိစ္စကြီးတွေကို ထားလိုက်ပါဦးတော့၊ အယုတ်ဆုံးစကား ထင်ရှားအောင် ပြောရလျှင် ချီးယိုချင် ပါတယ်ဆိုရင်လဲ လိုက်ပို့ရ၊ သေးပေါက်ချင်ပါတယ်ဆိုရင်လဲ လိုက်ပို့ရ နေပါအုံး ခန္ဓာကိုယ်ကြီးရဲ့ ပူပါသေးတယ် အေးပါ သေးတယ် လို့ အချိန်များ ရွေးချယ်နေနိုင်သေးရဲ့လား(မရွေး ချယ်နိုင်တော့ပါဘုရား)။

ဘာ ပူတယ် အေးတယ် ရွေးချယ်နေနိုင်မလဲ အကယ်၍ အချိန်ရွေးချယ်ခါ ဖြတ်ဖြတ်လပ်လပ် မလုပ်ဘဲ နေစမ်းပါ လား၊ သူက ညစ်ပတ်ပစ်လိုက်မှာပေါ့။

အဲဒီလို ပူပါသေးတယ် အေးပါသေးတယ်၊ စေ့ပါသေးတယ်၊ မိုးချုပ်ပါပြီ စသည်ဖြင့် သွေးဖိ ရှောင်တိမ်း၍မရ၊ ယိုချင်ပါတယ်ဆို မငြိုမငြင် လိုက်ပို့ရ၊ ပေါက်ချင်ပါတယ်ဆို ကောက်ကောက်ပါအောင် လိုက်ပို့ရ၊ တရား သဘောနှင့် ပြောရလျှင် တကာဗိုလ်တို့ ငါတို့တတွေဟာ ချီးအစေခံ သေးအစေခံတွေ ဖြစ်မနေဘူးလား (မှန်ပါ ချီးရဲ့ အစေခံ သေးရဲ့ အစေခံတွေပါဘုရား)။

ဥစ္စာကြွယ်ဝ၍ ခနရှင်ဘဝနှင့် သူဌေးကြီး သူဌေးကတော်ကြီးလို့ အခေါ်ခံရတဲ့ သူတွေကော- ချီးနှင့်သေးကျတော့ ငွေကြေးတွေပေးပြီး အရေး နိုင်အောင် လုပ်နိုင်သေးရဲ့လား (မလုပ်နိုင်ပါဘုရား)။

ဒါဖြင့် ထိုသူဌေးကြီး ထို သူဌေးကတော်ကြီးတွေလဲ ချီးကျွန် သေးကျွန်တွေဘဲပေါ့။

ယခုလောကမှာ ကိုယ့်ဌာနနှင့်ကိုယ် ထိုထို အနိမ့်အမြင့် အဆင့်ဆင့် အုပ်ချုပ်၍ မင်းစိုး လုပ်နေကြသော မင်းကြီး မင်းကြီးကတော်ကြီးတွေလို့ အခေါ်ခံနေကြတဲ့ သူတွေကော၊ ချီးအပေါ် သေးအပေါ်ကျတော့ တစုံတရာ အာဏာပေးနိုင်သေးရဲ့လား၊ (မပေးနိုင်ပါဘုရား)။

ဒါဖြင့် ထိုမင်းကြီး ထို မင်းကြီးကတော်တွေလဲ ချီးကျွန် သေးကျွန်တွေပါဘဲလေ။

တလောကလုံး ပုပုရွရွ မြင်သမျှ ချီးကျွန် သေးကျွန်တွေ ချည်းသာ အမှန်ဟုတ်နေကြတော့သကိုး တကာဗိုလ်ရ (မှန်ပါ အကုန် ချီးကျွန်သေးကျွန်တွေပါ ဘုရား)။

ခန္ဓာငါးပါးတရားကို ထိထိမိမိ အဟုတ်သိမှ ချိးကျွန်, သေးကျွန် ခံရကျိုး နပ်တော့သည်၊ ခန္ဓာငါးပါး တရားကို မသိက- ချိးကျွန် သေးကျွန် ခံရကျိုး မနပ်ဟု တထစ်ချ မှတ်လေ။

**မိမိကိုယ် မိမိမေး**

ဟဲ့ ခန္ဓာကိုယ်ရုပ် အကောင်ပုပ်၊ နင့်ဘဝ ချိးကျွန် သေးကျွန်ခံရုံမျှ လာခဲ့ဒါလား-၊ နင် ဒီဘဝ ချိးကိစ္စ သေးကိစ္စနှင့် ပြီးတော့မှာလား-၊ ဟဲ့ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်၊ နင် ချိးကျွန်သေးကျွန် ခံရကျိုး နပ်ပလား မနပ်သေးဘူးလား။

ဟဲ့ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်၊ နင် ခန္ဓာငါးပါးသိမှ- ချိးကျွန်ခံရကျိုး,သေးကျွန် ခံရကျိုးနပ်မယ်၊နင် ခန္ဓာငါးပါး မသိက ချိးကျွန်ခံရကျိုးလဲ မနပ်၊ သေးကျွန်ခံရကျိုးလဲမနပ်။

ဟဲ့ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်၊ နင် ခန္ဓာငါးပါးသိမှ ချိးကျွန်ဘဝ, သေးကျွန်ဘဝက မုချလွတ်နိုင်မယ်။ နင် ခန္ဓာငါးပါးမသိက ချိးကျွန်ဘဝ, သေးကျွန်ဘဝက ဘယ်တော့မှ လွတ်မည်မဟုတ်။

ဤမျှသာ ခန္ဓာကိုယ်ကြီး၏ အလိုကိစ္စကို ပြလိုက်ရတော့သည်၊ ကြွင်းကျန်သမျှ အလိုဆန္ဒ အနန္တတွေကို ဉာဏ်ကုန်မျှော်၍ ထုတ်ဖော်သိကြလေ။

**ဒါ့ကြောင့်**

(ဝသံ၊ ဟုတ်နိုး ဟုတ်နိုး ရုပ်တမျိုးနှင့် ရုပ်ဆိုးဟန်ပို သူ့အလိုကို။ နိစ္စဥ္စ-နိစ္စံဝေ၊ မပြတ်အမြဲ ထပ်တလဲသာလျှင်။

အနုဂစ္ဆာမိ၊ ပူတယ် အေးတယ် မရွေးချယ်တော့ဘဲ ဖေးသွယ် စိုက်ခါ ကြိုက်ရာကြိုက်ရာ စိုက်စိုက်ပါအောင် ထိုက်ရာမှာ နားရှော့လို့ အားမရှော့ တမင်မဲမဲပြီး၊ သူ့ဘက်မှာ အတွင်လဲလို့မို့ တစင်ထဲသာ လိုက်ပါ၍ နေရလေတော့၏တကား)ဟု ရေးသားလိုက်ပေသည်။

ယခုတော့ တကာဗိုလ်တို့ ငါတို့ တတွေ ဆရာကောင်း အဆုံး အမ အထိုက်အလျောက် ရရှိကြပြီးဖြစ်၍ ဉာဏ်ခန္ဓာ ကိုယ်၏ အပြစ် အာဒီနဝတွေကို အတော် အသင့် သိကြပြီး မဟုတ်လား၊ (မှန်ပါ သိကြပါဘုရား)။

သိကြပြီးပြစ်တဲ့အတိုင်း အသိဉာဏ် မထိုင်းမှိုင်း မတွေ မဝေအောင် သတိကိုအမြဲဆောင်ပြီး မြင်သည်ထက်မြင် ပေါ် သည်ထက်ပေါ်အောင် ကြည့်ကြဘို့သာ လိုတော့တယ်။

ဉာဏ်ခန္ဓာကိုယ်ငှါးနွားကြီး ဥပမာကိုလဲ ခဏခဏ ကြားနာနေကြရပြီ မဟုတ်လား၊ (မှန်ပါ ငှါးနွားကြီး ဥပမာ အမိန့်ရှိတော်မူပါဦးဘုရား)။

ဥပမာ-လူနှစ်ယောက်ရှိကြရာ မိုးဃ်းဦးကျကစပြီး မိုးဃ်း ကျွတ်လျှင် နွားတကောင်စပါး ၂၅-တင်းပေးရမည်၊သို့မဟုတ် ငွေ ၂၅-ကျပ်ပေးရမည်ဟု အသီးအသီး တကောင်စီတကောင် စီ အဘိုးအခနှင့် ငှါးရမ်းထားကြတယ် ဆိုပါတော့။

တယောက်သော သူကတော့ ထိုငှါးနွားကြီးကို နေရာ ကောင်းလဲခိုစေ၊ ချိုနေကိုလဲသာ၊ ဝအောင်လဲကျွေး၊ ခိုင်းရေးလဲ အတင်းဘဲတဲ။

ဟိုတယောက်ကတော့ ဒီလိုမဟုတ်ဘူး၊ ထိုငှါးနွားကြီးကို နေရာကောင်းခိုစေရုံနှင့် ချိုနေကလေးတသသ ဝအောင်သာ တကျွေးကျွေး၊ ခိုင်းရေးကျတော့ ဘာတခုမှမခိုင်းဘဲ လှည်းကလေးမှ မကရက်အောင် အရိပ်တကြည့်ကြည့်နှင့်ဆိုဘဲ။

ထိုသူနှစ်ယောက်ပြုမူမှု တူသလိုလို ရှိကြငြားသော်လဲ စိတ်ထားမှာ ကွာခြားနေပုံကို သိသာရုံပြောကြဦးစို့၊ ပဌမလူက နေရာကောင်းကို ခိုစေတယ် ဆိုပေမယ့် မိမိကိုယ်ပိုင်ပစ္စည်းထင်ပြီး အဟုတ် ခင်ခင်မင်မင်နှင့် လုပ်ထာမဟုတ်ဘူး၊ ထိုနွားငှါးကြီးနေမကောင်းထိုင်မသာနှင့် ဝေဒနာကပ်ငြိနေခဲ့ပါလျှင် ငါ၏အလုပ်တွေ အကုန်လစ်ဟင်းပြီး ချွတ်ယွင်းဆုတ်ယုတ်ကုန်တော့မှာဘဲ၊ထိုသို့မချွတ်မယွင်း မလစ်ဟင်းရအောင် ဆိုတဲ့ စိတ်ထား၊ ချိုနေကို သ,တယ်ဆိုဒါကလဲ ဘေးက လူသူလေးပါး အမြင်နှင့် မဆန့်ကျင်အောင် ဆိုတဲ့ စိတ်ထား၊ ဝအောင်ကျွေးတယ် ဆိုဒါကလဲ ထိုနွားကြီးဝမှ အားရှိမယ်၊ အားရှိမှသာ ငါအလိုရှိတဲ့ ထွန်မှုယက်မှု စသော ဝန်လေးသောကိစ္စကြီးတွေ တွင်တွင် ကျယ်ကျယ်ကြီး အမြန်ပြီးစီးအောင် ရွက်ဆောင်ပြုလုပ်နိုင်မယ်ဆိုတဲ့ စိတ်ထား၊ထိုစိတ်ထားအတိုင်းလည်း ကျကျနန စေခိုင်းလေသည်။

ဒုတိယလူကတော့ မိမိပစ္စည်း ကိုယ်ပိုင်နွားကြီး ထင်ပြီး မှိုင်းလုံလေလုံနှင့် ယုယုယယ ထား၊ မလှ,လှအောင်၊ မယဉ်,ယဉ်အောင် ချိုကလေးတပြင်ပြင် တသသလုပ်၊ မဝ,ဝအောင် အမျိုးမျိုးစီမံ၍ ကျွေး၊ အမွေးကလေး တပွတ်ပွတ်၊ ကြော

ကလေးတသပ်သပ်၊ အရိပ်တကြည့်ကြည့်နှင့် တကယ့်ကိုယ်ပိုင် နွား-ဟူသော စိတ်ထား၊ ထိုစိတ်ထား အတိုင်းလည်း နဲနဲမှ မခိုင်းရက်ရှာဘူးပေါ့လေ။

ကဲ-ထိုသူ နှစ်ယောက်သားဟာ ငှါးရမ်းထားရတဲ့ ငှါး နွားကြီးရဲ့အပေါ်မှာ ပြုစုကြတဲ့အမူအရာ မျက်မြင်မှာ တူကြ ငြားသော်လဲ စိတ်ထားကျတော့ ဘယ်ကလောက် ကွာခြား ကြသလဲဟာ တကာဗိုလ်ရ၊ (မှန်ပါ စပ်လို့တောင် မရအောင် ကွာခြားနေကြပါဘုရား)။

နောက် မိုးကျွတ်၍ ငါးလခစ္စသောအခါ မူရင်း သူ့ ပိုင်ရှင်ထံ ပြန်ပေးလိုက်ကြရသတဲ့။

မပေးရဘဲနေပမလား၊ နဂိုရ်ကထဲက လပိုင်း ရက်ပြတ်နှင့် ငှါးထားရဒါကိုး။

သို့ကလို ပြန်ပေးလိုက်ကြရာ အခိုင်းတတ်တဲ့ ပဌမလူလိမ္မာ မှာတော့ ပြုစုကျိုးလဲနပ်၊ အမြတ်အတိုး အဘိုးကြေးငွေ ဆန် ရေစပါးတွေလဲ အများကြီး ရသတဲ့ တကာဗိုလ်ရ၊ (မှန်ပါ ရပါလိမ့်ဘုရား)။

မရဘဲရှိစ ငှါးနွားကြီးမို့ ငှါးနွားကြီးအနေနှင့် ဝတ္တရား တွေကိုလဲ ကြေပွန်အောင်ပြု၊ ပြီးတော့လဲ တနေ့ကျတော့ ဒီ ငှါးနွားကြီးဟာ ပြန်ပေး လိုက် ရ မှာ ပါ က လား ဆိုတဲ့ သဘောထားနှင့် သိပ်အနားမပေးဘဲ မဲမဲသဲသဲကြီး ခိုင်းတတ် ထာကိုး။

မခိုင်းတတ်တဲ့ ဒုတိယ လူမိုက်မှာတော့ ပြုစုကျိုးမနပ်၍ အမြတ်အတိုး အဘိုးကြေးငွေ ဆန်းရေစပါး မရလိုက်တဲ့ပြင်

သူ့ချီးသူ့သေး ကျုံးပစ်ရတဲ့တာဝန်တွေ ပိုပြီးလျှင် လက်မှာ ချီးလူးသေးလူးခံရရုံနှင့် ချီးစော်သေးစော်နံလိုက်ရရုံရှိရဲ့ဆိုဘဲ တကာဗိုလ်ရ၊ (မှန်ပါ ဘာတခုမှ အမြတ် မရလိုက်တော့ပါဘုရား)။

ရပမလား၊ ငှါးနွားကြီး ကိုယ့်နွားထင်ပြီး မခိုင်းရက်, မစေရက်နှင့် အရိပ်တကြည့်ကြည့် အမှားပီတိ ဖြစ်နေဒါကိုး၊ အရင်းမရ အမြတ်ရှုံးဆိုဒါ အဲဒါဘဲ။

ဥပမာနှင့် ဥပမေယျနှစ်ရပ် ဂဟောစပ်လိုက်သော် ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးက ငှါးနွားကြီးနှင့်တူစေ၊ သေမင်းကြီးက ထိုငှါးနွားကြီး၏ပိုင်ရှင်နှင့်တူစေ၊အရိယာပေါင်း သူတော်ကောင်းတွေက အခိုင်းတတ်၍ အမြတ်ရသော လူလိမ္မာယောကျ်ားနှင့် တူစေ၊ အန္ဓပုထုဇဉ် သူသူငါငါတွေက အခိုင်းမတတ်၍ အမြတ်မရသော ချီးစော် သေးစော်သာ နံလိုက်ရတဲ့ လူမိုက်ယောကျ်ားနှင့် တူစေ။

တူပုံကို စဉ်းစား ကြည့်စမ်းပါလား၊ ခန္ဓာကိုယ်တည်းဟူသော ငှါးနွားကြီးကို ဘယ်သူမဆို တနေ့ကျတော့ သေမင်းထံ အပ်နှံလိုက်ရတော့ဒါဘဲ၊ မည်သူ တဦးတယောက်မှ မအပ်နှံဘဲ နေနိုင်ကြရဲ့လား၊ (မနေနိုင်ပါဘုရား)။

ဘာနေနိုင်မလဲ နဂိုရ်မူရင်းကိုက သေမင်းကြီးက ပိုင်ရှင်ဖြစ်နေဒါကိုး ၊ ပိုင်ရှင် ဖြစ်သည့်အတိုင်းလဲ ငှါးထားတဲ့လ, ငှါးထားတဲ့ နေ့ရက် စေ့ရောက်သောအခါ ပေးဟဲ့ ငါ့နွား ဆိုပြီး ဆွဲငင်ယူသွားဒါ အထင်အရှား မြင်ကြသားကဘဲ။

ဒါကြောင့် ပိုင်ရှင်သေမင်း အတင်းအကြပ် မဆွဲငင် မယူလာခင် ခန္ဓာကိုယ် ငါးနွားကြီးကို အမြတ်ရအောင် များများကြီး ခိုင်းလိုက်ကြဘို့ အရေးကြီးတယ်။

ရှေးရှေးသော အရိယာပေါင်း သူတော်ကောင်းတွေကတော့ ပဋ္ဌမလူ လိမ်မာလို ခန္ဓာကိုယ်ကို မိုးလုံလေလုံ လုံခြုံရာဌာန၊ အိမ်, ကျောင်း စသော နေရာများ၌ ချထားခိုလှုံစေတယ်၊ ရေချိုးသုတ်သင် အဝတ်တန်းဆာဆင်ခြင်း စသော ပြုပြင်ခြင်းကိစ္စကိုလဲ လောကနှင့် မဆန့်ကျင်အောင် ပြုလုပ်တယ်၊ လိုရာလုပ်ငန်း အမှုထမ်းနိုင်အောင် ကျွေးမွေးမှုကိုလဲ ပြုစုတယ်၊ မဂ်ဆိုက် ဖိုလ်ဝင်လမ်း အလုပ်စခန်းကြီး ကျပြန်တော့လဲ နောက်မဆုတ်တန်း လုပ်တယ်.။ ခန္ဓာကိုယ်ဟာ အလကား ငါးနွားကြီးဘဲ ဆိုပြီး ပစ်စလက်ခတ် ထားသည်လဲ မဟုတ်ဘူးနော်။

ထိုသို့ပင် ခန္ဓာကိုယ် ငါးနွားကြီးကို ပစ်စလက်ခတ်မထားသော်လဲ ကျိတ်ခဲတင်းလင်း အစွဲပြင်းပြီး အတွင်းထား သိမ်းပိုက်လို့တော့ တတို့မှုမဟုတ်ဘူးနော် (မှန်ပါ သိမ်းပိုက်ကိုးစား အတွင်းထားလို့တော့ မဟုတ်ပါဘုရား)။

ဘာ သိမ်းပိုက်ကိုးစား အတွင်းထားနိုင်တော့မလဲ ခန္ဓာ ငါးပါး အနတ္တတရား ငါးနွားကြီးကို ဘွားဘွားကြီး မြင်နေပေါ့ကိုး။

သူသူ ငါငါ ပုထုဇဉ်ဘောင် အမိုက်ကောင်တွေကတော့ ဒုတိယ လူမိုက်လို တကယ့်ငါငါ ငါ့ကိုယ် ငါ့အလို တကယ့်

ငါပိုင် ငါ့ဟာ, ငါ့ဥစ္စာ, အနေမျိုးနှင့် အားကိုးအားထား ပြုခါ အခိုင်အမာသုံးပြီး အိမ်ကျောင်းစသော နေရာကောင်း ကလေးနှင့် တပြုံးပြုံး အဝတ်တန်းဆာစသော အပြင်အဆင် ကလေးနှင့် တရွှင်ရွှင်၊အစားအသောက်ကလေးနှင့် တပျော် ပျော်တပါးပါး၊တရားလုပ်ငန်းကျတော့ ဘာမှန်းမသိ ပျင်းရိ မမွေ၊ မေ့တွေတွေ မှိုင်းတိုင်းတိုင်း အထိုင်းကြီးထိုင်း အမှိုင်း ကြီးမှိုင်း အရင်းလဲမရ အမြတ်လဲရှုံး၊ အားလုံး သည်အတိုင်း ဖြစ်နေကြ မဟုတ်လား၊ (မှန်ပါ သည်အတိုင်းပါဘဲ ဘုရား)

သည်အတိုင်း ဖြစ်နေမှာပေါ့၊ ခန္ဓာငါးပါး အနတ္တတရား ငှါးနွားကြီးကို ငါပိုင် ငါ့ဟာ ငါ့ဥစ္စာ အနေနှင့် ကျိတ်ခဲ တင်းလင်း အစွဲပြင်းပြီး အတွင်းထားဒါကိုး။

ကဲ ဒါဖြင့် အရိယာပေါင်း ရဟန်းသူတော်ကောင်း လူ သူတော်ကောင်းတွေ ခန္ဓာကိုယ်ကို ထားသိုသမှု ပြုစု ပြင်ဆင် ဝင်ဆင် ကျွေးမွေးကြပုံနှင့် ရဟန်းအန္ဓပုထုဇဉ် လူအန္ဓပုထုဇဉ် တို့ ခန္ဓာကိုယ်ကိုထားသိုသမှု ပြုစု ပြင်ဆင် ဝတ်ဆင် ကျွေးမွေး ကြပုံ အလားဟာ ဘယ့်ကလောက် ကွာခြား နေကြသလဲ စဉ်းစားကြည့်ကြစမ်း။

နေထိုင်မှုတွေ၊ ဝတ်မှု စားမှုတွေ၊ ပြောမှု ဆိုမှုတွေ၊ ရှာမှု ဖွေမှုတွေ၊ လုပ်မှုကိုင်မှုတွေ၊ အစခပ်သိမ်း မျက်မြင်မှာ တူနေ ကြသော်လဲ အစွဲတရားနှင့် တကယ်အတွင်းထားမှု၊ တကယ် အတွင်းမထားမှု၊ ဤနှစ်ခုကျတော့ ဥတုနှင့်ပုဇွန်ဆီ စကား ကဲ့သို့ အပုံကြီးကွာခြားနေပြီမဟုတ်လား၊(မှန်ပါ အတိုင်းမသိ ကွာခြားလှပါဘုရား)။

အဲဒါလို မသိတော့ သူတို့လဲ ကိုယ်လိုဘဲ၊ ကိုယ်လဲ သူတို့လိုဘဲ၊ ဘာထူးသေးသလဲ ညာထူးသေးသလဲ,ဟု သူတော်ကောင်းတွေကို စွပ်စွဲပုတ်ခတ်တတ်လေသည်၊ ကြပ်ကြပ်သတိထား မျှားမျှားစဉ်းစားကြလေ။

သို့ကလို အရိယာပေါင်း သူတော်ကောင်းများ လက်ကိုင်ထား၍ ညဏ်ကျက်စားရာ ဖြစ်သော ခန္ဓာငါးပါး မြတ်တရားကို မရှိမသေ မလေးမစား, ပေါ့စားစား ပြုလုပ်မည်ဆိုလျှင် မဂ်ဖိုလ်နိဗ္ဗာန်တည်း ဟူသော အမြတ်အစွန်း မရသည့်ပြင် သုဂတိဘဝတည်းဟူသော အရင်းကလေးပါ ဆုံးပြီး အပါယ်လေးပါးတည်းဟူသော အရှုံးကြီးရှုံးရတတ်လေသည် ဟူလို။

## တနည်း ပဒိုင်းသီး ဥပမာ

၍ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးဟာ ပဒိုင်းသီးကြီးနှင့်မခြား အလားတူပြန်တယ်၊ ပဒိုင်းသီးကြီးဆိုဒါ ဆုပ်ကိုင်လိုက်သော အခါ ဘယ်လို ဖြစ်တတ်ပါသလဲ တကာဗိုလ်ရ (ဆုပ်ကိုင်လိုက်တဲ့အခါ စူးတတ်ပါဘုရား)။

ဪ ဆုပ်ကိုင်လိုက်တဲ့အခါ စူးတတ်သကိုနော်။

တခါ ကောက်နမ်းကြည့်လိုက်ပြန်တော့ကော၊ (ကောက်နမ်းလိုက်တော့လဲ မူးတတ်ပါဘုရား)။

ဪ နမ်းလိုက်ပြန်တော့လဲ မူးတတ်သကိုနော်။

တခါ စားကြည်လိုက်ပြန်တော့ကော(စားလိုက်ပြန်တော့လဲ ရူးတတ်ပါဘုရား)

ဪ- စားလိုက်ပြန်တော့လဲ ရူးတတ်သကိုနော်။

အင်း- ဒါဖြင့် ကိုင်ရင်စူး၊ နမ်းရင်မူး၊ စားရင်ရူး ဆိုတော့ အခုတော်သတ္တိထူးတဲ့ အသီးမျိုးပေါ့၊ (မှန်ပါအလွန် သတ္တိထူးတဲ့ အသီးမျိုးပါဘုရား)။

အဲ-ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးလဲ ကိုင်တော့စူး၊ နမ်းတော့မူး၊ စားတော့ရူး၊ ပဒိုင်းသီးကြီးနှင့် ဘာထူးသေးသလဲ၊ (အတူတူပါဘဲဘုရား)။

ကိုင်လိုက်သည်နှင့်ကား ရှေးဦးစွာ ငါ ငါ ငါ့ကိုယ်ဟု စွဲဆိုသည်နှင့်တူစေ၊ နမ်းလိုက် သည်နှင့်ကား အမြတ်တနိုး အကိုးအကား အတွင်းထားသိမ်းပိုက်သည်နှင့်တူစေ၊စားလိုက်သည်နှင့်ကား ပါဏာတိပါတ စသော အကုသိုလ် တရားပြုမှားကြသည်နှင့်တူစေ၊ အကျယ်ကိုစေဘန်၍ သိလေဦး။

အဲဒါလို စူးတတ်တဲ့ သဘော၊ မူးတတ်တဲ့ သဘော၊ ရူးတတ်တဲ့သဘောကို အတွင်းရေအပြင်ပါ သိခဲ့ပါလျှင် သူ့ကိုသွားပြီး အရမ်း အကိုင်မျိုးဖြင့် ကိုင်ဝံ့ပါဦးတော့ မလား၊ (မကိုင်ဝံ့တော့ပါဘုရား)။

ဘာကိုင်ဝံ့တော့မလဲ အရမ်း အကိုင်မျိုး ကိုင်လိုက်လျှင် အစွဲအလမ်းတည်းဟူသော အရမ်းအစူးမျိုးက စူးလိုက်တော့မှာကိုး။

ဒါဖြင့် သူ့ကိုသွားပြီး အရမ်းအနမ်းမျိုးဖြင့်ကော နမ်းဝံ့ပါဦးတော့မလား၊ (မနမ်းဝံ့တော့ပါ ဘုရား)။

ဘာနမ်းဝံ့တော့မလဲ အရမ်း အနမ်းမျိုး နမ်းလိုက်လျှင် အတွင်းထား သိမ်းပိုက်ခြင်းတည်းဟူသော အရမ်းအမူးမျိုးက မူးလိုက်တော့မှာကိုး။

ဒါဖြင့် သူ့ကိုသွားပြီး အရမ်းအစားမျိုးဖြင့်ကော စားဝံ့ပါဦးတော့မလား၊ (မစားဝံ့တော့ပါ ဘုရား)။

ဘာစားဝံ့တော့မလဲ အရမ်း အစားမျိုး စားလိုက်လျှင် အကုသိုလ်အဖြစ်တည်းဟူသော အရမ်း အရှုးမျိုးက ရှုးလိုက်တော့မှာကိုး။

ခဏခဏကိုင်လျှင် ခဏခဏ စူးမယ်၊ ခဏခဏနမ်းလျှင် ခဏခဏမူးမယ်၊ ခဏခဏစားလျှင် ခဏခဏရှုးမယ်၊ သို့ကလို ကိုင်စူ့, နမ်းမူး, စားရှုးဆိုတဲ့ သဘောမျိုးတွေ ဖြစ်စေတတ်သောကြောင့် တို့တတွေမှာ အစူးလဲမပြေ၊ အမူးလဲမပြေ၊ အရှုးလဲမပြေ ဖြစ်၍နေကြပြီ။

ဒါ့ကြောင့် သည်အဓိပ္ပါယ်စုကို ရည်၍....

(အဟံ၊ အထဲခါတ်အရှိတွေကို အမြဲမပြတ် ကြည့်လို့မို့၊ ယခုမှ အကဲခပ်မိသောငါသည်။တယာ ကာယသာ၊ ကျွေးလိုက်မွေးလိုက် ဘယ်လိုပင်အရေးစိုက်သော်လဲ ဈေးမကိုက် အမှုပိုသူ့အလိုစာရင်းချလိုက်တော့ အရင်းမရ အမြတ်ရှုံး မှတ်ထုံးပုံမှီး ထိုခန္ဓာကိုယ်တည်း ဟူသော ငါးနွားကြီး၏။ ဝါ၊ ကိုင်လိုက်ရင်စူး နမ်းလိုက်ရင်မူး၊ စားလိုက်ရင် ရှူးစေတတ်လို့မို့ စူးမပြေ, မူးမပြေ, ရှူးမပြေ ဘီလူးတစ္ဆေ ဖိစီး ထိုခန္ဓာကိုယ်တည်းဟူသော ဟောဒီ ပဒိုင်းသီးကြီးရဲ့)ဟု ရေးသားလိုက်ပေသည်။

ဤ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီးသည် ဘယ်ဟာတခုနှင့်မှ အတည်ကျမွေးမြူလို့လဲ ရဒါမဟုတ်ဘူး၊ မရပုံကိုစဉ်းစားကြည့်ပါလား၊ အခု အပူကလေး အလိုရှိပြန်ပါပြီ၊

တော်တော်ကြာတော့ အအေးကလေး အလို ရှိပြန် ပါပြီ၊ အအေးရပြန်တော့ အပူ၊ အပူရပြန်တော့ အအေး၊ အဲဒါလို ရှုပ်ထွေးတတ်တဲ့ ခန္ဓာကိုယ်ဘဲနော်။

အခုတမျိုး တော်တော်ကြာ တဖုံနှင့် အရှုပ် အထွေး ပေါင်းဖြင့် စုံပါရော တကာဗိုလ်ရ၊ (မှန်ပါ အလွန် ရှုပ်ထွေး ပါ ဘုရား)။

သည်မျှမကသေးဘူး၊ အခု အချိုကိုအလိုရှိပြန်ပြီ၊ တော် တော်ကြာတော့ အချဉ်အလိုရှိပြန်သတဲ့၊ ဒါနှင့်ပြီးရော့လား ဆိုတော့ မဟုတ်သေးဘူး၊ အစပ်ကလေး အတန်တန်၊ အငန် ကလေးကတပါး၊ အဖန် အခါးက တမျိုး စသည်ဖြင့် တိုး၍ တိုး၍သာ အလိုဖြည့်နေရတော့သည်။

ထိုမှတပါး သွားလိုပြန် သွားပေးလိုက်ရ၊ ရပ်လိုပြန် ရပ် ပေးလိုက်ရ၊ ထိုင်လိုပြန် ထိုင်ပေး လိုက်ရ၊ အိပ်လိုပြန် အိပ် ပေးလိုက်ရ၊ သူ့သဘောကျအတိုင်း မဆိုင်းမတွ လိုက်ပါ၍ နေရတော့သည်။

တော်တော်ကြာ ဘာတဲ့၊ တော်တော်ကြာ ညာတဲ့၊ အရာ ဌာန သူ့ကိစ္စတွေစောင့်ကြည့်ပြီး မအောင့်မအီး မဖင့်မလေး ဘဲ အမျိုးမျိုး ပြုပြင် ပေးနေကြရ မဟုတ်လား၊ (မှန်ပါ အမျိုးမျိုးပြုပြင်ပေးနေရပါ ဘုရား)။

ဆေးဝါးတွေအမျိုးမျိုး ခါတ်စာတွေ အဖုံဖုံနှင့် အလုံးစုံ ပြည့်စုံအောင် ပေးနေရပြန်တယ်။

သို့ကလို ဆေးဝါး ခါတ်စာ ကောင်းမြတ် ရာ တွေ နှင့် အဆင်သင့် အရံသင့် ထောက်ချင့်မျှော်တွေး ပြုပြင်ပေးနေ

သော်လဲ အစဉ်သဖြင့် ချမ်းသာခွင့် အေးငြိမ်းခွင့်ကြီး ရရဲ့လား၊ (မရပါ ဘုရား)။

ဘာ အစဉ်သဖြင့်ချမ်းသာခွင့်ရမလဲ၊ နဂိုရ်မူလ ဘူတကိုက အလိုက်အလျဲ ကိုက်ခဲကျင်နာ ဘေးရောဂါဆိုး အဖျားအနာ မျိုးတို့၏ ခိုကိုးမှီကပ်ရာ အရပ်ဌာနကြီးသာ အမှန် ဖြစ်နေဒါကိုး။

ယခုလို ကြောင့်ကြရှုပ်ထွေး အဖန်ဖန် ပြုပြင်ပေးနေရဒါကို ထောက်ဆပါသဖြင့် နောက်ကလဲ အစဉ်ထာဝရ ပြုပြင်ပေးခဲ့ရလှလေပြီ၊ ရှေ့လဲ အစဉ်ထာဝရ ပြုပြင်ပေးနေရလတ္တံ့တွေကိုလဲ မလွဲမှုချသိထိုက်လှပြီ၊ သင်္ခတ သဘောသွားကြီး ဖြစ်နေပုံကို အနုလုံ ပဋိလုံ ကာလသုံးပါးလုံးကို ဉာဏ်နှင့် ခြုံခြုံပြီး အစုန်အဆန် အပြန်အလှန် အဖန်ဖန် အထပ်ထပ် ရှုမှတ်ကြပေတော့။

ထိုကဲ့သို့ အမျိုးမျိုး ပြုပြင်မှုဟူသော သင်္ခတ ဒဏ်ချက်ကြီး အမြဲမပြတ် ဖိစီးနှိပ်စက်၍ နေသည်ကို သေချာရှုမှတ်တပ်အပ်ထင်ထင် သိမြင်တော် မူကြသော အရိယာပေါင်းသူတော်ကောင်းတို့သည် ဤခန္ဓာ ကိုယ်ယုတ် အကောင်ပုပ်ကြီးကို ကြောက်လန့်ပြစ်တင် မရှင်နှလုံး ပြင်းမုန်းငြီးငွေ့ကြလေကုန်၏။

ဒါ့ကြောင့် သူ၏အပြစ်တွေကို သံဝေဂဉာဏ်နှင့် အဖန်ဖန်စီစစ်၍ ကြည့်ပါလျှင် အတိအကျ အမှန်သိရပါလိမ့်မည်၊ သတိသာ ရှိကြပေတော့။

ဒါ့ကြောင့်–

(ဝသံ၊ ခုတမျိုး ခုတမျိုး အညတိုးလို့မို့ မှုမရိုးဟန်ပို သူ့အလိုကို။ ပုနပ္ပုန္နံ၊ အပလိတမျိုး အဆိုးတလှဲ့ အနွံတဖုံ ခယာသမျှ အလုံးစုံကို အနုလုံ ပဋိလုံ အစုန်အဆန် အပြန်အလှန် ကတ်ကတ် သတ်သတ် အထပ်ထပ် အဖန်ဖန်။ စောဒေတွာန၊ ဟုတ်မဟုတ် မှန်မမှန် မိမိဉာဏ်ဖြင့် ကေန်သိလိမ့် တစိမ့်စိမ့်အောက်မေ့ တဋ္ဌေဋ္ဌေဆင်ခြင် အပြစ်တင်ခါ စောဒနာ၍) ဟု ရေးသားလိုက်သည်။

ဤ ခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကြီး၏ အလိုဆိုးရမက်တွေကို သစ်ခက်စိမ်းကို တချက်တည်း ချိုးလိုက် သလို တခါတည်း လုံးလုံးကြီး ပစ်ပယ်လိုက်ရမယ် မဆိုလိုပါဘူး၊ တနေ့ထက် တနေ့၊ တရက်ထက် တရက် ဆိုသလို လျှော့ပါး လျှော့ပါးသွားအောင်အားထုတ်ရမယ် ပြုလုပ်ရမယ် အားထုတ်တော့မယ် ပြုလုပ်တော့မယ်ဟု ဆိုလိုပါတယ်။

ထွေထွေလာလာ ဘာဘာညာညာဆိုတဲ့ အမှားရေးတွေကို အဖန်ဖန်အခါခါ အားမပေးနှင့် အားပေးဘို့ မတော်တော့ဘူးဟာ တကာဗိုလ်ရ (မှန်ပါ အမှားရေး အားပေးဘို့ မသင့်တော့ပါ ဘုရား)။

မကောင်းမှု အကုသိုလ်အရာမှာ အမှားဖွင့် မသင့်မတင့်နှလုံးသွင်းခြင်းဆိုတဲ့ အယောနိသော မနသိကာရ တည်းဟူသော အမှားရေး အားပေးတန်ကြီးတခုဟာ လွန်စွာ အရှိန်

ကြီးတယ်နော်၊ သူ့အရှိန်ကြီးသလောက် အကုသိုလ်မီးတောက် ထက်သန်တတ်တယ်။

ဒါကြောင့် အယောနိသော မနသိကာရဆိုတဲ့ အမှားရေး အားပေးတန်ကြီးကို တရားနည်းနှင့် ဖြုတ်ချထားရလိမ့်မယ်ဟုတ်လား၊ (မှန်ပါ ဖြုတ်ချထားရပါလိမ့် ဘုရား)။

ကောင်းမှု ကုသိုလ်အရာမှာလဲ အမှန်ဖွင့် အသင့်အတင့် နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရ တည်းဟူသော အမှန်ရေး အားပေးတန်ကြီး တခုလဲ ရှိသေးတယ်။

အဲဒီ ယောနိသောမနသိကာရ ဆိုတဲ့ အမှန်ရေး အားပေး တန်ကြီး တခုကိုသာ မိမိသဏ္ဍာန်တွင် စိတ်အစဉ်မှာ အမြဲ တပ်ဆင်ထားရလိမ့် မဟုတ်လား (မှန်ပါ အမြဲမပြတ် တပ်ဆင်ထားရပါလိမ့် ဘုရား)။

သို့ကလို ခန္ဓာကိုယ်ကြီး၏ အကုသိုလ်မျိုး အလိုဆိုးတွေကို ခန္ဓာငါးပါး တရားနည်းဖြင့် တားဆည်း တားဆည်း ပေးပါမှ တရက်ထက်တရက်၊ တနေ့ထက်တနေ့၊ တရွေ့ရွေ့ အားနည်း အားနည်းပြီး ပယ်တိုပြီးပယ်တိုပြီး ဖြစ်တော့သည် ပယ်တိုရာ ပယ်တိုရာ ကျတော့သည်။

ဒါကြောင့်–

(အပွံအပွံ၊ အငြိအစွဲခေတ်တွေကို တိခနဲ့ နေအောင် မဖြုတ်နိုင်သေးသော်လဲ တနေ့ထက်တနေ့၊ တရက်ထက်တရက် မုန်းသည်ထက် မုန်း၊ ဝ သည်ထက် ဝ၊ နဲ့သည်ထက် နဲ့ရလေ

အောင်။ ကရိယာမိ၊ ဘာဘာညာညာဆိုတဲ့ အမှားရေးတွေကို အခါခါ အားမပေးတော့ဘဲ တရားသွေးဆောင် အစွဲမျှင်းမျှင်းပြီး နဲနဲချင်း နဲနဲချင်း တိလိုက်ပါတော့အံ့သတည်း) ဟု ရေးသားခဲ့ပေသည်။

တသံသရာလုံးက လက်သုံးပြု၍လာခဲ့ကြသော ချစ်မှုခင်မှု သာယာမှုဆိုတဲ့ ပုထုဇဉ်တို့ရဲ့ အထုံအငွေ့ ဝါသနာ အလေ့တွေကို တနေ့ထဲ တရက်ထဲနှင့် သစ်ပင်ကြီးကို တူးလှဲ့လိုက်သလို ဘယ်အညွန့်အညှောက်မှ မပေါ်မပေါက်လာအောင် တခါတည်း ဖြတ်တောက်လိုက်ရမယ် မဆိုလိုပါဘူး၊ တရားတော် အစစ်အမှန်ကြီးနှင့် တွေ့ရတဲ့နေ့ကစပြီး တနှစ်ထက် တနှစ်၊ တလထက် တလ ဆိုသလို ထိုဝဋ်မြစ်တွေ ရော့သည်ထက် ရော့သွားလေအောင် ပေါ့သည်ထက် ပေါ့သွားလေအောင် ပျော့သည်ထက် ပျော့သွားလေအောင် ကျင့်ဆောင်တော့မည်ဟု ဆိုလိုပေသည်။

ဒါ့ကြောင့် ခန္ဓာငါးပါးကို မသိခင်ကနှင့် သိလာသော အခါဟာ ဘယ်လိုနေကြသလဲ၊ ဘယ်လို ကွာခြားသလဲ၊ သိလာသောအခါ အလွဲအမှား အစွဲ တရား ကလေးဟာ ရော့သွားရဲ့လား၊ ပေါ့သွားရဲ့လား၊ ပျော့သွားရဲ့လားလို့ မိမိကိုယ်ကို မိမိစစ်ဆေးကြည့်ရလိမ့်မဟုတ်လား တကားဗိုလ်ရ (မှန်ပါ စစ်ဆေးကြည့်ရပါလိမ့် ဘုရား)။

တရားသိလျက်နှင့် မိမိကိုယ်ကို မိမိ မရော့သေးဘူး မပျော့သေးဘူးထင်လျှင် နောက် တွင်တွင်ကြီး အားထုတ်

တရားသိ၍ မိမိကိုယ်ကို မိမိ ရော့သွားပြီ၊ ပေါ့သွားပြီ၊ ပျော့သွားပြီ ထင်လျှင် ရွှေနှင့်နှင်ကြီး အားထုတ်။

အဟုတ်သိမှ အဟုတ်ရော့မယ်၊ အဟုတ်မြင်မှ အဟုတ်ပေါ့မယ်၊ အဟုတ်အားထုတ်မှအဟုတ်ပျော့မယ်၊ ရော့အောင် ပေါ့အောင် ပျော့အောင်လဲ အားခဲရမယ်၊ ရော့သွား ပေါ့သွား ပျော့သွားမှလဲ တကယ်စိတ်ချရမယ်၊ စိတ်ချရမှလဲ အမှန်စင်စစ် သူတော်ကောင်း ဖြစ်မယ်။

ကဲ· ဒါဖြင့် တကာဗိုလ် သူတော်ကောင်း ဆိုဒါ ဘာ့ကြောင့် သူတော်ကောင်း ခေါ်သလဲ၊ (အမိန့်ရှိတော်မူပါဦး ဘုရား)။

အို- ဘာ အထူးပြောနေဘို့ လိုသေးသလဲ၊ သူ့စကားနှင့် ထင်ရှားနေပေါ့ဘဲ၊ ထင်ရှားပုံ ကြည့်ပါလား (သူ) ဆိုဒါ ဘာလဲ၊ တကျာအစေးခတ်ကလေးဘဲ (တော်)ဆိုဒါဘာလဲ၊ တော်ပြီ တန်ပြီ ဝပြီ အိပြီ မှန်းပြီဆိုဒါဘဲ၊ (ကောင်း) ဆိုဒါ ဘာလဲ၊ ကောင်းတယ် ဟန်ရတယ် မွန်မြတ်တယ် ချမ်းသာတယ်ဆိုဒါဘဲ။

အဲဒီ–ထကျာ အစေးခတ်ကလေးဟာ တကာဗိုလ်တို့ ငါတို့တတွေ သဏ္ဍာန်မှာ မပြတ်ကိန်းအောင်းပြီး ဝဋ္ဋဒုက္ခတွေကို အကောင်းထင်ခါ လိုချင်တယ် ရချင်တယ်လို့ အမြဲတောင်းနေမဟုတ်လား (မှန်ပါ တောင်းနေပါ ဘုရား)။

ထို တကျာ အစေးခတ်ကလေးတည်းဟူသော သူကလေးက- အတောင်း မရပ်စဲသေး, မတော်သေးလို့ သံသရာထဲ

တပြောင်းပြောင်း တလဲလဲနှင့် မကောင်းဘဲ ဖြစ်နေကြရတယ်၊ ရှေးရှေးသော အရိယာသခင် မြတ်အရှင်တို့မှာတော့ သူကလေးက အတောင်းရပ်စဲသွားလို့ တော်သွားလို့ နိဗ္ဗာန်ကျအောင် ကောင်းတော်မူသွားကြလေပြီ။

ဒါကြောင့် သူမတော်ရင် မကောင်းသေး၊ သူတော်မှ ကောင်းသောကြောင့် သူတော်ကောင်း ခေါ်သည်ဟု- မှတ်လေ ဟူလို တကာဗိုလ်။

ဒါကြောင့်....

(အပွံအပွံ၊အထုံဝါသနာ အချစ်ရမက်တွေကို အကုန်ခွါခါမပစ်ရက်နိုင်သေးသော်လဲ တနှစ်ထက် တနှစ်၊ တလထက် တလ၊ ရှော့သည်ထက် ရှော့၊ ပေါ့သည်ထက်ပေါ့၊ ပျော့သည်ထက် ပျော့ရလေအောင်။ ကရိယာမိ၊ သူတော်ကောင်း-သူတော်ကောင်း-နှင့် သူတော်မှ ကောင်း၊ သူမတော်ရင် မကောင်းပေဘူး၊ ခတ်တောင်းတဲ့ သူ့အလိုကို တခုမဆို တရေးရေး တွေးတွေး ငြင်းငြင်းပြီး- ဖြေးဖြေးချင်း ဖြေးဖြေးချင်း ရှော့လိုက်ပါတော့အံ့သတည်း) ဟု ရေးသားခဲ့ပေသည်။

တဏှာဝဋ်ခဲ အညစ်မွဲတွေကို တောင်ကြီးကို တခါထဲ ဖရိဖရဲ ဆန်ကွဲကြဲသွားအောင် ဖြိုခွဲလိုက်ဘိသကဲ့သို့ ဒီတဘဝထဲနှင့် အကုန် ခွါရှဲသွားအောင် ပြုလုပ်ရမယ် မဆိုလိုပါဘူး၊တဘဝထက် တဘဝ၊ တစထက်တစ ဆိုသလို၊ ထိုဝဋ်မြစ် ဝဋ်ခင်း ဝဋ်တသင်းတွေ ကင်းသည်ထက်ကင်း ရှင်းသည်ထက်ရှင်း၊ လင်း

သည်ထက်လင်းလာအောင် အားထုတ်တော့မည်၊ အားထုတ်ရမည်၊ အားထုတ်သင့်ပြီဟု ဆိုလိုပေသည်။

ရောင်ကြီးနှင့် ဘီးဆံထုံးကို လှီးတုံးခါ အသစ်ဟန်ပြိုးပြီး၊ ဝတ်ဖန်ဆိုး စိတ်ပုတီးနှင့် ရိပ်ကြီးဂူလှိုင် ဂနိုင်ပိတ်ဆီး လူသူမနီးတဲ့ တောမြိုင်ကြီးသို့ တကိုယ်တည်း မထွက်နိုင် ထွက်နိုင်အောင် ထွက်ရမယ်လို့လဲ မဆိုလိုပေ၊အဘော်အမှီး တယောက်ထည်းထည်း တောကြီးထဲထွက်နေနိုင်မှ တရားရမယ် ဒီလိုမနေနိုင်လျှင် မရဘူးဟူ၍လည်း မပြောလိုပါ။

တရားအာရုံကောင်း အာရုံမှန်ကို မရဘဲနှင့် တောထဲထွက်သွားပြန်လဲ နိဗ္ဗာန်ကြီး လည်ပင်းရင်ဝက မကျဘဲ တစ်ဆို့ဆို့ခံနေလို့ အိမ်ရောက်မှ မိန်းမက အတင်းနင်းချမှ ဟင်းကျသွားတဲ့ အင်းဝက မင်းဘတို့လိုလဲဖြစ်နေကြအုံးမယ်နော်(အင်းဝက မင်းဘကို အမိန့်ရှိပါဦး ဘုရား)။

အင်းဝက မင်းဘဲဟာ သူများက တောထွက်ပြီးကမ္မဋ္ဌာန်းထိုင်လျှင် ကောင်းတယ် အေးတယ် ချမ်းသာတယ် ဆိုကြဒါနှင့် တနေ့ကျ တယောက်ထည်း ထွက်သွား တောထဲကျတော့ ထိုင်လိုက် ထိုင်လိုက်ချင်း ဖြူဖြူလင်းလင်း ဝင်းဝင်းလုံးလုံး ရေခဲတုံးကြီးလိုဟာ ဘွားခနဲ ထင်မြင်လာသတဲ့။

ထင်လာမှာပေါ့ စိတ်ဆိုဒါ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ သဘာဝအတိုင်း ပေါ်လာရိုး ထုံးစံမို့ သူ့စိတ်က လုပ်ကြံ ဖန်တီးလိုက်ပေါ့ကိုး။

အဲဒီလို သူ့ပိတ်လုံး ပမာနရှိတဲ့ ဖြူဖြူလင်းလင်း ဝင်းဝင်းလုံးလုံး ရေခဲတုံးကြီးလိုဟာ ထင်လာ မြင်လာ၍ ဖြေးဖြေး

ချင်း ဖြေးဖြေးချင်း မျက်နှာနားသို့ နီးကပ် နီးကပ်လာတော့ အင်း- နိဗ္ဗာန်ဆိုဒါ ဒီဟာကြီးနှင့်တူရဲ့၊ ကြာရှည်ထားလျှင် မတော်တဆ, ပျောက်ပျက်ခြင်း ပျောက်ပျက်သွားရော့မယ်၊ ပျောက်ပျက် မသွားခင် ငါဖမ်းပြီး မျိုချလိုက်မှဘဲလို့ သူ့စိတ်ထဲ အကြံဖြစ်သတဲ့ တကာဗိုလ်ရဲ၊ (မှန်ပါ ဘုရား)။

အကြံပေါ်သည့်အတိုင်း ဒီ နိဗ္ဗာန်အရသာကြီး ငါ့လျှာပေါ် အရသာ ခံစားလိုက်တော့မဟာ၊ ဒီ နိဗ္ဗာန်ချမ်းသာကြီး ငါ့ဝမ်းထဲ ရောက်သွားမှ ချမ်းသာတော့မဟာဆိုပြီး ထိုဝင်းဝင်း လုံးလုံးကြီးကို အတင်းမျိုချမယ်လို့ ဇပ်ခနဲ ဖမ်းဟပ်လိုက်တော့ ဝင်းဝင်း လုံးလုံးကြီးကို မဟပ်မိဘဲ မဲရိုင်းခြင်မကြီး ဟပ်မိနေရောဆိုကိုး တကာဗိုလ်ရဲ၊ (အလွဲဟပ်မိရက် နေပါလိမ့်ဘုရား)။

ဘယ်မှာ သူထင်တဲ့အတိုင်း ဟုတ်မလဲ အလွဲဟပ်မိမှာပေါ့၊ သူထင်တဲ့ ဝင်းဝင်းလုံးလုံးကြီးဆိုဒါက တကယ်ရှိဒါမှ မဟုတ်ဘဲ၊သူ့စိတ်ထဲတွင် ထင်ရုံကလေးမျှ ရှိဒါကိုး၊ ဒီအထင်ကလေးကို ဘယ့်နှယ်လုပ်ပြီး မျိုလို့ဟပ်လို့ ရမလဲ အနားမှာ ထင်ရှားရှိဒါက မဲရိုင်းခြင်မသာ ထင်ရှားရှိဒါကိုး၊ဒါ့ကြောင့် ထင်ရှား တကယ်ရှိတဲ့ မဲရိုင်းခြင်မကြီးကိုသာ ဟပ်မိဒါပေါ့။

ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ မဲရိုင်းခြင်မကြီးကို ဟပ်မိတယ် မထင်ဘူး၊ ဝင်းဝင်းလုံးလုံး နိဗ္ဗာန်ကြီးကိုဘဲ ဟပ်မိလိုက်တယ်ထင်သတဲ့။

သည်တွင်မကသေးဘူး၊ခါးတောင်းကျိုက်ကြီးနှင့် လူကြီး တယောက်က ထိုဝင်းဝင်းလုံးလုံးကြီးကို ဆွဲထားပြန်ရော့တဲ့၊

မဝင်တဝက် ဝင်တဝက်နှင့် လည်ပင်းထဲ တစ်ဆို့ဆို့ကြီးဖြစ်နေတော့ အလို ငါတော့ ဟန်မရသေးဘူး၊ အနေရကြပ်လှ အိမ်ပြန်မှ တော်တော့မှာဘဲဆိုပြီး အတင်း အိမ်ပြန်ပြေးရော ဆိုဘဲ။

အိမ်ရောက်တော့ မိန်းမနှင့်တွေ့၊တွေ့တော့ ပြူးလူးပြာလာနှင့်ပြော၊ ပြောတော့ အကြောင်းသိ၊ အကြောင်းသိတော့ မိန်းမက အကြံထုတ်ရသတဲ့။

မိန်းမကလဲ လိမ္မာဖြတ်လပ်တဲ့ သဘောလဲရှိ၊ အသိဉာဏ်ကလေးကလဲပါတော့ ဩော်–ငါ့ယောကျ်ားဟာ ပြူးကလူးပြာကလာနှင့် တောထဲက ဘာများဖြစ်လာပါလိမ့်၊ တောထဲက အကူအပများပါလာလေရော့သလား၊ သို့မဟုတ် အလိုလို စိတ်ကတောက်ကတက်များ ဖြစ်လာလေရော့သလား၊ အကူအပ,ပါလာရင်လဲ စတိလုပ်ရမယ်လို့လူကြီးသူမတွေလဲပြောသံကြားဘူးတယ်၊ ဟယ်- ဘာဘဲဖြစ်ဖြစ် အကူအပ,ပါလာရင်လဲ ပျောက်ကင်းရလေအောင် အကူအပ,မဟုတ်လို့ သူ့ရူပ်လာဒါဖြင့်လဲ စိတ်ရှုပ်ကလေး ပျောက်ကင်း သွားလေအောင် ငါ စတိလုပ်ပေးမှ တော်တော့မှာဘဲလို့ အကြံ ပေါ်လာသတဲ့ တကာဗိုလ်ရ၊ (မှန်ပါ တယ်တော်တဲ့ မိန်းမပါ ဘုရား)။

မိန်းမကကြံစည်ရတုန်းရှိသေး၊သူကဖြင့် အောင်မယ်လေး လည်ပင်းထဲတစ်ဆို့ဆို့နှင့် အသက်ရှူ ခက်လှချေရဲ့ ရင်ကြပ်လှချေရဲ့ ခါးတောင်းကျိုက်နှင့် လူကြီးကလဲ မဝင်အောင် ဆွဲထားပါတယ်၊ ကြာရင် သေရပါလိမ့်မယ် ရှင်မရဲ့ ဘာရဲ့ ညာရဲ့နှင့် တကကထဲ မနေနိုင်မထိုင်နိုင် ဖြစ်နေရော့ဆိုကိုး။

အောင်မယ်လေး ဒါလောက်တောင် ရောက်ရက် မခတ်ပါနှင့်တော် ကိစ္စမရှိပါဘူး၊ ခဏနှင့်ဝင်သွားအောင် လုပ်ပေးပါ့မယ်၊ ကဲ-ကဲ အိပ်ရာထဲ ပက်လက်လှန် ပက်လက်လှန်ဆိုပြီး သူက ပက်လက်လှန်ပေးတော့မှ မိန်းမက ဝတ်ကလေးချ ဖြတ်ခနဲထခါ လုံချီကလေးတိုတိုဝတ်ပြီး ရင်ဝပေါ် တက်စုံရပ်လျက် (ဥုံ ဆွဲထားသူကလဲ ဖဲ့ခွါဟဲ့၊ ဝင်းဝင်းကလဲ ခုဆင်းဟဲ့)ဆိုပြီး ခြေတဖက်က နဖူးပေါ် လှမ်းတဲ့ လှမ်းတဲ့ပြီး ၇-ပတ် ဝဲလိုက်သတဲ့။

ပြီးတော့မှ မိန်းမက ကဲ–ဘယ့်နှယ်လဲတော့ တစ်ဆို့ဆို့ကြီး ဝင်မသွားသေးဘူးလားလို့ မေးလိုက်တော့ အောင်မယ် တဝက်လောက်တော့ ဝင်သွားပြီကွလို့ ပြောလိုက်သတဲ့။

သည်တော့မှမိန်းမက အို- ဒီတဝက်လောက်က ဘာဖြစ်လို့ကျန်နေရသေးသလဲဆိုပြီး တခါ လည်ပင်း အရင်းက ခြေတဖက်ကို ခပ်ဖေါ့ဖေါ့နင်းထား ခြေတဖက်က နဖူးပေါ်သို့ လှမ်းတဲ့လှမ်းတဲ့ ဝဲခါဝဲခါနှင့် (ဥုံ ဆွဲထားသူကလဲ ဖဲ့ခွါဟဲ့၊ ဝင်းဝင်းကလဲ ခုဆင်းဟဲ့)ဆိုပြီး ကဲတော့ မဝင်သေးဘူးလားလို့ မေးလိုက်ပြန်တော့ အောင်မယ် နဲနဲကလေး ကျန်တော့ကွလို့ ပြောပြန်သတဲ့)။

အို- ဒီနဲနဲကလေးကလဲ ကျန်နေရရိုးလားဆိုပြီး တခါ ခြေတဖက်က လည်ပင်အဖျားက ခပ်ဖေါ့ဖေါ့နင်းထား၊ ခြေတဖက်က နဖူးပေါ် ၇-ပတ်ဝဲလျက် (ဥုံ ဆွဲထားသူကလဲ ဖဲ့ခွါဟဲ့၊ ဝင်းဝင်းကလဲ ခုဆင်းဟဲ့)လို့ ဒေါနှင့်မောနှင့် မန်းမှုတ်

နင်းချပြီး ကဲ· ကျန်နေသေးသလား မေးကြည့်တော့ အောင်မယ်လေး အခုမှဘဲချောချော မောမော ဝင်သွားပေတော့ ကွယ်၊သာဓု· သာဓု ခေါ်လိုက်သတဲ့။

မနေနိုင်မထိုင်နိုင်ဖြစ်နေတဲ့ကိစ္စကြီးကို ခဏချင်းနှင့် နေနိုင်ထိုင်နိုင် ဖြစ်သွားအောင် လုပ်ပေးလိုက် နိုင်တယ် ဆိုတော့ အတော်ဉာဏ်ပိုင်တဲ့ တကာမ,ဘဲနော်၊ (မှန်ပါ သိပ်ဉာဏ်ပိုင်တဲ့ မိန်းမပါ ဘုရား)။

တခါ မိန်းမက ကဲ· ဘယ်နားကများ တစ်ဆို့ဆို့ကြီး ခံနေသေးတုံး၊ ခါးတောင်းကျိုက်ကြီးနှင့်လူကြီးများ မျက်စိထဲမှာ မြင်နေသေးသလားလို့ မေးကြည့်တော့ ဘယ်နားကမှလဲ တစ်ဆို့ဆို့ခံမနေတော့ပါဘူး၊ ခါးတောင်းကျိုက်နှင့် လူကြီးကိုလဲ မျက်စိထဲက မမြင်လာတော့ဘူး၊ မျက်စိထဲ ပျောက်သွားပါပြီလို့ ပြုံးပြုံးကြီး ပြန်ပြောသတဲ့။

ဘယ်မှာ တစ်ဆို့ဆို့ကြီးခံနေလို့ ဘယ်မှာ ခါးတောင်းကျိုက်ကြီးကို မြင်ရပါတော့မလဲ၊ မိန်းမက အမန်းအမှုတ်နှင့် စတိလုပ်ပုံက တယ်ကောင်းဒါကိုး။

ကဲ· စဉ်းစားကြည့်စမ်း၊ ပဌမဝင်းဝင်းလုံးကြီး ဆိုဒါလဲ သူ့စိတ်တွင် ဝင်းနေတဲ့အဝင်း၊ လုံးထားတဲ့အလုံး၊ နောက် ဖမ်းပြီးဟပ်လိုက် မျိုလိုက်ထားကလဲ သူ့စိတ်ထဲတွင် ဟပ်တဲ့ အဟပ်၊ မျိုတဲ့အမျို၊ ခါးတောင်းကျိုက်ကြီးနှင့် လူကြီးဆိုဒါလဲ သူ့စိတ်ထဲတွင်ဖြစ်ပေါ်လာတဲ့လူကြီး၊ ဆွဲထားဆိုဒါလဲ သူ့စိတ်ထဲတွင် ဆွဲထားတဲ့အဆွဲ၊ မျိုမကျဘဲ ဟစ်ဆို့ဆို့ကြီး

ခံနေတယ်ဆိုဒါကလဲ သူ့စိတ်ထဲတွင် တစ်နေတဲ့အတစ်၊ ဆို့နေတဲ့ အဆို့၊ တခါနှင်းချလို့ ကျသွားပါပြီဆိုဒါကလဲ သူ့စိတ်ထဲတွင် ကျသွားတဲ့အကျ၊ အဲဒီကိစ္စတွေဟာ သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေတဲ့ စိတ်၏ ကိစ္စကြီးဘဲ မဟုတ်လား၊ စိတ်ပြင်မှ တပါး၊ တခြားကို သွားရှာလို့ ရသေးရဲ့လား၊ (မရပါ ဘုရား)။

ဘာရမလဲ စိတ်၏ အမှုသွားကြီး သက်သက် ဖြစ်နေဒါကိုး။

ထိုစိတ်၏ အမှုသွားကြီးကို ကိုင်လို့ စမ်းလို့ ဖမ်းလိုကောရပါ့မလား၊ (မရပါဘုရား)။

ဘာရမလဲ- တကယ် ကောန် အမှန် စင်စစ် ရှိဒါမှ မဟုတ်ဘဲကိုး။

ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ နိဗ္ဗာန်တရားကြီး ငါ့ဗိုက်ထဲရောက်သွားပေါ့၊ ဝင်သွားပေါ့ ငါ နိဗ္ဗာန်တရားကြီး ရပြီအောင်ပြီ အေးပြီ ငြိမ်းပြီ အထင်နှင့် ဘဝင်မြင့်သွားလိုက်တာ ဘာတခုမှ မပြုလုပ်တော့ဘဲ အခါတိုင်း ပြုလုပ်နေကျ ဖြစ်တဲ့ ဝတ္တရား ဘုရားတောင် ရှိမခိုးတော့ဘူး ဆိုဘဲ တကာဗိုလ်ရ၊ (မှန်ပါ သိပ်အထင်ကြီးသွားပါ ဘုရား)။

မဟုတ်ဘဲနှင့် အထင် ကြီးသွားရှာတယ် သနားစရာကောင်းနော်။

သို့ပေမဲ့ တော်ပါသေးရဲ့၊မယားက လိမ်လိမ်မာမာရှိပေလို့သာ ဒီနေရာမှာ မယားကသာ မသိမလိမ္မာရှိ အမှုမဲ့ အမှတ်မဲ့ နေခဲ့ပါလျှင် မောင်မင်းဘ ဟာ မခက်ပေဘူးလား....၊

ရှုးရင်လဲ ရှုးမယ်၊ သို့မဟုတ် သေရင်လဲ သေမယ် ထင်တယ် တကာဗိုလ်ရ၊ (မှန်ပါ ရှုးမှာကတော့ သေချာရဲ ထင်ပါ ဘုရား)။

သူလို တောထွက်နည်း သူလို ကမ္ဗဋ္ဌာန်း ထိုင်နည်းမျိုးဖြင့် သိတတ် လိမ္မာတဲ့ မယားကလေး တယောက် ရှိထားဦးမှ တောထွက်လို့ ကမ္ဗဋ္ဌာန်းထိုင်လို့ ဖြစ်နိုင်မဲ့ အဓိပ္ပါယ် ရောက် မနေဘူးလား၊ (မှန်ပါ သည်အဓိပ္ပါယ် ရောက်နေပါဘုရား)။

အဲ-အခုပြောခဲ့တဲ့ အင်းဝက မင်းဘဲတို့လို မဖြစ်ရအောင် တကာဗိုလ်တို့တတွေလဲ ကြပ်ကြပ်သတိထား မျှားမျှားကြီး စဉ်းစားပြီး အားထုတ်ကြရလိမ့်မနော်၊ (မှန်ပါ သတိကြီးစွာ ထားရပါလိမ့် ဘုရား)။

ဒါ့ကြောင့် အာရုံကောင်း အာရုံမှန် ဖြစ်တဲ့ ခန္ဓာငါးတန် ရုပ်နာမ်နှစ်ပါး ၍ တရားတော်မြတ်ကြီးနှင့် (မီး၌ ရေချ အနိုင်ရ) သကဲ့သို့ အဆာမတန် လွန်ကဲသော ဝိသမလောဘ, ခတ်ဆိုးကြီးကို တားဆီး ချေတာလိုက်ရမယ်၊ အရာ ဟုတ် မဟုတ် မထိန်းချုပ်နိုင်အောင် လွန်ကဲ ကြမ်းကြုတ်လှသော ဝိသမ ဒေါသယုတ်ကြီးကိုလဲ အဟုတ် ချေတာလိုက်ရမယ်၊ ကောင်းဆိုးနှစ်တန် အမှန်ဆိုလျှင်လုံးလုံးမသိ ဘိတ်ဘိတ်မသိ၊ ပကတိ အမှားတခုကိုသာ အားပြု၍ နေတတ်သော ဝိသမ မောဟခတ်ကြီးကိုလဲ ကြပ်တည်းစွာ ချေတာလိုက်ရမယ်။

ဓမ္မထူးခြား တရားရုပ်နာမ် အာရုံမှန်ကြီးကို ဆုတ်ပြယ် ပြယ် မဟုတ်ဘဲ အဟုတ်တကယ် သိမှ ချေလဲတာနိုင်ကြမယ်၊ ချေတာနိုင်အောင်လဲ အဟုတ်ဉာဏ် ပေါလာ ပေါလာ

အောင် အားထုတ်ကြရမယ် အဟုတ်တကယ် ဉာဏ်ပေါ်လာအောင် သိလျှင်လည်း ချွေတာပြီးသား ဖြစ်တော့သည်၊ ချွေတာရက်နေသည်။

ထိုကဲ့သို့ အလွန်အကြူး အထူးသောင်းကျန်းတဲ့ အသရမ်းလောဘကြီးတွေ အသရမ်းဒေါသကြီးတွေ အသရမ်းမောဟကြီးတွေကိုတရားနည်းဖြင့် ချွေတာနိုင်မှလည်း ရောမချမ်းသာထူးကြီးကို ရကြမှာမဟုတ်လားဟာ တကာဗိုလ်ရ၊ (မှန်ပါဘုရား)။

အလွန် ဆိုးဝါးလှတဲ့ ရူပ သဒ္ဒ စသော လောဘနိယအာရုံ၊ ဒေါသနိယ အာရုံ၊ မောဟနိယအာရုံတွေနှင့် တွေ့ဆုံသောအခါ စိတ်ထဲ နှလုံးထဲမှာ ထိုးကျင်မှုတွေဟာ ဗြုံးခနဲ ဗြုံးခနဲ ဖြစ်ပေါ်လာတတ်သည်၊ထိုသို့ ဖြစ်ပေါ်လာသောအခါ ထိုအာရုံဘက်သို့ လိုက်ပါ စောင်းလဲမသွားလေအောင် ဝိပဿနာတရားနည်းဖြင့် တားဆီး ချွေတာလိုက်ရမည် ဟူ၍။

ဒါကြောင့်....

(အာ ပွဲအပွဲ၊ ရောင်ကြီးနှင့် ရုပ်အင်္ဂါ ဘီးဆံထုံးကို သုတ်သင်ခါ အပြီးကတုံး တုန်းလို့မို့ ပုတီးတကုံးကို အမှန်ချစ်ခင်ဖန်ဝတ်လွှင်နှင့် အသားချ တရားရအောင် ဘယ်ဂေတာ ဘယ်တောင် ဘယ်ဂူချောင်မှ မထွက်နိုင်သေးသော်လဲ တဘဝထက်တဘဝ၊ တစထက်တစ ကင်းသည်ထက်ကင်း ရှင်းသည်ထက်ရှင်း၊ လင်းသည်ထက်လင်းရလေအောင်။ ကရိယာမိ၊စိတ်ထဲ နှလုံးထဲမှာ ဗြုံးခနဲဗြုံးခနဲ ဖြစ်ပေါ်လာတဲ့အခါ အသုံးအစွဲ

မလွဲရလေအောင် လွန်ကဲတဲ့ လောဘ,ကို ချွေချွေ တာတာ၊ လွန်ကဲတဲ့ ဒေါသ,ကို ချွေချွေတာတာ၊အမှန်ကို မသိ အမှား ကိုသိအောင် ပကတိအမှောင်ပြုတတ်တဲ့ မောဟကိုလဲ ချွေချွေ တာတာ)ဟု ရေးသားခဲ့သည်။

ထိုမှ တပါးလည်း ဤကိုယ်ကောင်ကြီးအတွက်နှင့် အကု သိုလ်မှုတွေ ဒုမတက်ရအောင် အဝတ်နှင့် အစားကိုလဲ များများကြီး ချွေတာကြရမယ်။

သင့်တော်ရုံဝတ်၊ သင့်တော်ရာစားလို့ ဆင်ခြင်ဉာဏ်သွား ကလေးရှိတဲ့ သူမှာ ထို ဝတ်မှု စားမှု အတွက်နှင့် အကုသိုလ် လဲ ဒုမတက် လုပ်ကိုင် ဆောင်ရွက်ရမှုလဲ သက်သက်သာသာ ချောင်ချောင်ချိချိ ပိပိပြားပြားနှင့် အမှားနည်းပါး အမှန် များလျက် မှုသွား မတူ၊ အမှုကွဲပြား စရိုက် ခြားနား၍ ကိုယ်၏ ချမ်းသာမှု စိတ်၏ချမ်းသာမှုတွေ တိုးပွားနေဒါဟာ ယခုလောကမှာ မျက်မြင်အားဖြင့် အထင်အရှားဘဲ မဟုတ် လား တကာဗိုလ်ရ (မှန်ပါ ထင်ရှားပါ ဘုရား)။

သတိထင်မြင် ဆင်ခြင် ဉာဏ်သွားကလေး မရှိတဲ့သူမှာ တနေ့ထက် တနေ့၊တရက်ထက် တရက် အကုသိုလ်မှုတွေကလဲ ဒုတက်၊ လုပ်ကိုင်ရမှုတွေ ဘက်ကလဲ တချက်မှ မသက်သာ မချောင်ချိ၊ ရရှိတဲ့ပစ္စည်းကလဲ လက်ထဲမပျော် လက်ဒပေါ် မနား ချမ်းသာမှုပါးရှားပြီး အမှန်နည်းပါး အမှားများ ဖြစ်ရတော့သည်။

သို့ကလို အသိဉာဏ်ပါးရှား၍ ချွေတာမှု တရားကြီးကို သတိမထား မစဉ်းစားမိဘဲ အမှန်က နည်းပါး အမှားက

များနေပါလျှင် ခုရောနှောင်ခါ သံသရာမှာ ထိုသူ၏ဆင်းရဲ တွင်းကြီးဟာ နက်သည်ထက်ပိုပြီး မနက်ပေဘူးလား (ဆင်းရဲတွင်းကြီး နက်လှပါဘုရား)။

ကဲ-အလိမ္မာဉာဏ်ကလေး ဘက်တတ်သူနှင့် မဘက်တတ်သူကို အဖျင်းဆုံး ပြောပြလိုက်ဦးမနော်။

တခါတရံမှာ ဝက်သား ကြက်သားစသော ဟင်းကောင်းကလေးများကို ဝယ်၍ ချက်ကြသောအခါ အလိမ္မာဉာဏ်ကလေး ဘက်တတ်သူကတော့ တနပ်စာက နှစ်နပ်စာ နှစ်နပ်စာက သုံးနပ်စာဖြစ်အောင် သဘောသားမျိုးနှင့် သစ်သီးသစ်ရွက်များနှင့် ရောနှော၍ ချက်တယ်၊ စားတဲ့အခါမှာလဲ ထမင်းလုပ်ဝင်ရုံမျှ တို့ခါ ပင့်ခါ ချွေတာ၍ စားတတ်တယ်၊ ဒါ့ကြောင့်လဲ တနပ်စားရမဲ့ဟာ နှစ်နပ်စားရတယ်၊ နှစ်နပ်စားရမဲ့ဟာ သုံးနပ်စားရတယ်။

အလိမ္မာဉာဏ်မရှိ၍ တတ်ိုမှ မသိတတ်သူကတော့ အိုအခါတလေမှ ချက်ရတာဘဲ ဘာသီး ဘာရွက်နှင့်မှ မရောနှင့်ဟ ခပ်ဟဲ့ ဆီများများ၊ ချက်ဟဲ့ တပင်တိုင်ဆိုပြီး မဲမဲသဲသဲလုပ်တတ်တယ်၊ စားတဲ့ အခါကျပြန်တော့လဲ ထမင်းလုပ်ဝင်ရုံထမင်းလုပ်နှင့် ညီမျှရုံ မဟုတ်ဘူး၊ ထမင်းလုပ် မခွန့်ခင်ရှေးဦးစွာ ရွှေတော်ပြေး တတုံးသွတ်လိုက်ကရော၊ တခါထမင်းလုပ်နှင့်ရော၍ ထမင်းလုပ်နှင့်တွဲပြီး စုံတွဲတတုံးသွတ်လိုက်ပြန်ရော၊ တခါ ထမင်းလုပ်ခွန့်ပြီးတော့ ထမင်းလုပ်၏နောက်တော်လိုက် တတုံး သွတ်လိုက်ပြန်ရော၊ သို့ကလို

ရှေ့တော်ပြေး သွတ်နည်း၊ နောက်တော်လိုက် သွတ်နည်း၊ စုံတွဲသွတ်နည်း၊ နည်းသုံးမျိုးနှင့် ကျိတ်လိုက်ထာ ထမင်း တလုပ် ထမင်းတလုပ်မှာ သုံးတိုးသုံးတိုးကုန်ဒါပေါ့။

ကဲ-ထမင်းတလုပ် ထမင်းတလုပ်မှာ သုံးတိုးသုံးတိုးကုန် တယ်ဆိုရင် ဒီလူဘယ်တော့ ဟန်ရအုံးမလဲဟ တကာဗိုလ်ရ (ဘယ်တော့မှ ဟန်မရတော့ပါဘူး ဘုရား)။

ဒီလိုလူမျိုး တချို့က အို မသေခင်ဝတ်ရဒါ ဝတ်မှာပေါ့၊ မသေခင် စားရဒါ စားမှာပေါ့လို့ တွက်ကိန်းချ ပြတတ်ကြ သေးတယ်၊ မသေခင် ဉပုသ်စောင့်ရဒါ စောင့်မှပေါ့၊ မသေ ခင် တရားနာရဒါ နာမှပေါ့၊ မသေခင် တရားအားထုတ်ရဒါ ကြပ်ကြပ် အားထုတ်မှပေါ့လို့ ဒီလိုတော့ တွက်ကိန်းချ မပြ တတ်ကြဘူး၊ မဟုတ်ရာတော့ တွက်ကိန်းချ တတ်ကြတယ်၊ ဟုတ်ရာတော့ တွက်ကိန်း မချတတ်ကြဘူး၊ အရှူးတွက်ကိန်း မျိုးနှင့် ဘဝဆိုး မဖြစ်ကြစေနှင့်။

ချေတာမှု အရေးအရာ၌ နောက်နောက်က မလိမ်မာခဲ့၍ တနေ့ကျ မပြည့်စုံသော အခါမှဖြစ်စေ၊ သို့မဟုတ် ဒါ့ထက် ကောင်းသော အဝတ် ဒါထက်ကောင်းသောအစာကို ဝတ်လို စားလို၍ဖြစ်စေ၊ ဒုစရိုက်မှုကြီးတွေနှင့် လွှတ်ကင်းစွာ ရှာကြံ၍ ရသဖြင့် ခန္ဓာကိုယ် အလိုဖြည့်ရလျှင် မသကာတော်ပါသေးရဲ့၊ ပါဏာတိပါတကံ၊အဒိန္နာဒါနကံစသည်တို့နှင့်ရှာကြံစုဆောင်း ပြီး မကောင်းမှု ဒုစရိုက်ကြီးတွေနှင့်သာ ရင်းနှီး၍ သူ့အလို ဖြည့်ခဲ့မိပါက ဘဝါဘဝမှာ နစ်သထက် နစ်ဘို့ရာသာ ရှိချေ တော့သည်။

ခန္ဓာကိုယ်ကြီး၏ အလို မပြည့်စုံပြီလား ဆိုမှဖြင့် မရရကြောင်း ကြံစည်ခါ ပြုမိပြုရာ မသမာသော အမှုကြီးတွေနှင့် စုမိုးရှာဖွေ လုပ်ကိုင်တတ်ကြလေသေး၏၊ ထိုကဲ့သို့ မဖြစ်ကြရလေအောင် ဒီကိုယ်ကောင် အမိုက်ကို အလို မလိုက်တော့ဘဲ အရာရာကောင်းချင်မှုဆိုတဲ့ နဂိုရ်အကြိုက်တွေကို ချွေတာမှလဲ ရောမချမ်းသာကြီး ရတော့မှာမဟုတ်လားဟ တကာဗိုလ်ရ၊ (မှန်ပါ ဘုရား)။

ဒါကြောင့်....

(အဝတ်ကို ချွေချွေတာတာ၊ အစားကို ချွေချွေတာတာ၊ ကိုယ်အမိုက် အလိုမလိုက်တော့ဘဲ နဂိုရ်အကြိုက်ကိုလဲ ချွေချွေတာတာ)ဟု ရေးသားခဲ့ပေသည်။

ဤခန္ဓာကိုယ်ကြီး၏ အလိုဆိုးရမက် သူ့အတွက်နှင့် ပတ်သက်၍ အဌာနဖြစ်သောအရာမဟုတ်တဲ့ သုံးမှုဖြုန်းမှုတွေကိုလဲ ကြပ်ကြပ်သတိပြု၍ ရှောင်ကြဉ်ကြရမယ်။

အသုံးနှင့် အဖြုန်း စကား နှစ်လုံးရှိရာ အဓိပ္ပါယ်မှာ တခြားစီ မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ တခြားစီပါ ဘုရား)။

ဤဝတ္ထု ဤပစ္စည်းတခုဟာ မရှိခဲ့အံ့၊ မရှိလျှင်လည်းမဖြစ်အံ့၊ ထိုကဲ့သို့ မရှိလျှင် မဖြစ်၍ မရှောင်သာ မတိမ်းသာသဖြင့် သုံးစွဲရသော အရာမျိုးကတော့ အသုံးကောင်း အသုံးမှန်လို့ ဆိုရတယ်၊မရှိလျှင်လည်း ဖြစ်လောက်ပါလျက်သားနှင့် ရှာမှီး

သုံးစွဲသော အရာမျိုးကိုတော့ အသုံးပို အသုံးရှုပ်လို့ ဆိုရတယ်၊ အဲဒီ အသုံးပို အသုံးရှုပ်တွေဟာ အလွန်များနေကြဒါ အထင်အရှားဘဲ ဖြစ်တော့သည်။

အဖြုန်းဆိုဒါလဲ အလွန် ပေါများတယ်၊ အထူး ပြောဘို့ မလိုတော့ပါဘူး၊ အရေးကြီးသော အချက်တခုကိုသာ ပြောရမည်ဆိုလျှင် ထန်းရေအရက်သောက်ခြင်း ဖဲရိုက်ခြင်းစသော ဖြုန်းနည်းတွေကို ပိုမို၍ဆင်ခြင် လုံးလုံးကြီး ရှောင်ကြဉ်လိုက်ပေသည်၊ အပြစ်ကိုဆိုသော် ထို့ထန်းရေ အရက် သောက်စား ပျော်ပါးခြင်းဆိုတဲ့ အချက်ကို ဘုရားလည်း လုံးဝမနှစ်သက်၊ အကောင်းစင်စစ်ကလည်း အရှုးဖြစ်၊သေပြန်တော့လဲ ငရဲကျ၊ ငရဲက လွတ်၍ အကယ်တန္တ သုဂတိဘဝ ရငြားအံ့၊ လူဖြစ်ပြန်လဲ လူရူး လူနှမ်း လူကြမ်းကြီး နတ်ဖြစ်ပြန်လဲ နတ်ရူး နတ်နှမ်း နတ်ကြမ်းကြီး၊ သို့ကလို ပစ္စုပ္ပန်သံသရာ နှစ်ဖြာစလုံး ဟန်မရသောကြောင့် ဤကဲ့သို့ ဖြုန်းနည်းကို လုံးလုံးကြီး ရှောင်ကြဉ်လိုက်ကြ၊ (ရှာတော့တနေ့လုံး ဖြုန်းတော့တခဏ)မဖြစ်ကြစေနှင့်။

အဲဒီအသုံးတွေအဖြုန်းတွေကိုမရှောင်ကြဉ်ကြလျှင် တနေ့ကျတော့ ပါဏာတိပါတကံ အဒိန္နာဒါနကံတွေလဲ သန်သန်စွမ်းစွမ်းနှင့် အညွန့်တွေ ဝေလာတတ်သေးတယ် မဟုတ်လား၊ (ဖြစ်ပေါ်လာတတ်ပါ ဘုရား)။

ဒါ့ကြောင့် ဒီသုံးမှုဖြုန်းမှုတွေ ဗွက်ပေါက်နေကြလို့ ရှာလို့လဲ မလောက်နိုင်၊ ဖွေလို့လဲ မလောက်နိုင်၊ သေသည်တိုင်

အားလပ်ခွင့်မရ ခန္ဓာ၏ကိစ္စနှင့်သာ ဘဲဝပဒေသာပင်ကြီး ဆုံးရှုံး ပျက်စီး အချည်းနှီး ဖြစ်ရတော့သည်။

အောင်မယ် ဒါထက် အပိုအရှမ် အသုံးတွေ နေရာ မကျ ရုံမျှ မကသေးဘူး၊ အပိုအရှမ် အပြုန်းတွေ နေရာ မကျဒါ ကလဲ အများကြီး ရှိသေးကိုး တကာဗိုလ်ရ၊ (အမိန့်ရှိတော် မူပါအုံး ဘုရား) ။

ကြည့်ပါလား တချို့ တကာမများဟာ ဟင်းအိုးထဲ ဆား ခပ်တို့ ဆားယူတဲ့အခါမှာ တော်လောက်ရုံမှန်းပြီး ချိန်ဆမယူ ဘဲနှင့် လက်ငါးချောင်းနှင့် ပါသမျှ အရမ်းကုတ် တဆုပ်ကြီး ယူလာ ခပ်တော့ တဝက်လောက်ခပ် ကျန်ဒါကို ဆားအိုးထဲ ပြန်မထည့်ဘဲနှင့် မီးဖိုထဲ ပက်လိုက်တယ်၊ အဲဒါ ဘာ့ကြောင့် လဲဆိုတော့ ဆားကို မီးထဲပက်လိုက်တော့ ဖျက်ဖျက် ဖျက်ဖျက် ဆိုတဲ့ အသံ နားအရသာ ခံချင်လို့တဲ့၊ ကဲ မခက်ဘူးလား တကာဗိုလ်ရ၊ (မှန်ပါ ခက်ပါဘုရား)။

တချို့ တကာမကတော့လဲ မချိန်မဆဘဲနှင့် အပိုအရှမ်နှင့် တကွ နန္နင်းတွေကို အများကြီး ကုတ်လာပြီး ဟင်းအိုးထဲ ခပ် တော့ နဲနဲကလေးခပ် ပိုရှမ်၍ ကျန်ဒါကို နန္နင်းအိုးထဲ ပြန် ထည့်ရမှာ ပျင်းတော့ ဟိုတိုင်သုပ် ဒီတိုင်သုပ် လုံချည်ပွတ် ဖင် ပွတ် ဟိုပွတ် ဒီပွတ်နှင့် ကုန်ရော၊ အဲဒါ စဉ်းစားကြည့်စမ်း၊ အလကား နန္နင်းလဲကုန်သေး လုံချည်လဲပေသေး ဖင်လဲ ညစ် ပေသေး လူလဲ မီးနေသယ်စော် နံသေး ဘာတခုမှ အကျိုးမရှိ ဘူးနော်၊ (အကျိုးမရှိတဲ့အပြင် အကျိုးယုတ်ပါသေးဘုရား)။

ကဲ ဒါတွေ သိပ်ပြောနေကြလျှင် စကားကြောကြီး ရှေနေတော့မယ် လိုရင်းကတော့၊ ဪ- ခန္ဓာကိုယ် ကျွေး မွေး ရေး ထိန်း ကျောင်းရေးကြီးဟာ အလွန်ကြီး ကျယ်ပါကလား၊ ရှာမှု ဖွေမှု လုပ်ကိုင်မှုဆိုတဲ့ တာဝန်ကြီး ကလဲ တယ်လေးပါကလား၊ ရှာဖွေလုပ်ကိုင် ပြန်ပါတော့လဲ ရမှုဆိုတဲ့ ကိစ္စကလဲ လွယ်ကူဒါမျိုး မဟုတ်ပါဘဲ ကလား၊ အထိုက်အလျောက်ဆိုသလို သူပြည့်စုံမှလဲ ဥပုသ်စောင့်ခြင်း၊ တရားနာခြင်း၊ ပုတီးစိပ်ခြင်းဆိုတဲ့ သူတော်ကောင်း အလုပ် တွေ အားထုတ်နိုင်မှာပါ ကလား၊ ဒါကြောင့် အားလပ် ချောင်ချိခွင့်ရ၍ စိတ်ချလက်ချ ဥပုသ်စောင့်နိုင် အောင်ဟဲ့၊ စိတ်ချလက်ချ တရားနာနိုင်အောင်ဟဲ့၊ စိတ်ချလက်ချ ပုတီးစိပ် နိုင်အောင်ဟဲ့ဆိုတဲ့ အဆင်ခြင် အစဉ်းစားဉာဏ်ကလေး လက် ကိုင်ထားပြီး စားတန်ဒါစား၊ ထားတန်ဒါထား၊ ကုသိုလ် မှုပြုတန်ဒါပြု၊ သို့ကလို ကောင်းမြတ်သော ရည်ရွယ်မှန်းထား မှုကြီးတခုရှိကြမှအလုံးစုံအကုန်အချိုးကျတော့မည်။

သို့အတွက် သုံးဒါတွေ ဖြုန်းဒါတွေ မော်မှုတွေ ကြွားမှု တွေ ပျော်မှုတွေ ပါးမှုတွေ အစစ အရာရာတွေကို တရား နည်းဖြင့် ချွေတာကြမှလဲ ရောမှ ချမ်း သာ ကြီး ရကြမယ် တကာဗိုလ်ရဲ့၊ (မှန်ပါ ဘုရား)။

ဒါ့ကြောင့်-

(အသုံးကို ချွေချွေတာတာ၊အဖြုန်းကို ချွေချွေတာတာ၊ မတော်မတရား အမော်အကြွားတွေနှင့် အပျော်အပါးကိုလဲ ချွေချွေတာတာ)ဟု ရေးသားခဲ့ပေသည်။

လောကီလုပ်ငန်း အရာ၌ဖြစ်စေ၊ လောကုတ္တရာ လုပ်ငန်း အရာ၌ဖြစ်စေ ပကတိစိတ်အနေက ပျင်းရိ၍နေတတ်ကြသည်၊ ပျင်းရိနေ၍ အချိန်တွေလွန်သွားခဲ့ပါလျှင် နောင်သောအခါ ငါ့မှာမပြုမိလေစွ၊ငါ့မှာ မလုပ်မိလေစွဟု ပူပန်ရမှုတွေ စိုးရိမ် ရမှုတွေ အထွေထွေ ဖြစ်တတ်ချေ၏။

ပျင်းတတ်ရင်လဲ ဖျင်းတတ် တော့သည်၊ ပ,စောက်နှင့် ဖောက်ထုတ်ဟာ သိပ်ဝေးဒါမဟုတ်ဘူး၊ ပျင်းမှဖြင့်လဲ ဖျင်း တော့ဒါဘဲနော်၊ အပျင်းနှင့် အဖျင်းဟာ ညီအကိုအရင်းဘဲ ထင်ပါရဲ့ တကာဗိုလ်ရ၊ (မှန်ပါ ဆင်တူရိုးမှား ဖြစ်ပါလိမ့် ဘုရား)။

ကြည့်စမ်းပါလား၊ လောကီလုပ်ငန်းတခုခုကို မိမိပြုလုပ် ရမည့်ကိစ္စအလျောက် အချိန်ရောက်ပါလျက်နှင့် တော်တော် ကြာမှ, နက်ဖြန်ခါမှ, သဘက်ခါမှ စသည်ဖြင့် အချိန်နာရီ ရွှေ့နေရဒါနှင့် ပြီးစီးရမဲ့အရေး မပြီးလိုက်၊ ရထိုက်တဲ့အရေး မရလိုက် ပျင်းရိတတ်တဲ့စိတ်မိုက်ကြောင့် အကျိုးထူးတွေမရ လိုက်တော့ဘဲ ချော်လွဲ ဆုတ်ယုတ်၍ ထိုသူမှာ စိတ်ရှုပ်တွေ ညစ်ပွေလာတော့ဒါ အမှန်ဘဲ။

ထိုလောကီလုပ်ငန်း လောကုတ္တရာလုပ်ငန်းဟူ၍ လုပ်ငန်း ကြီးနှစ်ပါး ရှိသည့်အနက်က လောကီ လုပ်ငန်းကြီးထက် လောကုတ္တရာ လုပ်ငန်းကြီးနှင့်ကျတော့ သာလွန်၍ ပျင်းရိ တတ်ကြလေသည်၊ ငါ ငယ်သေးသလေး၊ နုသေး သလေး၊ ကြီးမှလေး၊ ဟိုဘဝကျမှလေး၊ ဟို ဘုရား လက်ထက်ကျမှ

လေးနှင့် အချိန်ကာလကို ရွေးချယ်နေကြဒါတွေလဲ အများကြီးဘဲ ရှိကြသေးတယ် မဟုတ်လား၊ (ရှိကြပါဘုရား)။

အဲဒါဟာ တခြားမဟုတ်ဘူး၊ သူ့သဏ္ဍာန်မှာ ပျင်းရိတဲ့ စိတ်ဓာတ်က တောက်တက်ကပ် ဝင်ကပ်နေလို့ အမှုမဲ့အမှတ်မဲ့ ဖြစ်နေရှာဒါပါဟုမှတ်။

ဒီလို အမှုမဲ့ အမှတ်မဲ့ သဘောနှင့် နေမိ ပြောမိရင်လဲ သံသရာတကြောမှာ မျောချင်တိုင်း မျောအုံးရောပေါ့လေ။

အမှန်စင်စစ်ကတော့ ဩဝါဒ- ငါ့မှာ သေမင်းက လက်ချက်မဦးခင် ဆောလျင်စွာ သိရ မြင်ရ ဆင်ခြင်ရမဲ့ တကယ့်ကိစ္စကြီးပါကလား၊ ဒီလို သာသနာ အချိန်ကောင်းကြီးနှင့် တွေ့ရလေအောင် မြောက်တင်ပို့ဆောင်လိုက်သော နောက်နောက်က ကံထူး ကံချွန် ကံမှန်ထိပ်သီး ကံအငှိန်ကြီး လင်းပေးနေခိုက် သာသနာအချိန်ကြီး ယွင်းသွားစေလို့ မတော်ပါကလား-ဟု ပျင်းရိတဲ့စိတ်တွေကို မောင်းနှင် ဖယ်ရှားပြီး အားတိုက်ကြီး ကြိုးစားရမဲ့ အချက်ကြီးမဟုတ်လား၊(မှန်ပါ အချိန်အရွယ်ရွေးချယ်နေရမဲ့ အခါ မဟုတ်တော့ပါဘုရား)။

ဒါဖြင့် အချိန်အားလျှော် တရားစကားပြော အချိန်အားလျှော် တရားသာ ဆင်ခြင်၊ အဓိပ္ပါယ်မယှဉ် အကျိုးမထင်တဲ့ စကားတွေကို မပြောချင်နှင့် တသံသရာလုံး ပြောခဲ့လို့မောခဲ့လှပြီ။

ပကတိဓာတ်ကြိုက် ပစပ်မိုက်က ဟလိုက်တိုင်း မှားတတ်သည်၊ အလကားသား သမ္ဖပ္ပလာပ စကားတွေနှင့် ဟလိုက်

တိုင်း မှားနေလျှင်အကျိုးမများတဲ့ပြင် ငရဲလမ်းကြီး ထွင်ပေး လိုက်သလိုနေမယ်။

(ရှေးယံနှင့်ရှေးကျား သက်ကယ်ရိတ်သွား) အစရှိသော အဲဒီလို သိမ်ဖျင်းသော စကားမျိုးတွေနှင့်တော့ အလွန် ပျော်ပါးတတ်ကြတယ်၊ တရားစကားနှင့်ကျတော့ ပျင်းရိရိ စိတ်ဓာတ်က လက်မခံချင်ဘဲ ခပ်လွှဲလွှဲ ခပ်ရှောင်ရှောင်လုပ်နေ တတ်တယ်၊ ကြပ်ကြပ်သတိရှိကြနော်။

အဲဒါလို ပျင်းရိဒါတွေ ညံ့ဖျင်းဒါတွေ ရှေးယုန်နှင့် ရှေးကျား သက်ကယ်ရိတ်သွား အစရှိသော သိမ်ဖျင်းတဲ့ စကားတွေနှင့် တဟားဟား ပျော်ပါး နေချင်ဒါတွေ အဲဒါ တွေကို ချွေတာကြမှလဲ ရောမချမ်းသာကြီး ရကြမှာ တကာ ဗိုလ်ရ (မှန်ပါဘုရား)။

ဒါ့ကြောင့်-

(အပျင်းကို ချွေချွေ တာတာ၊ အရိကို ချွေချွေတာ တာ၊ တရှိန်အတွင်း အချိန် မယွင်းရအောင် အသိမ်အဖျင်း ကိုလဲ ချွေချွေတာတာ)ဟု ရေးသားခဲ့ပေသည်။

သည်မှတပါး သတိကြီးစွာ ထားကြရမည့် အချက် ကတော့ ဘုံ၏တံထွာ ဓမ္မတာအားဖြင့် လင်နှင့်မယားသားနှင့် အဘ အသီးအသီး နေထိုင်လျက်ရှိကြရာ တဦး တယောက်က နေရာမကျဖြစ်သောအခါ ညင်ညင် သာသာနှင့် မပြီးစေဘဲ ကျိန်ဆဲမှု တိုင်းထွာမှု-စသော ဝစီဒုစရိုက်မှုကြီးတွေကို အသုံး ပြုတတ်ကြလေသည်။

ဤကဲ့သို့ တဦးနှင့်တဦး တယောက်နှင့်တယောက် စိတ်ရှုးတွေ့ဗွက်ပေါက်ပြီး ဆိုလိုက်ဆဲလိုက်နှင့် ဝစီဒုစရိုက်မှုကြီးတွေကို အသုံးပြုနေခဲ့ပါလျှင် အလွန် ရခဲတဲ့ ဤလူ့ဘုံကြီး အတူဆုံပြီး တညီ တညွတ်ထည်း ငရဲမီးတွေ လာ၍မွှေးကြသည်နှင့် တူလှချေ၏။

နေ့ရှည်လစ္စဲ နှစ်စဉ်တွဲပြီး အမြဲပုံသေ အတူနေချင်ခြင်းတွေဟာ မကင်းရာမကင်းကြောင်း ဖျောင်းဖျောင်းဖျဖျ ဝစီဒုစရိုက်ကြီးတွေမဖြစ်ရအောင် တရားခမ္မနှင့် နည်းလမ်းကျကျစည်းကမ်းပြလျက် ဟန်ရအောင်ဆိုဆုံးမ၍ နေထိုင်တတ်ကြဘို့နည်းက ပိုမို၍အရေးမကြီးဘူးလား တကာဗိုလ်ရ၊ (အရေးကြီးလှပါ ဘုရား)။

မသေမချင်းဆိုသလို နေ့တိုင်းတွေ့, နေ့တိုင်းမြင်, မျက်စိထဲမှာ ယဉ်နေတဲ့ သူချင်းချင်းဖြစ်နေကျတော့ သာပြီး အရေးအကြီးဆုံးပေါ့။

ရှေးအခါက သောတာပန်အစရှိသော သူတော်ကောင်းလင်မယား သားအဘတွေ နေထိုင် ကျင့်ကြံ သွားကြပုံမှာ သူရလာတဲ့တရား ကိုယ့်ကနာ၊ ကိုယ်ရလာတဲ့တရား သူ့ကိုဟော၊ တရားချင်း နှီးနှော၍လျက် အချည်းနှီးသော ရက်လမဖြစ်လေအောင် စနစ်တကျ နေထိုင်ပြီး အခြေခိုင်ခိုင်ကြီးပြုလုပ်သွားကြ မဟုတ်လား၊ (မှန်ပါ ဘုရား)။

ဘုရားဟောတဲ့ တရား၊ မယားကလဲ ဆင်ခြင်၊ လင်ကလဲပွားများ၊ ရှေးက လင်မယားများ ကတော့ သိပ်ဟန်ရဒါပါလားနော်....။

အင်း– တကာဗိုလ်တို့တတွေလဲ ကြောင့်ကြမဲ့မနေကြနှင့်၊ ရှေးကလိုဖြစ်ရအောင် တယောက်နှင့် တယောက် ခဏခဏ တရားအလင်းရောင်ကလေး ပြပြ ပေးကြရမနော်၊ (မှန်ပါ တရားရောင်ပြမှ အချိုးကျမှာပါ ဘုရား)။

ငရှေးကပုံအတူယူပြီး အေးလဲအတူ၊ ပူလဲမခွဲ၊ သူကလဲတရား ပွား၊ ကိုယ်ကလဲတရားထုံ တွေ့ကြုံခိုက် ဤလူ့ဘုံက နှစ်ဦးစုံ မိဋ္ဌာန်ထားပြီး ဒိုလင်မယား နိဗ္ဗာန်သွားဖြစ်အောင် လုပ်မယ် ဆိုပါတော့လေ သာဓု သာဓု။

ဒါဖြင့် ကံပေးဒါ ယူ၊ ကံကျွေးဒါ စား၊ ကံထားရာ နေ၊ မွဲသည်ဖြစ်စေ၊ ဌေးသည်ဖြစ်စေ၊ တရားတော့ လက်မလွှတ် စေနှင့်။

တရားလက်လွှတ်လျှင် လောကမှာပင် နေမှု ထိုင်မှု ပြောမှု ဆိုမှု ဘာတခုမှ ဟန်မရ ဖြစ်တတ်တယ်နော်။

ဒါ့ကြောင့် တချို့များ တရားနှင့်စိတ်ဓာတ် ဂဟေမစပ်မိ ကြတဲ့ အတွက် တဆူဆူ တပွက်ပွက် တကျက်ကျက်နှင့် တယောက်နှင့်တယောက် ဘောက်ကျပြီး ရိုက်ကြနှက်ကြ ဆို ကြ ဆဲကြ ကွဲကြ လန်ကြနှင့် ဟန်မရဒါတွေလဲ ရှိကြသေး မဟုတ်လား၊ (ရှိကြပါလိမ့်ဘုရား)။

အဲဒီလို လူကြား ရှင်ကြား ၇-အိမ်ကြား ၉-အိမ်ကြား ဆိုသလို ကိုးယိုကားယား ဖြစ်ပွားမှုကြီးတွေဟာ အမှန်က တော့ တရားလက်လွှတ်လို့ပေါ့။

မြင်ဘူးလား တချို့များ ဒေါသကြီးဆိုဒါ အကောင်း မှတ်လို့ သူများမြင်ရင် ဂုဏ်ရှိတယ်ထင်ပြီး အိုးထရိုက်ခွဲ၊ အင်,

ထရိုက်ခွဲ- ဆွဲမရ, ငင်မရ, သတ်ကြ ပုတ်ကြ လုပ်ကြသေး
တယ်။

ဘယ့်နှယ်ပါလိမ့် သူတို့လင်မယား စိတ်ဆိုးကြဒါနှင့် မဆီ
မဆိုင် အပြစ်မရှိတဲ့ အိုးတွေ အင်တွေ ထပြီး ရိုက်ခွဲရတယ်လို့
တကယ်ဆိုတော့ ရန်ဘက်ဖြစ်ထဲက မယား၊ ရန်ဘက်မဟုတ်
တဲ့ အိုးက ကြားကနေ ရိုက်ခွဲခံရ မဆီမဆိုင် ရှိလိုက်တာနော်၊
ပြီးတော့လဲ ကိုယ့်ဟာကို ပြန်ထူထောင်ရဒါဘဲ တော်တော်လဲ
ဝဋ်ကျတဲ့လူနော်။

ဒီလိုလူမျိုးပေါ့ မိန်းမက ဒဏ်ပေး ခံရတတ်ထာ ဟန်မရ
တဲ့လူ နေစမ်းပစေအိုး ဆိုပြီး စကားမပြောဘဲ ရှောင်လွှဲလွှဲ
နေလိုက်သကိုး။

တော်တော်ကြာ သူကခေါ်ချင်တော့ ကလေးကို ချော့
ပြီး ဆေးလိပ် တောင်းခိုင်းလား ခိုင်းတတ်သေးရဲ၊ မျက်စိထဲ
အမှိုက် ဝင်သွားလေဟန် ဆောင်တတ်လား ဆောင်တတ်ရဲ၊
ဒါးကြီး အနားကထားပြီး မမြင်လေဟန်ဆောင်ခါ ချာလယ်
ချာလယ်နှင့် ရှာနေတတ်လား ရှာတတ်ရဲ၊ တခြားထွက်သွား
လို့ တကွဲတပြားစီ နေကြသောအခါ ပြန်မလာချင် လာချင်
အောင် မလာဘဲ မနေနိုင်အောင် ဖျားချင်ယောင် ဆောင်
တတ်သေးလား ဆောင်တတ်သေးရဲ၊ ဒီလိုဟာတွေ အများ
ကြီးပါလေ ပြောနေ ဆုံးမှာမဟုတ်ပါဘူး။

အဲဒါမျိုးတွေဟာ ကိုယ်က နေရာမကျလို့ ဒဏ်ပေးခံရ
ဒါပေါ့။

ထိုကဲ့သို့ ကာယကံ သောင်းကျန်းမှု၊ ဝစီကံ သောင်းကျန်းမှုတွေကို မဖြစ်ကြစေဘဲ သတိကို ခိုင်မြဲစေလျက် ဩဘ်- တို့မှာ ဤလူ့ဘုံ လူ့ရွာလာပြီး တွေ့ဆုံကြရဒါဟာ ဘာမျှမကြာ အလွန်တိုလှတဲ့ ခဏခေတ္တ အခိုက်အတန့် ဘဝကလေးပါလား၊ မသေခင် ဒီခဏက နေ့ဘဝကူးလှ၍ ချမ်းသာထူးကြီးကို ရတဲ့အောင် ရှေးသူတော်ကောင်းတို့၏ အတုကို ယူဆောင်ပြီး တရားဉာဏ်ထူထောင်မိမှ အစဉ်သဖြင့် ဟန်ရတော့မှာပါကလား ဆိုတဲ့ သံဝေဂတရား အမြဲလက်ကိုင် ထားကြလေ။

သို့ကလို တရားအသိဉာဏ်ကြီး ဦးစီးမိပါက လောကနှင့်လည်း အချိုးကျ၊ ဓမ္မနှင့်လည်း အဆင်ပြေ၊ ဒုစရိုက်မှုတွေကိုလည်း ချေတာပြီး ဖြစ်တော့သည်။

ဤကဲ့သို့ အငေါက် အငန်း အချောက် အချမ်းတွေနှင့် တကွ ဆိုချင်ဒါတွေ ဆဲချင်ဒါတွေ ကဲ့ချင်ဒါတွေ လန်ချင်ဒါတွေကို ကြပ်ကြပ်ကြီး သည်းခံပြီး တရားဉာဏ်ကြီးနှင့် အနည်းနည်း ချေတာကြမှလဲ ရောမချမ်းသာကြီး ရကြမှာ နော်၊ (မှန်ပါဘုရား)။

ဒါကြောင့်–

(အငေါက်ကို ချေချေတာတာ၊ အချောက်ကို ချေချတာတာ၊ ဖရိုဖရဲ နှစ်ကိုယ်မကွဲရအောင် အဆိုအဆဲကိုလဲ ချေချေတာတာ)ဟု ရေးသားခဲ့ပေသည်။

သည့်မျှ မကသေးဘူး၊လောကမှာ စောင်းလိုက် မြောင်းလိုက် ချိတ်လိုက် ရိပ်လိုက်နှင့် ပစ်လုံး ခတ်လုံးဆိုတဲ့ စကားအဖြုန်းတွေကိုလဲ အများကြီး သုံးတတ်ကြလေသည်။

ထို စောင်းမှု ချိပ်မှု ဝါသနာစုဟာ အမှုသွားမှာ အရာသေးသလို ထင်ရပြားသော်လည်း အမှန်အားဖြင့် လျှာဖျားကလေးပေါ်မှာ ငရဲမျိုးကြီး တခု စိုက်ပျိုးမိလျက် နေတော့၏။

တယောက်နှင့် တယောက် စောင်းလိုက်ရလျှင် ချိတ်လိုက်ရလျှင် တယ် အရသာရှိတယ် ထင်ကြသကိုး တကာဗိုလ်ရဲ၊ (မှန်ပါ ဘုရား)။

အဲဒီ အရသာမျိုးကို ငရဲ အရသာကြီးလို့ မှတ်ရမယ်၊ (မှန်ပါ ငရဲအရသာကြီး အမှန်ဖြစ်ပါ ဘုရား)။

ပြီးတော့ကော အတင်းပြောမှု ဂုံးချောမှုတွေကလဲ ပေါလိုက်တာ လွန်ပါရော။

ဒီ အတင်းပြောမှုဆို တဲ့ကိစ္စကတော့ ယောကျ်ားများမှာတော့ အလုပ်အကိုင်တွေက အလွန် များပြားလှ၍ အားလပ်ခွင့် အချိန် သိပ်မရလို့ နည်းပါးချင် နည်းပါးလိမ့်အုံးမယ်၊ မိန်းမတွေကတော့ အားလပ်ခွင့် အချိန်များများရတဲ့သူတွေမို့ သာလို့ပင် များကြလိမ့်မယ်ထင်တယ် (မိန်းမအား အတင်းစကား၊ မိန်းမပျင်း အတင်းပြော) အဲဒါ ပကတိသဘော။

အတင်း စကားနှင့် မိန်းမများ ပါးစပ်ဟာ ခေတ်စာများ ဖြစ်လေရော့သလား မသိပါဘူး၊ ကြည့်စမ်းပါလား တချို့များ ပြောချင်အားကြီးနှင့် တံထွေးတွေများ သီးလို့။

ပြောချင်အားကြီးနှင့် တံထွေးတွေ သီးမှာပေါ့၊ ဆီမပါ ဆားမပါ အလွန်အရသာရှိတဲ့ အတင်းပြောမှု အရသာဟာ

လျှာပေါ်မှာ ငရဲမျိုးစေ့ကြီး စိုက်ပျိုးမိလျက် ဖြစ်လေသော ကြောင့် ဒီအရသာကြီးလဲ ငရဲအရသာကြီး တခုဘဲ မဟုတ် လား၊ (မှန်ပါ ငရဲအရသာကြီးပါ ဘုရား)။

ပကတိ ခေတ်ကြိုက် ပစပ်မိုက်က မဟလိုက် နေရော့၊ ဟ,လိုက်မှဖြင့် တရားစကားဆီ မဆိုက်ဘဲ ငရဲစကား၌သာ လိုက်ပါပျော်မွေ့ ခံတွင်းတွေ့နေတတ်သည်။

များသောအားဖြင့် တရားစကားကျ ပျင်းတတ် ရိတတ် ကြ၊ အတင်းစကားပြောရလျှင် လက်ကလေး တို့ခါ-တို့ခါ မေးကလေး ငေါ့ခါ-ငေါ့ခါ ဂေါင်းကလေး ငြိမ့်ခါ-ငြိမ့်ခါ နှင့် ဘယ်အခါမှ ပျင်းတယ်မရှိ၊ ရိပါတယ်မပြော၊ မောပါ တယ်မဆို၊ ငရဲလမ်းကြောင်း တယ်ဇွဲကောင်းကြသကို တကာ ဗိုလ်ရ၊ (မှန်ပါ ဇွဲကောင်းကြပါလိမ့် ဘုရား)။

အကျိုးစီးပွားနှင့်မယှဉ် ခုရောနောင်ခါ ချမ်းသာစီးပွား ပျက်ပြားဆုတ်ယုတ်ခြင်း တည်းဟူသော အပြစ်ကို မမြင်ကြ တော့ ထိုအတင်းပြောမှု စကားကို သရည်စာ သဖတ်စာ လောက်ထင်နေကြ ထင်ပါရဲ့။

အပြစ်ရှိသည်ဟူ၍မှ သဘောမထားကြသော ထိုအတင်း စကားဟာ ထိုသူများ၏လျှာပေါ်မှာ သရည်စာ သဖတ်စာ လိုဖြစ်နေ မဟုတ်လား၊ (မှန်ပါ သရည်စာသဖတ်စာ ဖြစ်နေ ပါ ဘုရား)။

ကြားဘူးသေးတယ်၊ မိန်းမ သုံးယောက် လမ်းလာရင်း အတင်းပြောလာ လိုက်ကြဒါ မောမှန်းမသိ၊ ပန်းမှန်းမသိ၊

ရွာထဲရှိရှိသမျှ ဘယ်သူက ဘယ်လိုလား၊ ညာသူက ညာလို လားနှင့် စကားမပြတ် အရှေ့ရပ်၊ အနောက်ရပ်၊ တောင်ရပ်၊ မြောက်ရပ် အနှံ့အစပ် တရွာလုံး ဒိုး ချင်း ခတ် သွားရော့ ဆိုဘဲ။

ဒီရွာထဲကုန် ဒီရပ်ထဲစုံတော့ စိတ်အာရုံ တဦးဆက်ပြီး ဟိုရွာ ဒီရွာတောင် ကူးစက်သွားလိုက်သေး ဆိုကိုး တကာ ဗိုလ်ရ၊ (မှန်ပါ ကူးစက်ပါလိမ့် ဘုရား)။

လမ်းတရှောက်လုံး ပြောလာလိုက်ကြဒါ စကားကြော မပြတ်တော့ဘဲ ရွာထဲရောက်လို့ ပဌမမိန်းမတယောက်က သူ့ အိမ်ပေါက်သူ တန်းခနဲဝင်သွားတော့တောင် ဟောဒီကောင် မလဲ သိပ်မညှဉ့်ဘူးအေ့လို့ ပြောလိုက် ပြန်သေးသတဲ့၊ တခါ ဒုတိယမိန်းမ တယောက်ကလဲ သူ့အိမ်ပေါက်ရောက်လို့ဝင် သွားလိုက်ပြန်တော့လဲ ဟင်း- သင်းလဲ တက်ခေဒါ မဟုတ် ဘူးလို့ ပြောပြန်ပါရော၊ သူတယောက်ထဲကျန်လို့ သူ့အိမ် ပေါက် သူရောက်သွားတဲ့အခါ အင်း-ငါကလဲ အာကာဘဲ ဟဲ့လို့ ပြောလိုက်သေးဆိုကိုး။

ရွာထဲ ရပ်ထဲမှာလဲ ပြောစရာမကျန်တော့ ကိုယ့်လူကိုလဲ မချန်၊ နောက်ပိတ်ဆုံး ကိုယ့်ကိုယ်ကိုတောင် နှိုက်လိုက်သေးတယ် ဆိုတော့ တော်တော် အနှံ့ချင်စရာကောင်းတဲ့ အလုပ်တခုဘဲ နော်....။

အဲဒါလို သူလဲသိပ်မညှဉ့် သင်းလဲတယ်မခေ ငါလဲအာကာ ဘဲဆိုတဲ့ အတင်းပြောမှုတွေကို တရံတဆစ်မဖြစ်စေဘဲ သတိ ကဲကြပါလေ သူတော်တွေတို့။

အလွန်ရခဲတဲ့ဘဝအမြတ် ပစပ်အဘိုးတန်ကလေးကိုအများ စကားစုတွေနှင့် အလွဲကိုအသုံးပြုမနေကြပါနှင့်၊ ‘တခုသော ရုပ်တရား၊ တခုသောနာမ်တရား ခေတ်သားချပြီး အနိစ္စက ဘယ်လို၊ ဒုက္ခဆိုဒါက ဘယ်အချက်၊ အနတ္တအနက်က ဘယ် သဘော၊ တယောက်နှင့် တယောက် ပြောဟောမှု အရေး၊ ဆွေးနွေးမှုတရပ် ရလာတဲ့ဒီပစပ် ထူးချွန်၍ မြတ်လေအောင် များများကြီး အသုံးချတတ်ကြပါစေ။

ထိုကဲ့သို့ စောင်းချင်ဒါတွေ ချိတ်ချင်ဒါတွေ မေးငေါ့ ချင်ဒါတွေ အတင်းပြောချင် ဒါတွေကိုလဲ တရားနည်းဖြင့် အများကြီးချွေတာမှ ရောမ ချမ်းသာကြီးရမှာ မဟုတ်လား၊ (မှန်ပါ ဒါတွေလဲ ချွေတာမှ နေရာကျပါလိမ့် ဘုရား)။

ဒါကြောင့်–

(အစောင်းကို ချွေချွေတာတာ၊ အချိတ်ကို ချွေချွေတာ တာ၊ ဆိမပါ ဆားမပါ လျှာအရသာထူးလို့မို့ လက်ကလေး တတို့တို့၊ မေးကလေးတငေါ့ငေါ့၊ ဂေါင်းကလေး တငြိမ့်ငြိမ့် နှင့် နှစ်သိမ့်စွာ မပျင်းမမောနိုင်ကြတဲ့ အတင်းပြောဒါကိုလဲ ချွေချွေတာတာ)ဟု ရေးသားပြဆိုခဲ့လေသည်။

ထို့ပြင်တပါး သတိထားရမည့်အချက်ကတော့ အချစ် ကိုလဲ ချွေတာ ကြရမယ်၊ အမုန်းကိုလဲ ချွေတာ ကြရမယ်၊ အချစ်ကိုမချွေတာကြလို့ ရောမဆင်းရဲကြီး တွေ့နေကြရတယ်၊ အမုန်းကိုမချွေတာကြလို့ ရောမဒုက္ခကြီး ရောက်နေကြရတယ်၊ ချစ်မှု၊ မုန်းမှု ဤနှစ်ခု အတွက်ကြောင့် အလုံးစုံသော ဘေး

အစုတွေဝိုင်းပြီး အထုအနှက် ခံနေကြရမဟုတ်လား တကာ ဗိုလ်ရ၊ (မှန်ပါ အထုအနှက်ခံနေကြရပါ ဘုရား)။

သူသူငါငါ သတ္တဝါတွေဟာ တဦးနှင့်တဦး တယောက် နှင့်တယောက် တွေ့နေကြတဲ့ အခါမှာ အပြုံးကြီး ပြုံးတတ် ကြတယ်၊ မတွေ့ကြတဲ့အခါကျတော့လဲ အမုန်းကြီးမုန်းတတ် ကြတယ်၊ အပြုံးကြီးပြုံးလို့ အမုန်းကြီးမုန်းရင်လဲ ခုပစ္စုပ္ပန် နှင့် နောင်သံသရာ နှစ်ဖြာစလုံးမှာ ကိုယ့်ကျိုး ကိုယ့်စီးပွား တွေ အရှုံးကြီး ရှုံးတတ်ကြတယ်။

ဤကဲ့သို့ သတိနှင့် ဆင်ခြင်၍ အပြစ်ကို သိမြင်ခဲ့ပါလျှင် ဥပမာ- တတင်းသားလောက် ချစ်မှာ တခွဲသားလောက်သာ ချစ်မယ်၊ တခွဲသားလောက် ရော့သွားတယ်၊ တတင်းသား မုန်းမှာ တခွဲသားလောက် မုန်းမယ် တခွဲသားလောက် ရော့ သွားမယ်၊ အဲဒီ ရော့သွားသလောက်ဟာ ပေါ့သွားဒါဘဲ မဟုတ်လားဟ- တကာဗိုလ်ရ၊ (မှန်ပါ ရော့သွားသလောက် ပေါ့သွားပါ ဘုရား)။

ပေါ့သွားရင်ဘဲ စိတ်အစဥ် ပျော့သွားမှုကြီးဟာ နဲတော့ ဒါမဟုတ်ဘူး။

ဒါ့ကြောင့် တွေ့ကြတဲ့အခါလဲ အရမ်းသိပ်မပြုံးလိုက်နှင့်၊ မတွေ့ကြတဲ့အခါ ကျတော့လဲ အရမ်း သိပ်မမုန်းလိုက်ကြနှင့်၊ တွေ့ရင်ပြုံးမယ် မတွေ့ရင် မုန်းမယ်ဆိုရင် တနေ့ကျတော့ အငြိုး အငြင် အကျိတ်အခဲတွေ စိတ်ထဲနှလုံးထဲမှာ အမြဲဝင်ပြီးရှုံ့ချင် တဲ့သဘောတွေ မဲ့ချင်တဲ့သဘောတွေ ရွဲ့ချင်တဲ့သဘောတွေလဲ အထွေထွေ ဖြစ်ပေါ်လာရီး မှန်တယ်။

သို့ဖြစ်လျှင် တဦးနှင့်တဦး အတုံ့တွေ အလှဲ့တွေ အချေတွေ အတင်တွေ မဖြစ်မနေ ကလဲ့စား ချေမှုတွေကလဲ မလွဲမုချ ကေန္တပါဘဲ။

သည်တော့ မြွေပွေးနှင့် မြွေဟောက် မာန်ပြိုင်ခါ ပေါက်ကြသလို တယောက်နှင့်တယောက် သင်းက စူးနှင့်ဖောက်လျှင် ငါက ဆောက်နှင့် ထွင်းချလိုက်မဟဲ့ ဆိုတဲ့ သဘောတွေလဲ အတင်းရော အဓမ္မရော ဆိုသလို ဒလဟော သောင်းကျန်းထကြွကုန်ရော မဟုတ်လား၊ (မှန်ပါ ဘုရား)။

အဲဒီလို တဦးကစူးနှင့်ဖောက်လျှင် တယောက်က ဆောက်နှင့်ထွင်းချင်ဆိုတဲ့ သဘောမျိုးတွေနှင့် အတိုင်တွေ အဖောက်တွေ အပြန်တွေ အလှန်တွေ အဆက်ကြောင်း တမျိုးနှင့် အချက် ကောင်းကောင်းကို ပြုံးနေခဲ့ပါလျှင် မျက်စောင်းထိုးမှုကြီးတွေလဲ ဘယ်တော့ ဆုံးကြတော့မလဲ။

မျက်စောင်းထိုးမှုတွေ ဖြစ်၍နေခဲ့ပါလျှင် ဆဲလားဆိုလားနှင့် ခိုက်ရန် ဖြစ်ပွါးမှုကြီးတွေကော မဖြစ်ဘဲ နေနိုင်ပါတော့မလား၊ (ရန်လဲ ဖြစ်ရပါရော ဘုရား)။

ကြပ်ကြပ် ဆင်ခြင်ကြနော်၊ မျက်စောင်းထိုး ဆိုဒါလဲ သူတပါးကို မထိုးမိဘဲ မိမိကိုယ် မိမိထိုးမိလျက် နေတတ်တယ်၊ ရန်ဖြစ်မှုဆိုဒါလဲ သည်အတိုင်းဘဲ၊ ကိုယ့်ကိုယ်ကို ရန်ဖြစ်လျက်နေတတ်တယ်၊ နေပုံက မိမိက ဒီဘဝမှာ မျက်စောင်းထိုးလိုက်လျှင် နောင် ဖြစ်လေရာဘဝ မြင်မြင်သမျှ သူတွေက

အကုသိုလ်အရိပ်ကျသဖြင့် မျက်စောင်းမထိုးဘဲ မနေနိုင်ကြ၊ ဝိုင်းအုံ၍သာ ထိုးကြရ၏၊ ဒီဘဝမှာ ရန်ဖြစ်လာလျှင်လဲ နောင် ဖြစ်လေရာ ဘဝမှာ အများသူတကာက အကုသိုလ် အရိပ်ကျသဖြင့် ရန်မဖြစ်ချင် မနေနိုင်ကြ ဝိုင်းအုံ၍သာ ဖြစ်ကြရသည်။

ပါးကြော နားကြောကြီးတွေ ဟိုဆွဲ ဒီဆွဲ ဆွဲသွားဒါကို ပြုံးတယ် မဲ့တယ် ရွဲ့တယ်လို့ ဆိုရသည်၊ အဲဒီ ပါးကြော နားကြောကြီးတွေလဲ ဟိုဆွဲ ဒီဆွဲ ဆွဲမသွားကြစေနှင့်၊မျက်ကြောကြီးတွေ ဟိုဆွဲ ဒီဆွဲ ဆွဲသွားဒါကို မျက်စောင်းထိုးတယ်လို့ ဆိုရသည်၊ အဲဒီမျက်ကြောကြီးတွေကလဲ ဟိုဆွဲ ဒီဆွဲ ဆွဲမသွားကြစေနှင့် ကြပ်ကြပ် သတိထားကြ။

ကဲ-ကိုယ့်ဘဲ ဘဝါဘဝမှာ မျက်စောင်းထိုး ခံရတယ်၊ ရန်ဖြစ်ခံရတယ်ဆိုတော့ ကိုယ့်မှာဘဲ ပြန်ကျမနေဘူးလား၊ (ကိုယ့် (ကိုယ်မှာ ပြန်ကျနေပါ ဘုရား)။

ဒီအမှုကြီးတွေဟာ ကိုယ့်မှာဘဲ ပြန်စီးနေ မဟုတ်လား၊ (ကိုယ့်မှာဘဲ ပြန်စီးနေပါ ဘုရား)။

ဘယ်သူမပြု မိမိမှု ဆိုဒါလို ကိုယ်ပြုတဲ့ အမှုကြီးတွေက ကိုယ့်အပေါ်မှာဘဲ ပြန်ကျ၊ ကိုယ့်မှာဘဲ ပြန်ပြီးဖိစီးတယ် ဆိုတော့ ဒီမျက်စောင်းထိုးမှု ရန်ဖြစ်မှုဆိုတဲ့ အလုပ် ပိုကြီးတွေဟာ ဖြစ်လေရာဘဝမှာ သိပ်အိုဒါဘဲနော်။

အင်း- ဒါဖြင့် ဒေါသကြီးတဲ့ အပျိုကြီး မမှုန် ရန်ဖြစ်သလို မဖြစ်ကြစေနှင့်နော်၊ (ဒေါသကြီးတဲ့ အပျိုကြီး မမှုန် ရန်ဖြစ်ပုံ အမိန့်ရှိပါဦး ဘုရား)။

အပျိုကြီး မမှုန် ရန်ဖြစ်ပုံမှာ သူဆိုလိုဒါကတော့ (ဟဲ့-နင်က ပါးညောင်းလို့ ဘိနပ်တောင်းတာလား၊ နင့်ပါးနှင့် ငါ့ဘိနပ် တွေ့ချင်လာခဲ့ဟဲ့) ဒီလို ဆိုလိုဒါပေါ့လေ။

ဒါပေမဲ့ သူရည်ရွယ်သလို ပါးစပ်က မဖြစ်လာတော့ဘဲ (ဟဲ့-နင်က ဘိနပ်ညောင်းလို့ ပါးတောင်းဒါလား နင့်ဘိနပ်နှင့် ငါ့ပါး တွေ့ချင် လာခဲ့ဟဲ့) အဲဒါလိုချည်း ဒေါသကကြီးလို့မို့ ဆိုချင်အားကြီးနှင့် ဆိုလိုက်ထာ၊ ဇောက်တီး ဇောက်ထိုး ပြောင်းတီးပြောင်းပြန်နှင့် ကိုယ့်စကားက ကိုယ့်ချည်း ပြန်ပြန်နှံ့လျက်နေ ဆိုဘဲဟ တကာဗိုလ်ရ၊ (မှန်ပါ ဒေါသကြီး ဆိုဒါ ဇောက်တီး ဇောက်ထိုး ဖြစ်တတ်ပါဘုရား)။

ကိုယ့်စကားက ဟန်မရတော့ ဒေါသကြီးကြီးနှင့် တခါတည်း မြေကြီး ခြေဆင်းပြီး ငိုလိုက်ကရောတဲ့၊ သူထိုင်လိုက်တဲ့ နေရာကလည်း ပရွက်ဆိတ်တွင်းပေါ် တဲ့တဲ့ မတ်မတ် ကျနေ၍ ပရွက်ဆိတ်တွေကလဲ ရဲလို့ဆိုဘဲ။

ပရွက်ဆိတ်ကလေးကလဲ ပရွက်ဆိတ်ဒေါသနှင့်ဘဲ ဆိုသလို သူတို့အပေါ်မှာ မခံချိအောင် သွားဖိမှတော့ တွေ့ကရ ဖမ်းပြီး အရမ်း ကိုက်ကြတော့ဒါပေါ့။

သည့်တော့ အပျိုကြီး မမှုန်က ရန်သူနှင့် တမျိုးကြုံလာပြန်တော့ အသားတွေ ဆတ်ဆတ်တုန်ပြီး (ငါ ငယ်စဉ် တောင်ကျေး ဆဲ့ ခြောက် နှစ် ရွယ် အပျိုပေါက်ကလေးတုန်းကတောင် ဘာတခုမှ မဖြစ်ခဲ့ဘူးဘူးဟဲ့၊ အခုအသက်လေးဆယ်ကျော်မှ ပရွက်ဆိတ် အဆော်ခံရ လေခြင်း

ဟဲ့) ဘာ့ပရွက်ဆိတ်ဟဲ့ ညာ့ပရွက်ဆိတ်ဟဲ့နှင့် ပရွက်ဆိတ်တွေပါ ထဲ့တောင် ရန်ဖက်ဖြစ်လိုက်သေးသတဲ့။

သူ့ပစပ်က ထွက်လေသမျှ စကားတွေဟာ သူ့အပေါ်မှာချည်း ပြန်စီးမနေဘူးလား၊ (မှန်ပါ သူ့အပေါ်မှာချည်း ပြန်စီးလျက်နေပါ ဘုရား)။

ထို့အတူဘဲ မျက်စောင်းထိုးမှု ဆဲဆိုမှု ရန်ဖြစ်မှုတွေလဲ စင်စစ်ကတော့ သံသရာမှာ ကိုယ့်အပေါ် ပြန်ကျ၊ ကိုယ့်အပေါ်ပြန်စီး ကိုယ်ဟာန်မရဘဲ့ ချည်းသာ ဖြစ်စေတတ်သောကြောင့် ကြပ်ကြပ်သည်းခံကြလေ။

အဲဒီပြုံးမှုတွေ မုန်းမှုတွေ တဲ့မှုတွေ မတဲ့မှုတွေ ရန်ဖြစ်မှုတွေ မျက်စောင်းထိုးမှုတွေကိုလဲ သတိကြီးစွာနှင့် ချွေတာလိုက်မှ ရောမချမ်းသာကြီးရမှာနော်၊ (မှန်ပါ ဘုရား)။

ဒါကြောင့်–

(အချစ်ကို ချွေချွေတာတာ၊ အမုန်းကို ချွေချွေတာတာ၊ တဲ့ကြတဲ့အခါ အပြုံးကြီးပြုံး၊ မတဲ့ကြတဲ့အခါ အမုန်းကြီးမုန်းလိုမို့ နှလုံးအသည်းကြေမလို အရှုံ့အမဲ့တွေနှင့် အတုံ့အလှဲ့ အချေအတင် သင်းက စူးနှင့်ဖောက်တော့ ငါက ဆောက်နှင့်ထွင်းချင်၊ အဲဒါလို တဦးနှင့်တဦး တယောက်နှင့်တယောက် အတိုင်အဖောက် အပြန်အလှန် အချက်ကောင်းငြိုးငြိုးပြီး မျက်စောင်းထိုး ဒါကိုလဲ ချွေချွေတာတာ)ဟုရေးသားခဲ့ပေသည်။

ယခု လောကကြီးမှာ ဂျပိုးပွတ်မှု သန်းတုတ်မှု ဆိုတဲ့ ပါဏာတိပါတ ဒုစရိုက်မှုတွေကလဲ အများကြီးဘဲရှိကြသေး မဟုတ်လား တကာဗိုလ်ရဲ၊ (ရှိကြပါ ဘုရား)။

ဒီအလေ့ကြီးဟာ လူ့လောက ကြီးမှာ အလေ့ရိုးကြီး ဖြစ်နေကြပြီ၊ သို့ကလို အလေ့ရိုးကြီးလို ဖြစ်နေကြသော်လဲ အလွန်ဆိုးတဲ့ အလေ့ဆိုးကြီးတခုဖြစ်တယ်။

ဂျပိုးပွတ်လို့ သန်းတုတ်လို့ဖြင့် အပြစ် မရှိသလောက်ဘဲ အထင်ရောက်နေကြ ထင်ပါရဲ့။

စင်စစ်ကတော့ ဂျပိုးပွတ်လိုက်ထာမှာ လက်မနှင့်လက်ညှိုး က ငရဲမျိုးစေ့ကြီး စိုက်ပျိုးလိုက်ထာဘဲမဟုတ်လား၊ (မှန်ပါ ငရဲမျိုးကို လက်ညှိုးနှင့် စိုက်ပျိုးဒါပါ ဘုရား)။

သန်းတုတ်ဆိုဒါလဲ လက်သဲနှစ်ခုက ငရဲမီးကြီး ရှဲခနဲ ထ, တောက်လိုက်ဘာဘဲ မဟုတ်လား၊ (မှန်ပါ လက်သဲ နှစ်ခု အကြားက ငရဲမီးကြီး ဘွားခနဲတောက်လာပါ ဘုရား)။

မြင်ဘူးလား၊ တချို့တကာမများ သန်းကလေးတုတ်လိုက် တဲ့အခါ ဂျိုးခနဲ ဂျွတ်ခနဲ မြည်သွားဒါကိုဘဲ သူ့စိတ်ထဲမှာ အရသာရှိရှာလွန်းလို့ ထင်ပါရဲ့ သရည်တွေများ တန်းခနဲ တောင် ကျလာလိုက်သေးတယ်။

အဲဒီ သရည်ကို ငရဲသွား သရည်လို့ မဆိုရပေဘူးလား၊ (မှန်ပါ ငရဲသွားသရည်ပါ ဘုရား)။

သည်းမခံနိုင် လောက်အောင် ကိုက်လှလျှင်လဲ အသာ ကောက်ပြီး သင့်တော်တဲ့နေရာ လွှတ်လိုက်ကရောပေါ့၊ ကိုယ့်

အကိုက်ငြိမ်းလျှင် ပြီးဒါဘဲ၊ ဒီလိုတော့ မဟုတ် သေးဘူး၊ အလေ့ရိုးကြီး အလေ့ဆိုးကြီးက တုတ်လိုက်ရဦးမှ ကြေနပ် သတဲ့။

တချို့များ သန်းကလေးကောက်ပြီး လက်ညှိုးနှင့် လက်မ ကြားမှာ ဟိုလိမ့် ဒီလိမ့်နှင့် လိမ့်နေလိုက်ထာ အကြာကြီးဘဲ၊ သူ့ခမျာမှာ ပက်လက်တမျိုး မှောက်လျက် တဖုံ ဂွမ်းထိုး ဂွမ်းပြန်နှင့် ဘယ့်ကလောက် အခံရခက်ရှာမယ် မသိဘူး၊ ခြေ ထောက်ကလေးတွေကြေ၊အစွယ်ကလေးတွေပြုတ်နှင့်အတော် ဒုက္ခရောက်ရှာလိမ့်နော်။

အဲဒီလို ဟိုလိမ့် ဒီလိမ့် လိမ့်နေဒါဟာ လုံးခု လုံးခုဆိုတဲ့ လက်အရသာခံချင်ရှာလို့ ထင်ပါရဲ့၊ဒီအရသာမျိုးလဲ ငရဲအရ သာဘဲ မဟုတ်လား၊ (မှန်ပါ ငရဲအရသာကြီးပါ ဘုရား)။

မေတ္တာစေတ် ကင်းလိုက်ကြဒါ၊ သန်း, ဂျပိုး ကိုတော့ ကစားအိုးကစားခွက်ကလေးလို ထင်နေကြပြီး၊ သန်းကလေး ဘဲ ဂျပိုးကလေးဘဲလို့ ပမာနမထားဘဲ ကစားအိုးကစားခွက် လောက်ထင်ကြလျှင် စိတ်သာချတော့ ငရဲကျ ကစားပြလိုက် လိမ့်မယ်။

သန်းကလေး ဂျပိုးကလေးရယ်လို့ အသေး အမွှားမို့ မလေးမစားပြုလုပ်လျှင် တော်တော်ကြာ အကြီးအမားကျ တော့လဲ တဖြေးဖြေး မီးပွားလာတတ်လေသည်၊ သတိထား ၍ စဉ်းစားဆင်ခြင် ကြပါလေ။

ဘယ်နေရာမျိုးမဆို အကုသိုလ်စု မကောင်းမှု အရာမှာ အစတကြိမ်သာအပြုခက်၍ နောက်အဆက်ဆက်မှာ လွယ်ကူ

စွာ ဖြစ်တတ်လေ၏၊ အစတကြိမ်တခါမှာတော့ ရှက်သလိုလို ကြောက်သလိုလိုရှိတတ်သေးသည်၊ နောက်မှာ ရှက်လဲမရှက်တော့ပြီ၊ ကြောက်လဲမကြောက်တော့ပြီ။

သို့ကလို မကောင်းမှု အရာမှာ အစ အကြိမ်အခါသာ ခဲယဉ်း၍ နောက်အကြိမ်အခါမှာ မခဲယဉ်းတော့ဘူး ဆိုဒါဟာ ပကတိလူတို့၏ စိတ်သဘောဟာ တကာဗိုလ်ရ၊ (မှန်ပါ ပကတိ စိတ်သဘောကြီးပါ ဘုရား)။

ဒါကြောင့် လူ့စိတ်သဘောဟာ မကောင်းမှု အရာမှာ ပဌမတခါသာ ဝန်လေးသလိုလိုဖြစ်တတ်၍ နောက်မှာ အခါ တရာမက ဝန်မလေးတော့ဘဲ လွယ်လင့် တကူ ဖြစ်တတ်ကြ လွန်းလို့ သန်းတုတ်မှု ဂျပိုးပွတ်မှုကစပြီး ရှောင်ကြဉ်ကြပါလို့ အထူး သတိပေးရသကို တကာဗိုလ်ရ၊ (မှန်ပါ သတိပေးမှ နေရာကျပါလိမ့် ဘုရား)။

**အချုပ်လင်္ကာ မှတ်သားစရာကား**

မကောင်းမှုမှာ၊ စ သာကြောက်ရှက်၊ တကြိမ်ခက်၏၊
နောက်တဆက်မူ၊ ပြုလွယ်ကူသည်၊ မှတ်ယူလူ့စိတ်
သဘောတည်း။ (သတိထား၍ စဉ်းစားကြလေ)။

ထိုကဲ့သို့ အလေ့ရိုးကြီးတွေ အလေ့ဆိုးကြီးတွေကို မဖြစ်ကြစေဘဲ သန်းဥ တုတ်မှု, ဂျပိုးပွတ်မှုတွေက စပြီး ချွေတာကြမှလဲ ရောမချမ်းသာကြီး ရကြမှာနော်၊ · (မှန်ပါ ဘုရား)။

ဒါ့ကြောင့်–

(အလေ့ရှိုးကို ချွေချွေတာတာ၊ အလေ့ဆိုးကို ချွေချွေတာတာ၊ ဂျပိုးပွတ်ထာတွေ အရမ်းမလုပ်ကြပါနှင့် ဂျိုးဂျွတ် အရသာခံခါ နှုတ်ခမ်းကလေး လှုပ်လှုပ်ပြီး သန်းတုတ်ထာကို လဲ ချွေချွေတာတာ) ဟု ရေးသားပြဆိုခဲ့ပေသည်။

ထို့ပြင်တချက် ချမ်းသာမှု စိတ်အစဉ်ကို ဖျက်ဆီးတတ်သော စွဲမှုတွေ လန်းမှုတွေ ငြိမှုတွေ တွယ်မှုတွေလဲ အများကြီးဘဲ ရှိတတ်ကြလေ၏။

မြွေသည် ဘားကို ခဲမိသကဲ့သို့ မလွှတ်နိုင်ဘဲ ထိုအာရုံထဲ၌ အစွဲပြင်းထန် ဥပါဒါန်ကြီးဖြစ်လျက် ဖိစီးနှိပ်စက်ခံနေရလျှင် အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်၍ နှင်ထုတ်ဘို့တောင် အလွန်ခဲယဉ်းနေတတ်သည်။

လောကမှာ ပယောဂစွဲကပ်၍ ထိုအစွဲဓာတ် ပြင်းထန်ပြီး အလွန်ရင့်သန်နေခဲ့ပါလျှင် ဆရာတွေ အထုတ်ခက်သဖြင့် ရှုတ်တရက် မလွယ်ကူအောင် ဖြစ်နေတတ် မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ စွဲမိရင် အထုတ်ခက်တတ်လှပါဘုရား)။

ဇီးဆူးဘောင်ပွဲဆူးကလေးများလဲ အမြင်မှာ သေးသော်လည်း အလေးမပြု ဂရုကင်းဘိ သတိမရှိ၍ ငြိမိလျှင်ကော ဘယ့်ကလောက် အဖြုတ်ရခက်သလဲ၊ (အလွန် အဖြုတ်ရခက်ပါဘုရား)။

သို့ကလို အထုတ်ခက် အဖြုတ်ခက် မဖြစ်ရလေအောင် အာရုံတခု၌ စွဲငြိမှုဖြစ်ပေါ်လာလျှင် သင့်လျော်စွာ တရား

နည်းနှင့် တားဆီးခါ ရင့်သန်လာအောင် လက်မခံဘဲ အမြန် တော်လှန် ပစ်လိုက်ရမယ်။

ဘယ်လို အမြန်တော်လှန်လိုက်မလဲ ဆိုလျှင် သူတော် ကောင်းမှန်သမျှ အိပ်မက် သဘောလို မြင်ကြရလိမ့်မယ်၊ အိပ်မက်ဆိုဒါ တကယ်ဟုတ်ထာမျိုး မဟုတ်ဘူး၊ ဥပမာ အိပ်မက်ထဲမှာ အလွန် နှစ်သက်စရာကောင်းသော ဝင်းဝင်း ဝါဝါ ရွှေတုံးကြီးတခု ကောက်ရတယ် ဆိုပါတော့၊အဲဒီရွှေတုံး ကြီးဟာ တကယ်ဟုတ်ရဲ့လား၊ (တကယ် မဟုတ်ပါဘူးရှား)။

တကယ်မဟုတ်လျှင် ထိုဝင်းဝင်းဝါဝါ ရွှေတုံးကြီးဟာ စွဲလမ်းစရာ ငြိတွယ်စရာ ရှာမရတော့ဘူးပေါ့။

ဘယ်ရှာလို့ ရတော့မလဲ အိပ်မက်ထဲတွင် ထင်ရှိသာထင်ရ တဲ့ စိတ်ထင်စိတ်မြင် ရွှေတုံးကြီးကိုး တကာဗိုလ်ရ၊ (မှန်ပါ စိတ်ထင်ရုံ ရွှေတုံးကြီးပါဘူးရှား)။

အဲဒါလိုဘဲ ဘာထူးသေးသလဲ ဒါပါဘဲ ဒါပါဘဲနှင့် ထင်လာသမျှအာရုံတွေဟာ စိတ်ထဲတွင်သာ အမှန်ဟုတ်တယ်၊ စိတ်ပြင်မှာပါး တခြားမှာရှာလို့မရဘူး၊ စွဲစရာ ငြိစရာတွေ ဟိုမှာလိုလို ဒီမှာလိုလို အပိုအမို ထိုထိုအကြံ အသမုတ်တွေက အမှန်မဟုတ်ဘူး၊ အမှန်ဟုတ်ထာက နာမ်နှင့်ရုပ်၊ သို့ကလို အိပ်မက်ရုပ်နှင့်ဖျောက်လျှင် အမှန်မဟုတ်ထာတွေ ပျောက်ရ လေ၏။

စွဲစရာအသွင် ငြိစရာအသွင် စိတ်ထင်တဲ့ အချက်တွေကို အိပ်မက်ရုပ်နှင့် ဖျက်ချလိုက်လျှင် အမှန်မလွဲ ပျက်ကြရမြဲ ဖြစ်လေ၏။

တရားတခုကို လက်ကိုင်သုံးလျှင် အကုန်လုံး အဆင်ပြေနေရာတိုင်း အချိုးကျ၊ ဟောဒါမှ အဟုတ် သုခ, တကယ့်သုခ၊ ဩြော်- ချမ်းသာလေစွ ကောင်းလေစွ။

ဤအချက်ကို လေးနက်စွာ ဆင်ခြင်မိပါက ဘယ်ကိစ္စအတွက်နှင့်မှ သိပ်ပူစရာ မလို၊ ဒီ ဘဝမှာ တရားမသိမှာ တခုသာ တကယ်ပူစရာကောင်းတော့ မဟုတ်လားဟု တကာဗိုလ်ရ၊ (မှန်ပါ တရားမသိမှာ တခုသာ ပူစရာကောင်းပါတော့ ဘုရား)။

ဤအရေးကို လေးနက်စွာ တွေးမိပါက ဘယ်အရေးမှ သိပ်ကြီးစရာ မလို၊ ဒီဘဝမှာ တရားမသိမှာ တခုသာ အရေးကြီးဘို့ လိုတော့ဒါဘဲနော်၊ (မှန်ပါ တရားသိဘို့ တခုသာ အရေးကြီးလှပါဘုရား)။

ဘယ်သူ တွေလဲ ဘယ်လို နေဒါဘဲ၊ ဘယ်သူ တွေလဲ ဘာတွေလုပ်နေဒါဘဲလို့ သူခိုး သေဘော်ညို ဆိုဒါလိုမဟုတ်တဲ့သူတွေကိုလဲ တုပ, မနေကြနှင့်နော်။

မဟုတ်တဲ့ နေရာတော့ သူတပါးကို ကြောင့်ကြ,သူများကို တုပ, ပြီး၊ တယ် သူခိုးသေဘော်က ညှိတတ်ကြသေးဒါကိုး တကာဗိုလ်ရ၊ (မှန်ပါ သူခိုးသေဘော်ညှိတတ်ကြပါဘုရား)။

အဲဒီလို သူခိုးသေဘော် ညှိနေကြလျှင် ဘယ်တော့မှ ချမ်းသာထူးကြီး ရကြတော့မှာ မဟုတ်ဘူးနော်။

ဒါ့ကြောင့် ဘယ်သူတွေ ဘယ်ဝါတွေကို တုပ, ၍ တွေးမနေကြနှင့်၊ ငေးမနေကြနှင့်၊ ကိုယ့်သဏ္ဍာန်မှာ နေရာမကျ

လှတဲ့ ငယ်မူကလေးတွေ ငယ်ရာကလေးတွေ ဟူသမျှကို တဖြေးဖြေး တစတစ ချွေတာပစ်လိုက်ကြ။

ငယ်မူငယ်ရာ ကလေးတွေ ဆိုဒါ ကောင်းဒါကလေးမှ စားချင်ကြတယ်၊ ကောင်းဒါကလေးမှ ဝတ်ချင် ကြတယ်၊ အသွယ်သွယ် အဖြာဖြာ အခါခါ အရာရာမှာ ဘာဘာညာညာတွေပေါ့လေ။

ဘယ်နေရာမဆို ဘာမှ မလိုတော့ပါဘူး၊ ငယ်မူငယ်ရာ ကလေးတွေဆိုမှဖြင့် ကုန်ရောပေါ့ တကာဗိုလ်ရ၊ (မှန်ပါ ကုန်ပါရော ဘုရား)။

အောင်မယ် ငယ်မူငယ်ရာများကို ချွေတာကြရမယ်ဆိုတဲ့ စကားက အပြောမှာသာလွယ်၍ တကယ်ဆိုတော့ တယ်-လွယ်ကူပုံမရဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အရင်တုန်းကထန်းရေစွဲနေသော လူတယောက်ဟာ ရောဂါတွေ ဝေလာမဆန့် ဖြစ်လျက် မျက်ဖြူဆိုက်ပြီး သေခါနီးတောင် ထန်းရေခွက်ကို ရောင်ရမ်း ပြောဆိုသွားသေးသတဲ့။

ဖြစ်ပုံက သေရတော့မှာလဲ အမှန်ဘဲ အသက်ကလဲ မထွက်နိုင်၊ သမီးတွေနှင့်မယားက အနားက လက်မှိုင်ချ၍သာ နေကြရာ မကြာမီ အမေဖြစ်သူက ဟဲ့-သမီးတို့ နင်တို့အဖေ မသေခင်ငါ့ကိုနှစ်ကိုယ်ကြားစကား ဘာများပြောချင်လို့မှန်းမသိဘူး၊ နင်တို့ ခဏ အခန်းအပြင်ဘက် ထွက်လိုက်ကြစမ်းလို့ သမီးတွေကို ခဏနှင်ထုတ်လိုက်သပေါ့လေ။

ထိုအခါ မယားက အနားကထိုင်ပြီး အကဲခတ်နေစဉ် ငနဲ့ဓာတ်က သောက်နေကျ ခွက်ကလေးဆီသို့ လှမ်းတဲ့လှမ်းတဲ့

ကြည့်လိုက်ထာကို အကြောင်းကိုသိသူက ဩဩ်-ဒါကြောင့် ကိုးလို့ သတိရ၍ သူသောက်နေကျ ခွက်ကလေးကို ပြလိုက်တော့မှ ခွက် ခွက် ခွက် ဆိုပြီး အသက်ထွက်သွားရှာသတဲ့။

တယ် ဆိုးတဲ့ခွက်ကိုး တကာဗိုလ်ရ၊ (မှန်ပါ သိပ်ဆိုးတဲ့ ခွက်ကလေးပါ ဘုရား)။

အဲဒီလို မဖြစ်ကြရလေအောင် မသေမီခဏ ကျန်းမာစဉ် အခါကပင် ကိုယ့်ရှင်ကို တရားနှင့်ဆုံးမပြီး စွဲလမ်းမှုတွေ ငြိတွယ်မှုတွေ အစစ အရာရာ ယပ်မူယပ်ရာ ကလေးတွေ အထွေထွေ အလာလာကို ချွေတာကြမှလဲ ရောမချမ်းသာကြီး ရကြမယ်ဟာ တကာဗိုလ်ရ၊ (မှန်ပါ ဘုရား)။

ဒါ့ကြောင့်–

(အစွဲကို ချွေချွေတာတာ အငြိကိုချွေချွေတာတာ စွဲမိရင် အထုတ်ခက်, ငြိမိရင် အဖြုတ်ခက် ရုတ်တရက် မလွယ်ကူ၊ ဘယ်အပူ ဘာအရေး၊ ဘယ်နမူနာ ဘာကလေးရယ်လို့ ဘယ်သူ ဘယ်ဝါ ဘယ်ဘယ်ဟာကိုမှ တွေးမနေနှင့်တော့၊ ယပ်မူ ယပ်ရာကလေးတွေကိုလဲ ချွေချွေ တာတာ ) ဟု ရေးသားပြဆိုခဲ့ပေသည်။

မိမိကိုယ်ကို မိမိ အထူးသတိထား၍ စဉ်းစား ဆင်ခြင်ရမည့်အချက်က စိတ်နေစိတ်ထား ညံ့ဖျင်းမှုအတွက် ပွင့်လင်းမှု မပေါ် မထွက်လာသည်တို့ကို တင်ကြို၍ သိထားကြရမည်။

မည်သည့်အမှု မည်သည့် ကိစ္စမျိုးမဆို စိတ်ဓာတ်၏ တွန့်တိုမှု တုန့်လှုပ်မှု ဆုတ်ယုတ်မှု အားပျော့မှု အားရော့မှု ဟူသမျှ သည် မူလသဘော ညံ့ဖျင်းမှုတွေချည်းသာတည်း။

သူတပါးက မြှောက်လျှင် မြှောက်ခြင်း၊ သူတပါးက ချောက်လျှင် ကြောက်ခြင်း၊ သူတပါး ပြောလျှင် ရုတ်တရက် ပြောလိုက်တိုင်း ယုံကြည်ခြင်း စသည်တို့လည်း ဓာတ်ရင်း ညံ့ဖျင်းမှုသာ ဖြစ်၏။

တစုံတခု အမှုကိစ္စကို ပြုလုပ်ရမည် ဆိုလျှင် ငြိုငြင်ခြင်း ဖြစ်တတ်၏၊ မြန်မြန်ထက်ထက်မရှိ လေးလေးဖင့်ဖင့် ရှိတတ်၏။ အားတိုက် အင်တိုက် မရှိ အလွန် ပေါ့လျော့တတ်လေ၏။

ဩြ- ပကတိစိတ်ဓာတ် ညံ့ဖျင်းပြီ ဆိုမှဖြင့် ဘယ်သင်းမှ ဟန်မရတော့ဘူး ထင်ပါရဲ့ တကာဗိုလ်ရ၊ (မှန်ပါ ဘယ်သင်းမှ ဟန်မရတော့ပါ ဘုရား)။

ဘယ်ဟာမဆို ဘာကိုလုပ်လုပ် နောက်ဆုတ် နောက်ဆုတ်နှင့် မရောက်ခင်က ခြေဆင်း၊ မနင်းခင်က အပူထုတ်၊ မလုပ်ခင်က မဖြစ်နိုင်ပါဘူး ပြောလိုပြော၊ သူနှင့် တွေ့ရဒါ ပျင်းကြောကြီးဟာ ပိုပြီး တင်းလာသေးတယ်။

ဥပမာ- သမထကမ္မဋ္ဌာန်းကို အားထုတ်တယ် ဆိုပါတော့၊ ပဋိဘာဂ နိမိတ်ဆိုဒါ ထားလိုက်ပါဦး၊ ဘယ်ဟာက ပရိကမ္မ နိမိတ် ဘယ်ဟာကဥဂ္ဂဟနိမိတ်ရယ်လို့ အရိပ်ကလေးမှ မပေါ် လာသေးဘူး၊ မထင်လာသေးဘူး၊သူတပါး ပြောသံကြားနှင့် ဘာကြီးလိုလား ညာကြီးလိုလား အာရုံတွေထွေထွေပြားပြား သူ့စိတ်က သွားယူထားနှင့်ပြီး ဝိပဿနာကမ္မဋ္ဌာန်း အားထုတ် ပြန်တော့လဲ ရုပ်တရားက ဘယ်အစား၊ နာမ်တရားက ဘယ်

သဘော၊ ဝိပဿနာဇောကဖြင့် ဘာတခုမှ မစောရသေးဘူး၊ သောတာက- ပန်နေနှင့်ပြီ၊အဲဒါ- မရောက်ခင် ခြေဆင်းနေဒါ နှင့်မတူဘူးလား၊ (တူလှပါ ဘုရား)။

သည်တွင်က ချင့်မလား၊ အားထုတ်တာကဖြင့် ကြက် တကုတ်လောက်မှ မကြာသေးဘူး၊နိဗ္ဗာန်ထုတ်ထုတ်ထိ ရောက် အောင် ငါပေါက်ပြီ ငါပိုင်ပြီ ငါမြင်ပြီ-ဟု ဝိညာဉ်လိမ်နှင့် အားရတင်းတိမ်နေတတ်သေးတယ်။

အဲဒီလို ဝိညာဉ်လိမ်နှင့် အားရတင်းတိမ်ပြီး အထင်ကြီး နေခဲ့လျှင် မနင်းခင်က အပူထုတ်နေဒါနှင့် မတူဘူးလား၊ (မှန်ပါ အလွန်တူလှပါ ဘုရား)။

ခရီးသွားတဲ့ မိန်းမပျင်း အိမ်တွင်းက ထွက်မယ်မှ မကြံ သေးဘူး- ခြေဆင်းနှင့်ဒါက အရင်ဆိုသလို၊ လက်ပန်တန်းက အနင်းသယ်- နင်းမယ်မှ မကြံသေးဘူး အပူ ထုတ်နှင့်ဒါက အရင်ဆိုသလို ဖြစ်တတ်လှသည်၊ ထိုထိုကိစ္စ ကြပ်ကြပ် သတိ ရှိကြလေ။

ခရီးသွားပျင်းတဲ့ မိန်းမပျင်းဟာ- မရောက်ခင်မှာ ခြေ ဆင်း၍ ပျင်းနေခဲ့ပါလျှင် လိုရာခရီး ရောက်နိုင်ပါတော့ မလားဟ တကာဗိုလ်ရ၊ (မရောက်ပါ ဘုရား)။

လက်ပန်တန်းက အနင်းသယ် ရေရေ လယ်လယ် ပတ်ပတ် နပ်နပ် နင်းမယ် မကြံခင် အပူက အရင် ထုတ်နေရင်ကော၊ အပူက ထွက်ပါ့မလား၊ (မထွက်နိုင်ပါ ဘုရား)။

ဒါလိုဘဲ တကာဗိုလ်တို့ ဝိပဿနာ အလုပ်သူ၊ ဝိပဿနာ အလုပ်သား၊ တရားသမားတွေလဲ- မိန်းမပျင်းလို ခြေဆင်း

မစောကြစေနှင့်၊ လက်ပန်တန်း အနင်းသယ် တေတ်လို အပူထုတ် မစောကြစေနှင့်။

မရောက် ရောက်အောင်သွားပြီးမှ ခြေဆင်းရုံမက စိတ်ချ လက်ချ အိပ်ရ၏။ ရေရေလယ်လယ် ပတ်ပတ်နပ်နပ် နင်းပြီးမှ ကျကျနန အပူ ထုတ်ရ၏၊ တရားကို မသိ သိအောင် အားထုတ်ထာက မရောက် ရောက်အောင် သွားသည်နှင့် တူစေ၊ ရသင့်ရထိုက်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် ရထိုက်ထာက စိတ်ချ လက်ချ အိပ်ရသည်နှင့် တူစေ၊ ဆရာသမားများထံ သေသေချာချာ နည်းယူခံဒါက, ရေရေလယ်လယ် ပတ်ပတ် နပ်နပ် နင်းသည်နှင့် တူစေ၊ မိမိ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် ကပ်ရှုလျက် ကြိမ်ဖန်များစွာ အားထုတ်ပွားများဒါက, ကျကျ နန အပူထုတ်သည်နှင့် တူစေ။

ရေရေ လယ်လယ် ပတ်ပတ် နပ်နပ်ကြီး နင်းပြီးမှ အပူ ထုတ်ထာတောင် ဒီအပူဟာ ဟိုကပ်နေ ဒီထစ်နေနှင့် သူ ကောင်းကောင်း မထွက်လိုဘူး ဟာ တကာဗိုလ်ရ၊ (မှန်ပါ ဟိုကပ် ဒီထစ် ဖြစ်တတ်ပါဘုရား)။

အင်း- သက္ကာယဒိဋ္ဌိ အပူကလဲ ချောချော မောမော မထွက်ဘဲ ဟိုနေရာကပ် ဒီနေရာထစ်နှင့် ဖြစ်နေကြအုံးမနော်။

သို့သော် ဝိပဿနာဉာဏ် နာမ်ရုပ်နှင့် ချေချေ နယ်နယ် ကျေကျေလယ်လယ် တကယ် နင်းထုတ်လိုက်ရလျှင် သင်း- ဘာ ခံနိုင်မလဲ၊ သက္ကာယဒိဋ္ဌိ အပူကလေး ထွက်ပြေးရမှာ အမှန်ဘဲ။

ကောင်းမြတ်သော ဆန္ဒနှင့် လွန်ကဲသော လုံ့လဝီရိယကို သာ မလျှော့ကြနှင့်၊ မပေါ့ကြနှင့်၊ မလုပ်ခင်က မဖြစ်နိုင်ပါဘူး ဆိုတဲ့ စိတ်ဓာတ်ကို လုံးလုံး လက်မခံကြနှင့်။

ညံ့ဖျင်းသောဆန္ဒ ညံ့ဖျင်းသော ဝီရိယရှိနေပါက မဟုတ်ချင်တော့ မလုပ်ခင်က မဖြစ်နိုင်ပါဘူး၊ ဖြစ်မထင်ပါဘူးဟူ၍ မဖြစ်နှင့်ဒါကအရင်၊ ဟောဒါလို ဆင်ခြေတွေ ဝင်လာတတ် သေးသကို တကာဗိုလ်ရ၊ (မှန်ပါ မဖြစ်ထာက အရင်ကျကျ နေတတ်ပါ ဘုရား)။

အဲဒါလိုဖြစ်မထင်ပါဘူး လုပ်နေလျှင် ဘုန်းကြီးတပါးနှင့် တကာတယောက် လမ်းခရီးရှောက်နေတုန်း ဗြုံးခနဲဆို ခွေးရူးကအနီးရောက်လာ၍တကာကတော့ အနားမှာရှိတဲ့သစ်ပင်ကို မှီရာကနေပြီး တုလုကလေးဆွဲနေလိုက်တော့ ခွေးရူးဘေးက လွတ်ကင်းသွားဒါပေါ့၊ ကိုယ်တော်ကျော့ မှာတော့ ဖြစ်မထင်ပါဘူးလုပ်နေဒါနှင့် ဖြုတ်ဆို ခွေးရူးက လက်ချက်ဦး သွားပါရော။

တကယ်ဆို ခွေးရူးကိုလဲ အထင်အရှားအမြင်သား သစ်ပင်ကလဲ အနီးအပါးအရှိသား၊ အကိုင်းအခက် တွေကလဲ လက်တလှမ်း၊ ဒီခွေးရူးဘေးလောက်ဖြင့် လက်ကလေး လှမ်းတဲ့ပြီး တုလုကလေး ဆွဲနေလိုက်ရုံနှင့် အလွတ်လောက်သား၊ အဲဒါကိုဘဲ ရီးတီးယားတား ဖြစ်မထင်ပါဘူးလုပ်နေဒါနှင့် ခွေးရူးပြန်ပြီး မာလကစျာန်ကြွတော်မူရရှာသတဲ့။

သို့ကလို မဖြစ်ကြရ လေအောင် မရောက်ခင်ကလဲ ခြေမဆင်းကြနှင့်၊ မနင်းခင်ကလဲ အပူမထုတ်ချင်ကြနှင့်၊ မလုပ်

ခင်ကလဲ မဖြစ်နိုင်ပါဘူးဆိုတဲ့ စိတ်ဓာတ်တွေကို ဖြုတ်၊ ဘာ မဟုတ်တဲ့ အာရုံစုတ်, အာရုံနုပ်, အိပ်မက်ရုပ် ကလေးတွေ အတွက်နှင့်လဲ စိတ်မညစ်စေဘဲ စိတ်မရှုပ်စေဘဲ စိတ်ဓာတ်ကို တရားဘက်ဆွဲပြီး၊ အဲဒါတွေချေတာမှလဲ ရောမှချမ်းသာကြီး ရမှာဟ တကာဗိုလ်ရ၊ (မှန်ပါဘုရား)။

ဤအရာမှာ မရောက်ခင် ခြေဆင်း၊ မနင်းခင် အပူထုတ် မျိုးလည်း မဖြစ်ကြရလေအောင်၊သူ့ဟာကဟုတ်, ငါ့ဟာက ဟုတ်နှင့် စကားလည်းမရှုပ်ကြရလေအောင် ဝိပဿနာအလုပ် လမ်းမှန်ကို ဝေဘန်စစ်ဆေးလျက် တေးထပ်နှင့် မှတ်ချက်ချ ပြလိုက်ဦးအံ့။

## စစ်ဆေးချက် မှတ်ချက်တေးထပ်

ကျမ်းဂန်လာ ပါဠိက စာအရှိဘယ်လို၊ ဝါဝိလို့ညာတတ် ထာကို စာပဿနာဆိုစို့၊ အနိုင်ရဘို့ အတင်းကပ်ထာ ငြင်း ပဿနာ မှတ်ကြဤသို့။ ။မနောဓာတ်ဇောမြတ်မပါ ပြော ပဿနာ အချို့၊ ရောစပ်ခါ ဟိုတချို့နှင့် သည်တတွဲလိုက်ပါ။ ဟုတ်ပါ မှန်ပါ ဆွဲရာရပြန်တော့ အဲဒါက ရောပဿနာ။ ။ ဤလေးချက်. လွန်မြောက် ကွာအောင်၊ အစဥ်လျှောက်ခါ အဟုတ်ဉာဏ်လှစ်ပေတော့၊ ရုပ်နာမ် အစစ် ယတိပြတ်အသာ ကြံ ဝိပဿနာမှန်။ ။တုစ္ဆနှင့် သုညတံမှာ၊ ဆုံကြ မှန်-မမှန် စစ်ဆေးရလိမ့်လေး။

ဤမှတ်ချက် စေးထပ်တွင်ပါရှိသော (ပဿနာ) အရ၊ သရုပ်ပြရလျှင်– (၁) စာပဿနာ၊ (၂) ငြင်းပဿနာ၊ (၃) ပြောပဿနာ၊ (၄) ရောပဿနာ၊ (၅) ဝိပဿနာ၊ ဤသို့ သရုပ်ငါးပါး ခွဲ၍ထား။

စာအရှိနှင့် ဝါဝိတတ်ရုံမျှ ဝါဝိတတ်ထာကို(စာပဿနာ) ဆို၏၊ အနိုင်ရအောင် အတင်းကပ်ပြီး ငြင်းရုံမျှ ငြင်းတတ်ထာကို (ငြင်းပဿနာ)ဆို၏၊ အချို့ အချို့မှာ အတွင်းမနေဘ ဓာတ်ခံက သံသရာကို ကြောက်လန့်သော သံဝေဂဉာဏ်ကြီး ဦးစီးလျက် တဖြောင့်တည်း အချက်ကျမြင်သော ဝိပဿနာ ဇောကြီးမပါဘဲ ပွဲဝင်ဘန်းလှ ပြောရုံမျှ ပြောတတ်ကြဒါကို (ပြောပဿနာ)ဆို၏၊ ဟိုဝင်ရောလိုက် သည်ဝင်ရောလိုက် ဟိုတတို့ သည်တတို့၊ ဟိုမှာလဲ ဟုတ်ပါ ဟုတ်ပါ၊ သည်မှာလဲ မှန်ပါ မှန်ပါနှင့် ဆွဲရာပါ သာရာလိုက် ထိုက်သလို သဘောဖြင့် ဟိုလဲရော သည်လဲရော ရောရုံမျှ ရောတတ်ထာကို (ရောပဿနာ)ဆို၏။

ဤလေးချက်မှ လွန်မြောက်အောင် ဤလေးချက် ကိုပင် အစဉ်လျှောက်ပြီး ရုပ်နာမ်ကို တကယ် အမြင်ပေါက်ထာကို (ဝိပဿနာ)မှန်ပြီဟု ဆိုရပေ၏။

ရှေ့လေးချက်မှ လွန်မြောက်၍ ငါးဆင့်မြောက် စခန်းကျမှ(ဝိပဿနာဉာဏ်)အမှန်ကျ ကေန္တဆိုက်တော့သည်ဟူလို။

ဒါဖြင့် စာတွေရလို့ စာတွေရွတ်ဘတ်နေတာ ဝိပဿနာ မဟုတ်သေးဘူး၊စာပဿနာဆိုပါလား တကာဗိုလ်ရ၊ (မှန်ပါ စာပဿနာပါတဲ့ ဘုရား)။

ပြီးတော့လဲ တဦးနှင့် တဦး တယောက်နှင့် တယောက် အတိုင်အဖောက်ဆိုသလို အနိုင်ပေါက်ရအောင် ငြင်းခုံနေကြ ဒါလဲ ဝိပဿနာမဟုတ်သေးဘူး၊ ငြင်းပဿနာဆိုဘဲ၊ (မှန်ပါ ငြင်းပဿနာပါတဲ့ ဘုရား)။

တောထဲကမျောက်ကလေးကို ဒုတ်ကလေးပြ ပဲလှော်ခွက် ကလေးပြပြီး၊ဆရာအချိုးတကျ ငိုချင်းချသင်ပြထား၍ ငိုချင်း ချတတ်ထာကို အဟုတ်မနေ့ာက အဟုတ်ဇောမပါဘဲ ပြောရုံ မျှသာ ပြောတတ်ထာလဲ ဝိပဿနာ မဟုတ်သေးဘူး၊ ပြော ပဿနာဆိုပါလား၊ (မှန်ပါ ပြောပဿနာပါတဲ့ ဘုရား)။

မိမိမှာ လက်ဆုပ်လက်ကိုင် အမြဲမပြတ် စိတ်ကို ချည်တိုင် စိုက်ပြီး ရှူအပ် ပွားအပ်သော တရားမြတ်တခု ထားရှိအပ် သည်ကို သတိ မပြုမိဘဲ ဟိုမှာ ရောင်ရော ရောင်ရော ဒီမှာ ရောင်ရောရောင်ရော လုပ်နေဒါလဲဘဲ ဝိပဿနာ မဟုတ်သေး ဘူး၊ ရောပဿနာဆိုဘဲ၊ (မှန်ပါ ရောပဿနာပါတဲ့ ဘုရား)။

အင်း- ဒါဖြင့် ဝိပဿနာ မှန်မှုဟာ သိပ်မလွယ်ကူဘဲ ကိုးနော်၊ (မှန်ပါ ဝိပဿနာ မှုမှန်ကျဘို့က လွယ်ကူလှမည် မဟုတ်ပါ ဘုရား)။

## သို ရာ တွ င်

စာတွေ့ရလို့ စာတွေ့ ရွတ်ဘတ်နေဒါကို စာပဿနာဆို သော်လည်း အချည်းနှီးဘဲ အကျိုးမရှိဘူး အလကားသားဘဲ အသုံးမကျဘူး ဟူ၍တော့ မမှတ်လင့် မပြောလင့် မမှတ် ကောင်းဘူး၊ မပြောကောင်းဘူး၊ စာပဿနာလဲ စာပဿနာ

လောက် ခရီးရောက်ထာပေါ့, အကျိုးရှိတာပေါ့ဟု မှတ်ရမည်။

သူ့ဟာကဟုတ် ငါ့ဟာကဟုတ် အငြင်းအခုံ လုပ်နေဒါကို ငြင်းပဿနာ ဆိုသော်လည်း အကျိုးမပြီး အချည်းနှီးဟု မမှတ်လင့် မပြောလင့် မမှတ်ကောင်းဘူး မပြောကောင်းဘူး ငြင်းပဿနာလဲ ငြင်း ပဿနာ လောက် ခရီးရောက်သည် အကျိုးရှိသည်ဟု မှတ်ရမည်။

အချို့မှာ အတွင်းသဘောဉာဏ် စင်းလုံးချော မပါဘဲ မိမိခန္ဓာပေါ် တကယ် ထိထိ ရောက်ရောက် စူးစူး စိုက်စိုက်မရှိဘဲ ပွဲဝင်ဘန်းလှ ဟန်ပြသဘောထားမျိုးနှင့် ပြောရုံမျှသာ ပြောတတ်ခါမျှကို ပြောပဿနာ ဆိုသော်လည်း အကျိုးမပြီး အချည်းနှီးဟုမမှတ်လင့် မပြောလင့်၊မမှတ်ကောင်းဘူး မပြောကောင်းဘူး ပြောပဿနာလဲ ပြောပဿနာလောက် ခရီးရောက်သည် အကျိုးရှိသည်ဟု မှတ်ရမည်။

မိမိမှာ သေကမ္ဘာသက်ဆုံး တသက်လုံး လက်သုံးတခုအားကိုး အားထားပြုပြီး သံသရာမှာ စိတ်ချလောက်အောင် တရား၊ စိတ်ချရတဲ့ တရား မရမရှိသေးပါကလားဟု သတိမထားမိဘဲ တရားနှင့် ပတ်သက်၍ အားနာပါးနာ သဘောနှင့် ဟိုမှာ ရောင်ရောရော, သည်မှာ ရောင် ရောရော လုပ်နေဒါကို ရောပဿနာဆိုသော်လည်းအကျိုးမပြီး အချည်းနှီးဟု မမှတ်လင့် မပြောလင့် မမှတ်ကောင်းဘူး မပြောကောင်းဘူး ရောပဿနာလဲ ရောပဿနာလောက်ခရီးရောက်သည် အကျိုးရှိသည်ဟု မှတ်ရမည်။

## အကြောင်းကို ဆိုသော်

(၁) ဘဝများစွာ ကမ္ဘာဘာက သမ္မာဒိဋ္ဌိ အရာနှင့် ပတ်သက်သော ဤစာပယဿနာမျိုးကိုမှ လေ့လာခဲ့ရသော ဘဝမျိုးကား အလွန်နီးပါးလှ၏၊ ဤစာပယဿနာမျိုးလောက် ကိုမျှ မရရှိခဲ့ကြသေးဘူး မဖြစ်ခဲ့ကြဘူးသေးဘူး ဟု ဆိုရ မလောက် ဖြစ်ချေမည်။

မိစ္ဆာဒိဋ္ဌိအရာနှင့် ပတ်သက်သော အလေ့အကျက်မျိုး စာမျိုးကိုမူကား လမ်းစဉ်လက်ရိုးမို့ ကျွမ်းကျင်လေ့လာခဲ့ ဘူးရိုး အမှန်သာ ဖြစ်ကြမည်။

သို့အတွက် စာပယဿနာလောက် ရသင့် ရထိုက်, ဖြစ်သင့်, ဖြစ်ထိုက်သောသူမှာ ယခုအခါ စာပယဿနာ လောက်ကိုမျှ မရရှိလိုက်ရ, မဖြစ်လိုက်ရလျှင် နောင်အခါ ဝိပဿနာ အရေးကြီးနှင့် ကြာလေပင် ဝေးမည် ဖြစ်သောကြောင့် တည်း။

(၂) ထို့အတူ ဘဝများစွာ ကမ္ဘာဘာက သမ္မာဒိဋ္ဌိ အရာနှင့် ပတ်သက်သော ဤငြင်းဝိပဿနာမျိုးကိုမျှ လေ့လာ ခဲ့ဘူးသော ရရှိခဲ့ဘူးသော ဘဝမျိုးကား- အလွန် ခဲယဉ်း လှပေ၏၊ မိစ္ဆာဒိဋ္ဌိအရာနှင့် ပတ်သက်သော အငြင်းအခုံမျိုး တွေ မယားကျွေးမှု သားကျွေးမှု ခန္ဓာကိုယ်ကို ကျွေးရေး, မွေးရေး, ထိန်းကျောင်းရေးနှင့် ပတ်သက်၍ ဖြစ်သော အငြင်းအခုံမျိုးတွေကတော့ အသချေနှင့် အနန္တ ဖြစ်ခဲ့ကြ ဘူးလှလေပြီ။

သို့အတွက် တရားနှင့်ပတ်သက်ပြီး ငြင်းပယ်သာနာလောက် ရသင့်ရထိုက် ဖြစ်သင့် ဖြစ်ထိုက်သောသူမှာ ယခုအခါ ငြင်း ပယ်သာနာလောက်ကိုမျှ မရရှိလိုက်ရ မဖြစ်လိုက်ရလျှင် နောင် အခါ ဝိပဿနာ အရေးကြီးနှင့် ကြာလေပင် ဝေးမည် ဖြစ် သောကြောင့်တည်း။

ထို့အတူ ဘဝများစွာ ကမ္ဘာဘာက သမ္မာဒိဋ္ဌိအရာနှင့် ပတ်သက်သော ဤ ပြောပယ်သာနာမျိုးကိုမျှ လေ့လာရရှိခဲ့ဘူး သော ဘဝမျိုးကား အလွန် ရှားပါး ခဲယဉ်းလှပေလိမ့် တကား၊ မိစ္ဆာဒိဋ္ဌိ အရာနှင့် ပတ်သက်သော အပြောမျိုး အဟောမျိုး အဆိုမျိုးကတော့ ပြောတတ်ရိုး ဟောတတ်ရိုး ဆိုတတ်ရိုးမို့ ကမ္ဘာ့လက်ရိုး ရရှိရိုးဖြစ်သည့်အတိုင်း မဆိုင်း မတွ လွယ်ကူစွာ ရလွယ်လှချေ၏။

သို့အတွက် တရားနှင့် ပတ်သက်သော ပြောပယ်သာနာ လောက် ရသင့် ရထိုက်သော သူတို့မှာ ယခုအခါ ပြောပယ်သာ နာ လောက်ကိုမျှ မရရှိလိုက်ရ မဖြစ်လိုက်ရလျှင် နောင် အခါ ဝိပဿနာအရေးကြီးနှင့် ကြာလေပင် ဝေးရတော့မည် ဖြစ်သောကြောင့်တည်း။

(၄) ထို့အတူ ဘဝများစွာ ကမ္ဘာများစွာက သမ္မာ ဒိဋ္ဌိ အရာနှင့် ပတ်သက်သော ဤ ရေပယ်သာနာ မျိုးကိုမျှ လေ့လာရရှိခဲ့ရသော ဘဝမျိုး ရောင်ရောခဲ့ရဘူးသော ဘဝ မျိုးကား တစိုးတစိမျှ ရရှိခဲ့ဘူးမည် ဖြစ်ခဲ့ဘူးမည် မဟုတ် လှဘူး၊ မိစ္ဆာဒိဋ္ဌိအရာနှင့် ပတ်သက်သော အရောမျိုး အနှော

မျိုး အပေါင်းအသင်း အဆက်ဆံမျိုးတွေကတော့ ကမ္ဘာ့ လက်ရိုး ထုံးစံမျိုးကြီး အတိုင်း အလှိုင်းတကြီး ဖြစ်နေပုံ တွေ အထူးပြောနေဘို့ မလိုတော့ပါဘူး။

သို့အတွက် တရားနှင့် ပတ်သက်သော ရောပဿနာ လောက် ရသင့်ရထိုက်သော သူတို့မှာ၊ ယခုအခါ ရောပဿနာ လောက်ကိုမျှ မရရှိလိုက်ရ မဖြစ်လိုက်ရလျှင် နောင်အခါ- ဝိပဿနာ အရေးကြီးနှင့် ကြာလေပင် ဝေးရတော့မည် ဖြစ်သောကြောင့်တည်း။

ငါးဆင့်မြောက်ဖြစ်တဲ့ ဝိပဿနာမှန်ကြီး ရောက်ရဆိုဒါ လဲ သည်စာပဿနာက စရဒါဘဲ မဟုတ်လား၊ (မှန်ပါ စာပဿနာက စရဒါပါ ဘုရား)။

အလွန်ခက်ခဲအလွန်နက်နဲ အလွန်သိမ်မွေ့ အလွန်နူးညံ့ သော သဘာဝအချက် သဘောနက်သို့ ရောက်အောင်ဆိုဒါ ကတော့ကော သည်-ငြင်းပဿနာက စ,ရဒါဘဲပေါ့ (မှန်ပါ ငြင်းပဿနာက စရပါဘုရား)။

ခန္ဓာပေါ်ရောက်အောင် နှလုံးသွင်းနိုင်၍ ဝိပဿနာဉာဏ် အလင်းကြီးသို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အလင်းကြီးသို့ ဆိုက်ရ ရောက်ရ ဆိုသမျှလဲ သည်-ပြောပဿနာက စ,ရဒါဘဲနော်၊ (မှန်ပါ ပြောပဿနာကြီးက စ,ကြရဒါပါဘုရား)။

တရားမှန်ဆုပ်မိ၍ အလုပ်မှန် ရရှိသွားကြတဲ့ သူတွေလဲ အစမှာတော့ သည် ရောပဿနာက စ,ကြရဒါပါဘဲ တကာ ဗိုလ်ရ၊ (မှန်ပါ အစမှာတော့ ရော ပဿနာက စ,ကြရပါလိမ့် ဘုရား)။

ယခုလို ပြောဆိုခဲ့ပြီးသော ပဌမအဆင့် စာပယ္ဿနာဆိုဒါလဲ ယခုအခါ သာသနာတော်တွင်းမှ ရှိသင့် ရှိထိုက်, ရသင့် ရထိုက်သည် မဟုတ်လား၊ (မှန်ပါ သာသနာတော်တွင်းမှ ရထိုက်သော စာပယ္ဿနာမျိုးကြီးပါ ဘုရား)။

ဒုတိယ အဆင့်ဖြစ်တဲ့ ငြင်းပယ္ဿနာမျိုးဆိုဒါလဲ သာသနာတော်တွင်းမှသာ ရှိသင့် ရှိထိုက် ရသင့် ရထိုက်တယ် မဟုတ်လား၊ (မှန်ပါ သာသနာတော်တွင်း အခါမှ ရသင့်ရထိုက်သော ငြင်းပယ္ဿနာမျိုးကြီးပါ ဘုရား)။

တတိယအဆင့်ဖြစ်တဲ့ ပြောပယ္ဿနာမျိုးကြီးလဲ သာသနာတော်တွင်းမှသာ ရှိသင့်ရှိထိုက် ရသင့်ရထိုက်တယ် မဟုတ်လား၊ (မှန်ပါ သာသနာတော်တွင်းမှသာ ရသင့်ရထိုက်တဲ့ ပြောပယ္ဿနာကြီးပါ ဘုရား)။

စတုတ္ထအဆင့်ဖြစ်တဲ့ ရှောပယ္ဿနာမျိုးကြီးဆိုဒါလဲ ယခုလို သာသနာတော်တွင်းမှာမှ ရှိသင့် ရှိထိုက် ရသင့် ရထိုက်သည် မဟုတ်လား၊ (မှန်ပါ သာသနာတော်တွင်းမှာမှသာ ရထိုက်သော ရှောပယ္ဿနာမျိုးကြီးပါ ဘုရား)။

ပဉ္စမ ငါးဆင့်မြောက်ဖြစ်တဲ့ ဝိပယ္ဿနာမှန်ကြီး ဆိုဒါကို တော့ ပြောဘို့မလိုတော့ပါဘူး၊ သာသနာတော်တွင်းမှသာ အနီးဆုံး အရေးအကြီးဆုံး ရှိသင့်ရှိထိုက် ရသင့်ရထိုက်တယ် ဆိုဒါ အလွန်ထင်ရှားလှပါပြီ။

ကဲ-ငြင်း ပယ္ဿနာဆိုတဲ့ စကားအရ ငြင်းကြ ခုံကြမှုနှင့် ပတ်သက်၍ မှတ်ချက်ထားလောက်သော ကျေးဇူးရှင် ဆရာ

တော်ဘုရားကြီး၏ စကားအထူး ကြားဘူးဒါ တခုရှိသေး တယ် တကာဗိုလ်ရေ့၊(အမိန့်ရှိတော်မူပါအုံး ဘုရား)။

## အများမှတ်သားကြရန်

ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သက်တော်ထင် ရှားရှိတော်မူစဉ်က တကာတယောက်က လျှောက်ထားသည် မှာ အရှင်ဘုရား ယခုအခါ တရားဝါသနာပါသော သူအချို့ တို့သည် ဝိုင်းကြီးတွေဖွဲ့ပြီး အလှဲ့ကျဆိုသလို သူ့ဟာကဟုတ် ငါ့ဟာကမှန်နှင့် အားကျမခံ ငြင်းလိုက်ခုံလိုက်ကြဒါ ရင်တုန် ခမန်း တော်တော့မီးယပ်သယ်များ သွေးပျက်ခမန်းပါဘဲ။

ဘုရား တရားတော်ဟာ ဒါလောက် ငြင်းကြ ခုံကြမှဘဲ တရားရမှာလား၊ ဒါလောက် ငြင်းကြခုံကြမှဘဲ နိဗ္ဗာန်ရမှာ လား၊တပည့်တော်ဖြင့်ဘယ်လိုကြည်ညိုစိတ်ထားရမည်တောင် မသိတော့ပါဘူး ဘုရား-ဟု လျှောက်ထားသောအခါ၊ ဆရာ တော်ဘုရားကြီးက ပြန်၍ မိန့်ကြားတော်မူသည်မှာ-

အင်း- ဟုတ်ရဲလားကွဲ့၊ အဲသည်လူတွေ ငါနှင့် တွေ့ချင် ပါဘိကွယ်၊ သာဓု- သာဓု။

သည်လိုကိုးကွဲ့ နားထောင် နားထောင်၊ သူတို့တတွေ ဟာ တရားအရာ အလွန်ဝါသနာပါကြလို့သာ ငြင်းကြခုံကြ ပြောကြဆိုကြဒါကွဲ့၊ ဝါသနာမပါလျှင် မင်းလိုဘဲ ပစပ်ရေငုံ မြုံစိကြီးလုပ်နေကြမှာပေါ့၊ တရားရမှု မရမှုဆိုဒါကို အသာ နောက်ထားလိုက်ပါဦး၊ ငြင်းမှု ခုံမှု ဝါသနာ၊ ပြောမှု ဆိုမှု

ဝါသနာ တရားအရာမှာ သည်လို ဝါသနာပါလာဘို့တောင်မှ မလွယ်ကူဘူးကွဲ့၊ မင်း နားလယ်ရဲ့လား။

အယုတ်ဆုံးစကား ငါပြောပါ့မကွယ်- အကယ်၍ တရားငြင်းရခုံရာက ထပြီး တယောက်နှင့်တယောက် ရိုက်ကြ နှက်ကြလို့ သေသွားတောင်မှ မင်းတို့လောက သေရိုးသေကြဒါထက်တော့ မြတ်ပါသေးတယ်၊ ကောင်းပါသေးတယ်။

ဘာကြောင့်လဲဆိုတော့ မင်းတို့ ငါတို့နှင့်တကွ အားလုံးသော သတ္တဝါတွေဟာ ဘဝများစွာ ကမ္ဘာဘာက ယနေ့ကျအောင်ဆိုသလို သားအတွက် မယားအတွက် ခန္ဓာအတွက်နှင့် ခိုးခဲ့တိုက်ခဲ့ ငြင်းခဲ့ခုံခဲ့၍ အရိုက်အနှက်ခံခဲ့ပြီး သေခဲ့ရတဲ့ဘဝတွေကသာ အလွန် များပြားလှရော့မယ်၊ တရားနှင့်ပတ်သက်ပြီး အရိုက်အနှက်ခံ သေခဲ့ရတဲ့ ဘဝကတော့ ဘယ်တုန်းကမှ တွေ့ခဲ့ကြရဦးမယ် မဟုတ်ဘူး၊ ကြုံဘူးခဲ့ကြရဦးမည် မဟုတ်ဘူး။

ယခုလို တရားငြင်းခုံမှုနှင့် ပတ်သက်၍ အရိုက်အနှက်ခံပြီး သေရတဲ့အသေမျိုးကတော့ သာသနာတော်တွင်းမှ တွေ့ရတဲ့ဖြစ်ရတဲ့ အသေမျိုးမို့ အကျိုးယုတ်မည်မဟုတ်ပါဘူး၊အသေထူး အသေမြတ်ပါကွယ်၊ မင်း ကြည်ညို တတ် အောင် သာကြည်ညိုပေတော့၊စိတ်ထားတတ်အောင်သာ ထားပေတော့ဟုပြောပြလိုက်မှ သဘောကျ ကျေနပ်သွားသကိုး တကာဗိုလ်ရဲ၊ (မှန်ပါ ကိုယ်ကသာကြည်ညိုတတ်ဘို့ စိတ်ထားတတ်ဘို့ လိုပါဘုရား)။

ကဲ-ဘယ့်ကလောက်မှတ်သားစရာကောင်းသလဲ၊ (အလွန် မှတ်သားစရာ အချက်ကြီးတခုပါ ဘုရား)။

ဒါကြောင့် အငြင်းအခုံဆိုဒါမကောင်းဘူးဟု နေရာတိုင်း တထစ်ချ မမှတ်ရဘူး၊ ကောင်းတဲ့နေရာမှာ အလွန်ကောင်း သည်ဟုမှတ်၊ သည်လို တရားသဘောအရ ငြင်းခုံဒါကတော့ အမှန်အကန်သို့လဲရောက်တယ်၊ တရား အသိဉာဏ်လဲ အလွန် တိုးတယ် မဟုတ်လား၊ (မှန်ပါ တရား အသိဉာဏ် တိုးပါ ဘုရား)။

သည်မျှတောင် မကသေးဘူး၊ တရားငြင်းခုံကြတဲ့အသံကို ကြားရတဲ့အခါ ဩော်-အလွန်နက်နဲ ခက်ခဲသိမ်မွေ့ နူးညံ့ လှသောတရားတော်ကြီးဖြစ်၍ အနည်းနည်း အဝိပ္ပါယ်ထွက် ငြင်းချက်တွေအမျိုးမျိုး ဖြစ်ရဒါပါလား၊အင်း-ဘုရားတရား တော်ကြီးသည် အလွန်နက်နဲတော် မူပါပေ၏၊ အလွန် ခက်ခဲ တော်မူပါပေ၏၊ အလွန် သိမ်မွေ့တော်မူပါပေ၏၊ အလွန်နူးညံ့ တော်မူပါပေ၏-ဟု ငြင်းခုံသံကိုကြားရတဲ့ အတွက်ကြောင့် တရားတော်ကြီး နက်နဲခက်ခဲ နူးညံ့သိမ်မွေ့သော ဂုဏ်တော် ကြီးကို ပိုမိုသိရှိရသဖြင့်၊ ထိုတရားတော်မြတ်ကြီးကို ပိုမိုပြီး အကြည်ညိုတောင် တိုးလာသေးသကို တကာဗိုလ်ရ၊ (မှန်ပါ တရားတော် အပေါ် ကြည်ညိုမှု တိုး တက် လာ တတ် ပါ ဘုရား)။

ဟောကြားတော် မူအပ်သော ဒေသေတဗ္ဗဖြစ်တဲ့ တရား တော်မြတ်ကြီးကို ကြည်ညိုမှုတွေ တိုးတက် လာလျှင် ဟော

ကြားတော်မူတတ်သော ဒေသကဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလဲ ပိုမိုပြီးကြည်ညိုမှု တိုးတက် လာပြန်ဒါပေါ့ဟ တကာဗိုလ်ရဲ၊ (မှန်ပါ တရားတော်ကို ကြည်ညိုမှု တိုးတက်လျှင် ဘုရားရှင်ကိုလဲ ကြည်ညိုမှု တိုးတက်ရမြဲပါ ဘုရား)။

ထိုမှတပါး၊ ပြောပဿနာဟူသော စကားအရ ပြောမှု ဟောမှုနှင့်ပတ်သက်၍ မှတ်ချက်တခု ပြောကြဦးစို့၊ (အမိန့်ရှိတော်မူပါ ဘုရား)။

## ပြောပဿနာဟူ ဆိုတတ်သူ မှတ်ယူသတိထား

ယခုအခါ တော်တော် သွက်သွက် လက်လက်နှင့် တော်တော် ဖျက်ဖျက်လတ်လတ်ကလေး ပြောတတ် ဟောတတ်ရှိသူကို မပြောတတ် မဟောတတ်သူအချို့က မင့်ဟာဝိပဿနာ မဟုတ်ပေါင် ပြောပဿနာပါကွယ်၊ဘုု့ဟာ ဝိပဿနာသမား မဟုတ်ပေါင်၊ ပြောပဿနာသမားဘဲလို့လဲ အချို့က ဆိုတတ်ကြသေးမဟုတ်လား တကာဗိုလ်ရဲ၊ (မှန်ပါ ပြောပဿနာသမားလို့ ဆိုတတ်ကြပါ ဘုရား)။

## ရှင်းချက်

ဆိုလိုရင်းက သူသည် အပြောသာ ဟုတ်တယ်၊ ဉာဏ်မြင် မဟုတ်ဘူးလို့ ဆိုလိုတယ်၊ ဉာဏ်မြင် မဟုတ်ဘူး ဆိုဒါနှင့် အလုပ်မဟုတ် ဆိုဒါ အတူတူဘဲလို့မှတ်၊ အဘယ့်ကြောင့် ဆိုသော် ဉာဏ်မြင် မြင် ဉာဏ်ကြည့် ကြည့် ဉာဏ်သိ သိနေဒါကိုပင် အလုပ်လုပ်နေသည်ဟု ဆိုရသောကြောင့်တည်း။

ဉာဏ်မြင် မဟုတ်ဘူး ဟုတ်ရဲ့၊ ဉာဏ်မြင် မပါဘူး ပါရဲ့ ဆိုဒါ တဆစ်ချ ဆုံးဖြတ်နိုင်သော အရာမျိုး မဟုတ်။

## မဟုတ်ပုံကား

ရှေ့စိတ်အစဉ် ရှေ့စိတ်ခဏမှာ အကယ်၍ ဉာဏ်မြင်မပါ ဉာဏ်မြင် မဟုတ်သေးသော်လည်း နောက်စိတ်အစဉ် နောက် စိတ်ခဏမှာ ဉာဏ်မြင် ပါနိုင်သည် ပါတတ်သည်၊ ဉာဏ်မြင် ဟုတ်နိုင်သည်၊ ဟုတ်တတ်သည်၊ ဉာဏ်မြင် ဖြစ်နိုင်သည် ဖြစ်တတ်သည် ဖြစ်သောကြောင့်တည်း။

## ထိုစကားကို ဥပမာအားဖြင့် ထင်ရှားစေဦးအံ့

ဥပမာ။ ။အလဇ္ဇီပုဂ္ဂိုလ် လဇ္ဇီပုဂ္ဂိုလ်-ဟု နှစ်မျိုးရှိရာ ပုထုဇဉ်တို့သည် အလဇ္ဇီအဖြစ်၌လည်း အမြဲမတည်နိုင်ကုန်၊ လဇ္ဇီအဖြစ်၌လည်း အမြဲမတည်နိုင်ကုန်၊ အလဇ္ဇီအဖြစ် လဇ္ဇီ အဖြစ်သည် စိတ္တက္ခဏအစဉ်နှင့်သာ စပ်ယှဉ်၍ ဖြစ်လေ့ရှိသည် ဖြစ်ခြင်း ရှိသည်၊ ဤ၌ အလဇ္ဇီကိုပင် ဒုဿီလ ဆိုသည်၊ လဇ္ဇီ ကိုပင် သီလဝန္တဆိုသည်ဟုမှတ်။

စိတ္တက္ခဏနှင့် စပ်ယှဉ်ပုံကား လူဖြစ်စေ ရဟန်းတော် ဖြစ်စေ သိက္ခာပုဒ်ကို လွန်ကျူးသော စိတ္တုပ္ပါဒ်ခဏ၌ အလဇ္ဇီ ဖြစ်၏။ ဒုဿီလဖြစ်၏၊ဤအမှုကို ငါမပြုတော့ပြီဟုရှောင်ကြဉ် သောအခါ ထိုရှောင်ကြဉ်သော စိတ္တုပ္ပါဒ်ခဏ၌ လဇ္ဇီဖြစ်၏၊ သီလဝန္တဖြစ်၏။

ထို့ကြောင့် လဇ္ဇီ အဖြစ် အလဇ္ဇီအဖြစ်သည် အမြဲမတည်ချေ၊ ထို့ကြောင့်လည်း ဤသူဟာ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်သာပါတည်း–ဟု တထစ်ချ မပြောနိုင်ပေ၊ မဆိုနိုင်ပေ၊ မဆုံးဖြတ်နိုင်ပေ၊ ဤသည်ကား- ဝိနည်း ဋီကာကြီး များတွင် မိန့်ဆိုတော်မူသော စကားရပ်ပေတည်း။

ဤသို့ ဝိနည်း ဋီကာကြီးများ မိန့်ကြားတော် မူကြသလို ပုထုဇဉ်ပုဂ္ဂိုလ်မှန်က အလဇ္ဇီပုဂ္ဂိုလ်အဖြစ်၊ လဇ္ဇီပုဂ္ဂိုလ်အဖြစ်၌ တထစ်ချ ကေန္တ အမြဲအစွဲ ဆုံးဖြတ်ပြောဆိုရန် ခဲယဉ်းလှသကဲ့သို့ ထို့အတူ ဤသူသည် တကယ် ဉာဏ်မြင် မပါသော ပြောပဿနာ သမား သက်သက်ပါဘဲဟု ဘယ်သူက ပြောနိုင်ပါလိမ့်မလဲ၊ ဘယ်သူက ဆုံးဖြတ်နိုင်ပါလိမ့်မလဲ တကာဗိုလ်ရ (ဆုံးဖြတ်နိုင်မည် မဟုတ်ဘုရား)။

ဘာဆုံးဖြတ် နိုင်လိမ့်မှာလဲ အဟုတ်ဉာဏ် အမြင်ပါမှု မပါမှု ရောက်မှု မရောက်မှုဆိုဒါ စိတ္တုပ္ပါဒ်ခဏနှင့် စပ်ယှဉ်၍ ဖြစ်ရဒါမျိုးပါလား၊ စိတ္တုပ္ပါဒ် ခဏ ဆိုဒါလဲ အလွန် အကူး အပြောင်း မြန်ဒါမျိုးဘဲ၊ အလွန် အဖြစ်မြန်ဒါမျိုးဘဲ။

လောက အရေးအရာကလေးလောက်သာ ထောက်ပြီး သက်သက်မော်ချင်၍ မောက်ချင်၍ ကြွားချင်၍ ဝါချင်၍ ပြောဆိုတတ်သောသူများ အကယ်၍ တယောက်တလေရှိခဲ့ငြားအံ့၊ ထိုသူတယောက် အတွက်နှင့် အားလုံးနာမည်ပျက်ပြီး မြင်သမျှသူတွေ ကြားသမျှ သူတွေကို ပြောပဿနာသမားတွေချည်း မထင်သင့်ဘူး၊ မပြောသင့်ဘူး၊ မထင်

ကောင်းဘူး မပြောကောင်းဘူးဟာ တကာဗိုလ်ရဲ၊ (မှန်ပါ မပြောကောင်းပါဘူးဘုရား)။

အဲသည်လို သဘောထား မမှန်တောင်မှ အပြောတရားက မှန်နေလျှင် အလွန်ပင် အကျိုး များသေးကြောင်း ကိုလဲ နောက်ကပြောခဲ့သော စကားနှင့် သိသာထင်ရှားလှပါပြီ။

အကယ်၍ ရှေ့ဇောစိတ္တုပ္ပါဒ် ဝါရ အကြိမ် အလှည့်တွေ ဖြစ်စဉ်အခါက ခန္ဓာပေါ် ထိရောက်သော အဟုတ်ဉာဏ် မပါဘဲ နှုတ်မဆိတ်ရုံမျှ ပေါ့ဆဆ သဘောနှင့် ပြောမိဟောမိ စကာမူ နောက်ဇော စိတ္တုပ္ပါဒ် ဝါရအကြိမ် အလှည့်ကျ တော့ ခန္ဓာပေါ် ထိရောက်သော ဇောဝါရတွေဟာ အများ အပြားကြီး ဖြစ်ပေါ်လာနိုင်ကျရိုး ဓမ္မတာကြီးဘဲ ဖြစ်တော့ သည်။

ဤသို့ စိတ္တက္ခဏ အစဉ်၌အဟုတ်ဉာဏ် အမြင်ဟာ တချက် မပါ တချက်ပါ၊ တချက်မရောက် တချက်ရောက် ဖြစ်တတ် သည်ကိုလည်း သိရှိနားလည်စေရမည်။

ထိုသို့ တချက်မပါ တချက်ပါ၊ တချက်မရောက် တချက် ရောက်၊ အများကြီး ရောက်တတ်သောကြောင့် ဖြစ်တတ် သောကြောင့်လည်း ပြောပဿနာမျှဘဲ ဟု မဆိုသင့် မဆို ထိုက်ပေ။

ထိုအခိုက်အတန့်ခဏ ထိုအခိုက်အတန့် ခဏ၌ ဖြစ်သော သမာဓိကို ဝိပဿနာ ခဏိက သမာဓိ ဟု ဆို၏၊ ထိုခဏိက သမာဓိမျှနှင့်ပင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်နိုင်

ကြောင်းကိုလည်း အဋ္ဌကထာကြီး ဋီကာကြီးများ အထင်အရှား ဖွင့်ဆိုတော်မူကြကုန်၏။

ယခု ပြောခဲ့တဲ့ စကားတွေဟာ အရေးကြီးသော အချက်ကြီးတွေ ဖြစ်၍ အများပင် အလွန်လေးနက်စွာ သတိထားထိုက်လှသော အချက်ကြီးတွေ မဟုတ်လားဟ တကာဗိုလ်ရ၊ (မှန်ပါ အားလုံး သတိထားကြရမဲ့ အချက်ကြီးတွေပါဘုရား)။

သတိမထားရဘဲ ရှိပါ့မလား ကိုယ့်ဟာကိုယ်သာ ဟုတ်တယ် မှန်တယ်ထင်ပြီး သူများဟာကျတော့ ဟုတ်တယ် မှန်တယ်မထင်၊ ဟုတ်တယ် မှန်တယ်မထင်တော့ အဆုံးအဖြတ်ကစော၊ အဆုံးအဖြတ်က စောကြလို့ နောက်ပိုင်းကျတော့ ပေါလောကြီး ဖြစ်နေကြရော။

အဆုံးအဖြတ်စောလျှင် နောက်ပိုင်းကျတော့ ပေါလောကြီး ဖြစ်နေမှာကိုလဲ သတိထားလိုက်နော်၊ (မှန်ပါ၊ အဆုံးအဖြတ်စောလျှင် နောက်ပိုင်းကျတော့ ပေါလောကြီးဖြစ်နေမှာ စိုးရပါသေး ဘုရား)။

ကိုယ့်ဟာက ဟုတ်လို့ မှန်လို့ ဟုတ်တယ် မှန်တယ်ထင်ရလျှင် ကောင်းပါ၏၊ မဟုတ်မမှန်ဘဲနှင့် အဟုတ်အမှန် ထင်နေလျှင်တော့ အခက်ပဲ အခက်ပဲ အကြီးအကျယ် အခက်ပဲ။

သူများဟာက မဟုတ်မမှန်လို့ မဟုတ်မမှန်ဘူးဟု ဆုံးဖြတ်မိလျှင် ကောင်းပါ၏၊ ဟုတ်မှန်ပါလျက်သားနှင့် မဟုတ်မမှန်ဘူး-ဟု ဆုံးဖြတ်မိလျှင်တော့ ဒုက္ခဘဲ ဒုက္ခဘဲ အကြီးအကျယ် ဒုက္ခဘဲ။

သတိထား တကာဗိုလ်ရေ တကာဗိုလ်တို့ ရွာထဲရပ်ထဲမှာ ဆိုကြတဲ့ ကလေးသူငယ်တွေဆိုကြတဲ့ စကားလိုလဲ ဖြစ်နေကြ အုံးမနော်၊ (ကလေးတွေ ဆိုကြတဲ့ စကား အမိန့်ရှိတော်မူပါဦးဘုရား)။

ကိုယ့်ဟာကိုယ်တော့- ချောတယ်လှတယ်ထင်၊
သူများဟာကိုတော့- ဖုတွေ ထင်တွေထင်။

သည်လို ဖြစ်နေတတ်ကြ မဟုတ်လား၊ (မှန်ပါ သည်လို ဖြစ်နေတတ်လှပါ ဘုရား)။

## ဓမ္မမိတ်ဆွေချင်းချင်း တယောက်နှင့် တယောက် သတိပေးပုံ

အကယ်၍ မိမိက ဆရာသမားများထံတွင် လက်ပူးလက်ကြပ် ထိထိ ရောက်ရောက်, အကျ အန နည်းခံ၍ မိမိနှင့် ထိုက်တန်သလောက် အမှန်ရောက်၍ ရ၍ မိတ်ဆွေဖြစ်သူက စာရရုံမျှပင် တင်းတိမ်ကျေနပ်နေခဲ့လျှင်–

## ရဟန်းတော်ချင်းချင်းဖြစ်ခဲ့သော်

ငါ့ရှင် သင်၏နှုတ်ထဲတွင် ရရှိ၍ထားသော စာပဿနာတွေကို ကျွန်ုပ် ချီးကျူးပါ၏၊သာဓု- သာဓု- ဟု အာရုံလည်း ပြုမိပါ၏။

သို့ရာတွင် သင်၏ စာပဿနာနောက်၊ သင့်နားက အစဉ်လျှောက်ပြီး တုဋ္ဌသည ဝိပဿနာဉာဏ်ကြီးသို့ ရောက်အောင် အာရုံပြုပါ ငါ့ရှင်ဟု သတိပေးရမည်။

## လူ့ပုဂ္ဂိုလ်ချင်းချင်း ဖြစ်ခဲ့သော်

ဓမ္မမိတ်ဆွေကြီး သင်၏စာပယာနာတွေကို ကျွန်ုပ်ချီးကျူးပါ၏၊ သာဓု-သာဓု-ဟု အာရုံလည်း ပြုမိပါ၏၊ သို့ရာတွင် သင်၏ စာပယာနာ နောက်၊ သင့်နားက အစဉ်လျှောက်ပြီး တုစ္ဆသုည ဝိပဿနာဉာဏ်ကြီးသို့ ရောက်အောင်လည်း အာရုံပြုပါလေ ဓမ္မမိတ်ဆွေ၊ ဤလိုသာ သတိပေးလေ။

ဓမ္မမိတ်ဆွေကြီး- သင်၏ ဝါသနာပါပါ ဇောသန်သန်နှင့် အမောခံပြီး ပြင်းပြင်းထန်ထန်ကြီး ညံနေအောင် ငြင်းခုံနေသော ငြင်းပယာနာကို ကျွန်ုပ် ချီးကျူးပါ၏၊ သာဓု-သာဓု ဟု အာရုံလည်း ပြုမိပါ၏၊ သို့ရာတွင် သင်၏ ငြင်းပယာနာ နောက် သင့်နားက အစဉ်လျှောက်ပြီး တုစ္ဆသုည ဝိပဿနာဉာဏ်ကြီးသို့ ရောက်အောင်လည်း အာရုံပြုပါလေ ဓမ္မမိတ်ဆွေ။

ဓမ္မ မိတ်ဆွေကြီး- သင် ပစပ်က ချောနေအောင် ပြောရှိနေသော ပြောပယာနာကို ကျွန်ုပ် ချီးကျူးမိပါ၏၊ သာဓု-သာဓု-ဟု အာရုံလည်း ပြုမိပါ၏၊ သို့ရာတွင် သင်၏ ပြောပယာနာ နောက် သင့်နားက အစဉ်လျှောက်ပြီး တုစ္ဆသုည ဝိပဿနာဉာဏ်ကြီးသို့ ရောက်အောင်လည်း အာရုံပြုပါလေ ဓမ္မမိတ်ဆွေ။

ဓမ္မမိတ်ဆွေကြီး သင်၏ မိတ်မပျက် ဆွေမပျက်ရုံမျှသာ အားနာပါးနာနှင့် ရောင်ရောပြီး လိုက်နေသော ရောပယာနာကို ကျွန်ုပ် ချီးကျူးမိပါ၏။ သာဓု-သာဓုဟု အာရုံလည်း

ပြုမိပါ၏။ သို့ရာတွင် သင်၏ ရှေ့ပသာနော နောက် သင့်ဉာဏ်က အစဉ်လျှောက်ပြီး တုဋ္ဌိသည ဝိပဿနာဉာဏ်ကြီးသို့ အမှန်ရောက်အောင်လည်း အာရုံပြုပါလေ ကြိုးစားပါလေ သတိထားပါလေ ဓမ္မမိတ်ဆွေ။

ဤသို့ မေတ္တာစိတ်ကို ရှေ့ထားပြီး သတိပေးစကား ပြောကြားမှု တိုက်တွန်းမှုက မိမိ တာဝန်ဖြစ်သည်၊ ယူမှု မယူမှု လိုက်နာမှု မလိုက်နာမှုက သူ့တာဝန်ဖြစ်သည်။

သည်လို ကိုယ့်တာဝန် သူ့တာဝန် နှစ်ပါးကိုလဲ မျှားမျှားကြီး သတိကြီးစွာ ထားထိုက်သည် မဟုတ်လား၊ (မှန်ပါ သတိကြီးစွာ ထားထိုက်လှပါ ဘုရား)။

သတိမထားထိုက်ဘဲ နေပါ့မလား၊အကယ်၍ သူ့တာဝန်ကို ကိုယ့်တာဝန် ထင်နေပြန်လျှင်လည်း သူ့တာဝန်အတွက်နှင့် မိမိမှာ လောဘ, ဒေါသ, ဖြစ်ချင် ဖြစ်နေတတ်သေးသကိုး။

## ဖြစ်တတ်ပုံက

အကယ်၍ ထိုသူက မိမိ ပြောပြသည့်အတိုင်း သဘောကျ, လိုက်နာလျှင် မှတ်ယူလျှင် သာယာမှု လောဘ, ဖြစ်ချင်လဲ ဖြစ်တတ်သေးသည်၊ မလိုက်နာလျှင် မမှတ်ယူလျှင်လည်း ဒေါသဖြစ်ချင်လဲ ဖြစ်တတ်သေးသည်ဟု မှတ်။

အမှန်ကတော့ မှတ်ယူလိုက်နာပြန်လျှင်လည်း ဩြော်-သူ့တာဝန်ကို သူသိရှာလိုက်ထာ လိုက်နာ မှတ်ယူရှာသားပါကလား၊ မလိုက်နာ မမှတ်ယူပြန်လျှင်လည်း၊ ဩြော် သူ့

တာဝန်ကိုပင် သူမသိရှာလို့သာ မလိုက်နာ မမှတ်ယူရှာဒါပါ ကလားဟု သဘောထားပြီ ကျေနပ်ရမည်သာတည်း။

မိမိမှာတော့ ကျေနပ်ရမည့် ဘက်ကချည်း မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ ကိုယ့်မှာတော့ ကျေနပ်ဘို့ဘက်ကချည်းပါဘုရား)။

သည်လိုမဟုတ်ခဲ့လျှင် ယခင်ကစကားအတိုင်း သူ့တာဝန်ကို ကိုယ့်တာဝန် ထင်မိလို့ ကိုယ့်မှာ အပိုအချောင် အဖြစ်ခံရတဲ့ လောဘ အကုသိုလ်တွေ ဒေါသ အကုသိုလ်တွေပေါ့၊ (မှန်ပါ သူ့အတွက်နှင့် ပတ်သက်၍ ကိုယ့်မှာ ဖြစ်ရတဲ့ အကုသိုလ်တွေပါ ဘုရား)။

အဲသည်လို သူ့အတွက်နှင့် ပတ်သက်၍ ကိုယ့်မှာ လောဘ ဒေါသ အကုသိုလ်တွေ မဖြစ်ရအောင် မှတ်ယူလိုက်နာလျှင်လည်း ဝမ်းမြောက် ဝမ်းသာကျေနပ်လိုက်ရမည်၊ မလိုက်နာ မမှတ်ယူပြန်လျှင်လည်း သံဝေဂဉာဏ် တင်စီးပြီး ပြေပြေပြစ်ပြစ်ကြီး ကျေနပ်လိုက်ကြရမည်သာတည်း။

## ဝိပဿနာဉာဏ်

### ဟုတ်မဟုတ် မှန်မမှန် စစ်ဆေးဆုံးဖြတ်ရန် မှတ်ချက် ဆောင်ပုဒ်

(၁) မသိဒါ ရုပ်၊ သိဒါ နာမ်၊ ရုပ် နာမ် နှစ်ပါး၊ အကျဉ်းအား၊ ပိုင်းခြား ခွဲဝေပြု။

(၂) ထင်တိုင်းမပြီး၊ အချည်းနှီးမျှ၊ ပြီးစီး ရုပ်နာမ်၊ တုစ္ဆမှန်၊ သည်ဉာဏ် ရောက်အောင်ရှု။

(၃) အတ္တနိမိတ်၊ ရောင်ရိပ်ရိပ်မျှ၊ ကင်းဆိတ် ရုပ်နာမ်၊ သုညမှန်၊ သည်ဉာဏ်ရောက်အောင်ရှု။

## အဓိပ္ပါယ်အကျဉ်း လိုရင်းကား

မိမိ ခန္ဓာအိမ် တခုလုံး၌ အာရုံကို မယူတတ် မကြံတတ် မသိတတ်သော ခက်မာသော, နူးညံ့သဘော, ဖွဲ့စေးသဘော, ယိုစီးသဘော, ပူသဘော, အေးသဘော, ထောက်ကန်သဘော, လှုပ်ရှား သဘောစုတွေ မှန်သမျှကို ရုပ်သဘော ရုပ်သား ရုပ်တရားအစစ်ဟု မှတ်။

အရာရာ၌ အမျိုးမျိုးအဖုံဖုံ အာရုံကို ယူတတ် ကြံတတ် သိတတ်သော သဘောစုမှန်သမျှကို နာမ်သဘော နာမ်သား နာမ်တရား အစစ်ဟု မှတ်။

ထိုရုပ်နာမ်နှစ်ပါးကို ဘယ်လိုနေရာ ဘယ်အခါမဆို ထင်သလိုမပြီး အချည်းနှီး ဖြစ်၍နေသော ပကတိထီးထီး တုစ္ဆခေတ်ကြီးသို့ အပြီးတိုင် မရောက်ရောက်အောင် ရှုရမည်၊ မမြင်မြင်အောင် ရှုရမည်၊ ရောက်လျှင် မြင်လျှင် ဟုတ်ပြီ မှန်ပြီ၊ မရောက်သေးလျှင် မမြင်သေးလျှင် မဟုတ် သေးဘူး မမှန်သေးဘူး။

ထိုရုပ်နာမ်နှစ်ပါးကိုပုဂ္ဂိုလ်ကောင်ရိပ်ရိပ် သတ္တဝါကောင်ရိပ်ရိပ်၊ ငါကောင်ရိပ်ရိပ်၊ သူကောင်ရိပ်ရိပ် စသော အတ္တကောင်ယောင်ယောင် အတ္တကောင် ရိပ်ရိပ်၊ အတ္တနိမိတ်တို့မှ အလျှင်း ကင်းဆိတ်၍နေသော ပကတိထီးထီး သုညခေတ်

ကြီးသို့ အပြီးတိုင်မရောက်ရောက်အောင် ရှုရမည်၊ မမြင် မြင်အောင်ရှုရမည်၊ ရောက်လျှင်မြင်လျှင် ဟုတ်ပြီမှန်ပြီ၊ မရောက်သေးလျှင် မမြင်သေးလျှင် မဟုတ်သေးဘူး မမှန်သေးဘူး။

ကဲ-ဝိပဿနာတရားကို လိုက်စားအားထုတ်၍ ဝိပဿနာသမားမှန်က ဝိပဿနာဉာဏ် ချင်းချင်းဟာ ရုပ်နာမ် တုစ္ဆထံ ရုပ်နာမ် သုညထံသို့ ဆုံကြရောက်ကြလျှင် ဟုတ်ရော မှန်ရော မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ တုစ္ဆသုညထံ ဆုံကြလျှင် အမှန်ရောက်ကြပါရော ဘုရား)။

သို့ကလို ရုပ်နာမ်နှစ်ပါး ရုပ်နာမ်တရားကို သိမှု မြင်မှု ဆင်ခြင်မှု၌ တုစ္ဆထံနှင့် သုညထံသို့ ဆုံကြမဆုံကြ ရောက်ကြမရောက်ကြ၊ မှန်, မမှန်ကိုသာ စစ်ဆေးဆုံးဖြတ်နိုင်ဘို့ လိုကြတော့သကိုး ကွယ်ရို့။

သူ့အလို ငါ့အလို၊ သူ့သဘော ငါ့သဘောအနေနှင့် ဟုတ်, မဟုတ် မှန်,မမှန် ဝေဘန်လို့ စစ်ဆေးလို့ ဆုံးဖြတ်လို့ မဖြစ်ဘူး၊ ဝိပဿနာ ဆိုသည့်အတိုင်း တုစ္ဆဉာဏ်အလို တုစ္ဆဉာဏ်သဘော၊ သုညဉာဏ်အလို သုညဉာဏ်သဘောအနေနှင့် ဟုတ်, မဟုတ် မှန်, မမှန်ကို ဝေဘန်မှသာ, စစ်ဆေးမှသာ, ဆုံးဖြတ်မှသာဖြစ်ကြမှာ အမှန်ရောက်ကြမှာဟ တကာဗိုလ်ရ၊ (မှန်ပါ တုစ္ဆ သုညနှင့် စစ်ဆေးဆုံးဖြတ်မှ အမှန် ရမှာပါ ဘုရား)။

ဤသည်ကား မှတ်ချက်တေးထပ်၏ဖြေရှင်းချက် အမိပ္ပါယ်စကားရပ်စုပေတည်း။

ဒါကြောင့်–

(အညှံ့ကို ချွေချွေတာတာ အဖျင်းကို ချွေချွေတာတာ၊ မရောက်ခင် ခြေဆင်း၊ မနင်းခင် အပူထုတ်၊ မလုပ်ခင်က မဖြစ်နိုင်ပါဘူးရယ်လို့ ညစ်ညူးခါ တိတ်တဆိတ် ကုပ်ကုပ်ပြီး စိတ်ရှုပ်တာကိုလဲ ချွေချွေတာတာ)ဟု ရေးသားပြဆိုခဲ့ပေသည်။

သည်မှတပါး ဘုရားဟောရှိသည့်အတိုင်း သေကွဲ ရှင်ကွဲ အနဲနဲကြောင့် ဆင်းရဲဒုက္ခ, တွေကြုံရမြဲ မလွဲမှုချ ကေန္တမို့ လွမ်းကြ, ဆွေးကြ, ပူပန်ကြနှင့် လောကဓမ္မတာ လူ့ရေးရာ၌ မချမ်းသာစရာတွေကလဲ ပွေလို့သာရှုပ်တော့သည်။

မိမိ၏ပကတိစိတ်ကလေးကို လောကီဓမ္မတာ အာရုံထဲတွင် ဓမ္မတာအတိုင်း ပေါက်လွတ်ပဲစား ပစ်ထားခဲ့ပါလျှင် ပေါက်လွတ်ပဲစားသွားပြီး ပေါက်လွတ်ပဲစား ဖြစ်နေမှာ အမှန်ဘဲ မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ ပေါက်လွတ်ပဲစားဖြစ်နေမှာပါဘဲ ဘုရား)။

တရားမနှုးဘဲ အမှားစူးပြီး အဝိဇ္ဇာအမြဲပူးဝင်၍နေသော နှမူးနှထူးစိတ်ကလေးကို ဓမ္မတာစိတ်-ဟု ခေါ်တယ်၊ သူ့အမြဲမပြတ် လှည့်ပတ်ကျက်စား သွားလာရာဖြစ်သော လွမ်းစရာ့အာရုံ, ဆွေးစရာ့အာရုံ, ပူစရာ့အာရုံ တွေကိုတော့ ဓမ္မတာအာရုံတွေလို့ ခေါ်တယ်။

အဲဒီဓမ္မတာစိတ်ကလေးကို သူ့အလိုရှိတိုင်း သွားစေ,လာစေ အခွင့်ပေးပြီး အရေးရှိသလို အလိုလိုက်နေမည် ဆိုလျှင်

အဲဒီမှာတာ အာရုံတွေကို ဘယ်လိုလုပ်ပြီး ပိတ်နိုင်ဆို့နိုင်ပါ တော့မလဲ။

ထိုအာရုံတွေကိုပိတ်ဆို့မရလျှင် အနိစ္စဆိုဒါနှင့်မနီး၊ ဒုက္ခဆိုဒါနှင့်လဲ အဝေးကြီး၊ အနတ္တ ဆိုဒါနှင့်တော့ မိုယ်းနှင့် မြေကြီး။

ကဲ-သူတော်ကောင်းတရားနှင့် လုံးဝ ဆန့်ကျင်ဘက်ဖြစ်သော ဒီအာရုံတွေဝင်လာလျှင် အနိစ္စ, ဒုက္ခ, အနတ္တ အချက်တွေကို အကွက်ပိုင်အောင် မြင်နိုင်ဘို့ရာထားပါအုံး၊ အများထုံးစံအတိုင်း ပုတီး ကလေးတောင် အစိပ်ခိုင်းလို့ ရသေးရဲ့လား၊ စိပ်နိုင်သေးရဲ့လား၊ (မစိပ်နိုင်တော့ပါ ဘုရား)။

တယ်ဆိုးတဲ့ အာရုံတွေနော်၊ ဖြစ်ပေါ်လာတဲ့ အခါမှာကြာရှည်စွာ လက်ခံမထားကြနှင့်၊ တရားအာရုံနှင့် အမြန်နှင်ထုတ်ပစ်လိုက်ကြ။

တရားဘက်သို့ စိတ်ခေတ်ကိုမလှည့်ဘဲ ထိုအာရုံထဲ တရစ်ဝဲဝဲနှင့် သူဆွဲတိုင်းပါ သူသွားရာလိုက် သူကြိုက်ရာပြီး သူ့အဖိအစီးခံနေလျှင်၊ ဩော်-ငါ့သဏ္ဍာန်မှာ ချေတာရေး အဇခေတ်ကြီး မဝင်လာသေးဘဲကိုးလို့ သိနိုင်တယ် မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ အပြီးသိနိုင်ပါ ဘုရား)။

နေ့ခင်းမှာ အလုပ်အကိုင်တွေကို လုပ်ကိုင်ရတယ်၊ ညခင်းမှာ အိပ်ရတယ်၊ ဒါလောက်မျှသာသိကြတဲ့သူတွေလဲ နေဝင်လျှင် မီးခွက်မှုတ် အပေါက်ပိတ်ပြီး တခါတည်း အိပ်ကြတော့ ဒါဘဲ။

သို့ကလို နေ့ဆိုဒါလုပ်ဘို့၊ ညဆိုဒါ အိပ်ဘို့လောက်သာ သိသည်ဖြစ်၍ တရားဆင်ခြင်ချိန် တရားပွားများချိန်ကလေး အနည်းငယ်မျှ မပေး၊ တအောင့်ကလေးမှ မထားတော့ဘဲ၊ နေဝင်မီးမှုတ် တံခါးပိတ် အစောကြီးအိပ်တဲ့ အိမ်ကိုတော့ ချွေတာရေးနှင့်မညီသေးဘူးလို့ ဆိုရလိမ့်မဟုတ်လား၊ (မှန်ပါ ချွေတာရေးနှင့် မညီသေးတဲ့အိမ်လို့ ဆိုရပါလိမ့် ဘုရား)။

**ဘယ်အာရုံလာ၊ ဘယ်ဟာမဆို၊ အိပ်မက်လို၊ ထိုထို ဉာဏ်နှင့်ကြည့်။**

လွမ်းစရာလိုလို ဆွေးစရာလိုလို စိတ်ထဲမှာ ရေးခနဲ ကွက်ခနဲ ပေါ်လာသောအခါ ဩော်-အိပ်မက်ရုပ်လိုပါကလားလို့ သိလိုက်ကြရမည်။

အမျိုးမျိုးအဖုံဖုံ ဘယ်အာရုံမဆို အိပ်မက်လိုချည်းသာ ထင်လာတိုင်း မြင်လာတိုင်း ပိုင်း၍ပိုင်း၍ ဆင်ခြင်ပွားများလိုက်ကြ။

ထိုထို ထင်လာသမျှ အဖတ် အထယ်နှင့် တကယ်မဟုတ်တဲ့ စိတ်သမုတ် စိတ်အလုပ်တွေကို ဝိပဿနာ ဉာဏ်ချုပ်၍ အိပ်မက်ရုပ်နှင့် ချေဖျက်ပွားလိုက်လျှင် ကြေပျက်သွားရရိုး မဟုတ်လား၊ (မှန်ပါ ကြေပျက်သွားရရိုးပါ ဘုရား)။

ကြေပျက်ရမှာပေါ့၊ မူလကမှ သဘာဝ အထင်အရှား ခတ်သားလက္ခဏာနှင့် ရှိဒါမှ မဟုတ်ဘဲကိုး။

ကဲ-မဟုတ်တဲ့ အာရမ္မဏ ဃန တခု ကြေပျက်သွားအောင် ရှုလိုက်နိုင်တယ်ဆိုလျှင် စိတ်အစဉ်မှာ တဒင်္ဂပင် ဖြစ်သော်လဲ

ဘယ့်ကလောက် အေးငြိမ်း ချမ်းသာမှုကြီး ရသလဲ အဲဒါ အကာလိက သဘောဘဲ။

သို့ကလို အကာလိက သဘောကြီး အပြီးတိုင်ဆိုက်ရောက် ခံစားရလေအောင် လွမ်းမှုတွေ, ဆွေးမှုတွေ, ပုတီးမှ မစိပ် ချင်လောက်အောင် တောင်တောင်ဤဤ အလိလိအလာလာ စိတ်ဗျာပါတွေ နေဝင် တံခါးပိတ် အလကား အိပ်ချင်ဒါ တွေ ယနေ့ကစပြီး တခါတည်း ချွေတာလိုက်ကြပါ။

အဲဒါတွေကို ဝိပဿနာ တရားနည်းနှင့် တားဆီး ချွေတာကြမှလဲ ဧရာမ ချမ်းသာကြီး ရကြမှာဟာ တကာ ဗိုလ်ရ၊ (မှန်ပါ ဘုရား)။

ဒါ့ကြောင့်–

(အလွမ်းကို ချွေချွေတာတာ၊ အဆွေးကို ချွေချွေတာ တာ၊ ဓမ္မတာထုံပေ စိတ်ဒမြတွေကြောင့် အာရုံတွေပိတ်မရ လို့မို့ အနိဋ္ဌ ဒုက္ခ အနုတ္တ ရယ်လို ပုတီးကလေးတောင် မစိပ်နိုင်တော့ဘဲ နေဝင်ရင်တံခါးပိတ်ပြီး အအိပ်ကိုလဲ ချွေချွေ တာတာ)ဟု ရေးသားပြဆိုခဲ့ပေသည်။

လွန်ကဲတဲ့ လောဘတွေ လွန်ကဲတဲ့ ဒေါသတွေ လွန်ကဲ တဲ့ မောဟတွေ ဤတရားဆိုး တရားယုတ်တွေက စပြီး ချွေ တာရေး တရားခွန်းကြီး ဟောလာလိုက်ထာ စကားတွေ အတော်မျောသွားပြီ။

ထိုလောဘ, ဒေါသ, မောဟတွေကို ဆိုလိုက်လျှင် တိက္ခ ပညာ ပုဂ္ဂိုလ်တို့မှာ ကြွင်းကျန်သော အနက်အဓိပ္ပါယ်တွေ

ပါ သိနိုင်ကြပေလိမ့်မည်၊ သို့ပင် ဖြစ်သော်လည်း မန္ဒပညာ ပုဂ္ဂိုလ်တွေမှာတော့ သိပ် ထင်ရှားစွာ သိနိုင်ကြပေလိမ့်မည် မဟုတ်ဘူး၊ ဒါကြောင့်- နာနာဓိပ္ပါယ အတ္ထုပကာသန အချက်တွေပါ ဝမ်းစာဝါကျ အနေနှင့် သွတ်သွင်းပြီး အသိ ဉာဏ် ပွင့်လင်းစေခြင်းငှါ အနက်ကို အတော်အသင့် ဖွင့်၍ ယောဇနာလိုက်သည်။

ယခု ပြဆိုခဲ့သည့်အတိုင်းဆိုလျှင် တရားသဘောကြီးဟာ အလွန် ထင်ရှားလှပါပြီ တကာဗိုလ်ရ၊ (မှန်ပါ ထင်ရှားလှ ပါပြီ ဘုရား)။

သည်အတိုင်း ကျင့်ကြံ လိုက်နာမည် ဆိုလျှင်လည်း နိဗ္ဗာန် ကြီးကို လက်လှမ်း၍တောင် မှီခမန်း ထင်ပါရဲ့။

ဤ ချွေတာရေး တရားခွန်းကြီး အတိုင်း အသေအချာ စဉ်းစားပြီး တသဝေမတိမ်း စေတနာမယိမ်းယိုင်စေဘဲ သတိ တရား ခိုင်ခိုင်နှင့် အားထုတ်နိုင်လျှင် အများပင် လက်ကိုင် လုပ်ပြီး တောင်းဆိုနေကြသော နိဗ္ဗာန်ကြီးဟာ လက်လှမ်း လို့တောင် မှီလောက်ပါပြီလို့ မဆိုထိုက်ပေဘူးလား၊ (မှန်ပါ နိဗ္ဗာန် လက်လှမ်းမှီပြီလို့ ဆိုထိုက်ပါ ဘုရား)။

ဒါ့ကြောင့်-

(ထိုကဲ့သို့ ချွေတာစရာ အရေးတွေကို အသေအချာ တွေးမိရင်ဖြင့် သွေမက္ခာ ပြေအမတာနှင့်လဲ မဝေးတော့ပါ ဘူး၊ အမွေရတနာ ဒေသနာတွေကို အဖေ ဘဂဝါက ပေးခဲ့ ပါပေ့၊ အနေနေအရာရာမှာ အထွေထွေ အခါခါ တွေး

တွေးပြီး တကယ့် ဓမ္မတာရေးတရားကြီး ကျင့်ကြံအားထုတ်ပါတော့အံ့သတည်း)ဟု ရေးသားခဲ့ပေသည်။

တပေါစ ဟူသော မင်္ဂလာတရားတော်ကြီးအရ ဤ ဓမ္မတာရေး တရားကြီး တည်မှု မတည်မှု ကလည်း ကိုယ့်အလိုလိုက်မှု မလိုက်မှု စိတ်အလိုလိုက်မှု မလိုက်မှု ဤနှစ်ခုအပေါ်မှာ ပဓာန ကျရောက်နေလေ၏။

ကိုယ့်အလို ကိုယ့် အကြိုက်တွေကိုလဲ အလို လိုက်မိလို့နောက်ကလဲ အမိုက် စော်ကား ခံခဲ့ရလှလေပြီ၊ ယခုလဲ အမိုက်စော်ကား ခံရတုန်း ခံရဆဲ၊ နောင်လဲ အမိုက်စော်ကား ခံရလတ္တံ့ဘဲ။

အလိုလိုက် အမိုက် စော်ကား ဆိုဒါလို ဒီ ကိုယ့်အလိုကိုယ့်အကြိုက်ကို အလိုလိုက်နေကြလို့ အမျိုးမျိုးသော ဆင်းရဲအမိုက်တွေ အစော်ကား ခံနေကြရဒါ မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ အစော်ကား ခံနေကြရပါ ဘုရား)။

သူ့အလို မလိုက်လျှင် ဘဲ သူ့အမိုက်စော်ကား ခံရတော့မလဲ၊ ကဲ-အရိယာအပေါင်း သူတော်ကောင်းတွေဟာ သူ့အလို မလိုက်တော့ သူ့အစော်ကား ခံရသေးရှဲလား၊ (မခံရတော့ပါ ဘုရား)။

ဒါဖြင့် ကိုယ့်အလို ကိုယ့်အကြိုက် လိုက်မှု မလိုက်မှုကို ကြပ်ကြပ် သတိပြု။

ကြည့်လိုက်စမ်းဦး တခါ ဒီ စိတ်အလို စိတ်အကြိုက်ကို အလိုလိုက်နေကြသည့် အတွက် အမျိုးမျိုးသောဆင်းရဲအမိုက်

တွေ အစော်ကား ခံနေကြရဒါဘဲ မဟုတ်လား၊ (မှန်ပါ အစော်ကား ခံနေကြရပါ ဘုရား)။

သူ့အလိုလိုက်လို့ သူ့အစော်ကား ခံရဒါပေါ့၊ သူ့အလို မလိုက်လျှင် ဘာ-သူ့အစော်ကား ခံရတော့မှာလဲ။

ကဲ- အရိယာပေါင်း သူတော်ကောင်းတွေများမှာ သူ့ အလိုမလိုက်တော့ သူ့အစော်ကား ခံရသေးရဲ့လား၊ (မခံရ တော့ပါ ဘုရား)။

ဒါဖြင့်....စိတ်အလို စိတ်အကြိုက် လိုက်မှု မလိုက်မှု ကြပ်ကြပ် သတိပြု။

ဒီ- ကိုယ့်အလို ကိုယ့်အကြိုက်ဆိုတဲ့ ဓာတ်မိုက်ကလေးကို တရားနည်းဖြင့် တားဆီး တားဆီးပြီး ချွေတာ ချွေတာပေးမှ ဖြေးဖြေး ဖြေးဖြေးချင်း အားနည်း အားနည်း သွားမယ်။

ကိုယ်၏အလို ပိုမိုရှုပ်ထွေး သူကလေး မတော်နိုင်သေး သမျှ နောက်ကလဲ မကောင်းခဲ့ဘူး၊ ယခုလဲ မကောင်းဘူး၊ နောင်လဲ ကောင်းမှာ မဟုတ်ဘူး၊အမှန် စင်စစ်က သူကလေး တော်သွားမှ ခုရော နောင်ခါ ကောင်းတော့မှာဘဲ တကာ ဗိုလ်ရ၊ (မှန်ပါ သူတော်သွားမှ ကောင်းမှာပါ ဘုရား)။

ဒီ- စိတ်အလို စိတ်အကြိုက်ဆိုတဲ့ ဓာတ်မိုက်ကလေးကိုလဲ တရားနည်းဖြင့် တားဆီး တားဆီးပြီး ချွေတာ ချွေတာပေးမှ လဲ ဖြေးဖြေး ဖြေးဖြေးချင်း အားနည်း အားနည်း သွားမှာဘဲ။

စိတ်၏အလို ပိုမိုရှုပ်ထွေး သူကလေး မတော်နိုင်သေးသမျှ နောက်ကလဲ မကောင်းခဲ့ဘူး၊ယခုလဲ မကောင်းဘူး၊ နောင်လဲ ကောင်းမှာ မဟုတ်ဘူး၊ အမှန် စင်စစ်က သူကလေးတော် သွားမှ ခုရော နောင်ခါ အစဉ်တစိုက် ကောင်းတော့မှာဘဲ နော်၊ (မှန်ပါ သူတော်မှလဲ ကောင်းတော့မှာပါဘဲ ဘုရား)။

ဒါဖြင့် သူကလေး တဖြေးဖြေး တော်ပြီး၊ တစ တစ ကောင်းသွားအောင် တကာဗိုလ်တို့ ငါတို့တတွေခန္ဓာငါးပါး ရုပ် နာမ်နှစ်ပါး တရားတော်ကြီးနှင့် တားဆီးချေတာကြရ လိမ့်မယ်။

ယခုပြဆိုခဲ့သော ချေတာမှုဆိုတာလဲ တခြားမဟုတ်ဘူး၊ ဒိဋ္ဌိအလို အမှားပိုမှုတွေကို ဆိုနေဒါဘဲ မဟုတ်လား၊ (မှန်ပါ ဒိဋ္ဌိအလို အမှားပိုမှုတွေပါဘဲ ဘုရား)။

ထိုဒိဋ္ဌိကိုပင် အာသဝေါတရား လေးပါးတို့တွင် ဒိဋ္ဌာသဝ-လို့ ခေါ်တယ်။

ထို အာသဝ အရ အတ္ထအကျဉ်း လိုရင်းအတို ဝိဂြိုဟ် ဆိုရလျှင်-

**အာသဝန္တီတိ အာသဝါ။**

အာသဝန္တိ၊ အာရုံ ပြုသောအားဖြင့် ရှည်လျား မြား မြောင် ဝေါကြဘူစိတ်တိုင်အောင် ယိုးစီးတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာသဝါ၊ အာသဝမည်ကုန်၏။

ဒိဋ္ဌိက အမှားမြင်၊ အာသဝက ယိုစီးဒါ ပါဋ္ဌိလိုဆိုလျှင် ဒိဋ္ဌာသဝ မြန်မာလိုကတော့ အမှား ယိုစီးမှုကြီး ဟုမှတ်။

ဘယ်ကစ ဘယ်ကျအောင် ယိုစီးတတ်ပါသလဲ ဆိုတော့ အစမထင် သံသရာတခွင် တက်တက်စဉ်က စ၍ သောတာပတ္တိ မဂ်စိတ်၏ရှေ့ ဂေါတြဘုစိတ် ဖြစ်ပေါ်လာသည် တိုင်အောင် ယိုစီးတတ်လေသည်။

အလိုနှစ်ပါးရှိသည်အနက်မှာ ကိုယ့်အလိုနှင့် ထိုထို အာရုံ တွေ ယိုစီးလိုက် စိတ်အလိုနှင့် ထိုထိုအာရုံတွေ ယိုစီးလိုက် ဒီကဖြင့် ယိုစီးလိုက်မဟဲ့ ဆိုတဲ့သဘောနှင့် အမြဲတမ်းစောင့် ဆိုင်း ငန့်လင့်နေသကဲ့သို့ ဖြစ်မနေဘူးလား၊ (မှန်ပါ စောင့် နေသလိုပါဘဲ ဘုရား)။

သူက စောင့်နေသလိုဖြစ်လျှင် သူ့ကို ချွေတာတားဆီး နိုင်တဲ့ တို-ဝိပဿနာ ဉာဏ်ကြီးကလဲ စောင့်နေမှတော်တော့ မှာဘဲ။

တကာဗိုလ်ရေ (ဘုရား) စကားတွေမျှောပြီး တရား ကြောကြီး အတော်ရှေ့သွားပြီ ထင်တယ်၊ တော်လိုက်ဦးမှဘဲ၊ အမြဲမပြတ် ကိုယ့်အလို စိတ်အလို နှစ်ရပ်ကို သတ်မှတ် ဝေဘန် ၍ သံဝေဂဉာဏ်ဖြင့် နှိမ်နင်း ဆုံးမနိုင်ရန်၊ ဤချွေတာရေး တရားခွန်းကြီးမှ ကောက်နှုတ်ချက် သီတန်ကို ခပ်မြန်မြန် ချပေးလိုက်ပေးအုံးမယ်၊ ကဲ-ကဲ- ပုစု ခရု မကျန် အားလုံး ကုန်လိုက်ကြစမ်း လိုက်ကြစမ်း။

## ဆောင်ပုဒ်

(၁) ကိုယ်အကြိုက် အလိုလိုက်
အမိုက်စော်ကားတယ်၊

ကိုယ်အကြိုက် လိုမလိုက်
အမိုက်တော်သွားမယ်၊
သူတော်ရင် ကောင်းတယ်
သူမတော်ရင်-မကောင်းတယ်၊
တရားနှင့်ဖေး ချွေတာရေး
ဧးဧးကျင့်တော့မယ်။

(၂) စိတ်အကြိုက် သိပ်အလိုက်
အမိုက်စော်ကားတယ်၊
စိတ်အကြိုက် သိပ်မလိုက်
အမိုက်တော်သွားမယ်၊
သူတော်ရင် ကောင်းတယ်
သူမတော်ရင် မကောင်းတယ်၊
တရားနှင့်ဖေး ချွေတာရေး
ဧးဧးကျင့်တော့မယ်။

## တရားချရန်

အယံ ဓမ္မော၊ ဤ ယခု ဟောပြော ပြသ ဆိုဆုံးမခဲ့ပြီးသော တရားတော်ကြီးသည်။ နော၊ ဟောမှု နာမှု အလေးပြု၍ ရှေးရှုအားထုတ် အကျွန်ုပ်တို့ကို။ စတူသု-အာသဝေသု၊ ကာမာသဝ, ဘဝါသဝ,ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါလေးစင်း ယိုစီးခြင်းတို့တွင်။ ဒိဋ္ဌာသဝါ၊ အမှားသိ အမှားမြင် အမှားထင်ဘိစီး ဒိဋ္ဌာသဝ ခေါ်သော အမှားယိုစီးမှုကြီးမှ။ ယာဝ နိက္ခန္တံ၊ ကျွတ်လွတ် ထွက်မြောက်

အဆုံးသို့ ရောက်သည်တိုင်အောင်။ ပါလေတုံ၊ ဘဝယခု အစ ပြုလျက် မပျက်ပုံသေ ကောင်းစွာစောင့်ရှောက်တော်မူပါစေ သတည်း။

သာဓု-သာဓု-သာဓု

---

## မှာ ထား ချက်

ဤ ချွေတာရေး တရားခွန်းကြီး လွန်မင်းစွာ ရှည်လျား နေမည်စိုး၍ ထည့်သင့် ထည့်ထိုက်သော စကားတွေ မြောက် မြားစွာ ရှိသေးသော်လည်း ထည့်သွင်း မပြုလိုက်တော့ပြီ၊ ပြဆိုခဲ့ပြီးသော စကားရပ်တို့တွင်လည်း ဥပမာနှင့် တကွ များစွာသော စကား အဆစ်အပိုင်း ပါရှိခဲ့ရာ တခု နှစ်ခု လောက်သော ဥပမာစကား အရလောက် ကိုသာ ကောက် နုတ်ချက် ချ၍ ထင်မြင်အောင် ဟောပြောကြပါကုန်။

ချွေတာရေး တရားခွန်းကြီး ပြီး၏။

---

ရတနတ္တယံ အဟံ ဝန္ဒာမိ

(၂)

# ဝိဇ္ဇာစရဏ,ကျင့်ညီမျှ,နိဗ္ဗာန်ရသွန်း တရားခွန်း

---

စရဏံ ပါဒပက္ခံဝ၊ ဝိဇ္ဇံ တုဏ္ဍ သမံ သမံ။
ပူရေတွာန ပက္ခေယျုံ၊ ဘုဥ္ဇိတုံ အမတံ ရသံ။

ဘောဒ္ဓော၊ ပစပ်ပြော မဟုတ် မောတ်ရော လုပ်သဖြင့် အဟုတ်နိဗ္ဗာန်ကို အမှန်လိုကြောင်း အို-သူတော်ကောင်းတို့။ ပါဒပက္ခံဝ၊ သွားနိုင် လာနိုင် ပျံသန်းနိုင်အောင် ခြေအတောင်နှင့် ပုံဆောင်နည်းပြ အလွန်တူပေဘသော။ စရဏံ၊ အရိယာသခင် မြတ်အရှင်တို့ကျင့်စဉ်လက်ရိုး ဒါန,သီလစသော စရဏမျိုးကြီးကိုရင်း။တုဏ္ဍသမံ၊အခွံကိုခွါအကာကိုပစ်အနှစ်ကိုရှာအရသာကိုယူ ရွေးချယ် ချုတတ်သည့် နှုတ်သီးနှင့် တူပေထသော။ ဝိဇ္ဇံ၊ သုသိ ငါသိ ကမ္မာသိနှင့် သတ္တဝါသိ ဖယ်ထားသာသနာသိ ဆိုတဲ့ အလင်းတရား ထိပ်သီး ဝိဇ္ဇာမျိုးကြီးကိုရင်း။ သမံ၊ မပိုမလွန် ချိန်ခွန်ပမာန ဘောင်ဝင်ကျအောင်။ ပူရေတွာန၊ အခါမလင့် ချိန်မဖင့်စေဘဲ ဖြည့်ကျင့် ဆည်းပူးအထူးစုဆောင်းကြကုန်ပြီး၍။ အမတံရသံ၊ မအို,မနာ,မသေရာမှန် နိဗ္ဗာန်ချမ်းသာ မြတ်ရသာကို။ ဘုဥ္ဇိတုံ၊ ကြောင့်ကြလွတ်ကင်း တောင့်တ ရှင်း၍ ပိုင်နင်းကြည်သာ သုံးဆောင်ခံစားရခြင်းငှါ။ ပက္ခေယျုံ၊ လိုရာ စခန်း ဖြောင့်မှန်တန်း

သဖြင့် ပျံ့သန်းကူးမြောက် ကြကုန်ရာသတည်း။ ပဉ္စေယျို၊ ဒါနကို ရင်ခွင်ပိုက်ထား, သီလကိုတွင်တွင်လိုက်စား, ဘာဝနာကို ထင်မြင်အောင်ဆိုက်ပွားမှ မိုက်မှားသမျှသံသရာမှာ တဖန်မလာ တဆိတ်မနားတော့ဘဲ မြန်မကြာ ဟိတ်ကြွားပြီး စိတ်သွားတိုင်းကိုယ်ပါ လိုရာ ရောက်ကုန်ရာသတည်း။

တကာမှန်ရေ၊ (ဘုရား) ယခုဟောရမည့် တရားတော်ကြီးက ဝိဇ္ဇာနှင့်စရဏ နှစ်ပါးစုံညီမျှမှ နိဗ္ဗာန်ရမည့်အကြောင်းကို ဥပမာနှင့်တကွ ထင်ရှားစွာပြလိုက်သော အချက်ကြီးမို့ လေးနက်သေချာ မှတ်နာယူဘို့ တရားတော်ကြီး မဟုတ်လား၊ (မှန်ပါ ဘုရား)။

နိဗ္ဗာန်ကို ပစပ်ပြောတွင် လိုချင်ခါမျှ သာမညမဟုတ်၊ အဟုတ်တကယ် အပါယ်စသော ဝဋ္ဋဒုက္ခကြီးတွေကို ကြက်သီးထမလောက် အလွန်ကြောက်တတ်သူ မှန်သမျှ အဝိဇ္ဇာနှင့် စရဏကို ဘယ်ဘက်ကမှမလိုစေဘဲ မချိုစေဘဲ အမြဲလက်ကိုင်ရှိကြရပေလိမ့်မည်။

နိဗ္ဗာန်ဆိုဒါ ဆုတောင်းကောင်းတယ်၊ ဆုတောင်းရတယ် ဆိုလို့သာ မိရိုးဖလာ ရှော်ခါရှန်ခါအသံမျှသာ ပါ၍ အရာရာပြုကြသမျှသော ကုသလမှု တွေဟာ ဝိဇ္ဇာမျိုးလည်း မပါ၊ စရဏမျိုးလည်း တန်ခိုးမရှိ၊ နွားတကောင်တည်း က,သော လှည်းကဲ့သို့ ခရီးမရောက် ဖြစ်ချေ၏။

ဤဝိဇ္ဇာစရဏဟူသော စကားဝါကျ၌ ဝိဇ္ဇာ,စရဏတရား နှစ်ပါးတို့တွင် စရဏတရားသည် ရှေ့ဆောင်ရှေ့သွား အရင်းခံတရားဖြစ်သောကြောင့်၊စရဏကိုရှေ့ထား၍ ဝိဇ္ဇာကိုနောက်က

ထားပြီး စရဏဝိဇ္ဇာဟု ဆိုလိုပါလျက် သဒ္ဒါနည်းအားဖြင့် နည်းသောအက္ခရာရှိသော ပုဒ်ကို ရှေ့ကထား၍ များသော အက္ခရာရှိသောပုဒ်ကို နောက်ကထားပြီး ဝိဇ္ဇာ စရဏ-ဟု ဒွန် သမာသ်တခု ပုဒ်စဉ်ပြုရသည်။

ပုရိသ ဗ္ဗူတ္တိ-ဟု ဆိုလိုလျက် ဗ္ဗူတ္တိပုရိသ-ဟု ခေါ်ဆိုရိုး ပြုရသကဲ့သို့မှတ်။

## စရန္တိ ဂစ္ဆန္တိ ဧတေနာတိ စရဏံ။

ဧတေန၊ ဤတရားဖြင့်။ အမတဋ္ဌာနံ၊ မအို,မနာ,မသေရာ မှန် မြတ်နိဗ္ဗာန်သို့။ စရန္တိ-ဂစ္ဆန္တိ၊ သွားကြ ရောက်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ နိဗ္ဗာန်ကိုသွားကြောင်း ရောက်ကြောင်း ဖြစ်သောကြောင့်။ စရဏံ၊ စရဏမည်၏။

ဤဝိဂ္ဂိုဟ်အရ ဝိဝဋ္ဋနိဿိတဖြစ်သော ဒါန,သီလ စသော စရဏစု ကုသိုလ်မှုတို့ကို စရဏဆိုသည်ဟု မှတ်။

## ဝိဇ္ဇာဆိုသည်ကား

## ဝိဒန္တိ ဇာနန္တိ ဧတာယာတိ ဝိဇ္ဇာ။

ဧတာယ၊ ဤထူးသောပညာဖြင့်။ အဝိဒိတံ၊ မသိဘူးသေး သော တရားထူးကို။ ဝိဒန္တိ-ဇာနန္တိ၊ သိတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။

ဤဝိဂ္ဂိုဟ်အရ ဘဝအဆက်ဆက် အနမတဂ္ဂ သံသရာက တခါတရံမျှ မသိခဲ့ဘူးသော အသိထူး အသိမြင်ကို ဝိဇ္ဇာဆို သည်-ဟု မှတ်။

ဝိဇ္ဇာအရ ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါးနှင့် စရဏအရ စရဏ ၁၅-ပါးကို သရုပ်အားဖြင့် မှတ်သားလိုသော်--

(၁) ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယ, ဤဉာဏ် ၃-ပါးကို ဝိဇ္ဇာသုံးပါးဆိုသည်။

(၂) ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, မနောမယိဒ္ဓိ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသ, အာသဝက္ခယ, ဝိပဿနာ ဤဉာဏ် ၈-ပါးကို ဝိဇ္ဇာ ၈-ပါး ဆိုသည်။

(၃) သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ၊ စတုက္ကနည်း အားဖြင့် ရူပစျာန် ၄-ပါး၊ သဒ္ဓါ, ဝီရိယ, သုတ, သတိ, ပညာ, ဟိရီ, ဩတ္တပ္ပ ပေါင်း ၁၅ ပါးကို စရဏ ဆိုသည်။

**အထက်စကား ၃-ရပ်ကို သံပေါက်အတိုဖြင့် မှတ်လိုသော်။**

(၁) ပု-ဒိ-အာကို၊ ဝိဇ္ဇာဆို၊ မှတ်လို ဤသုံးရပ်။
(၂) ဒိဗ် ဒိဗ် ဣဒ္ဓိ၊ မယိဒ္ဓိနှင့်၊ ဝိဇာနန ၊ နိဝါသ, တချက်၊ အာသဝက္ခယာ၊ ဝိပဿနာ ရှစ်ဖြာဝိဇ္ဇာမှတ်။
(၃) သီ-ဣန်-ဘော-ဇာ၊ လေးရူပါနှင့်၊ သဒ္ဓါ-ဝီရိယ၊သုတ သတိ၊ပဉ်-ဟိ-ဩတ္တာ၊ ဆဲ့ငါး၀၊စရဏ-ဟုမှတ်။

ဝိဇ္ဇာအပြား စရဏအပြားကို သရုပ်အားဖြင့် ရေတွက်၍ ပြလိုက်ရငြားသော်လည်း ဤအရာ၌ အရေးကြီးသော အားလုံးကုန်မခြား အများနှင့် သက်ဆိုင်သော လက်ကိုင် ဝိဇ္ဇာနှင့် စရဏကိုသာ ပြောဟောဘော်ပြတော့မည်။

အထက်က ပြဆိုခဲ့သော ဂါထာအရ၊ ဥပမာ ပြရလျှင် စရဏ တရားသည် ခြေ၊ အတောင်ပံနှင့် တူ၏၊ ဝိဇ္ဇာသည် နှုတ်သီးနှင့် တူ၏-ဟု မှတ်။

ထိုစကားကို ထင်ရှားစေဦးအံ့၊ကျေးငှက်တို့သည် မျက်လုံးဖြင့် အလိုရှိရာ အရပ်ဌာနကို ကြည့်ရှုလျက် ခြေ၊ အတောင်တို့ဖြင့် အရသာပေါသော သစ်သီးတောသို့ မရောက်ရောက်အောင် ပျံသန်းကုန်၍ နှုတ်သီးဖြင့် ထိုသစ်သီးတို့ကို ကိုက်ဖောက်ထိုးဆွခါ စားသောက် ကြရကုန်၏၊ မျက်လုံး အရ ကမ္မဿကတ ဉာဏ်ကို ယူလေ၊ ကံ ကံ၏အကျိုးကို ယုံကြည်မှု တခု ချိတ်ပျက်စီးနေလျှင် ဝိဇ္ဇာရော စရဏပါ ပျက်စီးရာ၏ ဟု မှတ်။

ကဲ- ဒီဥပမာကို တကာမှန်တို့ စဉ်းစားကြည့်ကြစမ်း၊ ထို ကျေးငှက်သတ္တဝါမှာ နှုတ်သီးသာ ပါ၍ ခြေ၊မပါ အတောင်ပံ မပါခဲ့လျှင် လိုရာစခန်း သစ်သီးလမ်းသို့ ပျံသန်းသွားလာနိုင်ပါတော့မလား၊ (မသွားနိုင်တော့ပါ ဘုရား)။

ဘာ သွားနိုင်ပါတော့မလဲ ခြေ၊ အတောင်က မပါတော့ ထိုနေရာက နံနံမှ မရွေ့နိုင်တော့ဘဲ အစာအာဟာရ ပြတ်ငတ်ပြီး သေပွဲဝင်ရတော့မှာ အမှန်ဘဲ။

ဒါဖြင့် ခြေ၊ အတောင်ပံသာပါ၍ နှုတ်သီးက မပါပြန်လျှင်ကော ရသာပေါတဲ့ သစ်သီးတောသို့ ချောမောစွာ ရောက်ပြန်ပါတော့လဲ အတွဲအရွဲ အပြိုင်အဆိုင်နှင့် အခိုင်အခိုင် သီး၍နေသော သစ်သီးများကို စားသောက် သုံးဆောင်ခြင်း ငှါ စွမ်းနိုင်ပါဦးမလား၊ (မစားသောက်နိုင်တော့ပါ ဘုရား)။

ဘယ် စားသောက်နိုင်တော့မလဲ နှုတ်သီးက မပါတော့ ထိုနေရာတွင် အစာအာဟာရ ပြတ်တော်ပြီး သေပွဲသာ ဝင်ရတော့မှာပေါ့။

ခြေ, တောင်ပံ,နှုတ်သီး, အပြီးတိုင်ပါ အင်္ဂါစုံမှ လိုရာကိုစွ ခံစားရသဖြင့် ထိုကျေးငှက်ဟာ ချမ်းသာမျှတ နေထိုင်ရတယ် ဆိုပါတော့၊ (မှန်ပါ ဘုရား)။

အဲဒါလို ဝိဇ္ဇာဉာဏ်သာ ပါရှိ၍ စရဏအခြေခံ မရှိပြန်က ရောပထနုဂါး ကပိလ ငါးကြီးများကဲ့သို့ ဘုရား သာသနာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို မခံစားကြရရှာဘဲ ဒုဂ္ဂတိဘဝထဲက သာသနာနှင့် ချော်လွဲရှာကြရတော့မည်သာ။

ထိုရောပထနုဂါး၊ကပိလ ငါးကြီးများဟာ ကဿပဘုရား လက်ထက်တော်က ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ကြီးတွေပေါ့ ဟ တကာမှန်ရဲ၊ (မှန်ပါ ပိဋကတ်သုံးပုံ ဆောင်ကြီးတွေပါ ဘုရား)။

စရဏ တရားမျှသာ ပါရှိ၍ ဝိဇ္ဇာဉာဏ် မရှိပြန်ကလည်း ကောသလမင်းကြီး မလ္လိကာ မိဖုယားကြီးများကဲ့သို့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို မခံစားကြရရှာဘဲ ဝဋ္ဋထဲ၌သာ တပြောင်းပြန်ပြန် ကျန်ရစ်ရှာရတော့မည်သာ။

ထို ကောသလ မင်းကြီးဟာ ဘုရားကို အလွန်ကြည်ညိုလှ၍ ရာဇကာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းသော ကျောင်းဒါယကာကြီးတဦးဖြစ်၏။ မလ္လိကာမိဖုယားလဲ ဘုရားကို အလွန်ကြည်ညိုလှ၍ အဘိုးများစွာ ထိုက်တန်သော

မြသပိတ်ခြေကြီး,ထီးဖြူကြီး, ပလ္လင်ကြီး,အင်းပျဉ်ကြီးများကို အထူးသဖြင့် လှူဘူးသူ တဦးတယောက်ပေါ့ဟ တကာမှန်ရ၊ (မှန်ပါ ကျောင်းတကာ ကျောင်းအမ ထီးဖြူ ပလ္လင် အင်းပျဉ်ကစ မြသပိတ်ခြေ အမကြီးတွေပါ ဘုရား)။

ဝိဇ္ဇာနှင့် စရဏ နှစ်ပါးစုံညီမျှ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသဖြင့် ချမ်းသာထူးကို ခံစားရသော သူတို့မှာ ခေမာ, ဝိသာခါ, အနာထပိဏ် စသောသူတို့ပင်တည်း။

ကဲ- ဒါဖြင့် ရှေးရှေးသော အခါက ဝိဇ္ဇာမျိုးစေ့သာ ပါရှိခဲ့၍ စရဏမျိုးစေ့မပါမရှိခဲ့ပြန်လဲ ဟန်မရ၊ စရဏမျိုးစေ့သာ ပါရှိခဲ့၍ ဝိဇ္ဇာမျိုးစေ့မပါ မရှိခဲ့ပြန်လဲ ဟန်မရ၊ ဟော-ယခု နှစ်ပါးစုံပါရှိလာသော ခေမာ, ဝိသာခါ, အနာထပိဏ် စသော သူတို့မှာတော့ ဘယ့်ကလောက် ဟန်ရလဲ၊ (မှန်ပါ အလွန်ဟန်ရပါဘုရား)။

ကံ-ကံ၏အကျိုးကို ယုံကြည်မှုဆိုတဲ့ ကမ္မသကတဉာဏ် အရင်းခံမျက်စိမှ မရှိကြတဲ့သူတွေကိုတော့ ဝိဇ္ဇာသော စရဏသော အထူး ပြောနေဘွယ်မရှိ၊ နှစ်ပါးစုံပျက်စီး၍ သေသည်၏အခြားမဲ့၌ ငရဲသာ ကျရောက်ကုန်ရာ၏။

ဒါ့ကြောင့်-

ဝိဇ္ဇာစရဏ၊ ဘောင်ဝင်ကျ၊ ဒါမှ နိဗ္ဗာန်ရ။

ဝိဇ္ဇာနှင့် စရဏသည် ချိန်ခွင်လျှာပမာန ဘောင်ဝင်ကျမှ နိဗ္ဗာန်ရတော့၏-ဟု မှတ်။

ဘောင်ဝင်ကျ ဆိုသည်မှာလည်း ဝိဇ္ဇာကိုလည်း မပယ်၊ စရဏကိုလည်း မပယ်၊ အလယ်အလတ် အကျင့်မြတ်ကို ဆိုလိုပေသည်၊ အကယ်၍ ဝိဇ္ဇာဘက်ကအားကြီး၍ စရဏဘက်က အားနည်းခဲ့ငြားအံ့၊ နိဗ္ဗာန်သွား ဆင်းဆင်းရဲရဲ မွဲမွဲတေတေ ဖြစ်တတ်ချေသည်။ စရဏဘက်က အားကြီး၍ ဝိဇ္ဇာဘက်က အားနည်းခဲ့ငြားအံ့၊ နိဗ္ဗာန်သွား လေးလေး နှေးနှေး သေးသေး ကွေးကွေး ဖြစ်တတ်သေးသည်၊ နှစ်ပါးညီတိ အပြစ်မရှိ။

ဝိဇ္ဇာဘက်က အားကြီးလျှင် စရဏဘက်မှာ အားနည်းတတ်သည်၊ စရဏဘက်က အားကြီးလျှင် ဝိဇ္ဇာဘက်မှာ အားနည်းတတ်သည်၊ ဝိဇ္ဇာနှင့် စရဏ ဘောင်ဝင်ကျ ညီရဲလှ၏ သတိရှိကြလေ။

ဝိဇ္ဇာဉာဏ် သာမည တဘက်သပ် အမြင်ကလေး မျှနှင့် စရဏကို လုံးဝပယ်မည်ဆိုလျှင် လိုချင်တဲ့နိဗ္ဗာန်ကို အစော်မျှမနံရချေ၊ စရဏတရား တဘက်သပ်ကလေးများနှင့်သာ ဝိဇ္ဇာကို လုံးဝပယ်မည်ဆိုလျှင်လည်း လိုချင်တဲ့နိဗ္ဗာန် ဘယ်တော့မှ အစော်မနံရချေ။

အဲဒါလို ဝိဇ္ဇာနှင့် စရဏ ချိန်ခွင်လျှာပမာန ဘောင်ဝင်မကျနိုင်ကြလို့ ယခုလောကမှာ အချို့ ဝိဇ္ဇာသမားက စရဏသမားကိုပုတ်ခတ်၊ အချို့ စရဏသမားကလဲ ဝိဇ္ဇာသမားကို ပုတ်ခတ်၊ သဘောချင်းမစပ်မိအောင် ဖြစ်နေကြ မဟုတ်လားတကာမှန်ရ၊ (မှန်ပါဘုရား)။

ငါတို့ နယ်တကာမှာ ရောက်၍ တွေ့ကြုံခဲ့ရသလောက်ကို ပြောရမည်ဆိုလျှင် ဝိဇ္ဇာသမားက စရဏမှုကို လုံးဝမပြု၊ လုံးဝ ပယ်သည်ဟု မတွေ့ခဲ့ရ မကြုံခဲ့ရပေ၊ တလေ တယောက်မျှဖြင့် ပေါ့ပေါ့ဆဆ သဘောအနေနှင့် ဒါနစသည် ပြုကြဒါ ရှိချင် ရှိပေလိမ့်မည်၊စရဏသမားက ဝိဇ္ဇာလုပ်ငန်းကိုပယ်ဒါကတော့ တပုံတခေါင်းကြီး ရှိပေ၏။

ဝိဇ္ဇာလုပ်ငန်းကြီးကို ပယ်မှာပေါ့၊ ဒါနနှင့် နိဗ္ဗာန်ရတယ် လို့ အဆုံးမခံထားရတဲ့သူကိုး တကာမှန်ရဲ၊ (မှန်ပါဘုရား)။

တခါဟာတော့ ဒါနနှင့် နိဗ္ဗာန်ကို ရ,မရ ငါတို့ထံလာ၍ တကာနှစ်ယောက် လျှောက်ထားဘူးသေးသကိုး၊ သည်တော့ ငါတို့ကလဲ ရအောင်လုပ် ရမှာပေါ့၊ မရအောင်လုပ် မရဘူး ပေါ့-ဟု ပြောလိုက်ရတယ်။

ဝိဇ္ဇာနှင့်စရဏတရားကို နိဗ္ဗာန်သွားရိုးရိုး၊ ကြောင်းကျိုး မပျက် ကတ္တားဆက်ပြီး ဟောပြ လိုက်တော့မှ သဘောကျ ကျေနပ်သွားကြသကိုး တကာမှန်ရဲ၊ (မှန်ပါ ဘုရား)။

ဝိဇ္ဇာဉာဏ်မပါဘဲ ဒါနဟူသော စရဏတရား တဘက်သပ် နှင့် နိဗ္ဗာန် ရတယ်လို့ မှတ်ထားဒါလဲ အခက်ကြီး တခက်ဘဲ နေဘ်....။

ဒါကြောင့် ဝိဇ္ဇာနှင့် စရဏတွဲမိအောင် ဝဋ္ဋနိဿိတနှင့် ဝိဝဋ္ဋနိဿိတ ကွဲပြားခြားနားအောင် သတိထားဘို့ဟာ ဘယ့် လောက်လိုသလဲ တကာမှန်ရဲ၊ (အလွန်လိုပါ ဘုရား)။

သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတ ဝသေန
မိစ္ဆာဒိဋ္ဌိပိတံ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော
ဝိဝဋ္ဋံ။

ဝဋ္ဋသမ္ပတ္တိံ၊ ထပ်လဲကြိမ်ကြိမ် ဝဋ်စည်းစိမ်ကို။ ပတ္ထေတွာ၊ တဏှာအငတ် အာသာဓာတ်က လိုချင်တောင့်တ၍။ ဝဋ္ဋ-နိဿိတဝသေန၊ ဝဋ်တွင်း ဝဋ်ထဲ ဂဋ်ဆင်းရဲ၌သာ တဝဲလည်လည် အမြဲမှီသည်၏ အစွမ်း အားဖြင့်။ မိစ္ဆာဒိဋ္ဌိပိတံ၊ ပစပ်နိဗ္ဗာန် ဓာတ်ရိပ်မမှန်ဘဲ ဘောက်ပြန်စိတ်ထား အမှားဆောက်တည်ခြင်းသည်။ သစေ ဟောတိ၊ အကယ်၍ကား ဖြစ်ပါငြားအံ့။ ဝဋ္ဋမေဝ၊ မြုပ်မြဲ မျောမြဲ ဝဋ်ဆင်းရဲကို သာလျှင်။ အာဟရိတုံ၊ မမြုပ်မြုပ်အောင် မမျောမျောအောင် ပို့ဆောင်ခြင်းငှာ။ သက္ကောတိ၊ မုချမသွေ စွမ်းနိုင်ချေ၏။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာမှန် မဂ်ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်ထွဋ်ဖူး လောကုတ္တရာတည်းဟူသော ချမ်းသာထူးကြီးကို။ အာဟရိတုံ၊ ရအောင် ရောက်အောင် ပို့ဆောင်ခြင်းငှါ။ နောသက္ကောတိ၊ ထို ဝဋ္ဋနိဿိတ ကုသိုလ်မျိုးကဖြင့် စိုးစဉ်းမျှပေ မစွမ်းနိုင်ချေ။

ဤအဋ္ဌကထာကြီးများ ဖွင့်ကြားတော်မူကြသော စကားရပ်တွင် ပါဌ်စဉ်အလို အဓိပ္ပါယ် အကျဉ်း လိုရင်းကိုဆိုသော် လူ့နတ်-စသော ဝဋ်စည်းစိမ်ကို ရည်မှန်း တောင့်တ၍ ပြုကြသော ကုသိုလ်အစု ကောင်းမှုဟူသမျှသည် ဝဋ်ကိုမှီ၍ဖြစ်သော ဝဋ္ဋနိဿိတမျိုး ဖြစ်သောကြောင့် ဝဋ်ကိုသာ ဆောင်ခြင်းငှါ စွမ်းနိုင်သည်၊ မဂ်ဖိုလ် နိဗ္ဗာန် တည်းဟူသော ဝဋ်ကင်းရာကို ဘယ်အခါမှ မဆောင်နိုင်ဟု တထစ်ချမှတ်။

ဝိဇ္ဇာဉာဏ်မပါ မိရိုးဘလာ ဓမ္မတာအလို ဝဋ္ဋနိဿိတ ကုသိုလ်မျိုးများနှင့်ဖြင့် ဝဋ်ထဲကတဘဝါးမှမရွေ့နိုင် ဟူလို။

အထက်ကပြဆိုခဲ့သော အဋ္ဌကထာကြီးများကို ထောက်ထား၍ကြည့်၊ အဓိပ္ပါယ်ကိုသိပါလျှင် ဝဋ္ဋနိဿိတ ကုသိုလ်တရားက ဝဋ်ထဲကမှလွတ်လွှဲ၍ ဝဋ်ကင်းရာဌာနကို တဆံခြည်ဖျားမျှ မသွားစေနိုင်ဘူးဆိုဒါ ထင်ရှားပြီ မဟုတ်လား-ဟတကာမှန်ရ၊ (မှန်ပါ သိပ်ထင်ရှားပါဘုရား)။

ထို ဝဋ္ဋနိဿိတ ကုသိုလ်မျိုးက ဝဋ်မှကင်းရာ ဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန်ကို ပို့ဆောင်နိုင်ပါတယ် ဆိုလျှင် ဝိဝဋ္ဋကုသိုလ်မျိုးကို တဆင့်တိုး၍ အားထုတ်ရန်မလို၊ ဝဋ္ဋ ဝိဝဋ္ဋ-ဟူနှစ်မျိုးခွဲပြီး ဟောတော်မူဒါလဲ အပို၊ ဘုရားကိုလည်း မမျှော်လင့်၊ ဆရာသမားထံ နိသျည်းခံဘွယ်လည်း မရှိ၊ ပကတိ ပြုကြရိုးဓမ္မတာ ကုသိုလ်နှင့် သူ့အလိုလို နိဗ္ဗာန်ရောက်သွားလိမ့်မည်-ဟု ဆိုဘွယ်ရာ အကြောင်းရှိတော့သည်၊ ကောင်းကောင်းကြီးသတိထားကြလေ။

ကဲ- သူသူငါငါ သတ္တဝါမှန်သမျှ အနန္တတွေဟာ ဘဝါဘဝက ပြုခဲ့ကြသော ကုသိုလ်အရိုး အမျိုးမျိုးတွေ အပြည့်တင်းကြမ်း ရှိမနေကြဘူးလား၊ (ရှိကြပါ ဘုရား)။

ဒီ-ကုသိုလ်တွေဟာ ပေးပါတော့မလား နိဗ္ဗာန်၊ ဘောက်လို ခုထက်ထိ ဝဋ်ထဲမှာ ယက်ကန် ယက်ကန်နှင့် ပင်လက်တချက် မှောက်လိုက်တမျိုး ဇောက်ထိုး တတန်နှင့် ဂျွမ်းပြန်ဂျွမ်းပြန် နေကြသေးသလဲ။

သံသရာ ကမ္ဘာလဆန်း ( ၁ ) ရက်နေ့ကစ၍ ယနေ့သို့ ကျအောင် ပြုခဲ့ကြသော ဝဋ္ဋနိဿိတ ကုသိုလ်မျိုးတွေက နိဗ္ဗာန်ချမ်းသာကျိုးကို မပေးနိုင်သည့် အတွက် ယခုထက်ထိ ငုတ်တုတ်မဲတဲ ရှိန်နေကြဒါ ကိုယ်တိုင် ဒိဋ္ဌဘဲ၊ ဒီ-ကုသိုလ်က နိဗ္ဗာန် ပို့မပို့ ဘာမေးနေဘို့ တွေးနေဘို့ လိုသေးသလဲ-ဟာ တကာမှန်ရဲ၊ (မလိုတော့ပါ ဘုရား)။

ထိုဝဋ္ဋနိဿိတ ကုသိုလ်ကဖြင့် နိဗ္ဗာန်သို့ တတ့်ိမှ မပို့နိုင်ဒါ ဟာ အလွန်ထင်ရှားပါပြီ၊ ဘယ်ဝိဘင်း ပါဠိတော်ကြီးကိုမှ စကားရှုပ်အောင် ထုတ်ဆောင်၍ ပြမနေ ပရစေနှင့်တော့ တကာမှန်တို့။

ယခင်က ဘော်ပြခဲ့ပြီးသော (ဝဋ္ဋမေဝ) ဟူသော ပါဠိ၌ ဧဝ-သဒ္ဒါနှင့် ကန့်လိုက်သည့် သဘောနှင့် နော ဝိဝဋ္ဋံ-ဟု ပဋိသေဓနှင့် လှန်၍ တဖန်မြစ်ပြန်တော် မူလိုက်သည့် အချက် ကို လေးနက်စွာ ဆင်ခြင်ပြီး တကယ့်ညာဏ်ကြီးပေါ်ကြစေ။

ဝဋ္ဋ၌ညွတ်သည် ဝဋ္ဋကိုမှီကပ် ဝဋ္ဋနိဿိတခေါ်နှင့် ဝဋ္ဋ၌ မညွတ် မတည် ဝဋ္ဋကိုမမှီမကပ် ဝိဝဋ္ဋခေါ်၊ ဤနှစ်ရပ်ဟာ သဘောချင်း ရောစပ်ကြရဲ့လား-ဟာ တကာမှန်ရဲ၊ (မရောစပ် ကြပါ ဘုရား)။

ဘာ ရောစပ်ကြမလဲ- သဘောခေါ်ချင်းကိုက ဖြောင့် ဖြောင့် ဆန့်ကျင်ဘက် ပဋိပက္ခကြီးဘဲ။

သို့ကလို သဘာဝချင်း မူလရင်းတို့က အဆင်းနှင့်အတက် အနက်နှင့်အဖြူ၊ အပူနှင့်အအေး၊ မီးနှင့်ရေလို ဝေးချင်းတိုင်း

ဝေးနေသောကြောင့် မအေးတဲ့ဝဋ်တွင်းမှာနစ်မွန်း၍နေသော ဝဋ္ဋနိဿိတ ခေတ်စခန်းနှင့် အအေးဆိုတဲ့ ဝဋ်တွင်းမှ လွတ်ကင်းချမ်းသာသော ဝိဝဋ္ဋ ခေတ်စခန်းဟာ ပင်လယ်ဟိုဘက်ကမ်း သည်ဘက်ကမ်းမက ကွာချားလှချေ၏ တကား။

တလောကလုံး ပြောကြတဲ့ဒါန, ပြောပြမယ် နားထောင်ယောင်တောင်တော့ မလုပ်ကြနှင့်။

ဒါနသည် ဝဋ္ဋနိဿိတ ဒါန၊ ဝိဝဋ္ဋနိဿိတ ဒါနဟူ၍ နှစ်မျိုးရှိ၏၊ သီလနှင့် ဘာဝနာသည်လည်း ထို့အတူ ဝဋ္ဋ ဝိဝဋ္ဋ နှစ်မျိုးရှိ၏ဟု သိလေ။

ထိုကဲ့သို့ ဝဋ္ဋနိဿိတ ဝိဝဋ္ဋ ဟု နှစ်မျိုးနှစ်စား ထင်ရှားရှိပါလျက်သားနှင့် ဘယ်အမျိုး ဘယ်အစားရယ်လို့ မခွဲခြားဘဲနှင့် သာမညစကားအားဖြင့် ဒါနတရားနှင့် နိဗ္ဗာန်သွားတယ်လို့ ဘုရားငယ်တို့ ဆုံးမကြသော စကားရပ်ကို အဟုတ်မှတ်ပြီး ကျေနပ်နေရှာကြသူတွေကလဲ အများကြီးဘဲ။

ဒါကြောင့် ဒါနမှန်သမျှ နိဗ္ဗာန်ရ၊ ကုသိုလ်မှန် နိဗ္ဗာန်ပို့၊ သို့ကလိုချည်း အများ ထင်မှတ်နေကြတယ် တကာမှန်ရ (တပည့်တော်ကစ၍ သည်အတိုင်း ထင်မှတ်နေကြပါဘုရား)။

အဲဒီလို ထင်နေကြလို့ပေါ့ ဒါနနှင့် နိဗ္ဗာန်သွားမသွား မေးကြတဲ့သူတွေ အများကြီးရှိသေးတယ်။

ဒါလို သာမညအားဖြင့် ဒါနဟာ နိဗ္ဗာန် သွားမသွား မေးကြတဲ့ ပုစ္ဆာများသည် ရှမ်းလူမျိုး ယောက်ဖ ယောက်ဖ-ဟု ခေါ်သော စကားကဲ့သို့ ဖြစ်၍နေတော့၏။

ရှမ်းလူမျိုးများဟာ တွေ့တိုင်း တွေ့တိုင်းသောလူကို ဟော့ ယောက်ဖ ဟော့ ယောက်ဖလို့ ခေါ်လေ့ ရှိကြမဟုတ်လား၊ (မှန်ပါ ခေါ်ကြပါဘုရား)။

အင်း- ဒီယောက်ဖ ယောက်ဖ- ဟု ခေါ်သောစကားကို စဉ်းစားကြည့်လိုက်တော့ သူက နှစ်မ ပေးထားဒါလိုလို ကိုယ်က နှမပေးထားဒါလိုလို ရီးတီယားတား ရှိလိုက်ပါဘိတော့ ကရို။

ယောက်ဖ, ယောက်ဖနှင့် သာမညဖြစ်နေတော့ သူက နှမ ပေးရတယ်လဲ မသိ၊ ကိုယ်က နှမပေးရတယ်လဲ မသိ၊ တုံးတိတိ ဖြစ်မနေဘူးလား၊ (တုံးတိတိ ဖြစ်နေသော စကားပါဘုရား)။

အဲဒါလိုဘဲ ယခုလဲ တောင်မကျ မြောက်မကျနှင့် ဒါန တရား နိဗ္ဗာန်သွား, မသွား မေးငြားအံ့၊ မင်းဟာ ရှမ်း ယောက်ဖ ခေါ်သော စကားကဲ့သို့ မခွဲမခြား မကွဲမပြားဘဲ နှင့် မမေးချင်ပါနဲ့ကွယ် ဟု ပြောလိုက်။

ထို့အတူ ဝဋ္ဋ-ဝိဝဋ္ဋ နှစ်ဌာနကို မခွဲမစိတ်ဘဲနှင့် သဗ္ဗနာမ် ပြွတ်သိပ် အကုန်ရောကြိတ်ပြီး ကုသိုလ်မှန် နိဗ္ဗာန်ပို့ဟူသော သဘောထားဖြင့် ဒါနတပါးနှင့် နိဗ္ဗာန်သွားကို ဟောသံ ကြားလျှင် အင်း- ရှမ်း ယောက်ဖ ခေါ်သော စကားကဲ့သို့ ပါတကား၊ ဘုရား-ဘုရားဟု အောက်မေ့လိုက်။

စကားစပ်မိတဲ့အခါ သတိရလို့ တခုပြောရဦးမှာဘဲ ငါတို့ ပဌမကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး သက်တော် ထင်ရှား ရှိတော်မူစဉ်က ရွှေဘိုနယ် ဆိပ်ခွန်က ဦးစံလှဆိုတဲ့

တကာကြီး တယောက် ကြောင်ပန်းသို့တရားဟောရန် အပင့် ရောက်လာသကိုး တကာမှန်ရ၊ (တင်ပါဘုရား)။

ရတနာ သုံးပါးကို အလွန်အားထားပြီး မျှားမျှားကြီး ဆည်းကပ်လေ့ရှိတဲ့ ကျမ်းဂန်တတ် ဥပါသကာ ဒါယကာကြီး တယောက်ပေါ့။

ဆရာတော်ဘုရားကြီးအား လျှောက်ထားလိုသောအချက် တခုဟာ သူ့မှာ ဇဝေဇဝါနှင့် မနေသာမထိုင်သာ မလောက် ရှိနေတယ်၊ဒါပေမဲ့ ရောက်စမို့ ကြောက်လှသဖြင့် မလျှောက် ဝံ့အောင် ဖြစ်နေသေးသပေါ့လေ။

နှစ်ရက် သုံးရက်လောက် ကြာတော့ ဆရာတော်ဘုရား ကြီးနှင့် ချဉ်းကပ်ရင်းနှီးလာသဖြင့် တိုက်ရိုက်ကြီးလျှောက် ထားလိုက်သည်မှာ–

တပည့်တော် ငစံလှ နိုးနိုးနှံ့နှံ့ကြားရပါသည်၊ကြောင်ပန်း ကိုယ်တော်က ဒါနကို ပယ်တယ်လို့ အနယ်နယ်မှာ ဆိုသလို ထွက်လာတဲ့လေသံဟာ မှန်ပါသလားဘုရားဟု လျှောက်ထား သောအခါ–

ဆရာတော်ဘုရားကြီးက အေးကွဲ့ အေးကွဲ့၊ ငါပယ်တဲ့ ဒါနကို ပယ်သကွဲ့၊ မပယ်တဲ့ ဒါနကို မပယ်ဘူး ကွဲ့ ဟု အမိန့်ရှိလိုက်ရာ ဦးစံလှကြီးမှာ ဘာကိုလျှောက်ရမှန်း မသိ ပြုးကြောင်ကြောင် မိနေသည်ကို သိတော်မူသဖြင့်။

ဟေ့- မောင်စံလှရဲ့ ငါပယ်တဲ့ ဒါနကို ပယ်တယ်လို့ ဆို သဖြင့် မပယ်တဲ့ဒါနက ဘယ်လိုပါလဲဘုရား၊ ဘယ်နည်း ပြုရ

ပါမည်ဘုရားဟု လျှောက်ထားပါတော့လားကွဲ့၊ မင်း- တယ် ဖျင်းသကိုးကွဲ့ မောင်စံလှရဲ့ လို့ အခွင့်အရေး သူ့ဘက်ကနေ ပြီး ဖော်ပေးလိုက်တော့မှ တပည့်တော် စံလှ နာပါရစေ၊ သည်အချက် ဆုံးမတော်မူပါဦးဘုရား ဟု တဖန်လျှောက်ထား လိုက်တော့မှ-

အဝိဇ္ဇာက အမှားပြ၊ တဏှာက အကောင်း ထင်၍ ဝင့်ပင် ဝဋ်မျိုးကိုသာ စိုက်ပျိုးတတ်သော ဝဋ္ဋနိဿိတကုသိုလ် နှင့် ယခုလိုအခါ သာသနာတော်မြတ်ကြီးမှာ ဝဋ်ကင်းရာမှန် နိဗ္ဗာန်ရောက်ကြောင်း ဝိဇ္ဇာဉာဏ် မှန်ပြောင်းဖြင့် ဒုက္ခပေါင်း တည့်တည့် တပ်ဆင်၍ကြည့်နိုင်မှ မြင်သိရ ကေန်ဝိဝဋ္ဋနိဿိတ ကုသိုလ်ခေတ် မှန်တော့သည်။

ဝိဝဋ္ဋ အစစ်အမှန်ဖြစ်မှ နိဗ္ဗာန်ရမည်၊ ဝိဝဋ္ဋအစစ်အမှန် ဖြစ်အောင်ကလဲ သံသရာညွတ် ခန္ဓာဝဋ်မီးတွေ တဟီးဟီးနှင့် တညီးညီး တပြောင်ပြောင် တောက်လောင်၍ နေဒါကို အသေအချာမြင်မှ အချိုးကျပုံ စသည်ဖြင့် ဝဋ္ဋနှင့် ဝိဝဋ္ဋကို ကျကျနနနှင့် အမြစ်ကတူး အဖူးကျအောင် ဟောပြတော်မူမှ ဦးစံလှကြီး သဘောကျလျက် အလွန်နှစ်သက် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားရှာသကိုး တကာမှန်ရ၊ (တင်ပါဘုရား)။

ထိုမိန့်တော်မူချက်ကို ဉာဏ်သက်အောင်ဝင်စား၊ဝိဝဋ္ဋနား ပါရှိမှ သဘောကျ ကျေနပ်နိုင်မည်၊ ဝဋ္ဋနားမျိုးနှင့် ဘုးလုံး ဘထွေးသမားများမှာ ကျေနပ်ဘွယ်ရာ မဟုတ်။

ဋ္ဌာဆယ ၆၀၆-၁၁ (တတိယအကြိမ်)

ကျေနပ်နိုင်ပါ့မလား၊ ပေါ့တော့တော့စိတ်ထား၊ တောင်မကျ မြောက်မကျ အမှတ်အသား ကလေးများနှင့် ဒါနကလဲ နိဗ္ဗာန်ပို့သွားဘဲ၊ ဆုတောင်းရင်လဲ ရသွားဘဲ-ဟု တရားကို အားမထုတ်လိုတဲ့ အပျင်းဉာဏ်က အရင်းခံ ရှိနေပေါ့ကိုး။

ဒါကြောင့် တချို့ကလဲနိဗ္ဗာန်ကိုဆုတောင်းရင် ရသွားဘဲ၊ ဘယ်တရား အားထုတ် နေရအုံးမှာလဲဟု ဆုတောင်းမှုနှင့်လဲ ကျေနပ်နေကြဒါ အများကြီးဘဲ မဟုတ်လားဟ တကာမှန်ရဲ၊ (မှန်ပါ အများကြီးပါ ဘုရား)။

ဆုတောင်းဆိုဒါကလဲ သံသရာ၏အပြစ်၊ ခန္ဓာ၏အပြစ်ကို တရံတဆစ်မျှ မရှုမမြင် မဆင်ခြင်ဘဲ၊ ပေါ့ဟဲဟဲ သဘောနှင့် ဘ,ပြော သွားကြား၊ ရောင်ဝါး စမ်းတမ်း လေသံဖမ်းပြီး ကယောင်ကတမ်း တောင်းခြင်း တမျိုး၊ သံသရာ၏ အပြစ် ခန္ဓာ၏အပြစ်ကိုမြင်၍ ဝဋ္ဋပင်ဝဋ္ဋနွယ်ဝဋ္ဋစေးနယ်ကို မငြိမတွယ် မရည်ရွယ်ဘဲ စင်ကြယ်သန့်ရှင်း ဉာဏ်မြင်လင်းပြီး အဖြောင့်အတန်း တောင်းခြင်း တမျိုး၊ ဤတောင်းခြင်း နှစ်မျိုးကို ကြိုးစား၍မှတ်။

ဤကဲ့သို့ ကယောင်ကတမ်းတောင်းခြင်း၊အဖြောင့်အတန်း တောင်းခြင်း နှစ်မျိုးနှစ်စားတို့တွင် ဘယ်အမျိုး ဘယ်အစား ဟု မခွဲခြားဘဲ ဆုတောင်းလျှင် နိဗ္ဗာန်ရသလား မရဘူးလား မေးငြားအံ့၊ ယခင်ကပြောခဲ့သော ရှမ်းလူမျိုး ယောက်ဖ ယောက်ဖ, ခေါ်သော စကားနှင့် အလားတူ ကျနေသော ကြောင့်၊ အေးကွယ်- ရချင်လဲရမှာဘဲ၊ မရချင်လဲ မရပေဘူး ဟူ၍သာ ပြောဘို့ရာအကြောင်း ရှိတော့သည်။

သို့တည်းမဟုတ် ပဌမတောင်းနည်းဖြင့် အစမထင် အဆုံးမမြင်သော သံသရာခရီး စက်ရဟတ်ကြီးကို ခရီးတဝက်ခွဲပြီး အဲဒီတဝက်မျိုးတော့ တဝက် ကျပါပြီကွယ်-ဟု ပြောချင်လဲ ပြောပေတော့။

ဒုတိယတောင်းနည်းသည် နိဗ္ဗာန်ကို လက်လှမ်း၍ မှီပြီဟု ပြောသင့် ပြောထိုက်ပေ၏ သတိရှိကြလေ။

ထိုစကား ယုတ္တိရှိ မရှိကို ဝေဘန်၍ကြည့်က ပဌမတောင်းနည်းအရ နိဗ္ဗာန်-ဟု လေသံမျှသာ ပါသောကြောင့် ဝဋ္ဋ သဘောသို့သာ သက်၏၊ ဒုတိယတောင်းနည်းမှာ သံသရာကြီး ခန္ဓာမီးနှင့် မနီးမဝေးသော သန့်ရှင်းစင်ကြယ်သောကြောင့် ဝိဝဋ္ဋ သဘောသို့သာ သက်၏၊ အင်း–ပြောတော့သာလွယ် တကယ်ဆိုတော့ ဝိဝဋ္ဋသဘောသက်အောင် ပြုမှတောင်းမှုဆိုဒါ သိပ်မလွယ်ကူပါလားတကာမှန်ရ၊ မှန်ပါ မလွယ်ကူလှပါဘုရား)။

ဝဋ္ဋသဘောသို့ မသက် ဝဋ္ဋစည်းစိမ်ကို မငဲ့ကွက်ဘဲ ဝိဝဋ္ဋ ဓာတ်ကြီး ပေါ်ထွက်လာမှ ပြုသမျှကုသိုလ်ကံသည် မဂ်ဖိုလ်နှင့် နိဗ္ဗာန်ကို ဥပနိဿယအကြောင်းခံဖြင့် အမှန် ရွက်ဆောင်နိုင်လေသတည်း။

ဒါ့ကြောင့် ငါတို့ကျေးဇူးရှင် ဘုရားကြီးက ဒါနပြုကြသောအခါ တစ္ဆေစာပစ်ထာနှင့်တူကြစေရမည်ဟု ဆုံးမတော်မူပေသည်။

ရွာထဲရပ်ထဲမှာ သားငယ် သမီးငယ် ကလေးတွေကို တစ္ဆေ များပါလာသောအခါ တစ္ဆေစာပစ်ထာ တွေ့ဘူး ကြုံဘူးကြမှာဘဲနော်၊ (တွေ့ဘူးကြပါလိမ့်ဘုရား)။

ဥပမာ– ချစ်လှစွာသော သားငယ်ကလေးမှာ တစ္ဆေပါ လာလို့ ငိုလိုက် ရှိုက်လိုက်, အော့လိုက် အန်လိုက်, မူးလိုက်ဝေလိုက် တွန့်တွန့်လူးဖြစ်နေခိုက် ဆိုပါတော့။

ထိုအခါ မိခင်ဖြစ်သူမှာ ပြာပြာသလဲ မီးဖိုထဲသွား၍ စားကျန်စားကြွင်း ထမင်းကလေးတဆုပ်လောက် စလောင်းဖုံးနှင့်ထည့် ကလေး၏ခေါင်းပေါ်မှာ နှစ်ပတ်သုံးပတ်လောက် ဝဲခါဝဲခါနှင့် ငါ၏သားကို မထိုးပါနှင့်, မဆိပ်ပါနှင့်, မကိုက်ပါနှင့်,မခဲပါနှင့်,အငိုအတိုက်နှင့် ကျွေးမယ် မွေးမယ်၊ လာဟဲ့ လာဟဲ့ အပါလိုက်ခဲ့ အပါလိုက်ခဲ့ခေါ်ပြီး အိမ်ပြင်ဘက် ရွာပြင်ဘက်သို့ သွားပက်ကြ ပစ်ကြတယ်မဟုတ်လား၊ (တင်ပါဘုရား)။

ပစ်ပြီး ပြန်လာသောအခါ ကျွတ်ပလား- လွတ်ပလားဟု မေးရသေးမဟုတ်လား၊ (မှန်ပါ မေးရပါသေး ဘုရား)။

အိမ်ရှိသူ တဦးတယောက်က ကျွတ်ပြီ-လွတ်ပြီ ပြေးပြီ ဝေးပြီဟု ပြန်ပြောရသေး ထင်ပါလား၊ (မှန်ပါ ပြန်ပြောရပါသေး ဘုရား)။

အင်း- တယ်ကျွတ်ချင်လွတ်ချင်ရှာနော်၊တယ် ပြေးစေချင် ဝေးစေချင်ရှာလွန်းလို့ အားရဝမ်းသာ ပြန်ပြောရရှာဒါပေါ့ လေ....။

ကဲ- ဒီနေရာမှာ တစ္ဆေစာပစ်သူ၏ လိုလားတောင့်တ စိတ်ဆန္ဒဟာ တစ္ဆေပူး ငြိမ်းလို့မှု ငြိမ်းချင်မှု ဒီတခုသာ ရှိဒါဘဲ မဟုတ်လား၊ (မှန်ပါ တစ္ဆေပူး ငြိမ်းချင်မှုတခုပါဘဲ ဘုရား)။

တဏှာစွဲပစ်ရတဲ့အကျိုး နှစ်မျိုး သုံးမျိုး မျှော်ကိုးရမည့် အကျိုး မျှော်ကိုးခြင်းထုံးစံ မရှိကြဘူးပေါ့။

ဘာ- မျှော်ကိုးရိုးထုံးစံ ရှိလိမ့်မလဲ၊ တဏှာဆိုဒါ လောက မှာ ကောင်းကျိုး ချမ်းသာကို ပေးနိုင်ဒါမျိုးမှ မဟုတ်ဘဲ၊ ကိုက်ခြင်း ခဲခြင်း, မူးခြင်း ဝေခြင်း, အော့အန်ခြင်း စသော မကောင်းကျိုး ကိုသာ အမျိုးမျိုး အထွေထွေ ဖြစ်စေနိုင် ဒါကိုး။

ဒါ့ကြောင့် တဏှာစွဲ ပစ်တဲ့သူရဲ စိတ်ဆန္ဒဟာ တဏှာစွဲ ၏ အကျိုး နှစ်မျိုးနှစ်ခု အာရုံပြုရိုးမရှိ၊တဏှာပူးမှ ကျွတ်မှု လွတ်မှု ငြိမ်းမှု တခုကိုသာ အလိုရှိတော့ဒါပေါ့။

အဲဒါလိုဘဲ ယခုအခါ ဒါနပြုကြရာမှာလဲ လောက တဏှာစွဲ ပစ်ကြသည်နှင့်တူစွာ သက္ကာယ ဒိဋ္ဌိ အစရှိသော ကိလေသာတည်းဟူသော တဏှာပူးမှ ကျွတ်ကြ လွတ်ကြရ လေအောင် ထိုသက္ကာယ ဒိဋ္ဌိ တဏှာပူးမှ ကျွတ်လွတ် ငြိမ်းမှု ကြီး တခုကိုသာ အာရုံပြု၍ ဂရုစိုက်လျက် အားထုတ်ထိုက်လှ ပေတော့သတည်း။

ကျွတ်လွတ် ငြိမ်းမှု တခုကို အာရုံပြုဆိုဒါ ယခင် ပြဆိုခဲ့ ပြီးသော ဝဋ္ဋ မငြိမတွယ် သန့်ရှင်းစင်ကြယ်စွာ ပြုပုံပြုနည်း ကို ဆိုလိုပေသည်။

သန့်ရှင်း စင်ကြယ်အောင်ကလည်း ဝိပဿနာ ဝိဇ္ဇာ ဉာဏ်ကြီး ဦးစီးလာမှသာ သဘာဝအတိုင်း ညွတ်ကိုင်း ဖြောင့်တန်း၍ ဝိဝဋ္ဋ စခန်းကြီး ဆိုက်ရောက် ပြီးစီးနိုင်သည်။

ကဲ- သဘာဝ အလားကို စဉ်းစားကြည့်စမ်း ပါလား ဥဒယဗ္ဗယဉာဏ် ခေါ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို ဆင်ခြင်ပွားရှု ထင်မြင်မှုကြီး၊ ဘင်္ဂဉာဏ် ခေါ်သော အဖြစ်မဘက် အပျက်ထီးထီးကို ဆင်ခြင်ပွားရှု ထင်မြင်မှုကြီး၊ ထိုအသိဉာဏ်ကြီးတွေ အရင်းခံ မရှိပါက ဘယဉာဏ်ခေါ်သော ဘေးဟူ၍ ထင်မြင်တတ်သော အသိ ဉာဏ်ဟာ အဘယ်မှာလျှင် ပေါ်လာနိုင်ပါတော့မလဲ။

ဘေးဟူ၍ ထင်မြင်နိုင်သော အသိဉာဏ် မရှိပြန်ကလည်း အာဒီနဝဉာဏ်ခေါ်သော သံသရာ၌ အပြစ်ကို ထင်မြင်နိုင် သော အသိဉာဏ်ဟာ မပေါ်လာနိုင်ချေ။

အပြစ်ဟု ထင်မြင်မှု အသိဉာဏ်မှ မရရှိခဲ့လျှင်လည်း နိဗ္ဗိဒါဉာဏ် ခေါ်သော ဝဋ်၌ ငြီးငွေ့တတ်သော အသိဉာဏ် ဟာ မပေါ်လာနိုင်ပြီ။

ဝဋ်တရား၌ မပျော်ပိုက် မသာယာသော အသိဉာဏ်မှ မရှိပါမူ မုဉ္စိတုကမျတာဉာဏ် ခေါ်သော ကျွတ်လို လွတ်လိုမှု အသိဉာဏ်ဟာ ဘယ်အခါ ပေါ်လာနိုင်တော့ မလဲ။

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အဖြစ်အပျက်တွေကိုမြင်မှ ထိုဝဋ်ဆင်းရဲကြီး၏ ဘေးအစုကို မြင်မယ်၊ ထိုဝဋ်ဆင်းရဲကြီး ၏ ဘေးအစုကိုမြင်မှ ထိုဝဋ်ဆင်းရဲကြီး၏ အပြစ်ကိုမြင်မယ်၊ ထို ဝဋ်ဆင်းရဲကြီး၏ အပြစ်ကိုမြင်မှ ထိုဝဋ်ဆင်းရဲကြီးကို ငြီးငွေ့လာမယ်၊ ထိုဝဋ်ဆင်းရဲကြီးကို ငြီးငွေ့လာမှ ထိုဝဋ် ဆင်းရဲကြီးက ကျွတ်လွတ် ထွက်မြောက်လိုမယ် ကျွယ်လွတ် ချင်မယ်။

အဲဒီလို ကျွတ်လွတ်ချင်လာမှ ဒါနပြုကြတဲ့ အခါ တစ္ဆေစာ ပစ်ထားနှင့်တူ၍ ဝိဝဋ္ဋခေတ်ဖြူကြီး သန့်ရှင်း စင်ကြယ်နိုင်တော့မည်တည်း။

ဒါ့ကြောင့်- နိဗ္ဗာန် ဆုတောင်း ရောက်ကြောင်းမူလ အလွန်အရင်းကျသော ရုပ် နာမ်ဓမ္မ သင်္ခါရတရားတွေကို သင်တို့ ငါတို့ မနားမနေ ဟောကြ, ပြောကြ, ဆင်ခြင်ပွားများ အားထုတ်ကြရမဟုတ်လား၊ (မှန်ပါ ကြိုးစားကြရပါ ဘုရား)။

ကြပ်ကြပ် သတိထားနော် တကာမှန်တို့ လူစုဟာ အရင်းမပါဘဲ သာမည ပြုမှု, သာမညတောင်းမှုနှင့် နိဗ္ဗာန်ရလိမ့်မည်အမှတ်ဖြင့် အကျေနပ်ကြီး ကျေနပ်ပြီး အထင်ကြီးနေတတ်ကြတယ် ဘယ့်နှယ်လဲ မထင်ဘူးလား၊ (ထင်ပါဘုရား)။

ဟင်- ဒါဖြင့် အရင်တုန်းက အဘိုးကြီးတယောက် သေသော အခါ သားသမီးတွေ ငိုဒါကတမျိုး၊ မယားဖြစ်သူ အမယ်ကြီး ငိုဒါကတခြား၊ ငိုကြပုံ နှစ်မျိုးနှစ်စားလို ဖြစ်နေပါပေါ့လားဟ တကာမှန်ရ၊ (အမိန့်ရှိတော်မူပါဦး ဘုရား)။

သည်လိုတဲ့- ပစပ်က နိဗ္ဗာန်ကို တဖွဖွ တောင်းဆိုလေ့ရှိတဲ့ အဘိုးအိုကြီး တယောက် ခေါက်ခနဲ သေသွားတော့ သားသမီးများက အလောင်းနား ဝိုင်းထိုင်ကြပြီး (အဘေ သေ နိဗ္ဗာန်သွားရှာပေါ့လေ၊ ဒို့အဘေသေ နိဗ္ဗာန်သွားရှာပေါ့လေ)အဲဒါလို ကျီးကန်းအာသလို အပြိုင်အဆိုင် ငိုကြဆိုဘဲ။

ထိုအခါ- အဘိုးကြီးရဲ့ အကြောင်းကို ကောင်းကောင်း သိသော အမယ်ကြီးက ကျိတ်မရ ခဲမရ ခံပြင်းလှ၍ ဂေါင်း ရင်းက ထိုင်ပြီး-

(နှင့် အဘေ သောက်သွင် ငါမထင် လမ်းတွင်မယား ရလိမ့်မလေ) အဲဒါလို ငိုလိုက်ပြန်သတဲ့။

ဒီပုံလိုဘဲ တကာမှန်တို့ တတွေလဲ ဝဋ်ထဲ၌ မနေကြည့် လောကီဉာဏ် အမြင်ဖြင့် ဝဋ္ဋနိဿိတ လမ်းစဉ်ကို ကျွမ်းကျင်ရုံ ကလေးမျှနှင့် နိဗ္ဗာန်ကြီး ရမည်ထင်ကြသော်လဲ ယခင်က အမယ်ကြီး ငိုသလို နှင့်အဘေသောက်သွင် ငါမထင်ဘူးဟ တကာမှန်ရ၊ (တင်ပါ ဘုရား)။

ထင်ဒါက နိဗ္ဗာန်၊ ရဒါကဝဋ်၊ ဟောဒါလို ဖြစ်နေကြ သည့်အတွက် သံသရာတည်းဟူသော လမ်းတွင် လူ့ဘဝ တည်းဟူသော ဝဋ်မယားကလေး ရနေလိုက်၊ နတ်ဘဝတည်း ဟူသော ဝဋ်မယားကလေး ရနေလိုက်၊ ဗြဟ္မာ့ဘဝတည်းဟူ သော ဝဋ်မယားကလေး ရနေလိုက်၊ များသောအားဖြင့် အပါယ်လေးပါး တည်းဟူသော ဝဋ်မယားကလေး ရနေလိုက် နှင့် (လမ်းတင် မယားရလိမ့်မလေ) ဆိုဒါနှင့် ကိုက်ညီနေကြ ပြီ ကိုရွှေထင်သမား တို့ရေ။

အဲဒါလိုမဖြစ်စေမူ၍ ဝိဝဋ္ဋဒါနကြီး အစစ်ဖြစ်လာအောင် ရုပ်,နာမ် ခန္ဓာ ဒုက္ခသစ္စာကြီးကို သုံးသပ်ဆင်ခြင်ပြီး ပြုလုပ် ကြဘို့ အထူး သတိပေးလိုက်သကိုးဟ တကာမှန်ရ၊ (မှန်ပါ အရေးကြီးစွာ တိုက်တွန်းရပါ ဘုရား)။

ရုပ်,နာမ်ကို မဆင်ခြင်လျှင် ယခင်က ပြဆိုခဲ့သည့်အတိုင်း သံသရာအပြစ်ကို ဘယ်နည်း မြင်နိုင်လိမ့်မလဲ၊ အပြစ်ကိုမမြင်လျှင် ဘယ်နည်း ကျွတ်လွတ်ချင်လိမ့်မလဲ၊ မကျွတ်မလွတ်ချင်လျှင် ဝဋ္ဋ၌ပင် နစ်နေမှာပေါ့။

ဒါ့ကြောင့် ဒါနပြုကြတဲ့အခါ အမှုမဲ့အမှတ်မဲ့ မဖြစ်ကြစေနှင့် ဝိဝဋ္ဋအရာ အဘိဓမ္မာနည်း လှူဒါန်းမှုကြီး ဖြစ်သွားအောင် များများကြီး အရေးကြီးလှပေတော့သည်။

## ဒါနအရ

အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ဒါနသည် ၆-ပါး ရှိ၏။

## ၆-ပါး ဟူသော်ကား

ရူပဒါန, သဒ္ဒဒါန, ဂန္ဓဒါန, ရသဒါန, ဖောဋ္ဌဗ္ဗဒါန, ဓမ္မဒါန ဤသို့အားဖြင့် ၆-ပါး ဖြစ်သတည်း။

ထို ၆-ပါးကို ဒါန, သီလ, ဘာဝနာဟူသော ပုညကြိယာဝတ္ထု နိယမ ၃-ပါးနှင့် မှတ်ပြန်သော်–

ဒါနမယကုသိုလ်,သီလမယကုသိုလ်, ဘာဝနာမယကုသိုလ် ဟု ခေါ်ဆိုရပြန်၏။

## အဓိပ္ပါယ်ကား

မိမိ၌ ထင်ရှားရှိသောဝတ္ထုကို ရတနာသုံးပါးအားရင်း၊ တဦးသော အလှူခံပုဂ္ဂိုလ်အားရင်း ပူဇော် လှူဒါန်းခြင်းသည် ဒါနမယကုသိုလ် မည်၏။

ထို့အတူ ဆွေမျိုးစဉ်ဆက် အလေ့အကျက်ဖြင့် ဝတ်နိဗဒ် မပျက်အောင် နှလုံးသွင်း၍ ပူဇော်လှူဒါန်းခြင်းသည် သီလ မယကုသိုလ် မည်၏။

ဤအရာမှာ စာရိတ္တသီလ ဝါရိတ္တသီလ နှစ်မျိုးရှိသည် တွင် စာရိတ္တသီလကို ယူလေ။

ဖြည့်ကျင့်ရ သောကြောင့် စာရိတ္တသီလ၊ ရှောင်ကြဉ်ရ သောကြောင့် ဝါရိတ္တသီလ-ဟု အတိုချုပ်မှတ်။

ပြုစုရ ဖြည့်ကျင့်ရဆိုသည်ကား ရတနာသုံးပါး ဝတ်၊မိဘ ဝတ်၊ဆရာသမားဝတ်၊ လှူဒါန်းစွန့်ကြဲမှု-စသည်ဖြစ်သတည်း။

မပြုမကျင့်ရ ရှောင်ကြဉ်ရဆိုသည်ကား ပါဏာတိပါတ စသော ဒုစရိုက်မှုများ ဖြစ်သတည်း။

**ဘာဝနာမယ ဆိုသည်ကား**

၁။ အယံဝဏ္ဏော ခယံ ဂမိဿတိ၊ ဝယံ ဂမိဿတိ။
၂။ အယံသဒ္ဒေါ ခယံ ဂမိဿတိ၊ ဝယံ ဂမိဿတိ။
၃။ အယံဂန္ဓော ခယံ ဂမိဿတိ၊ ဝယံ ဂမိဿတိ။
၄။ အယံရသော ခယံ ဂမိဿတိ၊ ဝယံ ဂမိဿတိ။
၅။ အယံဖောဋ္ဌဗ္ဗော ခယံ ဂမိဿတိ၊ ဝယံ ဂမိဿတိ။
၆။ အယံဓမ္မော ခယံ ဂမိဿတိ၊ ဝယံ ဂမိဿတိ။

**အနက်ကား**

၁။ အယံဝဏ္ဏော၊ ဤအဆင်းဓာတ် ရူပါရုံသည်။ ခယံ၊ ကုန်ခန်းခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။ ဝယံ၊ ပျက်စီး ခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။

၂။ အယံသဒ္ဒေါ၊ ဤအသံဓာတ် သဒ္ဒါရုံသည်။ ခယံ၊ ကုန်ခန်းခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။ ဝယံ၊ ပျက်စီးခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။

၃။ အယံဂန္ဓော၊ ဤဂန္ဓာဓာတ် ဂန္ဓာရုံသည်။ ခယံ၊ ကုန်ခန်းခြင်းသို့။ဂမိဿတိ၊ ရောက်ရလတ္တံ့။ဝယံ၊ ပျက်စီးခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။

၄။ အယံရသော၊ ဤရသဓာတ် ရသာရုံသည်။ ခယံ၊ ကုန်ခန်းခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။ ဝယံ၊ ပျက်စီးခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။

၅။ အယံဖောဋ္ဌဗ္ဗော၊ ဤ ဖောဋ္ဌဗ္ဗဓာတ် ဖောဋ္ဌဗ္ဗာရုံသည်။ ခယံ၊ ကုန်ခန်းခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။ ဝယံ၊ ပျက်စီးခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။

၆။ အယံဓမ္မော၊ ဤဓမ္မဓာတ် ဓမ္မာရုံသည်။ ခယံ၊ ကုန်ခန်းခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။ ဝယံ၊ ပျက်စီးခြင်းသို့။ ဂမိဿတိ၊ ရောက်ရလတ္တံ့။

ဤသို့ အာရုံ ၆-ပါး၊ ဒွါရ ၆-ပါးကို ဖြစ်မှုပျက်မှု အနိစ္စ, ဒုက္ခ, အနတ္တတင် ရှုဆင်ခြင်၍ ပူဇော်လှူဒါန်းခြင်းသည် ဘာဝနာမယကုသိုလ် မည်၏။

ဒါနတခုကို ပြုသောအခါ၌ ဒါန ၆-ပါးစလုံး ပါဝင်အောင် ပြီးစီးအောင်မြင်အောင် ပြုပုံပြုနည်းကား—

သင်္ကန်းကို လှူသည်ဖြစ်အံ့ ငါ၏ ဒါနသည် ရူပဒါနဖြစ်လတ္တံ့၊ သဒ္ဒဒါနဖြစ်လတ္တံ့၊ ဂန္ဓဒါနဖြစ်လတ္တံ့၊ ရသဒါနဖြစ်

လတ္တံ့၊ဖောဋ္ဌဗ္ဗဒါနဖြစ်လတ္တံ့၊ဓမ္မဒါနဖြစ်လတ္တံ့-ဟု သင်္ကန်း၌ အာရုံ ၆-ပါးတို့ကိုရအပ်ကုန်သည်အားလျော်စွာ အသီးအသီး အာရုံပြုပေ၏။

သင်္ကန်း၏ ဝဏ္ဏဖြစ်သော အဆင်းသည် ရူပါရုံ ရူပဒါန မည်၏၊ ဝတ်ရုံသုံးဆောင်သောအခါ ပြွင့်ပြွင့် ပြွင့်ပြွင့်ဟူသော အသံသည် သဒ္ဒဒါနမည်၏၊ ဆိုးရေနံ့ဟူသော သင်္ကန်း၏အနံ့ သည် ဂန္ဓဒါနမည်၏၊ ဝတ်ရုံသုံးဆောင်သောအခါ ပီတိသော မနသာယာဟူသော ပရိဘောဂရသသည် ရသဒါနမည်၏၊ သင်္ကန်း ၏ကောင်းသော အတွေ့ အထိသည် ဖောဋ္ဌဗ္ဗဒါန မည်၏၊ သင်္ကန်းကို အစွဲပြု၍ဖြစ်သော သုခ ဝေဒနာသည် ဓမ္မာရုံ ဓမ္မဒါနမည်၏။

## အထူးမှတ်သားချက်

အဋ္ဌသာလိနီ အဋ္ဌကထာကြီးမှာ ရသာအရာ ပရိဘောဂ, ရသ ကိုသာ မူချကောက်၍ ဓမ္မာရုံ အရာမှာလည်း သုခ ဝေဒနာကိုသာ မူချအားဖြင့် ကောက်တော်မူသည်၊ ဆွမ်း ပစ္စည်းမှာမူကား ရသာရုံကိုပင် မူချရထိုက်ကြောင်း ဖွင့်တော် မူပေ၏၊ အများပင် ယူလွယ်မှတ်လွယ် စေခြင်းငှာ မိမိ "အတ္တနော မတိ" အားဖြင့် ပြောရလျှင် ပရိဘောဂ, ရသ နှင့် အလားတူသောကြောင့်ရင်း ကလာပ်တူ ဖြစ်သော ရုပ်ဖြစ်သောကြောင့်ရင်း၊ ထိုသင်္ကန်း၌ ရှိသော ရသာရုံကိုပင် ရသ ဒါန-ဟု သုံးသပ် မှတ်ယူသော်လည်း အပြစ်မရှိဟုမှတ် ပါ၊ ဓမ္မာရုံ ဓမ္မဒါန အရာမှာလည်း အာရုံအနေအားဖြင့်

ပိုင်းခြားအပ်သောကြောင့်ရင်း၊ ကလာပ်တူဖြစ်သော ရုပ်အနေနှင့် ပါရှိနေပြီး ဖြစ်သောကြောင့်ရင်း ထိုသက်န်း၌ရှိသော အာပေါနှင့် ဩဇာကိုပင် ဓမ္မာရုံ ဓမ္မဒါန ဟုသုံးသပ်မှတ်ယူသော်လည်း အပြစ်မရှိဟု မှတ်ပါ၊ ဤကား သင်္ကန်းဟူသော သုဒ္ဓဋ္ဌကကလာပ် ရုံဘန်ရုံခါ ရအပ်သော သဒ္ဒနဝကကလာပ်၌ ရသင့် ရထိုက်သော အာရုံ ၆-ပါး၊ ဒါန ၆-ပါးကို မှတ်သား၍ လှူယ်စေခြင်းငှာ ကလာပ်တူ ရုပ် အကြွင်းအကျန်မရှိရအောင် ဝေဘန်၍ပြလိုက်သောအချက်ပေတည်း။

ဘယ့်နှယ်လဲဟ တကာမှန်ရ၊ သင်္ကန်းတည်းဟူသော ဒါနတခုကို ပြုကြရာမှာ ယခုလို သိမြင်ပြီးပြုလျှင် အဘိဓမ္မာနည်းအားဖြင့် ရူပဒါန, သဒ္ဒဒါန, ဂန္ဓဒါန, ရသဒါန, ဖောဋ္ဌဗ္ဗဒါန, ဓမ္မဒါန-ဟု ဒါန ၆-ပါး တခါတည်းပါမသွားဘူးလား၊ (မှန်ပါ ဒါန ၆-ပါး တချက်ထည်း ပါသွားပါဘုရား)။

သို့ကလို မိမိ၌ ထင်ရှားရှိသော ဝတ္ထုကို အာရုံ ၆-ပါးဖြင့် အာရုံပြုပြီး လှူဒါန်းမှုကို ဒါနမယ ကုသိုလ် ဆို မဟုတ်လား၊ (မှန်ပါ ဒါနမယ ကုသိုလ်မှုကြီးပါ ဘုရား)။

ထိုနည်းအတူ ဤကဲ့သို့ ပြုမှုအစဉ်အဆက် အလေ့အကျက်ကြီး တခုသည် အမျိုးကောင်းတို့၏ အစဉ်အဆက် အလေ့အကျက်ကြီးပါ တကား-ဟု အစဉ်အဆက် အလေ့အကျက်ကို သိ၍ ဝတ်ကိုကြည့်ပြီး ပြုမှုကိုတော့ သီလမယ ကုသိုလ် ဆို မဟုတ်လား၊ (မှန်ပါ သီလမယ ကုသိုလ်မှုကြီး ဆိုရပြန်ပါဘုရား)။

တဖန် လှူပြီးသည့်နောက် အစဉ်လျှောက်ပြီး ဤ ရူပါရုံ စုသည် ကုန်ခန်းရမည် အမှန်သာတည်း၊ ပျက်စီးရမည် အမှန်သာတည်း၊ ဤ သဒ္ဒါရုံစုသည် ကုန်ခန်းရမည် အမှန်သာတည်း၊ ပျက်စီးရမည် အမှန်သာတည်း၊ ဤ ဂန္ဓာရုံစုသည် ကုန်ခန်းရမည် အမှန်သာတည်း၊ ပျက်စီးရမည် အမှန်သာတည်း၊ ဤရသာရုံစုသည် ကုန်ခန်းရမည် အမှန်သာတည်း၊ ပျက်စီးရမည် အမှန် သာတည်း၊ ဤ ဖောဋ္ဌဗ္ဗာရုံ စုသည် ကုန်ခန်းရမည် အမှန်သာတည်း၊ ပျက်စီးရမည် အမှန်သာတည်း၊ ဤ ဓမ္မာရုံစုသည် ကုန်ခန်းရမည် အမှန်သာတည်း၊ ပျက်စီးရမည် အမှန်သာတည်း၊ ဤသို့ အာရုံ ၆-ပါး ဒါန ၆-ပါးကို ခယဓမ္မ ဝယဓမ္မ ဖြစ်မှု ပျက်မှု အနိစ္စ, ဒုက္ခ အနတ္တ ဟု ပွားရှု ဆင်ခြင်မှုကို ပြုဒါကတော့ ဘာဝနာမယ ကုသိုလ်မှုကြီးတဲ့လား၊ (မှန်ပါ ဘာဝနာမယ ကုသိုလ်မှုကြီး ဖြစ်ရပြန်ပါဘုရား)။

ဤသက်နိုး လှူနည်းအတိုင်း ဆွမ်း,ကျောင်း, ဆေး,လေး ပါးသော ပစ္စည်းတို့နှင့်တကွ ပန်းစသော လှူဘွယ်ဝတ္ထု အစုစုတွေကို ဒါန ၆-ပါးစလုံး ပေါ်လာအောင် လှူဒါန်းကြရလိမ့်မယ်ဟ တကာမှန်ရ (မှန်ပါ ဒါနပြုရာ ဒါန ၆-ပါးစလုံး ပါသွားအောင် ပြုရပါလိမ့်ဘုရား)။

ဤသို့ပြဆိုခဲ့ပြီးသော နိယမအားဖြင့် ဒါန,သီလ,ဘာဝနာ သုံးပါးကို ကာယကံ-ဝစီကံ-မနောကံအားဖြင့်လည်း သုံးပါးစီ သုံးပါးစီ ပွားပုံကို သိကြရမည်။

## သုံးပါးစီ သုံးပါးစီ ဖြစ်ပွားပုံကား
## ဒါနမယ အရာ၌

မိမိ၌ ထင်ရှားရှိသော ဝတ္ထုကို ကိုယ်တိုင်ပေးလှူမှု ပြုမှုကာယကံ ဒါနမယ၊ သူတပါးကို စေခိုင်းမှု ဝစီကံဒါနမယ၊ လှူအံ့ ပြုအံ့ဟု ကြံစည်မှု မနောကံ ဒါနမယ။

## သီလမယ အရာ၌

အမျိုးတို့၏ အစဉ်အဆက် အလေ့အကျက်ဖြင့် ကိုယ်တိုင်ပြုမှု ပေးလှူမှု ကာယကံ သီလမယ၊ သူတပါးကို စေခိုင်းမှု-ဝစီကံ သီလမယ၊ လှူအံ့ ပြုအံ့ဟု ကြံစည်မှု မနောကံသီလမယ။

## ဘာဝနာမယ အရာ၌

ယခင်က ပြဆိုခဲ့ပြီးသည့်နည်းအတိုင်း ဒေယျဓမ္မဝတ္ထုတို့၌ ခယဓမ္မ ဝယဓမ္မ ဟု ဖြစ်ပျက်မှုကို စကြံသွားရင်း, စကြံသွားလျက် စကြံသွားရင်းရှုမှု ကာယကံ ဘာဝနာမယ၊ ဝစီဘေဒနှုတ်မြွက်ဟ၍ နှုတ်ကတွတ်တွတ် ရွတ်ဆိုပွားများမှုကို ဖြစ်စေမှုဝစီကံ ဘာဝနာမယ၊ နှုတ်ဖြင့် မရွတ်ဆိုဘဲ စိတ်ထဲကသာ စိတ်ထဲတွင်သာ ဖြစ်ပျက်မှုကို ဆင်ခြင်အောက်မေ့မှု မနောကံ ဘာဝနာမယ။

ယခု ပြဆိုခဲ့ပြီးသည့် နည်းအတိုင်း အဘိဓမ္မာဒေသနာတော် နည်းအားဖြင့် လှူဒါန်းအပ်သော ကုသိုလ်မှုကြီးသည် တပါးသော ပြုနည်းဖြင့် ပြုသော ကုသိုလ်တို့ထက် ပိုမိုသာလွန်

၍ အကျိုးကြီးကျယ် ထူးမြတ်ကြောင်း ကျန်းဂန်ပေါင်းတို့၌ မိန့်ဆိုဖွင့်ထုတ်ကြလေသည်မှာ–

တတော အဘိဓမ္မနယဒါနမေဝ မဟပ္ဖလံ။

**အနက်ကား**

တတော၊ ထိုလှူပုံလှူနည်း အသီးသီး အမျိုးမျိုးထက်။ အဘိဓမ္မနယ ဒါနမေဝ၊ အဘိဓမ္မာနည်းအားဖြင့် စိတ်ကို ပိုင်းခြား၍ လှူဒါန်းပေးကမ်းအပ်သော ကုသိုလ်မှုကြီးတပါး သည်သာလျှင်။ မဟပ္ဖလံ၊ ပဋ္ဌကင်းရာမှန် နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်သောကြောင့် အခေါင်ထိပ်သီး အလွန် အကျိုး ကြီးလှပါပေသတည်း။

ဤအဘိဓမ္မာနည်း ဒါနကြီးကသာ အကျိုး အကြီးကျယ် ဆုံး ဆိုပါကလား တကာမှန်ရ၊ (မှန်ပါ အကျိုး အကြီး ကျယ်ဆုံးပါတဲ့ ဘုရား)။

အကျိုးမကြီးကျယ်ဘဲနေနိုင်ပါတော့မလား ဆွမ်းဟူသော သင်္ကန်းဟူသော ကျောင်းဟူသော ပညတ်ကလွန်ပြီး အဆင်း စိတ် ဟူသော, အသံစိတ် ဟူသော, အနံ့စိတ် ဟူသော, အရသာစိတ်ဟူသော, အတွေ့အထိစိတ်ဟူသော, ဓမ္မစိတ် ဟူသော ပရမတ်ပေါ် စိတ်ပေါ်သို့ ဉာဏ်ရောက်လျက် ဉာဏ် ဆိုက်လျက် ဉာဏ်ဦးစီးလျက် ဖြစ်နေပေါ့ကိုး။

သည်လိုမှ မဟုတ်ခဲ့ပြန်လျှင် အဖျင်းဆုံး အညံ့ဆုံး အယုတ် ဆုံးအားဖြင့်ဆိုလျှင် အလှူဝတ္ထုကလည်း နူးညံ့မှု ခက်မာမှု ရုပ်စိတ်အစုမျှသာ၊ လှူလိုမှု ဒါန်းလိုမှုကလည်း စေတနာ

နာမ်ခေတ်အစုမျှသာ၊ အလှူခံသူကလည်း ထို့အတူ ရုပ်နာမ် နှစ်ခု ခေတ်အစုမျှသာဟု အပေါင်းအားဖြင့် ပွားရှုဆင်ခြင် လိုက်ကြရမည်။

သို့ကလို ဒါနတခုကိုပြုရာ၌ ဒါနမယ၊ သီလမယ၊ဘာဝနာ မယ၊ ဤသုံးကိစ္စ ပြီးစီးကြအောင် ပြုလုပ်ကြ တချက်ခုတ် သုံးချက်ပြတ်ကြစေ။

ဤသုံးချက်တွင်လည်း ဒါနမယနှင့် သီလမယ ရှေ့နှစ်ချက် ကား လွယ်လင့်တကူ ဖြစ်နိုင်ကြ၏၊ ဘာဝနာမယ ဟူသော နောက်အချက်ကား ဖြစ်နိုင်ရန် မလွယ်ကူပေ၊ လက်လွတ် နေကြသည်သာ များချေမည်၊ ဆရာကောင်း အဆုံးအမ လိုလှသော အရာဌာနကြီးပေတည်း။

ထို့ကြောင့်လည်း ဝိပဿနာ ဝိဇ္ဇာဉာဏ်ကို အမှန်ရရှိပြီး သော ပုဂ္ဂိုလ်က ဒါနစသော စရဏတရားကို ကြဉ်ရှောင် ဖယ်ရှား လက်လွှတ်ထားသည်ဟူ၍ မရှိကြ မတွေ့ရ၊ စရဏ တရား တဘက်သတ်သမားများကသာ ဝိပဿနာ ဝိဇ္ဇာဉာဏ် လုပ်ငန်းကြီးကို ကြဉ်ရှောင် ဖယ်ရှား လက်လွှတ်ထားကြ သည်ကား အလွန်များပြားလှ၏။ ဝါ၊ ကမ္ဘာလောကကြီး နှင့် အပြည့်တင်းကြမ်းဟူလို။

ဒါကြောင့် ဒါန,တည်းဟူသော ခြေ တောင်ပံကတော့ ရှိကြပြီး ဝိဇ္ဇာနှုတ်သီး တပ်ဘို့သာ လိုကြတော့မဟုတ်လားဟ တကာမှန်ရ၊ (မှန်ပါ ဝိဇ္ဇာနှုတ်သီး တပ်ဘို့ အရေးကြီးလှ ပါဘုရား)။

ဝိဇ္ဇာနှုတ်သီး အရေးကြီးကြောင်းကိုကောင်းကောင်းကြီး သိလျှင် ယခင်က ပြဆိုခဲ့ပြီးသော နည်းအတိုင်း ပေးလှူအပ်သော ဝတ္ထု ရုပ်အစုကို ရုပ်တရားမှန်း သိစေ၊ ပေးလှူလိုသော စေတနာ နာမ်ခဲတ် အစုကိုလည်း နာမ်တရားမှန်း သိစေ၊ အလှူခံကိုလည်း ပုဂ္ဂိုလ်ကို မရည်မှန်း မသုံးသပ်ဘဲ ရုပ်ခဲတ် နာမ်ခဲတ် တရားတော်မြတ်ကို သတ်မှတ်ပိုင်းခြားထိုခဏာ၌ပင် ဆင်ခြင်သုံးသပ်မှု **ရှိစေ**။

သုံးဌာနစလုံးမဟုတ်တောင် တခုခုကို ရုပ်ဟူ၍ရင်း နာမ်ဟူ၍ရင်း၊ ထိုရုပ်ထိုနာမ်ကို အနိစ္စအားဖြင့်ရင်း၊ ဒုက္ခအားဖြင့်ရင်း၊ အနတ္တအားဖြင့်ရင်း၊ တပါးပါးကို ပွါးများဆင်ခြင်လိုက်၍ ထင်မြင်သွားလျှင် ဝိဇ္ဇာနှုတ်သီး တပ်ဆင်ပြီး ဖြစ်တော့ဒါပါဘဲ တကာမှန်ရဲ၊ (မှန်ပါ ဝိဇ္ဇာနှုတ်သီး တပ်မိပြီးပါဘုရား)။

အဲဒါလို ဝိဇ္ဇာညာဏ် ဦးမစီးဘဲ ဘာဝနာမယညာဏ် မပါလျှင် နောက်နောင်အခါ ငါချမ်းသာအောင် ငါ့ဥစ္စာကို ငါကလှူတယ်၊ငါ့ဦးကြီး, ငါ့ဦးလေး, ငါ့ဘထွေး, ဦးဘယ်သူ ဦးဘယ်ဝါ စသည် အနေတွေ ဖြစ်တတ်လေ၏။

ဟောဒီလို သနိမိတ္တ သက္ကာယဒိဋ္ဌိအရာ ငါတခုက စဖြာလိုက်လျှင် ဘယ်နေရာမှ ဟန်မရအောင် ဖြစ်တတ်တယ်၊ သက္ကာယဒိဋ္ဌိက ဦးစီးလာလျှင် နေရာ ကျပါတော့မလား၊ (နေရာမကျတော့ပါဘူး ဘုရား)

အဘယ်မှာနေရာကျနိုင်ပါတော့မလဲ ဒါန သီလ ဘာဝနာဆိုတဲ့ ဤသုံးပါးကတော့ အထက်ဆန် အထက်ဆွဲတရားတွေ

အမှန်သားဘဲ၊ ဒါပေမဲ့ ဒိဋ္ဌိဆိုတဲ့ အောက်စုန် အောက်ဆွဲ တရားဆိုး တရားယုတ်က ဝင်ဝင်ပြီး ရှုပ်နေဒါကိုး။

ထို ဒါန-သီလ-ဘာဝနာကို အားထုတ်ရာမှာ ဒိဋ္ဌိအယုတ် သူဝင်ပြီးရှုပ်ထားကို မဖြုတ်မခွါဘဲ ပြုမြဲသာ ပြုနေကြပလား ဆိုလျှင် လူမိုက်လှေသမား အညာသွားဒါလို စိတ်မှန်းရာ မသွား ရောက်ရာက တခြား ဖြစ်ကြရလိမ့်မည်မှာ မလွဲတော့ သည်သာ။

ဝန်လေးလှစွာသော အထက်အညာသွားလှေကြီးများမှာ အထက်က လေရွက်ကြီး အောက်က ရေရွက်ကြီး အဲဒီလို လေရွက်ကြီး ရေရွက်ကြီးရယ်လို့ ရွက်ကြီးနှစ်ခု ပါရှိနေဒါကို တကာမှန် မြင်ဘူးရဲ့လား၊ (မှန်ပါ မြင်ဘူးပါ ဘုရား)။

စဉ်းစားလိုက်စမ်း– အထက်က ဖြန့်ကျက်၍ ထားသော လေရွက်ကြီးရဲ့သဘောက အထက်ဆန် အထက်ဆွဲတဲ့သဘော၊ အောက်က ကန့်လန့်ခံဆီး၍ထားသော ရေရွက်ကြီးရဲ့သဘော က အောက်စုန် အောက်ဆွဲသဘော၊ကဲ လှေကြီးမှာ သဘော သတ္တိ နှစ်မျိုးရှိနေပြီနော်။

လူမိုက် လှေသမားက ထန်းရေတွေ ကားနေအောင် သောက်ပြီး အောက်က ရေရွက်ကြီးကို မဖြုတ်မိဘဲ အထက် က လေရွက်ကြီးကို လွှင့်ထူပြီး ကုန်းဘောင်ကိုရှုတ် လှေထိန်း ကြိုးကိုဖြုတ်ခါ ကျုပ်အညာသွားပြီဟျို ကျုပ်အညာသွားပြီဟျို ဟု အမူးမူး အရူးရူးနှင့် နှုတ်များတောင် ဆက်လိုက်သေး သတဲ့။

သူ့ကိုယ်သူ အညာသား ထင်ပြီး ဘယ်ဟာကိုစား ဘယ်ဟာကိုထား ဘယ်နေရာကို မသွားရစ်ကြနှင့်လို့ သား မယားတွေကိုတောင် ဘာလားညားလားနှင့် မှာကြား ဆုံးမ၊ သွားလိုက်သေး ဆိုကိုး တကာမှန်ရဲ၊ (မှန်ပါ ထုံးစံအတိုင်း မှာကြားပါလိမ့်ဘုရား)။

အင်း- အိမ်ကိုလဲ နောက်ဆံတင်း သွားလိုရင်းက အထက် အညာ၊ မူးလိုက်ထာကလဲ သွက်သွက်ချာလို့ သနားစရာ ဘဲနော်။

ရှေးဦး ပဌမ ထွက်ခါစတော့ အထက် လေရှက်ကြီးက အစွမ်းပြသဖြင့် အထက်အညာသို့ ကျအောင် ပို့ဆောင်မည့် အလား အဟုတ်သွားတော့မလိုလို လှုပ်ရှား သွားလာသော အမူအရာ ပေါ်လာပါသော်လည်း တော်တော်ကြာ လေရှက် ကြီး၏ အရှိန်အဟုန် သတ္တိကလေးကုန်တော့ အောက်ရေရှက် ကြီးက တဖြေးဖြေး အားကောင်းလာသဖြင့် တခါထည်း ဆွဲသွားလိုက်ထာ ရေစုန်မှာ ရှောခနဲပါပြီး ဝဲဇလုပ်ကြီးတွင် ဝဲစုပ်ခါ နစ်မြုပ်၍သာ သေရရှာ- သူထင်တဲ့ အညာသို့ သီခါမှ မရောက်တော့ချေ။

ဝဲဇလုပ် ဝဲစုပ်ခါ နစ်မြုပ်ပြီး သေမှာပေါ့၊ အောက်က ရေရှက်ကြီးကို မဖြုတ်ဘဲကိုးဟာ တကာမှန်ရဲ၊ (မှန်ပါ ရေရှက် ကြီးကို မဖြုတ်မိလို့ပါ ဘုရား)။

ထို့အတူ ဒါန သီလ ဘာဝနာ တရားတွေက အထက် လေရှက်ကြီးနှင့်တူစေ၊ ရုပ်နာမ်ပေါ်မှ ငါငါ သူသူ ဟု ထင်လွဲ စွဲမှားမှု ဒိဋ္ဌိတရားက အောက်ရေရှက်ကြီးနှင့် တူစေ၊ ဝဋ္ဋကို

တောင့်တ၍ ပြုကြသော ဒါနရှင် သီလရှင် ဘာဝနာရှင်တွေက အညာသွား လှေသမားမိုက်နှင့် တူစေ၊ ထန်းရေသောက်၍ မူးမူးရူးရူးတွေက ဘဝ ပတ္ထနာ- တဏှာပဏိဓိများနှင့် တူစေ၊ အညာသို့ မသွားဘဲ ဝဲဇလုပ်တွင် ဝဲစုပ်၍ သေရသည်နှင့်ကား အပါယ်အစရှိသော ဝဋ္ဋဆင်းရဲကြီးထဲ၌သာ နစ်မြုပ် ငုပ်တည် ချာလပတ်လည်ရသည်နှင့် တူစေ။

ဒါ့ကြောင့် အောက်၌သာ စုန်ဆင်းမဲ့ သဘော စုန်ဆင်းမဲ့သတ္တိ အမြဲရှိနေသော ဒိဋ္ဌိတည်းဟူသော ရေရှက်ကြီးကို အတင်းဖြုတ်၊အထက်သို့သာ တက်ဆန်မဲ့သဘော တက်ဆန်မဲ့ သတ္တိ အမြဲရှိသော ဒါန, သီလ, ဘာဝနာ တည်းဟူသော လေရှက်ကြီးကို အတင်းလှင့်ထူ တပ်ဆင်၍ထား၊ သို့မှသာ နိဗ္ဗာန်တည်းဟူသော အညာခရီးသို့ တဖြောင့်တည်းရောက် အောင် သွားနိုင်တော့မည် ဟူလို။

နာမ်ရုပ်ကိုတင်စီး၍ ဝိဇ္ဇာနှုတ်သီးတပ်မိပြီးဖြစ်လျှင်လည်း ဒိဋ္ဌိရေရှက်ကြီးကို ဖြုတ်ပြီးသားဖြစ်တော့သည်။

ဒီလိုမှ မဟုတ်လျှင် ငါပြုငါရ ငါခံစားမဟနှင့် ဒါနပြုရင်းလဲ ဒိဋ္ဌေဘဃကြီးထဲ နစ်ရက်မြုပ်ရက်ပဲ၊ ငါစောင့် ငါရ ငါခံစားမဟနှင့် သီလ ဆောက်တည်ရင်းလဲ ဒိဋ္ဌေဘဃကြီးထဲ နစ်ရက် မြုပ်ရက်ပဲ၊ ငါပွား ငါရ ငါခံစားမဟနှင့် ဘာဝနာ ပွားရင်းလဲ ဒိဋ္ဌေဘဃကြီးထဲ နစ်ရက်မြုပ်ရက်ပဲ။

ကဲ- ဝိဿနာအသိဉာဏ်မပါလျှင် ဘာကိုလုပ်လုပ် နစ်မြုပ် ရက်ပဲ မဟုတ်လားဟ တကာမှန်ရဲ၊ (မှန်ပါ နစ်ရက် မြုပ်ရက် ပါဘဲ ဘုရား)။

ထို့ကြောင့်-

ဝဋ္ဋသ္မိံ ယေဝ ဩဃသီဒါပေန္တီတိ ဩဃာ။

ဝဋ္ဋသ္မိံယေဝ၊ ဘဝစက်ဝဲ ဝဋ်ဆင်းရဲ၌သာလျှင်။ဩသီဒါပေန္တိ၊မတန့်မရပ် ရှိန်မပြတ်အောင် နှစ်တတ် မြုပ်တတ်ကုန်၏။ ဝါ၊ နှစ်စေတတ် မြုပ်စေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဩဃာ၊ ဩဃတို့မည်ကုန်၏။

ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ ဤလေး ပါးတို့ပင် ဖြစ်သတည်း။

ထိုလေးပါး တို့တွင် အမှားထင် အမှားမြင် ဒိဋ္ဌိကိုပင် ဒိဋ္ဌောဃဆိုသည်ဟု မှတ်။

ဒိဋ္ဌိက အမှားမြင်၊ ဩဃက နှစ်မြုပ်ထာ၊ ပါဠိလိုခေါ် လျှင် ဒိဋ္ဌောဃ၊ မြန်မာလို ကတော့ အမှား နှစ်မြုပ်မှုကြီး ပေတည်း။

ဟောဒီ ဒိဋ္ဌောဃကြီး ဦးစီးနေကြသည့်အတွက် ဒါနနှင့် လှော်ပါသော်လည်း လှော်ရင်းနစ်၊ သီလနှင့် လှော်ပါသော် လည်း လှော်ရင်းနစ်၊ ဘာဝနာနှင့်လှော်ပါသော်လည်း လှော် ရင်းနစ်၊ သံသရာဝဋ်မြှော်တွင်းမှာ ခန္ဓာတွေ လှော်ရင်းနစ်ကြ သည် သတိထားလိုက်ကြ။

လက်စသတ်တော့ အောင်မယ်- တကာမှန်တို့ ငါတို့ တတွေဟာ သံသရာလဆန်း ၁-ရက်နေ့က စပြီး ယနေ့သို့ကျ အောင် လှော်ရင်းနစ်သမားတွေ ဖြစ်နေကြ ပါပေါ့လားဟ တကာမှန်ရ၊ (မှန်ပါ လှော်ရင်းနစ်နေကြပါ ဘုရား)။

တကာမှန်ရေ၊ (ဘုရား)။ လျှော်ရင်းနစ်ကြပုံ သံသရာ အမှုသွားကြီးကို ကြပ်ကြပ်ကြီး သတိထားပြီး မျှားမျှားကြီး စဉ်းစားဆင်ခြင် ကြရအောင် ခါးပိုက်ဆောင်လင်္ကာ သီတံ အတိုချုပ်သုံးပုဒ်ကို သုတ်သုတ်ကလေးချပေးလိုက်မယ်၊ကဲ-ကဲ အားလုံးလိုက်ကြစမ်း လိုက်ကြစမ်း။

## မှတ်ချက်ဆောင်ပုဒ်များ

၁။ ဒါနလေရှက် အထက်ဆန်မယ်၊
ဒိဋ္ဌိရေရှက် အောက်ဘက်စုန်မယ်၊
ဆန်ခန်း စုန်ခန်း နှစ်လမ်းနှစ်သွယ်၊
အောက်ရှက်ကို မဖြုတ်ခြင်းကြောင့်
ဝဋ်မျှော်တွင်း လျှော်ရင်းနစ်ရတယ်။

၂။ သီလ လေရှက် အထက်ဆန်မယ်၊
ဒိဋ္ဌိရေရှက် အောက်ဘက်စုန်မယ်၊
ဆန်ခန်း စုန်ခန်း နှစ်လမ်းနှစ်သွယ်၊
အောက်ရှက်ကို မဖြုတ်ခြင်းကြောင့်
ဝဋ်မျှော်တွင်း လျှော်ရင်း နစ်တတ်တယ်။

၃။ ဘာဝနာလေရှက် အထက်ဆန်မယ်၊
ဒိဋ္ဌိရေရှက် အောက်ဘက်စုန်မယ်၊
ဆန်ခန်း စုန်ခန်း နှစ်လမ်းနှစ်သွယ်၊
အောက်ရှက်ကို မဖြုတ်ခြင်းကြောင့်
ဝဋ်မျှော်တွင်း လျှော်ရင်း နစ်တတ် တယ်။

## တရားချရန်

အယံမမ္မော၊ ဝိပဿနာ ဝိဇ္ဇာဉာဏ်ဆီးမီး ဤတရားတော်ကြီးသည်။နေ၁၊ ဟောမှု နာမှု အလေးပြု၍ ရှေးရှုအားထုတ် အကျွန်ုပ်တို့ကို။ စတုသ-ဩဃသေ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတည်းဟူသော ဩဃလေးစင်း နစ်မြုပ်ခြင်းတို့တွင်။ဒိဋ္ဌောဃ၁၊အမှားသိ အမှားမြင် အမှားထင်ဘိစီး ဒိဋ္ဌောဃခေါ်သော အမှား နစ်မြုပ်မှုကြီးမှ။ ယာဝနိဗ္ဗာန်၊ ကျွတ်လွတ်ထွက်မြောက် အဆုံးသို့ ရောက်သည် တိုင်အောင်။ ပါလေတု၊ ဘဝယခု အစပြုလျက် မပျက်ပုံသေ ကောင်းစွာ စောင့်ရှောက်တော် မူပါစေသတည်း။

သာဓု- သာဓု- သာဓု။

သဘာဝကိုဆင်ခြင်၍ ထင်မြင်အောင် ဟောကြပါကုန်။

ဝိဇ္ဇာ စရဏ အကျဉ်းပြ ပြီး၏။

# (၃)

## ဗူးနှင့် ကျောက်ခဲ နှစ်ပါးတွဲ လားမြဲ လားညွန်း တရားခွန်း

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတ္တံပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။

ပုညတေဇေန၊ ကုသိုလ်ဗူးမျိုး တန်ခိုးရှိန်စော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ မြှောက်ချီပင့်ထမ်း မြှင့်တင်စွမ်းအပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ၊ သုဂတိကာမ ရူပဗြဟ္မာ ချမ်းသာခေါ်ရ ဘုံဘဝသို့။ ဂတာ၊ အပျော်အပါး အစားအသောက် အကြွားအမောက်တွေနှင့် လားရောက်ကြကုန်သော သူတို့သည်ရင်း။ ဘဝဂ္ဂံ၊ နေဝသညာ နာသညာယတန အမည်ရသော ဘုံတကာထက်တန်း ဘဝဂ်နန်းသို့။ သမ္ပတ္တာပိ၊ တင်နန်းတထောက် ဈာန်လမ်းပေါက်၍ စံမြန်းရောက်ကြကုန်သော အမောက်ဘဝထိပ်သီး ပုထုဇဉ်ဗြဟ္မာကြီးတို့သည်ရင်း။ ပုန၊ သွားလျှင်ရောက်ပြန် နောက်တဖန်။ ဒုဂ္ဂတိံ၊ ငရဲတတန် တိရစ္ဆာန်တဖြာ ပြိတ္တာတသွယ် သူရကာယ်တဇာတ် ပါယ်လေးရပ်သို့။ အာယန္တိ၊ ဒိဋ္ဌိ ကျောက်ခဲ တအားဆွဲလို့မို့ လားမြဲသာ လားရောက်ကြရလေကုန်သတည်း။ အာယန္တိ၊ ဒိဋ္ဌိရန်က အတင်းကန်ချလို့မို့ အပြင်းအထန် ငြင်းဆန်လို့မရတော့ဘဲ ဂျွမ်းပြန်၍ ကျရလေကုန်သတည်း။ အာယန္တိ၊ ကုသိုလ်ဗူးပေါက်ကွဲတော့ ဒိဋ္ဌိခေါ် ကျောက်ခဲက အောက်

ဆွဲချ အပါင်င ငါအထင် အယုံသွင်းသော်ကြောင့် ရာဇပလ္လင် ဘုံအတွင်းဆီက မကြာခင် ခုန်ဆင်းပြီး ဒုန်ရင်းသာ ပြန်ခဲ့ကြရ လေကုန်သတည်း။

တကာမြင့်ရေ (ဘုရား) ဤဝိဘင်း ပါဠိတော်ကြီး၏ အဓိပ္ပါယ်ကို အနည်းငယ်မျှ ဖြေရှင်းကြဦးစို့၊ ကောင်းစွာ နှလုံးသွင်းလိုက်ကြရမည်။

ဒိဋ္ဌိရဲ့ အပြစ်ဟာ ဘယ့်ကလောက် ကြီးကျယ်သလဲ ဆိုဒါ သိပ်သိကြမှာ မဟုတ်ဘူး၊ သူတထူး၏ အသက်ကို သတ်မှ သူတထူး၏ ဥစ္စာကို ခိုးမှ အပြစ်ရှိတယ်လို့ သိသူက များကြ ပေလိမ့်ထင်သည်။

ဤ ဒိဋ္ဌိတရားယုတ် မပြုတ် မကွာသေးသမျှ ဘယ် အကုသိုလ် တခုမှ စိတ်ချလက်ချ အစဉ်ထာဝရ အပါယ်ကျ ငြိမ်းအေးအောင် ပြုလုပ်၍ မပေးနိုင် သေးကြောင်းကို ကောင်းကောင်းကြီး သိထိုက် မြင်ထိုက် ဆင်ခြင်ထိုက်သော အချက်ကြီးဟုမှတ်။

အများအားဖြင့်ပြုလုပ်ကြရိုး ဒါန သီလ စသော လောကီ ကာမ ကုသိုလ်မျိုးတွေ မြောက်မြားစွာ ရှိနေလျှင် မိမိမှာ ဘယ်တော့မှ အပါယ်မလား ရတော့ဘူးဟု အထူးပင် ဘဝင် မြောက်ပြီး အထင်ရောက်နေကြ ထင်ပါလား တကာမြင့်ရဲ၊ (မှန်ပါ အထင်ကြီးကြပါ ဘုရား)။

အဲဒီ မသိသူ့ရှဲ့ခေတ် အထင်တရပ်ကို အသာ မှတ်ခဲ့ဦး၊ ကဲ-ထို့ထက် တဖန် အားထုတ်ပြန်က ရူပ အရူပ တည်းဟူ သော လောကီမဟာဂ္ဂုတ်စျာန် ကုသိုလ်ကံတွေ ရနေလျှင်

ဘယ်တော့မှ အပါယ်မကျ အစဉ်ထာဝရ လွတ်ကရောပဟု သာပြီး အထင်မကြီးကြပေဘူးလား၊ (ပိုပြီးအထင်ကြီးကြပါ ဘုရား)။

အဲဒီ အထက်တန်း အလုပ် မဟာဂ္ဂုတ် ကုသိုလ်ကံများ အပေါ် စိတ်ချ လက်ချ အားထားရမလောက် အသွင်အထင် တရပ်ကိုလဲ အသာမှတ်ခဲ့ဦး။

ကောင်းမှုအများ ကုသိုလ်တရားတွေကို ဗူးလိုထား၊ ဒိဋ္ဌိ တရားကိုတော့ ကျောက်ခဲလိုထား၊ ကဲ- ထင်ရှားအောင် ပြောကြဦးစို့။

တကာမြင့်နှင့် တကွ အားလုံးသော ပရိသတ်တို့-သင်တို့၏ စိတ်ထဲမှာ ဗူးကြီးတခုနှင့် ကြောက်ခဲကြီးတခုကို အာရုံပြု၍ ထားလိုက်ကြ ဥပမာ ပြမည်။

အရှည် အတို တော်သင့်သလို ကြိုးကြီး တခုကိုလည်း အာရုံပြု၊ ထိုကြိုးကြီး၏ အဖျားတစက ထိုဗူးကြီး၏ လည်ပင်း ကို ခိုင်မြဲစွာ တင်းနေအောင်ချည်၊ အရင်းတစက ထိုကျောက်ခဲ ကြီးကို ခိုင်မြဲလှအောင် ချည် ထိုဗူးနှင့် ထိုကျောက်ခဲ နှစ်ခု တွဲပြီး မြစ်ရေထဲသို့ချ၊ ကဲ-ကြည့်လိုက်ကြစမ်းပ။

ဗူးကြီးသဘောက အထက်ပေါ် သဘော အထက်ကြွ သဘော၊ ကျောက်ခဲကြီး သဘောက အောက်ဆွဲ သဘော၊ အောက်တွဲ သဘော။

ဗူးကြီး၏ ပေါ်သဘော သက်သက် ကြွသဘော သက် သက်နှင့် ကျောက်ခဲကြီး၏ အောက်ဆွဲ သဘော သက်သက်၊

အောက်တဲ့ သဘောသက်သက်ကို သဘောနှစ်ချက် မရောရှက်အောင် သေသေ ချာချာကြည့်ထားကြ။

ထိုကဲ့သို့ ဗူးနှင့်ကျောက်ခဲ နှစ်ခုတွဲပြီး ရေထဲချထားတော့ ဗူးသဘောက ဘယ်လို နေသလဲမေးလျှင် ဘယ့်နှယ်ပြောမလဲ တကာမြင့်၊ (ဗူးသဘောက ပေါ်သဘော ကြွသဘောပါ ဘုရား)။

ကျောက်ခဲကြီး သဘောကတော့ကော (ကျောက်ခဲသဘောက အောက်ဆွဲ အောက်တွဲသဘောပါ ဘုရား)။

အေး-ကောင်းပြီ သည်အတိုင်းမှန်ရဲ့နော်။

ကျောက်ခဲတို့မည်သည်မှာ ဘယ်အခါမှ သူ့အလိုလိုဆွေးလွယ် မြေ့လွယ် ပျက်စီးလွယ်သည်ဟူ၍မရှိ၊ဗူးတို့မည်သည်ကား သူ့အလိုလိုအားဖြင့်လည်း ဆွေးလွယ် မြေ့လွယ်၏၊ တပါးသော ရန်သူတို့ကြောင့်လည်း ကွဲပေါက် ပျက်စီးလွယ်ချေ၏။

အကြင်အခါ ဗူးကြီးသည် မိမိအလိုလို ဆွေးမြေ့လှ၍သော်၎င်း၊ ရေမျော သစ်သား ထင်းတုံးများနှင့် ထိပါးတိုက်ခိုက်မိ၍သော်၎င်း၊ သဘောလှေဖောင်များက ဖိနင်းခါသွား၍သော်၎င်း၊ ထိုးဝါးခတ်တက်တို့နှင့် ရိုက်နှက်ပုတ်ခတ်မိ၍ သော်၎င်း ကွဲအက်ယိုယွင်း ပျက်စီးခြင်းသို့ ရောက်ရ၏၊ ထိုအခါ ကျောက်ခဲသည် အောက်ထဲသို့ကျအောင် စုံးစုံးကြီးမြုပ်ရလေတော့၏။

ဗူးကြီးပေါက်ကွဲ ပျက်စီးသွားလျှင် ကျောက်ခဲကြီးဟာ တခဏကလေးမှ တန့်ရပ် တည်ခိုင်၍ နေနိုင်သေးရဲ့လား ဟ တကာမြင့်ရ၊ (မနေနိုင်တော့ပါ ဘုရား)။

ဘာနေနိုင်တော့မလဲ အခိုက်အတန့်ကလေးမျှ ဗူးအားကို မလွန်ဆန်နိုင်သေးလို့သာ အရှုံးပေးပြီး အရေးနိမ့်ချင်ယောင် ဆောင်နေဒါ၊ သူ့မူရင်းသဘောဟာ တွဲဘက်ရှိနေစဉ်အခါ တုန်းကကိုဘဲ သဲသဲ သဲသဲနှင့် အောက်အမြဲဆွဲနေဒါကလား။

သူ့အလုံ့ကျတော့ ဆွဲချလိုက်ထာ တခါထဲ သဲကျမှဘဲ ရပ်တော့တယ်၊ ဒါတောင် သဲတို့ မြေတို့က ခံနေလို့သာ၊ အကယ်၍ သဲတွေမြေတွေ ခံနေစရာ မရှိလျှင် ဘယ်ထိအောင် သွားအုံးမယ် မသိဘူးနော်။

ဤ ဥပမာနှင့်အတူ တကာမြင့်တို့ ငါတို့ ကာမဘုံသား ပုထုဇဉ်များနှင့်တကွ ရူပဘုံသား-အရူပဘုံသား ပုထုဇဉ်များ စည်းစိမ်ရှင်သမားကြီးတွေဟာ ဗူးနှင့်ကျောက်ခဲ တွဲလျက်နေ နိုင်တုန်းအခါ တွဲလျက်နေနိုင်စဉ် အခါကလေးနှင့် တပြေးထဲ တူနေပါပေါ့လားဟာ တကာမြင်ရဲ၊ (မှန်ပါ ဗူးနှင့် ကျောက်ခဲ တွဲနေတုန်းနှင့် တူလှပါဘုရား)။

ကြည့်စမ်းပါလား၊ ဗူးနှင့်တူသော ကာမ ကုသိုလ်မျိုး၏ တန်ခိုး ရှိန်စော် အာနုဘော်က ပင့်ကော် မြှောက်တင်ပြီး ထားလိုက်ထာ လူ့ပြည့်မှာလာပြီး လူမင်းကြီး, မိဖုယားကြီး သူဌေးကြီး, သူဌေးကတော်ကြီး, အသီးသီး စသောအားဖြင့် ပျော်ပါးလိုက်, စားလိုက်, သောက်လိုက်, ကြွားလိုက်, မော် လိုက်နှင့် ဗူးကလေးမကွဲခင် ပြောင်ရိုက်နေလိုက်ကြဒါ ကိုယ် တွေ့မျက်မြင် အထင်အရှားပါဘဲ။

တော်တော်ကြာလို့ ကာမ့ကုသိုလ် ဗူးကလေး ပေါက်ကွဲ တော့ ဒိဋ္ဌတည်းဟူသော ကျောက်ခဲက အင်း- ငါ့အလွှဲကျ

တော့ ငါ့အစွမ်း ပြလိုက်အုံးမှဘဲဆိုပြီး တခါတည်း ဆွဲချလိုက်ထာ၊ တချို့က ငရဲကျ၊ တချို့က တိရစ္ဆာန်၊ တချို့က ပြိတ္တာ၊တချို့က အသူရကာယ်၊ အယူမလွှယ်တဲ့ သူပုန် အတွင်းရန်ကြောင့် မောင်မင်းမယ်မင်းတွေ ကဲ-ဒုန်ရင်းပြန်ကြ ဒုန်ရင်းပြန်ကြ။

တခါ ကြည့်လိုက်စမ်းပါ၊ ဗုဒ္ဓနှင့်တူသော ကာမ့ကုသိုလ်မျိုး၏ တန်ခိုးရှိန်စော် အာနုဘော်က ပင့်ကော်မြှောက်တင်ပြီး ထားလိုက်ထာ နတ်ပြည်မှာ သွားပြီး နတ်မင်းကြီး, နတ်မိဖုယားကြီး, ဘုံဗိမာန်ကြီးကလဲ ဟီးလို့၊ အကြီးအကျယ် အခမ်းအနား အစားစား အသွင်အပြင်, နတ်ရေကန်, နတ်ဥယျာဉ်, နတ်သဘင်, နတ်ရထား, တဘက် ငါးရာသော နတ်သမီးများနှင့် ဗုဒ္ဓကလေး ကွဲမသွားခင် ပြုံးချင်တိုင်းပြုံး ရွှင်ချင်တိုင်းရွှင် ပျော်ချင်တိုင်းပျော် နေချင်တိုင်း နေတော်မူနှင့်အုံး။

မကြာမီခဏ ကာမကုသိုလ် ဗုဒ္ဓကလေး ကွဲသွားတော့ ကျောက်ခဲနှင့်တူသော ဒိဋ္ဌိအတွင်းရန်က အတင်း ကန်ချလိုက်သဖြင့် မောင်မင်း နတ်မင်းကြီးလဲ ဒုန်ရင်းထံ ဂျွမ်းပြန်ကျစေ၊ မယ်မင်း နတ်ဖုယားကြီးလဲ ဒုန်ရင်းထံ ဂျွမ်းပြန်ကျစေ။

အထက်ဘုံကို တချက်ခုန်ပြီး ကြည့်လိုက်ပြန်သော် ဗုဒ္ဓနှင့်တူသော မဟဂ္ဂုတ် ကုသိုလ်ကံကြီးများ၏ တန်ခိုး ရှိန်စော် အာနုဘော် တို့က ပင့်ကော် မြှောက်တင်ပြီး ထားလိုက်ထာ ဗြဟ္မာ့ပြည်မှာသွားပြီး ဗြဟ္မာမင်းကြီးတွေတဲ့ ဘုံဗိမာန်အနေ

က ကြီးကြီး စည်းစိမ်တွေက ဖြိုးဖြိုး တန်ခိုးတွေက ဖြာဖြာ ဝါတဲ့အရောင်က ဝါဝါ ဝင်းတဲ့အရောင်က ဝင်းဝင်း၊ လင်းတဲ့အရောင်က လင်းလင်း၊ ဗူးကလေးမကွဲခင် ဝါချင်တိုင်းဝါ၊ ဝင်းချင်တိုင်းဝင်း၊ လင်းချင်တိုင်း လင်းနှင့်ကြလေဦး။

တပြောင်ပြောင် တဝင်းဝင်း တလင်းလင်း တထိန်ထိန်နှင့် တန်ခိုးရှိန်ကြီးတွေ ဖြိုးထိန်၍ နေဆဲမှာပင် မဟာဂူတ်ကုသိုလ်ဗူးကြီး ပေါက်ကွဲသွားတော့ ကျောက်ခဲအလား ဒိဋ္ဌိသူပုန်အတွင်းရန်က မိုက်သမို့ မောင်မင်းကြီးတွေလဲ ဒုန်ရင်းပြုန်ဆိုက်-ဒုန်ရင်းပြုန်ဆိုက်။

အမြင့်ဆုံး အထက်ဆုံးဘုံကို အကျဉ်းချုံ၍ ကြည့်လိုက်က ဗူးနှင့်တူလှသော မဟာဂူတ်ကုသိုလ်ကံကြီး၏ တန်ခိုးရှိန်စော် အာနုဘော်ကြီးက ပင့်ကော် မြှောက်တင်ပြီး ထားလိုက်တာ အထက်ဆုံးက နေဝသညာ နာသညာယတန ဗြဟ္မာ့ဘုံသွားပြီး အထက်တန်း ဗြဟ္မာကြီးပေါ့၊ စည်းစိမ်ချမ်းသာနှင့် တန်ခိုးကြီးပုံတွေမှာ ဘုရားဉာဏ် အရသာ ရှိတော့ဒါဘဲ၊ အသက်တမ်းကလဲ မဟာကမ္ဘာကြီးပေါင်း ရှစ်သောင်းလေးထောင် ကြာရှည်အောင် နေရသတဲ့၊ ထိုမဟာဂုတ်ကုသိုလ်က ယခုလို မြှောက်ပင့် လွှင့်တင်ထားခိုက်တွင် ဗူးမကွဲခင်တော့ မြင့်ချင်တိုင်းမြင့် လွှင့်ချင်တိုင်းလွှင့် ဝင့်ချင်တိုင်းဝင့် နေနှင့်သေးဒါပေါ့လေ။

ထိုမဟာဂူတ်ကုသိုလ်ဗူးကြီးလဲ ပေါက်ကွဲရရိုးအမှန် ထုံးစံအတိုင်း ပေါက်ကွဲသောအခါ ကျောက်ခဲသဘော ဒိဋ္ဌိမသမာ

က နိုပ်ဖိခါအခေါင်ညှဥ်းပြီး၊ကဲ-မောင်မင်းကြီးလဲဒုန်ရင်းကြွ-ဒုန်ရင်းကြွ။

ဩြော်- သက္ကာယဒိဋ္ဌိ အရင်းခံ ရှိကြသော တြိဌာန, ဘုံသုံးဝမှာ ဖြစ်ပေါ်လာကြတဲ့ ပုထုဇဥ်သတ္တဝါမှန်သမျှ အနန္တတွေဟာ ဒုန်ရင်းချည်းသာ ပြန်ကြရ ဆိုပါလားဟ တကာမြင့်ရ၊ (မှန်ပါ ဒုန်ရင်းဘဲ ပြန်ကြရပါဘုရား)။

အောက်ဘုံအောက်ရွာ အောက်ဌာနမှာ ဖြစ်ကြတဲ့ သူသူငါငါ လူတွေနတ်တွေကို ထားလိုက်ပါဦးတော့၊ အထက်ဘုံအထက်နန်း အထက်ဆုံးစခန်းမှာ ဖြစ်ကြတဲ့ ဗြဟ္မာမင်းကြီးများတောင် ဒုန်ရင်းသို့ ပြန်ကြရတယ်ဆိုတော့ ပြောဘို့မလိုတော့ဘူးပေါ့။

တကယ့်ငါ၊ တကယ့်ကိုယ်ဟု စွဲဆို၍နေသော ထိုဒိဋ္ဌိရန်ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့် မခွါလှန် မပယ်နိုင်သေးသမျှ ကာလပတ်လုံး ဘယ်ဘုံ, ဘယ်ဘဝ, ဘယ်ဌာနမှ မြေမြေစိတ်ချလက်ချ နေကြရသေးသည် မဟုတ်ဘူးဟ တကာမြင့်ရ၊ (မှန်ပါ စိတ်မချရသေးပါ ဘုရား)။

စိတ်မချရသေးပုံကို သိသာရုံမျှ ပြောပြရမည် ဆိုလျှင်၊ ဘုရားရှင်သည် အာနန္ဒာအမှူးရှိသော နောက်လိုက်နောက်ပါရဟန်းများနှင့် တကွ ဝေဠုဝန် ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူစဉ် တံခါးအဝင်တွင် မစင်ပုပ်တွေကို တရှုတ်ရှုတ် စားသောက်၍နေသော ဝက်မယ်ကို မြင်တော်မူခိုက် ပြုံးတော်မူလိုက်ရာ အာနန္ဒာညီမကိုဋ္ဌကပြုံးလိုက်တော်

မှုခြင်း၏ အကြောင်းရင်းကို မိန့်လင်းတော်မူပါဘုရားဟု လျှောက်ထားသောအခါ....

ချစ်သား အာနန္ဒာ၊ ဤဝက်မငယ်ကို မြင်ရဲ့လားဟု မေးတော်မူလိုက်ရာ မြင်ပါ၏ဘုရားဟု လျှောက်ကြားလေသော်။

ဤဝက်မကလေးသည် ကကုသန် ဘုရား၏ သာသနာ၌ တခုသော စရပ်ကြီး၏ အနီးဝယ် ကြက်မငယ်ဖြစ်ဘူးပြီ။

ထိုအခါက ဝိပဿနာတရားကို အားထုတ်သော တပါးသော ဝိပဿနာယောဂီ ရဟန်းမြတ်၏ ရွတ်ဘဲတ်သရဇ္ဈာယ်သော ဝိပဿနာကမ္မဋ္ဌာန်းတရားသံကို ကြားခဲ့ရ၍ ထိုကြက်မဘဝက စုတိကျပြီး တခုသောမင်းမျိုး၌ ဥပရိမင်းသမီး ဟူ၍ ဖြစ်ခဲ့ဘူးလေပြီ။

ထိုဘဲဝမှစုတိကျ၍ ပြဟ္မာ့ဘဝသို့ သွားရောက်ရလေပြီ။

ထိုပြဟ္မာ့ဘဝမှ စုတိကျ၍ တဖန် ဂတိ၏ဘောက်ပြန်ခြင်းကြောင့် ယခုအခါ ဝက်စားကျင်းမှာ လာ၍ ဝက်မကလေး ဖြစ်ရပြန်ရှာသည်ဟု ပြန်လည် ဖြေရှင်း၍ ဝက်မကလေး၏ ဖြစ်ခြင်းကို အနည်းငယ် မိန့်လင်းတော်မူသော အခါ၊ အာနန္ဒာနှင့်တကွ များစွာသော ရဟန်းတွေ သံဝေဂပွားပြီး အကြီး အကျယ် ထိတ်လန့် တုန်လှုပ်တော် မူသွားကြသတဲ့ တကာမြင့်ရ၊ (မှန်ပါ အလွန် ထိတ်လန့်စရာကြီးပါ ဘုရား)။

ထိတ်လန့်တုန်လှုပ်တော်မမူကြဘဲ နေနိုင်ပါတော့မလား၊ အဆင်း,အသံ,အနံ့,အရသာ အတွေ့အထိနှင့်ပြည့်စုံပြီး၊အလွန်

သတင်းကြီးလှတဲ့ ဥပရိ အမည်ရှိသော မင်းသွီးဖြစ်၊ တဖန် ဗြဟ္မာ့ပြည်ဖြစ်၊ တဖန် မပြောပလောက်သော အခိုက်အတန့် ကာလ တခဏမျှနှင့် စုတိစိတ်ကျရတဲ့ သူဌေးမျိုးဖြစ်၊ တဖန် ဝက်မကလေးဖြစ်၊ သို့ကလို ဖြစ်ရနစ်ရတဲ့ အညစ်အပေဘဝ၏ အပြစ်တွေကို မြင်တော်မူကြတော့ ရှင်ပျော်နိုင်စရာ တကွက်ကလေးမှ မရှိတော့ဘဲကိုး။

ယခင်ပြခဲ့ပြီးသော ပါဠိတော်ကြီး အရနှင့် ဤဝတ္ထုမျိုးတွေကို ထောက်ဆပြီး ရှေးပညာရှိကြီးများက။

(**ဗြဟ္မာဖြစ်လို့ ပြောင်ပြောင်ဝင်း ဝက်စားကျင်း တရှုတ်ရှုတ်**) သို့ကလို ဆိုရိုးတောင် ထုတ်တော်မူကြ မဟုတ်လား၊ (မှန်ပါ ဆိုရိုးကြီးရှိပါ ဘုရား)။

အဲဒီ ဆိုရိုးကြီးဟာ ပေါ့တော့တော့ မဟုတ်ဘူးနော်၊ ဘယ်သတ္တဝါ ဘယ်ဘုံမှာကြည့်ကြည့် ဒိဋ္ဌိက ဂတိမမြဲ တပြေးထဲဖြစ်ကြပုံကို သံဝေဂရကြအောင် ထုတ်ဆောင်ထားခဲ့သော ဂမ္ဘီရတ္ထ စကားနက်ကြီးတခု ဖြစ်တယ်။

**ဒါ့ကြောင့်**–

**နတ္ထိ ကောစိဘဝေါ နိစ္စော၊ ဣတိဝုတ္တံ မဟေသိနာ။**

ဟု ကျမ်းဂန်တို့ မိန့်ဆိုတော်မူကြလေပြီ။

နိစ္စော၊ အပေါ်အငုပ် မဆုတ်မလည် တည်ကြည် ခိုင်မြဲသော။ ကောစိဘဝေါ၊ သွားရာလာရာ သေချာစေ့ငု ကြည့်ရှုမှန်းဆ တစုံတခုသော ဘုံဘဝသည်။ နတ္ထိ၊ ဒိဋ္ဌိလက်ခံ ပုထုဇန်တို့ ကေန်တိတိ အမှန်မရှိ။ ဣတိ၊ ဤသို့။ မဟေသိနာ၊

မြတ်စွာဘုရားကြီးသည်။ ဝုတ္တံ၊ သံသရာဇာတ် ဟောတော်မူအပ်ပြီ။

အမိပွါယ်ကတော့ ထင်ရှားလှပါပြီ၊ ဒိဋ္ဌိရှိက ဘယ်ဘဝမှ အတည်မကျသေးဘူးဟု ဆိုလိုပေသည်။

နောက်က ပြဆိုခဲ့ပြီးသော စကားတွေကို ထောက်ထား ကြည့်လျှင် ဘယ်လူ့,ဘယ်နတ်, ဘယ်ပြဟ္မာမဆို ဒိဋ္ဌိရှိက ဘယ်ဘဝမှ အတည်မကျသေးဘူးပေါ့ တကာမြင့်ရ၊ (မှန်ပါ ဒိဋ္ဌိရှိသမျှ ဘယ်ဘဝမှ အတည်မကျသေးပါ ဘုရား)။

ဒါဖြင့် သတ္တဝါမှန်သမျှ ဒိဋ္ဌိမူလကြောင့် ဘဝအတည် မကျသည်ဟု မှတ်။

တနည်း၊ ဒိဋ္ဌိရှိ ဂတိ မမြဲသေးဘူးပေါ့၊ (မှန်ပါ ဒိဋ္ဌိရှိ ဂတိမမြဲသေးပါ ဘုရား)။

ဒါဖြင့် ဒိဋ္ဌိရှိ ဂတိမမြဲသေးဟု မှတ်။

ဘောက်လို့ ဘဝအတည်ကျမလဲ၊ ကျောက်ခဲနှင့် တွဲသော ဗူးလိုဖြစ်နေဒါကိုး၊ ဘောက်လို့ ဂတိမြဲမလဲ၊ ဗူးကိုကျောက်ခဲ နှင့်တွဲသလို ဖြစ်နေဒါကိုး။

ယခင်ကပြဆိုခဲ့သော ဥပမာမှာ၊ ကဲ ကျောက်ခဲနှင့်မတွဲဘဲ ဗူးချည်းထဲသာ ထားစမ်းပါလား၊ ဘယ်အခါနစ်မြုပ်အုံး မှာလဲ၊ ဗူးသက်သက်သာဖြင့် ဘယ်အခါမဆို ထားချင်သလို ထားလိုက်၊ပေါလောပေါလောနှင့်အမြဲပေါ်နေမှာဘဲ မဟုတ် လား၊ (မှန်ပါ ဗူးတခုထဲ သာဖြင့် အမြဲ ပေါ်နေ မှာပါ ဘုရား)။

အေး- ယခုလဲ ဒါလိုဘဲ၊ ပေါ်သဘောရှိသော ကုသိုလ်တည်းဟူသော ပူးနှင့်၊မြုပ်သဘောရှိသော ဒိဋ္ဌိတည်းဟူသော ကျောက်ခဲ နှစ်သတ္တိတွဲနေကြသည်အတွက်ကြောင့် အခု လူ့ဘုံရောက် တော်တော်ကြာ ငရဲမီးတောက်၊ အခုနတ်ဘုံရောက် တော်တော်ကြာ ချိုကြီးကောက်ကောက်၊အခုဗြဟ္မာ့ဘုံရောက် တော်တော်ကြာ အမြီးငေါက်တောက်၊ သို့ကလို သံသရာ အထက်အောက် ဗွက်ပေါက်၍နေကြသည်။

ထို့ကြောင့် ပေါ်သဘောသက်သက်ကို မြုပ်သဘောမတွဲဘက်ရအောင် ရဲရဲရက်ရက် ခွဲဖျက်ဖြုတ်ချဘို့ အချိန်တော်နေကြပြီ။

ဒါဖြင့် တယ်ဆိုးတဲ့ပူးကြိုးကြီး တခါတည်းပြတ်ကျအောင် ဖြတ်ကြစို့လား တကာမြင့်ရ၊ (မှန်ပါ ပူးကြိုးဖြတ်မှ နေရာကျတော့မှာပါ ဘုရား)။

သက္ကာယဒိဋ္ဌိ ပူးကြိုးပြတ်သွားအောင် ပထဝီဓာတ်တပါး၊ ဝိပဿနာဉာဏ်ဒါးနှင့် အနီးသို့ကပ်ပြီး လှီးဖြတ်လိုက်ကြစို့။

ဒီ- သက္ကာယဒိဋ္ဌိက ဘယ်မှာ စွဲငြိ၍နေသလဲ၊ သူ့အကဲကို ကြည့်လိုက်စမ်းဦး။

**ရူပံ အတ္တတော သမနုပဿတိ။**

ရူပံ၊ ခက်မာခြင်း ကြိယာအမူအရာမျှ မာ့သဘာဝမူ မာ့ ရုပ်စုကို။ အတ္တတော၊ တကယ့်ငါလို အဟုတ်ကိုယ်ဟူ၍။ သမနုပဿတိ၊ မဟုတ်ဘဲနှင့် အလွဲအပို စွဲဆိုတတ်၏။

ပါဠိတော်အရှိနှင့် သူစွဲဆိုရာကြည့်လိုက်တော့ ဟောသူက ရုပ်ပေါ်မှာသွားပြီး အမှားကြီး ငြိနေဆိုပါလားဟာ တကာ မြင့်ရ၊ (မှန်ပါ ရုပ်ပေါ်မှာ ငြိနေပါဘုရား)။

ရုပ်ကို ပုဂ္ဂိုလ်လို့ငြိနေလျှင် ရုပ်ကိုဘဲ ဝိပဿနာ ဉာဏ်နှင့် ထုတ်ခွဲ၍ ကြည့်ရလိမ့်မယ်၊ ရုပ်ရှိကိုထုတ်ကြည့်၍ အဟုတ်သိ လျှင် သင်း ဘယ်တော့မှ မငြိနိုင်တော့ဘူး။

သင်း စွဲဆိုဒါဟာ အပိုသက်သက်မျှသာဘဲ၊ အနက်အတ္တ သဘာဝအနေမျိုးနှင့်ဖြင့် တစိုးတစိမှ မရမရှိပုံကို သိသာရုံမျှ သဲလွန်စ ပြရလျှင်....

## ငါမဟုတ် ကိုယ်မဟုတ် မာ,ဒါရုပ် ရေမြှုပ်

ဝစီသွားရာ ဉာဏ်လိုက်ပါ ဆိုသလိုဖြစ်ရအောင် ဟောဒီ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းပုံ အတိုချုပ် အဆိုသရုပ်ဆောင်ပုဒ် အမှတ်ကလေးကိုလည်း ပစပ်ကရွတ်ဆိုမြည်တမ်းပြီး ရှေးဦးစွာ စီးဖြန်းလိုက်ကြဦး။

သို့မှသာလျှင် ဝိပဿနာအာရုံဟာ ဉာဏ်၏ရှေ့မှာ ထင်ထင် ရှားရှား မားမားမတ်မတ် ပေါ်လာ၍ ဉာဏ်တည်ရာ ဉာဏ် နားရာ အခွင့်ကောင်းကောင်းရကြမည်။

ကဲ- စဉ်းစားကြည့်စမ်းပ၊ ဘုရားရှင် ဟောတော်မူခြင်း သဘောရင်းကတော့ ငါမဟုတ် ကိုယ်မဟုတ်တဲ့၊ ဟောဒီ မာ ရုပ်က ရေမြှုပ်လိုဘဲတဲ့၊ ရေမြှုပ်လိုဆိုမှတော့ အတ္တ အတ္တနိယ ဆိုတဲ့ အနှစ်သာရ ရှာမရတော့ဘူးပေါ့။

ဘုရားရှင်အလို ဉာဏ်မြင်အဆိုက ဒါလိုပင်ပြသော်လည်း ဒိဋ္ဌိအလို ပုထုဇန် ပုဂ္ဂိုလ်တွေကတော့ မာ့ရုပ်ကို ငါလုပ်၍ ထားကြသည်၊ ကိုယ့်လုပ်၍ထားကြသည်၊ တဖန် ငါ့အစစ်က မာ့ဖြစ်၍နေပြန်သည်၊ ကိုယ့်အစစ်က မာ့ဖြစ်၍နေပြန်သည်၊ တဖန် မာ့ဒါသည် ပင်လျှင် ငါဘဲ-ကိုယ်ဘဲ၊ ငါကိုယ်သည် ပင်လျှင် မာ့ဒါဘဲဟု မာ့နှင့် ငါကိုယ်၊ အတူတူ ထားပြီး မပြားမကွဲ တသားထဲ ဖြစ်နေပြန်သည်၊ တဖန် မာ့ဒါက တပါး၊ ငါကိုယ်က တခြားဟု မာ့နှင့် ငါကိုယ် တခြားစီလို ဖြစ်နေပြန်သည်။

အဲဒီလိုမာ့ရုပ်တခုထဲဘဲ လေးချက်စွဲမနေဘူးလား တကာ မြင့်ရ၊ (မှန်ပါ လေးချက်စွဲနေပါ ဘုရား)။

အေး-ဒီလေးချက်ဟာ ထွေးရှက်လာတတ်တယ်၊ မထွေး ရှက်ကြစေနှင့်နော်။

မထွေးရှုပ်အောင် ကြည့်ပုံက ဤခန္ဓာအိမ် တခုလုံးမှာ ဓာတ်ဉာဏ်နှင့် ရှာကြည့်သော် ဘယ်နေရာမှ မလွတ်ဘဲ မာ့ သဘောသာ အပြည့်တင်းကြမ်းဖြစ်၏၊ မာ့သဘောနှင့် ကင်း လွတ်သောနေရာဟူ၍ အပ်သွားတဲထောက်စာမျှ ရှာ၍မတွေ့ အကြားအလပ် မရှိ။

ခန္ဓာအိမ်တခုလုံးမှာ မာ့သဘောမလွတ်သောနေရာ မာ့ သဘောနှင့်ကင်းသော ဝတ္ထုဟူ၍ တစုံတခုမျှ မရှိ၊ မာ့ခြင်း ကြီးယာထီးထီး၊မာ့သဘောဖြင့် ပြီးနေမှုသက်သက်ဘဲ မဟုတ် လား တကာမြင့်ရ၊ (မှန်ပါ မာမာ မာမာ ကြီးယာမျှပါ ဘုရား)။

သူဖြစ်ပုံ သူ့အလားကလေးက သူ့အားနှင့်သူ့အင် မာ့, ဆိုတဲ့ကိစ္စကိုပင် ဆောင်ရွက်လျက် သက်သက် မာ့, အမူအရာ ထီးထီး၊ မာ့,အမူအရာဖြင့်သာ ပြီး၍နေလေသည်။

ထို မာရုပ်ကလေးက ဘယ်သူ၏ ကိစ္စကိုမှ ဆောင်ရွက် နေသည်မဟုတ်၊ မာရုပ်က မာ့,ကိစ္စတခုတည်း မာအမူအရာမျှ ပြီးစီးနေဒါဘဲ မဟုတ်လား၊ (မှန်ပါ မာ့,အမူအရာမျှပါ ဘုရား)။

ဉာဏ်ဖြင့် စူးစိုက်၍ ကြည့်လိုက်က မာမာ မာမာနှင့် သူ့ လက္ခဏာကို သူပြနေလိုက်ထာ၊ ကျုပ်ဟာ အစဉ် ထာဝရ ဘယ်အခါကျကျ မာ့,သဘာဝမျှ ပါဘဲတဲ့။

ပရမတ်အမှန် သက်သေခံပြီး ကေန်မှချ ကြောင်ကြောင် ကြီး ပြနေဒါက မာ့,သဘာဝဘဲတဲ့လား၊ (မှန်ပါ မာ့,သဘာဝ ပါဘဲ ဘုရား)။

အဲဒါလို ခန္ဓာအိမ် တခုလုံး မာ့,ဓာတ်လုံးနှင့် ချေမှုန်း မွေနှောက် ရှာလိုက်တော့ ငါဟူ၍ ဆိုစရာ ကိုယ်ဟူ၍ စွဲစရာ တကတဲ ဗလာကင်းနေတော့ဒါပါဘဲ။

ဒီလို မသိမမြင် မဆင်ခြင်မိရင်သာ မာ့,ရုပ်ကို ငါ ဟုတ် သလိုလိုထင် ငါအစစ်က မာ့,ဖြစ်နေသလိုလိုထင် ငါနှင့်မာ မကွေမကွာယှူ အတူတူလိုထင်၊ မာကတပါး ငါကတစား တခြားစီလိုလိုထင်၊ သို့ကလို အစွဲလေးချက် ဝင်နိုင်လေသည်။

မာ့,ခြင်း ကြိယာကလေး၏ ဝဲ-ယာ-ရှေ့-နောက် အထက် အောက် ငါပျောက်အောင်ကြည့်၍ မာကြိယာမျှကို မြင်လျှင် အစွဲလေးချက် မဝင်နိုင်တော့ပြီ။

ဒါဖြင့် မာကြီးယာမျှသာ အတိကျ အမှန်ကျ ခွတ်သွား ချလိုရတော့တယ်ဆိုလျှင်၊ ငါဆိုဒါ ကိုယ်ဆိုဒါ စိတ်ထင်ရုံမျှ အိပ်မက်ရုပ်လိုပ တကာမြင့်ရ၊ (မှန်ပါ အိပ်မက် မက်သလိုပါဘုရား)။

ကဲ- မိမိမှတပါး သူတပါးဆိုဒါ ကြည့်စမ်းဦး။

## သား,မဟုတ် သမီး,မဟုတ်
## မာ,ဒါ ရုပ် ရေမြှုပ်

သား, သမီး- ဟုခေါ်ဆိုထားသော ဝတ္ထုမှာလဲ သတ္တုချလိုက်တော့ မာ,ခြင်းကြီးယာ မာ, အမှုအရာ ရုပ်ဖြစ်၍ မာ,ရေမြှုပ်သဘောစုမျှပါဘဲ။

ရေမြှုပ်ဆိုဒါ အပေါ်ယံကျောမှာ အနှစ်အမာယောင် ယောင် ဟန်ဆောင်ရုံမျှ အထင်အမြင် ကြီးကြသော်လည်း အနီးသို့ကပ်ပြီး အတွင်းခွတ်ကို ချဉ်းကပ်၍ ကြည့်လိုက်လျှင် အထင်အမြင် ကြီးစရာ အနှစ်အမာဟူ၍ တနှမ်းစေ့ လောက်မှ ရှာမရဒါလို၊ ထို့အတူ ယခုမှုလည်း မာ,သဘော ဆတ်ဆတ် မာရုပ်ခွတ်သို့ ဝိပဿနာဉာဏ်နှင့် ချဉ်းကပ်၍ ကြည့်လျှင် တကာယ်သားဘဲ၊ တကာယ့်သမီးဘဲဟု အကောင် အထည် အနှစ်သာရမျိုးနှင့် အားကိုးအားထား တခြား တသီး အထင်အမြင်ကြီးစရာ အဘယ်မှာ ရှာ၍ရပါအံ့နည်း။

ကဲ- ဒါဖြင့် မာ,ရုပ်ဟာ သား,ဟုတ်ပမလား တကာမြင့်ရ၊ (မာ,ရုပ်ဟာ သား မဟုတ်ပါဘုရား)။

မာ, ဒါက ရုပ်ရေမြုပ်ပါလို့ ဆိုပေါ့ဘဲ၊ အဘယ်မှာ သွား ဟုတ်နိုင်ပါတော့မလဲ၊ သွားမှ မဟုတ်လျှင်တော့ သွီး တဲ့ မြေးတဲ့ ဆိုဒါ ဝေးရောပေါ့။

တခါ သွား အစစ်က မာ,ဖြစ်လာဒါကော ဟုတ်ပါအုံး တော့မလား၊ (သွားက မာ,ဖြစ်လာဒါလဲ မဟုတ်ပါဘုရား)။

သွားဆိုဒါ နဂိုကမှ မရှိဒါဘဲ ဘောက်လို့ သွားက မာ ဖြစ်လာလိမ့်မလဲ။

တခါ မာနှင့်သွား အတူတူလဲ ဟုတ်ပမလား၊ (အတူတူ လဲ မဟုတ်ပါ ဘုရား)။

ဘာဟုတ်ပမလဲ၊ အတူထားစရာ မထားစရာ သွားဆိုဒါ နဂိုကမှ မရှိဒါဘဲ။

တခါ မာနှင့်သွား တခြားစီကောဟုတ်ပမလား၊ (တခြား စီလဲမဟုတ်ပါ ဘုရား)။

ဘယ်မှာ တခြားစီလဲ ဟုတ်လိမ့်မလဲ၊ မာ ရုပ်ပြင်မှတပါး သွား ရယ်လို တခြား တသီး အထင်ကြီးစရာ ရှိဒါမျိုးမှ မဟုတ်ဘဲ-ဘဲ။

အဲဒီ ရေမြုပ်သဘောရှိသော မာ အမူအရာကလေး၏ ဝဲ- ယာ- ရှေ့- နောက်- အထက်-အောက်ကို သွားပျောက်အောင် ကြည့်၊ သွီးပျောက်အောင်ကြည့်။

မာ အမူအရာမျှ ကေဋ္ဌဖြစ်၍ စင်စစ်မှာတော့ သွားဆိုဒါ သွီး ဆိုဒါ စိတ်ထင်သမုတ် အိပ်မက်ရုပ်လိုပါဘဲ ဟ တကာ မြင့်ရ၊ (မှန်ပါ သွားဆိုဒါ အိပ်မက်ရုပ်လိုပါဘဲ ဘုရား)။

ကဲ-တခါ အပဝတ္ထု စိစစ်ရှုလိုက်ဦး။

## တုံးမဟုတ် တိုင်မဟုတ်
## မာ, ဒါ ရုပ် ရေမြုပ်

တုံးတွေ တိုင်တွေ စသည်အနေ ထင်လေလေသမျှမှာလဲ ရုပ် ရေမြုပ် သဘောချည်းပါဘဲ။

မာသဘောတခုကို ပိုင်းခြားပြုပြီး ပရမတ်မှန် ခေတ်ဉာဏ်နှင့် ရှုလိုက်လျှင် တစု တသင်း အတွင်းအပြင် တသားထည်း မြင်၍ မာသဘောတခုသာ ထင်တော့သည်။

မာပြင်တပါး၊ တခြားတဖုံ၊ ဒိဋ္ဌိအာရုံ ဟူသော အအုံ အသိုက် အထင်စိုက်စရာ အမာအခိုင် အစိုင်အခဲ အတွဲသဏ္ဍာန် ဟူ၍ အငွေ့မျှ မတွေ့ရတော့ချေ။

ဒါလို သဘာဝအနေ အခြေခံအလုပ်နှင့် စစ်တမ်းထုတ်လိုက်တော့ မာ,ရုပ်က တုံး- ဟုတ်ပမလားဟ တကာမြင့်ရ၊ (မာ,ရုပ်က တုံး- မဟုတ်ပါ ဘုရား)။

တိုင် စသည်လဲ သည်အတိုင်းပေါ့လေ၊ စစ်တမ်း တင်ကြည့်လေ။

တခါ လောကအရာဝယ် တုံးက မာတယ်လို့ ပြောသာပြောရ ဆိုသာဆိုရ ဓမ္မတာအရာမှာ တုံးကမာဒါကော ဟုတ်ပမလား မှန်ပမလား၊ (တုံးကမာဒါလဲ မဟုတ်ပါ ဘုရား)။

လောကအလိုဖြင့် ပြောဆိုရ သော်လည်း ဓမ္မ အလိုနှင့် တော့ အဝေးကြီး။

တခါ မာဒါနှင့် တုံး၊ တလုံးထဲ တစည်းထဲကော ဟုတ်ပမလား၊ (မာနှင့်တုံး တလုံးထဲလဲ မဟုတ်ပါဘုရား။

ဘာဟုတ်မလဲ၊ တုံးဆိုဒါက သဘာဝခေတ်သားနှင့် ရှိဒါမျိုးမှ မဟုတ်ဘဲလား။

တခါ တုံးနှင့် မာ,ဒါ တခြားစီပါလို့ဆိုဒါကော ဟုတ်ပမလား၊ (တခြားစီလဲ မဟုတ်ပါ ဘုရား)။

တုံးဆိုဒါ သဘော လက္ခဏာအားဖြင့် ထင်ရှား ရှိဒါမှ မဟုတ်ဘဲ၊ ဘယ်မှာတခြားစီလဲ ထားလို့ဖြစ်ပမလဲ။

ဒါဖြင့် မာ,သဘာဝသာ အရိယာအမြင် သစ္စာဝင်သောကြောင့် တုံးဆိုဒါ စိတ်ထင်သမုတ် အိပ်မက်ရုပ်လိုပေါ့ တကာမြင့်ရ၊ (မှန်ပါ တုံးဆိုဒါ အိပ်မက် မက်သလိုပါဘဲ ဘုရား)။

ဒါ့ကြောင့်–

သုပိနန္တေ ဒိဋ္ဌရူပါနိ ဝိယ။

သုပိနန္တေ၊အိပ်တုန်းအိပ်ဆဲ အိပ်မက်ထဲ၌။ ဒိဋ္ဌရူပါနိ ဝိယ၊ စိတ်ထင် စိတ်မြင် စိတ်တွင်သမုတ် စိတ်ပြုလုပ်သဖြင့် စိတ်သာလျှင်မြင်တတ်သော အိပ်မက်ရုပ်တို့ကဲ့သို့သာလျှင်တည်း။

အိပ်မက်ရုပ်ဆိုဒါ အိပ်မက်တုန်း အိပ်မက်ဆဲ အိပ်မက်ထဲမှာတော့ အဟုတ်လိုလိုဘဲ ထင်ရတယ် တကာမြင့်ရ၊ (မှန်ပါ ထင်ရပါ ဘုရား)။

ဝီထိစိတ်တမျိုးနှင့် အိပ်မက်ကနိုးလာသောအခါ ထိုအိပ်မက်ရုပ်အာရုံတွေဟာ တစုံတရာမျှ ရှာလို့ရသေးရဲ့လား၊ (မရပါ ဘုရား)။

ဘောက်လို့ ရလိမ့်မလဲ၊ စိတ်ထင် စိတ်မြင် စိတ်တွင်ပြုလုပ် စိတ်ကူးထဲတွင်သာ ဟုတ်နေဒါကိုး။

အေး....ဒါကြောင့်-

မာကြိယာမမြင်လျှင် ငါထင် ကိုယ်ထင် ဒိဋ္ဌိက အိပ်မက် မက်တုန်းပင်၊ မာကြိယာမျှမြင်လျှင် ငါအသွင် ကိုယ်အသွင် အိပ်မက်ရုပ်လိုမြင်၊ ပညာမျိုး နိုးအောင် ရှုဆင်ခြင်။

မာ,အမူအရာမမြင်လျှင် သားထင်, သမီးထင်, ဒိဋ္ဌိက အိပ်မက် မက်တုန်းပင်၊ မာ,အမူအရာမြင်လျှင် သားအသွင်၊ သမီးအသွင်၊ အိမ်မက်ရုပ်လိုမြင်၊ ပညာမျိုး နိုးအောင်ရှုဆင်ခြင်။

မာသဘာဝမမြင်လျှင် တုံးထင် တိုင်ထင်၊ ဒိဋ္ဌိက အိပ်မက် မက်တုန်းပင်၊ မာ,သဘာဝမြင်လျှင် တုံးအသွင် တိုင်အသွင် အိပ်မက်ရုပ်လိုမြင်၊ ပညာမျိုး နိုးအောင် ရှုဆင်ခြင်။

ဝိပဿနညာဏ် အကြည်အလင်ဖြင့် မာမာ-မာမာဟူသော သဘောအစဉ် မာကြိယာကိုမမြင်ခင်ကတော့ တကယ့်ငါထင် တကယ့်ကိုယ်ထင်၍နေခြင်းသည် ဒိဋ္ဌိက မဟုတ်မမှန် ဘောက်ပြန်စွဲဆိုမှုအတွက် အိပ်မက် မက်နေသေးသည်နှင့် တူလှ၏။

ဝိပဿနာညာဏ် အကြည်အထင်ဖြင့် မာမာ-မာမာဟူသော သဘောအစဉ် မာကြိယာကိုမြင်တော့ ငါအသွင် ကိုယ်အသွင် ဟာ အိပ်မက်ရုပ်ပမာ တကယ်မဟုတ်ထာကို အသေ အချာ မြင်ပါသောကြောင့် အိပ်မက်က နိုးလာသည်နှင့် တူလှပေ၏။

ငါမပါ ကိုယ်မပါ မာ,ကြိယာမျှ မာ,ကိစ္စက မာဒါကိုး ဟုရှုလျှင် ငါဟူသော အိပ်မက်ဆိုး၊ကိုယ်ဟူသော အိပ်မက်ဆိုး ဘဝက နိုးရတော့သည် တကာမြင့်ရ၊ (မှန်ပါ နိုးလာရပါ ဘုရား)။

သား,မပါ သမီး,မပါ မာ,အမူအရာမျှ မာ,ကိစ္စက မာဒါကိုးဟုရှုလျှင် သားဟူသော အိပ်မက်ဆိုး၊ သမီးဟူသော အိပ်မက်ဆိုးဘ၀က အမှန်နိုးရတော့သည်ဘဲ မဟုတ်လား၊ (မှန်ပါ နိုးပါပြီ ဘုရား)။

တုံးမပါ တိုင်မပါ မာ,သဘောမျှ၊ မာ,သဘာ၀၊ မာ,ကိစ္စက မာဒါကိုးဟုရှုလျှင် တုံးဟူသော အိပ်မက်ဆိုး၊ တိုင်ဟူသော အိပ်မက်ဆိုးဘ၀က အမှန် နိုးရတော့သည် ဘဲနော်၊ (မှန်ပါ နိုးနိုင်ပါ ဘုရား)။

အဲဒီ မာ,ခြင်းကြီးယာ၊ မာ,အမူအရာမျှ၊ မာ,သဘာ၀မှု၊ မာ,ရုပ်စုကလေးတွေကို ဒိဋ္ဌိမ၀င် မခုလာအောင် ရှုဘို့ မြင်ဘို့ ဟာ သိပ်လွယ်ကူဒါ မဟုတ်ဘူးနော်၊ သိရောင် မြင်သရောင်၊ ဟန်ဆောင်တတ်တယ်၊ ကြပ်ကြပ်သတိထားကြ။

ငါရောင် ငါရိပ် ငါနိမိတ်က အလှန် ကင်းဆိတ်ခဲသည်၊ ကိုယ်ရောင် ကိုယ်ရိပ် ကိုယ်နိမိတ်က အလွန်ကင်းဆိတ်ခဲသည်၊ ငါဟူသော ကိုယ်ဟူသော အစွဲ အငြိ ဒိဋ္ဌိခတ်ကလေးက ကပ်မှန်းမသိ ကပ်နေတတ်သနော်။

ယခုလောက ကလေးသူငယ်များလဲ မာတယ် မာတယ်လို့တော့ သိကြတယ် မဟုတ်လား တကာမြင့်ရ၊ (မှန်ပါ သိကြပါ ဘုရား)။

ထို ကလေးသူငယ်များ သိကြသော မာသည် ငါမာ ကိုယ်မာ ဂေါင်းမာ စသည်ဖြစ်နေကြ မဟုတ်လား၊ (မှန်ပါ မ ာဟာ ငါမာ ကိုယ်မာ ဖြစ်နေကြပါဘုရား)။

ဒါဖြင့် ကလေးသူငယ်များ သိကြတဲ့ မာဟာ ဝိပဿနာ အရာဝင်သော မာမျိုး ဟုတ်ပမလား၊ (မဟုတ်ပါ ဘုရား)။

ဘောက်လို ဝိပဿနာဉာဏ်အရာ၌ ပါဝင်သော မာ မျိုး ဟုတ်မလဲ ငါနှင့် ကိုယ်နှင့် အစွဲကြီးရင့်သီး ဦးစီးနေတဲ့ ခေါ်ကျရိုး သုံးကျရိုး ဝေါဟာရ မာမျိုး ဖြစ်နေဒါကိုး။

ငါ နိမိတ် ကိုယ်နိမိတ် စသည် ကင်းဆိတ်သော သဘော မျှဖြစ်တဲ့ မာ က မှသာ ဝိပဿနာ ဉာဏ်အရာမှာ သက်ဝင်သော မာ မဟုတ်လား၊ (မှန်ပါဘုရား)။

အေ-းဒါ့ကြောင့် အမှန်မရှိ ပညတ်သိ သဘော၊ ငါအရော ရော ကိုယ်အရောရော၊ ရောနှောရှုပ်ထွေး မသန့်ရှင်းသေးတဲ့ ကလေးသူငယ်များသာသိသော မာမျိုးနှင့် အားကိုးအားရ တင်းတိမ်၍ မနေကြနှင့်။

ကလေးသူငယ်များ အသိမျိုးမျှနှင့် ဒိဋ္ဌိက ဖြုံဖြုံကလေး မျှတောင် ရှိမယ်မဟုတ်ဘူးဟု တကာမြင့်ရ၊ (မှန်ပါ ဒိဋ္ဌိက ဖြုံဖြုံမှ ရှိအုံးမယ် မဟုတ်သေးပါ ဘုရား)။

နောက်က ပြဆိုခဲ့သည်ကို ပြန်၍ကြည့်၊ အပါယ် အစ ရှိသော ဒုက္ခအတိ ဝဋ္ဋဆင်းရဲကြီး၏ မူလဇာတိဟာ ဟောဒီ ဒိဋ္ဌိဘဲနော်။

ကာမ ယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ ဟု ဆိုအပ်သော ယောဂတရားကြီး လေးပါးတို့တွင် သူ့ကို ဒိဋ္ဌိယောဂဟု ခေါ်ရပြန်တယ်။

ကြည့်စမ်း ဒိယောဂ တရားကြီး လေးပါးထဲမှာလဲ သူပါ ဒါဘဲ မဟုတ်လား၊ (မှန်ပါ ပါရပြန်ပါဘုရား)။
ဘာ့ကြောင့် ယောဂလို့ ခေါ်သလဲ။

## ဝဋ္ဋသ္မိံ ယောဇေန္တီတိ ယောဂါ။

ဝဋ္ဋသ္မိံ၊ ဘဝစက်ထဲ ဝဋ်ဆင်းရဲ၌။ ယောဇေန္တိ၊ အဖန် တလဲလဲ တဝဲဝဲ တပတ်ပတ် အမြဲမပြတ် ယှဉ်စေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ယောဂါ၊ ယောဂတို့မည်ကုန်၏။

ဤလေးပါးတို့တွင် ဒိဋ္ဌိက အမှားမြင်၊ ယောဂက ဝဋ်၌ ယှဉ် ပါဋ္ဌိလိုဆိုလျှင် ဒိဋ္ဌိယောဂ၊ မြန်မာလိုကတော့ အမှား ယှဉ်မှုကြီးပေါ့။

အမှန် မမြင်သေးလျှင် ထို အမှား ယှဉ်မှုကြီးက အပြီး မကွာ ထက်ချပ်ပါ၊ အမှန်မြင်က အလိုလို လွင့်စင် ကင်းကွာ ရလေတော့သည်။

ဒါကြောင့် ယခင်ပြဆိုခဲ့ပြီးသော ပထဝီခေါ်သော မာ သဘောကို အတွင်းရော ပြင်ရော ဉာဏ်မနေဘဲဖြင့် အဖန်ဖန် လှန်လှော၍ ရှုသောအခါ–

စကားကြီယာမှာ အတွင်းပြင် ဟု ပြောဆိုရသော်လည်း မာကြီယာထဲ ငါဆိုဒါ အရိပ်အရောင်မျှမပါတော့ဘဲ သန့်ရှင်း ကြည်လင်စွာ ထင်မြင်လာတော့၏။

ထိုကဲ့သို့ ထင်မြင်လာလျှင် ငါထဲက မာ ဒါဟူ၍ရင်း၊ မာ သည်ပင်လျှင် ငါ, ငါသည်ပင်လျှင် မာဟူ၍ရင်း၊ အတူ

တပါး တခြားအနေ ဘယ်အခါမှ မထင်လာ မမြင်လာ တော့ပေ။

ငါ ဆိုဒါသည် စိတ်အထင်မျှသာ ဖြစ်၍ စိတ်ထဲတွင် ပျောက်ရတော့သည်၊ စိတ်၌သာ ကွယ်ပ ရတော့သည်၊စိတ်က လွဲ၍ တခြားသွားပြီး ကွယ်ပျောက်သည်မဟုတ်၊ အထူးတမင် ဖျောက်ပစ်လိုက်ရသည်လည်း မဟုတ်။

ငါဆိုဒါ ဟိုမှာလိုလို ဒီမှာလိုလို အပြင်မှာလိုလို အဟုတ် အနေ အမှန်အနေမျိုးနှင့် မသိမ်းပိုက် မယူဆတော့ဒါကို ကွယ်ပတယ် ကင်းပျောက်တယ်လို့ ဆိုရတယ်၊ စိတ်မှတပါး တခြားထွက်ပြီး ပယ်ဖျောက်နေဘို့ လိုသေးသလားဟ တကာ မြင့်ရ၊ (မလိုတော့ပါဘုရား)။

အဲဒီ ငါနိမိတ် ကိုယ်နိမိတ် သားနိမိတ် သမီးနိမိတ် တုံး နိမိတ် တိုင်နိမိတ် စသော အတ္တနိမိတ် ဒိဋ္ဌိ၏ အရိပ်တွေကို မာကြိယာ မာအမူအရာ မာသဘာဝ တခုနှင့် ရှောက်ပြီးသာ ကြိတ်ချေလိုက်၊ စိတ်၌ ပျောက်ကွယ် သုညနယ်သို့ဆိုက်။

သို့ကလို မာမာ မာမာ ဟူသော ပထဝီဓာတ်ကို သုည အဖြစ်သို့ ဆိုက်ကပ်လာအောင် ရှုကြည့်တတ်မှ ဒိဋ္ဌိဗူးကြိုး ပြတ်တော့မှာကိုး တကာမြင့်ရ၊ (မှန်ပါ ဒါမှ ဒိဋ္ဌိ ဗူးကြိုးကြီး ပြတ်မှာပါဘုရား)။

ဟောဒီ ဗူးကြိုးကြီးပြတ်လို့ ဗူးသဘောချည်း နေရမှ အခြေလှပြီး ကောင်းကြတော့မှာနော်၊ (မှန်ပါ ဗူးတခုထဲမှ အမြဲကောင်းကြပါလိမ့် ဘုရား။)

အလွန်ဆိုးတဲ့ ဒိဋ္ဌိဗူးကြိုးကို ယခုလို သာသနာ့ အခါမျိုး ကြီးနှင့် အပြီးပိုင် တွေ့ခနေခိုက်မှ မဖြတ်လိုက်မိလျှင် ဘယ်သော အခါမှ ဖြတ်နိုင်ကြလိမ့်အုံးမလဲ၊ လားမြဲလား သွားမြဲသွား လေဦးရော့ပေါ့။

ဒါ့ကြောင့် အခါသင့်လို့ အခွင့်တော်ခိုက်၊ ယခင်က ပြဆို ခဲ့ပြီးသော မာဓတ်ကြီးတခုကို ဉာဏ်အာရုံစိုက်ပြီး ဗူးကြိုး ကြီးကို မပြတ်ပြတ်အောင် ဖြတ်လိုက်ကြ အပြတ်ဖြတ် လိုက်ကြ။

သို့မှသာလျှင် ဒုန်ရင်းပြန်သမား ဘဝက လွတ်ကြမှာဟ တကာမြင့်ရ၊ (မှန်ပါ ဒုန်ရင်းပြန် သမား အဖြစ်ကတော့ လွတ်မှ နေရာကျမှာပါ ဘုရား)။

အကယ်၍ ရှာတရက် မပြတ်နိုင်သေးလို့ တဲတဲကလေး မျှသာ ကျန်နေပါတော့တယ် ဆိုလျှင်လဲ တော်ပါသေးရဲ့- တော်ပါသေးရဲ့။

တကာမြင့်ရေ၊ (ဘုရား)။ မာ, ဒါနှင့် ငါ, သူတပါး၊ သား, သမီး, တုံး, တိုင်- စသည်တို့ ပေ့လီရှုပ်ထွေး အပြန်ပြန် အလှန်လှန်စွဲဆိုနေသောဒိဋ္ဌိ၏ဘောက်ပြန်မှုအရေးကို အသေး စိပ်လျက် ဝိပဿနာအလုပ် သရုပ်လေးချက်နှင့် ခွဲဝက်ဆွဲနှုတ် ပြီး ဆောင်ပုဒ်နှင့် ချုပ်ပြအုံးမယ်၊ ကဲ-ကဲ လိုက်ကြစမ်းပ- လိုက်ကြစမ်းပ။

## ဆောင်ပုဒ်များ

(၁) မာ့ဒါထဲမှာ ငါလဲမပါ၊
ငါထဲမှာ မာ့ဒါလဲမပါ၊
တူ့မထား တခြားမရှိရာ၊
ငါ့ဆိုဒါ အိပ်မက်ရုပ်လိုဟာ။

(၂) မာ့ဒါထဲမှာ သူလဲမပါ၊
သူထဲမှာ မာ့ဒါလဲမပါ၊
တူ့မထား တခြားမရှိရာ၊
သူ့ဆိုဒါ အိပ်မက်ရုပ်လိုဟာ။

(၃) မာ့ဒါထဲမှာ သား့လဲမပါ၊
သား့ထဲမှာ မာ့ဒါလဲမပါ၊
တူ့မထား တခြားမရှိရာ၊
သား့ဆိုဒါ အိပ်မက်ရုပ်လိုဟာ။

(၄) မာ့ဒါထဲမှာ သမီး့လဲမပါ၊
သမီး့ထဲမှာ မာ့ဒါလဲမပါ၊
တူ့မထား တခြားမရှိရာ၊
သမီး့ဆိုဒါ အိပ်မက်ရုပ်လိုဟာ။

(၅) မာ့ဒါထဲမှာ တုံးလဲမပါ၊
တုံးထဲမှာ မာ့ဒါလဲမပါ၊
တူ့မထား့ တခြားမရှိရာ၊
တုံး့ဆိုဒါ အိပ်မက်ရုပ်လိုဟာ။

(၆) မာ့ဒါထဲမှာ တိုင်လဲမပါ၊
တိုင်ထဲမှာ မာ့ဒါလဲမပါ၊
တူ့မထား တခြားမရှိရာ၊
တိုင်ဆိုဒါ အိပ်မက်ရုပ်လိုဟာ့။

(ကြပ်ကြပ်ကြီး စဉ်းစား၊ မျှားမျှားကြီး ဆင်ခြင်လေ)

## တရား အဆုံးသတ်ရန်

အယံမမ္မော၊ ဤယခု ဟောအပ်ခဲ့ပြီးသော မာ့သဘော ဆတ်ဆတ် ပထဝီဓာတ် တရားတော်မြတ်ကြီးသည်။ နော၊ ဟော့မှု နာမှု အရေးပြု၍ ရှေးရှုအားထုတ် အကျွန်ုပ် တို့ကို။ စတူသု ယောဂေသု၊ ကာမယောဂ- ဘဝယောဂ- ဒိဋ္ဌိယောဂ- အဝိဇ္ဇာယောဂတည်းဟူသော ယောဂကြီး လေးသင်း ဝဋ်ယှဉ်ခြင်းတို့တွင်။ ဒိဋ္ဌိယောဂါ၊ အမှားသိ အမှားမြင် အမှားဖိစီး ဒိဋ္ဌိယောဂခေါ်သော အမှားယှဉ်မှုကြီးမှ။ယာဝနိဗ္ဗာနံ၊ကျွတ်လွတ်ထွက်မြောက် အဆုံးသို့ရောက်သည်တိုင်အောင်။ပါလေတု၊ ယခုဘဝကစပြီး ဘဝအဆက်ဆက် မပျက်ပုံသေ ကောင်းစွာစောင့်ရှောက်တော် မူပါစေသတည်း။

သာဓု-သာဓု-သာဓု။

ပထဝီဓာတ်တခုကိုထုတ်ဖော်၍ ပေါ်လွင်အောင်
ဟောကြားကြပါကုန်။

ဗူးကြိုးပြတ် တရားခွန်း ပြီး၏။

ရတနုတ္တယံ အဟံ ဝန္ဒာမိ

(၄)

# အယုတ်အမြတ် ထိုနှစ်ရပ် အမြတ် ဘော်ညွှန်း တရားခွန်း

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။

ယောစ၊ ဒွိဟိတ်သား တိဟိတ်သား မခွဲခြားပါနှင့် လွဲမှား နေမှု အကြင်သူသည်ကား။ ဥတ္တမံ၊ ဘုရားပွင့်မှ ကြားနာရ သဖြင့် အလွန်မြတ်လှစွာသော။ ဓမ္မံ၊ ငရဲအစ ဗြဟ္မာကျ အောင် လောကသုံးထွေ လွန်မြောက်စေသော ဘုရားဟော ဒေသနာ ခန္ဓာငါးချက် တရားနက်ကို။အပဿံ-အပဿန္တော၊ ငါရောင်ငါရိပ် ငါနိမိတ်ကို ခွါကြိတ်နိုင်အောင်မရှုဆောင်ဘဲ။ ဝဿသတံ၊ စည်းစိမ်ဥစ္စာ ပြည့်စုံစွာနှင့် ကျန်းမာရွှင်ပြုံး အနှစ် တရာပတ်လုံး။ ဇီဝေ၊ ခေါင်းပေါင်းစကြိုး တထောင်ထောင် ဘီးဆပတ်ကြိုး တပြောင်ပြောင်နှင့် ယောင်တောင်တောင် အသက်ရှည်၍နေငြားအံ့။ နသေယျော၊ နစ်မှာမြုပ်မှာ မလှုပ် သာအောင် ပကတိသဘောအားဖြင့် ယုတ်မာ၍ နေသည်သာ လျှင်တည်း။ဥတ္တမံ၊ ကာမရူပ-အရူပတည်းဟူသော လောကိယ စည်းစိမ် ရိပ်ငြိမ်ချမ်းသာ အဖြာဖြာတွင် ဘယ်ဟာနှင့်မှ စပ် မရသဖြင့် အလွန်ပင် မြတ်လှစွာသော။ ဓမ္မံ၊ သိပယ်, ဆိုက် ပွား, လေးပါးကိစ္စ အပိုင်ရမှန် ရုပ်နာမ်နှင်ဦး တရားထူး

ကြီးကို။ ပဿတော၊ အငယ် အကြီး အထီး အမ မရွေး ကြည့်နှင့်တော့ တွေးဆမြင်မှု ပွားရှုသောသူအား။ ကောယံ၊ တရက်တစ တအောင့် တခဏမျှပင် ဖြစ်စေ။ ဇီဝိတံ၊တချက် အမြင် အကွက်ထင်လျက် အသက်ရှင်ခါ နေလိုက်ရခြင်းသည်။ သေယျော၊ ပရမတ်ဓမ္မ အတတ်ရသူမို့ အတိုင်းမသိ မြတ်လှ ပါပေ၏။ ဝါ၊ အသက်ရာကျော် ရှည်ပါသော်လည်း ရှည် တိုင်းလဲ ဟန်မရ တိုတိုင်းလဲ မရိုင်းပြ တကိုင်းလှ တညှာကြွေ ဓမ္မေကျန အခြေလှလှနှင့် နေရသမျှ သည်အခါမှာ အကြည် သဘာဝါ အရိပ်ကျသူမို့ ဤသာသနာ တံဆိပ်ရပြီး တဖြောင့် တည်းသာ စိတ်ချရပေတော့သတည်း။

တကာဆိုင်ရေ၊ (ဘုရား)။ ယခု ရွတ်ဆိုလိုက်သော ပါဠိ တော်ကြီး၏ သဘာဝ အနက်သွားကို အသေအချာ စိစိပါ အောင် စဉ်းစားကြည့်လိုက်စမ်း။

တရား သိသူ တရား မသိသူတို့အတွက် အလွန်သတိမူဘို့ အချက်ကြီးမဟုတ်လား၊ (မှန်ပါ သတိထားစရာ အချက်ကြီး ပါဘုရား)။

သတိမထား မစဉ်းစားပလားဆိုလျှင် အလွန် မှားတတ် တယ်၊ သတိထားပြီး အများကြီး စဉ်စားနိုင်မှ အမှန် ရမယ်။

လောကီလုပ်ငန်းနှင့် ပတ်သက်၍ မစဉ်းစားမိတဲ့အတွက် ကြောင့် အချက်များစွာ မှားရဒါ သိပ်ကိစ္စမရှိဘူး တော် သေးတယ်၊ လောကုတ္တရာ လုပ်ငန်းကြီးနှင့် ပတ်သက်၍

တချက်ကလေးလောက် မှားသွားမှာဟာ အလွန်ကြောက်စရာဘဲနော်။

ကြည့်ပါလား တချို့များ မမှားဘဲနေဒါကို မှားချင်လာအောင်ဟာ ဝိပဿနာအလုပ်နှင့် နာမ်ရုပ်တရား ပြောလိုက်လျှင် အင်း- ဒိဋ္ဌိကဘယ်လိုဗျ၊ တိဟိတ်က ဘယ့်နှယ်ဗျ၊ မင်းတို့က တိဟိတ်သားလားစသည်ဖြင့် ထိုသူတရားစိတ်ဓာတ်ကလေး ပျက်သွားအောင် အဖျက်စကားတွေ သုံးတတ်ကြသေး မဟုတ်လား၊ (မှန်ပါ ဖျက်ဆီးတတ်သူတွေ ပေါပါဘုရား)။

အင်း- အကြင်သူ တယောက်ကို ကောင်းအောင် မှန်အောင်သာ တည်ထောင် ဆောင်ရွက်မပေးနိုင်မယ် မပျက်ပျက်အောင် ဖျက်ဆီးတတ်သူတွေကသာ ပေါကြတယ်ဆိုဒါ လောကရဲ့ တံထွာပါဘဲ။

ကျုပ်တို့ဖြင့် တကာဆိုင်ရေ၊ ပရွက်ဆိတ် တတင်းသားကို မောင်းထဲ ထည့်ပြီး စိစိညက်ညက် ကြေအောင် ထောင်းရင်သာ ထောင်းဝံ့မယ်၊တယောက်သောသူ၏ တရားစိတ်ဓာတ်ကလေး သေးသိမ် မှေးမှိန်သွားအောင်ဖြင့် တိုက်ရိုက်ထားသွယ်ဝိုက်သော စကားဖြင့်တောင် တလုံး တစွန်း တခွန်း မဟာဝံ့ဘူး၊ (မှန်ပါ ဟ,ဝံ့စရာ မရှိပါဘုရား)။

ဘယ်မှာ ဟ ဝံ့စရာ ရှိမလဲ၊ အကယ်၍ ပရွက်ဆိတ်ကလေး တတင်းသားကို မောင်းထဲ ထည့်ပြီး ထောင်းမိငြားအံ့၊ ထို အကုသိုလ်ကလေးက ကိုယ် တယောက်ထဲ ငရဲချ၊ ကိုယ်

တယောက်ထဲ ငရဲကျ၊ခဏနှင့် ပြန်လာရ ဘယ်သူ့ကိုမှ ထိခိုက် ဆုတ်ယုတ် နစ်နာစေဒါ မဟုတ်ဘူး။

ယခု တရားဘက်သို့ အားတက်သရော လိုက်ပါလိုသော စိတ်ကလေးကို အားမပေးတဲ့အပြင် ပုထုဇဉ်တံထွာ ဓမ္မတာ ညာဉ်ဆိုးနှင့် တရားခေတ်ခံကလေးညှိုးပြီး အသိဉာဏ်ကလေး ငုပ်လျှိုးသွားအောင် ဆုံးမ သယောင်ယောင် တမျိုးလှဲ၍ ချိုးဖဲ့ ပုပ်ခတ်ခါ ပြောလိုသော ဝါသနာသည် မိမိသဏ္ဌာန်၌ သာသနာ မတည်ရုံမျှမက သူတပါးသဏ္ဌာန်၌ တည်လတ္တံ့သော သာသနာကိုတောင် ဖျက်ဆီးတတ်သဖြင့် သာသနာ ဖျက်မှန်းမသိ ဖျက်ဆီးတတ်သောကြောင့် မိမိရော နစ်နာ သူများပါ အကျိုးယုတ်စေတာမို့ ဒါ့ထက် ကြောက်စရာ ကောင်းတဲ့အရာ အဘယ်မှာ ရှိတော့မည်နည်း။

ဤကဲ့သို့ ဘုရားစကား မြတ်တရားကို မိမိလည်း ပေါက် ရောက်အောင် မလိုက်စား သူတပါး လိုက်စားသည်ကိုလည်း ဖျက်ဆီးတတ်သောသူကို ရှင်ကြီးဂေါတမ၏ သာဝက-မဟုတ် မာရ်နတ်မင်းယုတ်၏ တပည့်ရင်း သာဝကဟု မှတ်ရမည်။

ဘုရား သာဝက မဟုတ်ဘဲ မာရ်နတ်၏ သာဝက ဖြစ်မှန်း မသိ ဖြစ်နေအုံးမယ်၊ တကာဆိုင်တို့လူစု ကြပ်ကြပ်သတိပြု နော်၊ (မှန်ပါ မာရ်နတ် သာဝက ဖြစ်တတ်လှပါဘုရား)။

သဟိတ် ကာမာ စရဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးခု တို့တွင် တခုခုနှင့် ပဋိသန္ဓေ နေလာခဲ့သောသူကို ဒွိဟိတ်သွီး

ဋ္ဌိဟိတ်သားလို့ ခေါ်တယ်၊ သဟိတ် ကာမာဝစရဝိပါက် ဉာဏသမ္ပယုတ် စိတ်လေးခုတို့တွင် တခုခုနှင့် ပဋိသန္ဓေ နေလာခဲ့သောသူကို တိဟိတ်သို့မီး တိဟိတ်သားလို့ ခေါ်တယ်။

အဲဒီ ပဋိသန္ဓေအခါက နေလာခဲ့သော စိတ်ကို ဘယ်သူဟာ ဘယ်စိတ်နှင့် ပဋိသန္ဓေ နေခဲ့ဒါပါလို့ ဘယ်သူက ကောန်ကော တထစ်ချ သိနိုင်မှာလဲဟာ တကာဆိုင်ရ၊ (မသိနိုင်ပါဘုရား)။

သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးအရာ တို့တတွေ ပေါ်မွှားတို့အရာမှုမဟုတ်ဘဲ ဘောက်လို့ သိနိုင်လိမ့်မလဲ။

ငါတို့ မန္တလေးမြို့၌ စာသင်သား ဘဝနှင့် နေထိုင်စဉ်အခါက စာချဆရာတော်ကြီး တပါး စာအဓိပ္ပါယ်ပြောရင်း မိန့်ကြားတော်မူသည်မှာ–

ဤ ယခုအခါ သာသနာတော်မြတ်ကြီးနှင့် ကြုံတွေ့ကြရသော လူမှန်သမျှ တိဟိတ်သို့မီး တိဟိတ်သားတွေသာ များကြပေလိမ့်မည်၊ ဒွိဟိတ်သို့မီး ဒွိဟိတ်သားကတော့ မပြောပလောက် မရေတွက်လောက်ဟု ငါတို့ သဘောပေါက်သည်ဟု မိန့်တော်မူလေသည်။

တိဟိတ်ပဋိသန္ဓေ နေခဲ့သောသူမှန်မှ ဈာန်, မဂ်, ဖိုလ်ကို ရအောင် အားထုတ်နိုင်သည်၊ အားထုတ်လို့ ရသည်။ ဒွိဟိတ်ပုဂ္ဂိုလ် သုဂတိ အဟိတ် ပုဂ္ဂိုလ်တို့မှာ မရနိုင်ဟု ဆိုရာမှာ ဤယခု ပစ္စုပ္ပန် မျက်မှောက်ဘဝမှာ လောလောဆယ် မရနိုင်သည်ကိုသာ ဆိုလိုပေသည်၊ ထိုသူတွေ တရား အားထုတ်လို့

မဂ်ကျိုး ဖိုလ်ကျိုးမပြီး၊ အလကားသာ၊ အချည်းနှီးမျှ အလဟဿဘဲဟု ယူဆရမည် မဟုတ်၊ ဒုတိယဘဝ တတိယဘဝ စသည်ဌာနတို့၌ ရတော့မှာ အပြီး မဂ်,ဖိုလ် နိဗ္ဗာန်ကြီးသို့ ဦးတန်းမိကြလေပြီဟု ကထစ်ချ မှတ်ရမည်။

ဤအရာ၌ အထက်တန်းစား တိဟိတ်သားနှင့် အလတ်တန်းစား ဒွိဟိတ်သား သုဂတိ အဟိတ်သားတွေကို မဆိုထားဘိ၊ အောက်တန်းစားဖြစ်သော ဒုဂ္ဂတိအဟိတ်သား လင်းနို့သား စသည်များတောင် မဂ်စီးပွား ဖိုလ်စီးပွား ရသွားသည်တိုင်အောင် ရှက်ဆောင်နိုင်ပုံများကို ထောက်ထား ကြည့်ရှုအလွန် သတိပြုထိုက်လှပေသည်။

လင်းနို့သား ဖြစ်ခဲ့ဘူးသော ရဟန်းငါးရာတို့အကြောင်း ကျမ်းဂန်လာ စကားကို တကာဆိုင်တို့ ကြားဘူးကြရဲ့လား၊ (မှန်ပါ ကြားဘူးပါဘုရား)။

ထို ရဟန်း ငါးရာတို့၏ ကြားနာခဲ့ရဘူးသော ရှေး ပုဗ္ဗပယောဂ, ထူးကို ပြောရဦးမည် ဆိုလျှင် ဟိုယခင် ကာလကဿပဘုရား ထင်ရှား ပွင့်တော်မူစဉ်က အထင်ကရစခန်း တခုသော တောင်ဝှမ်း တိုက်ခန်းကြီးထဲ၌ တွဲရရွဲဆွဲခါ ငါးရာသော လင်းနို့တွေဖြစ်၍ နေရှာကြသတဲ့။

ထိုအခါ အဘိဓမ္မာဆောင် ရဟန်းနှစ်ပါး၏ ရွတ်ဖတ်သရဇ္ဈာယ်သော တရားစကားကို တရားအသံမျှဖြင့် နာခံခဲ့ကြရ၍ ထိုဘဝမှ စုတေကျသော် ဤကုသလ တန်ခိုးရှိန်ကြောင့် မိုဃ်းဝတိံ နတ်နန်းသို့ အကုန်စံမြန်းကြရလေသည်။

ထိုကဿပအရှင် ဤဂေါတမသခင် တည်းဟူသော နှစ်ဆူသော ဘုရားရှင်တို့၏ တခုသော အကြား ကာလပတ်လုံး အပါယ်သို့မလားတော့ဘဲ ဘဝများစွာ နတ်ချမ်းသာ စည်းစိမ်ကြီးကိုသာ တညီးညီး တထိန်ထိန် ခံစား စံစားနေကြလေ၏။

ဤလူ့ပြည်မှာ ဂေါတမဘုရား ထင်ရှားပွင့်တော်မူသော အခါ သာဝတ္ထိပြည်မှာ သူဌေးသား ငါးရာ ဖြစ်လာကြ၍ ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းငါးရာဟု သိသိသာသာကြီး ကျော်စောလှပေသည်။

က- ဒီရဟန်းငါးရာဟာ ဒီအဖြစ်မျိုးသို့ ရောက်အောင် ဘယ်ဘဝကစပြီး တည်ထောင် ပဋ္ဌမ အခြေရခဲ့သလဲ၊ (လင်းနို့ဘဝက အခြေရခဲ့ကြပါ ဘုရား)။

အင်း- လင်းနို့ဘဝကစပြီး အခြေရခဲ့ကြသနော် သေသေချာချာ မှတ်ထား။

ဒါဖြင့် သူတို့ဟာ လင်းနို့ဘဝဖြစ်ကြစဉ်က ရဟန်းနှစ်ပါးက ရွတ်ဘတ်ကြသော တရားသံမျှကိုသာ ကြားသိကြ၍ ထိုတရားသံ၏ အနက်အတ္ထ သဘာဝကို ကျကျနန သိနိုင်ပမလား၊ (မသိနိုင်ပါ ဘုရား)။

ထို တရားသံ၏ အနက်အတ္ထ သဘာဝကို အကျအန အဘယ်မှာ သိနိုင်ကြမလဲ၊ သိနိုင်တဲ့ဘဝမျိုးမှ မဟုတ်ဘဲဘဲ။

သို့သာဖြင့် ဒီလင်းနို့တွေဟာ ဤတရားကား ဖြူစင်သော ကုသိုလ် တရားပါလား၊ ဤ တရားကား မည်းညစ်သော

အကုသိုလ်တရားပါလား ဟု ဤကဲ့သို့ ကုသိုလ်မှန်း အကုသိုလ်မှန်းကော သိကြပမလား၊ (မသိကြပါဘူး ဘုရား)။

ကုသိုလ်မှန်း အကုသိုလ်မှန်း သိနိုင်ဘို့ရာ နေနေသာသာ မိမိကိုယ် မိမိ လင်းနို့မှန်းတောင် သိကြမည် မဟုတ်ဘူး။

ထိုကဲ့သို့ တရားတော်၏ အနက် အတ္ထ သဘာဝကိုလဲမသိ၊ ကုသိုလ် အဘို့ အကုသိုလ် အဘို့ကိုလဲ မသိကြသော ဒုဂ္ဂတိ အဟိတ်သား လင်းနို့များတောင် တရားသံ ကြားရရုံနှင့် အပုံကြီး ကျေးဇူးများကြသေးတယ် ဆိုတော့ တကာဆိုင်တို့ ငါတို့တတွေဟာ ဟောအပ်သော တရားတော်၏ အနက် အတ္ထ သဘာဝကို သာဝကတို့ ဉာဏ်အားလျော်စွာ သိလဲသိနိုင်တယ်၊ ကုသိုလ်မှန်း အကုသိုလ်မှန်းလဲ သိသေးတယ်၊ သုဂတိဘုံသားလဲ ဖြစ်ကြသေးတယ်၊ ဘာ ဒွိဟိတ်သော တိဟိတ်သော ရွေးချယ်နေဘို့ လိုတော့မှာလဲဟ တကာဆိုင်ရဲ၊ (မှန်ပါ မလိုတော့ပါ ဘုရား)။

ဤလင်းနို့သား ငါးရာ ကျမ်းလာစကား ဝတ္ထုများကို ထောက်ထားပြီး အဘိဓမ္မာတရား ဝိပဿနာ တရားဓမ္မကို ဘယ်ကလောက် အားကျစရာ ကောင်းသလဲ၊ (မှန်ပါ သိပ် အားကျစရာ အချက်ကြီးပါ ဘုရား)။

ငါတို့ ကျေးဇူးရှင် ပဌမ ကြောင်ပန်းတောရ ဆရာတော် ကြီးရှိတော်မူစဉ်က တကာ တယောက် လာလျှောက်ဘူးသည် မှာ အရှင်ဘုရား- ဘုရားတပည့်တော်မသိလို့ လျှောက်ထားပါ ရစေ၊ အဘိဓမ္မာအရာ ခန္ဓာငါးပါး ဝိပဿနာတရားဆိုဒါ

လူသားများနှင့် မတော်ဘူး ဟု ပြောကြပါသည်၊ မှန်ပါ သလားဘုရား ဟု လျှောက်ထားလိုက်သောအခါ–

ထိုအခါ ဆရာတော်ဘုရားက လူသားများနှင့် မတော် လျှင် ဘာသားများနှင့် တော်ကြမှာတဲ့လဲကွဲ့။

မလျှောက်တတ် ပါဘူးဘုရား၊ အရိယာများ ကျင့်တဲ့ တရား ပြောသူက ပြော၊ တိဟိတ်သားနှင့်မှ တော်၊ ဒွိဟိတ် သားနှင့် မတော်-ဟု ကချော်ကရော် ဆိုသူကဆို၊ တပည့်တော် ဖြင့် ဘယ်လိုမှတ်ရမယ်တောင် နားမလည်တော့ပါဘူး။

မင့်အရိယာဆိုဒါလဲ အရိယာမကြီးက မွေးထုတ်လိုက်လို့ အရိယာကလေး ပေါက်ဘွား ပေါ်ထွက်လာသည် မဟုတ် ဘူးကွဲ့၊ တရားသိမှ အရိယာကဖြစ်ရမှာ၊ တရားမသိခင်က အရိယာက ရှေးဦးစွာဖြစ်ပြီး နေနှင့်ဒါလဲ မဟုတ်ဘူး။

မင်းတို့လောကမှာ ပြောကြဒါက အရိယာများမှသိကြတဲ့ တရား၊ အရိယာများမှ ကျင့်နိုင်တဲ့တရားဆိုတော့ အရိယာက အရင်ဖြစ်၊ သိဒါကျင့်ဒါက နောက်၊ဟောဒီလိုသဘောပေါက် နေကြတယ်၊ လွဲလိုက်လေကွယ်။

တရားကို သိအောင်လုပ်ရာ အားထုတ်ရာမှာ ဒွိဟိတ်လား- တိဟိတ်လားဟု ယုံမှားစစ်ဆေး တွေးတော မေးမြန်း စုံစမ်း ခွဲခြားနေစရာ မလိုပါဘူး၊ တိဟိတ်သား ဒွိဟိတ်သား မဆို ထားဘိ ဒုဂ္ဂတိအဟိတ်သား နွားများ-ကျွဲများတောင်ကြားရ လျှင် အကျိုးရှိပါတယ်၊ နွားခြံ-ကျွဲခြံထဲတောင် လိုက်ဟောဘို့ တောင် ကောင်းပါသေးသကွယ်ဟု လာရောက်သော တကာ

တယောက်ကို ဒါလို မိန့်တော်မူလိုက်သကိုး.... တကာဆိုင်ရ၊ (မှန်ပါ မိန့်လဲမိန့်တော်မူထိုက်ပါ ဘုရား)။

အထက်က ပြဆိုခဲ့ပြီးသော စကားတွေကို ထောက်ထား ကြည့်မယ်ဆိုလျှင် ဘာရယ်ညာရယ် စကားတွေကြွယ်ပြီး အား ငယ်နေဘို့ မရှိပါဘူး၊ တရားကိုသာသိအောင် လုပ်ကြ အား ထုတ်ကြ။

တချို့ကလဲ တိဟိတ်သားဆိုလျှင် တရားကိုအားမထုတ်ဘဲ မဂ်,ဖိုလ်ကို သူ့အလိုလို ရလိမ့်မည်ဟု ပျင်းရိသော သဘော ထားနှင့် ဤကဲ့သို့ အထင်မှားနေကြဒါတွေလဲ အများကြီးဘဲ ထင်ပါရဲ့ တကာဆိုင်ရ၊ (မှန်ပါ အများကြီးပါဘုရား)။

အင်း–သူတို့ထင်ကြသလို မဂ်,ဖိုလ်,နိဗ္ဗာန်ကို သူ့အလိုလို မရတဲ့အပြင် အခုတိဟိတ်ဘဝ တော်တော်ကြာဒွိဟိတ် သုဂတိ အဟိတ် ဒုဂ္ဂတိအဟိတ်ဘဝသို့ မကြာခဏ ဟိတ်တွေ ပြန်ကျ လန်ကျနှင့် ဟန်မရအောင် ဖြစ်ရတော့သည်။

ထို့ကြောင့် ပရမတ္ထဒီပနီ ဋီကာကြီး၌–

**တိဟေတုကဘူတာပိ ပုန ဒွိဟေတုကာဟေတုက**
**ဘာဝံ ဂစ္ဆန္တိ**။

ဟု မိန့်တော်မူပေ၏။

တိဟေတုကဘူတာပိ၊ တိဟိတ်ဖြစ်၍ ဖြစ်ကုန်သော ပုထု ဇဉ်ပုဂ္ဂိုလ်တို့သည်လည်း။ ပုန၊ တဖန်။ ဒွိဟေတုကာ ဟေတုက

ဘာဝံ၊ ဒိဋ္ဌိ သုဂတိ ဒုဂ္ဂတိ အဟိတ် အဖြစ်သို့။ ဂစ္ဆန္တိ၊ သက္ကာယဒိဋ္ဌိ တန်းလန်းရှိက ပြန်ရောက်ကြကုန်၏။

ကဲ- ဘယ့်နှယ်လဲ တကာဆိုင်ရ၊ အများထင်ကြတဲ့အတိုင်း ဟုတ်သေးရဲ့လား၊ တရားကို မနာခံ မမှတ်သား မပွားများ မဆင်ခြင်ဘဲ သက္ကာယဒိဋ္ဌိ တန်းလန်းရှိက အခု တိဟိတ်ကြီး ဖြစ်နေသော်လည်း တော်တော်ကြာတော့ ဒွိဟိတ် အဟိတ် အဖြစ်သို့ တဖန်ပြန်၍ နစ်ရဆိုပါလား၊ (မှန်ပါ ပြန်ပြီးနစ်ရပါ ဘုရား)။

သတိထားကြနော်၊ တရားကိုမပွားများလျှင် တိဟိတ်သီး တိဟိတ်သားပင် ဖြစ်ငြားသော်လည်း တဖန် ဟိတ်ပြန်၍သွားမယ်ဆိုလျှင်ဖြင့် တိရစ္ဆာန်ဘဝတောင်မနေးဘဲ ငရဲကျအောင် သွားလိုက်လိမ့်မည်။

ကျမ်းဂန်တို့ဆိုကြဒါ ထိုမျှမကသေးဘူး၊ တရားကို မသိ မမြင် မဆင်ခြင်ကြသော ပုထုဇဉ်မှန်သမျှတို့သည် ယခုဘဝမှာ ဘုရားတကာ ဘုရားအမ၊ ကျောင်းတကာ ကျောင်းအမကြီး တွေဖြစ်၍ သီလနှင့်ပြည့်စုံသော သီလဝန္တပုဂ္ဂိုလ်တွေဖြစ်၍ပင် နေကြသော်လည်း နောက်နောက်ဘဝမှာ သီလကင်းမဲ့သော ဒုဿီလပုဂ္ဂိုလ်မျိုးတွေ ဖြစ်ကြရပြန်လေကုန်၏။

ယခုဘဝ သီလနှင့်ညီမျှသော သီလဝန္တ၊ နောက်ဘဝကျတော့ သီလပျက်ပြားသော ဖဲသမား, ကြက်သမား, အရက်သမားဘဝမျိုးနှင့် တံငါမုဆိုး သူခိုးဒါးမြဘဝမျိုး၌ ပြန်လည်ဆိုက်ကြရသူတဲ့ တကာဆိုင်ရဲ့၊ (မှန်ပါ ဆိုက်ကြရပါလိမ့် ဘုရား)။

ဤမျှမကသေးဘူး၊ ယခုဘဝ အလှန်ဟန်ရတဲ့ သူကောင်း လူကောင်းဘဝ နောက်ဘဝ အလှန်ဟန်မရတဲ့ သူရူး သူနှမ်း ကြီးဘဝ ဖြစ်ရပြန်လေသည်။

သည်မျှ မကသေးဘူး၊ ယခုဘဝ အလှန်အကြူး အထူး ကျော်ကြားလှသည့် ပညာရှိခေါ် ပညဝန္တ ပုဂ္ဂိုလ်ကြီးဖြစ်၍ နေသော်လည်း နောက်ဘဝ အသိအလိမ္မာဉာဏ်ပညာမရှိသော အသိ ဗလချာ ဒုပ္ပညာပုဂ္ဂိုလ် အဖြစ်သို့ စင်စစ်ရောက်ရပြန် လေသည်။

ဤကဲ့သို့ တိဟိတ် အဖြစ်မှ ဒွိဟိတ် အဟိတ် အဖြစ်သို့ ပြန်၍ဖြစ်ရခြင်း၊ သုဂတိဘဝမှ ဒုဂ္ဂတိဘဝသို့ ဖြစ်ရခြင်း၊ သီလ ဝန္တပုဂ္ဂိုလ်အဖြစ်မှ ဒုသီလ ပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရခြင်း၊ သူကောင်းလူကောင်းအဖြစ်မှ သူရူး သူနှမ်းအဖြစ်သို့ ရောက် ရခြင်း၊ ပညဝန္တပုဂ္ဂိုလ်အဖြစ်မှ ဒုပ္ပညပုဂ္ဂိုလ်အဖြစ်သို့ ရောက် ရခြင်း စသည်တို့၏ အကြောင်းရင်းကတော့ တရားနှလုံးသွင်း ကင်းသဖြင့် သက္ကာယဒိဋ္ဌိကို မဖြုံမခွင်း မနှိမ်နင်းကြလို့ မဟုတ် လား တကာဆိုင်ရ၊ (မှန်ပါ ဒိဋ္ဌိအမှားကြောင့်ပါ ဘုရား)။

သက္ကာယဒိဋ္ဌိ အမှားငြိ အမှားသိ ရှိနေသေးသမျှ ဘယ် ဟိတ်သား ဘယ်ဘဝသားမှ စိတ်မချရသေးဘူးဆိုဒါ အသေ အချာ မှတ်လိုက်ကြပေတော့။

တိဟိတ်သားဘဝကို ရခဲ့ရုံကလေးများဖြင့် ဒိဋ္ဌိအစရှိသော အမှားတွေကို ဘယ်လိုမှ တတ်နိုင်သေးတာ မဟုတ်ဘူးဟာ တကာဆိုင်ရ၊ (မှန်ပါ မတတ်နိုင်သေးပါ ဘုရား)။

တိဟိတ်သားကြီးပင် ဖြစ်၍ နေငြားသော်လည်း အမှား ကတော့ အမှားအတိုင်း ရှိနေသေးသာဘဲ။

အမှန် စင်စစ်ကတော့ ဘယ် ဟိတ်သားမျိုး မဆို တရား တော်ကို နာခံမှတ်သား ပွားများဆည်းပူး အထူးပြုလုပ်ခဲ့ရိုး မှန်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ရတော့မှာ ကေန် အမြန်နှင့် အနှေးလောက်သာ ကွာကြတော့သည်ဟုမှတ်။

တိဟိတ်သားကြီးပင် ဖြစ်သော်လည်း ဆရာကောင်းကို မရှာမှီး မဆည်းကပ်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို အမြန်နည်းနှင့်လည်း မရသေး၊ အနှေးနည်းနှင့်လည်း အဝေး ကြီး ဝေးတော့သည်။

တရားတော်ကို မသိသေးသူ မှန်သမျှ အမြန်နှင့်အနှေး ဘယ်နည်းမှ မှန်းဆလို့ မရသေးဘူး တကာဆိုင်ရေ့၊ (မှန်ပါ မပြောနိုင်သေးပါ ဘုရား)။

မှန်းဆလို့ မပြောနိုင်သေးလျှင် ဝေးချင်တိုင်း ဝေးရရှာ သေးတယ်လို့သာ ဆိုရပေလိမ့်မယ်။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ပေါ်ပေါက် ထွန်းတော်မူလာမှ ကြားနာရသော ခန္ဓာငါးပါး တရား အချက် သဘောအနက်တွေကို အားတက်သရော လိုက်စား သူက နည်းပါးကြသေးတယ်။

ဤတရားတော်ကြီးသည် ငရဲကစပြီး ဗြဟ္မာဘုံတလျှောက် မှ လွန်မြောက်စေတတ်သောကြောင့် မွန်မြတ်သော တရား တော်ကြီးဆိုပါလား တကာဆိုင်ရ၊ (မှန်ပါ အလွန် မွန်မြတ် သော တရားတော်ကြီးပါဘုရား)။

ဘယ်လို လွန်မြောက်စေပါသလဲဆိုတော့ ထိုခန္ဓာငါးပါး တရားတော်က ငါယောင်ယောင် ငါရိပ်ရိပ်ဟူသော ငါနိမိတ် ပျောက်အောင် ရှုကြည့်၍ သက္ကာယဒိဋ္ဌိနှင့် ပယ်သတ်မိကြ သော ပဥ္စမဖလဋ္ဌာန် သောတာပန် ပုဂ္ဂိုလ်များသည် အပါယ် သတ္တဝါဟူသော သတ္တလောက အပါယ်ပြုပြင် စီမံခြင်းတည်း ဟူသော သင်္ခါရလောက အပါယ်ဘုံတည်းဟူသော ဩကာသ လောက၊ ဤသို့ လောက သုံးပါးမှ လွန်မြောက်ကြလေ သည်။

ထို့အတူ ကျန် အထက်အရိယာ ပုဂ္ဂိုလ်များလည်း ထိုက် သလို အသီးသီး လွန်မြောက်ကြသည်ဟုမှတ်။

ဤကဲ့သို့ သတ္တလောက သင်္ခါရလောကဩကာသလောက တည်းဟူသော လောကသုံးပါးမှ လွန်မြောက်စေတတ်သော ခန္ဓာငါးပါး မြတ်တရားကို ငါယောင် ငါရိပ် ငါနိမိတ် ပျောက်သွားအောင် မဆင်ခြင် မပွားများဘဲ စည်းစိမ်ဥစ္စာ တွေ ပြည့်စုံစွာနှင့် ကျန်းကျန်းမာမာ ရွှင်ရွှင်ပြုံးပြုံး အနှစ် တရာပတ်လုံး ဘဝပေါင်းအသခြေ နေရအုံးတော့ လုံးလုံး မမြတ်သေးဘူးဟာ တကာဆိုင်ရ၊ (မှန်ပါ မမြတ်သေးပါ ဘုရား)။

ခေါင်းပေါင်းစကြီး တထောင်ထောင် ဘီးဆပတ်ကြီး တပြောင်ပြောင်နှင့် ယောင်တောင်တောင် ထီး၊ ယောင် တောင်တောင်မကြီးတွေ ကြပ်ကြပ်သတိထားကြ၊ ကြပ်ကြပ် သတိထားကြ။

ခေါင်းပေါင်းစကြီး တထောင်ထောင်နှင့် မောင်မင်းကြီး ထောင်နိုင်တဲ့ဘဝ ထောင်ချင်တိုင်း ထောင်နှင့်အုံးကွ၊ တော်တော်ကြာ ထောင်ထောင်ကြီး ငရဲမီးမြိုက်၍ချ အမယ်လေးဗျ, အလိုလေးဗျ။

ဘီးဆံပတ်ကြီး တပြောင်ပြောင်နှင့် မယ်မင်းကြီး ပြောင်နိုင်တဲ့ဘဝတော့ ပြောင်ချင်တိုင်း ပြောင်နှင့်အုံးပေါ့၊ တော်တော်ကြာ ပြောင်ပြောင်ကြီး ငရဲမီမြိုက်၍ချတော့ အမယ်လေးတော့၊ အလိုလေးတော့။

အဲဒီလို ထောင်ထောင်ကြီးဘဝနှင့် ပြောင်ပြောင်ကြီးဘဝက အမယ်လေး ဘဝ, အလိုလေး ဘဝသို့ ရောက်ကြရဒါဘာ့ကြောင့်လဲဆိုတော့ တရားကို မသိမမြင် မဆင်ခြင်တဲ့ အန္ဓ ပုထုဇဉ်တို့၏ ပကတိ သဘော ယုတ်မာသောကြောင့်တည်း။

လောကအလိုကတော့ ဖဲရိုက် ကြက်တိုက် သူ့ဥစ္စာခိုး, စသည်ဖြင့် အမျိုးမျိုးလုပ်နေသော သူမိုက်ကို လူယုတ်မာဟုဆိုရသည်။ ဓမ္မ အလိုကတော့ တရားကိုမသိလျှင် ပုထုဇဉ်တို့၏ ပကတိ ယုတ်မာမှုကြီးဟု ဆိုရသည်။

အများအားဖြင့် လောကအလို ယုတ်မာမှုကိုသာသိကြ၍ ဓမ္မအလို မူလပကတိ ပုထုဇဉ်တို့၏ မသိမှု ယုတ်မာဒါကိုတော့ ပကတိ ယုတ်မာမှုကြီး ပါကလားလို့ မသိကြဘူးဟု တကာဆိုင်ရ၊ (မှန်ပါ သိသူက နည်းပါးပါလိမ့် ဘုရား)။

ပုထုဇဉ်တို့၏ ပကတိသဘောဆိုဒါ မပေါ့လိုက်နှင့်၊ ပေါ့လိုက်လျှင် ကော့သွားမယ်၊ မလှုပ်လိုက်နှင့် လှုပ်လိုက်လျှင် မြုပ်သွားမယ်ဆိုတဲ့ သဘောနှင့်ပေါ့လေ။

ဒါ့ကြောင့် တရားကို မသိမှုဆိုတဲ့ ပကတိယုတ်မာမှုကြီး တခုဟာ အလွန် ကြောက်စရာ ကောင်းသည်ဟု မှတ်ရမည်။

(ဤကား ပါဠိတော်လာဂါထာ၌ ရှေ့ထက်ဝက်၏ အနက် အဓိပ္ပါယ်ပြ စကားဝါကျစုပေတည်း)။

တရားအရက ဘယ်တရားလဲ ဆိုလျှင် ခန္ဓာအားဖြင့် ဖောက်ပြန်မှု ရုပ်အစုဟူသော ရူပက္ခန္ဓာ ခံစားမှု ဝေဒနာ အစုဟူသော ဝေဒနာက္ခန္ဓာ၊ မှတ်သားမှု သညာအစုဟူသော သညာက္ခန္ဓာ၊ ပြုပြင်မှုသင်္ခါရ အစုဟူသော သင်္ခါ-ရက္ခန္ဓာ၊ သိမှုဝိညာဉ် အစုဟူသော ဝိညာဏက္ခန္ဓာ၊ ဤ ခန္ဓာငါးပါး ပင်တည်း။

ထို ခန္ဓာငါးပါးကို တဖန် ချုံးပြန်လျှင် ဖောက်ပြန်မှု ရုပ်အစုဟူသော ရူပက္ခန္ဓာကို ရုပ်ဟုဆိုသည်၊ ခံစားမှု, မှတ်သားမှု, စေ့ဆော်ပြုပြင်မှု, သိမှုဟူသော နာမ်ခန္ဓာလေးပါးကို နာမ်ဟုဆိုသည်၊ ပေါင်း ရုပ်,နာမ်နှစ်ပါး ဖြစ်၏။

ဤ ရုပ်နာမ်နှစ်ပါး တရားတော် ကြီးသည် ကာမ ရူပ အရူပတည်းဟူသော လောကီ စည်းစိမ် ချမ်းသာ ဟူသမျှ တို့နှင့် နိုင်းစာ၍မရ၊ တိုင်းတာ၍ မရ၊ ဘာဝနာဉာဏ်ကြီး၏ အာရုံအနေအားဖြင့် ထင်ထင် ရှားရှား မားမား မတ်မတ် ပွားများအပ်သည်ဖြစ်၍ အလွန်မြင့်မြတ်သော တရားကြီးတဲ့

လား တကာဆိုင်ရ၊ (မှန်ပါ အလွန်မြင့်မြတ်သော တရားကြီး ပါ ဘုရား)။

ဘာ့ကြောင့်မြတ်သည်ဟု ဆိုရပါသလဲ၊ ထိုရုပ်နာမ် တရားတော်ကြီးနှစ်ပါးကို အဟုတ်ကြိုးစားသော သူတို့မှာ ဘုရားအလိုတော်ကျအတိုင်း သိမှုကိစ္စ, ပယ်မှုကိစ္စ, ဆိုက်မှုကိစ္စ, ပွားမှုကိစ္စ၊ ဤကိစ္စ လေးချက်ကို တပြိုင်နက် တချက်ထည်း ပြီးစီးနိုင်၍ ကိုယ်ပိုင်ရရှိသောအားဖြင့် ခံစားရသော အကျိုးထူးရှိသောကြောင့် အမြတ်ဆုံး တရားတော်ကြီးဟု ဆိုရပေသတည်း။

သိ,ဆိုသည်ကား ရုပ်,နာမ် နှစ်ပါးကို ပိုင်းခြားမိလျှင် အစဉ်မမြဲသော သဘောအားဖြင့် အနိစ္စတရားကြီးပါတကားဟူ၍ရင်း၊ ဖြစ်မှုပျက်မှု နှစ်ခုသောဒဏ်ချက်ကြောင့် အခံခက်သောအားဖြင့် ဒုက္ခတရားကြီးပါ တကားဟူ၍ရင်း၊ ငါမျိုးကိုယ်မျိုး တစိုးတစိ မရှိလေပြီး အချည်းနှီးဖြစ်သော သဘောအားဖြင့် အနတ္တတရားကြီးပါတကား ဟူ၍ရင်း၊ ဤသို့ဉာဏ်အတွင်း သန့်သန့်ရှင်းရှင်း ထင်လာ မြင်လာ ပွင့်လင်းဒါကို သိ, သည်ဟု ဆိုပေ၏။

အဲဒီလို ရုပ်ပေါ် နာမ်ပေါ်၌ အနိစ္စစစ်, ဒုက္ခစစ်, အနတ္တစစ် ဉာဏ်ကြီးပေါ် လာအောင် တင်စီးလိုက်နိုင်လျှင် သိကိစ္စကြီး အောင်မြောက်ပြီလို့ ဆိုရတယ် တကာဆိုင်ရ။ (မှန်ပါ သိ,ကိစ္စကြီး အောင်မြောက်ပါ ဘုရား)။

သို့ကိစ္စကြီး အောင်မြောက်က ဒိဋ္ဌိစသည်ကို ပယ်ကိစ္စကြီးလည်း ပေါ်ပေါက် လာနိုင်တော့ ဒါဘဲ မဟုတ်လား၊ (မှန်ပါ ပယ်ကိစ္စကြီးလဲ ပေါ်ပေါက်လာရိုးပါ ဘုရား)။

ပယ်ကိစ္စကြီး ပေါ်ပေါက်လာလျှင်ကော ငြိမ်းကိစ္စကြီး ဆိုက်ရောက်မလာ ပေဘူးလား၊ (ငြိမ်းကိစ္စကြီး ဆိုက်ရောက်ရပါ ဘုရား)။

ငြိမ်းကိစ္စကြီး ဆိုက်ရောက်တယ် ဆိုလျှင်ဘဲ ပွားကိစ္စကြီးလဲ ပါဝင်ပြီးစီးရောပေါ့ဟာ တကာဆိုင်ရ၊ (မှန်ပါ ပွားကိစ္စကြီး ပြီးစီးသွားပါ ဘုရား)။

ဤပရမတ်ကိစ္စကြီး လေးပါးနှင့် ပြည့်စုံသောကြောင့် ဤရုပ်နာမ်တရားနှစ်ပါးကို အမြတ်ဆုံးဟု ဆိုရပေသည်၊ ဤတရားမှသာ ဤကိစ္စကြီး လေးပါးနှင့် ပြည့်စုံပေ၏။ ဤတရားမှတပါး ဤကိစ္စကြီးလေးပါးနှင့် ပြည့်စုံသော တရားဟူ၍ တခြားမရှိတော့ချေ။

ဒီကိစ္စကြီးလေးပါးကို ပြီးပြည့်စုံသွားအောင် ရွက်ဆောင်နိုင်ဒါဟာ ဒီတရားတပါးသာ ရှိတယ်မဟုတ်လား၊ (မှန်ပါ ဒီတရားသာရှိပါ ဘုရား)။

ဒါ့ကြောင့်-ဒီတရားကို သိမြင်သော သူများမှာ အရှယ်အားဖြင့် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ မြတ်သော အဖြစ်သို့ရောက်လေ၏၊ဇာတ်အားဖြင့်လည်း အထီးပင်ဖြစ်စေ အမပင်ဖြစ်စေ၊ မြတ်သောအဖြစ်သို့ ရောက်လေ၏ဟု တထစ်ချမှတ်။

သို့ဖြစ်၍ အငယ်ရယ်, အကြီးရယ်, အထီးရယ်, အမရယ်၊ ရွေးချယ်ခြားနား အပိုင်းထားမနေကြနှင့်တော့ ဂုဏ်အားဖြင့် အယုတ်အဖြစ်မှ အမြတ်အဖြစ်သို့ ရောက်အောင် မြန်မြန်ကြီး အသိဉာဏ် ထူထောင်လိုက်ကြ။

တရားအသိဉာဏ်ရအောင် မြန်မြန်ကြီး ထူထောင်မိကြမှ ဂုဏ်အားဖြင့်မြတ်ကြတော့မှာဟ တကာဆိုင်ရ၊ (မှန်ပါ သို့မှသာ ဂုဏ်အားဖြင့် မြတ်မှာပါဘုရား)။

အဲဒီတရား အသိဉာဏ်ကိုရလျှင် ဤလူ့ဘဝမှာ တရက် တခဏ တအောင့်တခဏမျှပင် အသက်ရှင်၍ နေရဦးတော့ အထူးမြတ်လှတော့သည်။

ဘုရား၏အလိုတော်က တရက် တခဏ တအောင့် တခဏ မျှပင် နေရစေကာမူ ယခင် ပြဆိုခဲ့ပြီးသော ပရမတ်ဓမ္မကို ဉာဏ်မှာ အတတ်ရသူမှန်လျှင် ထိုသူဟာ အတိုင်းမသိ မြတ်သတဲ့လား၊ (မှန်ပါ အတိုင်းမသိ မြတ်လှပါ ဘုရား)။

လောကအလို ပြောဆိုခါမျှ အမြတ်မျိုးကို ဟောပြလိုသည် မဟုတ်၊ဓမ္မအလို လောကုတ္တရာ ဂုဏ်အားဖြင့် မြတ်သည်ကို ဟောပြလိုရင်း ဖြစ်သည်ဟုမှတ်။

လောကအလို ပြောဆိုရရုံ ဖြစ်သော အမြတ်မျိုးနှင့်ဖြင့် အသက်ရာကျော်ရှည်ပါသော်လဲ အရေးကောင်းမဟုတ်ပါဘူး၊ တရားအသိဉာဏ်က မရရှိဘဲ ရှေ့ခဲ့တဲ့ အရှေ့မျိုးတွေကတော့ ဘဝကမ္ဘာ သံသရာနှင့်အမျှ ရှေ့ခဲ့ကြလှပါပြီ၊ ဒါကြောင့် ဒီ

အရှေ့မျိုးတွေက ရိုးနေပြီဖြစ်၍ ရှေ့တိုင်းလဲဟန်မရပါဘူးဟု တကာဆိုင်ရ၊ (မှန်ပါ ရှေ့တိုင်းလဲ ဟန်မရပါ ဘုရား)။

တရား အသိဉာဏ်ကိုရလျှင် တရက် တခဏပင် အသက် ရှင်၍ နေဦးတော့ အထူးဟန်ရ၍ မရိုင်းပြတော့ပါဘူး။

ဟဲ-အနာထပိဏ် သူဌေးကြီး၏ သမီးအငယ်ကလေး သုမန ဒေဝီဆိုသူသည် တရား အသိဉာဏ်ရပြီးမှ သေဆုံးရရှာတယ်၊ အဲဒီ သူဌေးသမီးကလေးဟာ ငယ်ငယ်ရွယ်ရွယ် နုနုပျိုပျိုနှင့် အသက် တိုရသော်လည်း ခုဘဝ နောက်ဘဝ ရိုင်းပြသေးရဲ့ လား၊ (မရိုင်းပြတော့ပါ ဘုရား)

ဘာ ရိုင်းပြတော့မလဲ တကိုင်းလှ တည့်ခွေ ဆိုသလို အမတာပြေ ခရီးဘက်သို့ နီးသည်ထက်နီးခါ မမှဉာဏ်ရလို့မို့ သကဒါဂါမ် မ,ကလေး အဖြစ်သို့ စင်စစ်ရောက်သွားပေါ့ ကိုး။

ဒါ့ကြောင့် ရှေ့တိုင်းလဲ ဟန်မရ တိုတိုင်းလဲ မရိုင်းပြဘူးဟု ဆိုရပေသည်၊ တရား အသိဉာဏ်ကိုလဲ ရရှိမယ်၊ အသက်လဲ ရှည်ရှည်နေရမယ်ဆိုလျှင် သာ၍ပင် ကောင်းဒါပေါ့လေ။

တရားအသိဉာဏ်ကို ရအောင်မယူဘဲ ပျော်ပျော်ပါးပါး စားစား သောက်သောက် မောက်မောက် ကြွားကြွားနှင့် အလကားကြီး အသက်ရှည်နေဒါကတော့ အကြောင်းမထူး တော့ပါဘူး မောင်ရှေ့နှင့် မရှေ့ပါဘဲ။

တရားအသိဉာဏ်ကို ထိုက်တန်သလောက်အရယူမိ၍ လေး ချက်ရှိ ကိစ္စဖြင့် ပရမတ်အကြည့်,ခေတ်အကြည့်ကလေး အရိပ်

ကျလာလျှင် ဤသာသနာတံဆိပ်ရပြီမို့ စိတ်ချတော့အခြေလှ၊ မနေရလို့သေသော်လည်း တကိုင်းလှဘို့ တညာကြွေရ၊တညာ ကြွေမှ တကိုင်းလှ့ ဆိုသလို တဘဝထက် တဘဝ အသိဉာဏ် အလင်းဓာတ် ပိုသည်ထက်ပို၍ အထက်တန်း ခိုမည့်သူဖြစ် သောကြောင့် တိုလဲ ကောင်းတော့သည်။

တရား အသိဉာဏ်ဖြင့် နိဗ္ဗာန်သို့ တဖြောင့်တည်း အောင် လက်မှတ်ကြီးကို လက်ဆုပ်လက်ကိုင် ရပြီးသော သူတွေမှာ သေခါပျောက်ပျက် နောက်ဆက်ဘဝ ကူးပြောင်းကြသော် လည်း တကိုင်းလှ တညာကြွေ အဖြစ်မျိုးနှင့် ဖြစ်ကြရဒါ မဟုတ်လား တကာဆိုင်ရ (မှန်ပါ တကိုင်းလှ တညာကြွေတွေ ပါ ဘုရား)။

သူတို့မှာတော့ တယ် ဟန်ရနော်၊ နေလဲ စိတ်ချရ သေလဲ စိတ်ချရ၊ နှစ်ဌာနစလုံး ကောင်း၊ ကောင်းမှာပေါ့လေ၊ ဘဝ ပိုင်းခြား အမှန်းအထား ကမ်းကလနား ရပေါ့ကိုး။

မြတ်သောအဖြစ်သို့ ရောက်တယ်ဆိုဒါ တရားအသိဉာဏ် က ဘဝပိုင်းခြား ကမ်းကလနားရအောင်ရွက်ဆောင်နိုင်ဒါကို ဆိုလိုပေသည်။

ဒါ့ကြောင့် ဤ ယခုအခါ သာသနာတော်ကြီးနှင့် တွေ့ခိုက် ကြုံခိုက်မှာ နိဗ္ဗာန်သို့ တဖြောင့်တည်း တတန်းတည်း ဦးတန်းမိအောင် ဝိပဿနာတရား အသိဉာဏ်ကြီးကို အပြီး တိုင် ထူထောင်လိုက်မှ အမြတ်ဘဝ ရကြတော့မည်ဟူလို။

ဤကား ဂါထာနောက်ဝက်၏ အဓိပ္ပါယ် အကျဉ်းလိုရင်း အချက်တည်း။

ကဲ ဒါဖြင့် သက္ကာယဒိဋ္ဌိ ကွာမှ ယုတ်သောဘဝက လွန်မြောက်၍ မြတ်သော ဘဝသို့ အစဉ်သဖြင့် ရောက်ရအောင် ဝိပဿနာဉာဏ်ကို ထူထောင်လိုက်ကြစို့။

ဝိပဿနာဉာဏ် ဆိုဒါ ငါ သူတပါး ယောကျ်ား မိန်းမ စသော အတ္တသန္တာန် နိမိတ်တွေမှ ကင်းဆိတ် လွန်မြောက်အောင် ရှုဒါ မြင်ဒါ ဆင်ခြင်ဒါကို ဝိပဿနာဟု ဆိုသည်။

အစစ်အမှန် မရှိတဲ့တရားမျိုးတွေ လွှင့်ပါး ကွယ်ပျောက်ပြီး အစစ်အမှန်ရှိတဲ့ တရားမျိုးသာ ပေါ်ပေါက်လာအောင် ရှုဆောင်ထင်မြင် ဉာဏ်ဝမှာ ဝင်လာသည်ဟူလို။

ဘယ်တရားမျိုးဟာ အစစ်အမှန်မရှိ၍ ဘယ်တရားမျိုးသာ အစစ်အမှန် ရှိပါသလဲဆိုလျှင် ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂလ, သတ္တ စသော တရားမျိုးသည် အစစ်အမှန် ရှိသော တရားမျိုး မဟုတ်၊ပစပ်ဝန္ထုတ်ဖျား ပြောဆိုခေါ်ဝေါ် ရုံမျှသာတည်း၊ ရုပ်တရား နာမ်တရား နှစ်ပါးကား အစစ်အမှန်ရှိသော တရားပေတည်း။ ပစပ်စန္ထုတ်ဖျား ခေါ်ဝေါ် ပြောဆိုရရုံရှိသော တရားမျိုး မဟုတ်ချေ။

ထို ထင်ရှားဧကန် အမှန်ရှိသော ရုပ်နာမ်တရား နှစ်ပါးတို့တွင် ဤအရာမှာ ရုပ်တရားကို ပိုင်းခြား မှတ်သားပြီး ဆင်ခြင် ပွားများရလိမ့်မည်။

ဤတရားမှာမှလည်း သရုပ်စကားကဲ့သို့ ရုပ်အများကို လိုက်ပြီး ရေတွက်နေဘို့မလို၊ ရုပ်တရား တပါးကိုသာ လိုရာ ထုတ်ပြီး ဉာဏ်အုပ်မိအောင် ကြောင်ကြောင်ကြီး ရှုဘို့လိုပေ သည်။

ဘယ် ရုပ်တရားကို ရှုရမလဲဆိုလျှင် အာပေါဓာတ်ကို ရှုရ လိမ့်မည်၊ အာပေါ ရုပ်ဓာတ်ကို ဘယ်လို ရှုဆင်ခြင်ရမည် ဆိုလျှင်-

## ငါမဟုတ် ကိုယ့်မသိမ်တ်
## ဘွဲ့စည်း ရေမြှုပ်

ဉာဏ်၏ အာရုံရလာအောင် ဤလို သီတံ အတိုကလေးကို ပစပ်က တခေါက် နှစ်ခေါက်လောက် မြည်တမ်း ရွတ်ဆိုပေး လိုက်အုံးမှသာ နေရာကျမှာ မဟုတ်လားတကာဆိုင်ရ၊ (မှန်ပါ ဒါမှ သာပြီးနေရာကျမှာပါ ဘုရား)

ဒါဖြင့် ဝိပဿနာဉာဏ်က အာရုံပြုမှု နေရာကျအောင် အာပေါဓာတ်၏ လက္ခဏာအရကို အနည်းငယ်မျှ ရှင်းပြလိုက် ဦးမည်။

အာပေါဓာတ်ဆိုဒါ သူ၏လက္ခဏာကတော့၊ ထိုထို ရုပ် ဓာတ်, ရုပ်ပရမတ်တို့ကို မိမိနှင့် တပူးတည်း, တပါးတည်း ဘွဲ့စည်းခြင်း လက္ခဏာရှိသည်၊ အမြင်အားဖြင့်လည်း ထင်ရှား စွာ စိမ့်စို-ယိုစီးခြင်းလက္ခဏာ ရှိသည်။

အဇ္ဈတ္တ, ဗဟိဒ္ဓ, နှစ်ဌာနမှာ ရုပ်သဘောစု, ရုပ်သဘော မှုတွေကို လုံးလုံးကြီး ချောင်းချောင်းကြီးကဲ့သို့ အပေါင်း

အစည်း ပြုထားဒါဟာ အာပေါခာတ်၏ လက္ခဏာပါဘဲ တကာဆိုင်ရ၊ (မှန်ပါ အာပေါခာတ်၏လက္ခဏာပါ ဘုရား)။

ဂုင်းနှစ်ဌာနစလုံးမှာ စိမ့်စိုယိုစီးကျနေဒါတွေလဲ အာပေါ ခာတ်၏ သတ္တိဘဲ မဟုတ်လား၊ (မှန်ပါ အာပေါခာတ်၏ သတ္တိပါဘဲ ဘုရား)။

သတိထား စဉ်းစား၍ကြည့်၊ အာပေါသတ္တိကို ငါကိုယ်, လုပ်မထားနှင့်၊ အာပေါလက္ခဏာဟာ ကိုယ်,ငါ ဖြစ်မနေ စေနှင့်။

မိမိအဇ္ဈတ္တမှာ ထင်ရှားရာကြည့်လိုက်လျှင် အလုံးအချောင်း အပေါင်းသဏ္ဍာန်ပြုထားဒါဟာ ဘွဲ့စည်းမှုဟူသော အာပေါ ခာတ်သား အမှန်ဟုတ်တယ်ခနော်၊ (အာပေါ ခာတ်သား အမှန်ပါ ဘုရား)။

ဘယ့်ကလော်ာက် ထင်ရှား သလဲ၊ အကယ်၍ အာပေါ ခာတ်သား မရှိပါက-ဘယ်မှာလျှင် မျက်မြင်အရနှင့် ဉာဏ် အမြင် မှန်းဆနိုင်စရာ တစုံတခု ဝတ္ထုအထည် ပြုနိုင်ပါတော့ မလဲ။

အကယ်၍ အာပေါခာတ် တပါးကို နှုတ်လိုက်လျှင်လဲ ကျန်ရှိသမျှ ရုပ်တွေဟာ အကုန် ဖြုတ်ဖြုတ်ကြွေကျ သကဲ့သို့ အခြေတကျ မနေနိုင်ကြတော့ဘဲ ဖရိုဖရဲ ဖြစ်ကုန်ကြမှာပေါ့။

ဒါ့ကြောင့် မျက်မြင်ကို ထောက်ပြီး ဉာဏ်မြင်နှင့် ဖောက် ကြည့်လိုက်မှသာ ဘွဲ့စည်းမှုဆိုတဲ့-အာပေါခာတ်ကြီး သတ္တိ ရောက်နေကြောင်း သိရတယ်။

ထို့ပြင် တကိုယ်လုံး တကောင်လုံး အနှံ့အပြား ဆိုသလို စိမ့်-စို-ယိုစီး၍ ကျနေသော ချွေး,သွေး,သေး,ချွဲ,နှပ်,တံထွေး အစရှိသော သဘောတွေဟာလဲ ယိုစီးမှုဟူသော အာပေါ ဓာတ်တွေဘဲ မဟုတ်လား၊ (အာပေါဓာတ်တွေပါ ဘုရား)။

သို့ကလို ဘွဲ့စည်းမှု ယိုစီးမှုဆိုတဲ့ အာပေါဓာတ် တခုနှင့် သုံးသပ်၍ ရှုလိုက်တော့ ငါ,ဟူ၍ရင်း ကိုယ်ဟူ၍ရင်း မြူနု လောက်မှ မတွေ့ရတော့ချေ။

ဘွဲ့စည်းထားတယ်ဆိုဒါကလဲ ငါကောင်, ကိုယ်ကောင်ကို ဘွဲ့စည်းထားသည် မဟုတ်၊ ရုပ်,သဘာဝ ကလေးတွေကိုသာ ဘွဲ့စည်းဒါမှန်သည်၊ ယိုစီးကျနေတယ် ဆိုဒါကလဲ ငါကောင်, ကိုယ်ကောင်တွေ ယိုစီးကျနေသည်မဟုတ်၊အာပေါ ရုပ်ဓာတ်- ရုပ်ပရမတ်မျှ သဘာဝကလေးတွေ ယိုစီးဒါမှန်သည်။

ဒီဘွဲ့စည်းမှု, ယိုစီးမှု အာပေါရုပ် ပရမတ်တရား ရုပ်ဓာတ် သားဟာ ငါ,ဟုတ်ရဲ့လား၊ ကိုယ် ဟုတ်ရဲ့လား၊ (မဟုတ်ပါ ဘုရား)။

အဘယ်မှာ ငါ ဟုတ်တော့မလဲ၊ ကိုယ် ဟုတ်တော့မလဲ' အဟုတ်အမှန်ရှိတဲ့ အာပေါဓာတ် ရုပ်တရားကို ထုတ်ပွား လိုက်လျှင် အဟုတ်အမှန်မရှိသော ငါ,ကိုယ်,ဆိုတဲ့ အရှုပ်တရား ဟာ အလိုလို ငုပ်သွားရတော့ဒါကိုး။

ဒါဖြင့်- ဘွဲ့စည်းခါမျှ ယိုစီးခါမျှ အာပေါဆိုတဲ့ ရုပ် သဘာဝစု သဘာဝမှုကလေးတွေဟာ အခိုင်အမာ အနှစ်သာရ

မျိုးများနှင့် ဟုတ်ပမလား၊ (အခိုင်အမာမျိုး မဟုတ်ပါ ဘုရား)။

ဘာ-အခိုင်အမာမျိုး ဟုတ်မလဲ၊ဖရိုဖရဲ အနဲ့နဲ့ ပြိုကွဲပျက်စီး အနည်းနည်း ဖြစ်နေဒါကိုး။

ဒါ့ကြောင့်-ရုပ်ကို ရေမြှုပ်နှင့်တူတယ်လို့ ဘုရား ဟော တော်မူဒါဟာ ဥပမာနှင့် ဥပမေယျ ဘယ့်ကလောက် သဘာဝ ကျသလဲ၊ (အလွန်သဘာဝ ကျလှပါ ဘုရား)။

သဘာဝ ကျပုံကိုတော့ သဗ္ဗညုတရှင်မို့ အထူးပြောဘို့ မလိုတော့ပါဘူး၊ ကြည့်လေ-ရေမြှုပ်ဆိုဒါလဲ အခိုင်အမာမျိုး မဟုတ်တဲ့ပြင် ဘယ်နေရာ ဘာတခုမှ အသုံးကျ အသုံးဝင်လဲ မဟုတ်၊ သုံးချင် စွဲချင်ပါတယ် ဆိုသော်လဲ ကိုင်ဆွဲ ယူငင်လို့လဲ မရ၊ ထို့အတူ ပမာန ထိုအာပေါ သဘာဝ, ကလေးတွေလဲ ခဏမစဲ တသဲသဲ ပျက်မြဲသာ ပျက်နေရသောကြောင့် လိုရာ မပါ စီရင်ရာမပြီး ပကတိသဘောအားဖြင့် အချည်းနှီးမျှ သတ္တုကျ ဖြစ်နေတော့သကိုး။

သက္ကာယဒိဋ္ဌိ စွဲလမ်းရာ အာရုံပြောင်းပြီး ကြည့်စမ်းဦး။

**သား,မဟုတ် သမီး,မဟုတ်**
**ဘွဲ့စည်းရုပ် ရေမြှုပ်။**

မြင်မှုနှင့်စပ်သွယ်၍ ကြည့်လိုက်သောအခါ တကိုယ်လုံး တကောင်လုံးမှ စိမ့်စို ယိုစီးကျနေဒါတွေကို မြင်ရတယ် မဟုတ် လား၊ (မြင်ရပါ ဘုရား)။

အဲဒါတွေကို ချွေးတွေချွေးတွေဟု ခေါ်ဆိုကြတယ်၊ ခေါ်ရိုးအတိုင်း ပြောရိုးအတိုင်း ညွှတ်ကိုင်းသမ္မုတိ ချွေး ဟူ၍သာ သိကြ၊ အာပေါသဘာဝ ရုပ်ဓမ္မတပါးအနေနှင့်ကား ထင်ထင် ရှားရှား ကွဲကွဲပြားပြား မကြည့်ကြ မသိကြ။

သို့ကလို အာပေါဓာတ်သား ပရမတ်တရား ရုပ်ဓာတ် တပါးအနေနှင့် မကြည့်ကြ မသိကြတော့ ချွေးထွက်ထာကို မြင်ရလျှင် သက္ကာယနှင့် ယှဉ်တွဲပြီး သား၏ချွေးဘဲ သမီး၏ ချွေးဘဲ၊ ချွေးနှင့်သားသမီး တလုံးတည်း တစည်းတည်းဖြစ်၍ နေလေတော့သည်။

ကဲ-တကိုယ်လုံး တကောင်လုံးမှ ရိပ်ရိပ် ရိပ်ရိပ်နှင့် စိမ့်-စို-ယိုစီးကျနေတဲ့ အာပေါဓာတ်တွေဟာ တကာဆိုင်တို့ ထင်နေကြတဲ့အတိုင်း သား, ဟုတ်ပမလား၊ သမီး, ဟုတ်ပမလား၊ (မဟုတ်ပါ ဘုရား)။

အာပေါဓာတ်ပါ ဆိုမှဘဲ ဘယ်မှာ သား, သမီး, ဟုတ်ပါတော့မလဲ၊ အာပေါဓာတ်တွေကို သား, သမီး အစစ် အမှန်ပါ ဆိုလျှင်ဖြင့် မြစ်ကြီးတွေ, ပင်လယ်ကြီးတွေ အကုန်လုံး သား, သမီးတွေချည်း ဖြစ်ကုန်လိမ့်။

အာပေါဓာတ်မှန် ပရမတ်ဉာဏ်နှင့် သန်သန်ကြီးစိုက်ကြည့်လိုက်လျှင် ဝေါဟာရ သမ္မုတိ ပညတ္တိအနေ သား,ဟူသော သမီး,ဟူသော အစစ်အမှန် မဟုတ်ထာ တွေဟာ အကုန်ကွယ်ပျောက်ကြရလေတော့သည်။

ဤကား သား,ဟူ၍ရှင်း၊ ဤကား သမီး,ဟူ၍ရှင်း၊ အထင်ကြီးခံလျက် ပုံသဏ္ဌာန် ဃနတွေနှင့် ဟန်ပန်လေလန်ပြနေကြသော်လည်း ယခုလို အာပေါသဘာဝနှင့် ချေဖျက်ချလိုက်လျှင် အကုန် ကျေပျက်ကျရရိုးတံထွာ ဓမ္မတာပေတည်း။

ဝိပဿနာဉာဏ်ယှဉ်ပြီး ချွေးထွက်ထာ တခုလို မြင်လိုက်လျှင် အတွင်းရော အပြင်ပါ ဘယ်နေရာမဆို တကိုယ်လုံး တကောင်လုံး အာပေါဓာတ်တုံး အာပေါဓာတ်ခဲ အာပေါဓာတ်သား အစစ်အမှန် ရှိဒါပါဘဲဟု ရှုသူ၏ဉာဏ်ထဲမှာ လင်းခနဲ လင်းခနဲ ထင်လာရိုးတံထွာ ဓမ္မတာ နေမှာဘဲ မဟုတ်လား၊ (မှန်ပါ ထင်လာရိုးတံထွာ ဓမ္မတာပါ ဘုရား)။

ချွေးကိုဆိုသဖြင့် ချွဲ,နှပ်,တံထွေး,သွေး, ကျင်ငယ် စသည်တို့ကိုလည်း ဤနည်းအတိုင်း သိလေ မြင်လေ ဆင်ခြင်လေ။

ထိုကဲ့သို့ အမြင်အားဖြင့် ထင်ရှားစွာ ဖြစ်ပေါ်၍နေသော အာပေါဓာတ်သား ပရမတ်တရားကလေးတွေဟာလဲ ကာလရှည်ကြာ တည်တန့်စွာနှင့် အခိုင် အမာမျိုး မဟုတ်သောကြောင့် ရေမြှုပ်နှင့်မခြား အလားတူ အစားတူဟူ၍ ဘုရားဟောတော်မူပေသည်။

ဒါကြောင့် အာပေါဓာတ်ကို ဉာဏ်ဖြင့် သတ်မှတ်၍ အထပ်ထပ် အခါခါ ရှုရမည်၊ ရှုသောအခါမှာလည်း သူ့သဘာဝ ကြိယာဓမ္မ မြေ့မြေ့မျှမို့ အနှစ်သာရ မှုမျှမဘက် သက်သက်သော မြေမြှုပ်မျိုးပါလားဟု မြင်အောင်ရှုလေ။

မြင်သာအောင် တချက် ဉာဏ်သက်ဝင်လိုက်စမ်း။

## တုံးမဟုတ် တိုင်မဟုတ်၊
## ဘွဲ့စည်းရုပ် ရေမြှုပ်။

တုံး, တိုင်ဟူသော ဝတ္ထုမှာ အလုံး အစိုင်ကဲ့သို့ ထင်ရလောက်အောင် မြင်ရလောက်အောင် သ,သမ္ဘာရ အနေနှင့် အထွေထွေ ဖြစ်ပေါ်၍နေဒါလဲ အာပေါ်ဓာတ်၏ သတ္တိဘဲ မဟုတ်လား တကာဆိုင်ရ၊ (မှန်ပါ အာပေါ်ဓာတ်ရဲ့ သတ္တိပါဘုရား)။

အာပေါ်ဓာတ်၏ ပရမတ်ရှိ သတ္တိအမှုအရာတွေကို တုံး၏အမှန်ရှိ တိုင်၏အမှန်ရှိ တုံးတိုင်၏ သတ္တိအမှုအရာတွေလို့ ထင်မနေနှင့်နော်။

တပေါင်းတည်းကဲ့သို့ ပေါင်းစည်းမှု တခုဟာ အာပေါ်ဓာတ်၏ လက္ခဏာသာ အမှန်ဖြစ်သည်၊ အာပေါ်ဓာတ်ကို ပြေးမြင်လိုက်ရမည်။

တုံး,တိုင်နှင့် အာပေါ်ဓာတ် မရောမစပ်စေနှင့် ရောစပ်စရာ တုံး,တိုင် ဆိုဒါလဲ တခြားရှိဒါ မဟုတ်ဘူး၊ တုံးတွေ, တိုင်တွေ တခြားတသီး အစစ်အမှန် ရှိနေမှုဖြင့်လဲ သားတွေ, သွေးတွေ သူသူ ငါငါ အစစ်အမှန်ကဲ့သို့ ရှိနေကြလိမ့်ဦးမည်၊ ကြပ်ကြပ်သတိပြုကြ။

အာပေါ်ဓာတ်သား အစစ်အမှန် ရှိသည် ဆိုရာမှာလည်း လောကလူများတို့ ထင်ကြသလို အတုံးအတစ် အနှစ်အသား အခိုင်အမာမျိုးနှင့် မဟုတ်ဘူး၊ ဘယ်နေရာမှ အခိုင်အမာ မဟုတ်တဲ့ အရသာမျိုးဟာ တကာဆိုင်ရ၊ (မှန်ပါ အသာရမျိုးသာ ဖြစ်ပါသည် ဘုရား)။

ပရမတ္ထ သဘောအားဖြင့် ထင်ရှားရှိတဲ့ အာပေါခာတ်တောင်မှ အမူအရာကြိယာမျှမို့ အနှစ်အမာ ရှာမရဘူးဆိုမှဖြင့် ထင်ရှားကေန် အမှန်မရှိတဲ့ တုံး,တိုင် ငါ,ကိုယ် ဆိုဒါတွေဟာ အဘယ်မှာ ရှိနိုင်ပါတော့မလဲ။

အတုံးအတစ် အနှစ်အမာ အစိုင်အခဲနှင့် ထင်လာသမျှတွေဟာ မျက်လှည့်ပမာနကဲ့သို့ သဘာဝကျအောင် ပုံဆောင်၍ ပြရလျှင်–

**မာယာဝိယ အသာရာ။**

သင်္ခါရာ၊ ထင်လာသမျှ သင်္ခါရတရားတို့သည်။ မာယာဝိယ၊ ငါ, ငါ့ကိုယ်ပင် ကြောင်ကြောင်မြင်လည်း အထင်ကြီးဘွယ် အကယ်မဟုတ် မျက်လှည့်ရုပ်ကဲ့သို့။ အသာရာ၊ ကိုင်ယူမဖြစ် အနှစ်သာရ ရှာမရကုန်သလျှင် သတည်း။

ငါ, ငါ၏ကိုယ်ဟု စွဲဆိုသမှု အတွင်းပြုပြီး တလောကလုံး အထင်ကြီးနေကြ ဒ်ါတွေဟာ အခုလို အာပေါခာတ်နှင့် ချ, ကြည့်လိုတော့ လုံးလုံးမရှိ,ဘိတ်ဘိတ်မရှိ၊စိတ်အသိစိတ်အထင်မျှသာ ရှိသောကြောင့် ဘယ့်ကလောက် မျက်လှည့် ရုပ်နှင့် တူသလဲဟာ တကာဆိုင်ရ၊ (မှန်ပါ မျက်လှည့်ရုပ်နှင့် အမှန်တူပါ ဘုရား။

မျက်လှည့်ရုပ်ဆိုဒါ မျက်လှည့် ဆရာ၏ အတတ်ပညာနှင့် ပရိသတ်တို့၏ အလယ်မှာ မန်းမှုတ်လိုက်သည့် တပြိုင်နက်ထဲ

ကျောက်ခဲ, အုတ်ခဲတွေကိုပင် ရွှေဘဲ့,ငွေဘဲ ပုလဲဘဲဟု မြင်သူတွေ အနန့်နဲ့ထင်ကြရသပေါ့လေ။

ထိုသို့ပင် ထင်ကြသော်လည်း ပကတိ သဘောကိုက မဟုတ်မမှန်သောကြောင့် ထိုရွှေ ထိုငွေ ထိုပုလဲတွေကို ဘယ်နေရာမှ ယူလို့လဲမရ အသုံးချလို့လဲ မဖြစ်၊ စင်စစ် တုစ္ဆအချည်းနှီးမျှသာ ဖြစ်ရတော့သည်။

ဤနည်းအတူပင် ငါ-ငါ၏ ကိုယ်ဟု ထင်ချင်တတ်တိုင်း အလိုင်းများစွာ ထင်တတ်သော တရားနှင့်တကွ အထင်ခံအမြင်ခံ ဖြစ်သော သင်္ခါရတရားတွေဟာလဲ နိစ္စသာရ, ဓုဝသာရ, အတ္တသာရမျိုး မဟုတ်သောကြောင့် ဘယ်နေရာမှ အသုံးမကြ တုစ္ဆသုညမျှသာတည်း။

နိစ္စသာရ ဆိုသည်ကား ဘယ်တော့မှ မသေမကျေ မပျက်မစီးဟု ယူသောအယူကို ဆိုသည်၊ ဓုဝသာရ ဆိုဒါကတော့ သေကား သေ၏၊ ထိုသို့ပင် သေသော်လည်း လူသေလျှင် လူဘဲဖြစ် တိရစ္ဆာန်သေလျှင် တိရစ္ဆာန်ဘဲဖြစ်သည် ဟုယူသောအယူကို ဆိုသည်ဟု မှတ်။

ယခု ပြဆိုခဲ့သော အာပေါဓာတ်သည် ခဏအားဖြင့်လဲ အမြဲမတည်၊ သန္တတိ အစဉ်အားဖြင့်လဲ အမြဲမတည်၊ ထိုသို့အမြဲမတည်သည်ရှိသော် အဘယ်မှာလျှင် နိစ္စမျိုး, ဓုဝမျိုး ဖြစ်နိုင်ပါတော့အံ့နည်း၊ အနိစ္စမျိုး, အဓုဝမျိုး, အနတ္တမျိုးသာ အမှန်ကေန် ဖြစ်တော့သည်၊ထိုသို့ အနိစ္စမျိုး, အဓုဝမျိုး အနတ္တမျိုး ဖြစ်ခဲ့သော် အများလောက ထင်နေကြသော

နိစ္စနိမိတ်, ဓုဝနိမိတ်, အတ္တနိမိတ် အကျိတ်အခဲတို့သည် စိတ်ထဲတွင်သာ ထင်ရှုံမှု ထင်ရသောကြောင့် မျက်လှည့်ပြ ပမာနကဲ့သို့ အလွန်တုလှချေ၏တကား။

ဒါ့ကြောင့် ငါဆိုဒါ တကယ်မဟုတ် မျက်လှည့်ရုပ်လို ကိုယ်ဆိုဒါ တကယ်မဟုတ် မျက်လှည့်ရုပ်လို သားဆိုဒါ တကယ်မဟုတ် မျက်လှည့်ရုပ်လို သမီးဆိုဒါ တကယ်မဟုတ် မျက်လှည့်ရုပ်လို တုံးဆိုဒါ တကယ်မဟုတ် မျက်လှည့်ရုပ်လို တိုင်ဆိုဒါ တကယ်မဟုတ် မျက်လှည့်ရုပ်လို။

ယခင်က ပြဆိုခဲ့သည့်အတိုင်း မျက်လှည့်ဆရာ ပြတဲ့ ရွှေငွေ့ ပုလဲ အနန်နဲတွေဟာ ကြည့်သူတို့၏ စိတ်ထဲမျှသာ ဖြစ်သည်။ ကျောက်ခဲကဖြင့် ကျောက်ခဲဘဲ၊ ရွှေ, ငွေ, ပုလဲ အဖြစ်သို့ လက်တဆစ်မှ ပြောင်းရွှေ့၍ မသွားဒါကို အာပေါဓာတ်ရဲ့ အပေါ်မှာ ငါ- ငါ့ကိုယ် သား သမီး တုံး တိုင် အဖြစ်သို့ တရုံတဆစ်မှ ပြောင်းရွှေ့၍ မရပါဘူး တကာဆိုင်ရ၊ (မှန်ပါ မပြောင်းမရွှေ့ပါ ဘုရား)။

မြတ်စွာဘုရား ဟောကြားတော် မူသော ဟောဒီ မျက်လှည့်ရုပ် ဥပမာတော်ကြီး တခုနှင့် နေရာကျအောင် ရှုတတ်လျှင် ဝိပဿနာ အရာဌာနမှာ အချိုးကျပြီ ဟူ၍မှတ်။

ယခုလို ရုပ်သင်္ခါရ, နာမ်သင်္ခါရ တရား နှစ်ပါးကို အဘန်ဘန် ပွားများ ဆင်ခြင်နိုင်ပါလျှင် အထင်အမြင် မှောက်မှားနေတဲ့ ဒိဋ္ဌိဂန္ထတရားဆိုး တရားယုတ်ကြီးမှ အပြီး

တိုင် လွှန်မြောက်ကရော့ မဟုတ်လား တကာဆိုင်ရ၊ (မှန်ပါ လွှန်မြောက်ပါ ဘုရား)။

**ဝဋ္ဋသိမ့် ဂန္ထေန္တိ ပဝေဋ္ဌေန္တီတိ ဂန္ထာ။**

ဝဋ္ဋသိမ့်၊ ဖြစ်ရာဘဝ ဝဋ်ဒုက္ခဥ္ဍ။ ဂန္ထေန္တိ ပဝေဋ္ဌေန္တိ၊အမှားဆက်စပ် ဘွဲ့ထုံးတတ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ ဂန္ထာ၊ဂန္ထတို့ မည်ကုန်၏။

ဒိဋ္ဌိက အမှားထင်၊ ဂန္ထက အဘွဲ့အထုံး၊ ပါဠိလိုဆိုလျှင် ဒိဋ္ဌိဂန္ထ၊ မြန်မာလိုဆိုတော့ အမှားဘွဲ့ထုံးမှုကြီး။

တကာဆိုင်ရေ (ဘုရား) ကဲကဲ ဒီအမှား အဘွဲ့အထုံးကြီးကို ဖြေရှင်း ဖျက်ဆီးနိုင်ရန် လိုရင်း သီတံကလေးတွေ ကြောင်းပေးဦးမယ် လိုက်ကြ‧လိုက်ကြ။

**ဆောင်ပုဒ်များ**

(၁) ဘွဲ့ဒါထဲမှာ ငါလဲမပါ၊
ငါထဲမှာ ဘွဲ့ဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
ငါ့ဆိုဒါ မျက်လှည့်ရုပ်လိုဟာ။

(၂) ဘွဲ့ဒါထဲမှာ သူလဲမပါ၊
သူထဲမှာ ဘွဲ့ဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
သူ့ဆိုဒါ မျက်လှည့်ရုပ်လိုဟာ။

(၃) ဘဲ့ဒါထဲမှာ သားလဲမပါ၊
သားထဲမှာ ဘဲ့ဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
သား့ဆိုဒါ မျက်လှည့်ရုပ်လိုဟာ။

(၄) ဘဲ့ဒါထဲမှာ သွီးလဲမပါ၊
သွီးထဲမှာ ဘဲ့ဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
သွီး့ဆိုဒါ မျက်လှည့်ရုပ်လိုဟာ။

(၅) ဘဲ့ဒါမှာ တုံးလဲမပါ၊
တုံးထဲမှာ ဘဲ့ဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
တုံး့ဆိုဒါ မျက်လှည့်ရုပ်လိုဟာ။

(၆) ဘဲ့ဒါထဲမှာ တိုင်လဲမပါ၊
တိုင်ထဲမှာ ဘဲ့ဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
တိုင့်ဆိုဒါ မျက်လှည့်ရုပ်လိုဟာ။

### တရား အဆုံးသတ်ရန်

အယံဓမ္မော၊ ဤယခု ဟောပြအပ်ခဲ့ပြီးသော ဘဲ့သဘော ဆတ်ဆတ် အာပေါ်ဓာတ်သား မြတ်တရားကြီးသည်။ နော၊ ဟောမှု နာမှု အလေးပြုလျက် ရှေးရှုအားထုတ် အကျွန်ုပ်တို့ကို။ စတူသုဂန္ဓေသု၊ အဘိဇ္ဈာ ကာယဂန္ထ အစရှိသော

ဂန္ထတရားကြီးလေးပါးတို့တွင်။ ဒိဋ္ဌိဂန္ထ၊ အမှားသိ အမှား မြင် အမှားထင်ဖိစီး ဒိဋ္ဌိဂန္ထခေါ်သော အမှားအတွဲ အထုံး ကြီးမှ။ ယာဝနိဗ္ဗာနံ့၊ ကျွတ်လွတ် ထွက်မြောက် အဆုံးသို့ ရောက်သည်တိုင်အောင်။ ပါလေတု၊ ယခုဘဝ ခုဏာက စ၍ ဘဝအဆက်ဆက် နှောင် မပျက်ရအောင် ဆောင်ရွက်စောင့် ရှောက်တော်မူပါစေသတည်း။

သာဓု- သာဓု- သာဓု။

ပေါ်လွင်အောင် ဟောပြောကြပါကုန်။
ပြီးပြီ။

ရတနတ္တယံ အဟံ ဝန္ဒာမိ

(၅)

# ဖြစ်ပျက်ကိုရှု နိဗ္ဗာန်ဆုရမှုဘော် ညွှန်း တရားခွန်း

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိ ပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

ကုလပုတ္တော၊ ရက်တိုတိုနှင့် မဂ်,ဖိုလ် နိဗ္ဗာန်ကို စိတ်သန်လိုလား၍နေသော အမျိုးကောင်း သား, အမျိုးကောင်းသမီးများသည်။ ယတော ယတော၊ အကြင်အကြင်သို့သော အားလပ်ခွင့်ရတဲ့ အချိန်ကာလ ခါသမယ၌။ ခန္ဓာနံ၊ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏနှင့် ငါးဝအပြား ခန္ဓာတရားတို့၏။ ဥဒယဗ္ဗယံ၊မဆိုင်းမရပ် ဒီလှိုင်းခပ်သို့ ထပ်ထပ်ပေါ်လာ ခါခါပျောက်ကင်း ဖြစ်ပျက် ခြင်းကို။ သမ္မသတိ၊ စိုက်စိုက်စူးစူး ထူးထူး ချွန်ချွန် မွန်မွန် မြတ်မြတ်ကြီး ဆင်ခြင် သုံးသပ်နိုင်လေ၏။ တတော တတော၊ ထိုထိုသို့သောအာရုံများစု မပွားရှုဘဲ တခုအာရုံ ဖြစ်ပျက်ပုံကို ဉာဏ်ကုန်စေလွှတ်၍ နိမိတ်လွတ်ထင်မြင်အောင် ဆင်ခြင်သုံးသပ်နိုင်သော အချိန်ကာလ ခါသမယ၌။ ပီတိပါမောဇ္ဇံ၊ အထိုက်အလျောက် ဆိုက်ရောက်၍တွင် သည်အမြင်ကြောင့် ကြည်လင်သန့်ရှင်း နှစ်သက်ဝမ်းမြောက်ခြင်းကို။ လဘတိ၊ အကာလိက ဓမ္မထုံးစံ ရရှိးမှန်၏။ တံ၊ ထိုဘရား၌ကိန်း စိတ်ကိုထိန်းမှ ငြိမ်းလေခြင်း ငေးလေ

ခြင်းဟု ပျော်ခင်းညွှတ်ချက် မလွှတ်ရက်အောင် နှစ်သက်တခါ ဝမ်းသာတလှည့် ချမ်းသာစွာ ရရှိ၍ထားသော ဓမ္မပီတိ ဓမ္မ ပါမောဇ္ဇတရားသည်။ ဝိဇာနတံ၊ ဝိပဿနာပညာရှိအပေါင်း သူတော်ကောင်းတို့အား။ အမတံ၊ ရသာထူးလီ ခြသေ့ဆီလို အလွန် ကောင်းမြတ်သော အမြိုက် ရည်သာ လျှင်တည်း။ အမတံ၊ ဖြစ်မှု ပျက်မှု မြင်အောင်ရှုမှ နိဗ္ဗာန်ဆုကို ရမှုအပြီး မဂ်ခရီးတွင် အနီးဆုံး အကပ်ဆုံး အမြန်ဆုံး အကြောင်းတရား ကြီးပါပေတည်း။ ဝါ၊ ဝိပဿနာဉာဏ် အရင်းမခံဘဲလျက် အသင်းဆန်ဆန် အငြင်းသာသန်ကြတော့ နိဗ္ဗာန်ဆိုဒါ ဘယ် မှာလဲဟု ကပ်စွဲခွါစွဲ အရှာမလွဲကြစေနှင့် ဒါဘာဘဲ နိဗ္ဗာန် သာလျှင်တည်း။

တကာလှိုင်ရေ၊ (ဘုရား)၊ ယခုရွတ်ဆိုလိုက်သော ဓမ္မပဒ ပါဠိတော်လာ တရား ဂါထာတော် ကြီး၏ လိုရင်းအချက် အဓိပ္ပါယ်အနက်ကတော့ နိဗ္ဗာန်, မဂ်, ဖိုလ်ကို ရက်တိုတိုနှင့် ရလိုယူလိုကြသော အမျိုးကောင်းသား, အမျိုးကောင်းသမီး များသည် ခန္ဓာငါးပါး တရားတို့၏ ဖြစ်ပျက်ခြင်းကို ကွက် ကွက်ကွင်းကွင်း ဉာဏ်အမြင်လင်းအောင် နှလုံးသွင်း ဆင်ခြင် ကြလေ၏။

ထိုသို့ ဆင်ခြင်သုံးသပ်သောအခါ သူ၏ စိတ်နှလုံးထဲမှာ နှစ်သက်ဝမ်းသာ ဖြစ်ပေါ်၍လာခြင်းဟာ ယောဂီတို့ ဓမ္မတာ ပေတည်း။

ဤသို့ တရားတော်မြတ်ကြီး၏ အပေါ်မှာ တရားတော် ဟူသော နှစ်သက်ခြင်း ဓမ္မပီတိ၊ တရားတော်ဟူသော ဝမ်း

မြောက်ခြင်း ဓမ္မပါမောဇ္ဇဟာ အမတတွင်မည် ကောင်းမြတ်လှသော အမြိုက်ရည်ပါဘဲတဲ့ တကာလှိုင်ရ၊ (မှန်ပါ အမြိုက်ရည်ပါ ဘုရား)။

တရားတော်ဘက် အာရုံလှဲလိုက်သည့် တပြိုင်နက် ကိုယ့်အဆင့် ကိုယ့်အတန်း ကိုယ့်ဉာဏ်စွမ်းအားလျော်စွာ အေးငြိမ်းချမ်းသာမှုကြီးလဲ အမြဲမကွာ အတူပါလာတော့သည်။

အဲ- သူဟာ ထက်ချပ်မကွာ ပူးတွဲလျက် ပါလာသော ကြောင့်လဲ နှစ်သက်ဝမ်းသာ ဖြစ်ပေါ်နိုင်ဒါပေါ့၊ သို့မဟုတ် ဘာဖြစ်ပေါ်နိုင်လိမ့်မလဲ၊ ဒါ့ကြောင့် အမတံအရ အမှန်ပြရလျှင် နိဗ္ဗာန်ဆိုဒါလဲ ဒါပါဘဲဟ တကာလှိုင်ရ၊ (မှန်ပါ ဒါပါဘဲ နိဗ္ဗာန်ပါ ဘုရား)။

တနည်း၊ ခန္ဓာ၏ဖြစ်ချုပ်ကို အားထုတ်ရှုနေသော ဤဝိပဿနာအလုပ်ကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ကြီးဟူ၍လည်း မှတ်ရမည်။

ကြပ်ကြပ်သတိထားနော်၊ ယခုလောကပြောကြတဲ့ အသံတွေကြားရဒါ လက်ပူးလက်ကြပ် ဆရာ့မရှိကြောင်း အလွန်ထင်ရှားတယ်၊လက်ပူးလက်ကြပ် ဆရာမရှိဘဲ ငါသိကလေးနှင့် ကြဲနေလျှင်မှုချလွဲပြီဘဲ၊ဆရာသမားများက လက်ပူးလက်ကြပ် လက်ထပ်ကျန အသေအချာပြပါလျက်နှင့်တောင် တော်တော်ကြာတော့ နဝေတိမ်တောင်နှင့် ယောင်လယ်လယ်ကြီးဖြစ်နေတတ်သေးတယ်။

သေချာဆန ဆရာကပြ၍ ကျကျနန ရှိပြီဟလို့ ယုံကြည်စိတ်ချပြီးသားတောင် တော်တော်ကြာတော့ ယောင်ချာချာ ဖြစ်နေကြဒါတွေဟာ အများကြီး တွေ့ရသေးတယ် တကာလိုင်ရ၊ (မှန်ပါ တွေ့ရပါဘုရား)။

ရိုးတိုးရှားတားနှင့် သတိမထားဘဲ တရား၌ သတိလစ်နေတတ်ရဲ့လား နေတတ်ရဲ့၊ ယခုဘဝ နောက်ဘဝ နှစ်ဌာနစလုံး၌ ယုံကြည်စိတ်ချရလောက်အောင် အသိဉာဏ် မရောက်သေးဘဲနှင့် အသိဉာဏ် ရောက်တယ်ထင်မှတ်ပြီး ကျေနပ်နေတတ်ရဲ့လား ကျေနပ်နေတတ်ရဲ့၊ တရားအာရုံ၌ ထိထိမိမိ နှလုံးမသွင်းမိဘဲ ပျင်းရိတဲ့စိတ်ယုတ်ကြောင့် အားထုတ်မှု အားရော့ပြီး ပေါ့တော့တော့ ဖြစ်နေတတ်ရဲ့လား နေတတ်ရဲ့။

ဒါပေမဲ့ အဝိဇ္ဇာနှင့် စိတ်တဏှာက ပိတ်ကာဖိနှိပ်၍ထားတော့ တရားတော်အာရုံ၌ သတိလစ်လို့ လစ်နေမှန်း သိဒါ မဟုတ်ဘူး တကာလိုင်ရ၊(မှန်ပါ သတိလစ်နေမှန်းမသိလစ်နေပါ ဘုရား)။

အေး-အေး- ဒါ့ကြောင့် သင်တို့တတွေ တရားတည်းဟူသော အအေးပေါင်းစိုတဲ့ အေးအာရုံကြီး၌ သတိလဲမလစ်ကြစေနှင့်၊ မကျေနပ်ရမှာကို ကျေနပ်လဲမနေကြနှင့်၊ ပျင်းရိတဲ့ စိတ်ဆော့လို့ ပေါ့တော့တော့လဲ မဖြစ်ကြစေနှင့်။

တချို့ကလဲ ဆရာသမား ဆုံးမချက်တွင် ရပ်တင်၍ မနေဘဲနှင့်၊ ဘေးက ဉာဏ်နီဉာဏ်နက်တွေ ဝင်လာတော့ ထင်ရာကို ပြောတတ်သေးတယ်။

ဘယ်လို ပြောသလဲဆိုတော့ ခန္ဓာငါးပါးကို အားထုတ်လျှင်ခန္ဓာငါးပါးတွေဘဲ ဖြစ်နေအုံးမှာပေါ့၊ရုပ်နာမ်ကို အာရုံပြုနေလျှင် ရုပ်နာမ်ဘဲဖြစ်နေအုံးမှာပေါ့၊ဒါ့ကြောင့် ခန္ဓာတွေ ရုပ်နာမ်တွေ ဖြစ်နေရဒါ ဝန်လေးလွန်းလို့ ငါတော့ ဒီတရားတွေကို အာရုံမပြု မပွားရှုလိုတော့ဘူးတဲ့။

ဒါဖြင့် ခန္ဓာရုပ်နာမ်ဖြစ်ရမှာ ကြောက်လျှင် ဘာကိုပွားရှုဘာကို အာရုံပြုမလဲ၊ သင်ယခု အာရုံပြုပြီး သင်ပွားရှုဒါကို ပြောစမ်းပါအုံးဆိုတော့ ခန္ဓာရုပ် နာမ် မရှိရာ မဖြစ်ရာ အာရုံပြုမှ မရှိရာ မဖြစ်ရာ ရောက်မှာမို့အဲဒီ မရှိရာ မဖြစ်ရာကို ငါ ယခု အာရုံပြုနေတယ်၊ ပွားရှုနေတယ်၊ အေးမြလိုက်ထာကွယ် လွန်ရောလို့ ပြောပြန်သတဲ့။

သင်တို့လဲ ခန္ဓာရုပ်နာမ်ကို ကြောက်မုန်းလျှင် နှလုံးသွင်းမှုဆင်ခြင်မှုကို မပြုကြနှင့်၊ ထိုခန္ဓာ ရုပ် နာမ် တို့မှ လွတ်ရာကင်းရာကို ပွားကြ ရှုကြလို့ နည်းပေးသေးသတဲ့။

ခန္ဓာ ရုပ် နာမ်မှအပ ခန္ဓာရုပ်နာမ် မဟုတ်ထာကို ပွားရှုရမည်ဆိုလျှင် နိဗ္ဗာန်ကို ဆိုဒါလားလို့ မေးတော့လဲ မဟုတ်ဘူးတဲ့။

ကဲ-ခန္ဓာတရားကို ပွားများနေလျှင် ခန္ဓာတွေ ဖြစ်နေမှာစိုးလို့ ရုပ်နာမ်ကို ပွားများလျှင် ရုပ်နာမ်တွေ ဖြစ်နေမှာစိုးလို့ ဒီတရားတွေကို မပွားများတော့ဘူး ဆိုဒါဟာ ဟုတ်သလိုလို ဟုတ်သယောင်ယောင်နှင့် တရားနာ၊ ကပ်ပြီး လွဲနေ

ရှာတဲ့ ကပ်လွဲကောင်ကြီးပေါ့ဟ တကာလှိုင်ရ၊ (မှန်ပါ ကပ်လွဲ သမားကြီး ဖြစ်နေရှာပါ ဘုရား)။

ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးကို ဆရာသမားများက ဟောကြားသော်လည်း နားမဝင် ဆင်ခြင်ဘို့နှင့် ဝေး၊ တဖြေး ဖြေးကျ နိဗ္ဗာန်အလိုလို ရလိမ့်ပ ဟု တိုက်တွန်း နှိုးဆော်လို့ မရ၊ နေမြဲတိုင်း နေကြတဲ့ သူများကိုတော့ ခွါလွဲသမားတွေ လို့ ဆိုရလိမ့်မယ် မဟုတ်လား၊ (မှန်ပါ ခွါလွဲသမားပါ ဘုရား)။

တချို့ကလဲ နိဗ္ဗာန်ကို လိုချင် ရချင် ရောက်ချင်လွန်းလို့တဲ့ မေးလိုက်ရတဲ့ နိဗ္ဗာန်၊ ရှာလိုက်ရတဲ့ နိဗ္ဗာန်၊ ဘေးလူတွေက ဤသူ ဘောက်ပြန် နေရရှာပြီလို့တောင် အထင်ခံရသေးတဲ့။

တချို့ကလဲ ခန္ဓာ ငါးပါး ရုပ် နာမ် တရားကိုတော့ အောက်တန်းစားထင်ပြီး အထက်တန်း ကျချင်တဲ့သဘောနှင့် ပြောလိုက်ရတဲ့ နိဗ္ဗာန်စကား ငြင်းလိုက်ရတဲ့ နိဗ္ဗာန်စကား ပစပ်ရော အူရော ခါးလို့ဆိုကိုး။

နိဗ္ဗာန်လိုချင်လို့ နိဗ္ဗာန်ကိုရှာနေ သေတောင် မတွေ့ဘူး ဟူ၍မှတ်၊ နိဗ္ဗာန်ရောက်ချင်လို့ နိဗ္ဗာန်စကားကို ပြောနေ မောသလောက် ခရီးမရောက်ဘူးဟူ၍မှတ်။

ဘာတွေ့လိမ့်မလဲ ဝက်သားတုံးကြီး ဒူးကွေးလောက် သူများစားဒါ မြင်ဘူးပါရဲ့ ဆိုဒါလို သူများက နိဗ္ဗာန်ဆိုဒါ ကောင်းတယ်လို့ ပြောကြဒါနှင့် ယောင်ရမ်း ပြောဆိုရတဲ့

ပစပ်နိဗ္ဗာန်ကိုး ဟာ တကာလှိုင်ရ၊ (မှန်ပါ ပစပ် နိဗ္ဗာန်ပါ ဘုရား)။

၌အရာ၌ နိဗ္ဗာန်စကားကို လုံး၀ မပြောဆိုရဘူးဟု ဆိုလို သည် မဟုတ်ပေ၊ နိဗ္ဗာန်စကား ပြောရုံနှင့် အချိန်မကုန် စေနှင့်ဟု ဆိုလိုသည်။

ငါတို့ မန္တလေးမြို့ ချမ်းသာကြီးတိုက် စာချဆရာတော် ဘုရားကြီး စာချရင်း မိန့်တော် မူဘူးသည်မှာ အနုသဿတိ ဆယ်ပါးတို့တွင် ဥပသမာနုဿတိ ဟု တပါး အပါအ၀င် ဖြစ်သော်လည်း ထိုနိဗ္ဗာန်ကို သန်သန်ကြီး သုံးသပ်ပွားများ နေရမည် မဟုတ်၊ ပဓာနထား၍ အားတိုက် အင်တိုက်ကြီး ပွားများရမည့် တရားကား ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၏ အနိစ္စ လက္ခဏာ,ဒုက္ခလက္ခဏာ, အနတ္တ လက္ခဏာတရားများ ပေတည်း၊ နိဗ္ဗာန်ဆိုဒါ အေးငြိမ်းသည်, ချမ်းသာသည်, ကောင်းမြတ်သည် ဟူ၍ ဆရာသမားများက ပြောကြားဒါကို ယုံကြည်ထား မှတ်သားထားလျှင် ပြီးဒါဘဲဟု အမိန့်ရှိတော် မူဘူးသည်။

ဒါ့ကြောင့် ချမ်းသာကြီး စာချ ဆရာတော်ဘုရားကြီး မိန့်တော်မူသော စကားအတိုင်းဘဲ နိဗ္ဗာန်ဆိုဒါ အေးတဲ့ သဘော ငြိမ်းတဲ့သဘော ချမ်းသာတဲ့ သဘောကိုးလို့ မှတ် ထား ပြီးဒါပါဘဲ၊ သိပ်လဲ ငြင်းခုံနေဘို့ မဟုတ်ပါဘူး တကာ လှိုင်ရ၊ (မှန်ပါ ငြင်းခုံနေဘို့ရာ မလိုပါဘုရား)။

စင်စစ်မှုချ ပမာနကတော့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ လက္ခဏာယာဥ် သုံးပါးကို မတွေ့တွေ့အောင် ရှာနေခြင်းသည် နိဗ္ဗာန်ကိုရှာသည် မည်၏။ ရှာရာရောက်၏၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ လက္ခဏာယာဥ်သုံးပါးကို ပြောဆိုရှိနေခြင်းသည် နိဗ္ဗာန်စကားကို ပြောဆိုသည်မည်၏၊ ပြောဆိုရာရောက်၏၊ သတိရှိကြလေ။

ဤလို မဟုတ်မူ၍ အတ္တဒိဋ္ဌိငုတ်တုပ်နှင့် ငါလုပ်တဲ့နိဗ္ဗာန် ငါရဘို့ နိဗ္ဗာန်, ငါရောက်ဘို့ နိဗ္ဗာန်ဟု ငါကို မလွှတ်ဘဲ ငါစွဲကလေးနှင့် စပ် ငါစွဲကလေးနှင့်ကပ်ပြီး ထင်မြင်ပြောဆိုနေတဲ့နိဗ္ဗာန်မျိုးကို ပစပ်ထဲတွင်မို့ ကပ်စွဲနိဗ္ဗာန်ဟူ၍မှတ်။

ထိုနည်းတူစွာ နိဗ္ဗာန်ဆိုဒါ ဘဝဂ်ဘုံ၏ အထက်မှာလိုလို တပါးသော စကြဝဠာမှာ လိုလို ဟိုမှာ လိုလို ဒီမှာလိုလို ထင်မြင်ပြောဆို၍ နေကြတဲ့ နိဗ္ဗာန်မျိုးကိုတော့ ဘာဘဲညာဘဲ စစ်စစ်ဗလာအကဲဟာမို့ ခွါစွဲနိဗ္ဗာန်ဟူ၍မှတ်။

ဤစကားကို ထုတ်ဘော် ပြောဆိုလိုက်ရခြင်းက တခြားကြောင့် မဟုတ်ဘူး၊ ယခုကာလမှာ ကပ်စွဲသမားတွေ ခွါစွဲသမားတွေ ပေါများလွန်းလို့ သတိကြီးစွာ ထားမိကြမှ သာလျှင် ကပ်စွဲဘဝ ခွါစွဲဘဝက ကင်းလွတ်ကြမှာမို့ မပြောချင် ပြောချင်နှင့်ပြောလိုက်ရတော့ဒါဘဲ တကာလှိုင်ရဲ၊ (မှန်ပါဒါမှ ကပ်စွဲ ခွါစွဲ အရှာမလွဲမှာပေါ့ဘုရား)။

ကဲ ဒီဟာကို အသာထား ယခင်က ပြဆိုခဲ့သော ခန္ဓာအာရုံပြု ခန္ဓာဘဲ ဖြစ်မှာပေါ့၊ ရုပ်နာမ် အာရုံပြု ရုပ်နာမ်ဘဲ

ဖြစ်မှာပေါ့၊ငါတော့ ဒါတွေကို တခုမှ အာရုံမပြုဘူး ဟူသော စကားဟာ ဟုတ်သလိုလို ဟုတ်သယောင်ယောင်နှင့် ပါစင်အောင် လွဲနေပုံကို သိသာရုံမျှ အနည်းငယ် ဖြေရှင်းလိုက်ကြဦးစို့။

ခန္ဓာတရားကို အာရုံပြုလို့ ခန္ဓာဖြစ်ရသည် မဟုတ်ဘူး၊ ရုပ်နာမ်တရားကို အာရုံပြုလို့ ရုပ်နာမ် ဖြစ်ရသည်လဲ မဟုတ်ဘူး၊ ခန္ဓာတရားကို ခန္ဓာတရားမှန်း မသိမမြင်ဘဲ ရုပ်နာမ်တရားကို ရုပ်နာမ်တရားမှန်း မသိမမြင်ဘဲ ထိုခန္ဓာငါးပါး၏ အပေါ်မှာ ထိုရုပ်နာမ် နှစ်ပါး၏ အပေါ်မှာ မဟုတ်မမှန်ဘောက်ပြန်လွဲချော်ခါ ငါ၊ ဟူ၍ရင်း ငါ၏ ကိုယ်ဟူ၍ရင်း ယောကျ်ား ဟူ၍ရင်း မိန်းမဟူ၍ရင်း စသည်ဖြင့် တဏှာ, မာန,ဒိဋ္ဌိတို့နှင့်ယှဉ်မှု စွဲလမ်းမှု သိမ်းပိုက်သမှု အာရုံပြုမှု သံသရာဝဋ်ကြ မကျွတ်မလွတ်နိုင် သံသရာမှာ ခန္ဓာတွေအမျိုးမျိုးဖြစ်၍ နစ်ရပုံတွေကို အဋ္ဌကထာကြီး အစောင်စောင်တို့မှာ ကျယ်ဝန်းစွာ ဖွင့်ဆိုတော်မူထားကြဒါလဲ အထင်အရှားရှိကြလေ၏။

ထိုမှတပါး မှားရာက တခါ မှောက်ပြန်သည်မှာ အင်း- မင်းတို့တတွေဟာ ခန္ဓာငါးပါး ဘုရားဟော တရားရယ်လို့ နှစ်သက် သာယာ ဝမ်းသာ အားရ မဖြစ်ကြစေနှင့်ဗျ၊ ဘာကြောင့်လဲဆိုတော့ ခန္ဓာငါးပါးဆိုဒါ ဒုက္ခသစ္စာတရားမို့ နှစ်သက်စရာလဲ မရှိဘူး ဝမ်းသာစရာဘဲ မဟုတ်ဘူးတဲ့၊ ဘဲ- ဒီစကားလဲ မှားရာက မှောက်ပြန်ဒါဘဲ မဟုတ်လား၊ (တင်ပါ မှားရာက မှောက်ပြန်ဒါပါ ဘုရား)။

ပြော်- သနားစရာ နှစ်သက်တယ်ဆိုတိုင်း သာယာတယ် ဆိုတိုင်း တဏှာ လောဘချည်း ထင်နေရှာဒါကိုး၊ တရား ဟူသော နှစ်သက်ခြင်း ဓမ္မပီတိ၊ တရား တည်းဟူသော သာယာခြင်း ဓမ္မပါမောဇ္ဇ၊ ထိုသဘာဝ တရားကို၏ သတ္တိ လက္ခဏာ ကွာခြားသည်ကို လားလားမျှ မသိရှာဘဲနော်။

လောဘ၏ သဘောနှင့် ပီတိ၏ သဘောကို မသိလို့ ပြောဒါ မဟုတ်လား တကာလှိုင်ရ၊ (မှန်ပါ မသိရှာလို့ပါ ဘုရား)။

ဤအရာမှာ ဝိပဿနာ ယောဂီပုဂ္ဂိုလ်များ ခန္ဓာငါးပါး တရားကို ဆင်ခြင်သုံးသပ်သမှု အာရုံပြုပုံနှင့် ထိုခန္ဓာငါးပါး တရားကို နှစ်သက်ဝမ်းသာ ဝမ်းမြောက် ဖြစ်ကြပုံကို သိသာ ထင်ရှားအောင် ပုံဆောင်၍ ပြမည် သတိရှိကြ။

တဦးသော သူဌေးကြီး၏ အိမ်တွင်းမှာ ပုပ်ခါစဖြစ်သော သူသေကောင် တခုရှိခဲ့ရာ ထိုအခါ ဆင်းရဲသား ယောကျ်ား တို့ကိုခေါ်၍ ဟေ့ အမောင်တို့- ငါ့အိမ်နှင့် သူသေကောင် ကြာရှည်အောင်ထား၍မတော်ဘူး၊မင်းတို့တောင်းသလောက် မင်းတို့ ဆိုသလောက် အဘိုးအခ ကြေးငွေ ငါပေးမယ်၊ ဤ သူသေကောင်ကို ထမ်းဆောင်၍ သုသာန်သို့ ရောက်အောင် ဘယ်သူများ ပို့ဆောင်ကြမလဲဟု မေးသောအခါ အဆပြာ တရာ ကြေးတင်ပြီးဟာ သူကပို့ချင်, ငါကပို့ချင်နှင့် ပို့ချင် တဲ့သူတွေ ပေါလိုက်ထာဆိုဘဲ တကာလှိုင်ရ၊ (မှန်ပါ ပို့ချင်ကြ ပါလိမ့် ဘုရား)။

မပို့ချင်ဘဲ ရှိပါ့မလား၊ အသပြာတရာက ရတော့မှာကိုး၊ ဒါနှင့် သစ်သားရှာသူကရှာ၊ ဝါးရှာသူကရှာ၊ ကြိုးရှာသူကရှာ၊ ကြိမ်ရှာသူကရှာ၊ သူဌေးကြီး အိမ်ဝင်းထဲမှာ လူတွေဟာ ပျာရာခတ်လို့ဆိုဘဲ။

သည်ထဲမှာ တော်တော်ကလေး အသိဉာဏ် ရောက်တဲ့ လူတယောက်က စဉ်းစားလိုက်သတဲ့၊ အင်း– သစ်သားတွေ ဝါးတွေ ကြိုးတွေ ကြိမ်တွေ ရှာနေလျှင် ကြာနေအုံးမှာဘဲ ကြာနေလျှင်လဲ အလောင်းကောင်ဆိုဒါ မျိုးဟာ ပုပ်ခါစပြု လာလျှင် မကြာခင် အကိုင်ရခက်ပြီး တခဏထက် တခဏ ဆိုးလာတတ်တယ်၊ အဲသည်တော့ ဒီအလောင်းလဲ ဆိုးဝါး မလာခင် ငါလဲ အသပြာ တရာကို ဘယ်သူကိုမှ ခွဲဝေ၍ မပေး ရအောင် ငါတယောက်ထည်း ထမ်းဆောင်၍ ပို့ရလျှင် သာ၍ နေရာကျမှာဘဲဟု စဉ်းစားတဲ့ပြီး၊ ထိုအကြောင်းကို သူဌေးကြီးအား ပြောကြားလိုက်သတဲ့။

သူဌေးကြီးခင်ဗျား ဒီဟာကြီးကို ကြာရှည်ဆိုင်းနေမှဖြင့် အခြေ မလှပေဘူး၊ ကျွန်တော် တယောက်ထဲဘဲ သွားပြီး ပို့လိုက်ပါတော့မယ် ဆိုပြီး ပြောပြော ဆိုဆိုနှင့် အလောင်း ကောင်ကြီးကို ကျောပိုးလိုက်ကရော ဆိုကိုး။

ဒီလို ဖြတ်ခနဲထပြီး အလောင်းကောင်ကြီးကို ကျောပိုး လိုက်ထာ မြင်တော့ သူဌေးကြီးက သိပ်ပြီး သဘောကျဒါ ဆိုဘဲ၊ သဘောကျမှာပေါ့၊ ဒီအကောင်ပုပ်ကြီး ဒီအိမ်တွင်း

က အမြန်ထွက်စေလိုနေဒါကိုး တကာလှိုင်ရ၊ (မှန်ပါ မြန်မြန်ဝေးစေလိုပါလိမ့် ဘုရား)။

ကဲ- ဒါဖြင့် မြန်မြန်ပို့ချေကွယ်၊ ရော့ စရံငွေတဆယ် ကျန်ကိုးဆယ်ကို မြုပ်နှံမှုကိစ္စ ပြီးစီးမှယူ၊ တွင်းကိုလဲ နက်နက်တူးလေ၊ လုံလုံခြုံခြုံ ပိပိရိရိလဲ ဖို့ခဲ့နော်-ဟု မှာကြားလိုက်သေးသတဲ့။

တကတဲ မရှိမရှာ မကြောက်မရွံ့ ခတ်မတွန့်ဘဲ ကဲကဲကဲကဲနှင့် အလောင်းကောင်ကြီးကို ထမ်းဆောင် ကျော်ပိုးပြီးသွားလိုက်ထာ လမ်းမှာ ဝမ်းမြောက် ဝမ်းသာနှင့် သီချင်းကလေးများတောင် ဆိုလိုက်သေးသတဲ့။

ဝမ်းမြောက်ဝမ်းသာနှင့် သီချင်းကလေး တစာစာ မဆိုဘဲ ရှိစ အဘိုးအခကြေးငွေတွေရမှာကိုးဟ တကာလှိုင်ရ၊ (မှန်ပါ ဝမ်းသာပါလိမ့် ဘုရား)။

ကဲ- ထိုသူကို စဉ်းစားကြည့်စမ်း၊ တကယ်ဆိုတော့ ဒီသူကောင်ပုပ်ကြီးကို ကျော်ပိုးသွားနေရဒါဟာ အဘယ်မှာနှစ်သက်စရာ ဝမ်းသာစရာ ဟုတ်ပါ့မလဲ၊ မနှစ်သက်စရာ ဝမ်းမသာစရာ စိတ်မချမ်းသာစရာ အလုပ်ကြီးပေါ့၊ ဒါပေမဲ့ လို့ ရရှိပြီးသွားဖြစ်တဲ့ စရံငွေ၊နောင် ဤကိစ္စကြီး ပြီးစီးလျှင် ရရှိအုံးမဲ့ ကျန်ငွေတွေ၊ငင်း စရံငွေ ကျန်ငွေ ရရှိခံစားပြီး ရရှိခံစားရလတ္တံ့ အကျိုးတွေကို မြှော်ကိုးပြီး အလွန်နှစ်သက်ဝမ်းသာမှုတွေ အမျိုးမျိုး ဖြစ်ရတယ်မဟုတ်လား၊ (မှန်ပါ အကျိုးကို မြှော်ကိုးပြီး ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါ ဘုရား)။

ဥပမာ- ဥပမေယျ အစဉ်အတိုင်း ဟပ်၍ပြသော် သူဌေး မင်းကြီးနှင့်ကား မြတ်စွာဘုရားကြီးနှင့်တကွ နိဗ္ဗာန်ရအောင် နည်းပေးလမ်းပြ ဆိုဆုံးမတတ်သော ဆရာမြတ်တို့နှင့် တူကြ စေ၊ သူသေကောင်းကြီးနှင့်ကား ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားနှင့်တူစေ၊ သူသေကောင်ကို သုသာန်သို့ ထမ်းဆောင်၍ သွားသောသူနှင့်ကား ဝိပဿနာ ယောဂီပုဂ္ဂိုလ်များနှင့် တူကြ စေ၊ စရိတ်ငွေ တဆယ်နှင့်ကား ခန္ဓာငါးပါး တရားတော် အာရုံမြတ်ကြီး၌ ဆင်ခြင်သုံးသပ်ခိုက် ဝိပဿနာယောဂီပုဂ္ဂိုလ် သန္တာန်၌ ရရှိထားသော မဂ္ဂဝိထိ ဓမ္မပါမောဇ္ဇနှင့် တကွ တဒင် အေးငြိမ်းမှုကြီးနှင့် တူစေ၊ ကျန်ငွေ ကိုးဆယ်နှင့်ကား သမုစ္ဆေဒ အေးငြိမ်းမှုကြီးနှင့် တူစေ။

ဤဥပမာလို ကြပ်ကြပ်သတိထား၊ များများကြီး စဉ်း စားကြနော်၊ သို့မဟုတ်လျှင် တရားအရသာ မပေါ်ဘဲ၊ ခန္ဓာ အာရုံပြု ခန္ဓာ ဖြစ်နေအုံးမှာပေါ့ ဆိုတဲ့ ကပ်လွဲထဲ ရောက်နေ ကြအုံးမယ်။

ဒါ့ကြောင့် အစက ရွတ်ဆိုခဲ့သော ပါဠိတော်အရနှင့် ယခု ဥပမာပြသည့်အတိုင်း ချမ်းသာ အေးငြိမ်းလှသော နိဗ္ဗာန ဓာတ်ကို ကိန်းလိုပါလျှင် ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှု ကြီးကို ဝမ်းမြောက်ဝမ်းသာ အားထားပြီး များများကြီးသာ ပွားများ သုံးသပ်ကြပေတော့။

ခန္ဓာငါးပါးကို များများကြီး ပွားများလျှင် မြန်မြန် ကြီး နိဗ္ဗာန် ရောက်တော့မည်၊ နဲနဲကလေး ပွားများလျှင် နှေးနှေးကလေး ရောက်မည် ဟူ၍မှတ်။

မိမိတို့ခန္ဓာဝန်ကိစ္စ အားလပ်ခွင့်ရလျှင် အားလပ်ခွင့်ရတဲ့ အချိန်တိုင်း မျှားမျှားကြီး ပွားမျှားလျှင် နိဗ္ဗာန်ချမ်းသာကို မြန်မြန်ကြီး ရဘို့ဘဲမဟုတ်လား တကာလှိုင်ရ၊ (မှန်ပါ မျှားမျှားကြီး ပွားလျှင် မြန်မြန်ကြီး ရဘို့ပါဘုရား)။

မပွားတချက် ပွားတချက်ဆိုဒါလို နဲနဲကလေး ပွားမျှားလျှင်တော့ နှေးနှေးကလေး ဖြစ်ရမှာပေါ့၊ (မှန်ပါ နဲနဲပွါးလျှင် နှေးနှေးမှ ရပါလိမ့် ဘုရား)။

အားလပ်ခွင့်ရတဲ့ အချိန်ကာလမှာ တရားတော်ဘက်သို့ အာရုံ လှည့်လိုက်သည့်တပြိုင်နက် ဒိဋ္ဌိ အစရှိသော ကိလေသာတို့မှ တဒင် အေးငြိမ်း ချမ်းသာမှုကြီးလဲ အထိုက်အလျောက် အကာလိက အခါမလင့် ဆိုက်ရောက်လာရသည်မှာ တရားတော်၏ ဂုဏ်သတ္တိတံထွာ ဓမ္မတာပင် ဖြစ်တော့သည်။

စရိုင်ငွေ ရထားသည်နှင့် တူသော ဤတဒင် ငြိမ်းမှုကို ရလျှင်လည်း ကျန်ငွေနှင့်တူသော သမုစ္ဆေဒ ချမ်းသာမှုကြီးကိုလည်း နောင်အခါ မကြာမီတွင် ကိစ္စပြီးလျှင် ရတော့မှာ အပြီး ရမဲ့ဘက်သို့ အလှန်နီးကပ်ရခြင်းလည်း တရားတော်မြတ်ကြီး၏ အကာလိက ဂုဏ်သတ္တိတံထွာ ဓမ္မတာပင်တည်း။

ယခုတင်က ပြဆိုခဲ့သော ဥပမာမှာ ထို ယောကျ်ား၌ ဘာ့ကြောင့် အသပြာတရာ တည်းဟူသော ချမ်းသာကို ရရှိခံစားရပါသလဲ ဆိုလျှင် သူသေကောင် ပုပ်ကို သူသာန်သို့ ရောက်အောင် ပို့ဆောင်မှု ကိစ္စကြောင့် ရရှိခံစားရလေသည်၊ ထိုသို့ပို့ဆောင်မှုကိစ္စကို မပြုမလုပ်ဘဲနေလျှင် ဒီအသပြာတရာ

ကို ရရှိခံစားရပါမလား တကာလှိုင်ရ၊ (မရရှိ မခံစားရပါဘုရား)။

သူသေကောင်ပုပ်ကိုသုသာန်သို့ရောက်အောင် မပို့မဆောင်လျှင် အသပြောင့်တရာတည်းဟူသော ချမ်းသာကို ရရှိခံစားရဘို့ဝေးစွ သူဌေးကြီးက သူ့ကို အရေးလုပ်ပြီး နှုတ်တောင်ဆက်မှာ မဟုတ်ဘူးပေါ့။

အဲ-တကာလှိုင်တို့ ငါတို့တတွေမှာလဲ သူဌေးတည်းဟူသော ဘုရားရှင်ကြီး သဘောတော်ကျ အကာလိက အကျိုးထူးတွေကို ခံစားရရှိကြရလေအောင် သူသေကောင် တည်းဟူသော ခန္ဓာငါးပါးတရားကို သုသာန်တည်းဟူသော အနိမိတ္တစခန်းသို့ ဝိပဿနာဉာဏ် တည်းဟူသော ကျော, ပခုံးနှင့် ပိုးထမ်းပြီး ဝီရိယ တည်းဟူသော ခြေထောက်နှင့် အမြန်လှမ်းကြမှ နေရာကျကြတော့မယ် ထင်တယ်၊ (မှန်ပါ အမြန်လှမ်းမှ နေရာကျပါလိမ့် ဘုရား)။

ကဲ–ဒါဖြင့် တောင်ပြော, မြောက်ပြော အကျယ်သော မနေနှင့် ခန္ဓာငါးပါးထဲက ရူပက္ခန္ဓာအရ တဇောခေတ်တခုကို ထင်မြင်အောင် ရှုပုံပြောကြစို့။

## ငါ,မဟုတ် ကိုယ်, မဟုတ်၊ ပုဒ်ါ ရုပ် ရေမြှုပ်။

မိမိ ကိုယ်ခန္ဓာမှာ ဉာဏ်နှင့်စိုက်၍ ကြည့်လိုက်သောအခါ မအေးလျှင် ပူ၊ မပူလျှင် အေး၊ တဇောခေတ် ကလေးတွေဟာ ဘယ်နေရာမဆို အကြားအလပ် မရှိ၊ အပြည့်တင်းကြမ်း

တွေ့ရှိရလေ၏၊ ပူလျှင် ဉာဏ်ကတွေ့ရှိရလေ၏၊ ပူလျှင် ဉာဏ္ဍတေဇော၊ အေးလျှင် သီတတေဇော-ဟု မှတ်။

ဤနေရာမှာ အပူဉာဏ် တေဇောဓာတ် တခုကိုသာ ထုတ်ဘော်၍ ဟောအံ့ရှုအံ့၊ ဂေါင်းဟု ခေါ်ဆိုရသော ဝတ္ထုတခုကို ဉာဏ်နှင့်ကိုင်စမ်းကြည့်လိုက်လျှင် အပူဟူသော တေဇောရုပ်ဓာတ်တွေဟာ နေရာမလပ် သဘာဝချင်း ထပ်၍သာ နေတော့သည်၊ ဂေါင်းဟူ၍ကား သီးခြားမရှိတော့ပြီ။

သူ၏ သဘာဝ ဖြစ်နေပုံ အခြင်းအရာကို ဉာဏ်နှင့်စိုက်၍ကြည့်လိုက်ပြန်က အဝန်း အဝိုင်း အတိုင်း အရှည် အထည်သဏ္ဌာန်မျိုးနှင့်လည်း မဟုတ်၊ ပူပူ, ပူပူ အမူအရာ ကိရိယာမျှသာဖြစ်၍ စင်စစ် အနိမိတ္တ သဘောမျှကလေးဘဲ တကာလှိုင်ရ၊ (မှန်ပါ အနိမိတ္တ သဘာဝမျိုးပါ ဘုရား)။

ထို့အတူ ကိုယ်ဟူ၍ခေါ်ဆိုရသောဝတ္ထုကိုလည်း ဉာဏ်နှင့်ကိုင်စမ်းကြည့်လိုက်လျှင် ပူပူ, ပူပူနှင့် အမူအရာ ကိရိယာမျှသဘာဝသက်သက် ကလေးတွေဟာ ရှုရှတက် ဖြစ်နေဒါကို တွေ့နေရတော့ဒါဘဲ။

ဤနည်းအတိုင်း လက်,ဟူ၍ရင်း၊ ခြေ,ဟူ၍ရင်း ခေါ်ဆိုပညတ် သမုတ်အပ်သော အရာဝတ္ထုအစုစုမှာလဲ ဉာဏ်နှင့်စေ့ငုအသေအချာရှုလျှင် ပူမှုသဘော တေဇောဓာတ်ကလေးတွေ သက်သက်သာလျှင် ရှုရှတက်မျှ တွေ့ရှိရတော့သည်။

ယခုလို ဝိပဿနာ ဉာဏ်မျက်စိနှင့် တပ်ကြည့်လိုက်တော့ ပူပူ,ဟူသော တေဇောရုပ်ဓာတ်မျှ သဘာဝသက်သက်ကလေး

တွေဟာ ရှုရှုတက်ဖြစ်နေမဟုတ်လား တကာလှိုင်ရ၊ (မှန်ပါ သဘာဝသက်သက်တွေ ရှုရှုတက်နေပါ ဘုရား)။

ပူသဘော သက်သက်ထဲမှာ ငါတွေ၊ ကိုယ်တွေ လာပြီး ရောယှက်မနေကြစေနှင့်နော်၊ ငါတွေ၊ ကိုယ်တွေ ရောယှက် နေလျှင် သက္ကာယဒိဋ္ဌိက လောလောတက်ပြန်ဒါဘဲ။

သို့သော်လဲ အဟုတ်ရှိတဲ့ တေဇော ဓာတ်သား ပရမတ် တရားကို အဟုတ်ဉာဏ်နှင့် အဟုတ်အမြင်သန့်လျှင် အဟုတ် မရှိတဲ့ ငါ၊ကိုယ် စသည်တွေဟာ သဝေချာထိုးပြီး လွင့်စင်၍ သွားရရိုးပါဘဲ၊ လွင့်စင်သွားအောင်လဲ ရှုကြပါ။

**သား၊မဟုတ် သမီးမဟုတ်၊**
**ပူဒါ ရုပ် ရေမြုပ်။**

သား၊ဟူ၍ ခေါ်ဆို ပညတ် သမုတ်အပ်သော အရာမှာ လည်း ပူ၊အမူအရာ၊ ပူ၊ကိရိယာမျှ၊ ပူ၊သဘာဝ ဆတ်ဆတ် ကလေးတွေသာ ညပ်နေအောင် တွေ့ရလေသည်။

သမီး၊ဟူ၍ အထင်ကြီးစွာ ပြောဆိုခါနေရသော အခြင်း အရာမှာလည်း ဉာဏ်စီး၍ကြည့်လိုက်တော့ ပူရှိန် ပူခိုး ပူမျိုး အလိုက် ပူအခိုက်အတန့် သဘောကလေးတွေသာ ဟသော သောဖြစ်နေဒါကို တွေ့မြင်ရတော့သည်။

ထိုအကြောင်းညီညွတ်၍ ခဏမစဲ တသဲသဲဖြစ်ပေါ်၍လာ ကြတဲ့ အခိုက်အတန့်မျှ ပူ၊သဘာဝကလေးထဲမှာ အဘယ်လျှင် သား၊သမီးရယ်လို့ တခြားတသီး ရှိနိုင်ပါတော့မလဲ တကာ လှိုင်ရ၊ (မရှိပါဘူး ဘုရား)။

သား, သမီးဆိုဒါ သမ္မုတိမျှ ပစပ်ဝနုတ်ဖျားတွင် အဟုတ်သားရှိဒါမှ မဟုတ်ဘဲ၊ ဘယ်မှာ သီးခြားထားလို့ ရနိုင်တော့မှာလဲ။

တော်တော် စွဲစွဲမြဲမြဲကလေး ဝင်စားကြည့်ပါလျှင် ထင်ရှားရှိတဲ့ တေဇော ဓာတ်သား၊ ပူ, သဘော တရားကလေးတွေဟာ တဖွားဖွား ဖြစ်နေဒါပါကလား၊ တရှိန်ရှိန် တသုတ်သုတ်နှင့် ပူရုပ်အစဉ်မျှသာ ဟုတ်တော့သကိုးလို့ တထစ်ချမြင်လေတော့သည်။

သူ့အကြောင်းအားလျော်စွာ သူ့သဘာဝအတိုင်း မခိုင်းမစေရဘဲ သယံဇာတ ဖြစ်ပေါ်ရသော ပူသဘော ကလေးတွေဟာ သေးသေးဘဲ၊ အကြီးကြီးဘဲဟု သဏ္ဍာန်ပမာနနှင့် ညွှန်ပြလောက်စရာလဲ မဟုတ်ပါကလား-တကာလှိုင်ရ၊ (မှန်ပါ မညွှန်ပြလောက်ပါ ဘုရား)-။

ဘာညွှန်ပြလောက်မလဲ၊ အမူအရာ ကိရိယာမျှ သဘာဝမျိုးကိုး၊ ထိုသဘာဝ တရားကလေးတွေဟာ ထင်ထင်ရှားရှား သိသိသာသာကြီး ရှိဒါလဲအမှန်ဘဲ၊ သူတို့သည် ဘယ်အရပ် ဘယ်ဌာနက ဖြစ်ပေါ်လာကြ၍ ကွယ်ပျောက်သောအခါ ဘယ်ရောက် သွားကြသလဲ- ဟု ဖြစ်ပေါ်ရာအရပ်နှင့် ကွယ်ပျောက်ရာ ဌာနကို ညွှန်ပြနိုင်ပါ့မလား၊ (မညွှန်ပြနိုင်ပါ ဘုရား)။

ဘာ–ညွှန်ပြနိုင်လိမ့်မလဲ၊သယံဇာတ သဘာဝမျိုး ကလေးတွေဘဲ။

ကြပ်ကြပ် သတိထားကြနော်၊ ဝိပဿနာ ရှုတယ်ဆိုဒါ ဖြစ်တုန်းဖြစ်ဆဲ တရားကိုလဲ သင်္ခါရနိမိတ်ကို ဉာဏ်နှင့်ပြောင် အောင် ကြိတ်ရတယ်၊ ထိုတရားကို ဥပါဒ်၏ရှေ့အစွန်း ဘင်၏ နောက်အစွန်းမှ ပယောဂ, ဗျာပါရ, ဌာန,အာခါရ ကင်းရှင်း စေရတယ်။

## တုံးမဟုတ် တိုင်မဟုတ်၊ ပူဒါရုပ် ရေမြှုပ်။

တုံး-တုံး-တုံး၊ တိုင်-တိုင်-တိုင် ဟု စိတ်သိမှု စိတ်အထင် စိတ်အမြင်ကြောင့် ဟိုမှာပင် ဒီမှာပင် သမုတိတွင် ပြည့်နှံ၍ ထားသော ဝတ္ထုများမှာလည်း တရားနှင့်တဖန် ဝေဘန်၍ ကြည့်လျှင် ပူပူအေးအေး ဟူသော ရုပ်သဘောသာလျှင် အတိ အလင်း တွေ့ရှိရ၏။

တုံး-ဟု စိတ်ကထင်လို့ သူထင်တဲ့အတိုင်း တုံးကိုင်ကြည့် တုံး-ကို မကိုင်မိ၊ ပူ့သဘောကိုသာ အမှန်ကိုင်မိ၏။ တိုင်-ဟု စိတ်ကထင်လို့ သူထင်တဲ့အကိုင်း တိုင် ကိုင်ကြည့်၊ တိုင်-ကို မကိုင်မိ၊ ပူ ရုပ်ခါတ်၊ ပူ ပရမတ်ကိုသာ ဆတ်ဆတ်ကိုင်မိ၏။

တုံး-တိုင်-ကို အဟုတ်ကိုင်မိပါ့မလား တကာလိုင်ရ၊ (မကိုင် မိပါဘုရား)။

ဘာ ကိုင်မိမှာလဲ၊ အဟုတ်ရှိ တကယ်ရှိမျိုးမှ မဟုတ်ဘဲ ကလား။

ပူ့သဘောစု ပူ့သဘောမှု ကလေးတွေကိုတော့ မကိုင်မိ ဘူးလား၊ (ကိုင်မိပါဘုရား)။

မကိုင်မိဘဲ နေပါမလား၊ လက်ညှိုးထိုး လက်ထောက်ခံ အမှန်ရှိဒါကိုး။

တေဇောဟူသော ရုပ်သဘာဝ ရုပ်လက္ခဏာကလေးတွေ ကုဋ္ဌေသိန်းသောင်းမက ဆောင်းအောင် အပေါင်းအစုကို အကြောင်းပြု၍ တုံး-ဟု၊ တိုင်-ဟု စိတ်တခုက အမှတ်ပြုပြီး ထားခါမျှသာ ဖြစ်တော့သည်။

စင်စစ်သော်ကား ကြံဆတတ်သော နာမ်တရားသာ သတ္တါ ချရတော့၏။ တုံး-တိုင် ဟူသောပညတ်က ရုပ်ပရမတ်၌ ပိုး၍ ကပ်၍ နေသည်လည်း မဟုတ်၊ ရုပ်ပရမတ်မှ တခြားလုပ်ပြီး အသားထုတ်နေစရာလည်း မရှိ၊ ကြံသိတဲ့ နာမ်၏ လက်ချက် မျှသာ ဟူလို။

ဒါ့ကြောင့် မိမိ အဇ္ဈတ္တသဏ္ဍာန်မှာ ဖြစ်စေ၊ တုံး တိုင် စသော မဟိဒ္ဓသဏ္ဍာန်မှာ ဖြစ်စေ၊ တေဇောဓာတ်တခုနှင့် မွေ့ လိုက်တော့ ဉာဏ်၏အာရုံမှာ တေဇောဟူသော ပူ,သဘော တွေသာ ထင်လာမြင်လာတော့လေ၏။ တုံး တိုင်, စသည်တွေ ဟာ နာမ်၏လက်ချက်ဘဲ ဟု တန်းတန်းစွဲ သိမြင်လေတော့၏။

အမှန်ရှိဒါက သဏ္ဍာန်နိမိတ်နှင့်မရောတဲ့ ပူသဘော ရုပ် ဓာတ်သာ ဟုတ်သည်၊ ထို တေဇော ရုပ်ဓာတ်၏ အပေါ်မှာ ဘာဘဲ ညာဘဲ ဆိုဒါတွေကတော့ နာမ်၏ လက်ချက်မျှသာ ဟုတ်ထာကိုးလို့ နာမ်၏ လက်ချက်မျှဘဲကိုးလို့သိလျှင် အတ္တ အခဲ ကျေပျက်လေတော့သည်။

ဒါဖြင့် ပူပူဟူသော နွေးနွေးဟူသော တေဇောဓာတ်၏ အပေါ်မှာ ငါတဲ့, ကိုယ်တဲ့, သားတဲ့, သမီးတဲ့, တုံးတဲ့, တိုင်တဲ့ စသည်ဖြင့် ထွေထွေလာလာ ထင်လာသမျှတွေဟာ ဂန္ဓဗ္ဗ နတ်မြို့ကြီးနှင့် အပြီးတူနေတော့ဒါပေါ့ တကာလှိုင်ရဲ(မှန်ပါ ဂန္ဓဗ္ဗ နတ်မြို့ကြီးနှင့် တူလှပါဘုရား)။

ဒါ့ကြောင့်–

ဂန္ဓဗ္ဗနဂရံ ဝိယ အသာရာ။

သင်္ခါရာ၊ ထင်လာသမျှ သင်္ခါရတရားတို့သည်။ ဂန္ဓဗ္ဗ နဂရံဝိယ၊ ငါ, ငါ့ကိုပင် ကြောင်ကြောင်မြင်လည်း အထင် ကြီးဘွယ် တကယ်မပြီး ဂန္ဓဗ္ဗ နတ်မြို့ကြီးကဲ့သို့။ အသာရာ၊ ကိုင်ယူမဖြစ် အနှစ်ဘာမျှ ရှာမရကုန်သလျှင်ကတည်း။

စဉ်းစားကြစမ်းပ တဦးသော ဂန္ဓဗ္ဗနတ်သားသည် အလွန် ပင် မြူးရွှင်ပျော်ပါး ကြည်စားမွေ့လျော်ချင်လွန်းလို့ ဘာမှ မရှိတဲ့ အဇဋ္ဌာခွင် လဟာပြင်ထီးထီး ကောင်းကင်ကြီးမှာ နတ်သမီးတတန် နတ်ရေကန်တချို့ နတ်မြို့ကြီးတသီး ဘန်ဆင်း၍ ထားလိုက်ထာ ဟီးလို့ဆိုဘဲ။

ကဲ– ဂန္ဓဗ္ဗနတ် ဘန်ဆင်းအပ်သော နတ်သမီး, နတ်ရေကန်, နတ်ဗိမာန်, နတ်မြို့ကြီးတွေဟာ အခိုင်အမာမျိုးနှင့် အားကိုး စဘွယ် တကယ်ဟုတ်ပါ့မလား တကာလှိုင်ရဲ၊ (တကယ်သား မဟုတ်ပါ ဘုရား)။

သူ၏တန်ခိုး သူ၏ အရှိန်အစော် သူ၏ အာနုဘော်နှင့် ပျော်ပါးချင်လို့ ဖန်ဆင်းထားဒါဟာ ဘယ်မှာလျှင် အခိုင် အမာမျိုးနှင့် အားကိုးစရာ ဟုတ်လိမ့်မလဲ။

အခိုင်အမာမျိုးနှင့် အားကိုးဘွယ်ရာ တကယ်မဟုတ်တဲ့ပြင် မကြာခင် ပျက်စီးသွားလျှင် ရတက်မီးပွားပြီးတော့ ကျန်ရစ် ခဲ့ရတတ်သေးတယ်။

အဲဒီ ဂန္ဓဗ္ဗနတ် ဘန်ဆင်းအပ်တဲ့ နတ်သမီး, နတ်ရေကန် နတ်ဗိမာန်, နတ်မြို့ကြီးကို တဝင်းဝင်း တပြောင်ပြောင်နှင့် ကြောင်ကြောင်ကြီးပင် မြင်ရသော်လည်း ကိုင်ဇမ်း ဖမ်းယူ လို့ကဖြင့် တတ္တိမှ မရဘူး ဆိုပါကလား၊ (မှန်ပါ မရပါဘူး ဘုရား)။

ဘာ- ကိုင်စမ်း ဘမ်းယူလို့ ရလိမ့်မလဲ၊ ဘန်ဆင်းထားတဲ့ နိမ္မိတရုပ် အသား အထယ်နှင့် တကယ်မှ မဟုတ်ဘဲကိုး။

အဲဒါလိုဘဲ ယထာဘူတဉာဏ်နှင့် အမှန်ကို မသိကြသော သူတွေဟာ ငါ- ငါ၏ကိုယ်- သားသမီး- တုံး- တိုင်-စသည် တွေကို ကြောင်ကြောင်ကြီး မြင်ရတယ်လို့ အထင်ကြွယ်ပြီး နေကြ မဟုတ်လား တကာလှိုင်ရ၊ (မှန်ပါ ထင်လုံး ကြီးနေ ကြပါ ဘုရား)။

ထိုသို့ ထင်လုံး ဘယ်လိုပင် ကြီး၍ နေငြားသော်လည်း ငါ- ငါ၏ကိုယ်- သား- သမီး- တုံး-တိုင်တွေကို သူထင်တဲ့အတိုင်း ကြောင်ကြောင် မြင်လျက်နှင့် ကြောင်ကြောင် မကိုင်မိ ဂန္ဓဗ္ဗ နတ်မြို့ကြီးနှင့် အပြီးတူလှချေ၏။

တေဇောခေတ် ပရမတ်မျက်စိနှင့် စမ်းသပ်၍ ကြည့်လိုက်တော့ တကယ်မရှိတဲ့ ငါ-ငါ၏ကိုယ်ဆိုဒါ စိတ်ထင်ခါမျှမို့ ဂန္ဓဗ္ဗ နတ်မြို့ကြီးလိုပါလားဟု တကာလှိုင်ရ၊ (မှန်ပါ ဂန္ဓဗ္ဗ နတ်မြို့ကြီးလိုပါဘဲ ဘုရား)။

သူ-သူဟူ၍ ထင်လာသောအခါမှာလဲ တေဇောခေတ်၏ အပေါ်မှာ စိတ်ထင်ခါမျှမို့ ဩြော်-သူဆိုဒါလဲ ဂန္ဓဗ္ဗ နတ်မြို့ကြီးလိုပါဘဲ။

သား-သားဟူ၍ ထင်လာသော အခါမှာလဲ တေဇောခေတ်၏ အပေါ်မှာ စိတ်ကြံခါမျှမို့ ဩြော်- သားဆိုဒါလဲ ဂန္ဓဗ္ဗနတ်မြို့ကြီးလိုပါဘဲ။

သမီး-သမီးဟူ၍ ထင်လာသော အခါမှာလဲ တေဇောခေတ်၏ အပေါ်မှာ စိတ်ဘန်ဆင်းခါမျှမို့ ဩြော်- သမီးဆိုဒါလဲ ဂန္ဓဗ္ဗနတ်မြို့ကြီးလိုပါဘဲ။

တိုး-တိုး ဟူ၍ ထင်လာသောအခါမှာလဲ တေဇောခေတ်၏ အပေါ်မှာ စိတ်ဆန်းကြယ်ခါမျှမို့ ဩြော်- တိုးဆိုဒါလဲ ဂန္ဓဗ္ဗနတ်မြို့ကြီးလိုပါဘဲ။

တိုင်-တိုင်ဟူ၍ ထင်လာသော အခါမှာလဲ တေဇောခေတ်၏အပေါ်မှာ စိတ်ထင်ခါမျှမို့ ဩြော်- တိုင်ဆိုဒါလဲ ဂန္ဓဗ္ဗ နတ်မြို့ကြီးလိုပါဘဲ။

အဲဒီလို ဖြစ်ပေါ်ထင်လာသမျှသော သင်္ခါရ တရားစုကို ဂန္ဓဗ္ဗ နတ်မြို့ကြီးနှင့် အလားတူ ရှုရလိမ့်မည် မဟုတ်လား

တကာလိုင်ရ၊ (မှန်ပါ ဂန္ဓဗ္ဗနတ်မြို့ကြီးနှင့် တူအောင် ရှုရ ပါလိမ့်ဘုရား)။

ထွေထွေလာလာ ကြံစည်တတ်သော မနောဝိညာဏ် နာမ် တရားကား ဂန္ဓဗ္ဗနတ်သားနှင့် တူသည်၊ ငါငါ, သူသူ, သား- သမီး- တုံး– တိုင် စသည်တို့ကား ထို ဂန္ဓဗ္ဗ နတ်သား ဘန်ထင်း ရှိထားသော နတ်မြို့ကြီးများနှင့် တူသည်၊ ဝင်းဝင်း ပြောင် ပြောင်နှင့် ကြောင်ကြောင်ကြီး မြင်ပါလျက်နှင့် ကိုင်စမ်း ဖမ်းယူလို့ တတို့မှ မရသည်နှင့်ကား ဝိပဿနာ ဉာဏ်နှင့် တေဇောဓာတ်ကို အမှန်မြင်သောအခါနှင့် တူသည်၊တူအောင် ရှုကြလေ။

ဥပမာ-တခုနှင့် နေရာကျအောင် ရှုတတ်လျှင် ဝိပဿနာ အလုပ်ကိစ္စ အချိုးကျပြီ ဟူ၍ မှတ်တော့ တကာလှိုင်ရေ့၊ (မှန်ပါ ဘုရား)။

ဝိပဿနာ ကိစ္စက အချိုးကျမှလဲ ဥပါဒါန်တရားလေးပါး တို့တွင် အလွန်အရေးကြီးသော ဒိဋ္ဌုပါဒါန်နယ်က အမြန် ကျွတ်လွတ်ကြမှာကိုး။

**ဘုသံ အာဒိယန္တိ အမုဉ္စနဂါဟံ ဂဏှန္တီတိ ဥပါဒါနာနိ။**

ဘုသံ၊ ပြင်းထန်စွာ။ အာဒိယန္တိ၊ ယူကုန်၏။ အမုဉ္စန ဂါဟံ၊ မလွတ်သော ယူခြင်းကို။ ဂဏှန္တိ၊ ယူကုန်၏။ဣတိ၊ထို့ ကြောင့်။ ဥပါဒါနာနိ၊ ဥပါဒါန် မည်ကုန်၏။

ဒိဋ္ဌိက အမှားမြင် ဥပါဒါန်က မလွတ်နိုင်အောင် ပြင်းထန်စွာ စွဲလမ်းမှုကြီး၊ ပါဠိလိုတော့ ဒိဋ္ဌုပါဒါန်၊ မြန်မာလို ပြန်တော့ အမှားစွဲလမ်းမှုကြီး။

တကာလှိုင်ရေ (ဘုရား)၊ဤ ဒိဋ္ဌုပါဒါန် တည်းဟူသော အမှားစွဲလမ်းမှုကြီးမှ အပြီးတိုင် ကျွတ်လွတ် ထွက်မြောက်ကြရလေအောင် ဆင်ခြင်စရာ အတိုချုပ် သီတံ ပုဒ်ကလေးတွေ ချပေးအုံးမယ်၊ ဉာဏ်စိုက်ပြီး မငိုက်မမြည်းဘဲ ကဲကဲ အားလုံး လိုက်ကြစမ်း- လိုက်ကြစမ်း။

### ဆောင်ပုဒ်များ

(၁) ပုဒါထဲမှာ ငါလဲမပါ၊
ငါထဲမှာ ပုဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
ငါ့ဆိုဒါ နတ်မြို့ကြီးလိုဟာ။

(၂) ပုဒါထဲမှာ သူလဲမပါ၊
သူထဲမှာ ပုဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
သူ့ဆိုဒါ နတ်မြို့ကြီးလိုဟာ။

(၃) ပုဒါထဲမှာ သားလဲမပါ၊
သားထဲမှာ ပုဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
သား့ဆိုဒါ နတ်မြို့ကြီးလိုဟာ။

(၄) ပူဒါထဲမှာ သွီးလဲမပါ၊
သွီးထဲမှာ ပူဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
သွီး့ဆိုဒါ နတ်မြို့ကြီးလိုဟာ။

(၅) ပူဒါထဲမှာ တုံးလဲမပါ၊
တုံးထဲမှာ ပူဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
တုံး့ဆိုဒါ နတ်မြို့ကြီးလိုဟာ။

(၆) ပူဒါထဲမှာ တိုင်လဲမပါ၊
တိုင်ထဲမှာ ပူဒါလဲမပါ၊
တူမထား တခြားမရှိရာ၊
တိုင့်ဆိုဒါ နတ်မြို့ကြီးလိုဟာ။

## တရား အဆုံးသတ်ရန်

အယံဓမ္မော၊ ဤယခုဟောပြောအပ်ခဲ့ပြီးသော တေဇော ရုပ်ဓာတ် ပရမတ်ဆတ်ဆတ် တရားတော်မြတ်ကြီးသည်။နော၊ ဟောမှု နာမှု အရေးပြု၍ ရှေးရှုအားထုတ် အကျွန်ုပ်တို့ကို။ စတုသု-ဥပါဒါနေသု၊ ကာမုပါဒါန် စသော ဥပါဒါန်တရား လေးပါးတို့တွင်။ ဒိဋ္ဌုပါဒါနာ၊ အမှားသိ အမှားမြင် အမှား ထင်ဖိစီး အမှားစွဲလမ်းမှုကြီးမှ။ယာဝနိဗ္ဗန္တံ၊ ကျွတ်လွတ်ထွက် မြောက် အဆုံးသို့ရောက်သည် တိုင်အောင်။ ပါလေတ့၊ ယခု

ဘဝ ခုခဏကစပြီး ဘဝအဆက်ဆက် နေ့ဝင်မပျက်ရအောင် ကောင်းစွာ ဆောင်ရွက် ဖေဝင့် ရှောက်တော် မူပါစေ သတည်း။

သာဓု-သာဓု-သာဓု။

လိုရာလိုရာကို ချွဲထွင်၍ ထင်မြင်အောင်
ဟောပြောကြပါကုန်။

ပြီးပြီ။

ရတနတ္တယံ အဟံ ဝန္ဒာမိ

(၆)

# ထူးသာထူးငြား မခြားနား စဉ်းစား ဘော်ညွှန်း တရားခွန်း

ဝိသိဋ္ဌောဝ မဟာကာလော၊ ဌပိတော ကပ္ပရုက္ခကော။
ဇေ့ံမမ္ဘောပိ သန္တာနေ၊ နဋ္ဌိတော နောစ ယာဝဒေ။

ဘော၊ တရားတော်၏ သဘောမိအောင် သိသလိုလို မသိသလိုလို စိုစိုစိုနှင့် အသိနဂိုရ်မှုဟောင်း အယူမပြောင်းနိုင်ကြတဲ့ အို-လူအပေါင်းတို့။ ဗုဒ္ဓေနု၊သင်တို့ဆရာ ငါတို့အဘ ဂေါတမနွယ်ဘွား မြတ်ဘုရားသည်။ ဌပိတော၊ နောင်လာသူမဝေး ပုထုဇဉ်နုကလေးတွေ တဖြေးဖြေး တစ တစ လိုက်ခဲ့ကြဘို့ မှန်းဆထောက်ထား ရည်မှတ် သားလျက် အများရဲ့အပေါ် သနားငဲ့မြှော်၍ ထားခဲ့တော် မူပေထသော။ ကပ္ပရုက္ခကော၊ တောင့်တတိုင်းပြီး လိုချင်ရာသီးနေတဲ့ ကမ္ဘာ့ပဒေသာပင်ကြီးနှင့်လည်း တူပေထသော။ မဟာကာလော၊ သဒ္ဓမ္မအစောင်စောင် တရားရောင်တို့ဖြင့် ပြောင်ပြောင်ထိန်ညီး ဤသာသနာ အချိန်ကာလ ခါသမယကြီးသည်။ ဝိသိဋ္ဌောဝ၊ အမျိုးမျိုး အဖုံဖုံ အားလုံးစုံအောင် တွေ့ကြုံခဲ့ရ ထူးသမျှအနန္တနှင့် စံမရနိုင်းမမှီ အတိုင်းအရှည်ကျူးလွန်၍ မပိုင်းနိုင်တော့ဘဲ ထူးချင်တိုင်းထူး၍ နေတော့သည်သာလျှင်တည်း။ ဇေ့ံပိ၊ ဤသို့လျှင် ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကြီးက အလွန်ပင် ထူးမြတ်လှပါသော်

လည်း။ ဓမ္မော၊ တချက်ခုတ်လတ် လေးချက်ပြတ်သည့် လေးသစ္စာထူး လေးဦးဆုံကြ လေးကိစ္စပြီးသော တရားတော်ရတနာမြတ်ကြီးသည်။ သန္တာနေ၊ ဒိဋ္ဌိငုတ်တုပ် အစွဲမပြုတ်တဲ့ ငရဲရုပ်ပုံဟန် ကိုယ့်သန္တာန်၌။ ယာဝဒေ၊ အထင်ကရောက် အမြင်ကမပေါက် အကြွင်မျှလောက်သော ကာလပတ်လုံး။ နဋ္ဌိတော၊ စည်စည်ကားကား အရှည် နားပြီး တည်ကားမတည်လာသေး။ တာဝဒေ၊ အကြည်ဓမ္မာကလေး မနသိမှာ အေးသွားအောင် ထိုမျှလောက် မတည်လာသေးသမျှကာလပတ်လုံး။ နောစ ဝိသိဋ္ဌော၊ ပျော်ရဲပါးရဲ အများနဲ့မို့ ခြားဘဲမခြားနားလှပေ။နောစဝိသိဋ္ဌော၊ သာသနာကာလ ခါသမယကတော့ ထူးရိုးအမှန် အသိဉာဏ်မခြားနားတဲ့ အချက်တော့ အမှားဘက် ကလိန်ချို တဟူးဟူး တဖွားဖွား လောင်စာမီးတွေနှင့် အလကားသက်သက် အချိန်ကုန် ဝူးလား ဝါးလား အချောင်နှင့် ပြီးဒါကြောင့် (ဟော-ခံချင်လဲခံ, မခံချင်လဲခံ) ထူးမခြားနား ကောင်ထီး ထူးမခြားနား ကောင်မကြီးတွေလိုသာ ဆိုလိုက်ချင်တော့ သတည်း။

တကာနိုင်ရေ (ဘုရား)ဂါထာ၏နောက်ဖျား အဆုံးသတ်ခါနီး ဆိုထားတဲ့စကားဟာ ဘာတဲ့ ဘယ့်နှယ်တဲ့၊ (ထူးမခြားနားပါတဲ့ ဘုရား)။

ဩြော်-ဩြော် သာသနာတော် အခါကာလကြီးက ထူးပင်ထူးငြားသော်လည်း ထိုအခါကာလကြီး ထူးသည့်အားလျော်စွာ တရားအသိဉာဏ်က မခြားနားလျှင်ဖြင့် ထူးမခြားဘဲတဲ့လား၊ (မှန်ပါ ထူးမခြားနားပါ ဘုရား)။

အင်း-ထူးမခြားနား ကောင်ထီး၊ ထူးမခြားနား ကောင်မကြီးတွေ ဟု ရင့်သီးစွာ ဆိုရမလားလို့ နားခါးနားချဉ်ပြီး နားမဝင်ဘဲ အပြစ်များတင်ကြမလား မသိဘူးနော်။

အပြစ်တင်မှု အပြစ်မတင်မှုကို အာရုံမပြုနိုင်တော့ဘူး၊ အခါထူးသည့်အားလျော်စွာ အသိဉာဏ် ခြားနားလာမှသာ ထူးခြားနားဖြစ်မှာ၊ ထူးခြားနားလျှင် ဘုရားသားတော်စစ် သမီးတော်စစ်တွေ အမှန်ဖြစ်ရတော့သည်၊ ဒါမှ မကြိုက်ရင်လဲ သဘောဘဲ- သဘောဘဲ။

များသောအားဖြင့် တရားတော်၏သဘောကို မိအောင် မသိသေးဘဲနှင့် သိသလိုလို ယောင်တောင်တောင်နှင့် ကြောင်ကြောင်ပင် လိမ်တတ်တဲ့ ဝိညာဉ်လိမ်လက်ချက်ကြောင့် တရားတော်ဘက် အားမတက်တော့ဘဲ အားနဲ့မှန်းမသိ နဲ၊ အားလျော့မှန်းမသိ လျော့ပြီး၊ စိတ်ဓာတ်ဟာ ခတ်ပေါ့ပေါ့ ဖြစ်နေတတ်ကြလွန်းလို့၊ ထိုကဲ့သို့ မဖြစ်ရအောင် စနစ်ကျ အသုံးချကြဘို့ ဆုံးမတဲ့ တရားဂါထာကြီးလို့ မှတ်ရမယ်တကာနိုင်ရ၊ (မှန်ပါ ဆုံးမစာ တရားတော်ဂါထာကြီးပါ ဘုရား)။

အေး-ဒါ့ကြောင့် ဘယ်သူကိုစောင်း, ဘယ်သူ့ကိုရှဲ့, ဘယ်သူ့ကိုမတဲ့လို့ ဆိုသည်မဟုတ်ဘူး၊ တရားတော်နှင့် ကျတော့ အတွဲအမှန် ရောက်ခဲလွန်းလို့ တရားတော်နှင့် စစ်လိုက်တော့ အတွဲအမှန် ဖြစ်ခဲလွန်းလို့ မပြတ်မပြတ် တိုက်တွန်းပြောဆိုနေရဒါ မေ့မျှားမေ့လှပါပြီကွယ်ရို့။

ဒီလိုဆုံးမစာ တရားဂါထာ အမျိုးမျိုးအစားစားတွေနှင့် ကရားက ရေလွှတ်သလို တတွတ်တွတ်နေအောင် ဆုံးမပြောဆို နေဒါတောင် ဒီခြားထဲက လက်ကြားယိုပြီး ဟိုလိုလို ဒီလိုလို ဖြစ်နေတတ်သေးသကိုး။

နဂိုရ်ကတော့ ပုဂ္ဂိုလ်အစစ်အမှန်ရှိတယ် သတ္တဝါ အစစ်အမှန်ရှိတယ်လို့ ယူထားတယ်၊ ယခုတော့ ဆရာသမားများက ပုဂ္ဂိုလ်, သတ္တဝါ အစစ်အမှန်မရှိ နာမ်ရုပ်သာ အဟုတ်အမှန် ရှိကြောင်းကို ဟောပြလို့ ခဏခဏ ကြားနေရတော့ ဝိညာဉ်က ပုဂ္ဂိုလ်အနေ သတ္တဝါအနေနှင့် သိပ်ပြီး လိမ်မပြနိုင်တော့ဘူး။

အဲဒီလို သိပ်ပြီး ထင်ထင်ရှားရှား ပြောင်ကြီး မလိမ်နိုင် ပြန်တော့ တမျိုးအားဖြင့် အဟုတ်သိသလိုလို အဟုတ် သိသယောင်ယောင်နှင့် တခါကြောင်တောင် လိမ်ပြန်တယ်။

ဟောဒီလိမ်ချက်ဟာ အတော်ခက်တယ်၊ လိမ်မှန်း မသိရဘူး၊ အထူးစီစစ်နိုင်တဲ့ ဓမ္မဝိစာရနညာဏ်နှင့် ဝေဘန်ကြည့်မှု သတိပြုနိုင်မှ အသိကဖြင့် နဂိုရ်အတိုင်း ရှိပါသေးလား၊ နဂိုရ်မူဟောင်း အယူမပြောင်းသေးပါကလားဆိုဒါ ဖြေးဖြေးခြင်း ဖြေးဖြေးခြင်း ပေါ်လာတတ်သည်၊ မစီစစ်တတ်လျှင်လည်း မပေါ်လာတော့ပေ။

ဒါ့ကြောင့် ဟိုလိုတမျိုး ဒီလိုတဖုံ ပရိယာယ်စုံအောင် လိမ်တတ်သော ဒီ ဝိညာဉ်လိမ်ဟာ တယ်အလိမ် ပြီခဲသကိုး တကာနိုင်ရ၊ (မှန်ပါ ဝိညာဉ်လိမ် ပြီခဲလှပါဘုရား)။

ဒီ–ဝိညာဉ်လိမ် မပြိုနိုင်ကြလို့လဲ ရှေးအသိ ရှေးအမြင် ရှေးမှုဟောင်းက သာသနာသိ သာသနာမြင် သာသနာမှုသစ်ကြီးသို့ မပြောင်းနိုင်ဘဲ ဖြစ်နေကြဒါပေါ့လေ။

ကဲ-အဲဒါတွေရှိပါစေဦးတော့။ ယခု သင်တို့ရဲ့ဆရာ ငါတို့ရဲ့ အဘ ဖြစ်တော်မူသော ဂေါတမန္တယ်ဘွား မြတ်စွာဘုရားကြီး ထားခဲ့တော်မူသော သာသနာတော်က အနှစ်ငါးထောင်တဲ့ လား၊ (မှန်ပါ အနှစ်ငါးထောင်ပါဘုရား)။

အဲဒီ သာသနာငါးထောင်ဟာ ဘာလုပ်ဘို့ ထားခဲ့ဒါလဲ၊ ဘယ်သူ့အတွက် ထားခဲ့ဒါလဲ၊ လေးလေးနက်နက်ကြီးစဉ်းစား ကြည့်ကြစမ်းပါ။

ပေါ့ပေါ့ကလေးတွေးပြီး ရှော်ခါ ရှံခါကလေး မစဉ်းစားနှင့်၊ နဖူးပေါ်လက်တင် လက်ပေါ်နဖူးတင် ထင်မြင်အောင် စဉ်းစားကြ၊ နဖူးပေါ်လက်တင်ဆိုဒါ ပက်လက်ကို ဆိုသည်၊ လက်ပေါ်နဖူးတင်ဆိုဒါ မှောက်လျက်ကို ဆိုသည်။ ပက်လက်လဲစဉ်းစား၊ မှောက်လျက်လဲ စဉ်းစားဟူလို။

သာသနာတော် အနှစ်ပေါင်း ငါးထောင်ဟာ နောင်လာသူမဝေး ပုထုဇဉ်နို့ကလေးတွေ သနားတော်မူလှ၍ အေးငြိမ်းရာ ဌာနသို့ တဖြေးဖြေး လိုက်ခဲ့ကြဘို့ရာ ထားတော်မူ ခဲ့တဲ့ သာသနာမဟုတ်လား၊ (မှန်ပါ ဘက်တော်ပါ ထားခဲ့တဲ့ သာသနာပါ ဘုရား)။

သို့ကလို ထက်ချပ်မကွာ ဘက်တော်ပါအောင် နောက် ရောင်ခံကာ လိုက်စေဌာဟု ထားခဲ့သော သာသနာမှာ ငါမပါ

နရချည့်မလား သဘောထားပြီး များများကြီး အားတက်ကြစေ။

ဝမ်းမြောက်ဝမ်းသာ အားတက်စရာကား ကြားနာရခဲ့သော သဒ္ဓမ္မ အစောင်စောင် တရားရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း တလင်းလင်း တထိန်ထိန်နှင့် တရှိန်ရှိန်တောက်ပ,နေသော အချိန်ကာလကြီး ဖြစ်သောကြောင့်ပင်တည်း။

ဘယ်နံ့ရေအခါကမှ မခံစားရဘူးသော အမြိုက်ချမ်းသာထူးကြီးကို ဆွတ်ခူး လွယ်ကူ အရယူခါ သုံးဆောင် ခံစားခြင်းငှာ စွမ်းနိုင်ရာသော အချိန် အခါ ဖြစ်သောကြောင့်ဤ သာသနာတော် အခါကောင်းကြီးဟာ ကမ္ဘာ့ပဒေသာပင်ကြီးနှင့်မခြား အလားတူပေသကိုး တကာနိုင်ရ၊ (မှန်ပါပဒေသာပင်ကြီးနှင့် တူလှပါ ဘုရား)။

အမြင့် ယူဇနာ တရာရှိသော ပဒေသာပင်ကြီးဆိုဒါ ရှေးရှေး အခါကတော့ ငါတို့ တောင်ကျွန်းမှာလည်း ရှိသည်၊ သခုကား မြောက်ကျွန်းမှာသာ တည်ရှိလေတော့၏။

ထို ပဒေသာပင်ကြီးသည် လိုရာကို သီး၍ ပေးနိုင်၏။ ပေးနိုင်ပုံကား အလွန် နူးညံ့ သိမ်မွေ့လှစွာသော အဝတ်တန်းဆာ ဒွါဒရာများကိုရင်း, အလွန် အဆင်း အနံ့ အရသာတို့နှင့် ပြည့်စုံသော အစာအာဟာရတို့ကိုရင်း လိုလေသေးမရှိချက်ချင်း ပြည့်စုံစေနိုင်အောင် အရံသင့်ရှိပေသည်။

ထိုကျွန်းသူ ကျွန်းသားများသည် ထို ပဒေသာပင်ကြီးမှထို အဝတ်တန်းဆာ အစာ အာဟာရတွေကို ဆွတ်ယူကုန်၍

ချမ်းသာစွာ ဝတ်ရုံ ပျော်ပါး ခံစား သုံးဆောင်ကြရသတဲ့ တကာနိုင်ရ၊ ဘယ့်ကလောက် ဟန်ရသလဲ၊ (မှန်ပါ အလွန် ဟန်ရပါ ဘုရား)။

ဟန်မရဘဲရှိစ အလွန်နူးညံ့ သိမ်မွေ့တဲ့ အဝတ် တန်းဆာတွေ အလွန် အဆင်း အနံ့ အရသာနှင့် ပြည့်စုံတဲ့ အစာအာဟာရတွေကို မပင်မပန်း မနွမ်းမရိဘဲ အလိုရှိရာ ချမ်းသာစွာ ပဒေသာပင်ကြီးမှ အလွယ်တကူ ဆွတ်ယူ သုံးဆောင်ကြရဒါကိုး။

ဤနေရာတချက် ဥပမာနှင့် ဥပမေယျ ရောယှက်ပြရလျှင် ပဒေသာပင်ကြီးနှင့် သာသနာ၊ အဝတ်တန်းဆာနှင့် ၀ိဝဋ္ဋ ကုသိုလ်များ မဂ္ဂင်ရှစ်ပါး၊ အစာအာဟာရများနှင့် မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာ၊ သုံးဆောင် ခံစားသူနှင့်ကား ဝိပဿနာ ယောဂီနှင့် အရိယာပုဂ္ဂိုလ်များ၊ ကဲ- မတူဘူးလား တကာနိုင်ရ၊ (တူလှပါ ဘုရား)။

အဲ- ဒါကြောင့် ပဒေသာပင်ကြီးနှင့် တွေ့ကြုံခိုက်မှာ အခါအားလျော်စွာ ကောင်းမြတ်သော အဝတ်တန်းဆာနှင့် ကောင်းမြတ်သော အစာ အာဟာရကို ရွေးချယ် စီစစ်ပြီး ကောင်းကောင်းကြီး ဝဝကြီး ဝတ်ဆင် စားသုံးလိုက်ရမယ်၊ နှောင့်နှေးပြီး အေးအေးဆေးဆေးကြီး လုပ်မနေကြနှင့်။

လူတယောက်သည် အကယ်၍ ပဒေသာပင်ကြီးအောက်သို့ ကိုယ်တိုင် ရောက်နေပါလျက်နှင့် အဝတ်ဘက်က ဆိုလျှင် အလွန်နူးညံ့ သိမ်မွေ့လှသော အဝတ်တွေကို ထိုပဒေသာပင်

ကြီးမှ မဆွတ်ယူ မဝတ်ဆင်ဘဲ မိမိဝတ်မြဲ ဝတ်နေကျဖြစ်သော ချည်ကြမ်း ဖျင်ကြမ်း အဝတ်ကြမ်းတွေကိုသာ လိုလား တောင့်တနေမည်ဆိုပါက ထိုသူကို ရှုးတယ်လို့ မဆိုကြပေဘူး လား၊ (ရှုးတယ်အဆိုခံရပါလိမ့် ဘုရား)။

အဆိုမခံရဘဲ နေပါ့မလား၊ အခါကာလနှင့်က ကြည့်မရ အောင် ဆန့်ကျင်နေတဲ့ အဝတ်မျိုးဖြစ်နေဒါကိုး။

ထို့ပြင်မှာလဲ ပဒေသာပင်ကြီး အောက်သို့ အပြီးတိုင် ရောက်နေပါလျက်နှင့် အစားဘက်ကဆိုလျှင် အလွန် အဆင်း အနံ့ အရသာနှင့် ပြည့်စုံလှသော အစာတွေကို ထိုပဒေသာပင် ကြီးမှ အလှယ်တကူ မဆွတ်ယူ မစားမသောက်ဘဲ မိမိစားမြဲ စားနေကျ ဖြစ်သော ပြောင်းထမင်းနှင့် ပိလောဟင်းတွေကို သာ လိုလား တောင့်တနေမည်ဆိုပါက ထိုသူကို မိုက်တယ်လို့ မဆိုကြ ပေဘူးလား၊ ( အလွန် မိုက်တဲ့လူလို့ ဆိုကြပါလိမ့် ဘုရား)။

အဆိုမခံရဘဲ နေပါ့မလား ကာလနှင့်က ယှဉ်မရအောင် အလွန်ဆန့်ကျင်နေတဲ့ အစာအာဟာရမျိုးတွေ ဖြစ်နေဒါကိုး။

ဤနေရာ တရပ် ဥပမာ ဥပမေယျ ဟပ်လိုက်သော် အလွန် ကြမ်းထမ်းသော ချည်ကြမ်း ဖျင်ကြမ်း အဝတ်ကြမ်းတွေနှင့် ဝဋ္ဋနိဿိတ ကုသိုလ်စု ကုသိုလ်မှုတွေ တူကြစေ၊ အလွန် အဆင်း အနံ့ အရသာ နည်းပါးလှသော ပြောင်းထမင်း ပိလောဟင်းတွေနှင့် လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာ စည်းစိမ်တွေ တူကြစေ၊ ထိုအဝတ်, ထိုအစားကို လိုလား

တောင့်တသော သူနှင့်ကား အန္ဓပုထုဇဉ် သမားတွေ တူကြစေ။

ထို့ကြောင့် သံသရာမီး ဒုက္ခကြီးကို ဒုက္ခမှန်းမသိ၍ ထိုဒုက္ခတွေကို ရရာရကြောင်း စုဆောင်း ရှာဖွေ၍ နေသောသူကို (ဗာလော-ဗာလော) လူမိုက် လူမိုက်ဟူ၍ ဆိုထားသော စကားတွေ အဋ္ဌကထာကြီးများမှာ ထင်ရှားစွာ ပါရှိလေ၏။

ကဲ-အထက်က စကားကို ပြန်စဉ်းစားလိုက်ကြစမ်း၊ ပဒေသာပင်ကြီး အောက်သို့ အပြီးတိုင် ရောက်နေတဲ့အတွက် အဝတ်ဘက်က ဆိုလျှင် နဂိုရ် အရင်ဝတ်နေကျဖြစ်တဲ့ အလွန်ကြမ်းထမ်းသော ဖျင်ကြမ်း, ချည်ကြမ်း,အထည်ကြမ်းတွေကို လိုလားတောင့်တနေဘို့ လိုသေးသလား တကာနိုင်ရ၊ (မလိုတော့ပါ ဘုရား)။

ဘာလိုတော့မလဲ၊ ဒီအဝတ်မျိုးတွေဟာ ဘယ်အခါမဆို အချိန်မကွာ အခါမရွေး ဝတ်နေကျဖြစ်တဲ့ အဝတ်မျိုးတွေဘဲ။

ပဒေသာပင်ကြီး အောက်သို့ အပြီးတိုင် ရောက်နေရတဲ့အတွက် တခါအစားဘက်က ဆိုလျှင်လဲ နဂိုရ်အရင် စားနေကျဖြစ်တဲ့ အလွန် အဆင်း အနံ့ အရသာ ညံ့ဖျင်းလှစွာသော ပြောင်းထမင်းနှင့် ပီလောဟင်းတွေကို လိုလား တောင့်တနေဘို့များကော လိုသေးသလား၊ (မလိုတော့ပါဘူးဘုရား)။

ဘာလိုတော့မှာလဲ၊ဒီအစာအာဟာရမျိုးတွေဟာလဲ ဘယ်အခါမဆို အချိန်မကွာ အခါမရွေး စားနေကျဖြစ်တဲ့ အစာအာဟာရမျိုးတွေဘဲ။

ဒီခေတ်မှာ ဒီအဝတ်မျိုးတွေနှင့် ဒီအခါမှာ ဒီအစာမျိုးတွေကို လိုလားတောင့်တပြီး အားကျ နေအုံးမယ် ဆိုလျှင်တော့ နေရှော့လက်ွဲ့ မင်းထိုက်နှင့်မင်းဘဲ။

ဒါကြောင့် အချိန်နှင့်ချင့်မျှော် အခါနှင့်သင့်လျော်အောင် ခွင့်တော်တဲ့ဤအခိုက် ကြုံထိုက်သည့်ဤခဏမှာ ဝိဝဋ္ဋကုသိုလ်များနှင့် မဂ္ဂင်ရှစ်ပါးတည်းဟူသော အဝတ် တန်းဆာတွေကို လှလှကြီးဝတ်ဆင်ပြီး မဂ်သီးဖိုလ်သီးနိဗ္ဗာန်သီးတွေကို ဝဝကြီးဆွတ်စား လိုက်ကြမှသာ နေရာကျတော့မှာ တကာနိုင်ရေး (မှန်ပါ ဒါမှနေရာကျမှာပါ ဘုရား)။

ပဒေသာပင်ကြီးအောက် ရောက်နေ ပါလျက်နှင့် ဖျင်လုံချည်, ဖျင်အင်္ကျီတွေကို ဝတ်ဆင်မနေနှင့် မတော်တော့ဘူး၊ အရှုံးကြီး အမိုက်ကြီးလို့ အဆိုခံရလိမ့်မယ်၊ ပဒေသာပင်ကြီးအောက် ရောက်နေ ပါလျက် ငရုတ်သီးထောင်း ပြောင်းထမင်းနှင့် ပီလောဟင်းကို စားသောက်မနေနှင့် မတော်တော့ဘူး၊ အရှုံးကြီး အမိုက်ကြီးလို့ အဆိုခံရလိမ့်မယ်။

ဝဋ်ကိုတောင့်တပြီး ပြုကျရိုးဖြစ်တဲ့ ဝဋ္ဋနိဿိတ ကုသိုလ်တည်းဟူသော ဓမ္မတာအဝတ်မျိုးကို ဝတ်ဆင်ပြီး ဝဋ်တည်းဟူသော လူသီး, နတ်သီး, ဗြဟ္မာသီး တွေကို ဆွတ်ဆွတ်ပြီးသိပ်ကြီးစားသောက် မနေချင်ပါနှင့်တော့ဟာ တကာနိုင်ရ၊ (မှန်ပါ စားသောက်နေလို့ မတော်ပါဘုရား)။

အခွင့်ကသာ အခါကကောင်း အကြောင်းကလှ အလွန်ဟန်ရတဲ့အခါမှာ ဟန်ရအောင်လုပ်ကြပေါ့။

မိမိမှာ ရုပ်ပြစ်ရှစ်ပါးမှ လွတ်ကင်းစွာ ဖြစ်လာရဒါဟာ ဘယ့်ကလောက် အခွင့်သာနေသလဲဟာ တကာနိုင်ရ၊ (မှန်ပါ အလွန်အခွင့်သာနေပါဘုရား)။

ရုပ်ပြစ်ရှစ်ပါးမှ လွတ်ကင်းရုံမျှမကသေး၊ ဘုရားပွင့်တော်မူရာ ဗုဒ္ဓုပ္ပါဒ နဝမခေတ်အခါ ဖြစ်ပါသောကြောင့် အခါကလဲ ဘယ့်ကလောက် ကောင်းသလဲ၊ (အခါကလဲ အလွန်ကောင်းပါဘုရား)။

ဤကဲ့သို့ ရုပ်ပြစ်ရှစ်ပါးမှလွတ်၍ ကိုးခုမြောက် ဖြစ်သော ဗုဒ္ဓုပ္ပါဒ နဝမခေတ်နှင့် လူ့အဖြစ် တွေ့ကြုံအောင် ပို့ဆောင်လိုက်သော ရှေးကံ အကြောင်းကလဲ သိပ်လှ ဒါဘဲနော်၊ (အကြောင်းကလဲ အလွန်လှပါဘုရား)။

## ရုပ်ပြစ်ရှစ်ပါး မှတ်သားရန် အချုပ် လင်္ကာပုဒ်ကား

ပစ္စန်,ချုံယွင်း၊ နာမ်ကင်း,ရုပ်ကွာ၊ မိစ္ဆာ,တနဲ၊ ငရဲ,
တဖြာ၊ ပြိတ္တာ,တဖန်၊ တိရစ္ဆာန်၊ ရှစ်တန်အရပ်ပြစ်။

## အဓိပ္ပါယ်အကျဉ်း လိုရင်းအချုပ်ကား

၁။ ပစ္စန်အရ- ဘုရား ဟောသော တရားတော် မထွန်းကားသော အစွန်အဖျား ဇနပုဒ် အရပ် များကို ပစ္စန္တရာဇ်အရပ်ဟု ဆိုသည်။

၂။ ချိုယွင်းအရ- မျက်စိ, နား, နှာစသော ကြွန်အင်္ဂါ လက္ခဏာနှင့် မပြည့်စုံ၍ အင်္ဂါချိုယွင်းသော သူကို ဆိုသည်။

၃။ နာမ်ကင်းအရ- ရုပ်,သာရှိ၍ နာမ်မရှိသော အသညသတ်ပုဂ္ဂိုလ်ကို ဆိုသည်။

၄။ ရုပ်ကွာအရ- နာမ်,သာရှိ၍ ရုပ်,မရှိသော အရူပပုဂ္ဂိုလ်ကို ဆိုသည်။

၅။ မိစ္ဆာအရ- အယူမှား၍နေသော မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်ကို ဆိုသည်။

၆။ ငရဲအရ- ငရဲဘုံသားကို ဆိုသည်။

၇။ ပြိတ္တာအရ- ပြိတ္တာဘုံသားကို ဆိုသည်။

၈။ တိရစ္ဆာန်အရ- တိရစ္ဆာန်ဘုံသားကို ဆိုသည်။

ထိုပုဂ္ဂိုလ်တို့ကို အရပ်ပြစ်ရှစ်ပါးဟုဆိုခြင်းသည် မုချ၊ ထိုပုဂ္ဂိုလ်တို့၏ ဖြစ်ရာဘုံတို့ကို အရပ်ပြစ်ဟု ဆိုခြင်းသည် ဥပစာ။

အပြစ်ထိုက်သော ရပ်ပြစ်ရှစ်ပါး ရပ်ပြစ်သား တွေဟု ဆိုရပေတော့၏။

အပြစ်ထိုက်သည် ဆိုသည်မှာ ဘုရား အရိယာပေါင်း သူတော်ကောင်းတို့ဟောပြောသော တရားတော်ကို ကြားနာမှတ်သား ပွားများနာယူခြင်းငှာ မစွမ်းနိုင်သည်ကို အပြစ်ထိုက်သည်ဟု ဆိုရပေသည်၊ ထိုအရပ်စုကို မှတ်။

ပဌမအပြစ် သဗ္ဗညုတ ဘုရားကြီး ပွင့်တော်မူ၍ တရားတော်ကြီးကို ဘယ့်ကလောက်ပင် ဟောပြော နေငြားသော်

လည်း မိမိကသူတော်ကောင်းတရား မထွန်းကားသော အစွန်အဖျား ပစ္စန္တရာဇ်အရပ်သား လူရိုင်းမျိုးများ ဖြစ်နေပါလျှင် တရားတော်ကို နာယူနိုင်လိမ့်ဦးမလား တကာနိုင်ရဲ၊ (မနာယူနိုင်တော့ပါ ဘုရား)။

ဘာ နာယူနိုင်တော့မှာလဲ အရပ်ဌာနကမှ ဟန်မရဘဲကဘဲ အဲဒါ အပြစ်ပါဘဲ။

ဒုတိယအပြစ် ထိုနည်းတူစွာ မျက်စိနှင့်နား မပါငြားဘဲ ရှားပါးအင်္ဂါ ကံခေမာ၍ နေရာမကျဖြစ်နေလျှင် အချည်းနှီး ဘဝ တရားတော်နှင့် ဝေးရတော့တာဘဲ မဟုတ်လား၊ (မှန်ပါ တရားနှင့်ဝေးပါ ဘုရား)။

တတိယအပြစ် ဘုရားရှင် တရား လွန်ထွန်းကားလည်း အသညသတ်ဘုံသား ထိုသူများမူ နာယူနိုင်ခွင့် ရသေးရဲ့လား၊ (မနာယူနိုင်ပါဘူး ဘုရား)။

ဘာ- နာယူနိုင်တော့မလဲ၊ ထိုအသညသတ်ဘုံမှာ ကမ္ဘာ ငါးရာ အသက်ရှည်စွာ နေရငြားသော်လည်း ရုပ်သာရှိသော သုဂတိအဟိတ် ပုဂ္ဂိုလ်ကြီး ဖြစ်နေဒါကိုး၊ ဘုရားကြီးပင် ဖြစ်သော်လည်း သူ့ကို ဘယ်နည်းနှင့်လုပ်ပြီး ဘယ်လိုဆွဲနှုတ် လို့မှ မရတော့ဘူး။

ဤနေရာမှာ ကျမ်းဂန်ကို မလိမ္မာသော လူအချို့က သူတို့ ထင်ချက်အမှားနှင့် ရုပ်တရား စကားကို ပြောသံကြားရသော အခါ အေး- မင်းတို့ ရုပ်စကားတွေ တော်တော်ပြောကြဗျား အသညသတ်ဘုံသွားပြီး ဖြစ်နေကြလိမ့်မနော်–ဟု ရှော်တော်

တော် လုပ်ပြီး အဟုတ်လိုလို ပြောဆိုတတ်ကြသေး၏၊ မှား လေစွ- မိုက်လေစွ။

ထိုအသညသတ်ဘုံကို ရိုးတိုးယားတား ပုဂ္ဂိုလ်စားမျိုး သွားနိုင်ဒါ မဟုတ်ဘူး၊ ရူပါဝစရ ပဉ္စမစျာန်ကို ရပြီးသော စျာနလာဘီ ပုဂ္ဂိုလ်များမှ ထိုဘုံသို့ ရောက်အောင် သွားနိုင် တယ်။

သွားနိုင်ပုံ အမြွက်မျှ ပြောပြဦးမည်၊ သာသနာပ ခါ သမယ၌ ရူပပဉ္စမစျာန်ကိုရသော တိတ္ထိပုထုဇဉ် စျာနလာဘီ ပုဂ္ဂိုလ်သည် နာမ်ဖြစ်ထာ မကောင်း ရုပ်ဖြစ်ထာကကောင်း၏ ဟု နာမ်ကိုပယ် ရုပ်ကိုတွယ်လျက် ရုပ်ဖြစ်ဘွယ် ကမ္မဋ္ဌာန်းကို မိ-စိတ္တံ၊ မိစိတ္တံဟူ၍ရင်း၊ မိ-နာမံ၊ မိ နာမံ ဟူ၍ရင်း စသည် ဖြင့် စီးဖြန်းလေရာ သေသောအခါ အသညသတ်ဘုံမှာ ရွှေ တုံး ရွှေခဲကို ထုလုပ်၍ထားသော ရွှေရုပ်ကြီးပမာ ရုပ်သက် သက်သာ ကမ္ဘာငါးရာတိုင်တိုင် ဖြစ်ရရှာတော့သတည်း။

ယခုအခါ သာသနာတော်တွင်းလဲ ဖြစ်ပြန်၊ စျာန်လဲမရ လျှင် ထိုဘုံသို့ ထမ်း၍တင်လဲ မရောက်ပါဘူး တကာနိုင်ရ၊ (မှန်ပါ မရောက်ပါဘူး ဘုရား)။

စတုတ္ထအပြစ် အရူပဘုံမှာလည်း တရားတော်ကို နာယူ ခြင်းငှာ အခွင့်မရတော့ပေ၊ ထိုသို့ နာယူခြင်းငှာ မစွမ်းနိုင် ရကား ထိုဘုံမှာ တရားအားထုတ်ရန် ကိစ္စ သောတာပန် ဖြစ်ရန် ကိစ္စ ရှိနိုင်ပါတော့မလား တကာနိုင်ရ၊ (မရှိပါ ဘုရား)။

ဘာ-ရှိနိုင်တော့မလဲ၊ဘုရားအစရှိသော သူတော်ကောင်းတို့ တရားတော်ကို ဟောပြောခြင်း၊ ဟောကြားသော တရားသံကို နာခံနိုင်ခြင်း၊ ပရတော ဃောသမှု မရဘဲကိုး။

ဤအရာမှာ အရိယာ ပုဂ္ဂိုလ်များကို ချန်လှပ်၍ထား ပုထုဇဉ်ပုဂ္ဂိုလ်များကိုသာ ရည်၍ ရပ်ပြစ်သား ဆိုသည်ဟု မှတ်ပါ။

အရူပစျာန်ကိုရပြီးသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်များသည် ထိုအရူပဘုံကျမှ တရားအားထုတ်၍ သောတာပန် ဖြစ်သည်ဟု ဖြစ်ရိုးထုံးစံမရှိ၊ အဘယ်ကြောင့်ဆိုသော် ပရတော ဃောသ-အကြောင်း မရသောကြောင့်တည်း၊ တခြားတခြား ဘုံက သောတာပန်ဖြစ်ပြီးမှ သောတာပတ္တိမဂ်ကို ရခဲ့ပြီးမှ ဆိုလျှင် ထိုဘုံကျမှ သကဒါဂါမ် အနာဂါမ် ရဟန္တာကျအောင်တော့ ဖြစ်နိုင်သည်ဟုမှတ်။

ထိုအရူပဘုံသို့ ရောက်သွားသော ပုထုဇန် ပုဂ္ဂိုလ်များကို ဘုရားရှင်ကြီးတောင် ဘယ်လိုလုပ်လို့မှ ဆွဲမနှုတ်နိုင်တော့ဘူး တကာနိုင်ရဲ၊ (မှန်ပါ မတတ်နိုင်တော့ပါဘူးဘုရား)။

ပဉ္စမအပြစ် ဘုရားကို ဘုရားဟူ၍ရင်း၊ တရားကို တရားဟူ၍ရင်း၊ သံဃာကို သံဃာဟူ၍ရင်း၊ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကြောင်းတရားရှိ၏ဟူ၍ရင်း၊ထိုကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတရားရှိ၏ ဟူ၍ရင်း စသည်ဖြင့် ယုံကြည်ယူဆခြင်း မရှိသော မိုက်ကန်းအတိ မိစ္ဆာဒိဋ္ဌိကြီးဖြစ်နေပါမူ တရားတော်ကို နာယူနိုင်လိမ့်အုံးမလား၊ (မနာယူနိုင်တော့ပါဘုရား)။

နာယူဘိုရာ ဝေးစွ၊ ဗုဒ္ဓဟူသောစကား၊ ဘုရားဟူသော အသံကို ကြားလျှင် သတ်ချင်တဲ့ စိတ်တွေများပြီး ဘုရားကြီးကိုတောင် သေကြောင်းကြံလိမ့်ဦးမည်။

ဆဋ္ဌမအပြစ် လောကမှာ ဘုရားပွင့်၍ နိဗ္ဗာန်တည်း· ဟူသော အမြင်သို့ ဘယ်လိုပင် ဂယ်တင် ဆောင်ပို့နေသော်လည်း မိမိက ငရဲ ကျနေပါလျှင် ဆွဲနှုတ်လို့ ရလိမ့်အုံးမယ် ထင်သလား၊ (မရပါဘူး ဘုရား)။

သတ္တမအပြစ် ငတ်မွတ်ခေါင်းပါး အစားရှားတဲ့ အလွန်ဆင်းရဲလှသော ပြိတ္တာကြီးများ ဖြစ်နေလျှင်ကော တရားသဘော နားစေါနိုင်ပါအုံးမလား၊ (မနာနိုင်ပါ ဘုရား)။

အဋ္ဌမအပြစ် ခွေး, ဝက်, ကျွဲ, နွား, ကြက်, ငှက် စသော တိရစ္ဆာန်ဘုံသား ဖြစ်နေပြန်လျှင်လဲ၊ ကဲ- ဘယ့်နှယ် တတ်နိုင်အုံးမလဲ၊ (မတတ်နိုင်တော့ပါ ဘုရား)။

ကဲ ဒီအရပ်ရှစ်ပါးက လွတ်၍ အပြစ်ကင်းသော အရပ်၌ တိတိဒတ်မတ် ဆိုက်ကပ်ရသော်လည်း အကယ်၍ကား ဘုရားပွင့်တော် မမူငြားအံ့၊ ထိုသို့ ဘုရား ပွင့်တော်မူသောအခါ မဟုတ်လျှင် ဘယ်လိုလုပ်ပြီး မဂ်တည်းဟူသော တရားအကျင့်ကို ကျင့်သုံး နာယူနိုင်တော့မလဲ၊ (မကျင့်သုံး မနာယူနိုင်တော့ပါ ဘုရား)။

အေး-အေး- ကြပ်ကြပ် သတိထားကြနော်။

ဒါ့ကြောင့် ဒီ အရပ်ပြစ် ရှစ်ပါးမှ ကင်းလွတ်ရုံမျှ မက သေးဘူး၊ ဘုရားကိုယ်တော်မြတ်ကြီး ထင်ရှားပွင့်တော်မူသော အခါ ဖြစ်သောကြောင့် ဤယခုအခါကို ကိုးခုမြောက်ဖြစ်တဲ့ ဗုဒ္ဓုပ္ပါဒ နဝမခေတ်အခါဟု ခေါ်ဆိုရပေသည်။

ယခု သင်တို့ ငါတို့တတွေ ဆိုက်ရောက်ရရှိ၍ နေကြသည် မှာ ရပ်ပြစ်ရှစ်ပါးကလွတ်၍ ကိုးခုမြောက်ဖြစ်သော ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကြီးပါလားဟု တကာနိုင်ရ၊ (မှန်ပါ နဝမခေတ်ကြီး ပါဘုရား)။

တခုတည်းသော ဤဗုဒ္ဓုပ္ပါဒ အခါ၌သာလျှင် တရား တော်ကို နာယူပြီး မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးခြင်းငှာ စွမ်းနိုင်ရာသောကြောင့် ဒီအခါလောက် ထူးမြတ်ထာ ရှာချင်တိုင်းရှာ မတွေ့တော့ပါဘူး။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်မြတ် အဋ္ဌက နိပါတ်၌–

**ဧကောဝ ခေါ ဘိက္ခဝေ ခဏောစ သမယောစ ဗြဟ္မ စရိယ ဝါသာယ–**

ဟု ဟောတော်မူပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဧကောဝ၊ တခုတည်း ဖြစ်သော ဗုဒ္ဓုပ္ပါဒ နဝမခေတ်သည်သာလျှင်။ ဗြဟ္မစရိယ ဝါသာယ၊ မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံး ခြင်းငှာ။ ဝါ၊ မဂ်တည်းဟူသော မြတ်သောအကျင့်ဖြင့် အတင့် အတယ် စမ္ပာယ်၍သာ ချမ်းသာစွာ နေထိုင်ခြင်းငှာ။ ခဏောစ၊ အားထုတ်နိုင်ကြောင်း အခွင့်ကောင်းကြီးလည်း ဟုတ်ပါပေ

၏။ သမယောစ၊ ရယူနိုင်ကြောင်း အခါကောင်းကြီးလည်း မှန်ပါပေ၏။

ဤပါဠိတော်၏ အဓိပ္ပါယ်ကိုကြည့်၍ အခွင့်အခါကြီး ထူးမြတ်ပုံကို အသေအချာ သိခဲ့ပါလျှင် ဝမ်းမြောက်ဝမ်းသာ ရှင်လန်းစွာနှင့် တခါတည်းထပြီး ငါ့ဘို့ဟာ ခုသာသနာ ဟူသော အကြောင်းနှင့် တဖြောင်းဖြောင်းနေအောင် လက်ပန်းပေါက်သာ ခတ်စရာကောင်းတော့သည်။

ဘယ့်နှယ်လဲ တကာနိုင်ရ၊ တခုတည်းသော ဗုဒ္ဓုပ္ပါဒ, နဝမ ခေတ်၌သာလျှင် မဂ်တည်းဟူသော မြတ်သောတရားကို ပွား များနိုင်ရာ အခွင့်အခါ ဟုတ်တယ်မှန်တယ်ဆိုတော့ လက်ပန်း ပေါက် ခတ်ချင်စရာ မကောင်းဘူးလား၊ (မှန်ပါ လက်ပန်း ပေါက် ခတ်ချင်စရာ အခါကြီးပါ ဘုရား)။

လက်ပန်းပေါက်ခတ်ချင်စရာ မကောင်းဘဲ နေပါ့မလား၊ ဘယ်အခါနှင့်မှ မတူဘူး၊ အလွန်ထူးတဲ့ အခါကြီးပေကိုး။

လောကမှာ တရားသော မင်းကောင်းမင်းမြတ် ပေါ်လာ သောအခါ သတ္တဝါများမှာ သာမည လောကချမ်းသာ ကလေးမျှသာ ခံစားခွင့်ရရှိနိုင်တော့ အခါထူးအခါမြတ် ဟု မဆိုအပ်သေးဘူးပေါ့။

ထို့ထက်မက စကြာမင်းကြီးများ တခါတရံ ပေါ်ပေါက် ၍လာသော အခါမှာလည်း သတ္တဝါများ ဖြဟ္မစိုရ်တရား တည်ကြ၍ ညီမျှသော အကျင့်ကြောင့် ချမ်းသာခွင့် ရရှိကြ သော်လည်း လောကီမျှသာဖြစ်၍ စင်စစ် ချမ်းသာမျိုး မဟုတ်

သောကြောင့် အခါထူး အခါမြတ်ဟု အမှန် မသမုတ်အပ် သေးပေ။

သာသနာပ,ခါသမယတွင် အဘိညာဏ်တန်ခိုး အမျိုးမျိုး နှင့် ပြည့်စုံကြသော ရသေ့ပရိဗိုဇ်တို့ထံ၌ နိသျှည်းခံ၍ မြေရှိ မိုးယံပုံ လောကီစျာန်ကိုရသဖြင့် ဗြဟ္မာဘုံကျအောင် စွမ်း ဆောင်နိုင်ငြားသော်လည်း ကြိမ်ဖန်များစွာ ရခဲ့ရိုးမမှတာ ဖြစ်သောကြောင့် စင်စစ် မထူးသေးချေ။

ထိုမှတပါး ပစ္စေကဗုဒ္ဓါဘုရား ပွင့်ပေါ်ငြားလည်း မိမိ တပါးတည်းသာ သစ္စာလေးပါးတရားကို သိမြင်တော်မူ၍ သူတပါးတို့အား မမှပညတ်တင်၍ ထင်မြင်အောင်ဟောကြား ခြင်းငှာ အလျှင်းမစွမ်းနိုင်ပေ။

အကြောင်းကိုဆိုသော် သဘောတရားကို သိမြင်တော် မူငြားလည်း ဤသဘောကား ဖဿတရား၊ ဤသဘောကား ဝေဒနာတရား စသည်ဖြင့် အမည်ပေါ်အောင် မထုတ်မဆောင် နိုင်သောကြောင့် ပေတည်း။

ထို့ကြောင့် ပစ္စေကဗုဒ္ဓါများ တရား သိမြင်တော်မူကြ သည်မှာ သူအ,အိပ်မက်မက်သည်နှင့် တူသည်ဟု အဋ္ဌကထာ, ဋီကာကျမ်းကြီးများက ဥပမာပြတော်မူကြ၏။

သူအ,များ အိပ်မက်မက်၍ အိပ်ရာမှ နိုးလာသောအခါ မိမိအိပ်မက်ကို မိမိတော့ ကြောင်ကြောင်ကြီး သိမြင်ပါသော် လည်း သူတပါးတို့အား ထုတ်ဘော် ပြောကြားခြင်း ငှာကား စွမ်းနိုင်သေးရဲ့လား တကာနိုင်ရ၊ (မစွမ်းနိုင်ပါဘုရား)။

ပစ္စေကဗုဒ္ဓါများဟာ သစ္စာလေးပါးကို မိမိသာ သိမြင်၍ သူတပါးတို့အား ထုတ်ဘော်ပြောကြားခြင်းငှာ မစွမ်းနိုင်သောကြောင့် သူအ, အိပ်မက်မက်ထာနှင့် တူလှ၍ ဗုဒ္ဓုပ္ပါဒအခါနှင့်နှိုင်းစာလျှင် ထိုပစ္စေကဗုဒ္ဓါ ပွင့်တော်မူသော အခါလည်း စင်စစ်ကြီး ထူးမြတ်သည်ဟု မဆိုနိုင်သေးဘူးပေါ့ ဒကာနိုင်ရ၊ (မှန်ပါ အထူးကြီး မဆိုနိုင်သေးပါ ဘုရား)။

သည်မျှ မကသေးဘူး၊ သဗ္ဗညုတ ဘုရားကိုယ်တော်မြတ်ကြီး၏ အသိဉာဏ်တော်ကြီးအရာကို ထောက်စာလျှင် ပစ္စေကဗုဒ္ဓါ စသည်တို့၏ ဉာဏ်အရာဟာ ဘာမှ မပြောပလောက်တော့ဘူး ဆိုပါလား ဒကာနိုင်ရ၊ (မှန်ပါ သိပ်ပြောပ, လောက်မယ် မဟုတ်တော့ပါ ဘုရား)။

ဥပမာ— အဇဋ္ဌာ ကောင်းကင်ကြီးကို ထောက်စာလျှင် သက်ခုပ်တွင်း၌ရှိသော ကောင်းကင် ကလေးဟာ မပြောပလောက်တော့ ဒါလိုဘဲဟု ဋီကာကျမ်းကြီးများ ဆိုထားကြ ါကို ထောက်ထား ကြည့်လိုက်တော့ သဗ္ဗညုတ ဘုရားကြီး အသိဉာဏ်နှင့် ပစ္စေကဗုဒ္ဓါ စသည်တို့၏ အသိဉာဏ်ဟာ အင်မတန် အင်မတန်ကြီး ကွာခြားနေပါပေါ့လား၊ (မှန်ပါ စပ်သုဉ်၍ မရလောက်အောင် ကွာခြားလှပါဘုရား)။

ကဲ-ကဲ တိုတိုပြောကြစို့၊ သဗ္ဗညုတဘုရားရှင်ကြီးကမှ သစ္စာလေးပါး တရားတော်ကို မိမိလဲသိတော်မူတယ်၊ သူတပါးတို့ကိုလဲ အစားစား ဟောကြားတော် မူနိုင်တယ်၊ ဟောကြားတော်မူတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြ၍ မဂ်,

ချမ်းသာ ဖိုလ်,ချမ်းသာအထူးကို ခံစားကြရတယ်၊ ဒါ့ကြောင့် လဲ တခုသော ဤဗုဒ္ဓုပ္ပါဒနဝမ,အခါကြီးသည်သာလျှင် အံ့ချီး ၍မကုန်နိုင်အောင် အမြတ်ဆုံး အထူးဆုံး အခါကြီးဟု အပြီး တိုင် မှတ်ကြရမယ်။

သဗ္ဗညုတ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ထူးပုံတွေ, ဤ ဗုဒ္ဓုပ္ပါဒ နဝမအခါကြီး ထူးပုံတွေကို ကျမ်းဂန်ကြီးတွေလာ တိုင်း အကျယ်ပြောနေလျှင် ဘယ်သောအခါမှ ဆုံးမယ်မသိ တော့ဘူး၊ ဒီစကားဖြတ်ပြီး ရပ်လိုက်ဦးမှဘဲ တကာနိုင်ရ၊ (မှန်ပါ အလွန် ကျယ်ဝန်းပါလိမ့်ဘုရား)။

ဒါ့ကြောင့် သည်ကိုရည်၍-

ဝိသိဋ္ဌော၀၊ အမျိုးမျိုး အဖုံဖုံ အားလုံးစုံအောင် တွေ့ကြုံ ခဲ့ရ ထူးဆိုသမျှ အနန္တတို့နှင့် စံမရနိုင်းမမှီ အတိုင်း အရှည် ကျူးလွန်၍ မပိုင်းနိုင်တော့ဘဲ ထူးချင်တိုင်းထူး၍ နေတော့ သည်သာလျှင်တည်း....

ဟု နောက်က ပြဆိုခဲ့ပေသတည်း။

ဤသို့ ပြဆိုခဲ့ပြီးသည့်အတိုင်း ဗုဒ္ဓုပ္ပါဒ နဝမ အခါ သာ သနာကာလ ခါသမယကြီးကား အလွန်ပင်ထူးခြားပါသော် လည်း အကြင်မျှလောက်သော ကာလပတ်လုံး တရားပရမတ် အကြည်ခတ်သည် မိမိအဇ္ဈတ္တသန္တာန်၌ မတည်မရပ် မဆိုက် ကပ်လာသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ခြားနား ခြင်း မရှိသေးဟု မှတ်။

ယခင်က ဟောပြခဲ့သည့်အတိုင်း သာသနာတော်အတွင်း ဖြစ်ရခြင်းကြောင့် ကဲ- အခါကတော့ ထူးတယ်မဟုတ်လား၊ (ထူးပါဘုရား)။

တရားပရမတ် အသိဉာဏ် အကြည်ဓာတ်ကလေးက မိမိ အဇ္ဈတ္တသန္တာန်မှာ သံသရာ အစဉ်တစိုက် အေးသွားလောက် အောင် မတည်မရပ် မဆိုက်ကပ် လာသေးလျှင် ပုထုဇဉ် တန်းစားနှင့် တကယ်ပင်ခြားနားမည် မဟုတ်သေးဘူးပေါ့ဟ တကာနိုင်ရ၊ (မခြားနားပါ ဘုရား)။

ထူးတော့ဖြင့် ထူးနေပြီ၊ ခြားနားဘို့သာ လိုတော့သည် ဟူလို။

အကြင်အခါ တရားပရမတ် အသိဉာဏ် အကြည်ဓာတ် ကလေးသည် မိမိစိတ်သန္တာန်၌ တည်လာ ရပ်လာ ဆိုက်ကပ် လာငြားအံ့၊ထိုအခါ ဒိဋ္ဌိစသောအမှားတရား အစားစားတွေ ပါးရှားသွားသဖြင့် ခြားနားပြီဟု မှတ်။

ထိုကဲ့သို့ အခါထူးသည်အား လျော်စွာ အဘယ်တရားကို ပွားများမှ ခြားနားမှာလဲဆိုလျှင် တချက်ခုတ်လေးချက်ပြတ် တရားကို ပွားများအားထုတ်မှသာ စင်စစ် ခြားနားလာတော့ မည် ဖြစ်သည်။

တချက်ခုတ်လျှင် လေးချက်ပြတ်သောတရားကား အဘယ် တရားနည်း။

ခန္ဓာငါးပါး တရားတော်ကြီးပင်တည်း။

ထိုခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာအရကို ထုတ်ပြရပေလိမ့် မည်၊ ထိုရူပက္ခန္ဓာမှာလည်း ဝါယောဓာတ် ရူပက္ခန္ဓာတခုကို

ပွားများရှုမှတ် လွယ်အောင် ထုတ်ဆောင်ဟောပြ ရပေလိမ့်မည်၊ ရေလည်အောင် နားထောင်ကြ။

ပိုင်းခြားသိမှု ပရိညာကိစ္စ, ပယ်သတ်မှု ပဟာနကိစ္စ, မျက်မှောက်ပြု၍ ဆိုက်ရောက်မှု သစ္ဆိကရဏကိစ္စ, ပွားများမှု ဘာဝနာကိစ္စ၊ ဤကား ကိစ္စကြီးလေးပါးတည်း။

ဤပရမတ္ထ ကိစ္စကြီးလေးပါး တို့တွင်လည်း ပိုင်းခြား၍ သိမှုဟူသော ပရိညာကိစ္စကြီးတခုက နေရာကျဘို့ အရေးကြီးလှပေ၏။

ပရိညာကိစ္စက နေရာကျလျှင် ပဟာန, သစ္ဆိကရဏ, ဘာဝနာဟူသော ကိစ္စတို့သည် အတွင်းဝင် ပြည့်စုံအောင်မြင် ထမြောက်ကြရကုန်၏။

ထို့ကြောင့် ဝါယောဓာတ်, ရူပက္ခန္ဓာ, ဒုက္ခသစ္စာတရားတခုကို ပရိညာကိစ္စကြီး အောင်မြင်စွာ ပွားရှုဘို့ရာသာ လိုပေတော့သည်။

ကဲ-ဒါဖြင့် ဘယ်လိုဝါယောဓာတ်ကို ဘယ်လိုဉာဏ်ကသွားပြီးဘယ်လို ပွားများ၊ ဘယ်လို စိတ်အာရုံ စိုက်ထား ရမှာလဲ ဆိုတော့....

ငါမဟုတ် ကိုယ်မဟုတ်၊
လှုပ်ရှား ရုပ် ရေမြုပ်။

ဟောဒီဆောင်ပုဒ် အတိုချုပ်ကလေးကို နှုတ်က မပြတ်မပြတ် ရွတ်ရွတ်ပေး၊ စိတ်ဓာတ် ကလေးက သဘာဝပေါ် စူးစိုက်ထား။

သွားလားလာလား ရွေ့လားပြောင်းလားနှင့် လှုပ်လှုပ်ရှားရှားတွေ တဖွားဖွား ပေါ်၍နေဒါ ထင်ရှားစွာ တွေ့ရှိနေကြပေ၏။

ထိုလှုပ်ရှားဟူသော ဝါယောဓာတ်သား ပရမတ်ရုပ် ဒုက္ခသစ္စာတရားကို ဝါယောဓာတ်သား ဓာတ်တပါး အနေနှင့် မသိမမြင် မဆင်ခြင် နိုင်တော့၊ လှုပ်ရှားမှု ရုပ်တရားကိုပင် ငါ-ဟု ကိုယ်-ဟု ထင်နေကြတယ် မဟုတ်လား တကာနိုင်ရ၊ (မှန်ပါ ထင်နေကြပါဘုရား)။

မထင်ဘဲ နေပါ့မလား၊ နဂိုရ်က ထိုဝါယောဓာတ်သား ပရမတ်တရားကလေးကို ဓာတ်တပါးအနေနှင့် သေချာစွာ မှတ်မထားဘဲကိုး။

လှုပ်ရှားသဘော,လှုပ်ရှားဓာတ်,လှုပ်ရှားပရမတ်,ကလေးကိုးလို့ ဉာဏ်ဖြင့်စူးစိုက်၍ ကြည့်လိုက်သောအခါ အကောင်အထယ်နှင့် တကယ်လိုလို အထင်ပို၍နေသော ငါ,ဆိုဒါကိုယ်, ဆိုဒါ ဘယ်မှာရှိတော့လိမ့်မလဲ၊ စိတ်ထဲတွင် ထင်ခါမျှမို့ စိတ်ထဲတွင် ပျောက်ရသော တရားမျိုးဟ တကာနိုင်ရ၊ (မှန်ပါ စိတ်ထဲတွင် ပျောက်ရသော တရားမျိုးပါ ဘုရား)။

## ငါ,မဟုတ် ကိုယ်,မဟုတ်၊ ပိန့်ဖောင်း ရုပ်ရေမြုပ်။

မိမိဝေါင်းကို ဖြစ်စေ၊ လက်မောင်းကို ဖြစ်စေ၊ ပေါင်ကို ဖြစ်စေ၊ လက်နှင့်ဖိနှိပ်၍ ကြည့်လိုက်သောအခါ ပိန့်ဝင်သွားဒါကို မြင်ရတယ်မဟုတ်လား၊ (မြင်ရပါဘုရား)။

အဲဒီ–ပိန့်ဝင်သွားမှုကလေးဟာ ဝါယောဓာတ်ရဲ့ သတ္တိပါဘဲ၊ပြီးတော့ လက်လွှတ်လိုက်သောအခါ ပြန်ပြီး ဖောင်းကြွလာတယ် မဟုတ်လား၊(ဖောင်းကြွလာပါ ဘုရား)။

အဲဒီ ဖောင်းကြွလာမှု ကလေးတခုလဲ ဝါယောဓာတ်ရဲ့ သတ္တိပါဘဲ၊ ဒါ့ကြောင့် ပိန့်ဝင်သွားမှု ဖောင်းကြွလာမှုကို မြင်ရပါသဖြင့်လဲ ဝါယောဓာတ်၏သတ္တိကို အတပ် သိမြင်အောင် ရှုဆင်ခြင်ကြရမည်။

ဒီ–ဝါယောဓာတ် အစုမျှကို သတ္တုချမြင်လျှင် ရေမြှုပ်လိုထင်ပြီး ရေမြှုပ်လိုထင်မှ အနတ္တပေါက် ဆိုက်ရောက်မည်၊ အနတ္တပေါက် ဆိုက်ရောက်မှသာလျှင် ငါ့,ကိုယ် ဟူသော သက္ကာယဒိဋ္ဌိ အငြိကွာစင်မည်။

ထိုမှတပါး ပိုင်းခြားမှတ်သား၍ ဆင်ခြင် ပွားများရန်ကား–

မိမိ၏ ချက်ကစ၍ နှာသီးဖျားကျအောင် မှုတ်၍ထုတ်လိုက်သောလေကို ထွက်လေဟု ဆိုရ၏။ တဖန် ပြန်၍ ရှုလိုက်သောလေကို ဝင်လေဟု ဆိုရ၏။ ထိုလေ နှစ်ချက်လုံးကိုပင် ဝါယောဓာတ်ဟုမှတ်။

ထိုစိတ္တဇ ဝါယောဓာတ်ခေါ်သော လေနှစ်ချက်တို့တွင် မှုတ်ထုတ်လိုသောစိတ် ဖြစ်ပေါ်လာ၍ မှုတ်ရှိုက်၍ ထုတ်လိုက်သောအခါ ပိန်သွားဒါကို မြင်ရပါသဖြင့် ဝါယောဓာတ်ကို တပ်အပ်ထင်ထင် သိမြင်ကြရမည်။ ရှုလိုသောစိတ် ဖြစ်ပေါ်လာ၍ ရှုလိုက်သောအခါမှာလည်း ဖောင်းကြွလာဒါကို မြင်ရပါသဖြင့် ဝါယောဓာတ်ကို တပ်အပ်ထင်ထင်သိမြင်ကြရမည်။

သို့ကလို ဝမ်းဗိုက်, ရင်ပတ် ဟု သမုတ်အပ်သော အရပ်များ၌ မရပ်မနား ဖြစ်ပေါ်ပေါက်ဖွားရှိနေသော ပိန်သွားသောအခါ ဝါယောဓါတ်သော လေသဘော လေ့ခတ် လေ့ပရမတ်၊ ဖောင်းလာသောအခါ ဝါယောဓါတ်သော လေ့သဘော လေ့ခတ် လေပရမတ်၊ ၎င်း လေသဘော လေခတ်, လေပရမတ်တရားကို ခတ်သားကျအောင် ရှုမြင်ရပေလိမ့်မည်။

အဲဒီလို ပရမတ်တရား၌ ဝါယောခတ်သား ဆိုက်အောင် အရှုမှန်မှသာ ဒိဋ္ဌိ မခုခံနိုင်မှာ မဟုတ်လား တကာနိုင်ရ၊ (မှန်ပါ ဘုရား)။

ပိန်သွားတဲ့ချေ ဖောင်းလာတဲ့ချေ ဝါယောခတ်အနေနှင့် ပရမတ်လေ ခတ်လေကျအောင် မမြင်ကြ မထင်ကြတဲ့အတွက် အသက်လိပ်ပြာ အထင်မှားနေကြဒါပေါ့။

ကဲ-ရှုချင်တဲ့စိတ်ကြောင့် ရှုလိုက်တဲ့အခါ ဖောင်းပွလာသော စိတ္တဇ,ဝါယောဓါတ်သော လေ့သဘော ကလေးဟာ အသက်လိပ်ပြာ ဟုတ်ရဲ့လား၊ (အသက်လိပ်ပြာ မဟုတ်ပါ ဘုရား)။

ရှိုက်ချင်တဲ့ စိတ်ကြောင့် ရှိုက်လိုက်တဲ့အခါ ပိန်ခွက်သွားသော စိတ္တဇဝါယောဓါတ်သော လေ့သဘော ကလေးဟာကော အသက်လိပ်ပြာ ဟုတ်ပါ့မလား၊ (မဟုတ်ပါ ဘုရား)။

အသက်လိပ်ပြာဆိုဒါသက်သက်မဟုတ်၊ဘိတ်ဘိတ်မဟုတ် အသျှင်းမဟုဘ်၊ ဝါယောခတ်သာဟုတ်။

ဒါဖြင့် ဒီ ဝါယောဓာတ်ထဲမှာ အသက်လိပ်ပြာပါရဲ့လား၊ (မပါပါဘုရား)။

ဝါယောဓာတ်မှတပါး အသက်လိပ်ပြာဆိုဒါ တသီးတခြား ကော ရှိသေးရဲ့လား၊ (သီးခြားလဲ မရှိပါဘုရား)။

အသက်လိပ်ပြာဆိုဒါ သက်သက်မရှိ၊ ဘိတ်ဘိတ်မရှိ၊ အလျှင်းမရှိ၊ ဝါယောဓာတ်သာရှိ။

အသက်လိပ်ပြာဆိုဒါ မရှိဘူး၊ ရှာမနေနှင့်၊ ရှာနေလျှင် အပိုဘဲ အပိုစွဲ၊ အသက်လိပ်ပြာ ထင်မနေနှင့်၊ ထင်နေလျှင် အပိုထင် အပိုမြင် အမှားပင်။

နိဿတ္တ နိဇ္ဇီဝ သဘာဝရင်းမို့ ဝါယောဓာတ် စင်းစင်းကို ထင်းထင်းကြီး မြင်ကြရမည်၊ မြင်အောင်ရှုကြပါ။

ဝါယောဓာတ်ရင်းကို ထင်းထင်းကြီး မြင်လျှင်လည်း အသက်လိပ်ပြာ ကင်းရှင်း၍ ဝိပဿနာအလင်းသို့ ရောက်တော်သည် ဟူလို။

**သား,မဟုတ် သမီး,မဟုတ်၊**
**လှုပ်ရှား ရုပ်ရေမြှုပ်။**

လှုပ်လိုရှားလိုသောစိတ် ဖြစ်ပေါ်လာ၍ လှုပ်မှုရှားမှု ဟူသော ဝါယောဓာတ်စု သဘောနုကလေးတွေ တခုပြီးတခု ဖြစ်ပေါ်လာဒါကို အခါခါ စူးစိုက်၍ ကြည့်ပါ။

သွားလို လာလိုသော စိတ်ဖြစ်ပေါ်လာ၍ သွားမှု လာမှု ဟူသော ဝါယောဓာတ်စု သဘောနုကလေးတွေ တခုပြီးတခု

ဖြစ်ပေါ်လာဒါကိုလည်း သေချာစွာ ဉာဏ်ထဲမှာ သိမ်းပိုက်၍ ထားပါ။

ရွေ့လိုပြောင်းလိုသောစိတ်ဖြစ်ပေါ်လာ၍ ရွေ့မှုပြောင်းမှုဟူသော ဝါယောဓာတ်စု သဘောမှု ကလေးတွေ တခုပြီးတခု ဖြစ်ပေါ်၍နေသည်ကိုလည်း ဝိပဿနာ ပညာမျက်စိနှင့် ခဏခဏထပ်၍ ကြည့်ပါ။

ကဲ- အဲဒီလှုပ်ရှားမှု သွားလာမှု ရွေ့ပြောင်းမှု ဆိုတဲ့ ဝါယောဓာတ်စု သဘောမှု ကလေးတွေဟာ သား, သွေး ဟုတ်ပမလား၊ (မဟုတ်ပါဘုရား)။

ဝါယောဓာတ်လို့ ဆိုမှဘဲ ဘယ်မှာ သား,သွေး,ဟုတ်တော့မလဲ။

သား, သွေး ဆိုဒါ သက်သက်မဟုတ်၊ ဘိတ်ဘိတ်မဟုတ်၊ အလျှင်းမဟုတ်၊ ငါယောဓာတ်သဘောမျှသာ ဟုတ်။

လှုပ်ရှားမှုဟူသော ဒီဝါယောဓာတ် သဘောမှု တခြားတသီး သား, သွေးရယ် လို့ကော ပြောစရာပြစရာ ရှိနိုင်ပါဦးမည်လား၊ (မရှိပါ ဘုရား)။

ဝါယောဓာတ်ပကတိကို ဓာတ်သား ချကြည့်လိုက်မှတော့ ဘယ်မှာ သား, သွေးရယ်လို့ တခြားတသီး ရှိပါတော့မလဲ။

သား, သွေးဆိုဒါ သက်သက်မရှိ၊ ဘိတ်ဘိတ်မရှိ၊ အလျှင်းမရှိ၊ ဝါယောဓာတ် သဘောမျှသာ ရှိ။

ထိုမှတပါး ကွေးမှုဆန့်မှု ဟူသော ဝါယော ခေါ်သောရုပ်သဘော ကလေးတွေ မနေမနား တဖွားဖွား ဖြစ်ပေါ်

နေဒါကိုပင် လက်ကကွေးတယ်, လက်ကဆန့်တယ်, ခြေက ကွေးတယ်, ခြေကဆန့်တယ်လို့ ဝါယောဓာတ် အပေါ်မှာ အထင်ချော် မနေကြ ဘူးလား၊ (အထင်ချော် နေကြပါ ဘုရား)။

ကဲ-ဒါဖြင့် အထင်မချော်ရလေအောင်....

ခြေမဟုတ် လက်မဟုတ်၊
ကွေးဆန့် ရုပ် ရေမြှုပ်။

ကွေးလိုသောစိတ်ဖြစ်ပေါ်၍ ကွေးလိုက်သောအခါ လက် ကွေးဒါလား၊ ဝါယောဓာတ်ပေါ်ဒါလားဆိုလျှင် အမှန်မုချ အားဖြင့် လှုပ်ရှားဝါယောဓာတ် ပေါ်လာဒါ ဟုတ်သည်၊ လက်ကွေးဒါ အမှန်မဟုတ်။

ဆန့်လိုသောစိတ် ဖြစ်ပေါ်လာ၍ ဆန့်လိုက်သော အခါ လက်ဆန့်ဒါလား, ဝါယောဓာတ် ပေါ်လာဒါလား ဆိုလျှင် လည်း အမှန်မုချအားဖြင့် လှုပ်ရှား ဝါယောဓာတ် ပေါ်လာ ဒါ ဟုတ်သည်၊ လက်ဆန့်ဒါ အမှန်မဟုတ်။

ထို့အတူ ခြေကွေး ခြေဆန့်ရာမှာလည်း ဝါယောဓာတ် သန့်သန့်သာ ဟုတ်မှန်သည်ဟု မှတ်။

ဝါယောဓာတ်အနုပ် ဖြစ်,ပျက်ချုပ်ကလည်း ခြေ, လက် မဟုတ်၊ ဝါယောဓာတ်အနုပ် ဖြစ်,ပျက်ချုပ်မှ တပါးလည်း ခြေ,လက်ဟူ၍ တခြားတသီးမရှိချေ။

အဟုတ်သား လက်ချောင်းကြီးက ကွေးသည်၊ အဟုတ် သား လက်ချောင်းကြီးကဆန့်သည်ဟု မမှတ်လင့်၊ လှုပ်ရှားမှု

ဟူသော ဝါယောသဘာဝ,ခာတ်သားကျအောင်ကြည့်၊ လက်နိမိတ် ပျောက်၏။

တကယ်သား ခြေချောင်းကြီးကကွေးသည်၊တကယ်သား ခြေချောင်းကြီးကဆန့်သည်ဟု မမှတ်လင့်၊ လှုပ်ရှားမှုဟူသော ဝါယောသဘာဝ ခာတ်သား ကျအောင်ကြည့်၊ ခြေနိမိတ် ပျောက်၏။

ဆန့်ခြင်းကွေးခြင်းဟူသော အမူအရာ ဖြစ်ပေါ်လာသော အခါ အနိမိတ္တဖြစ်သောဝါယောအရ လှုပ်ရှားခါမျှ သဘာဝ မကျလျှင် လက်ပုံလက်ဟန် လက်သဏ္ဌာန် ခြေပုံခြေဟန် ခြေသဏ္ဌာန်တွေက ခုခံ၍နေတတ်သည်၊ ကြပ်ကြပ်သတိထား။

လှုပ်ရှားမှုဟူသော သုဒ္ဓသဘော ဝါယောပရမတ် အခြေခာတ်အနေမှာ လက်တွေ ခြေတွေ ရှုပ်မနေစေလင့်၊ သဘာဝ ကျအောင်သာ အခါခါ ရှုပေတော့ တကာနိုင်ရေ။

**တုံးမဟုတ် တိုင်မဟုတ်၊**
**ထောက်ကန် ရုပ် ရေမြှုပ်။**

ထောက်ကန်မှုဟူသော ဝါယောခာတ်, ဝါယော ပရမတ် အပေါ်မှာလဲ တကယ်ရှိ တုံးဘဲ၊ တကယ်ရှိ တိုင်ဘဲလို့ အထင်လွဲမနေကြဘူးလား၊ (အထင်လွဲနေကြပါ ဘုရား)။

ထောက်ကန်ခြင်း သဘောလက္ခဏာရှိသော ဝါယောခာတ် အစုမျှကို သတ္တုချမြင်လျှင် အဘယ်မှာ တုံး အဟုတ်ရှိ၊ တိုင် အဟုတ်ရှိ အနေနှင့် ယူဆစွဲဆိုနိုင်တော့ မှာလဲ၊ စိတ်ထဲတွင်

ဖြစ်ပေါ်သောတရားမို့ စိတ်ထဲတွင် ပျောက်ပျက်သွားတော့ ဒါပေါ့။

တုံး-ဟူသောဝတ္ထု၊ တိုင်-ဟူသောဝတ္ထု၌ ပရမတ်မှန် ခေတ် ဉာဏ်နှင့် စိုက်ရှုလိုက်တော့ ထောက်ကန်မှု ဝါယောဓာတ် သဘောမှန်ကြောင်း သူကပင် သက်သေခံနေတယ် မဟုတ် လား၊ (ဝါယောဓာတ်အမှန်က သက်သေခံနေပါ ဘုရား)။

ဒါဖြင့် သက်သေခံသဘောနှင့် အမှန်ရှိနေသော ထောက် ကန်ဝါယောဟာ တုံး- ဟုတ်ပမလား၊ တိုင်- ဟုတ်ပမလား၊ (မဟုတ်ပါ ဘုရား)။

ဒါ့ကြောင့် ဝါယောဓာတ် အပေါ်မှာ တုံး, တိုင် ဆိုဒါ သက်သက် မဟုတ်၊ ဘိတ်ဘိတ် မဟုတ်၊ အလျှင်း မဟုတ်၊ ထောက်ကန် ဝါယောဓာတ်သာ ဟုတ်။

ဒါဖြင့် ဝါယော ဓာတ်မှတပါး တသီးတခြား တုံးရယ် တိုင်ရယ်လို့များ ရှိပါအုံးမလား၊ (မရှိတော့ပါ ဘုရား)။

ဒါ့ကြောင့် ဝါယောဓာတ်မှ တပါး တသီးတခြားမှာ တုံး-ဆိုဒါ တိုင်ဆိုဒါ သက်သက်မရှိ၊ ဘိတ်ဘိတ်မရှိ၊ အလျှင်း မရှိ၊ ထောက်ကန်ဝါယောသာရှိ။

ဝါယော ဓာတ်အပေါ်မှာ တုံး တိုင်ဟု ထင်ရဒါဟာ မကင်းရာ မကင်းကြောင်းမျှသာ ဖြစ်သည်၊ စင်စစ်မှာ စိတ် အထင်ကျခါမျှ စိတ်အထင် ရောက်ခါမျှ ဖြစ်သောကြောင့် စိတ်နှင့်ပင် မွေနှောက်၍ စိတ်နှင့်ပင် ချေဖျောက်လျှင် စိတ်

တွင်သာ ဖြစ်ပေါ်သော တရားမို့ စိတ်ထဲတွင် ကျေပျောက် သွားရတော့သည်ဟုမှတ်။

သို့ကလို စိတ်ထဲတွင် အထင်အမြင်အားဖြင့် ဖြစ်ပေါ်သောတရား၊ စိတ်ထဲတွင် ကျေပျောက်မသွားနိုင်ကြဘဲ ဟိုမှာတခြား ဒီမှာတခြား အရှိထားနေကြတဲ့အတွက် နိမိတ်တွေ မပျောက်ပျက်လို့ ဒိဋ္ဌိက ယောက်ယက် ခပ်နေတော့သည်။

တုံး တိုင်စသော နိမိတ္တတရားတွေဟာ စိတ်တွင် ဖြစ်ပေါ်နေတဲ့ အလားကို စိတ်ထဲတွင် ပျောက်ကွယ် မသွားစေဘဲ ဟိုမှာတခြား ဒီမှာတခြား အရှိထားနေတဲ့အတွက် ဒိဋ္ဌိကလေး လောက်လက် ခပ်နေဒါ အထင်အရှား မဟုတ်လား တကာနိုင်ရ၊ (မှန်ပါ ဒိဋ္ဌိက လောက်လက်ခပ်နေပါ ဘုရား)။

လောက်လက်ခပ် မနေဘဲရှိစ၊ သူ့နယ်နိမိတ်က မလွတ်သေးဘဲကိုး။

ထောက်ကန်ခြင်း သဘောမျှ ဝါယောဓာတ် သူ့ကိစ္စကို နေရာတကျ ကောဋ္ဌမြင်လျှင် အပြင်တခြားမှာ တုံး ဆိုဒါ တိုင်ဆိုဒါ ရှာချင်တိုင်း ရှာသော်လည်း မပါမရှိတော့သည် ဖြစ်၍ ဟိုမှာဘဲဒီမှာဘဲလို့ အစွဲဒိဋ္ဌိဓာတ်ကလေးဟာ ယောက်ယက်ခပ်နိုင်သေးရဲ့လား၊ (ဒိဋ္ဌိဓာတ် ယောက်ယက် မခပ်နိုင်တော့ပါဘုရား)။

ဘာ ယောက်ယက် ခပ်နိုင်တော့မလဲ, သူ့နယ်နိမိတ်က လွတ်ပေါ့ကိုး။

သို့ကလို အတိုအရှည် အထည်သဏ္ဍာန် အဆံအမာမျိုး မဟုတ်သော ရေမြှုပ်သဘော ရှိသော ဝါယောဓာတ်သား သက်သက်မျှကို အချက်ကျ မြင်နိုင်မှသာလျှင် အနိမိတ္တ စခန်းသို့ ဉာဏ်ဦးတန်းပေါက် ဆိုက်ရောက်ကြမည်။

အခိုင်အမာ မဟုတ်သော ရေမြှုပ်သဘောမို့ ဝါယော ဓာတ်ကတော့ အပိုင်းအပိုင်း ပြတ်၍နေလေသည်။ ထိုအပိုင်း အပိုင်းပြတ်၍နေဒါကိုပင် တဆက်ထည်းထင်ခါ မီးစက်ဝိုင်း ပမာ ဖြစ်၍ နေကြသည်။

ထို့ကြောင့်....

**အလာတစက္ကံဝ အသာရာ-ဟူ၍။**

သင်္ခါရာ၊ ထင်လာသမျှ သင်္ခါရတရားတို့သည်။ အလာတ စက္ကံဝ၊ ငါ-ငါ့ကိုယ်ပင် ကြောင်ကြောင် မြင်လည်း အထင် ကြီးဘွယ် အကယ်မဆိုင်း မီးစက်ဝိုင်း ကဲ့သို့။ အ သာရာ၊ ကိုင်ယူမဖြစ် အနှစ်သာရ ရှာမရကုန်သာလျှင်ကတည်း။

ပြဆိုခဲ့ပြီးသော တရားတို့၏ ဖြစ်ပေါ်နေသော သူ့ သဘောအလား အမူသွားကို ဥပမာ စကားဖြင့် ထင်ရှား အောင် ပြဦးအံ့။

ညဉ့်အမှောင်ခန်းမှာ မီးတစကို လက်ဖြင့်ကိုင်၍ ရမ်းလိုက် သောအခါ ချည်ခင်ပမာ လှည်းဘီးပမာ မီးစက်ဝိုင်းကြီး ဟာ ဖြစ်ပေါ်လာတယ် မဟုတ်လား၊ (မှန်ပါ ဝိုင်းဝိုင်းကြီး ဖြစ်ပေါ်လာပါ ဘုရား)။

ကြည့်ထား သေသေချာချာ အဲဒီ အဝိုင်းကြီးဟာ စိတ်ထင်ဒါ သက်သက်လို့ ပေါ်လာလိမ့်မယ်နော်။

အဲ-ဒီစကား စစ်ကြဦးစို့၊ နဂိုရ်ကိုင်၍ ရမ်းစဉ်အခါက မီးတစထဲဘဲ မဟုတ်လား၊ (မှန်ပါ မီးတစထဲပါဘုရား)။

စဉ်းစားနော်၊ မူလရင်းက မီးစဟာ တစထဲရယ်၊ နှစ်စ သုံးစ မဟုတ်ဘူး၊ အတင်းကိုင်၍ ရမ်းလိုက်သော အခါကျမှ အလွန်လျင်မြန်လှ၍ ဝိုင်းဝိုင်းကြီးကဲ့သို့ ထင်ရဒါ မဟုတ်လား၊ (မှန်ပါ ထင်ရပါ ဘုရား)။

မထင်ရဘဲနေပါ့မလား၊ အလွန်လျင်မြန်သော အားဖြင့် ဆက်၍ ဆက်၍ သွားသလိုနေဒါကိုး။

ဒါဖြင့် ဒီမီးစဟာ အထက်သို့ရောက်၍နေခိုက်မှာ အောက်အရပ်နှင့် ဘေးနှစ်ဘက်မှာ မီးစရှိပါ့မလား၊ (မရှိပါဘုရား)။

ဘာ- ရှိမလဲ၊ ရောက်ရာ ရောက်ရာ အရပ်မှာ အခိုက်အတန့်သာ ရှိဒါပေါ့။

ဒီ မီးစဟာ အောက်သို့ ရောက်တဲ့အခါမှာကော အထက်အရပ်နှင့် ဘေးနှစ်ဘက်အရပ်မှာ မီးစ ရှိပါ့မလား၊ (မရှိပါဘုရား)။

ဘာ-ရှိမလဲ သူရောက်ဆဲခဏ အောက်အရပ်မှာသာ ရှိဒါပေါ့။

ဘေးတဘက်သို့ ရောက်ဆဲမှာကော အောက်နှင့်အထက် ကျန်ဘေးတဘက်မှာ မီးစရှိတယ် ပြောနိုင်ပါ့မလား၊ (မပြောနိုင်ပါဘုရား)။

ဘာ-ပြောနိုင်မလဲ ယခင်ကအတိုင်းဘဲ သူရောက်ဆဲ ခဏ သာ သူ့ဌာနမှာ ရှိနေဒါကိုး။

ထိုကဲ့သို့ ရောက်တုန်း ရောက်ဆဲဌာနမှာ ရောက်တုန်း ရောက်ဆဲ ခဏသာရှိ၍ ကြွင်းကျန်သော အရပ်ဌာနများမှာ ထင်ရှားမရှိသော်လည်း အဝိုင်းကြီးရယ်လို့တော့ မထင်ဘူး လား၊ (ထင်ရပါဘုရား)။

ဝိုင်းဝိုင်းကြီးရယ်လို့ မထင်ဘဲရှိစ အဆက်က အလွန်မြန် ဒါကိုး။

ကဲ- ဒါဖြင့် ဝိုင်းဝိုင်းကြီးက မှန်သလား၊ တစထဲက ဟုတ်မှန်သလားမေးလျှင် ဘယ်လိုပြောမလဲ၊ (တစထဲကသာ ဟုတ်မှန်ပါတယ်ဘုရား)။

တစထဲက ဟုတ်မှန်မှာပေါ့၊နဂိုရ်ကမှ တစထဲဟာကိုး။

အဲဒါလိုဘဲ လှုပ်ရှားမှု ဟူသော ဝါယောဓာတ်က အပိုင်း အပိုင်း ပြတ်နေဒါ မှန်ပါလျက်နှင့် သန္တတိ အဆက်က အလွန် မြန်လှသောကြောင့် ငါက လှုပ်သလိုလို ကိုယ်က လှုပ်သလိုလို လှုပ်ရှားမှုကိုပင် ငါကောင်ကြီးလိုလို ကိုယ်ကောင်ကြီးလိုလို အထင်အမြင်တွေ ပို၍နေလေသည်။

မီးစနှင့်ကား- ဝါယောဓာတ်သားနှင့် တူ၏၊ စက်ဝိုင်း နှင့်ကား- ငါကောင် ကိုယ်ကောင်နှင့် တူ၏ဟုမှတ်။

တခုတည်းသော မီးစနှင့်တူသော အပိုင်းအပိုင်း ပြတ်၍ ပြတ်၍နေသော ခဏဆတ်ဆတ်လှုပ်ရှား ဝါယောဓာတ် ရုပ်ပရ မတ်သဘောကလေးတွေကို တပေါင်းထည်း တစပ်ထည်းကဲ့သို့

စိတ်ဓာတ်က ပေါင်းစပ်ပြီး အကောင်အထည် ဒြပ်ကြီးဟု ထင်ရဒါဟာ ဘယ့်ကလောက် မီးစက်ဝိုင်းကြီးနှင့် တူနေသလဲ ဟု တကာနိုင်ရ၊ (အလွန် တူလှပါ ဘုရား)။

ထိုမှတပါး သွားလာ ရွေ့ပြောင်း ပိန်ဖောင်း ကွေးဆန့် အခိုက် အတန့်မျှသာ ဖြစ်ပေါ်လာသော ဝါယောဓာတ် အပေါ်မှာ ငါ, သူတပါး, ယောကျ်ား, မိန်းမ, သားသမီး အသွင်သဏ္ဌာန်တွေ ထင်လေသမျှ မီးစက်ဝိုင်းနှင့် တထပ် ထည်းကျ အလွန်တူလှ၏ဟု မှတ်ရမည်။

ပိန်မှု ဖောင်းမှုဟူသော ဝါယောဓာတ်စု အပေါ်မှာလဲ ရင်ဘဲ, ဗိုက်ဘဲ, ဝမ်းဘဲ, ခါးဘဲ စသည်ဖြင့် အနဲနဲထင်ရဒါ တွေဟာ မီးစက်ဝိုင်းလိုပါဘဲ တကာနိုင်ရ၊ (မှန်ပါ စက်ဝိုင်း ကြီးလိုပါဘဲ ဘုရား)။

ကွေးမှု ဆန့်မှုဆိုတဲ့ ဝါယောဓာတ်ကိုလဲ လက်က ကွေး တတ်သလိုလို လက်က ဆန့်တတ်သလိုလို ခြေကကွေးတတ် သယောင်ယောင် ခြေက ဆန့်တတ် သယောင်ယောင် ဟန်ဆောင်၍ နေလိုက်ထာ မီးစက်ဝိုင်းကြီး အတိုင်းပါဘဲ။

တခုတည်းသော မီးပြင်မှ တပါး ဝိုင်းဝိုင်းကြီးကား တခြားမရှိဒါလို ထို့အတူ လှုပ်ရှား ရွေ့ပြောင်း ပိန်ဖောင်း ကွေးဆန့်ခြင်းတည်း ဟူသော ဝါယော သဘော, ဝါယော ဓာတ်ပြင်မှတပါး ငါ, ကိုယ်, လက်, ခြေစသော ခြင်းရာပုံစံ သဏ္ဌာန်နိမိတ် အရိပ်အရောင်တွေဟာ ထင်ရှားကေန် အမှန် ရှိဒါမျိုး မဟုတ်ပါဘူး။

မီးစ၏ ရောက်ရာ ရောက်ရာ၌သာ တချက်တချက်သော အခိုက်အတန့်မျှသာ ဖြစ်လျက် အဆက်အဆက် မပြတ်မပြတ် နောက်ထပ် နောက်ထပ် ပေါ်လာသော ရောက်လာသော အချက်တရပ်နှင့် ဆက်စပ်ရောယှက်ပြီး ဝိုင်းဝိုင်းကြီး ကွင်းကွင်းကြီးဟု ထင်ရဒါလို ထို့အတူ မနားမရပ် အထပ်ထပ် ဒလစပ် ဖြစ်ပျက်၍ နေသော ဝါယောဓာတ်၏ အစိပ်စိပ် တရိပ်ရိပ်အပေါ်မှာ ငါဘဲ, ကိုယ်ဘဲ သွားဘဲ,သွီးဘဲဟု အနဲ့နဲ့ အသွင်အပြင်တွေဟာ စိတ်ထင်ရုံသာပါဘဲတကာနိုင်ရ၊ (မှန်ပါ စိတ်ထင်ရုံပါဘဲ ဘုရား)။

ကဲ– ဒါကြည့်လိုက်စမ်းပါဦး၊ ခဏခဏပျက်၍ အဆက်ဆက် ဖြစ်၍နေသော ထောက်ကန်မှုဟူသော ဝါယောဓာတ် အပေါ်မှာ အပေါင်းအစည်းပြုခါ တုံး-ရှည်ရှည်ကြီးပါ၊တိုင်လုံးလုံးကြီးပါဟု ထင်မှုတွေ ပေါ်၍နေပြန်သည်။

အဆက်ဆက် ပျောက်ပျက်၍ နေသော ထောက်ကန်မှု ဝါယောသဘော ဝါယောဓာတ်က တခုတည်းသော မီးနှင့် တူ၍ ရှည်ရှည်ကြီးက တုံးတုံး၊ လုံးလုံးကြီးက တိုင်တိုင်-ဟု ထင်မှုရောက်ခါ ထင်ရတဲ့ဟာက မီးစက်ဝိုင်းကြီးနှင့် အပြီး တူမနေဘူးလား၊ (အလွန် တူလှပါ ဘုရား)။

ဤသို့ကလို ပြဆိုခဲ့ပြီးသော ဥပမာစကားနှင့် ကြပ်ကြပ်ကြီး သတိထားပြီး များများကြီး ဆင်ခြင် စဉ်းစားမိပါလျှင် စိတ်၏ လက်ချက်, စိတ်သက်သက်ကို ကွက်ကွက်ကွင်းကွင်း ဉာဏ်အမြင် လင်းလာပါလိမ့်မည်။

ဟောဒီ– မီးစက်ဝိုင်း ဥပမာနှင့် အရာရာမှာ နေရာတကျ ဟန်ရအောင် ရှုတတ်ပါလျှင် ဝိပဿနာဉာဏ် အလင်းရောက်၍ ငါငါ-သူသူ ဟူသော အတ္တဒိဋ္ဌိလဲ ကင်းပျောက်နိုင်ဒါပါဘဲ တကာနိုင်ရ၊ (မှန်ပါ ကင်းပျောက်ပါလိမ့် ဘုရား)။

အမြစ်အရင်းနှင့်တကွ အကြွင်းမဲ့ မပယ်မဖြတ်မရှင်းသတ်နိုင်သေးတောင်မှ အဖျင်းဆုံး တဒင်္ဂ ဝိက္ခမ္ဘန လောက်တော့ သေချာပေါက်ပေါ့၊ တဒင်္ဂနှင့် ဝိက္ခမ္ဘန အခွင့် ရရင်လဲ သမုစ္ဆေဒနှင့် မဝေးလှတော့ပါဘူး၊ သမုစ္ဆေဒနှင့် မဝေးကွာလှတော့ရင်လဲ ထူးလဲထူးပြီ၊ ခြားလဲ ခြားနားပြီနော်။

ယခုအခါ သာသနာဆိုတဲ့ အခါကြီးက ထူးနေတော့ ဟောဒီလို ဝိပဿနာဆိုတဲ့ အသိဉာဏ်ကလဲ ခြားနားလာမှ ထူးခြားနား ဖြစ်မှာကိုး တကာနိုင်ရ၊ (မှန်ပါ ဒါမှ ထူးခြားနား ဖြစ်လာမှာပါ ဘုရား)။

ကြပ်ကြပ် သတိထားနော်၊ ထူးမခြားနားဆိုတဲ့ အတန်းအစားထဲတွင် ရောက်နေအုံးမယ်။

ဘာ့ကြောင့်လဲ ဆိုလျှင် ကာမရာဂ စသော အနုသယတရား (၇)ပါးတို့တွင် အပါယ်ခွင်မှ အစဉ်ထာဝရ ကျွတ်လွတ်မှု မကျွတ်လွတ်မှု အရမှာ ဒိဋ္ဌာနုသယက ပဓာန ဖြစ်သောကြောင့် သူ့ကိုဘဲ မဲမဲသဲသဲ အရေးယူခါ ပြောဟောရာ၏။

ဘာ့ကြောင့် အနုသယ ခေါ်သလဲ။

**အနုအနု သန္တာနေ သေန္တိတိ အနုသယာ။**

ယေဓမ္မာ၊ အကြင်တရားတို့သည်။ သန္တာနေ၊ သတ္တဝါတို့၏ သန္တာန်၌။ ဝါ၊ စိတ်တို့၏ အစဉ်၌။ အနုအနု၊ အဖန်တလဲလဲ။ ဝါ၊ အခါမပြတ် အထပ်ထပ်။ သေန္တိ၊ ကိန်းဝပ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ အနုသယာ၊ အနုသယတို့ မည်ကုန်၏။

ကာမရာဂါနုသယ စသော အနုသယ တရား (၇)ပါး ရကုန်၏။

မဂ်ဉာဏ် လေးပါးတို့ဖြင့် အသီးအသီး ထိုက်သည့်အားလျော်စွာ မပယ်မသတ် မဖြတ်မတောက်နိုင်သေးသည် ဖြစ်အံ့၊ သတ္တဝါတို့၏ စိတ်အစဉ်၌ မျိုးစေ့ပမာ အမြဲမပြတ် ပူးဝင်ကိန်းဝပ်တတ်သောကြောင့် အနုသယဓာတ်ဟု ခေါ်၏။

ထို (၇)ပါးသော အနုသယ တရားတို့တွင် ဒိဋ္ဌာနုသယ ဆိုသည်မှာ ဒိဋ္ဌိက အမှားမြင်၊ အနုသယက ကိန်းဝပ်ထာ၊ မာဂဓဘာသာလိုတော့ ဒိဋ္ဌာနုသယ၊ မြန်မာလိုဆိုလျှင် အမှားကိန်းဝပ်ဓာတ်၊ အမှားထင်ကိန်းမှုကြီး ဟူလို။

တကာနိုင်ရေ (ဘုရား)၊ အဲဒီ မျိုးစေ့အလား အမှားထင် အမှားမြင်ကိန်းဝပ် ကပ်တွယ်မှုကြီးမှ အမြီးတိုင် ကျွတ်လွတ်ကြရအောင် ခါးပိုက်ဆောင် လမ်းပြဆောင်ပုဒ်ကို ချပေးအံ့းမယ်၊ ကဲကဲ-ပြီပြီသသ အကုန်လိုက်ကြ အကုန်လိုက်ကြ။

## ဆောင်ပုဒ်များ

(၁) လျှပ်ထာထဲမှာ ငါလဲမပါ၊
ငါထဲမှာ လျှပ်ထာလဲမပါ၊
တူမထား တခြားမရှိရာ၊
ငါ့ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

(၂) ပိန်ဖောင်းထဲမှာ ကိုယ်လဲမပါ၊
ကိုယ်ထဲမှာ ပိန်ဖောင်းလဲမပါ၊
တူမထား တခြားမရှိရာ၊
ကိုယ့်ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

(၃) ကွေးဆန့်ထဲမှာ လက်လဲမပါ၊
လက်ထဲမှာ ကွေးဆန့်လဲမပါ၊
တူမထား တခြားမရှိရာ၊
လက့်ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

(၄) ကွေးဆန့်ထဲမှာ ခြေလဲမပါ၊
ခြေထဲမှာ ကွေးဆန့်လဲမပါ၊
တူမထား တခြားမရှိရာ၊
ခြေ့ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

(၅) လျှပ်ရှားထဲမှာ သွားလဲမပါ။
သွားထဲမှာ လျှပ်ရှားလဲမပါ၊
တူမထား တခြားမရှိရာ၊
သွား့ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

(၆) လှုပ်ရှားထဲမှာ သွီးလဲမပါ၊
သွီးထဲမှာ လှုပ်ရှားလဲမပါ၊
တူမထား တခြားမရှိရာ၊
သွီး့ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

(၇) ထောက်ကန်ထဲမှာ တုံးလဲမပါ၊
တုံးထဲမှာ ထောက်ကန်လဲမပါ၊
တူမထား တခြားမရှိရာ၊
တုံး့ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

(၈) ထောက်ကန်ထဲမှာ တိုင်လဲမပါ၊
တိုင်ထဲမှာ ထောက်ကန်လဲမပါ၊
တူမထား တခြားမရှိရာ၊
တိုင့်ဆိုဒါ မီးစက်ဝိုင်းလိုဟာ။

## တရား အဆုံးသတ်ရန်

အယံခမ္မော၊ ဤယခု ဟောပြအပ်ခဲ့ပြီးသော ဝါယော ဓာတ်သား ပရမတ်တရားတော်မြတ်ကြီးသည်။နော၊ ဟောမှု နာမှု အရေးပြု၍ ရှေးရှုပြုလုပ် အကျွန်ုပ်တို့ကို။ သတ္တသု- အနုသယေသု၊ ကာမရာဂ စသည်အပြား ခုနစ်ပါးကုန်သော အနုသယ တရားတို့တွင်။ ဒိဋ္ဌာနုသယာ၊ အမှားသိ အမှားမြင် အမှားထင်စွဲကပ် အမှားကိန်းဝပ် ဓာတ်ကြီးမှ။ ယာဝနိဗ္ဗာန်၊ ကျွတ်လွတ် ထွက်မြောက် အမှန်သို့ ရောက်သည်တိုင်အောင်။

ပါလေတု၊ ယခုဘဝ ခုခဏကစ၍ ဘဝအဆက်ဆက် နေ့ခင် မပျက်ရအောင် ကောင်းစွာ ဆောင်ရွက် စောင့်ရှောက်တော်မူပါစေသတည်း။

သာဓု- သာဓု- သာဓု။

ခေတ်သားကို ဂရုစိုက်၍ ဉာဏ်လိုက်အောင်
ဟောပြောကြပါလေကုန်၊

ပြီးပြီ။

ရတနတ္တယံ အဟံ ဝန္ဒာမိ

(၇)

# ဒိဋ္ဌိတလုံး ပယ်သတ်ထုံး ကြီးဆုံး ရေးညွှန်း တရားခွန်း

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊သတော ဘိက္ခု ပရိဗ္ဗဇေ။

ဘိက္ခဝေ၊ အပါယ်လေးရွာ အစဖြာသော သံသရာဝဲဇာလုပ်ကို အဟုတ်ထိတ်ဘွယ် တကယ်လန့်စွဲ အမြဲကြောက်တတ် အို-ချစ်သား ချစ်သမီးမြတ်တို့။ သတ္တိယာ၊ အသွားနှစ်ဘက် မြမြထက်သော ကြောက်မက်ဘွယ်အပြီး လှံမကြီးဖြင့်။ ဩမဋ္ဌော-ဝိယ၊ ရင်ဝဋ္ဌူး တန့်တန့်လူးအောင် စူးဝင်ထိုးဆွ ခံနေရသောသူကဲ့သို့ရင်း။ မတ္ထကေ၊ တကိုယ်လုံးအတွက် ပြဋ္ဌာန်းလျက်ရှိသော ဉက္ကောင်းထက်၌။ ဍယှမာနောဝ၊ ကယ်ပါယူပါ မခံသာအောင် ဘယ်ခါမပြတ် ချိန်မလပ်ဘဲ မီးကပ်တိုက်သမျှအလောင်အမြိုက်ခံနေရသော သူကဲ့သို့ရင်း။ သတော၊နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော သတိ အမြဲရှိသည် ဖြစ်၍။ ဘိက္ခု၊ဤသာသနာ အမှီပါမယ်ဟဲ့လို့ တည်ကြည်စွာစိတ်ထားမှန်ဖြင့် ကျိတ်အားသန်နေကြကုန်သော ငါ၏ချစ်သား ငါ၏ချစ်သမီးများသည်။ သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါး ထင်ရှားရှိလျက် မသိချက်ကြောင့် ဖြည့်စွက်ငါလုပ် ဒိဋ္ဌိယုတ်ကို။ ပဟာနာယ၊ ပယ်ရှားလွတ်လွတ် တကယ်သားစွန့်ပစ်လိုက်ခြင်းငှာ။

ပရိဗ္ဗဇေ၊ ဤကားခန္ဓာ ဤဟာနာမ်ရုပ် ဝိပဿနာအချုပ် တရားအလုပ်ကို တဖြောင့် တည်းသာ အားထုတ်လိုက်ကြရာ သတည်း။ ဝါ၊ သူကြီးတဲ့ အရေးတွေ ငါကြီးတဲ့ အရေး တွေကို အသာဘေးထားပြီး ဘုရားကြီးတော်မူတဲ့ အရေးကြီး တခုကိုသာ အမြန်ဆုံးနည်း အရေးကြီးရပေလိမ့်သတည်း။

တကာတုတ်ရေ၊ (ဘုရား)။

ယခု ရွတ်ဆိုပြလိုက်သော ပါဠိတော်ကြီးကတော့ သံယုတ် ပါဠိတော်ကြီး ဖြစ်တယ်၊ သည် သံယုတ်ပါဠိတော်ကြီးအဆို ဘုရားရှင်အလိုတော်က သက္ကာယဒိဋ္ဌိကို ပယ်သတ်ဖို့အရေးက ပေါ့ပေါ့နေ့နေ့ သေးသေးသိမ်သိမ် မဟုတ်ဘူး၊အထူးသဖြင့် အရေးအကြီးဆုံးကိစ္စကြီး ဆိုပါလား၊(မှန်ပါ အလွန်အကြူး အရေးအကြီးဆုံး ကိစ္စကြီးပါတဲ့ ဘုရား)။

ဘယ့်ကလောက် အရေးကြီးပါသလဲ ဆိုတော့ ရင်လယ် ရင်ဝမှာ လှံသွားလှံမကြီး စူးဝင်ထိုးယှဉ် တွန့်တွန့်လူးမျှ ခံနေ ရသော သူကဲ့သို့ရှင်း။

တကိုယ်လုံး တကောင်လုံးအတွက် အလွန်ပြင်ဒါန်းလျက် ရှိသော ဥက္ကောင်းထက်၌ မျက်တောင်တခတ် လျှပ်တပြစ်မျှ နေမဖြစ်နိုင်လောက်အောင် မီးတောက်ကြီး အလောင်းခံနေ ရသော သူကဲ့သို့ရှင်း။

ထို့အတူမခြား အလားတူစွာ သက္ကာယဒိဋ္ဌိကို ဖျက်ဖြို ချေခွင်း အတင်းခုတ်ဖြတ် ပယ်သတ်ရန် အကြောင်း ဥပမာ နှစ်ရပ် လောင်းစွက်ပြီး တကယ့်အချက်ကြီး ဘုရားက အလွန်

ကြီး ပြုတော်မူလိုက်သည် မဟုတ်လား၊ (မှန်ပါ အရေးကြီး ပြုတော်မူလိုက်ပါ ဘုရား)။

ကဲ-ထိုသူနှစ်ဦးတို့တွင် ရင်လယ် ရင်ဝမှာ လှံသွား လှံမကြီး တန်းလန်းကြီး စူးဝင်နေသောသူမှာ လှံနှုတ်ဘို့ အရေး လှံကျွတ်ဘို့အရေးက လွဲပြီး ဘယ်အရေးများ ရှိပါသေးသလဲ၊ (လှံနှုတ်ဘို့အရေး လှံကျွတ်ဘို့အရေးက လွဲ၍ ဘယ်အရေးမှ မရှိတော့ပါ ဘုရား)။

ဘယ်မှာ ရှိနိုင်ပါတော့မလဲ၊ လှံကြီးစူး၍ တွန့်တွန့်လူး ဖြစ်ပေါ့ဘဲ။

ဥက္ကောင်းကြီးမှာ မီးဟုန်းဟုန်း တောက်လောင်နေသော သူမှာကော မီးငြိမ်းဘို့အရေး မီးသတ်ဘို့အရေးကလွဲပြီး ဘယ် အရေးများ ရှိနိုင်ပါသေးသလဲ၊ (မီးငြိမ်းဘို့အရေး မီးသတ်ဘို့ အရေးကလွဲ၍ ဘယ်အရေးမှ မရှိတော့ပါ ဘုရား)။

ဘယ်မှာ ရှိနိုင်ပါတော့မလဲ၊ မီးတွေလောင်၍ မခံမရပ် နိုင်အောင် ကယ်ပါယူပါ တစာစာဖြစ်နေပေါ့ဘဲ၊

လှံကြီးစူးဝင်နေသောသူမှာ လှံကြီးပြုတ်ကျွတ်မှု အရေး တခုကိုသာ အလေးပြုပြီး အထူးဂရုစိုက်နေရတော့မှာ အမှန် ဘဲ၊ မီးလောင်နေသော သူမှာလဲ မီးကြီးငြိမ်းအေးမှု အရေး တခုကိုသာ အလေးပြုပြီး အထူးဂရုစိုက်နေရတော့မှာ အမှန် ပါဘဲ။

ထိုသူ နှစ်ယောက်၏အတွက် လိုလား တောင့်တချက်ကို အရေးကြီးသလောက်ပြောရမည်ဆိုလျှင် သြော်-ငါ့မှာ သည် လှံကြီးကို ဘယ်နည်းနှင့်ပြုတ်အောင် နှုတ်ရပါ့မလဲ၊ ဘယ်သူ

များ နှုတ်ပေးနိုင်ပါ့မလဲ-ဟု လုံကြီးပြုတ်လွတ် ကျွတ်ထွက်သွားဘို့အရေးနှင့် နှုတ်ပေးနိုင်မဲ့ သူကိုသာ လိုလားတောင့်တပြီး အနည်းနည်း ရှာကြံ နေရတော့မှာဘဲ မဟုတ်လား၊ (မှန်ပါ လုံကြီးကိုနှုတ်ပေးနိုင်မဲ့သူကိုသာ အပူတပြင်း ရှာကြံရပါလိမ့် ဘုရား)။

ဥက္ကောင်းကြီးတခုလုံး မီးဟုန်းဟုန်း တောက်လောင်နေသောသူမှာလည်း သြော်- ငါ့မှာ သည်မီးကို ဘယ်နည်းနှင့်ငြိမ်းရပါ့မလဲ၊ ဘယ်သူများ ငြိမ်းပေးနိုင်ပါ့မလဲဟု မီးကြီးငြိမ်းအေးသွားဖို့အရေးနှင့် ငြိမ်းသတ်ပေးမဲ့သူကိုသာ လိုလားတောင့်တပြီး အနည်းနည်း ရှာကြံနေရတော့ မှာဘဲပေါ့၊ (မှန်ပါ မီးငြိမ်းပေးမဲ့သူကိုသာ မရ,ရအောင် ရှာကြံရပါလိမ့်ဘုရား)။

သည်ဥပမာတော်ကြီးများအတိုင်း လုံကြီးစူးဝင်နေသောသူသည် ထိုလုံကြီးပြုတ်ဘို့အရေး နှုတ်ပေးနိုင်တဲ့ သူကိုသာ အပူတပြင်း အတင်းမရ ရအောင် ရှာကြံဆောင်ရသကဲ့သို့ရင်း၊ ဥက္ကောင်းကြီးတခုလုံး မီးဟုန်းဟုန်း တောက်လောင်နေသောသူသည်လည်း ထိုမီးငြိမ်းဘို့အရေး သတ်ငြိမ်းပေးနိုင်တဲ့သူနှင့် တကွ ရေတွင်းရေကန်များကိုသာ ရှာကြံရဘိသကဲ့သို့ရင်း။

ထို့အတူ သက္ကာယဒိဋ္ဌိတည်းဟူသော လုံမကြီးကို နှုတ်လိုသော ဝိပဿနာယောဂီသူမြတ်သည် နှုတ်ပေးတတ်သော ဆရာသမားများနှင့် တခါတည်းအပြီးတိုင် ပြုတ်လွတ် ကျွတ်စင်စေနိုင်သော တရားများကို ပွားများရှာကြံကြရမည် ဟူလို။

သက္ကာယဒိဋ္ဌိတည်းဟူသော လောင်မီးကို ငြိမ်းသတ်ပေးတတ်သော ဆရာသမားများနှင့် တခါတည်း အပြီးတိုင် ငြိမ်းအေးသွားစေနိုင်သော တရားများကို ပွားများရှာကြံကြရမည် ဟူလို။

ကဲ-သူများကို အသာထားပါဦး၊ တကာတုတ်ကော ရင်ဝလုံစူး ထိပ်ဦး မီးလောင်သောသူကဲ့သို့ ဒိဋ္ဌိဘေးကြီး အရေးတကြီးဖြစ်ခဲ့ဘူးရဲ့လား၊ (မှန်ပါ ဖြစ်သလိုလို ဖြစ်သယောင်ယောင် ရှိပါဘုရား)။

အောင်မယ် လိုလိုနှင့် ယောင်ယောင်ကိုးကွဲ့၊ ဖြစ်မှဖြစ်ရပလေကွယ်၊ ပြောဘဲ မပြောချင်ပါဘူး။

သို့သော်လဲ လိုလိုဆိုရင်ဘဲ နဲတော့မနဲပါဘူး၊ ယောင်ယောင်ဆိုလျှင်တောင် တော်တော့ တော်လှပါပြီ၊ဘာ့ကြောင့်ဆိုသော် လိုလိုဖြစ်ဘို့တောင်မှ မလွယ်ဘဲကိုး၊ ယောင်ယောင်ဖြစ်ဘို့တောင် သေလူအောင် ခဲရင်းသေးတာမျိုးကလား၊ တသံသရာလုံးက လိုလိုနှင့် ယောင်ယောင်တောင် ဖြစ်ခဲ့ဘူးမယ် မဟုတ်ဘူးကွဲ့နော်၊ (မှန်ပါ လိုလိုနှင့် ယောင်ယောင်တောင် ဖြစ်ခဲ့ဘူးကြမည် မဟုတ်ပေါင် ဘုရား)။

ကဲ-သာဖြင့် လိုလိုက ပိုမိုဖြစ်လာအောင်ဟာ စိတ်ခတ်ကို ဆွဲဆောင်ပေးဘို့ဘဲ မဟုတ်လား၊ (မှန်ပါ စိတ်ခတ်ကို ဆွဲဆောင်ပေးဘို့ပါဘဲ ဘုရား)။

ယောင်ယောင်က ကြောင်ကြောင်ဖြစ်လာအောင် စိတ်ခတ်ကို ထူထောင်ပေးဘို့သာ လိုတော့တယ် မဟုတ်လား၊

(မှန်ပါ စိတ်ဓာတ်ကို ထူထောင်ပေးဘို့သာ လိုပါတော့သည် ဘုရား)။

သူက အရေးကြီးသာ ငါက အရေးကြီးသာတွေကိုတော့ အသာကလေး ဘေးချိတ်ထား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်က ကြီးပြတဲ့ အရေးကိုသာ အရေးကြီးကြရ လိမ့်မယ် တကာတုတ်ရ၊ (မှန်ပါ ဘုရား ကြီးတော်မူတဲ့ အရေး ကို ကြီးကြရပါလိမ့်ဘုရား)။

သူကကြီးချင်လို့ကြီးတဲ့ အရေးလဲ အရာမရောက်သေးဘူး၊ ငါက ကြီးချင်လို့ကြီးတဲ့ အရေးလဲ အရာမရောက်သေးဘူး၊ ဘုရားက ကြီးတဲ့အရေးတော်ကမှ အရာရောက်ကြမှာကိုးကွဲ့၊ (မှန်ပါ ဘုရားက ကြီးတော်မူတဲ့ အရေးကမှ အရာရောက် တော့မှာပါ ဘုရား)။

အရေးပါ အရာရောက်တဲ့ ကိစ္စကြီး ဆိုတာကတော့ ယခင် ပြဆိုခဲ့သော ပါဠိတော်ကြီးအတိုင်း သက္ကာယဒိဋ္ဌိကို ပယ်သတ် ရန် တခုတည်းသာ ဖြစ်ပေတော့သတည်း။

အကယ်၍မျှား ဒိဋ္ဌိမှားကို မပယ်ရှား မသုတ်သင်နိုင်သေး ငြားအံ့။ ငါ-သူကစ ပုထုဇဉ် ဟူဟူသမျှသည် ယခုဘဝမှာ တိဟိတ်သားကြီး ဖြစ်ငြားသော်လည်း နောက်နောက်ဘဝ ကျတော့ ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ် အဖြစ်ဖြင့် ဟိတ်တွေ ကပြောင်းကပြန်နှင့် သဒါလန် ဖြစ်ရတတ်သည် တကာ တုတ်ရေ၊ (တင်ပါ ပုထုဇဉ်မှန်လျှင် ဟိတ်တွေလဲ သဒါလန်ဖြစ်ရမှာ ဧကန်ပါဘုရား)။

သည်မျှ မကသေးဘူး၊ ဒိဋ္ဌိကို မပယ် မတိနိုင်သေးသမျှ ကာလပတ်လုံး ယခုဘဝ လူမင်း နတ်မင်း ဗြဟ္မာမင်း၊ နောက်နောက် ဘဝကျတော့ တချို့ကလဲ မစင်တွင်း၊တသင်းကတော့ ခွေး ဝက် ကြွက် ငှက်၊ သို့ကလို ဘဝအဆက်ဆက်မှာ ခန္ဓာတွေ အမျိုးမျိုးနှင့် ဇောက်တိဇောက်ထိုးတွေဟာ အမျိုးမျိုးအဖုံဖုံ စုံချင်တိုင်းစုံနေအောင် ဖြစ်ကြရအုံးမှာကလား တကာတုတ်ရ၊ (မှန်ပါ ခန္ဓာတွေ အမျိုးမျိုးနှင့် ဘဝတွေ ဇောက်တိဇောက်ထိုး ဖြစ်ကြရပါလိမ့်အုံး ဘုရား)။

သည်မျှ မကသေးဘူး၊ ယခုဘဝမှာ အကျင့်သီလနှင့် အလွန်ညီမျှ၍ သီလဝန္တပုဂ္ဂိုလ်ကြီး ဖြစ်၍ပင် နေသော်လည်း နောက်နောက်ဘဝ နောက်ကာလကျတော့ သီလကင်းမဲ့သော ဒုဿီလ ပုဂ္ဂိုလ်အဖြစ်သို့ စင်စစ်မုချ ကမောက်ကမနှင့် ရောက်ကြရလိမ့်ဦးမယ် တကာတုတ်ရယ်၊ (မှန်ပါ ယခုဘဝ သုသီလ၊ နောက်ဘဝ ဒုဿီလ ဖြစ်ရမှာ အမှန်ပါဘဲ ဘုရား)။

သည်မျှသာ မကသေးဘူး၊ ယခုဘဝမှာ ပညာရှိသော ပညာဝန္တပုဂ္ဂိုလ်ကြီး ဖြစ်၍နေသော်လည်း နောက်နောက်ဘဝ ကျတော့ ပညာမဲ့သူ လူအူလူဘောကြီး ဖြစ်ရအုံးမှာက ဧကန္တ ဘဲဟ တကာတုတ်ရ၊ (မှန်ပါ ယခုဘဝ, ပညာကြီးသော်လည်း နောက်ဘဝ, လူအူလူဘောကြီး ဖြစ်ရပါလိမ့်အုံး ဘုရား)။

သည်မျှတောင် မကသေးဘူး၊ ယခုဘဝမှာ အမိအဘကို မသတ်ဝံ့ မသတ်ရဲ မသတ်ဘူးသေးဘဲ ရှိသော်လည်း နောက်နောက် ဘဝကျလျှင် မိဘကိုပင် သတ်ဝံ့လတ္တံ့, သတ်ရဲလတ္တံ့,

သတ်ရလိမ့်လတ္တံ့၊သို့ကလို အလွန်ဝန်လေးလှစွာသော မာတု-ဃာတက, ပိတုဃာတက, စသော ကံကြီးများကိုသော်လည်း ကပေါက်တီး ကပေါက်ချာနှင့် ရောက်ချင်ရာ ရောက်,ဖြစ်ချင်ရာဖြစ်,နစ်ချင်ရာ နစ်ကရော့ဆိုပြီး အကြီးအကျယ် ပြုလုပ်လိမ့်အံ့မည် ဆိုပါလားဟာ တကာတုတ်ရဲ၊ (မှန်ပါ အမိကိုလည်း သတ်လတ္တံ့၊အဘကိုလည်း သတ်လတ္တံ့ပါတဲ့ ဘုရား)။

ကျမ်းကြီး ကျမ်းခိုင်၌ သို့ကလို မိန့်ဆိုတော်မူကြသော အရ ဒိဋ္ဌိရှိက မိဘကိုတောင် သတ်ရလတ္တံ့, သတ်ရလိမ့်မည် ဆိုမှတော့ ဒိဋ္ဌိအပြစ် ကြီးကျယ်ပုံမှာ တန်းကုန်နေပါပြီ တကာတုတ်ရာ၊ (မှန်ပါ ဒိဋ္ဌိအပြစ် ကြီးကျယ်ပုံ တန်းကုန်နေပါပြီ ဘုရား)။

သည် အဓိပ္ပါယ်ကို ရည်ရွယ်၍-

## မှတ်ချက် ဆောင်ပုဒ်

ဘာဘဲလုပ်လုပ် ငါ့,အစွဲ ပြုတ်ကြရင်ဖြင့် မပျော်သာ မရွှင်သာ။
ဘာဘဲလုပ်လုပ် ငါ, အစွဲပြုတ်ကြရင်ဖြင့် ပျော်စရာ ရွှင်စရာ။
မေးမနေကြနှင့် ဟိုဟာ သည်ဟာ၊
ငေးမနေကြနှင့် မောင်ဟာဝါ မယ်ဟာဝါ၊
ယခုအခါ သာသနာ့ငါပြုတ်ဆေး အရေးကြီးတဲ့ခါ-

ဟု လင်္ကာဆောင်ပုဒ် ရေးထုတ်ခဲ့သည်။

**မှာထားချက်။** ။ဤဆောင်ပုဒ်၌ (ဘာဘဲ လုပ်လုပ်) ဟူသော စကားအရ မဂ်ဖိုလ်နိဗ္ဗာန်ကို ကျေးဇူးမပြု၊ လောကီချမ်းသာမှုလောက်ကိုသာ ကျေးဇူးပြုနိုင်သော ဝဋ္ဋကုသိုလ်မှုမျှ ပြုကြသည်ကို "ဘာဘဲလုပ်လုပ်"ဟု ဆိုလိုသည်၊သူတော်ကောင်းတို့၏ အလုပ်မဟုတ်သော သဘာဝ ပဋိပက္ခဖြစ်သော အကုသိုလ် ဒုစရိုက်မှုတွေကို ဆိုလိုသည်မဟုတ်၊ သဘာဝချင်းချင်း မပတ်သက် မဆီဆိုင်သော အကုသိုလ် ဒုစရိုက်အမှုပြုလုပ်မှုတွေကို ထည့်သွင်း မယူအပ် မမှတ်အပ်ကုန်။

ဝဋ္ဋနိဿိတ ကုသိုလ်ပင်လျှင် ထာဝစဉ် ထာဝရ အပါယ်လေးပါးမှ စိတ်မချရသေးသောကြောင့် စင်စစ် ပျော်စရာရွှင်စရာ မဟုတ်၍ မပျော်သာ မရွှင်သာသေးဘူးဆိုလျှင် ယခုသာသနာတော်ကြီးမှာ အကုသိုလ်ပြု ဒုစရိုက် မှုတွေနှင့်သာပြုလုပ် အချိန်ကုန်၍ နေပါက မပျော်သာ မရွှင်သာမှုမျှမကချက်ချင်း ဗိုင်းကန် လဲသေလိုက်ရတာက ကောင်းသေး၏မြတ်သေး၏ဟု မှတ်ပါလေ။

ယခင် ဥပမာကြီးနှစ်ရပ်ကို တနည်းအားဖြင့် တဖန်သိစေလိုပြန်သည်ကား လှံမကြီး စူး၍နေသောသူ ရှိသည်ဖြစ်အံ့၊ ထိုလှံကို နောက်မှသော်လည်း နှုတ်ပစ်၍ ဒိဋ္ဌိတည်းဟူသောလှံကြီးကိုသာ ရှေးဦးစွာ နှုတ်ပယ်လိုက်ရာ၏၊ အဘယ့်ကြောင့်ဆိုလျှင် လောက လှံမကြီးသည် ယခုဘဝ ယခုခန္ဓာကိုသာ စူးဝင်ထိုးဆွနိုင်၏၊ နောက်ဘဝ နောက်ခန္ဓာကို လိုက်၍ မစူးဝင် မထိုးဆွနိုင်သောကြောင့်တည်း။

ဦးခေါင်းထက်၌ မီးကျက်ကျက် လောင်၍နေသောသူ ရှိသည်ဖြစ်အံ့၊ ထိုမီးကို နောက်မှသော်လည်း ငြိမ်းသတ်၍ ဒိဋ္ဌိတည်းဟူသော လောင်မီးကိုသာ ရှေးဦးစွာ ငြိမ်းသတ်လိုက်ရာ၏၊ အဘယ့်ကြောင့်ဆိုသော် လောက လောင်မီးသည် ယခုဘဝ ယခုခန္ဓာကိုသာ လောင်ကျွမ်းနိုင်၏၊နောက်ဘဝ နောက်ခန္ဓာကို လိုက်၍ မလောင်ကျွမ်း မမြိုက်ကျက်စေနိုင်သောကြောင့်ပင်တည်း။

ကဲ- တကာတုက်၊ လောက လုံမကြီးက နောက်ဘဝ, နောက်ခန္ဓာကို လိုက်ပြီး ထိုးဆွနိုင်သေးသလား၊ (မထိုးဆွနိုင်ပါ ဘုရား)။

ဒိဋ္ဌိဆိုတဲ့ လုံမကြီးကတော့ ဘဝဆက်တိုင်း ခန္ဓာတိုင်း လိုက်ပြီး အနည်းနည်းအသွယ်သွယ် အကြီးအကျယ် ထိုးဆွနေ မဟုတ်လား၊ (ထိုးဆွနေပါသည် ဘုရား)။

လောကမီးက နောက်ဘဝ နောက် ခန္ဓာကို လိုက်ပြီး လောင်နိုင်ရဲ့လား၊ (မလောင်နိုင်ပါ ဘုရား)။

ဒိဋ္ဌိဆိုတဲ့ မီးကတော့ ဘဝဆက်တိုင်း ခန္ဓာတိုင်းလိုက်ပြီး အနည်းနည်း အသွယ်သွယ် အကြီးအကျယ် လောင်မနေကြဘူးလား၊ (လောင်နေကြပါ ဘုရား)။

ဒါ့ကြောင့် လောကလုံမကြီး, လောကမီးကြီးထက် ဒိဋ္ဌိလုံမကြီး ဒိဋ္ဌိမီးက ပိုမို၍ အရေးကြီးသည်ဟု အမိပ္ပါယ်တချက် မှတ်ရပြန်တော့သည်။

ဘာ့ကြောင့်လဲ....

ယခင်က ပြဆိုခဲ့သောအတိုင်း တိဟိတ်သားကြီးဖြစ်ပြီးမှ ဒွိဟိတ်သား အဟိတ်သား တဖန် ဖြစ်ရပြန်ခြင်း၊ ဘဝတွေ ဇောက်တိ ဇောက်ထိုး အမျိုးမျိုး ခန္ဓာတွေ ဇောက်တိ ဇောက်ထိုး အမျိုးမျိုး ဖြစ်ရခြင်း၊ သီလ ပြည့်စုံသောသူဖြစ်ပြီးမှ သီလကင်းမဲ့သောသူ ဖြစ်ရခြင်း၊ ပညာရှိကြီး ဖြစ်ပြီးမှ ပညာမဲ့ကြီး ဖြစ်ရခြင်း၊ မိဘကို ရိုသေ လုပ်ကျွေးသော သူတော်ကောင်း ဖြစ်ပြီးမှ ထိုမိဘကိုပင် သတ်ချင်ဖြတ်ချင်နှင့် သတ်ရဲ ဖြတ်ရဲ သတ်ဝံ့ ဖြတ်ဝံ့ သတ်ရ ဖြတ်ရသော မာတုဃာတက ပိတုဃာတကပုဂ္ဂိုလ်ဖြစ်ပြန်ရခြင်းစသည်များသည် ဒိဋ္ဌိအရင်းခံ ရှိသောကြောင့်သာ ဖြစ်သတည်း။

မကောင်းဖြစ်မှု အပြစ်စုဟူသမျှတို့သည် ဒိဋ္ဌိတခု၌ အကုန် အမြစ် စုကြလေကုန်၏ ဟူလို။

အသစ်ရော အဟောင်းပါ မကောင်းတာ မှန်သမျှ အကုန်လုံး ဒိဋ္ဌိကချည်းဘဲ အမြစ်စွဲပြီး ဖြာထွက်ကြရဒါ ဆိုပါကလား တကာတုတ်ရ၊ (မှန်ပါ ဒိဋ္ဌိတခု အကုန်စုကြရ ပါ ဘုရား)။

သည် ဒိဋ္ဌိတခု ချုပ်ငြိမ်းရုပ်သိမ်းသွားလျှင်လည်း ပါပကမ္မ ပါပကိစ္စတွေနှင့် တကွ မကောင်းသော အနိဋ္ဌဖလဟူသမျှ တွေလဲ အကုန်ချုပ်ငြိမ်း ရုပ်သိမ်းကြရတော့ ဒါပါဘဲတဲ့ တကာတုတ်ရ၊ (မှန်ပါ အကုန်ချုပ်ငြိမ်း ရုပ်သိမ်းကြရပါ ဘုရား)။

ဒါ့ကြောင့် သည်ဒိဋ္ဌိကို အတိုချုပ် ဘယ်လို မှတ်ရမှာလဲ ဆိုလျှင်....

**ပရမံ ဝဇ္ဇန္တိ ဒဋ္ဌဗ္ဗာ။**

သာ၊ ထိုမိစ္ဆာဒိဋ္ဌိကို။ ပရမံ၊ ပိုမိုလွန်ကဲသော။ ဝဇ္ဇန္တိ၊ အပြစ်ကြီးဟူ၍။ ဒဋ္ဌဗ္ဗာ၊ သိမှတ်အပ်၏။

ဤသို့ အဋ္ဌသာလိနီ အဋ္ဌကထာကြီး လာရှိသည့်အတိုင်း သည်ဒိဋ္ဌိတလုံးဟာ အပြစ်အကြီးဆုံး လို့သာ မှတ်ပေတော့၊ (မှန်ပါ ဒိဋ္ဌိတလုံး အပြစ်အကြီးဆုံးဟု မှတ်ရပါမည်ဘုရား)။

ဒိဋ္ဌိတလုံး အပြစ်အကြီးဆုံး ဖြစ်လျှင်လည်း သည်ဒိဋ္ဌိ တလုံးဘဲ အရေးအကြီးဆုံး ဖြစ်ပြန်တော့ဒါပေါ့၊ (မှန်ပါ အရေးအကြီးဆုံး ဖြစ်ပြန်ပါဘုရား)။

အေး-အေး အရေးအကြီးဆုံးဖြစ်လျှင်လည်း သူ့ကို ပယ် သတ်နိုင်တဲ့တရားက ခန္ဓာငါးပါး ရုပ်,တရား နာမ်,တရား ဝိပဿနာတရားကြီးတခုသာ ဖြစ်တော့သည်။

ကဲ-သာဖြင့် ခန္ဓာငါးပါးထဲက ရူပက္ခန္ဓာအရ ရုပ်ခေတ် ကြီးလေးပါး ဝိပဿနာ တရားနှင့် သည်ဒိဋ္ဌိကို ပယ်ရှားဖြတ် တောက်လိုက်ကြစို့။

**ပထဝီခေတ်ရှုပုံ**

အထုပ်အထယ်နှင့် အဟုတ်တကယ်လို ထင်ရတဲ့ကိုယ်တွင် ရှေးဦးစွာထင်မြင်အောင် ဆင်ခြင်ရမည်၊ ဆင်ခြင်ပုံမှာ-

ကိုယ်တခုလုံးဝယ် ဘယ်နေရာမဆို ပါဠိလို ပထဝီ၊ မြန်မာလို မာသဘော, နူးညံ့သဘော, မြေသဘော, မြေဓာတ်, မြေပရမတ်တို့သည် အကြားမလပ် ရှိကုန်၏။

ထို မာ,သဘောကလေးတို့သည် ငါတို့ ထင်ကြတဲ့အတိုင်း တသက်မှတခါ သေမျိုးမဟုတ်၊ ခဏခဏချုပ်ပျက်၍နေသော အနိစ္စသဘော။

မာ,သဘောသာ အမှန်ရှိဖြစ်တော့ မမြဲသောအခါမှာလဲ မာ,သဘောဘဲမဟုတ်လား တကာတုတ်ရ၊ (မှန်ပါ မမြဲတာလဲ မာ,သဘောပါဘဲ ဘုရား)။

ခဏခဏပျက်စီးရလျှင် အစဉ်သဖြင့်ချမ်းသာခွင့်မရ အဖြစ်နှင့်အပျက် အနှိပ်စက်ခံ၍နေရသော ဒုက္ခသဘော။

မာ,သဘော မမြဲလျှင် ဆင်းရဲသောအခါ ဘယ်ဟာက ဝင်ပြီး ဆင်းရဲအုံးမှာလဲ၊ မာ,သဘောဘဲ ဆင်းရဲဒါဘဲမဟုတ်လား၊ (မာ,သဘောဘဲ ဆင်းရဲရဒါပါ ဘုရား)။

ပျက်မှုတွေ အတင်းဆွဲ၍ ဆင်းရဲနေလျှင် မိမိတို့ ထင်တဲ့အတိုင်း အရှင်သခင် ပိုင်ရှင်အနေနှင့် စီရင်လို့လဲမရ၊ ငါ,ဟူသော အတ္တ,မှ အစဉ်ကင်းပ၍နေသော အနတ္တ သဘော။

ထိုကဲ့သို့ မာ,ဆင်းရဲဖြစ်နေပြန်လျှင်လဲ ငါ-ငါ ငါ့ကိုယ် ငါ့အလိုဟု ဘာတခုမျှ ရှာမရသောကြောင့် အနတ္တဆိုဒါလဲ မာဒါနေမှာဘဲ တကာတုတ်ရ၊ (မှန်ပါ မာဒါဘဲ အနတ္တပါ ဘုရား)။

ဒါဖြင့် ဒီ- မာသဘောကလေးကို ညာဏ်စိုက်ပြီး (မာဒါမမြဲ, မာဆင်းရဲ, မာထဲ ငါမပါ)ဟု ရှုလိုက်။

ကြမ်းကြမ်းထမ်းထမ်း အတွေ့အထိမျိုး တွေ့နှင့် တွေ့ထိကိုင်မိရတဲ့အခါလဲ ထိုပထဝီ သဘောကလေးထဲ ညာဏ်စိုက်ပြီး (ကြမ်းဒါမမြဲ, ကြမ်းဆင်းရဲ, ကြမ်းထဲ ငါမပါ)ဟု ရှုလိုက်။

ပိုး, ဖဲ, ကတ္တီပါ အစရှိသော နူးနူးညံ့ညံ့ဟူသော အတွေ့အထိမျိုးတွေကို တွေ့ထိကိုင်မိသော အခါမှာလဲ ထိုသဘောထဲ ညာဏ်စိုက်ပြီး(နူးဒါမမြဲ, နူးဆင်းရဲ, နူးထဲ ငါမပါ) ဟုရှုလိုက်။

ထို့အတူ အညောင်းအညာ ဖြစ်ပေါ်လာသော အခါမှာလဲ ထိုသဘောကလေးထဲ ညာဏ်စိုက်ပြီး (ညောင်းဒါမမြဲ, ညောင်းဆင်းရဲ, ညောင်းထဲ ငါမပါ)ဟု ရှုလိုက်။

ထို့အတူ ကိုက်မှုခဲမှု ဖြစ်ပေါ်လာသောအခါမှာလဲ ထိုသဘောကလေးထဲညာဏ်စိုက်ပြီး (ကိုက်ထာမမြဲ, ကိုက်ဆင်းရဲ, ကိုက်ထဲ ငါမပါ)ဟု ရှုလိုက်။

ခြေတွေ လက်တွေ ကျင်ရှိလာသော အခါမှာလဲ ထိုသဘောကလေးထဲညာဏ်စိုက်ပြီး (ကျင်ဒါမမြဲ, ကျင်ဆင်းရဲ, ကျင်ထဲ ငါမပါ)ဟု ရှုလိုက်။

ခြေသလုံး, ပေါင်, ကိုယ်ကောင်, ဥကျောင်း စသည်တို့မှာ တစုံတခုသောအကြောင်းကြောင့် နာရှိလာသောအခါမှာလဲ ထိုသဘောကလေးထဲ ညာဏ်စိုက်ပြီး (နာဒါမမြဲ, နာဆင်းရဲ, နာထဲ ငါမပါ)ဟု ရှုလိုက်။

သို့ကလို ပထဝီသဘောလက္ခဏာတွေ ဘယ်နေရာမှမလွတ် ဖြစ်၍နေသောကြောင့် ဘယ်အခါမှ တရားမလွတ်အောင် သည်အတိုင်း ရှုရမယ် မဟုတ်လား တကာတုတ်ရ၊ (မှန်ပါ သည်အတိုင်းရှုရပါလိမ့် ဘုရား)။

## အာပေါဓာတ်ရှုပုံ

ဖွဲ့စည်းမှု,ယိုစီးမှုဟူသော အာပေါဓာတ်တွေ ခန္ဓာကိုယ်နှင့် အပြည့် တင်းကြမ်းရှိ၍နေလေ၏။

အလုံးကြီး အခဲကြီးကဲ့သို့ ဖွဲ့စည်း၍နေသော အာပေါ ဟူသော ရေသဘော,ရေဓာတ်, ရေပရမတ်ကို ဉာဏ်နှင့်ကပ်၍ (ဖွဲ့ဒါမမြဲ, ဖွဲ့ဆင်းရဲ, ဖွဲ့ထဲငါမပါ)ဟု ရှုအပ်၏။

ခန္ဓာကိုယ်ကြီးမှ ယိုစီး၍ကျနေသော ချွေး,သွေး,ချွဲ,နှပ်, တံထွေး စသည်တို့ကို မြင်ရပါသဖြင့်လည်း (ယိုဒါမမြဲ, ယို ဆင်းရဲ, ယိုထဲ ငါမပါ)ဟု ရှုကြ။

တကိုယ်လုံး တကောင်လုံး ဖုံးမရ ဖိမရ ကြည့်မလှအောင် စိမ့်စို၍ ကျနေသော စိုသဘော, စိုဓာတ်, စိုပရမတ်တွေကို တွေ့မြင်ကြရသောအခိုက် ထိုသဘောကို ဉာဏ်စိုက်၍ (စိုဒါ မမြဲ-စိုဆင်းရဲ-စိုထဲငါမပါ)ဟု ရှုကြ။

## တေဇောဓာတ်ရှုပုံ

ပူမှုမေ့ဟူသော မီးသဘော, မီးဓာတ်, မီးပရမတ် တို့သည် ဤခန္ဓာကိုယ်၌ အကြားအလပ်မရှိ နေရာတိုင်း ပြည့်လျက် တင်းကြမ်းရှိကုန်၏။

ရံဘန်ရံခါ အကြောင်းအားလျော်စွာ ပြင်းပြင်းထန်ထန် ပူလာတတ်ကုန်၏။ တခါတရံဝယ် အတန်ငယ် ပူလာတတ်ကုန်၏။ ထိုပူသော အခြင်းအရာ ပူလက္ခဏာဟူသော သဘောရင်းက ငါတေဇောဓာတ်ဘဲဟု အမြဲမပြတ် အထပ်ထပ် အဖန်ဖန် သက်သေခံ၍ နေကြကုန်၏။

အမျိုးမျိုး အဖုံဖုံ တွေ့ကြုံတန်တန် ဘောက်ပြန်ပျက်စီးလျက် ဆင်းရဲကြီးစွာ ထင်ရာမရောက် သွေ့သွေ့ခြောက်အောင် အကုန်ပျောက်ကွယ် အဘာဝနယ်၌သာ ခေါင်းဆိုက်ကြရသော သဘောတရားတို့သာ ဖြစ်သတည်း။

ထိုပူပူ ပူပူနှင့် တလှုလှုတငွေ့ငွေ့ တရှိန်ရှိန် တွေ့နေရသော တေဇောဓာတ် အခိုက်အတန့် အခိုက်အတန့် ကလေးကို ဉာဏ်စိုက်၍ (ပူဒါမမြဲ-ပူဆင်းရဲ-ပူထဲ ငါမပါ)ဟု ရှုလိုက်ကြ။

အလွန်ကြီး မပူလှ၍ အနည်းငယ်မျှ ဘယ်ဌာနမဆို နွေးနွေး ကလေးကို တွေ့ထိရသော အခါမှာလည်း ငါကွာအောင် ဂရုစိုက်၍ (နွေးဒါမမြဲ-နွေးဆင်းရဲ-နွေးထဲငါမပါ) ဟု အခါခါ ရှုလိုက်ကြ။

ဤသို့ ပူပူနွေးနွေး မဟုတ်ဘဲ တမျိုးတမည် ရုပ်အကဲ ဘောက်ပြန်သဖြင့် ဇေ ဇနှင့် ဖြစ်ပေါ် တွေ့ရှိလာပြန်သော် ထိုအဓောတ် အပေရမတ်ကလေးတွေကို ဝိပဿနာဉာဏ်ကပ်၍ (ဒေါမမြဲ-ဆေင်းရဲ-ထေဲ ငါမပါ)ဟု ရှုအပ်၏။

## ဝါယောဓာတ်ကိုရှုပုံ

လှုပ်မှု ရှားမှု ဟူသော လေသဘော, လေဓာတ်, လေပရမတ်တို့သည် ဓာတ်သဘောအားဖြင့် လတ်တလော လတ်တဇလာ ဖြစ်ပေါ်လာကြလေကုန်၏။

သွားမှု,ရပ်မှု,ထိုင်မှု လျောင်းမှု ဟူသော ဣရိယာပုထ်ကို တလှုပ်လှုပ်တရွရွ ပြုလုပ်ကြသောအခါ ပိုလွန်ထင်ရှားလေ၏။

သွားခြင်း, ရပ်ခြင်း, စသော ဣရိယာပုထ်တို့ဖြင့် တလှုပ်လှုပ် တရွရွ ပြုလုပ်ကြသောအခါ အမူအရာ ကြိယာ တပါးနှင့် တပါး မတူခြားနား ကွဲပြားပြောင်းလဲမှုတွေ အထွေထွေ ဖြစ်ပေါ်၍နေဒါကို ထောက်ထားသဖြင့် လှုပ်ရှားမှုဟူသော ဝါယောဓာတ်သား ပရမတ်တရားဟာ သိပ်ထင်ရှားသကိုး တကာတုတ်ရ၊ (အလွန် ထင်ရှားပါ ဘုရား)။

ထိုသို့ ထင်ရှားရာ မည်သည့် ဣရိယာနှင့် မည်သည့် အလုပ်ကိစ္စ မည်သည့် ဌာနမျိုးမဆို တလှုပ်လှုပ် တရွရွ ပြုလုပ်ကြဒါကို မြင်ရပါသဖြင့်ရင်း၊ မိမိကိုယ်တိုင်ပင် ပြုလုပ်၍နေရပါသဖြင့်ရင်း၊ ထိုလှုပ်ခြင်းကြိယာ ဝါယောဓာတ် အမူအရာကလေးတွေကို ဉာဏ်စိုက်ပြီး(လှုပ်ဒါမမြဲ-လှုပ်ဆင်းရဲ-လှုပ်ထဲငါမပါ)ဟု ငါကွာအောင် အခါခါ ရှုလိုက်ကြ၊ ငါတွေသူတွေ ခုံ၍ မနေကြစေလင့်၊ ဓာတ်သား မြင်အောင်ရှုကြလေ။

ကိုယ်အင်္ဂါ, လက်အင်္ဂါ, ခြေအင်္ဂါစသည်တို့ ညောင်းညာ၍ စောင်းခါလှည့်ခါ ပြောင်းခါပြင်ခါ ကွေးလိုက်ဆန့်လိုက်

ပြုလုပ်သော အခါမှာလည်း ထိုသဘော စူးစိုက်ပြီး (ကွေးဒါမမြဲ–ကွေးဆင်းရဲ–ကွေးထဲငါမပါ)ဟု ရှုလိုက်။

ထို့အတူ ဆန့်သော အခါမှာလည်း (ဆန့်ဒါမမြဲ–ဆန့်ဆင်းရဲ–ဆန့်ထဲငါမပါ)ဟု ရှုလိုက်။

ခြေသဏ္ဍာန် လက်သဏ္ဍာန်တွေ ခုခံ၍ မနေကြစေလင့်၊ ဝါယောဓာတ်ကို မြင်အောင်ရှုကြလေ။

ထိုမှတပါး စမ်းဗိုက်ကလေး ဖိုလိုက်ဖိုလိုက်နှင့် ရှုရှိုက်သော အခါမှာ ရှုမှုဟူသော ဝါယောဓာတ်ကို သတ်မှတ်၍ (ရှုဒါမမြဲ–ရှုဆင်းရဲ–ရှုထဲငါမပါ)ဟု ငါကွာအောင် အခါခါ ရှုဆင်ခြင်အပ်ပေ၏။

ထို့အတူ ရှိုက်သောအခါမှာလည်း (ရှိုက်ထားမမြဲ ရှိုက်ဆင်းရဲ–ရှိုက်ထဲ ငါမပါ)ဟု ဓာတ်ရင်း ပေါ်လာအောင် ဆင်ခြင်ကြပါကုန်။

တနည်းတဂြောင်း လေဓာတ်အောင်း၍ ပိန်ဖောင်းမှုရာ ဖြစ်ပေါ်လာသော် ပိန်ခါခွက်ဝင် ဝါယောထင်အောင် ဉာဏ်အမြင်စိုက် နှလုံးပိုက်၍(ပိန်ဒါမမြဲ–ပိန်ဆင်းရဲ–ပိန်ထဲငါမပါ)ဟု ငါကွာအောင် အခါခါ ရှုလိုက်ကြ။

ထို့အတူ ဖောင်းဖောင်းကြွကြွ ဖြစ်လာကလည်း ဖောင်းကြွကိုပင် ဝါယောထင်အောင် ဉာဏ်ယှဉ်သောအား သတိထား၍ (ဖောင်းဒါမမြဲ–ဖောင်းဆင်းရဲ–ဖောင်းထဲ ငါမပါ)ဟု ငါ ကွာအောင် အခါခါ ပွားများလိုက်ကြ။

ထိုပိန်ဖောင်းမှု ဟူသော ဝါယောဓာတ်ထဲ ရှုရှိက်မှု ဟူသော ဝါယောဓာတ်ထဲ ရင်ပတ်တွေ ဝမ်းဗိုက်တွေ ခုံ၍ မနေစေလင့်၊ ဓာတ်သား ထိုးထိုးကလေးကို သိုးသန့်ပေါ်လာ အောင် ရှုကြလေ။

အဲဒီလို ဘယ်နေရာမှ ဝိပဿနာ မလွတ်အောင် ရှုရလိမ့် မဟုတ်လား တကာတုတ်ရ၊ (မှန်ပါ သည်အတိုင်း ရှုရပါလိမ့် ဘုရား)။

သမာဓိတရား တခြား ထွက်ရှာမနေကြနှင့်၊ အဲဒီထဲတွင် အတွင်းဝင် ပါသွားပြီ။

နောက်က ဆိုခဲ့ပြီးသော နည်းအတိုင်း တပါးပါးသော ဓာတ်ကို အရာရာမှာ ငါက္ခာအောင် အခါခါသာ ရှုကြပေ တော့၊ သို့မှသာလျှင် သံယောဇဉ် ဆယ်ပါးတို့တွင် အရေး ကြီးသော ဒိဋ္ဌိသံယောဇဉ်မှ ကျွတ်လွတ်၍ စင်စစ် ချမ်းသာ ရာ ရကြတော့မည်။

သည်အတိုင်းသိ၊ သည်အတိုင်းမြင်၊သည်အတိုင်း ဆင်ခြင် ကြ၍ သည်အတိုင်း ဆွေးနွေးနေကြဆိုလျှင် ဒိဋ္ဌိမီးတွေ ငြိမ်း ရမှာ အမှန်ဘဲမဟုတ်လား တကာတုတ်ရ၊(မှန်ပါဘုရား)။

အေး-အေး-ဒါ့ကြောင့် သည်အချက် သည်အသား သည့် တရားစကားတွေကို အားနေတဲ့ အချိန်တိုင်း တယောက်နှင့် တယောက် စုဝိုင်းပြီး များများကြီးသာ ဆွေးနွေးကြပေ တော့နော်။

ဘာ့ကြောင့် သံယောဇဉ်ခေါ်သလဲ။

## ဝဋ္ဋသ္မိံ သံယောဇေတ္တိ ဗန္ဓတ္တီတိ သံယောဇနာနိ။

ဝဋ္ဋသ္မိံ၊ မကောင်းညစ်မွဲ ဝဋ်ဆင်းရဲ၌။ သံယောဇေတ္တိ ဗန္ဓတ္တိ၊ မလွှပ်နိုင်အောင် အချုပ်ထောင်လို တုပ်နှောင် ဘွဲ့ချည် တတ်ကုန်၏။ဣတိ၊ ထို့ကြောင့်။ သံယောဇနာနိ၊သံယောဇဉ် တို့ မည်ကုန်၏။

ကိလေ ကမ္မ ဝိပါက-ဟု ဆိုအပ်သော ဝဋ်တွင်း ဝဋ်ထဲ ဝဋ် ဆင်းရဲ၌ အမြဲမပြတ် ဘွဲ့ချည်တုပ်နှောင် တတ်သောကြောင့် သံယောဇဉ်ဟု ခေါ်သည်။

ကာမရာဂ စသော သံယောဇဉ် ဆယ်ပါးတို့တွင် ဒိဋ္ဌိ သံယောဇဉ်အရ ဆိုလျှင် ဒိဋ္ဌိက အမှားသိ အမှားမြင်၊ သံယောဇနက ဘွဲ့ဒါ ချည်ဒါ၊ ပါဠိလို ပေါင်းခေါ်တော့ ဒိဋ္ဌိသံယောဇန၊ မြန်မာလို ဆိုတော့ အမှား ဘွဲ့ချည်မှုကြီး ဟုမှတ်။

တကာတုတ်ရေ၊ (ဘုရား)၊ အဲဒီ ဒိဋ္ဌိသံယောဇဉ် ဟူသော အမှား ဘွဲ့ချည်မှုကြီးမှ ကျွတ်လွတ်ခွင့်ကို ရရာရကြောင်း ဖြစ်သော ဝိပဿနာအလုပ် အတိုချုပ်ဖြစ်သော ဆောင်ပုဒ် ကလေးတွေကို ချပေးအုံးမယ်၊ ကဲကဲ- မှတ်မှတ် သားသား လိုက်ကြစမ်း လိုက်ကြစမ်း။

### အတိုချုပ် ဆောင်ပုဒ်များ

(၁) မာဒါမြဲ မာဆင်းရဲ မာထဲ ငါမပါ၊
အဲဒါဘဲ ငါစွဲဒိဋ္ဌိကွာ။

(၂) ဘွဲ့ဒါမမြဲ ဘွဲ့ဆင်းရဲ ဘွဲ့ထဲငါမပါ၊
အဲဒါဘဲ ငါစွဲဒိဋ္ဌိကွာ။
(၃) ပူဒါမမြဲ ပူဆင်းရဲ ပူထဲ ငါမပါ၊
အဲဒါဘဲ ငါစွဲဒိဋ္ဌိကွာ။
(၄) လှုပ်ထာမမြဲ လှုပ်ဆင်းရဲ လှုပ်ထဲ ငါမပါ၊
အဲဒါဘဲ ငါစွဲ ဒိဋ္ဌိကွာ။

## တရား အဆုံးသတ်ရန်

အယံမေမွှာ၊ဤယခု ဟောပြော ပြသ ဆိုဆုံးမခဲ့ပြီးသော ဝိပဿနာ တရားတော်ကြီးသည်။ နော၊ ဟောမှု နာမှု အလေးပြု၍ ရှေးရှုပြုလုပ် အကျွန်ုပ်တို့ကို။ ဒသသု-သံယော ဇနေသု၊ကာမရာဂ စသည်အပြား ဆယ်ပါးသော သံယောဇဉ် တရားတို့တွင်။ ဒိဋ္ဌိသံယောဇနာ၊ အများသိ အများမြင် အများ ထင် ကြပ်တီး အများဘွဲ့ချည်မှုကြီးမှ။ ယဲ ဝနိက္ခန္တံ၊ ကျွတ် လွှတ် ထွက်မြောက် အမှန်သိ အမှန်မြင် တည်းဟူသော အဆုံး သို့ ရောက်သည်တိုင်အောင်။ ပါလေတု၊ယခုဘဝ ခုဓကာစ၍ ဘဝအဆက်ဆက် နောင်မပျက်ရအောင် ကောင်းစွာ ဆောင် ရွက် စောင့်ရှောက်တော်မူပါစေသတည်း။

သာဓု- သာဓု- သာဓု။
ကောင်းစွာ ဆင်ခြင် ဉာဏ်ခွဲ့ထွင်၍ ထင်မြင်အောင်
ဟောပြောကြပါလေကုန်။
ပြီးပြီ။

ရတနတ္တယံ အဟံ ဝန္ဒာမိ

(၈)

# တံခါးခြောက်တန် အတွင်းရန် လင်းဉာဏ်ဖြိုခွင်းတရားခွန်း

စက္ခုနာ သံဝရော သာဓု။

စက္ခုနာ၊ အဆင်းအာရုံ မြင်သိကြုံတော့ ပိတ်မလုံဆို့မရ အတွင်းရန် သူပုန်ထသော်ကြောင့် တဏှာက သာယာ မာနက စွာတာတာ ဒိဋ္ဌိက တငါငါ မလုံတဲ့အိုးမို့ ဒုတ်မိုးရုံနှင့်အာ အဲဒါလို အခါခါ ဘာဘာညာညာ မထောက်မတွေးတော့ဘဲ သူရှိရာ အရောက်ပြေးတတ်တဲ့ စက္ခုခေါ်သော မျက်စိပေါက် ကလေးဖြင့်။ သံဝရော၊အမြင်ခံရုပ် မြင်သိနာမ် နှစ်ပါးနာမ်ရုပ် ဒုက္ခသစ္စာ ပရိညာဉာဏ်နှင့် လိမ္မာစွာအုပ်စီး၍ နိုင်နိုင်ကြီး ချုပ် တည်းလိုက်နိုင်ခြင်းသည်။ သာဓု၊ အကြောင်းအခြေ လှသမို့ အလွန်ပင် ကောင်းလေစွတကား။ သာဓု၊ လူ့သံသရာ, နတ် သံသရာ, ဗြဟ္မာ့သံသရာ, ခွေးသံသရာ, ဝက်သံသရာ, ကြက် သံသရာ, ငှက်သံသရာ ဆိုတဲ့ သံသရာမှာ ခန္ဓာအသစ် နောင် မဖြစ်တော့ဘဲ ဝဋ္ဋမြစ်တွေ အကြောင်းတုံးလို့မို့ အကောင်း ဆုံး ပဌမတန်းကြီး ဖြစ်ပါပေသတည်း။

မောင်ကြည်ရေ၊ (ဘုရား)။

ယနေ့တော့ အကောင်းဆုံးတရားတော်ကြီး ဟောရလိမ့် မယ်နော်၊ သေသေချာချာ ကောင်းစွာနာလိုက်ကြ၊ (မှန်ပါ ဘုရား)။

အကောင်းဆုံးတရားကို မဟောရဘဲနေပါ့မလား၊ မောင်ကြည်တို့ ငါတို့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေဆိုဒါ အကောင်းဆုံး ချမ်းသာကို အလိုရှိကြတဲ့လူမျိုးတွေ ဖြစ်နေဒါကိုး။

အကောင်းဆုံး ချမ်းသာဆိုဒါ နိဗ္ဗာန်ကို ဆိုတယ်၊ ထို အကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကို အလိုရှိကြလျှင်လဲ အကောင်းဆုံးအလုပ်ကို လုပ်ကြရမှာဘဲမဟုတ်လား၊ (မှန်ပါ အကောင်းဆုံးအလုပ်ကို လုပ်ရပါလိမ့် ဘုရား)။

အကောင်းဆုံးအလုပ်ဆိုဒါလဲ တခြားမဟုတ်၊ ဝိပဿနာ အလုပ်ပါဘဲ။

ဘယ်သူက ဘာဘဲပြောပြော အကောင်းဆုံး အလုပ်ဆိုဒါ ဝိပဿနာလို့ မှတ်ရမယ်နော်၊ (မှန်ပါ ဝိပဿနာပါ ဘုရား)။

ဝိပဿနာဆိုဒါလဲ တခြားမှာ ထွက်ရှာနေရမှာ မဟုတ်ပါဘူး၊ မိမိခန္ဓာမှာ အမြဲ ပါနေပြီးသားပါဘဲ၊ ထုတ်ဖော်၍ မကြည့်ကြလို့ မသိကြသာပါနော်၊ ထုတ်ဖော်၍ ကြည့်လျှင် တော့ သိရမှာအမှန်ပေါ့။

ဘာ့ကြောင့်လဲ ဆိုတော့။

စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယ ဒွါရ, မနောဒွါရခေါ်သော မျက်စိပေါက် နားပေါက် နှာ ခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် စိတ်ပေါက်ဆိုတဲ့ ဒွါရခြောက်ပါး တံခါး ခြောက်ပေါက်ဆိုဒါ ကိုယ်မှာပင် ဖြစ်နေဒါကိုး မောင်ကြည်ရ၊ (မှန်ပါ ကိုယ်မှာပါဘုရား)။

ပြီးတော့လဲ ထိုဒွါရခြောက်ပါး၊ တံခါး ခြောက်ပေါက်ကမှ လွှတ်လွှဲပြီး ဝိပဿနာ တရားအလုပ် အားထုတ်စရာလဲ ရှိတော့ဒါမှ မဟုတ်ဘဲလား။

ဘယ်အတွက်ကြောင့်လဲ ဆိုလျှင်။

ဝဋ္ဋဒုက္ခနယ်တခွင် သံသရာခရီးအစဉ်ကို အပြီးချဲ့ထွင်တတ်သော တဏှာ, မာန, ဒိဋ္ဌိဟူသော ပပဉ္စတရား နယ်ချဲ့သမားသုံးဦးသားတို့က နောက်လိုက်နောက်ပါတို့နှင့်တကွ ဒီခြောက်ဌာနက နေနေပြီး အမြဲနှောက်မွှေ အတင်းနှိပ်စက် ဖျက်ဆီးနေဒါကိုး။

သူတို့အတွက်ကြောင့် ဝဋ္ဋဒုက္ခ စနက်မီးတွေ တညီးညီး တပြောင်ပြောင် အမြဲအလောင်ခံရတော့ သူတို့၏ဖြစ်ပေါ်ရာ ဌာနနှင့်တကွ သူတို့ကိုအရရှာပြီး တခါတည်းဖြိုခွင်း တချက်ထည်းရှင်းလင်းလိုက်မှ နေရာကျတော့မည်။

ဥပမာကိုဆိုသော် အရှေ့အိမ်ကို မီးလောင်နေသောအခါ အနောက်အိမ် သွားပြီး ရေလောင်းနေလို့ မီးငြိမ်းပါ့မလား၊ (မငြိမ်းပါ ဘုရား)။

ဘောက်လို့ ငြိမ်းလိမ့်မလဲ၊ ဆိုင်မှ မဆိုင်ဘဲကလား၊ အရှေ့အိမ်ကို တိုက်ရိုက်သွားလောင်းမှ မီးငြိမ်းတော့မပါ့။

ကဲ–တောင်အိမ့်ကိုမီးလောင်နေတယ်ဆိုလျှင် မြောက်အိမ်ကိုသွားပြီး ရေလောင်းနေလျှင်ကော ဒီမီး ငြိမ်းပါ့မလား၊ (မငြိမ်းပါ ဘုရား)။

ဘာငြိမ်းလိမ့်မလဲ၊ မီးမငြိမ်းတဲ့ အပြင် ရှုးတယ်တောင်မှ အဆိုခံရလိမ့်အုံးမယ်၊ လောင်နေတဲ့အိမ်သို့ ဒုတ်ဒုတ်ထိ တိုက်ရိုက်သွားလောင်းလိုက်မှ ဒီမီးငြိမ်းတော့မပေါ့။

အဲဒီ ဥပမာလိုဘဲ၊ သူ့ဌာနနှင့်သူ နေရာတကျ အချိုးကျဟန်ရအောင်လုပ်မှ ဝိပဿနာ ဉာဏ်နှင့် ရန်သူကို တွန်းလှန်နိုင်ပြီး အကောင်းဆုံး ချမ်းသာကြီး သိမ်းဆည်း ပိုက်ဘက်မိကြရပေလိမ့်မည်။

မျက်စိပေါက်က ကြည့်လိုက်စမ်းပါ့။

အဖြူ, အနီ စသော အဆင်းရုပါရုံကလေးတွေ မျက်စိပေါက်က ဝင်ရောက်လာကြတဲ့အခါ ချမ်းသာသုခ အနေနှင့် တဏှာက သာယာလိုက်၊ တက်ကြွစရာ နိစ္စထာဝရ အနေနှင့် မာနက စွာတာတာလုပ်လိုက်၊ ကိုယ်ပိုင်စိုးရ အတ္တအနေနှင့် ဒိဋ္ဌိက တငါငါ စွဲလမ်းလိုက်နှင့် အမြဲတမ်း ပတ်ကြမ်းတိုက် ဖြစ်နေတော့သည်။

ကဲ- တို့တတွေ တရားမရောက်တော့ မျက်စိပေါက်က တဏှာ, မာန, ဒိဋ္ဌိတွေ ပတ်ကြမ်းတိုက် ဖြစ်နေကြတယ်မဟုတ်လား မောင်ကြည်ရ၊ (မှန်ပါ ပတ်ကြမ်း တိုက်နေကြပါဘုရား)။

ပတ်ကြမ်းတိုက်မှာပေါ့ ခေတ်အကြိုက် လက်ရိုး မမှတာအနေမျိုးမို့ မျက်စိတည်းဟူသောအိုးကြီးက လုံမှမလုံဘဲကိုး။

ဘယ်မှာ လုံလိမ့်မလဲ၊ တရားက နှံနဲ့မှမထုံဘဲကလား။

အဲဒီလိုတရားမထုံတော့ မျက်စိဆိုတဲ့ မလုံတဲ့အိုးကြီးဟာ ရူပါရုံတည်းဟူသော ဒုတ်ကလေး မိုးလိုက်ရုံနှင့် အကုန် အာလာတော့ဒါပေါ့လေ။

သည်တော့ မလုံတဲ့အိုး ဒုတ်မိုးရုံနှင့် အာ, ဆိုဒါလို ဖြစ်မနေဘူးလားဟ မောင်ကြည်ရ၊ (မှန်ပါ မလုံတဲ့အိုး ဒုတ်မိုး အာ, ဆိုသလို ဖြစ်နေပါ ဘုရား)။

သည်လို အာနေလို့လဲ တဏှာ,မာန,ဒိဋ္ဌိတွေ ယိုကျဖိတ်ကျနှင့် ပိတ်မရ ဆို့မလုံ ဖြစ်ကုန်တော့ဒါဘဲ။

ကဲ- ဒါဖြင့် မျက်စိပေါက် တည်းဟူသော မလုံတဲ့အိုးကြီးက အဆင်းရူပါရုံတည်းဟူသော ဒုတ်မိုးရုံမျှနှင့် အာမလာရလေအောင် တဏှာ, မာန, ဒိဋ္ဌိတွေလဲ ယိုကျဖိတ်ကျ မဖြစ်ရလေအောင် ရုပ်,နာမ်ဓမ္မ ဒုက္ခသစ္စာ ပရိညာဉာဏ်နှင့် အမှန်သိပြီး စက္ခုသံဝရဘုရားကြီး အုပ်စီးလိုက်မှဘဲ ကောင်းတော့မည်။

ထို့ကြောင့်-

အမြင်ခံဒါက ရုပ်ရုပ်၊ မြင်သိဒါက နာမ်နာမ်၊ ရုပ်နာမ်ဖြစ်ချုပ်-ဒုက္ခသစ္စာမှန်။

အဖြူအနီစသော အမြင်ခံ အသိခံဒါက ရုပ်တရား၊ မြင်ဒါသိဒါက စက္ခုဝိညာဏ်ခေါ်သော နာမ်တရား၊ရုပ်နာမ်နှစ်ပါး ဖြစ်ပြီး၍ ပျက်စီးရသောကြောင့် ဒုက္ခသစ္စာတရား ပါကလားဟု ထင်မြင်အောင် ရှုလိုက်ကြ။

အဲဒီ–ရုပ်နာမ်ဖြစ်ချုပ် ဒုက္ခသစ္စာ တရားထဲမှာ သာယာစရာ, တက်ကြွစရာ, စွဲလမ်းစရာ,ငါ–ငါ့ဟာ ဟူသော အခြင်းအရာ အရိပ်နိမိတ် တစိတ်တခြမ်းမျှ လုံးဝ မပါ မရှိပြီ။

ဒုက္ခ ဆိုဒါက စက်ဆုပ်ဘွယ်ကြီးမို့ ထင်တိုင်းမပြီး အချည်းနှီး၊ သစ္စာဆိုဒါက အမှန်၊ ဒုက္ခသစ္စာ ထင်တိုင်းမပြီး အချည်းနှီး အမှန်–ဟု မှတ်လေ။

အမြင်ခံသက်သက် ရုပ်ဖြစ်ပျက်ထဲမှာ၊ ငါ–သူတပါးယောကျ်ားမိန်းမ, ပုဂ္ဂိုလ်သတ္တဝါဆိုဒါ အဟုတ်တကယ် ပါရှိပါ့မလားဟ မောင်ကြည်ရ၊ (မပါမရှိပါ ဘုရား)။

မြင်သိသက်သက် နာမ်ဖြစ်ပျက် ကလေးထဲ မှာကောတကယ် ငါ ကိုယ်ရယ်လို့ ကိုင်တွယ်ပြစရာ အဘယ်မှာ ရနိုင်ပါ့မလဲ၊ (မရနိုင်ပါ ဘုရား)။

ငါကောင်,ကိုယ်ကောင်,ငါ့ဟာရောင်နှင့် ကြောင်ကြောင်ရှိသကဲ့သို့ ထင်မိထင်ရာတော့ထင်မနေကြဘူးလား၊(ထင်တော့နေကြပါ ဘုရား)။

အတ္တတခု မရှိမှုကို ကြည့်ရှုလွယ်အောင် ပုံဆောင်၍ပြမည်။

ဒကော ရာဇ ဣဝ။

ဒကော၊ စီးဆင်းနေစဉ် ရေအပြင်၌။ ရာဇိဣဝ၊ ဒုတ်သေးသေးနှင့် အရုပ်ကလေးအသွင် ရေးချစ်ထင်သည့် စိတ်တွင်ပြုလုပ် ရေရေးရုပ်ကဲ့သို့ သာလျှင်တည်း။

သည်ပါဠိ အတိုနှင့် သည်အနက်အဆို သည်ဥပမာကို သေသေချာချာ ကျက်မှတ်ပြီး များများကြီး စဉ်းစားရမည် မောင်ကြည်ရေ၊ (မှန်ပါ ကျက်မှတ်စဉ်းစားရပါလိမ့်ဘုရား)။

ကဲ-ဥပမာစကားကို ထင်ရှားအောင် ပြောကြဦးစို့။

တသွင်သွင် စီးဆင်း၍နေသော တခုသောမြစ်တွင် ရေအပြင် ကမ်းစ၌ မှန်းဆကြံမှိုင်လျက် ဒုတ်ကလေးကိုင်ခါ လူတယောက် ထိုင်နေရာ၏။

ထိုသို့ ထိုင်နေလျက်က စိတ်ကူးရတိုင်း မဆိုင်းမတွ ဟောဒီက-ခြေ, ဟောဒီက-လက်, ဟောဒီက-ခေါင်း, ဟောဒီက-ကိုယ် ဟု ထိုထို၍၍ အလီလီကြံစည်ပြီး ပါလာသော ဒုတ်ကလေးနှင့် ရေပြင်မှာ ရေးလိုက်ထာ အရုပ်ကလေးဟာ အင်္ဂါအကုန် စုံပါရောတဲ့။

မျက်နှာ, ရင်ဝမ်း, နှုတ်ခမ်း, မေး, ပါးကလေးနှင့်တကွ သူရေးတဲ့ အရုပ်ကလေးဟာ သူ့စိတ်ထဲမှာ တယ်ချောတယ်လှ ဆိုကိုး မောင်ကြည်ရ၊ (မှန်ပါ သူ့စိတ်ထဲ စွဲနေအောင် လှပါလိမ့်ဘုရား)။

ကဲ- သူ့စိတ်ထဲမှာ စွဲနေလောက်အောင် ချောလှနေတဲ့ အရုပ်ပုံဟန်ကလေးဟာ စင်စစ် ဘယ်မှာလဲဆိုဒါ ရှာ၍ ကြည့်လိုက်စမ်းပါ။

အဲဒီ အရုပ်ပုံ အရုပ်ဟန် အရုပ်သဏ္ဌာန် ကလေးဟာ ရေပေါ်မှာကပ်ပြီး တထပ်တည်း ကျန်ရှိနေသလား၊ (မရှိပါဘုရား)။

ဘာရှိနေမှာလဲ၊ တသွန်သွန် စီးဆင်းနေတဲ့ရေ ဖြစ်လေတော့ သူ၏ ဒုတ်ကလေးနှင့် ရှိခနဲ ရှိခနဲ ရေးလိုက်ကထဲကပင် ထိဆဲ ထိဆဲ ရေကလေးတွေက အကုန်အောက်သို့ ရှောခနဲ ရှောခနဲ ပါပြေးကုန်ပေါ့ဘဲ။

ဒါဖြင့် သည်အရုပ်ကလေးဟာ သည်ရေမှာကပ်ပြီး တထပ်တည်း မတည်မဖြစ် မကျန်ရစ်ခဲ့လျှင် ရေးသော ဒုတ်ဖျားမှာ ကပ်ပြီးများ ပါသွားပါသေးသလား၊ (ဒုတ်ဖျားလဲ ကပ်ပါ မသွားပါ ဘုရား)။

ကပ်ပါလာဘို့ရာ နေနေသာသာ ဒုတ်ဖျားမှာ ကြည့်လိုက်တော့ စိုစိစိ ရေကလေးမျှတောင် ကောင်းကောင်း မတွေ့ချင်ဘူး။

သည်လိုမှမဟုတ်သေးလျှင် ရေပြင်နှင့် ဒုတ်အကြားကော-အရုပ်တခြား ရှိနေပါအုံးမလား၊ (ရေနှင့် ဒုတ်အကြားမှာလဲ တခြား မရှိပါဘုရား)။

ရေပေါ်နှင့် ဒုတ်ဖျားမှမရှိလျှင် နှစ်ခုအကြား ဆိုတော့ သာဝေးရော့ပေါ့။

သို့သာဖြင့် သည်အရုပ် ကလေးဟာ ဘယ်မှာလဲဆိုလျှင် ရေးသောသူ၏ စိတ်ထဲတွင်သာ ဖြစ်သောကြောင့် စိတ်ကူးအလိုက် စိတ်၌သာ ရကောင်းသော စိတ်မှာ အချုပ် စိတ်အလုပ်လက်ချက် စိတ်အရုပ်သက်သက်လို့ ဆိုရမှာပေါ့၊ (မှန်ပါ စိတ်အရုပ်သက်သက်ပါ ဘုရား)။

စိတ်၏အပြင်ဘက် တခြား ထွက်မရှာနှင့် စိတ်သက်သက် အလုပ်, စိတ်ရေးတဲ့အရုပ်-ဟု မုချတပ်အပ် ကာထစ်ချမှတ်။

ဥပမာနှင့် ဥပမေယျ ဟပ်၍ ပြသော်ကား။

တသွန်သွန် တတွေတွေ စီးဆင်း၍နေသော ရေအပြင်နှင့်ကား ယသုတ်သုတ် တဖွားဖွား ပျက်ပြား၍ နေသော အဆင်းရုပ် တရားနှင့် တူစေ၊ ကမ်းစက နေ၍ အရုပ်ရေးသော သူနှင့်ကား ထွေလာဆန်းပြား ကြံစည်ပြုလုပ်တတ်သော မနောဝိညာဏ် နာမ်တရားနှင့် တူစေ၊ ရေရေးရုပ်နှင့်ကား ငါ, သူတပါး, ယောကျ်ား, မိန်းမ, တုံး, တိုင် စသော ဝေါဟာရစကား ပညတ်တရားများနှင့် တူကြစေ။

အဆင်းတည်းဟူသော ရေပြင်ပေါ်မှာ မနောဝိညာဏ် တည်းဟူသော အရုပ်ရေးဆရာက ဒါ ငါဘဲ၊ ဒါသူဘဲ၊ ဒါ တုံးဘဲ၊ ဒါ တိုင်ဘဲ စသည်ဖြင့် ပုံဟန်နှင့်တကွ အရုပ်ရေးဆွဲ ရေးဆွဲပြီး ပြမနေဘူးလား၊ (ပြနေပါဘုရား)။

ကြည့်စမ်းပါလား၊ အခုတင်က ရေထဲမှာ အရုပ်ရေးတဲ့ သူဟာလေ ဒုတ်ကလေးနှင့် ရှိခနဲ ရှိခနဲ ရေးလိုက်တဲ့အခါ ထိဆဲထိဆဲခဏမှာ ရှောခနဲ ရှောခနဲ ပါပါသွားလိုက်ထာ ရေကဖြင့် သမုဒ္ဒရာထဲတောင် ရောက်ကောင်း ရောက်ကရော့မယ်၊ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ ကွင်းကွင်း စက်စက်ကလေးဘဲ ထင်ရစ်တုန်း ရှိရှာသေးတယ်။

အဲဒါလိုဘဲ အခုလဲ မျက်စိပေါက်က အမြင်ခံ ရုပ်တရားနှင့် မြင်သိ နာမ်တရားကဖြင့် မြင်ပြီးပျောက်၍ ဘယ်ရောက်သွားမှန်းတောင် မသိဘူး၊ဒါပေမဲ့ မနောဝိညာဏ်က ဘယ်သူ့ပုံ ဘယ်သူ့ဟန် ဘယ်သူ့သဏ္ဍာန်နှင့် ကြံစည် ဖန်ဆင်းပြီး ကွင်းကွင်းစက်စက်ကြီးဘဲ ထင်ရစ်တုန်း မြင်ရစ်တုန်းပေါ့။

ဒါ့ကြောင့် ပုံတွေ ဟန်တွေ သဏ္ဌာန်တွေနှင့် ထင်လေသမျှ မြင်လေသမျှ မနောဝိညာဏ် နာမ်တရားကသာ အစဖြာလာသည်ဖြစ်၍ စင်စစ် ရေရေးရုပ်နှင့်မခြား တသားထည်းတူနေပြီ မဟုတ်လား မောင်ကြည်ရ၊ (မှန်ပါ ရေရေးရုပ်နှင့် အဟုတ်တူလှပါ ဘုရား)။

ရေရေး ရုပ် ဆိုဒါနှင့် စိတ်ရေး ရုပ် ဆိုဒါ အတူတူသာ မှတ်လေ။

စိတ်ကြောင့် ဖြစ်ပေါ်သောတရား စိတ်ဥ္သာရ,စကောင်း ဒါပါကလားဟု သိမြင်လျှင် စိတ်တွင် ဝင်ရောက် ဃန-ကျေပျောက်လေပြီဟု မှတ်ယူရမည် ဟူလို။

စက္ခုဒွါရ အမြွက်မျှ ပြီး၏။

---

## သာဓု သောတေန သံဝရော။

သောတေန၊ အသိအာရုံ ကြားသိကြုံတော့ ပိတ်မလုံ ဆို့မရ အတွင်းရန် သူပုန် ထသော်ကြောင့် တဏှာက သာယာမာနက စွာတာတာ ဒိဋ္ဌိက တင်ါငါ မလုံတဲ့အိုးမို့ ဒုတ်မိုးရုံနှင့်အာ အဲဒါလို အခါခါ ဘာဘာညာညာ မထောက်မတွေးတော့ဘဲ သူရှိရာ အရောက်ပြေးတတ်တဲ့ သောတ,ခေါ်သော နားပေါက်ကလေးဖြင့်။ သံဝရော၊ အကြားခံရုပ် ကြားသိနာမ် နှစ်ပါးနာမ်ရုပ် ဒုက္ခသစ္စာ ပရိညာ ဉာဏ်နှင့် လိမ္မာစွာ အုပ်စီး၍ ချုပ်တည်းလိုက် နိုင်ခြင်းသည်။ သာဓု၊ အကြောင်းအခြေလှသမို့ အလွန်ပင် ကောင်းလေစွတကား။

သာခု၊ လူ့သံသရာ၊ နတ်သံသရာ, ဗြဟ္မာ့သံသရာ,ခွေးသံသရာ, ဝက်သံသရာ, ကြက်သံသရာ, ငှက်သံသရာ ဆိုတဲ့ သံသရာမှာ ခန္ဓာအသစ် နေခွင်မဖြစ်တော့ဘဲ ဝဋ်မြစ်တွေ အကြောင်း တုံးလို့မို့ အကောင်းဆုံး ပဌမတန်းကြီး ဖြစ်ပါပေသတည်း။

မောင်ကြည်ရေ၊ (ဘုရား)။

ဟောဒီ နားပေါက်ကလဲ တရားမပျောက်အောင် စောင့် ရှောက် ထိန်းသိမ်းဘို့ရာ လွန်စွာလိုပြန်တယ်၊ (မှန်ပါ အလွန် လိုလှပါ ဘုရား)။

မျက်စိပေါက်က တရားပျောက်လျှင် အမှားတွေ ရောက် လာဒါလို နားပေါက်ကလဲ တရားပျောက်မှဖြင့် အမှားတွေ ရောက်လာတော့မှာဘဲနော်။

တံခါးပေါက်က တရားပျောက်လျှင် အမှားရောက်တတ် သည် ကြပ်ကြပ်သတိထားကြ။

နားပေါက် တည်းဟူသော မလုံတဲ့ အိုးကြီးက သဒ္ဒါရုံ တည်းဟူသော ဒုတ်ကွလေးနှင့် မိုးလိုက်လျှင် အလိုလို အာလာတတ်တယ် မဟုတ်လား၊ (မှန်ပါ အာလာတတ်ပါ ဘုရား)။

ဒါ့ကြောင့် တဏှာ- မာန- ဒိဋ္ဌိတွေ ယိုကျ ဖိတ်ကျနှင့် ပိတ်မရ ဆို့မလုံ ဆိုဒါလို ဖြစ်ကုန်တော့ဒါပေါ့။

အဲဒီလို နားပေါက်ကလဲ အညစ်ခမ္မတွေ ရိုင်းရိုင်းပြပြကြီး မဖြစ်ရလေအောင် နာမ်ရုပ်ဒုက္ခသစ္စာဆိုတဲ့ ပရိညာဉာဏ်ကြီး နှင့် အသံကို ကြားလိုက်သောအခါ သောတသံဝရတရား ကြီး အမြန်စောင့်စည်း အုပ်ထိန်းလိုက်ကြရမည်။

အကြားခံဒါက ရုပ်ရုပ်၊ ကြားသိဒါက နာမ်နာမ်။
ရုပ်နာမ်ဖြစ်ချုပ်- ဒုက္ခသစ္စာမှန်။

ဤသို့မှတ်။

အကြားခံဒါကလဲ အသံရုပ် သက်သက်၊ ကြားသိဒါကလဲ သောတ ဝိညာဏ်ခေါ်သော အသိနာမ် သက်သက်၊ ရုပ်နာမ်သက်သက် ဖြစ်ပျက် ဒုက္ခသစ္စာတရားဟု ပွားရှုလိုက်ကြရမည်။

ဤအရာမှာလည်း ခေါ်သံ, ပြောသံ, ဆဲဆိုသံစသော အကြားခံ အသံရုပ်ဓာတ်နှင့် ကြားသိနာမ်ဓာတ် နှစ်ရုပ်စလုံး လက်စတုံး ချုပ်ဆုံးကွယ်ပျောက် အနိစ္စရောက်သွားပြီးနောက် မနောဝိညာဏ် ပေါ်ပေါက်၍လာရာ ငမည်သူ, ငမည်ဝါ စသည် ပါလာတော့၏။

ဤခေါ်သံ,ပြောသံ, ဆဲဆိုသံစသော အသံတည်းဟူသော ရေပြင်ပေါ်မှာ မနောဝိညာဏ် တည်းဟူသော အရုပ်ရေးဆရာက ဘယ်သူဟ, ဘယ်ဝါဟ, ဘာဟ, ညာဟနှင့် ရေးပြ ထင်မြင်လိုက်ထာဘဲ မဟုတ်လား မောင်ကြည်ရ၊ (မှန်ပါ စိတ်က ထင်မြင်ဒါပါ ဘုရား)။

နောက်က ပြဆိုခဲ့ပြီးသော (ဒကေ-ရာဇိဗ္ဗဝ)ဟူသောအရ အတိုင်းပင် ဆင်ခြင်ပါလေ၊ ဟောပြောပါလေ။

သောတဒွါရ အပြွက်မျှ ပြီး၏။

—— ——

## ဃာနေန သံဝရော သာဓု။

ဃာနေန၊ အနံ့အာရုံ နံ့သိကြုံတော့ ပိတ်မလုံ ဆို့မရ အတွင်းရန် သူပုန်ထသော်ကြောင့် တဏှာကသာယာ မာနက စွာတာတာ ဒိဋ္ဌိက တင်ါငါ မလုံတဲ့အိုးမို့ ဒုတ်မိုးရုံနှင့်အာ အဲဒါလို အခါခါ ဘာဘာညာညာ မထောက်မတွေးတော့ဘဲ သူရှိရာ အရောက်ပြေးတတ်တဲ့ ဃာနခေါ်သော နှာခေါင်း ပေါက်ကလေးဖြင့်။ သံဝရော၊ အနံ့ခံရုပ်, နံ့သိနာမ်, နှစ်ပါး နာမ်ရုပ် ဒုက္ခသစ္စာ ပရိညာဉာဏ်နှင့် လိမ္မာစွာအုပ်စီး၍ နိုင်နိုင် ကြီးချုပ်တည်းလိုက်ခြင်းသည်။ သာဓု၊ အကြောင်း အခြေလှ သမို့ အလွန်ပင်ကောင်းလေစွတကား။ သာဓု၊ လူ့သံသရာ, နတ်သံသရာ,ဗြဟ္မာ့သံသရာ, ခွေးသံသရာ,ဝက်သံသရာ, ကြက် သံသရာ, ငှက်သံသရာဆိုတဲ့ သံသရာမှာ ခန္ဓာအသစ် နောင် မဖြစ်တော့ဘဲ ဝဋ်မြစ်တွေအကြောင်းတုံးလို့မို့ အကောင်းဆုံး ပဌမတန်းကြီး ဖြစ်ပါပေသတည်း။

မောင်ကြည်ရေ၊ (ဘုရား)။

ဟောဒီ နှာခေါင်းပေါက်ကလဲ အမြဲမပြတ်ဆိုသလို ဃာန သံဝရတရားနှင့် စောင့်ရှောက်ရ လိမ့်မယ်၊ (မှန်ပါ စောင့် ရှောက်ရပါလိမ့်ဘုရား)။

မစောင့်ရှောက်လိုက်လျှင် နှာခေါင်းပေါက်ဆိုတဲ့ မလုံတဲ့ အိုးကြီးက ဂန္ဓာရုံဆိုတဲ့ ဒုတ်ကလေး မိုးလိုက်ရုံနှင့် အကုန် အာ,ကျကုန်မှာပေါ့။

ဘယ်လို စောင့်ရှောက်ရမလဲ ဆိုလျှင်။

အနုံခံဒါက ရုပ်ရုပ်၊ နံ့သိဒါက နာမ်နာမ်။
ရုပ်နာမ်ဖြစ်ချုပ် ဒုက္ခသစ္စာမှန်၊
ဟောဒီလို စောင့်ရှောက်လိုက်။

ဒါမှ နွားခေါင်းပေါက်က နေရာကျမှာနော်။

အနံ့ခံဒါကလဲ အမွှေးအကြိုင် စသော ဂန္ဓာရုံဆိုတဲ့ ရုပ်တရား သက်သက်ဘဲ၊ နံ့သိဒါကလဲ ဃာနဝိညာဏ်ဆိုတဲ့ နာမ်တရား သက်သက်ဘဲ၊ ရုပ်နာမ်ဟူက ဖြစ်ချုပ်မျှမို့ ဒုက္ခသစ္စာသာ အမှန်ဟုတ်သည်။

အဲဒီ ရုပ်နာမ်ဖြစ်ချုပ် ဒုက္ခသစ္စာထဲမှာ ပုဂ္ဂိုလ် သတ္တဝါဆိုဒါ အရိပ်အရောင်မျှ ရှာမရပါဘူး မောင်ကြည်ရ၊ (မရပါဘူရား)။

ဘောက်လို့ ရှာရလိမ့်မလဲ၊ ရုပ်က အထင်ခံရရုံမျှသာဖြစ်၍ နာမ်ကသာ ထင်ရုံမျှထင်ရဒါကိုး၊ ထင်ရုံမျှဆိုတော့ ထင်မှုတွင် ပြီးရော့ပေါ့။

အမွှေးအကြိုင်စသော ဂန္ဓာရုံရေပြင်ပေါ်မှာ အရုပ်ရေးဆရာနှင့်တူသော မနောဝိညာဏ် နာမ်တရားက ဟန်မလားအမူအရာနှင့် သူပါငါပါ ဘာဘဲညာညာနှင့် ရှောက်ရှောက်တွေးပြီး ကောက်ကောက် ရေးလိုက်တော့ဒါပေါ့။

ဒါကြောင့် သူရေးတဲ့အရုပ် သူ့အလုပ်ကို စုစုချုပ် သိရအောင် ယခင်ကပြဆိုခဲ့သော (ဒကော-ရာဇဝတ္ထု) အတိုင်း ဉာဏ်ကသိုဏ်းဝင်စား၍ ထင်ရှားအောင် ရှုကြလေကုန်။

ဃာနဒွါရ အပြွက်မျှ ပြီး၏။

## သာဓု ဇိဝှါယ သံဝရော။

ဇိဝှါယ၊ အရသာအာရုံ စားသိကြုံတော့ ပိတ်မလုံ ဆို့မရ အတွင်းရန် သူပုန်ထသော်ကြောင့် တဏှာကသာယာ မာနက စွာတာတာ ဒိဋ္ဌိကတင်ါငါ မလုံတဲ့အိုးမို့ ဒုတ်မိုးရုံနှင့်အာ အဲ ဒါလို အခါခါ ဘာဘာညာညာ မထောက် မတွေးတော့ဘဲ သူရှိရာ အရောက်ပြေးတတ်တဲ့ ဇိဝှါခေါ်သော လျှာပေါက် ကလေးဖြင့်။ သံဝရော၊ အစားခံရုပ် စားသိနာမ် နှစ်ပါးနာမ်ရုပ် ဒုက္ခသစ္စာ ပရိညာဉာဏ်နှင့် လိမ္မာစွာ အုပ်စီး၍ နိုင်နိုင်ကြီး ချုပ်တည်းလိုက်နိုင်ခြင်းသည်။ သာဓု၊ အကြောင်း အခြေလှ သမို့ အလွန်ပင် ကောင်းလေစွတကား။ သာဓု၊ လူ့သံသရာ, နတ်သံသရာ, ပြဟ္မာ့သံသရာ, ခွေးသံသရာ, ဝက်သံသရာ, ကြက် သံသရာ, ငှက်သံသရာ ဆိုတဲ့ သံသရာမှာ ခန္ဓာအသစ် နောင် မဖြစ်တော့ဘဲ ဝဋ်မြစ်တွေအကြောင်းတုံးလို့မို့ အကောင်းဆုံး ပဌမတန်းကြီး ဖြစ်ပါပေသတည်း။

မောင်ကြည်ရေ၊ (ဘုရား)။

ဟောဒီပစပ်ပေါက်, လျှာပေါက်ကလေးကလဲ ဇိဝှါသံဝရ တရားနှင့် စောင့်ရှောက်နိုင်မှ ကောင်းကြတော့မယ်တဲ့လား၊ (မှန်ပါ တရားနှင့်စောင့်ရှောက်မှ ကောင်းကြမှာပါ ဘုရား။)

ကွယ်– ဘယ်အရာမဆို တရားမပါလျှင် နေရာမကျတော့ ဘူး ဆိုပါတော့၊ ဘာ-နေရာကျမှာလဲကွဲ့၊ တရားက ပဓာန ကြီးပေကိုး။

သည်တော့ ပစပ်ပေါက် လျှာပေါက်ကလေးက စားမှု သောက်မှု လျက်မှုတွေကို ပြုလုပ်ကြတဲ့အခါ ရုပ်နာမ် ဒုက္ခသစ္စာကို ဉာဏ်မှာထင်မြင်ပြီး ဆင်ခြင်၍ စားသောက်ကြရမည်။

ဘယ်လိုဆင်ခြင်ရမှာလဲ ဆိုလျှင်-

အစားခံဒါက ရုပ်ရုပ်- စားသိဒါက နာမ်နာမ်။

ရုပ်နာမ်ဖြစ်ချုပ်၊ ဒုက္ခသစ္စာမှန်။

ဟု ဆင်ခြင်လိုက်။

အစားခံဒါက အချိုအချဉ် စသော ရသာရုံ ရုပ်တရားသက်သက်၊ စားသိလျက်သိဒါက ဇိဝှာဝိညာဏ်ခေါ်သော အသိနာမ်တရားသက်သက် ရုပ်နာမ်နှစ်ပါးဖြစ်ချုပ်မျှမို့ ဒုက္ခသစ္စာသာ အမှန်ဖြစ်တော့သည်-ဟု ရှုလိုက်ကြပေတော့။

သို့ကလို နာမ်ရုပ်တရားနှင့် စောင့်ရှောက်မှ သာလျှင် လျှာပေါက်တည်းဟူသော မလုံတဲ့အိုးက အချိုအချဉ် စသော ရသာရုံတည်း ဟူသော ဒုတ်မိုးလိုက်သောအခါ မအောလာမှာ နေ၁၊ (မှန်ပါ သို့မှ မအောလာမှာပါ ဘုရား)။

အောလာလျှင် ဘာဘာညာညာတွေထင်ပြီး ရသာရုံတည်း ဟူသော ရေပြင်ကြီးပေါ်မှာ မနောဝိညာဏ်တည်း ဟူသော ရေရှုပ်ရေးဆရာက အစစ ရေးလိုက်ပြန်ပြီ ဟူ၍မှတ်။

ဤအရာမှာလည်း (ဒကေ ရာဇိဋ္ဌဝ)ကို ထုတ်ဆို ဟောပြောပါလေ။

ဇိဝှါဒွါရ အမြွက်မျှပြီး၏။

## ကာယေန သံဝရော သာဓု။

ကာယေန၊ အတွေ့အာရုံ တွေ့သိကြုံတော့ ပိတ်မလုံ ဆို့မရ အတွင်းရန် သူပုန်ထသော်ကြောင့် တဏှာက သာယာ, မာနက စွာတာတာ ဒိဋ္ဌိက တငါငါ, မလုံတဲ့အိုးမို့ ဒုတ်မိုးရုံနှင့်အာ အဲဒါလို အခါခါ ဘာဘာညာညာ မထောက်မတွေးတော့ဘဲ သူရှိရာ အရောက်ပြေးတတ်တဲ့ ကာယဒွါရ ခေါ်သော ကိုယ်ပေါက်ကလေးဖြင့်။ သံဝရော၊ အတွေ့ခံရုပ်တွေ့သိနာမ် နှစ်ပါးနာမ်ရုပ် ဒုက္ခသစ္စာ ပရိညာဉာဏ်နှင့် လိမ္မာစွာ အုပ်စီး၍ နိုင်နိုင်ကြီး ချုပ်တည်းလိုက်နိုင်ခြင်းသည်။ သာဓု၊ အကြောင်းအခြေလှသမို့ အလွန်ပင် ကောင်းလေစွတကား။ သာဓု၊ လူ့သံသရာ, နတ်သံသရာ, ဗြဟ္မာ့သံသရာ, ခွေးသံသရာ, ဝက်သံသရာ, ကြက်သံသရာ, ငှက်သံသရာ ဆိုတဲ့ သံသရာမှာ ခန္ဓာအသစ် နောင်မဖြစ်တော့ဘဲ ဝဋ်မြစ်တွေ အကြောင်းတုံးလို့မို့ အကောင်းဆုံး ပဌမတန်းကြီး ဖြစ်ပါပေသတည်း။

မောင်ကြည်ရေ၊ (ဘုရား)။

ဟောဒီ-ကိုယ်ပေါက်ကလဲ, ကာယသံဝရ တရားကြီးနှင့် အပြီး စောင့်ရှောက်ရမတဲ့လား၊ (မှန်ပါ စောင့်ရှောက်ရပါ လိမ့်ဘုရား)။

ကိုယ်ပေါက်တည်းဟူသော မလုံတဲ့အိုးကြီးက အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ဒုတ်မိုးရုံမျှနှင့် တဏှာ မာန ဒိဋ္ဌိတွေ

အာကျမလာရလေအောင် ကာယ သံဝရတရားကြီးနှင့် နိုင်နိုင်ကြီး အုပ်စီးချုပ်တည်းတဲ့အခါ ငါမပါဘို့ သာ၍ အရေးကြီးတယ်၊ ငါ မပါအောင်ကလဲ နာမ်ရုပ် ဒုက္ခသစ္စာပိုင်မှ ဖြစ်နိုင်မယ်၊ ဒါ့ကြောင့် နာမ်ရုပ်တရားကို ရှေးဦးစွာ သိထားရလိမ့်မဟုတ်လား မောင်ကြည်ရ၊ (မှန်ပါ နာမ်ရုပ်ကို သိထားရပါလိမ့်ဘုရား)။

ဘယ်လို သိထားရမှာလဲ ဆိုလျှင်။

အတွေ့ခံဒါက ရုပ်ရုပ်-တွေ့သိဒါက နာမ်နာမ်။

ရုပ်နာမ်ဖြစ်ချုပ်- ဒုက္ခသစ္စာမှန်။

ဟောဒီလို သိထားကြ။

အတွေ့ခံဒါက ဘာတွေလဲဆိုလျှင် မာမှု နူးညံ့မှု ဆိုတဲ့ ပထဝီ, ပူမှု အေးမှုဆိုတဲ့ တေဇော, ထောက်ကန်မှု လှုပ်ရှားမှု ဆိုတဲ့ ဝါယော၊ အဲဒီ ဖောဋ္ဌဗ္ဗရုပ်သုံးပါး ရုပ်တရားသာ အမှန်ဖြစ်တယ်၊ ထိုအတွေ့ကို သိဒါက တွေ့သိနာမ်တရား၊ ထိုနာမ်ရုပ်နှစ်ပါး ဖြစ်ချုပ်မျှမို့ ဒုက္ခသစ္စာတရား ပါကလားဟု ထင်မြင်အောင် ပိုင်းခြားရှုရမည်။

ဒီလို ထင်ရှားရှိတဲ့ ရုပ်နာမ် ဒုက္ခသစ္စာတရားကို ပရိညာကိစ္စနှင့် ပိုင်းခြားလိုက်လျှင် ငါအသွင် ကိုယ်အသွင် ထင်မြင်စရာ ရှိပါတော့မလား၊ (မရှိပါ ဘုရား)။

ဘာ ရှိနိုင်တော့မှာလဲ၊ ထင်ရှားရှိတဲ့ တရားကို မြင်လိုက်တော့ ထင့်ရှားမရှိတဲ့ တရားက အလိုလို စင်သွားပေါ့ဘဲ။

ထင်နေကျ မြင်နေကျဖြစ်တဲ့ စိတ်ထင် စိတ်သိ စိတ်အရှိတွေကတော့ (ဒကေ ရာဇိက္ကဝ)အတိုင်းပေါ့။

မာမှု နူးညံ့မှု ဟူသော ပထဝီဓာတ် ရေပြင်ပေါ်မှာ ဖြစ်စေ၊ ပူမှု အေးမှု ဟူသော တေဇောဓာတ် ရေပြင်ပေါ်မှာ ဖြစ်စေ၊ ထောက်ကန်မှု လှုပ်ရှားမှု ဟူသော ဝါယောဓာတ် ရေပြင်ပေါ်မှာ ဖြစ်စေ၊ ထွေထွေလာလာ အရုပ်ရေးဆရာ ဝိညာဏက္ခန္ဓာ ဟူသော မနောဝိညာဏ်သည် အသွင်အပြင်နှင့် တကွ အမျိုးမျိုးရေးပြ ကြံစည်ပြုလုပ်လိမ့်မည်။

ထိုသို့ ကြံစည်တွေးဆ ရေးပြပြုလုပ်သောအခါ အရာရာမှာ ထင်လာသမျှ မြင်လာသမျှ ရေ-ရေးရုပ် အတိုင်းသာ မှတ်ကြကုန်။

ကာယ ဒွါရ အမြွက်မျှပြီး၏။

—————

## မနသာ သံဝရော သာဓု။

မနသာ၊ ထင်ရှားအာရုံ ကြံသိကြုံတော့ ပိတ်မလုံ ဆို့မရ အတွင်းရန် သူပုန်ထသော်ကြောင့် တဏှာက သာယာ မာန က စွာတာတာ ဒိဋ္ဌိက တငါငါ မလုံတဲ့အိုးမို့ ဒုတ်မိုးရုံနှင့်အာ အဲဒါလို အခါခါ ဘာဘာညာညာ မထောက်မတွေးတော့ဘဲ သူရှိရာ အရောက်ပြေးတတ်တဲ့ မနောခေါ်သော စိတ်ပေါက် ဂလေးဖြင့်။ သံဝရော၊အကြံခံရုပ် ကြံသိနာမ် နှစ်ပါးနာမ်ရုပ် ဒုက္ခသစ္စာ ပရိညာဉာဏ်နှင့် လိမ္မာစွာ အုပ်စီး၍ နိုင်နိုင်ကြီး ချုပ်တည်းလိုက်နိုင်ခြင်းသည်။ သာဓု၊ အကြောင်းအခြေလှ သမို့ အလွန်ပင် ကောင်းလေစွတကား။ သာဓု၊ လူ့သံသရာ, နတ်သံသရာ,ဗြဟ္မာ့သံသရာ, ခွေးသံသရာ, ဝက်သံသရာ,ကြက်

သံသရာ, ငှက်သံသရာဆိုတဲ့ သံသရာမှာ ခန္ဓာအသစ် နေခွင့် မဖြစ်တော့ဘဲ ဝဋ်မြစ်တွေ အကြောင်းတုံးလို့မို့ အကောင်းဆုံး ပဌမတန်းကြီး ဖြစ်ပါပေသတည်း။

**အမှာစကားရပ်**

(ဤမနောဒွါရကိုပြဆိုရာ၌ ထိုဒွါရ၌ ထင်နိုင်သောအာရုံသည် စိတ် စေတသိက်-ရုပ်-နိဗ္ဗာန်-ပညတ် ဟု ငါးခုရှိရာ မှတ်၍ လွယ်စေခြင်းငှာ အများသိနိုင်သော ရုပ်-အာရုံတခုကိုသာ ပြမည်၊ စိတ်-စေတသိက် အာရုံကိုကား တမျိုးမှတ်သားရမည်ကို ရှုပ်ထွေးဝန်လေးမည် စိုး၍ မပြတော့ပြီ၊ နိဗ္ဗာန်ကို ဤအရာ မလိုအပ်၊ပညတ်ကိုမူကား ထင်ရှားရှိသော အာရုံ မဟုတ်သောကြောင့်၎င်း၊ ရုပ်သား နာမ်သား ရောက်လျှင် ကွယ်ပျောက်ရသောကြောင့်၎င်း သီးခြားပြု၍ မရှုအပ်ဟု မှတ်)။

မောင်ကြည်ရေ၊ (ဘုရား)။

မနော ခေါ်သော စိတ်ပေါက် ကလေးကလဲ အများ အမှောက်တွေ မနား မရောက်လာအောင် တရားနှင့်ဖြောင့် မပြတ် စောင့်ရှောက်ရမတဲ့လား၊ (မှန်ပါ တရားနှင့် စောင့်ရှောက်ရပါလိမ့် ဘုရား)။

အင်း- တရားနှင့်ဖြောင့် မစောင့်ရှောက်လျှင် စိတ်ပေါက်တည်းဟူသော မလုံတဲ့အိုးကြီးက အာရုံတည်းဟူသော ဒုတ်ကလေး မိုးလိုက်ခါမျှနှင့် အကုန်ပွင့်အာ လာတော့မှာ အမှန်ဘဲနော်။

ဒီလို ပွင့်အာလာမှုဖြင့် တဏှာ-မာန- ဒိဋ္ဌိတွေဟာ ယိုကျ ဖိတ်ကျနှင့် ပိတ်မရ ဆို့မလုံအောင် အကုန်ထွက်ကုန်တော့မှာ ဘဲပေါ့။

ထိုကဲ့သို့ မဖြစ်ရအောင် စိတ်ပေါက်ကနေပြီး မနော သံဝရတရားကြီးနှင့် အမြဲမပြတ် တားဆီး ပိတ်ဆို့လိုက်မှ လွန်လွန်မင်းမင်းကြီးပွင့်အာထွက်ကျမဖြစ်ကြမှာမဟုတ်လား၊ (မှန်ပါ မပွင့်အာလျှင် အခွင့်သာမည် မဟုတ်ပါ ဘုရား)။

ဘာ ပွင့်လာစရာ အခွင့်သာနိုင်တော့မှာလဲ၊ မနော သံဝရတရားကြီးနှင့် ချုပ်တည်း အုပ်စီးထားမိပေါ့ကိုး။

## အုပ်စီးမိပုံက

အကြံခံဒါက ရုပ်ရုပ်- ကြံသိဒါက နာမ်နာမ်၊
ရုပ်နာမ်ဖြစ်ချုပ်- ဒုက္ခသစ္စာမှန်။

အကြံခံ အသိခံ အနေနှင့် ထင်ရှားရှိနေဒါတွေက ထိုထို မာသဘော နူးညံ့သဘောတွေ ထိုထို ဖွဲ့စည်းသဘော ယိုစီး သဘောတွေ၊ထိုထို ပူသဘော အေးသဘောတွေ ထိုထို လှုပ်ရှား သဘော ထောက်ကန်သဘောတွေ ထိုထို အဆင်းသဘောတွေ ထိုထို အနံ့သဘောတွေ့ ထိုထို အရသာ သဘောတွေ ထိုထို ဓာတ်ဆီ ဓာတ်စေး သဘောတွေ၊ ဤရုပ်တရားတွေသာအမှန် ဟုတ်ချေသည်။

ထို ထင်ရှားရှိသော ရုပ်သဘော ရုပ်တရားတွေပေါ်မှာ အမျိုးမျိုး အဖန်ဖန် ကြံတတ်သော တရားတွေ သိတတ်သော

တရားတွေကလည်း နာမ်တရားတွေ ချည်းသာ အမှန်ဟုတ်ခဲ့သည်။

ဒါ့ကြောင့် အကြံခံ အသိခံဒါကလဲ ရုပ်တရားအမှန်၊ ကြံဒါသိဒါကလဲ နာမ်တရားအမှန်၊ သိမှတ်ရန် အတိုချုပ်ကတော့ ထိုရုပ်နာမ် နှစ်ပါးသာ ဝိပဿနာအရာ သတ္တုချထွက်ပေါ်လာတယ် မဟုတ်လား၊ (မှန်ပါ ရုပ်နာမ် နှစ်ပါးပါဘဲ ဘုရား)။

ရုပ် နာမ် ဓမ္မသာ သတ္တုချ ထွက်ပေါ်လာမှာပေါ့၊အစစ်အမှန်ရှိဒါကလဲ ဒီနှစ်ပါးဘဲကိုး၊ ဝိပဿနာ ပွားများဆင်ခြင်၍ ထင်မြင်ရမည့်ကိစ္စက ရုပ်မဟုတ်နာမ်ပ၊ နာမ်မဟုတ် ရုပ်ပ၊ ဒါမှ ပရိညာကိစ္စ နေရာကျ၍ ပဟာနကိစ္စကြီး အပြီးသတ်နိုင်တော့မပေါ့။

ထင်ရှားမှုချ ပဓာနအားဖြင့် ထိုထိုရုပ်တရား သဘောစုသဘောမှုတွေကိုပင် စိတ်အထင် ဘောက်ပြန်၍ လုပ်ကြံခါသဏ္ဌာန်နှင့် စွဲစွဲပြီး ဒီဟာ ဘာဘဲ ဒီဟာညာဘဲနှင့် အနဲနဲဖြစ်ရတော့သည်။

အနီးအနား ဖြစ်သော အာရုံများကို မဆိုထားဘိဦး၊ ရှေးရှေးအခါက တွေ့ကြုံခဲ့ရဘူးသော အာရုံဓမ္မတွေကိုတောင်ယခု ကြောင်ကြောင်မြင်ကြည့် အနီးရှိကဲ့သို့ တွေးသိ ကြံသိနှင့် အမျိုးမျိုး အထွေထွေ ပြန်၍ပြန်၍ စွဲငြိကပ်တတ်လေသေး၏။

သို့ကလိုမနောကျတော့ အာရုံတွေအကုန် ဒလဟော ဝင်တတ်သည် မောင်ကြည်ရှဲ၊ (မှန်ပါ မနောကျ ဒလဟော ဝင်တတ်ပါ ဘုရား)။

ထိုမနောပေါက်က အာရုံတွေဒဟာဟော ဝင်ရောက်လာတဲ့ အခါမှာလဲ ယခင်ကပြဆိုခဲ့တဲ့အတိုင်းဘဲ အကြံ အသိခံသမျှ ရုပ်ဓမ္မ,ကြံသိသမျှ နာမ်ဓမ္မ,ရုပ်နာမ်ဓမ္မ ဒုက္ခသစ္စာဘဲဟု အမြဲမပြတ် အထပ်ထပ် ရှုလိုက်ကြရမည်။

သို့မှသာလျှင် အမျိုးမျိုးသော ရုပ်အာရုံရေပြင်ပေါ်မှာ မနောဝိညာဏ်တည်းဟူသော ရေရုပ်ရေးဆရာက ရေးပြလိုက်သောအခါ သူရေးပြခါမျှ စင်စစ် ဘာမှ မဟုတ်ဘဲကိုးလို့ အမှန်သိသဖြင့် ဒိဋ္ဌိအငြိအတွယ်မှ စင်ကြယ်ခွင့် ရကြမည်။

သည်လိုမှမဟုတ်လျှင် သူရေးတဲ့ အရုပ်အသွင်ကို အဟုတ်ထင်ခါအကြံကောက်၍ရုပ်အစဉ်နာမ်ပျောက်ပြီး တောက်တီးတောက်တက် အယူ ဖြစ်ရတော့သည်။

တောက်တီး တောက်တက် အယူဆိုဒါ ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝ စသော အယူကို ဆိုသည်ဟု မှတ်။

ကဲ- နောက်က စကားတွေကို ပြန်ပြီး ကြည့်လိုက်တော့ မျက်စိပေါက်က မြင်ရာမှာ ဝိပဿနာဉာဏ် မတွဲလိုက်လျှင် တောက်တီး တောက်တက် အထင်အမြင် အယူအစွဲတွေ ဖြစ်မကုန်ပေဘူးလား၊ (မှန်ပါ တောက်တီး တောက်တက်တွေ ဖြစ်ကုန်ပါ ဘုရား)။

တောက်တီးတောက်တက် အယူဖြစ်မှာပေါ့၊ အမှားတွေကို အမှန်ထင်နေဒါကိုး။

ယခင်ကပြဆိုခဲ့တဲ့အတိုင်း ဝိပဿနာဉာဏ် တွဲလိုက်လျှင်ကော တောက်တီးတောက်တက် ဖြစ်ပါအုံးမလား၊ (မဖြစ်ပါ ဘုရား)။

ဘာ–ဖြစ်နိုင်တော့မလဲ၊ ရုပ်,နာမ်အမှန်ကို အမှန်အတိုင်း သိပေါ့ကိုး။

ဒါ့ကြောင့် မြင်ရာဉာဏ်တွဲ ကြားရာဉာဏ်တွဲ နံရာဉာဏ်တွဲ စားရာဉာဏ်တွဲ တွေ့ရာဉာဏ်တွဲ ကြံရာဉာဏ်တွဲ အဲဒါမှ အမှန်လဲရောက် အမှားပျောက်။

အမှန်ရောက်၍ အမှားပျောက်လျှင်လည်း ခွေးသံသရာ, ဝက်သံသရာ, ကြက်သံသရာ, ငှက်သံသရာက လွတ်ရပေပြီ။

လူ့သံသရာ, နတ်သံသရာ, ပြဟ္မာ့သံသရာမှလည်း တဘဝထက် တဘဝ, တစထက် တစ လွတ်ရပေတော့မည်။

သို့ကလို ခြောက်ဒွါရ နောက်လိုက်ဉာဏ်တွဲမှ သံသရာက လွတ်ခွင့်ရမှာဟ မောင်ကြည်ရ၊ (မှန်ပါ သို့မှလွတ်ခွင့်ရမှာပါဘုရား)။

အဲဒီလို သံသရာမှာ ကျွတ်ခွင့်လွတ်ခွင့်ရဒါဟာ ပဌမတန်း အကောင်းဆုံးကြီးပေါ့၊ ဒါ့ထက်ကောင်းဒါ ဘယ်မှာရှိတော့မလဲ။

အကောင်းဆိုဒါ လူတိုင်း ပေတိုင်း အလိုရှိကြရိုး မဟုတ်လား၊ (အလိုရှိကြရိုးပါ ဘုရား)။

အေး-သို့ကလို သံသရာမှ ကျွတ်လွတ်မှုဟူသော အကောင်းဆုံး ပဌမတန်းကိုအလိုရှိလျှင် ပဌမတန်းကျတဲ့ ဝိပဿနာ အသိဉာဏ်မျိုးကို အရယူ၍ ပဌမတန်းကျအောင် ဆင်ခြင် ပွားရှုရမည်။

သို့မှသာလျှင် သံသရာတခွင်တက်တက်စင်အောင် ပူလောင်စေတတ် နှိပ်စက် တတ်သော လောဘ ကိလေသာ စသော ကိလေသာဆယ်ပါးကို ဖယ်ရှားတွန်းလှန်ပြီး တဖြည်းတဖြည်း အထက်တန်းကြီးသို့ ရောက်နိုင် တက်နိုင်ကြမည်။

ဘာ့ကြောင့် ကိလေသာ ခေါ်သလဲ။

## ကိလေသေန္တိ ဥပတာပေန္တီတိ ကိလေသာ။

ယေ ဓမ္မာ၊ အကြင်လောဘစသော တရားတို့သည်။ စိတ္တံ၊ စိတ်အစဉ်ကို။ ကိလေသေန္တိ- ဥပတာပေန္တိ၊ ပူပန် စေတတ်ကုန်၏။ ဝါ၊ နှိပ်စက်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထို တရားတို့သည်။ ကိလေသာ၊ ကိလေသာတို့ မည်ကုန်၏။

(လောဘကိလေသာစသော ကိလေသာတရား ဆယ်ပါး ရစေ)။

စိတ်အစဉ်ကိုအမြဲမပြတ် ပူပန်နှိပ်စက်တတ်သော သဘောသတ္တိ ထင်ရှားရှိ၍ ကိလေသာဟု ခေါ်သတည်း။

စိတ်ကို ပူပန်စေတတ် နှိပ်စက်တတ်လျှင်လည်း သံသရာ၌ ခန္ဓာအစဉ်ကိုလည်း မီးကျီးပမာ ပူလောင်တိုက်ဖျက် နှိပ်စက် တော့သည်သာဟု မှတ်။

ထိုလောဘ ကိလေသာစသော ကိလေသာတရားဆယ်ပါး တို့တွင် အောက် အပါယ်သံသရာ၌ ခန္ဓာ အသစ်အသစ် ခဏ ခဏ သွား၍သွား၍ ဖြစ်ရ နစ်ရခြင်း၏ အကြောင်းရင်းမှာ

မူကား လိုရင်း ပမာနအားဖြင့် ဒိဋ္ဌိကိလေသာ တပါး ဖြစ်သတည်း။

ဒိဋ္ဌိက အမှားသိ၊ကိလေသာက ပူပန်နှိပ်စက်ထာ! ပါဠိလို ခေါ်တော့ ဒိဋ္ဌိကိလေသာ၊ မြန်မာလိုဆိုတော့ အမှားပူပန်မှု အမှားနှိပ်စက်မှုဟု မှတ်။

ဒါ့ကြောင့် သာသနာ သည်အခါမှာ သည်အမှားပူပန်မှု အမှားနှိပ်စက်မှုဟူသော ဒိဋ္ဌိကိလေသာကြီးမှ အေးငြိမ်းချမ်းသာခွင့် ရကြရလေအောင် မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, စိတ်ပေါက်ဆိုတဲ့ အပေါက်ခြောက်ပေါက်တည်းဟူသော မြစ်မ,ကြီးတွင် အာရုံတည်းဟူသော ရေအပြင်ပေါ်မှာ ထွေထွေလာလာ ကြံစည်တတ်သော စိတ်တည်းဟူသော ရေရုပ်ရေးဆရာက ရေးပြတိုင်း ရေးပြတိုင်း ဉာဏ်ပိုင်းခါ ပိုင်းခါ စီစစ်၍ အနှစ် အသား အထယ် တကယ်မဟုတ် ရေရေးရုပ်လို စိတ်တွေးနှင့် ပြုလုပ်သည့် စိတ်ရေးရုပ်တွေပါ ကလား-ဟု နောက်က စကားအတိုင်း–

ဒကေ ရာဇိဏ္ဍဝ။

ဒကေ၊ စီးဆင်းနေစဉ် ရေအပြင်၌။ ရာဇိဏ္ဍဝ၊ ဒုတ်သေးသေးနှင့် အရုပ်ကလေးအသွင် ရေးခြစ်ထင်သည့် စိတ်တွင် ပြုလုပ် ရေရေးရုပ်ကဲ့သို့သာလျှင်တည်း။

ဤဥပမာကို လက်ကိုင်ပြု၍ အမြဲရှုကြ ဆင်ခြင်ကြလေ။

မောင်ကြည်ရေ၊ (ဘုရား)။ စကားတွေ အကျယ်ချဲ့ပြီး သိပ်ပြောနေကြလျှင် အချိန်တွေလွန် နားဝင်ရှုပ်၍ ဉာဏ်မအုပ်မိပေဘူး၊ ဒါ့ကြောင့် ဉာဏ်အုပ်မိ၍ နာမ်တုပ်တုပ်ထိရောက်အောင် ရှုနည်းအလုပ်ကို တိုတိုတုတ်တုတ် ဆောင်ပုဒ်ပြုပြီး တခုစီတခုစီ ချပေးလိုက်မည်၊ အရေးစိုက်ခါ အရဖမ်းမည့် စိတ်မှန်းကလေးနှင့် ကဲကဲ- အကုန်လိုက်ကြစမ်းလိုက်ကြစမ်း။

## ဆောင်ပုဒ်ကြီးများ

၁။ မြင်ရာမှာ ဉာဏ်မတွဲလို့ သန္တာန်စွဲ ငါသူ၊
အဆင်းကိုမြင်ပါလျက်နှင့် တောက်တီးတောက်တက်ယူ၊
ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးတဲ့သူ၊
ရေးသူရဲ့ သူ့စိတ်တွေး စိတ်ရေးရုပ်နှင့်တူ။

၂။ ကြားရာမှာ ဉာဏ်မတွဲလို့ သန္တာန်စွဲ ငါသူ၊
အသံကိုကြားပါလျက်နှင့် တောက်တီးတောက်တက်ယူ၊
ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးတဲ့သူ၊
ရေးသူရဲ့ သူ့စိတ်တွေး စိတ်ရေးရုပ်နှင့်တူ။

၃။ နံရာမှာ ဉာဏ်မတွဲလို့ သန္တာန်စွဲ ငါသူ၊
အနံ့ကို နံပါလျက်နှင့် တောက်တီးတောက်တက်ယူ၊
ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးတဲ့သူ၊
ရေးသူရဲ့သူ့စိတ်တွေး စိတ်ရေးရုပ်နှင့်တူ။

၄။ စားရာမှာ ဉာဏ်မတဲ့လို့ သန္တာန်စွဲ ငါသူ၊
ရသာကိုစားပါလျက်နှင့် တောက်တီးတောက်တက်ယူ၊
ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးတဲ့သူ၊
ရေးသူရဲ့ သူ့စိတ်တွေး စိတ်ရေးရုပ်နှင့်တူ။

၅။ တွေ့ရာမှာ ဉာဏ်မတဲ့လို့ သန္တာန်စွဲ ငါသူ၊
မာ့ပူကို တွေ့ပါလျက်နှင့် တောက်တီးတောက်တက်ယူ၊
ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးတဲ့သူ၊
ရေးသူရဲ့ သူ့စိတ်တွေး စိတ်ရေးရုပ်နှင့်တူ။

၆။ ကြံရာမှာ ဉာဏ်မတဲ့လို့ သန္တာန်စွဲ ငါသူ၊
အာရုံကို ကြံပါလျက်နှင့် တောက်တီးတောက်တက်ယူ၊
ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးတဲ့သူ၊
ရေးသူရဲ့ သူ့စိတ်တွေး စိတ်ရေးရုပ်နှင့်တူ။
(အရကျက်၍ ဉာဏ်သက်အောင် ဆင်ခြင်ကြပါ)။

## တရားတထုံး အဆုံးသတ်ရန်

အယံဓမ္မော၊ ဤယခု ဟောပြောအပ်ခဲ့သော သံဝရ တရားတော်မြတ်ကြီးသည်။ နေ၁-အမှာကာ၊ ဟောမှုနာမှု အာရုံပြု၍ ပေါင်းစုအားထုတ် အကျွန်ုပ်တို့ကို။ ဒသသု- ကိလေသေသု၊ ဆယ်ပါးအပြားရှိသော ကိလေသာ တရား တို့တွင်။ ဒိဋ္ဌိကိလေသာ၊ အမှားသိ အမှားမြင် အမှားထင် ဖိစီး အမှားပူပန်နှိပ်စက်မှုတည်း ဟူသော ဒိဋ္ဌိကိလေသာမီးမှ။ ယာဝနိက္ခန္တံ၊ ကျွတ်လွတ်ထွက်မြောက် ငြိမ်းမှုတည်းဟူသော

အဆုံးသို့ ရောက်သည်တိုင်အောင်။ ပါလေတုံ၊ ယခုဘဝ ခုခဏကစ၍ ဘဝ အဆက်ဆက် နောင်မပျက်ရလေအောင် ကောင်းစွာဆောင်ရွက် စောင့်ရှောက်တော်မူပါစေသတည်း။

သာဓု-သာဓု-သာဓု။

ဒွါရ အာရုံ တခုခု တပုဒ်ပုဒ်ကို
ထုတ်နှုတ်၍ သရုပ်ပေါ်ထင်အောင် ဆင်ခြင်၍
ဟောပြောကြပါကုန်။

ပြီးပြီ။

ရတနုတ္တယံ အဟံ ဝန္ဒာမိ

(၉)

# ရုပ်သေးပမာ နာမ်ရုပ်သာ ထုတ်ခါ ဘော်ညွှန်း တရားခွန်း

ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗျာပါရံ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမည သမာယုတံ။

ရဇ္ဇုယောဂါ၊ ဒလက်ငယ်တွင် ဆက်သွယ်ယှဉ်သည့် သေးမျှင်လျှော်ငြား ကြိုးအများနှင့် အကြောင်းတော်ထိ ပေါင်းဖော်မိခြင်းကြောင့်။ ဒါရုယန္တံ၊ မင်းသား,မင်းသမီး ဝန်ကြီးအသွင် ဘုရင်မိဖုယား ငယ်ကျွန်များနှင့် နောက်ပါးခြွေရံ အထွေထွေ အလာလာ အဖြာဖြာ အဖုံဖုံ တမျိုးဆန်းပြားပုံ ကြိုးယန္တရား အဟုန်ကြောင့် တကိုယ်လုံးတုန် တကောင်လုံးတုန် အကုန်လှုပ်ရှား သစ်သားရုပ်များသည်။ သဗျာပါရံ၊ သွား,လာ,ကခုန် ဗျာပါရရှိပုံ ယောင်ယောင်။ ခါယတိ ယထာ၊ မဟုတ်ဘဲ မမှန်ဘဲ အထင်အမြင်လွဲကြလေသကဲ့သို့။ ဝါ၊ ပွေ့တော့မလိုလို ပိုက်တော့မလိုလို တို့တော့မလိုလို ဆိတ်တော့မလိုလို အလွဲသိ ပွဲကြည့်တွေက ပြုံးချိချိ လူးတော့မလိုလို လှိမ့်တော့မလိုလို လှဲတော့မလိုလို လဲတော့မလိုလို အလွဲသိ ပွဲကြည့်တွေက မှဲ့ငိုငို ထိုထိုဤဤ အလီလီ အလာလာ ပလီပလာပွား ရိစရာအလား ကလီကမာ များကြလေသကဲ့သို့။ ဧဝံ၊ ရုပ်ထွေးသမျှ အဟုတ်တွေးကြပေတော့ ရုပ်သေးပြသည်

နှင့် အလားတူသာလျှင်။ သုညံ၊ ပုဂ္ဂလ သတ္တ အတ္တဇီဝ ဗျာပါ ရကင်းဆိတ် အရိပ်နိမိတ် ပျောက်သုဉ်း ဖြစ်လျှင်ဆက်ဆက် ပျက်ဘက်သို့ရှုန်း၍နေသော။ နာမရူပံ၊ အမှန်ဟုတ်ငြား နာမ်, ရုပ်တရား နှစ်ပါးသည်။ ဝါ၊ သွားချင်တယ်, ရပ်ချင်တယ်, ထိုင်ချင်တယ်,လျောင်းချင်တယ်လို့ အမှန်အားဖြင့် နာမ်တရား ကြိုးစုံချယ်၊အဟုတ်သား ရုပ်တရား လှုပ်ရှားပါရတယ် ပြုံးချင် တယ် ရယ်ချင်တယ် မဲ့ချင်တယ် ရှုံ့ချင်တယ်လို့ အမှန်အားဖြင့် နာမ်တရားကြိုးစုံချယ်၊ အဟုတ်သား ရုပ်တရား လှုပ်ရှားရပါ တယ်၊ အချယ်အလယ် နာမ်ခလုပ်တွေကြောင့် အသွယ်သွယ် အဖန်ဖန် လှုပ်လှုပ်ပြီး အမြန်အမြန် ချုပ်၍နေကြတဲ့ အမှန် ဟုတ်ငြား နာမ်ရုပ်တရား နှစ်ပါးသည်။အညမညသမာယုတ်၊ အချင်းချင်း ပေါင်းသင်းဆက်ဆံ လက်ခံနှိုးရင်း ရောနှော ခြင်းသို့ ရောက်ကြလေသည်ဖြစ်၍။သဗျာပါရိဣဂ၊သွားခြင်း, ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်းဟု ဆိုအပ်သော ဣရိယာပုထ် အားဖြင့် ငါ- သူတပါး, ယောကျ်ား, မိန်းမ၊ သားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေက သွားတတ်သလိုလို ရပ်တတ် သလိုလို ထိုင်တတ်သလိုလို လျောင်းတတ်သလိုလို အမျှားသိ မှားဘိ (ငါ)လို့ စွဲယူဆို ပြုံးတတ်သလိုလို ရယ်တတ်သလိုလို မဲ့တတ်သလိုလို ရှုံ့တတ်သလိုလို အမျှားသိမှားဘိ(သူ)စွဲယူဆို ဟိုဟိုသည်သည် တီတီတာတာ ဝစီအရာစကား အညီအညာ ထား အထည်အမာ အသားအနှစ်ကဲ့သို့။ ခါယတိ၊ မဟုတ်ဘဲ မမှန်ဘဲ ထင်မြင်ပုံလွဲကြလေတော့၏။ ဝါ၊ မသိဒါရုပ် သိဒါ နာမ် ရှိဒါအမှန် အစိတ်စိတ် အမျှင်မျှင် ထပ်သဘောတွေမို့

ကြည့်ခါကြံနိမိတ်အသွင် ဒြပ်ပေါပေမဲ့၊ ဟော- လက်စသတ် တော့ အဲဒါတွေဟာ (စိတ်ထင် ပစပ်ပြော)မျှသာ ဖြစ်ရပါ တော့သတည်း။

တကာဗိုလ်ရေ၊ (ဘုရား)။

ယနေ့ည တရားပွဲကြီးမှာ လာလာသမျှ တကာတကာ မတွေ ရုပ်နာမ်နှစ်ပါးကို ထင်ရှားနားလည် မှတ်သားဘို့ဟာ ရုပ်သေးစင်ကြီး ဥပမာစကားကို ပြေတယ်ထားပြီး ရေလယ် သွားအောင် ဟောရလိမ့်မဟုတ်လား၊ (မှန်ပါ ဟောရပါလိမ့် ဘုရား)။

ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ ဂါထာတော်ကြီး၏အဓိပ္ပါယ် ကို ကြိတ်ကြိတ်နယ်နယ်ကြီး မှတ်လိုက်ကြ။

သို့မှသာလျှင် နာမရူပ ပရိဂ္ဂဟာဉာဏ်ကို အမှန်အတိုင်း ရကြမယ်။

သို့မဟုတ် ရုပ်ကို နာမ်၊နာမ်ကို-ရုပ် ဟောဒီလိုဉာဏ်အမြင် ထွေးရှုပ်တတ်တယ်။

အဲဒီလို ဉာဏ်အမြင် ထွေးရှုပ်နေလျှင်လည်း အပါယ် သံသရာတည်းဟူသော ဝဋ်မြစ်ခလုပ် ဝဋ်သစ်ငုတ်ကြီးက ဘယ် တော့မှ ကျွတ်လွတ်ပြုတ်ကင်းနိုင်ကြမည် မဟုတ်ဘူး။

အပါယ်ခရီး ဝဋ်မြစ်ခလုပ် ဝဋ်သစ်ငုတ်ကြီးဆိုဒါ တခြား မဟုတ်ဘူး၊ ထိုရုပ်နာမ်နှစ်ပါးကို ကွဲပြားအောင် မမြင်တော့ အဟုတ်ငါထင် တကယ်ပင်ကိုယ်အရှိနှင့် ဘောက်ပြန်ခါသိ၍ နေသော မိစ္ဆာဒိဋ္ဌိတရားကို ဆိုလိုတယ်။

သည်မိစ္ဆာဒိဋ္ဌိ အမှားသိ အမှားမြင်ကြီး ကန့်လန့်ဆီးနေသည့်အတွက်ကြောင့် နိဗ္ဗာန် ချမ်းသာကြီးနှင့် ခရီးဝေးကွာနေကြဒါ မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ သူ ကန့်လန့်ဆီးနေလို့ပါ ဘုရား)။

သူ့ကို ပယ်သတ်နိုင်ဒါကလဲ ရုပ်နာမ်ကို သိမ်းဆည်းနိုင်တဲ့ နာမ ရူပ ပရိဂ္ဂဟ ဉာဏ်ကမှ အမှန်မုချ ဧကန္တ ပယ်သတ်နိုင်တော့သည်။

သို့ဖြစ်၍ နာမ်ရုပ်ကို သိဘို့ရာဟာ လွန်စွာ အရေးမကြီးဘူးလား၊ (အလွန်ဘဲ အရေးကြီးလှပါဘုရား)။

နာမ်ရုပ်–နာမ်ရုပ်နှင့် ပစပ်ကပြောတော့ လွယ်သလိုလိုရှိပါရဲ့၊ အသိဉာဏ်ရောက်ဘို့ကျတော့ သဘောကချို၍ အလွန်လိုနေတတ်သည်၊ ကြပ်ကြပ်သတိထား။

အဘယ်ကြောင့် ဆိုသော် ထိုရုပ်ပေါ် ထိုနာမ်ပေါ်မှာ အခြင်းအရာ ပုံဟန်သဏ္ဌာန်တွေနှင့်တကွ နဂိုရ်ထင်နေကျ မြင်နေကျဖြစ်သော အရိပ်နိမိတ်တွေက ခုခံ၍ နေတတ်သောကြောင့်တည်း။

ထိုသို့သဘောသို့မရောက် နိမိတ်တွေမပျောက်လျှင် ပညတ်တွင် အဖတ်တင်နေပြီ- ဟု မှတ်။

ပညတ်တွင် အဖတ်တင်၍ နေပြန်လျှင်လည်း ဒိဋ္ဌိနယ်ပယ်ကြီး အတွင်းက တဆံခြည်မျှ မရွေ့သေး မပြောင်းသေးဟူလို။

ထို့ကြောင့် ဝိပဿနာဉာဏ်၏ အာရုံမှာ နာမ်တပုံ ရုပ်တပုံ ဤနှစ်ပုံမျှသာ ရှိစေရမည်။

ဤ- ရုပ်နာမ်တရားကိုသာ နှစ်ပုံနှစ်စု နှစ်ခုထား၍ ရှုပွားဆင်ခြင်ရမည်၊ ထို့ထက် အပိုအလွန် မရှိစေရ။

ကဲ- သည်နှစ်ပါးအပြင် အပိုအလွန်များ ရှိသေးတယ် ထင်သလား၊ (မထင်ပါ ဘုရား)။

ထင်လျှင် မှားတော့မပေါ့၊ နဂိုရ်ကမှ သည်နှစ်ပါးသာ ရှိသာကိုး။

သည် နှစ်ပါးသာလျှင် ရှိကြောင်းကိုလည်း အဋ္ဌကထာကြီးများမှ (နာမရူပတော- နာမရူပတော)နှင့် ဖွင့်တော်မူရှာကြရဒါဟာ မောလို့။

သို့ကလို မောနေအောင် အခါခါ အတန်တန် ဝေဘန်ဖွင့်ပြသာကိုတောင်မှ တကာဗိုလ်တို့ ငါတို့တဝေ့က တထစ်ချမယူဆ မယုံကြည်နိုင်ကြဘူးနော်၊ အတော်ဆိုးတဲ့ ဒိဋ္ဌိလက်ချက်ကြီးဘဲ။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်မှန်က ဉာဏ်ဝမှာ နာမ်မှအပ-ရုပ်၊ ရုပ်မှအပ-နာမ်၊ ဤသို့ထင်လာအောင် ဝေဘန်ပိုင်းခြား နှစ်ပုံသာ ထားရမည်။

ထို့ကြောင့်-

နာမဥ္စ ရူပဥ္စာတိ ဒွေ့ဧဝ ဝတ္ထာပေတိ။

ဝိသုဒ္ဓိမဂ်။

အနက်ကား။ နာမဥ္စ၊သိတတ်သော နာမ်သဘောတရားတပါးၡင်း။ ရူပဥ္စ၊ မသိတတ်သော ရုပ်သဘောတရား

တပါးရှင်း။ ရူပတိ၊ ဤသို့။ ဒွေဓာ၊ နှစ်ပုံနှစ်စု နှစ်ခုအားဖြင့်။ ဝဝတ္ထာပေတိ၊ ပိုင်းခြား မှတ်သား ခွဲဝေထားရ၏။

ဝိပဿနာဉာဏ်နှင့် ဝေဘန်ကြည့်ရှု ပိုင်းခြားပြုလိုက်တော့ သိတတ်သော နာမ်သဘောတရား တခုနှင့် မသိတတ်သော ရုပ်သဘောတရားတခု နှစ်ပုံနှစ်စု ဤနှစ်ခုသာ သတ္တုချ အမှန်ရတော့သည်-ဟု သေသေချာချာ မှတ်ထားကြ။

ထိုနာမ်ရုပ်နှစ်ပါးမှ တခြားအပြင် နိမိတ်အသွင်နှင့် အပိုအလွန် ရှိသေးတယ်ထင်လျှင် ပါဠိတော်များနှင့် အဋ္ဌကထာစကားကိုပင် မယုံကြည်ချင်တဲ့စိတ်ထား၊ နင် တယ်မိုက်ပါကလား၊ နင် တယ်ရူးပါကလား-ဟု ကိုယ့်ကိုယ်ကို သို့ကလိုဆုံးမ။

ကဲ-သည်နာမ်ရုပ်တရား နှစ်ပါးသာလျှင် ထင်ရှားကောန်အမှန်ရှိ၍ သူတို့၏ ဖြစ်ပေါ်နေပုံ အလားကို အများသိလွယ်အောင် ယခင်အစက ရုပ်သေးဥပမာပြ ဂါထာတော်ကြီးအရနှင့် ရှင်းပြဦးမှဘဲ။

## ရုပ်သေးဥပမာ

တကာဗိုလ်-ရုပ်သေးပွဲများကို ကြည့်ဘူးရဲ့ မဟုတ်လား၊ (ကြည့်ဘူးပါ ဘုရား)။

ဘယ်သူမဆို ကြည့်ဘူး မြင်ဘူးကြတဲ့ ပုဂ္ဂိုလ်တွေချည်းနေမှာပါဘဲလေ။

ကဲ-အဲသည် ရုပ်သေးစင်ကြီး တခုလုံးပေါ်မှာ ရှိကြတဲ့ အရုပ်တွေကို ကြည့်လိုက်စမ်းပါ့။

မင်းသား ဆိုဒါကလဲ ယမနေသား သစ်သား၊ မင်းသမီး ဆိုဒါကလဲ ယမနေသား သစ်သား၊ ရှင်ဘုရင်, ဝန်ကြီး, အိမ်တော်ပါ ငယ်ကျွန် စသည်တွေဆိုဒါလဲ ယမနေသား သစ်သား၊ တစင်လုံးဟာ သစ်သားချည်းဘဲ၊ တဘက်သတ် သတ် ကြည့်ထား။

တစင်လုံးကို ကြည့်လိုက်တော့ ယမနေသား သစ်သား တွေသာ အမှန်ရှိနေတော့ဒါဘဲ မဟုတ်လား၊ (မှန်ပါ သစ်သားချည်းပါ ဘုရား)။

အဲဒီ သစ်သားကို သတိထားခဲ့နော်၊ သစ်သားလက်ရင်း မပျောက်စေနှင့်၊ နာနာမှတ်ထား။

ကဲ-ဒီသစ်သားရုပ်ကို ကြိုးတပ်ကြည့်လိုက်စမ်းဦး၊ ဟော-ကြိုးနှင့်သစ်သား နှစ်ပါးပေါင်းယှဉ်မိကြပြီနော်။

ဒါဖြင့် တစင်လုံးမှာ ဘယ်ဟာ အမှန်ဟုတ်သလဲဆိုလျှင် ကြိုးနှင့်သစ်သား သည်နှစ်ပါးသာ အမှန်ဟုတ်တော့သည်။

စင်စစ်ကေန် အမှန်ရှိဒါကတော့ ကြိုးနှင့်သစ်သား ၌ နှစ်ပါးသာ အမှန်မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ ကြိုးနှင့် သစ်သားချည်းပါ ဘုရား)။

အေး- ကြိုးနှင့်သစ်သား တခြားစီမြင်အောင် ကြည့် ထားကြ။

အဲဒီ သစ်သားရုပ်ကို အဲဒီကြိုးနှင့် တပ်ပြီး ဆွဲလိုက်တော့ ကဲ- ဘယ်လိုဖြစ်လာသလဲ၊ မင်းသားကလေးက သွားနေ သလိုလို၊ မင်းသမီး ကလေးက သွားနေ သလိုလို၊ ကနေ

သယောင်ယောင်၊ ခုန်နေ သယောင်ယောင် ဟောဒီလို ဖြစ်မလာဘူးလား၊ (ဖြစ်လာရပါ ဘုရား)။

သစ်သားရုပ်ရဲ့သဘောက ပြောဆိုသွားလာ လှုပ်ရှားခြင်း ငှာ ဘာတခုမှ မပြုမလုပ်နိုင်ဘူး၊ က,ခုန် သွားလာ လှုပ်ရှားခြင်းငှာ စွမ်းဆောင်နိုင်သလိုလို ထင်လာရဒါကတော့ ကြိုးရဲ့သတ္တိပါဘဲ။

သစ်သားနှင့်ကြိုး တမျိုးစီနေအောင် သေသေချာချာ ကြည့်ထား။

ညဥ့်ဦးယာမ်အစ နှစ်ပါးသွားနေစဉ်ကတော့ အားကျ-ပါးကျ, ချစ်မဝ, ခင်မဝ, တရှင်ရှင် တပျပျနှင့် မြင်ရတဲ့သူတိုင်းဟာ ထိုင်းမှိုင်းသွားလောက်အောင် အမျိုးမျိုး အစားစား ပြုလုပ်ကြ မဟုတ်လား၊ (ထုံးစံအတိုင်း ပြုလုပ်ကြပါ ဘုရား)။

အင်း- ကြည့်ပါလား၊ မင်းသားလို့ခေါ်တဲ့ သစ်သားရုပ် ကလေး တခုက မင်းသမီးလို့ခေါ်တဲ့ သစ်သားရုပ်ကလေး တခုကို ပွေ့မလို ပိုက်မလို လုပ်လိုက်တဲ့အခါ ပွဲကြည့်သူတို့၏ စိတ်ဓာတ်မှာ ထိခိုက်လာတော့ အကုန်နှစ်ခြိုက် အကြည် ဆိုက်လာကြပါရော။

မင်းသားလို့ခေါ်တဲ့ သစ်သားရုပ်ကလေး တခုက မင်းသမီး လို့ခေါ်တဲ့ သစ်သားရုပ်ကလေး တခုကို တို့လိုက်သလို ဆိတ် လိုက်သလို ပြုလုပ်ပြန်တော့လဲ ပရိသတ်တွေရဲ့ စိတ်ထဲမှာ ကြိတ်မရ ခဲမရနှင့် စိတ်ဓာတ်တွေ အုံကြွပြီး အကုန်ထလာ ပြန်ပါရော။

တကယ်ဆိုတော့ သူတို့မှာ သစ်သားနှင့်သစ်သားချင်းချင်း ဘဲ ဘာတွေလုပ်နေတော့ ဘာဖြစ်အုံးမှာလဲ၊ (ဘာမှ မဖြစ်ပါ ဘုရား)။

သူတို့မှာ သစ်သားချင်းချင်းမို့ ဘာမှမဖြစ်၊ ဘယ့်နှယ်မှ မရှိကြသော်လဲ ပွဲကြည့်တို့ရဲ့ စိတ်ထဲမှာတော့ ဘာတာတာ-ညာတာတာနှင့် သာယာစရာလိုလို- တဟားဟား တခိခိနှင့် စိတ်ခေတ်ကလေး ယဲ့ားကျိကျိ ဖြစ်လာတယ်။

ဖြစ်မှာပေါ့ သစ်သားအနေ ကြိုးအနေနှင့် ကြည့်ဒါမှ မဟုတ်ဘဲ၊ မင်းသားအနေ မင်းသမီးအနေနှင့် ကြည့်ဒါကိုး။

မင်းသားကလေးက ဘယ်လိုဆိုလိုက်ပြန်ပြီး၊ ဘယ်လိုပြော လိုက်ပြန်ပြီ ဘယ်လို က,လိုက်ပြန်ပြီ၊ တဖန် မင်းသမီးကလေးက ဘယ်လိုဆိုပြော ဘယ်သဘောအရ ဘယ်လိုကခုန် ဘယ်လိုစုံတွဲ ဘယ်လို နွဲ့ကြပြန်ပြီနှင့် ပွဲကြည့်တွေရဲ့စိတ်မှာ အကြည်ဆိုက်ပြီး သည်အခိုက်မှာ အကုန်လုံး တပြုံးပြုံး တရွှင်ရွှင်နှင့် ဖြစ်ချင် တိုင်း ဖြစ်ကုန်ကြလေတော့သတည်း။

တိုတို ပြောကြပါစို့။

ညဥ့်ဦးယာမ်အစ နှစ်ပါးသွားကို အားထားနေခိုက် ဖြစ် တော့ တဝါးဝါး တသိုက်သိုက်ပေါ့လေ။

ဘာမှမဟုတ်တဲ့ ကြိုးနှင့် သစ်သားရဲ့အပေါ်မှာ အထင် မှားပြီး အချစ်ပွားနေကြဒါဟာ ပွဲကြည့်တွေ ကြောင်တောင် ကြီး မှားနေကြ မဟုတ်လား၊ (ကြောင်တောင် မှားနေကြပါ ဘုရား)။

"သည်စကားရပ်ကို တခြားမှတ်ထားလိုက်ကြဦး"

ကဲ- သန်းခေါင်ကကျော်၍ လင်းကြက်တွေ ဆော်လို့ မောင်တော် နှမတော် ကွဲခန်းပေါ်တော့ အော်ကြ-ဟစ်ကြ နှင့် အမယ်လေး တ,တ,ပြီး ငိုချင်းတွေ ချကြရပြန်တော့သည်။

အတိုချုပ်၍ သရုပ်ပေါ်အောင် ထုတ်ဘော်၍ ပြောရလျှင် ဒါသ,မြွေခဲလို့ သေပွဲဝင်ရော ဆိုပါတော့။

သို့ကလို ဒါသ,ကို မြွေခဲလို့ သေပွဲဝင်တဲ့အခါ ပွဲကြည့်တွေရဲ့ စိတ်ထဲမှာ ထိတ်ခနဲ ထိတ်ခနဲဖြစ်ခါ မျက်နှာတွေညိုပြီး ငိုသူကငို မဲ့သူကမဲ့ ရှဲ့သူကရှဲ့ ဆိုင်းသံကလေး တလွဲလွဲနှင့် မျက်ရည်တွေ ဝိုင်းဖွဲ့၍ လာတော့သည်။

ကဲ- သနားစရာလိုလို တငိုငိုနှင့် မျက်ရည်တွေ စိုမလာဘူးလား၊ (စိုလာပါ ဘုရား)။

စိုမလာဘဲ နေနိုင်ပါတော့မလား၊ သစ်သားအနေ ကြိုးအနေနှင့် ကြည့်ဒါမှမဟုတ်ဘဲ၊ ဒါသအနေနှင့် ကြည့်ဒါကိုး။

တခါ သားသေ လင်ဆုံး ယူကြုံးမရ ငိုချင်းချနေရတဲ့ ပဋာစာရီကို မြင်ရပြန်တော့ ရင်ဝမှာဖိုပြီး အလိုလို ငိုချင်လာပြန်ပါရော။

သို့ကလို လွမ်းစရာတရေး ဆွေးစရာတပါး၊ သနားစရာ တဖုံ အမျိုးမျိုးကြုံရတဲ့ ဒုက္ခအကဲတွေကို အနဲနဲ မြင်ရတော့ မျက်ရည်တွေ ရွှဲကျမကုန်ဘူးလား၊ (ရွှဲကျကုန်ပါ ဘုရား)။

ရွှဲကျကုန်မှာပေါ့၊သစ်သားနှင့်ကြိုးကို မြင်ဒါမှ မဟုတ်ဘဲ၊ ပဋာစာရီအနေနှင့် ကြည့်ပြီး ပဋာစာရီလို မြင်နေဒါကိုး။

ငါတို့ မြန်မာလူမျိုးတွေဟာ ကုသိုလ်ပြုရာမှာသာ ရေစက်ချဝါသနာ ပါကြသလား မှတ်တယ် မဟုတ်ဘဲ ပွဲကြည့်ရာမှာတောင် ရေစက်ချခဲ့ကြသေး သကိုးနော်။

လွမ်းကြဆွေးကြ သနားကြနှင့် မျက်ရည်တွေ ကျဒါဟာ ရေစက်ချဒါဘဲ မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ ရေစက်ချဒါပါဘဲ ဘုရား)။

ကုသိုလ်ပြုကြရာမှာတော့ ရေစက်ခွက် တခွက်ထဲ ချကြတယ်၊ ပွဲကြည့်ရာမှာတော့ တခွက်တွင်အားမရလို့ နှစ်ခွက်ပြိုင်ချကြတယ်။

ကြည့်ပါလား၊ သန်းခေါင်ကကျော်လို့ လင်းကြက်ကဆော်တော့ မောင်တော် နှမတော် ကွဲကြတဲ့အခါ ရှဲရှဲကျလျက် မျက်စိနှစ်ဘက်က ဘောက်ဘောက် ဘောက်ဘောက်နှင့် ရေစက်ချပြီး ထပြန်ခဲ့ကြ မဟုတ်လား၊ (မှန်ပါ သည်အတိုင်းပါဘဲ ဘုရား)။

အင်း- ပွဲကြည့်သူတွေ ရေစက်ချပုံက တမျိုးဘဲနော်။

ဘယ်ဘုန်းကြီးမှ ပင့်မနေရဘူး၊ သူ့ ရေစက်ခွက်နှင့်သူ တခါတည်း အပြီးအစီးပါသွားတယ်။

အာရုံကျင်းတက် လင်းကြက်က ဆော်၊
မောင်နှင့် နှမ ကွဲကြလေသော်၊
မျက်စိနှစ်ဘက် နှစ်ခွက်ပြိုင်ပေါ်၊
ရေစက်ချ ပြီးမှ ပြန်ခဲ့နော်။

အထင်အရှား မြင်ထားရဒါက ကြိုးနှင့်သစ်သား၊ သနား ဒါက ဒါသ၊ တော်တော်ဂွကျသားဘဲနော်။

အထင်အရှား မြင်ထားရဒါက ကြိုးနှင့် သစ်သား၊သနား လွမ်းဆွေးဒါက ပဋ္ဌာဇာရို၊ တော်တော် မဆီမဆိုင် ဒါဘဲ နော်....။

"ဥပမာ သည်စကားကို ကြပ်ကြပ်ကြီး စဉ်းစားခဲ့ကြ စမ်းပါ"

ဤအရာမှာ- ပွဲကြည့်ဒါကို လွန်လွန်မင်းမင်းကြီး အပြစ် ကြီးကျယ်လှ၍ ဆိုရသည် မဟုတ်၊ ကြောင်တောင်ကြီး လွဲနေ ပုံကို သရုပ်ပေါ်အောင် ထုတ်ဘော် ပြောဆိုခြင်းမျှသာ ဖြစ် သည်ဟု မှတ်။

"ဥပမာနှင့် ဥပမေယျကို ဟပ်လိုက်ကြဦးစို့"

ဘာဘာညာညာ ဘယ်ဘယ်ဟာမှ မသိတတ်သော ရုပ် တရားတွေက သစ်သားရုပ်နှင့် တူစေ၊ ထိုထိုဤဤ အလီလီ အလာလာ သိတတ်သော နာမ်တရားတွေက ကြိုးနှင့် တူစေ၊ အကြောင်းကံတရားစုက ဒလက်နှင့် တူစေ၊ အမှားကိုပြတတ် သော အဝိဇ္ဇာတရားက ကြိုးဆွဲဆရာကြီးနှင့် တူစေ နာမ်,ရုပ် ကို မသိမမြင် မဆင်ခြင်သော အန္ဓ ပုထုဇဉ်တွေက ပွဲကြည့်သူ တွေနှင့် တူစေ။

ကဲ-ရုပ်တရားက လှုပ်ရှား သွားလာခြင်းငှာ ဘယ်အရာ ဘာတခုမျှ မစွမ်းနိုင်သောကြောင့် အသေကောင် အလား သစ်သားရုပ်နှင့် တထပ်ထည်းတူနေတယ်မဟုတ်လား၊ (မှန်ပါ ရုပ်တရားက သစ်သားရုပ်နှင့်မခြား တူလှပါဘုရား)။

လှုပ်ရှားသွားလာ အရာရာမှာ လှုံ့ဆော်ပေး နေသော နာမ်တရားကတော့ကော အရုပ်မှာ တပ်ဆင်၍ ထားသော ကြိုးများနှင့် မတူဘူးလား၊ (နာမ် တရားက ကြိုးများနှင့် အလွန်တူပါ ဘုရား)။

ထို ရုပ်နာမ်တရား နှစ်ပါးတို့၏ အကြောင်းရင်းကို ရှာလိုက်တော့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကြောင့် ဖြစ်ရသောကြောင့် ရုပ်,နာမ်နှစ်ပါး၏ ပေါင်းဆုံရာ စုဝေးရာ ကံတရားဟာ ဒလက်နှင့်တူသည် မဟုတ်လား၊ (မှန်ပါ ကံတရားက ဒလက်နှင့်တူပါ ဘုရား)။

ထိုကံကို ထမြောက်လေအောင် ရှက်ဆောင်စီမံ၍ပေးဒါက အမှားလမ်းပြ အဝိဇ္ဇာက ပဓာနဖြစ်သောကြောင့် ထိုအဝိဇ္ဇာ တရားဟာ ကြိုးဆွဲ ဆရာကြီးနှင့် အပြီး တူမနေဘူးလား၊ (အဝိဇ္ဇာက ကြိုးဆွဲ ဆရာကြီးနှင့် အပြီး တူလှပါဘုရား)။

ဤအချက်တို့တွင် အဝိဇ္ဇာနှင့်ကံ ဤနှစ်ပါးက အကြောင်းတရား၊ နာမ်နှင့်ရုပ် ဤနှစ်ပါးက အကျိုးတရားဟုမှတ်။

ထိုရုပ်နာမ် နှစ်ပါးကို ဖြစ်ပွားစေတတ်သော အဝိဇ္ဇာ တဏှာဥပါဒါန် ကံဟူသောအတိတ်ဘဝက အကြောင်းတရား လေးပါး၊ အာဟာရဟူသော ယခုပစ္စုပ္ပန်အကြောင်းတရား အမျိုးမျိုး အစားစား အများအပြားရှိခဲ့ရာ ကံဟူသော အကြောင်းတရားကိုသိလျှင် တော်ပါပြီ။

ဤရုပ်နာမ်တရား နှစ်ပါးသည် အကြောင်းကင်းပြီး ဖြစ်ပေါ်လာခြင်းလည်း မဟုတ်၊ ဗြဟ္မာ ဗိဿနိုး တန်ခိုးကြီးနတ်

ဘန်ဆင်းအပ်၍ ဖြစ်ပေါ်လတ်သည်လည်း မဟုတ်၊ စင်စစ် သော်ကား ကံစသော အကြောင်းတရားတို့ကြောင့်သာ ဖြစ်ပေါ်လာရသည်ဟု မှတ်။

ကံစသော အကြောင်းတရားကို သိသောဉာဏ်ကို ပစ္စယ ပရိဂ္ဂဟဉာဏ်ဟု ဆိုသည်၊ ရုပ်နာမ်နှစ်ပါးကို သိသောဉာဏ်ကို နာမရူပ ပရိဂ္ဂဟဉာဏ်ဟု ဆိုသည်။

ပုဂ္ဂိုလ် သတ္တဝါ ငါ-သူတပါး ယောကျ်ား မိန်းမသဏ္ဌာန တို့နှင့် မရောမယှက် မဘက်စွက်ဘဲ သက်သက်သော နာမ် ရုပ် သဘောကို သိမြင်နိုင်သော နာမရူပ ပရိဂ္ဂဟဉာဏ် အမြင်သန့် ဘို့က သာလွန်၍ အရေးကြီးလှချေ၏။

အဘယ့်ကြောင့် အရေးကြီးပါသနည်း၊ ယခု ပစ္စုပ္ပန် ရုပ်နာမ် နှစ်ပါးသာလျှင် ကေန်တိတိ အမှန်ရှိသည်ကို မသိ မမြင်၍သာငါရှိထင်၍ ငါဖြစ်ဘူးပြီလော၊ မဖြစ်ဘူးပြီလော၊ ငါဖြစ်ဆဲလေလော၊ မဖြစ်ဆဲလေလော၊ ငါဖြစ်လတ္တံ့လော၊ မဖြစ်လတ္တံ့လော စသည်ဖြင့် ယုံမှားခြင်း ဝိစိကိစ္ဆာတွေ ဖြစ်ရလေ၏။

ရုပ်နာမ်နှစ်ပါးကိုသိမြင်၍ ထိုနှစ်ပါးအပြင်မှ တပါး ငါ အရှိမထား မထင်လျှင် ၎င်း ငါဖြစ်ဘူး မဖြစ်ဘူး၊ ၎င်း ငါ ဖြစ်ဆဲ-မဖြစ်ဆဲ၊ ၎င်း ငါဖြစ်လတ္တံ့၊ မဖြစ်လတ္တံ့ စသည် ယုံမှားဘွယ်မရှိ လွန်မြောက်ရဘိ သောကြောင့်တည်း။

ယခု ပစ္စုပ္ပန် ရုပ်နာမ်ဖြစ်ဆဲထဲမှာ ငါဆိုဒါ လုံးဝ မပါ မရှိဟုသိလျှင် နောက်နောက် ဘဝကလည်း ရုပ်နာမ်ဓမ္မတွေ

ဖြစ်ခဲ့လေပြီ၊ ယခုလဲ ရုပ်နာမ်ဓမ္မဘဲ ဖြစ်တုန်းဖြစ်ဆဲ၊ နောင်လဲ နိဗ္ဗာန်မရမချင်း ရုပ်နာမ်ဓမ္မတွေဘဲ ဖြစ်ရဦးမှာဘဲဟု ကာလ သုံးပါးစလုံး သိမ်းကျုံး၍ပင် အမှန်မြင်၍ ယုံမှားခြင်း ဝိစိ ကိစ္ဆာ ဆယ့်ခြောက်ဖြာမှလည်း ကင်းလွတ်ရလေ သတည်း၊ ၎င်းကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိ-ဟု ဆို၏။

ဒါ့ကြောင့် လှုပ်လှုပ်ရွရွ ပြုလုပ် ဖြစ်ပေါ် နေသမျှ ပစ္စုပ္ပန်ခဏမှာ ရုပ်ကိစ္စ နာမ်ကိစ္စတွေချည်းသာဟု သန့်သန့် ရှင်းရှင်းကြီး ပေါ်လာအောင် သိမ်းဆည်းကြရမည်။

ကဲ- သွားခြင်းဆိုတဲ့ ဣရိယာပုထ်တခု ဖြစ်ပေါ်တဲ့အခါ သွားမည်သွားမည်ဟု ကြံစည် လှုံ့ဆော်ပေးတဲ့ နာမ်ဓာတ် ကလေးကြောင့် လှုပ်လှုပ်ရှားရှား ရုပ်တရား အမူအရာကလေး တွေ ဖြစ်ပေါ်နေဒါဟာ ဘယ်မှာကလောက် ထင်ရှားသလဲ တကာဗိုလ်ရ၊ (မှန်ပါ အလွန်ထင်ရှားပါ ဘုရား)။

ရပ်ခြင်းဆိုတဲ့ ဣရိယာပုထ် အခိုက်အတန့်မှာလဲ ရပ်မည် ရပ်မည်ဟု ကြံစည် လှုံ့ဆော်ပေးသော နာမ်ဓာတ်ကလေးနှင့် လှုပ်ရှားဖောက်ပြန် ထောက်ကန်မှုဟူသော ဝါယောရုပ်ဓာတ် ကလေးတွေ ဖြစ်ပေါ်နေဒါဘဲ။

ထိုင်ခြင်းဆိုတဲ့ ဣရိယာပုထ် အခိုက်အတန့်မှာလဲ ထိုင်မည် ထိုင်မည်ဟု ကြံစည် လှုံ့ဆော်ပေးတဲ့ နာမ်ဓာတ်ကလေးနှင့် ထိုင်မှု ဝါယောဓာတ်အစုတွေ ဖြစ်ပေါ်နေဒါဘဲ။

လျောင်းခြင်း ဆိုတဲ့ ဣရိယာပုထ် ဖြစ်ပေါ်တဲ့ အခိုက် အတန့်မှာလဲ လျောင်းမည် လျောင်းမည်ဟု ကြံစည်လှုံ့ဆော်

ပေးတဲ့ နာမ်ဓာတ်ကလေးနှင့် လျောင်းမှု ဝါယောဓာတ်ရုပ်အစုသာ ဖြစ်ပေါ်နေဒါဘဲ အမှန်ဘဲ။

သို့ကလို ကြိုးနှင့်တူတဲ့ နာမ်ဓာတ်ကလေး လှုံ့ဆော်ပေး၍ ရုပ်သေးအလား တဖွားဖွား ဖြစ်ပေါ်နေတဲ့ ထင်ရှားရာဓာတ်တပါးအနေနှင့် ကြည့်လျှင် ဝါယောဓာတ်သား အစိတ်အစိတ် ရုပ်တရားကလေးတွေဟာ ဘယ်မှာ ပုဂ္ဂိုလ် သတ္တဝါ ငါ ကိုယ် အသက် ဟုတ်ပါ့မလဲ။

အဲဒီ လှုပ်ရှားမှု ရုပ်အစုထဲမှာ ငါရယ် ကိုယ်ရယ် အသက်ရယ် လိပ်ပြာရယ်ဆိုဒါ မရှိ မပါပုံကို သိသာရုံမျှ ဝိသုဒ္ဓိမဂ်အရ အတိုချုပ်ပြရလျှင်–

(ရူပံ နသတ္တော နဇီဝေါ)တဲ့။

ရူပံ၊မသိတတ်သော ရုပ် သဘောတရားသည်။ နသတ္တော၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါ။ နဇီဝေါ၊ အသက် လိပ်ပြာ မဟုတ်ပါ။

ကဲ–မသိတတ်တဲ့ ရုပ်တရားဟာ ပုဂ္ဂိုလ် သတ္တဝါ ငါ ကိုယ် ဆိုဒါ မဟုတ်ဘူးတဲ့၊ဒီ ရုပ်တရားထဲမှာလဲ ပုဂ္ဂိုလ်သတ္တဝါ ငါ ကိုယ်ဆိုဒါမပါမရှိဘူးတဲ့ တကာဗိုလ်ရ(မှန်ပါမရှိပါဘုရား)။

ဘယ်မှာ ပါရှိမလဲ၊ ဇာတိမူကိုက မသိတတ်တဲ့ ရုပ်မွှေသက်သက်ကိုး။

သည်မျှမက တလောကလုံး ထင်နေကြတဲ့ အသက်လိပ်ပြာ ဆိုဒါလဲ နဲနဲမှ မဟုတ်ဘူးတဲ့နော်၊ (မှန်ပါ အသက်လိပ်ပြာလဲ့ မဟုတ်ပါဘုရား)။

ပုဂ္ဂိုလ် သတ္တဝါ ငါ ကိုယ်ဆိုဒါမှ မရှိဘဲ သည်ငါထဲ သည်ကိုယ်ထဲမှာ အဘယ်မှာ အသက် လိပ်ပြာဆိုဒါ ပါရှိနိုင်ပါတော့မလဲ။

သို့ကလို သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဟူသော ဣရိယာပုထ်တွေ ပြုလုပ်ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း တခုနှင့်တခု အပိုင်းအပိုင်း အပြတ်အပြတ် မဆက်မစပ် တဖြတ်ဖြတ် တလှစ်လှစ် အသစ်အသစ် ပေါ်ပေါ်လာတဲ့ ရုပ်ခါတ်တွေကို ကြောင်ကြောင်ကြီး မြင်ကြလေ။

ဘယ်အာရုံဟု ဘာတခုမှ မပြုလုပ်တတ် မကြံစည် မစီမံတတ် မထင်မသိတတ်သော သဘောသဘာဝ မှန်သမျှကို ရုပ်ဓမ္မအချက် ရုပ်သက်သက်ပါကလားဟု မြင်လျှင် ထို ရုပ်ပေါ်မှာ စွဲတဲ့ သတ္တစွဲဒိဋ္ဌိ ဇီဝစွဲဒိဋ္ဌိ စင်ပြီဟုမှတ်။

သွားချင်တယ်, သွားချင်တယ် ဆိုဒါလဲ ခါတ်ရင်း ခါတ်သားကတော့ နာမ်တရား ဖြစ်ပေါ်ဒါပါဘဲ။

ရပ်ချင်တယ်,ရပ်ချင်တယ် ဆိုဒါလဲ ခါတ်ရင်း ခါတ်သားကတော့ နာမ်တရား ဖြစ်ပေါ်ဒါပါဘဲ။

ထိုင်ချင်တယ်, ထိုင်ချင်တယ် ဆိုဒါလဲ ခါတ်ရင်း ခါတ်သားကတော့ နာမ်တရား ဖြစ်ပေါ်ဒါပါဘဲ။

လျောင်းချင်တယ်, လျောင်းချင်တယ် ဆိုဒါလဲ ခါတ်ရင်း ခါတ်သားကတော့ နာမ်တရား ဖြစ်ပေါ်ဒါပါဘဲ။

အဲဒီ နာမ်တရားလဲ ပုဂ္ဂိုလ် သတ္တဝါ ငါ ကိုယ် အသက်ဆိုဒါ လုံးဝ မပါ မရှိ-ဟု ဝိသုဒ္ဓိမဂ် ထုတ်ချက်-အလို အတိုမျှ ပြဆိုလိုက်သော်-

(နာမံ နသတ္တော - နဇီဝေါ)တဲ့။

နာမံ၊သိတတ်သော နာမ်သဘောတရားသည်။နသတ္တော၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။ နဇီဝေါ၊ အသက် လိပ်ပြာ မဟုတ်ပါ။

ကဲ- သွားလို့, ထိုင်လို့, ရပ်လို့, လျှောင်းလိုတဲ့ နာမ်ခဓတ် နာမ်ပရမတ်ကလေး တခုဟာ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ပါ့မလား တကာဗိုလ်ရ၊ (မဟုတ်ပါ ဘုရား)။

ဘယ်မှာ ဟုတ်မလဲ၊သိတတ်တဲ့ သဘောကလေးသက်သက် မျက်စိနှင့်တောင် မြင်ကောင်းဒါမျိုးမှ မဟုတ်ဘဲလား။

ဒီ သိသဘော, သိဓာတ်, သိပရမတ် ကလေးထဲကော အသက်လိပ်ပြာဆိုဒါ ပါရှိပါ့မလား၊ (အသက်လိပ်ပြာ မပါ မရှိပါ ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ မဟုတ်လို့ မျက်စိနှင့်တောင် ဒီ နာမ် သဘာဝကလေးကို မမြင်ရဘူးဆိုတော့ အသက်လိပ်ပြာ ဆိုဒါ သာဝေးရောပေါ့။

လှုပ်လိုဒါလဲ နာမ်တရား၊ ကိုင်လိုဒါလဲ နာမ်တရား၊ ယူလိုဒါလဲ နာမ်တရား၊ကွေးလိုဒါလဲ နာမ်တရား၊ဆန့်လိုဒါလဲ နာမ်တရား၊ စားလိုဒါလဲ နာမ်တရား၊ ပြောလိုဒါလဲ နာမ် တရား၊ အလုံးစုံ အကုန်မကျန် အရင်းခံက အစစ အရာရာမှာ နာမ်တရားချည်းသာ ချယ်လှယ်နေဒါပါကလား။

နေရာတကာ နာမ်တရား ချယ်လှယ်နေဒါပါကလားဟ- တကာဗိုလ်ရ၊ (မှန်ပါ နာမ်တရားက ရှေ့ဆောင်ပြု၍ ချယ် လှယ်နေပါ ဘုရား)။

ဒီ နာမ်တရားကလေးကို နုတ်ထားလိုက်လျှင် ဒီရုပ်တရား ဟာ ဘယ်အရာ ဘယ်ကိစ္စမှ ဘာတခုကို မပြုလုပ်မဆောင်ရွက် နိုင်တော့ဘူး။

သို့ကလို ပုဂ္ဂိုလ်မပါ သတ္တဝါမဘက် အသက်လိပ်ပြာ မပါမရှိတဲ့ အသိခေတ်ခေါ်သော နာမ်သဘော သဘာဝ အရှိမျှကို အတိအကျမြင်လျှင် ထိုရုပ်ပေါ်မှာစွဲတဲ့ သတ္တစွဲဒိဋ္ဌိ ဇီဝစွဲဒိဋ္ဌိ ကင်းစင်ပြီ-ဟု မှတ်။

သည်- သတ္တစွဲဒိဋ္ဌိနှင့် သည်-ဇီဝစွဲဒိဋ္ဌိဟာ အလွန်ခိုင်မာ စွဲငြိပြီး မျက်စိလယ် အလွန်ပြေခဲလှ၏။ မျှားမျှားကြီး သတိ ထားကြ။

ဒါ့ကြောင့်-

( ၁ ) မသိဒါရုပ် သိဒါနာမ်၊ ရုပ်နာမ်ဖြစ်ချုပ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်။

( ၂ ) မသိဒါရုပ်၊ သိဒါနာမ်၊ရုပ်နာမ်ဖြစ်ချုပ်၊အသက် လိပ်ပြာမဟုတ်။

ဟု ဆင်ခြင်လိုက်။

ထိုထိုကိစ္စ တလှုပ်လှုပ်တရွရွ ပြုလုပ်ကြတိုင်း ပြုလုပ်ကြတိုင်း မသိဒါ ရုပ်တရားနှင့် လုံ့သော်သိဒါ နာမ်တရား၊ ဤနှစ်ပါး ဖြစ်ပေါ်ဒါပါကလား၊ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ မဟုတ်ပါကလား-ဟု အခါခါအထပ်ထပ် မပြတ်မပြတ်ရှုကြ။

ဤရုပ်တရား၊ဤနာမ်တရားနှစ်ပါးအပေါ်မှာ ပုဂ္ဂိုလ်ပါ၊ သတ္တဝါပါ၊ အသက်ပါ၊ လိပ်ပြာပါ-ဟု ဘယ်လိုပင် ထင်ကြ

မြင်ကြ ပြောဆို သမုတ်ကြသော်လည်း ဤရုပ်နာမ်နှစ်ပါး သဘောတရားကတော့ ဘယ်အခါမှာမှ ပုဂ္ဂိုလ်, သတ္တဝါ, အသက်, လိပ်ပြာ, ဖြစ်မသွားပါဘူး တကာဗိုလ်ရဲ၊ (မှန်ပါ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ ဖြစ်သွားမည် မဟုတ်ပါ ဘုရား)။

ဘာဖြစ်သွားမှာလဲ၊ ပရမတ်သဘောဆိုဒါ ဘယ်အခါမှ သဘောရင်းက လွတ်လွဲ၍ ပြောင်းလဲဘောက်ပြန်ခြင်း ရှိဒါမှ မဟုတ်ဘဲကိုး။

သည်လို နိသတ္တသဘော, နိဇီဝသဘောကမှ သတ္တအဖြစ်, ဇီဝအဖြစ်သို့ ထင်မြင်ပြောဆို သမုတ်ကြတိုင်းသာ ရောက်သွားမယ်, ပြောင်းလဲသွားမယ်ဆိုလျှင် ဘယ်မှာ ပရမတ်လို့ ခေါ်ဆိုနိုင်ပါတော့မလဲ။

ကဲ- ယခင်က ပြဆိုခဲ့တဲ့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ ရုပ်သေး ဥပမာကို ပြန်ပြီးစဉ်းစားစမ်းပါလား။

ဒါက မင်းသားဘဲ၊ ဒါက မင်းသမီးဘဲ၊ ဒါက ရှင်ဘုရင်ဘဲ၊ ဒါက မိဖုယားဘဲ၊ ဒါက ဝန်ကြီးဘဲ၊ ဒါက အိမ်တော်ပါ ငယ်ကျွန်ဘဲ စသည်ဖြင့် ခေါ်ဆိုပြုလုပ် ဘယ်လိုပင် ဝိုင်းပြီး သမုတ်ကြသော်လည်း အရုပ်ကလေးကဖြင့် မင်းသားလဲ ဖြစ်မသွား၊ မင်းသမီးလဲ ဖြစ်မသွား၊ ရှင်ဘုရင်လဲ ဖြစ်မသွား၊ မိဖုယားလဲ ဖြစ်မသွား၊ ဝန်ကြီးလဲ ဖြစ်မသွား၊ အိမ်တော်ပါ ငယ်ကျွန်ကြီးလဲ ဖြစ်မသွား၊ သစ်သားကတော့ သစ်သားအတိုင်းပါဘဲ။

ဘယ်လိုပင် ထင်မြင်သမုတ်ကြပေမဲ့ သစ်သားအဖြစ်က တဆံခြည်ဖျားမှ ရွေ့ပြောင်းမသွားပါဘူး တကာဗိုလ်ရ၊ (မှန်ပါ မရွေ့မပြောင်းပါ ဘုရား)။

ထင်ရှားအောင် ပြောကြဦးစို့။

ရုပ်သေးစင်ကြီး တစင်လုံးကို စုစုချုပ်လိုက်တော့ သစ်သား နှင့်ကြိုး ဤနှစ်မျိုးသာ အမှန်ရတော့တယ်နော်၊ အရင်းခံကို အမှန်ကြည့်ထား။

တခုပြောကြပါစို့ရဲ၊ သည်သစ်သားရုပ်ကို ဒါသ,ရယ်လို့ သမုတ်လိုက်တော့ သစ်သားရုပ်က ဒါသ,များ ဖြစ်သွားသေး သလား၊ (ဒါသ, ဖြစ်မသွားပါ ဘုရား)။

သည် သစ်သားရုပ်ကို ပဋ္ဌာစာရီ,ရယ်လို့ သမုတ်လိုက် တော့ကော သစ်သားက ပဋ္ဌာစာရီ,များ ဖြစ်သွားပါရဲ့လား၊ (ပဋ္ဌာစာရီ ဖြစ်မသွားပါ ဘုရား)။

သစ်သားကဖြင့် ဘယ်တော့မှ ဒါသ,ရယ်၊ ပဋ္ဌာစာရီ ရယ်လို့ ဖြစ်မသွားပါဘူး။

ဒါသတဲ့၊ ပဋ္ဌာစာရီတဲ့ ဆိုဒါဟာ က,ပြသူတို့၏ စိတ်အလို နှင့် ပွဲကြည့်သူတို့၏ စိတ်အလိုမျှသာ ဖြစ်နေတော့ ဒါပေါ့၊ (မှန်ပါ စိတ်အထင်မျှပါဘုရား)။

ဒါဖြင့် သစ်သားဟာ ဒါသ,လဲ မဟုတ်ဘူး၊ ပဋ္ဌာစာရီလဲ မဟုတ်ဘူး၊ သစ်သားထဲမှာလဲ ဒါသ, ပဋ္ဌာစာရီ, မပါမရှိဘူး။

ပွဲမပြခင် ရှေးအဘို့ကလဲ သစ်သားရုပ်က ဒါသ,ဘဲ၊ ပဋ္ဌာ စာရီဘဲ ဖြစ်မနေနိုင်ဘူး။

ပြုနေတုန်း ပြုနေဆဲမှာလဲ ဒါသ,ဘဲ၊ ပဌာစာရီ,ဘဲ ဖြစ်မသွားဘူး၊ ပြုပြီးသည့်နောက်မှာလဲ ဒါသ,ဘဲ၊ ပဌာစာရီ,ဘဲ ဖြစ်ပြီး ကျန်မနေရစ်ခဲ့ဘူး။

ပွဲမပြုမီ ရှေးအဘို့ကလဲ သစ်သားက သစ်သားဘဲ၊ ပြုနေတုန်း ပြုနေဆဲမှာလဲ သစ်သားက သစ်သားဘဲ၊ ပြုပြီးသည့်နောက် ပြန်သွားကြတော့လဲ သစ်သားက သစ်သားဘဲ။

ကဲ-ဒါသ,တွဲ၊ ပဌာစာရီ,တွဲဆိုဒါ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဟူသော ကာလသုံးပါးမှ လွတ်ကင်းနေပါပေါ့လား၊ (မှန်ပါ ကာလသုံးပါးမှ အလွတ်ပါဘုရား)။

သို့ကလို ကာလသုံးပါးမှ ရှာမရဘူးဆိုလျှင် ဒါသတွဲ ပဌာစာရီတွဲ ဆိုဒါ ဟုတ်သလား မဟုတ်ဘူးလား ရှိသလား မရှိဘူးလားဟု မေးတော့ ဘယ်လို ဖြေမလဲ၊ (အဖြေရခက်ပါ ဘုရား)။

ခက်မနေနှင့်၊ ပွဲကြည့်သူတွေရဲ့ စိတ်ထဲမှာ သနားဖြစ်ရုံ လွမ်းဖြစ်ရုံ, ဆွေးဖြစ်ရုံ, ပူဖြစ်ရုံမျှသာ ဟုတ်တယ် မှန်တယ် ဟူ၍ရင်း၊ ပွဲကြည့်သူတွေရဲ့ စိတ်ထဲမှာ သနားကောင်းရုံ, လွမ်းကောင်းရုံ, ဆွေးကောင်းရုံ, ပူကောင်းရုံမျှသာ ရှိတယ် ရတယ်ဟူ၍ရင်း ဖြေလေ။

စင်စစ်မှာတော့ မူးကောင်းရုံ, ရူးကောင်းရုံ, မူးဖြစ်ရုံ, ရူးဖြစ်ရုံမျှသာ ဟုတ်တယ် မှန်တယ်လို့သာ အဖြေပေးလိုက်ပါကွယ်။

မူးကောင်းရုံ့ ရူးကောင်းရုံ့ မူးဖြစ်ရုံ့ ရူးဖြစ်ရုံမျှမို့လဲ မူးရူးနေကြဒါဘဲ၊ မူးပြီး ရူးပြီးလျှင်လဲ ဘာတခုကိုမှ အဖတ်ဆယ်မရကြဒါလဲ အထင်အရှားကြီးဘဲနော်။

အမှန်ကတော့ သစ်သားနှင့် ကြိုးကလဲ ဒါသ,မျိုး ပဋ္ဌာစာရီမျိုး မဟုတ်ဘူး၊ သစ်သားနှင့် ကြိုးအပြင်မှ တပါးလဲ ဒါသ အစစ် ပဋ္ဌာစာရီအစစ် တခြားထွက်ပြီး ရှာမနေနှင့်မရှိဘူး၊ ပွဲကြည့်သူတို့၏ စိတ်ကူး စိတ်မှန်း စိတ်တန်းရုံမျှသာ ဟူလို။

ဥပမာနှင့် ဥပမေယျကို တခါပြန်၍ ဟပ်ကြည့်လျှင် အမှန်ဟုတ်ထာက ကြိုးနှင့်သစ်သား၊ သနားကြဒါက မောင်ဒါသ၊ အတော်ဂွကျဒါလို အဟုတ်ရှိဒါက ကြိုးနှင့် သစ်သား သနားကြ လွမ်းကြဒါက မပဋ္ဌာစာရီ အတော် မဆီမဆိုင် ဒါလို့။

ပွဲကြည့်သူတွေနှင့် တူသော တကာဗိုလ်တို့ ငါတို့တတွေလဲ ပွဲကြည့်တွေ ကြောင်ကြောင်ကြီး လွဲနေကြဒါလို ရုပ်နာမ် ပေါ်မှာ ငါဘဲ သူဘဲနှင့် ကြောင်ကြောင်ကြီး လွဲနေကြဒါ အတော်ရိစရာ ကောင်းပါကလားနော်၊ (မှန်ပါ အလွန်ရိစရာ ကောင်းပါဘုရား)။

ကြောင်ကြောင်ကြီး လွဲနေကြပုံကတော့ ယခင်က ပြဆိုခဲ့ပြီးသော နည်းအတိုင်း ခါတ်တခုနှင့် ကြည့်ရှုလျှင် လှုပ်မှုရှားမှု ထောက်ကန်မှုဟူသော မသိတတ်တဲ့ ရုပ်တရားတခုနှင့် လှုံ့ဆော်မှုဟူသော သိတတ်တဲ့ နာမ်တရားတခု၊ ဤတရား

နှစ်ပါးသာ အမှန်ဟုတ်ပါလျက်နှင့် ငါ့ရယ် ကိုယ့်ရယ်လို့ အပိုတစ္စယ်ထွက်ပြီး သက်သက် မဟုတ်မမှန် လုပ်ကြံဖန်တီး ယူစွဲထားလေသတည်း။

**အမှားသိက အမှန်သိသို့ ရောက်အောင်ကား**

(၁) မသိဒါရုပ်- သိဒါနာမ်- ရုပ်နာမ်ဖြစ်ချုပ်၊ ငါမဟုတ်။

(၂) မသိဒါရုပ်- သိဒါနာမ်- ရုပ်နာမ်ဖြစ်ချုပ်၊ ကိုယ်မဟုတ်။

ဟု မြင်အောင်ရှု။

ယခင်က ဥပမာလို ငါဆိုဒါ ကိုယ်ဆိုဒါ မသမုတ်ခင် မထင်ခင်ကလည်း ရှိမနေနှင့်ဘူး၊ သမုတ်တုန်း သမုတ်ဆဲ ထင်တုန်းထင်ဆဲမှာလဲ ရုပ်နာမ်နှစ်ပါးက ငါ့ကိုယ် ဖြစ်မသွားဘူး၊ သမုတ်ပြီး ထင်ပြီးသည့်နောက်မှာလဲ ငါတွေ ကိုယ်တွေ ဖြစ်ပြီး မကျန်ရစ်ဘူး။

**အထူးသတိထား။**

ငါ ကိုယ် ဆိုဒါ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးမှ အလွတ် ဖြစ်နေပါပေါ့လား တကာဗိုလ်ရ၊ (မှန်ပါ ကာလသုံးပါးမှ အလွတ်ပါဘုရား)။

အဲဒီလို လွတ်အောင်ကြည့်၊ မလွတ်လို့ ကာလသုံးပါး တပါးပါးနှင့် ငြိနေလျှင် ဒိဋ္ဌိအာရုံနှင့် ချိတ်မိနေသေးသည် ဟု မှတ်။

တခါ မြင်မှုတခုနှင့် ပြောရမည်ဆိုလျှင် မျက်စိက အဆင်းကို မြင်လိုက်သောအခါမှာလဲ အဆင်းက မသိတတ်တဲ့ ရုပ်တရား၊ မြင်သိတတ်တဲ့ စက္ခုဝိညာဏ်ခေါ်သော နာမ်တရား၊ ထိုရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်သွားဒါ မှန်ပါလျက်နှင့် သားကို ငါက မြင်တယ်၊ သမီးကို ငါက မြင်တယ် စသည်ဖြင့် ထင်မှားသိမှားကြပြန်လေသည်။

**အထင်မှန် အမြင်မှန်သော်ကား**

(၁) မသိဒါရုပ်- သိဒါနာမ်-ရုပ်နာမ်ဖြစ်ချုပ်၊ သားမဟုတ်။

(၂) မသိဒါရုပ်- သိဒါနာမ်- ရုပ်နာမ်ဖြစ်ချုပ်၊ သမီးမဟုတ်။

ဟု မြင်အောင်ရှု။

သားသမီးဆိုဒါ မသမုတ်ခင် မထင်ခင်ကလဲ အရင်ရှိနေနှင့်ဒါမျိုး မဟုတ်ဘူး။ သမုတ်တုန်း သမုတ်ဆဲ ထင်တုန်းထင်ဆဲ အခါမှာလဲ ရုပ်နာမ်စင်စစ်က သား သမီး ဖြစ်မသွားဘူး၊ သမုတ်ပြီး ထင်ပြီးသည့်နောက်မှာလဲ သားသမီးဖြစ်ပြီး မကျန်ရစ်ခဲ့ဘူး၊ (အထူးသတိထား)။

ကဲ- သား, သမီးဆိုဒါလဲ ကာလသုံးပါးထဲ ပါရဲ့လား၊ (မပါရှိပါ ဘုရား)။

ကာလသုံးပါးထဲ မပါဝင်စေလင့်၊ ကာလသုံးပါးတို့တွင် တပါးပါး၌ ပါဝင်နေလျှင် ဒိဋ္ဌိနယ်တွင် အဖတ်တင်ရှိနေပြီဟုမှတ်။

ဒါ့ကြောင့် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အစစအရာရာ အသက်လိပ်ပြာ ဆိုဒါတွေဟာ ဘာမှ မရှိ မဟုတ်တဲ့ ကာလဝိမုတ်မျိုးတွေလို့ တထစ်ချ မှတ်ယူကြလေ။

ထို ဘာမှ မရှိ မဟုတ်တဲ့ ကာလဝိမုတ်မျိုးတွေကို အစစ်ရှိ အမှန်ရှိ အဟုတ်ရှိအနေနှင့် (**တေကာလိက**) တရားတွေလို အခြားအနေ တပါးအနေနှင့် ထားမနေကြလင့်၊ တခြားအနေနှင့် ထားနေလျှင် မှားချေမည်။

သို့- ဒါဖြင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဆိုဒါ ရှိသလား မရှိဘူးလား မှန်သလား မမှန်ဘူးလား လို့ မေးလျှင် ဘယ်လို ဖြေမလဲ၊ (မရှိဘူးလို့ ဖြေရပါလိမ့် ဘုရား)။

မရှိဘူးလို့ ဖြေဒါဟာ ဟုတ်တော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ မရှိဘဲနှင့်ဖြင့် ဘာ့ကြောင့် အကြောင်းကင်းမဲ့စွာ ထင်ရပါသလဲဆိုတော့ ဘယ်လို ဖြေဦးမှာလဲ၊(အဖြေခက်ပါ ဘုရား)။

ခက်မနေနှင့် သမ္မုတိမျှသာ မထားဘဲ (**တေကာလိက**) အလား ဝိပ္ပလ္လာသ တရားနှင့် ကြည့်လျှင်တော့ ရှိမှာပေါ့၊ ရမှာပေါ့၊ ဝိပ္ပလ္လာသ တရားနှင့် ကြံလျှင်တော့ မှန်မှာပေါ့ ဟုတ်မှာပေါ့ဟု ဖြေ။

စင်စစ်ကတော့ မူးဖြစ်ရုံ ရူးဖြစ်ရုံသာ ရှိတယ် ရတယ်၊ မူးကောင်းရုံ ရူးကောင်းရုံသာ ဟုတ်တယ် မှန်တယ်လို့သာ ဖြေလိုက်ပါကွယ်။

ဒါ့ကြောင့်လဲ မူးဖြစ် ရူးဖြစ်လို့ မူးကောင်း ရူးကောင်း နေကြဒါဘဲ၊ မူးပြီး ရူးပြီးလျှင်လဲ အရာမထင် အဖတ်မတင် ဒါလဲ အထင်အရှားကြီးဘဲနော်။

ဤအရာ စောဒနာ ပြုကြပြန်သည်မှာ....

ပုဂ္ဂိုလ်တွေ သတ္တဝါတွေ ပျောက်ကုန် ကွယ်ကုန်လျှင် ရှိသေစရာ ကိုးကွယ်စရာ မြတ်နိုးစရာတွေ မရှိတော့ဘူးပေါ့၊ ထိုကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါ ကွယ်ပျောက်၍ မရှိသော အဖြစ်သို့ ရောက်ကုန်လျှင် လွန်ချင်သလို လွန် ကျူးချင်သလို ကျူး ဖြစ်ချင်သလို ဖြစ်မကုန်ကြပေဘူးလားဟု အချို့က စောဒနာ ပြုချင်ကြသေးတယ်၊ ဩော်– ဒုန်းဝေးရှာပါဘိကွယ်။

ကဲ-ကဲ ဥပမာပြောပြမယ်။

ယခုအခါ ငွေအရာထားပြီး သုံးစွဲကြသော ငွေစက္ကူ ဆိုဒါ ရှိကြပါ၏၊တဆယ်တန် ငါးကျပ်တန်စသည်ဖြင့် ငွေ စက္ကူ ဆိုဒါ ရှိကြတယ်မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ ရှိကြပါ ဘုရား)။

အဲဒီ ငွေစက္ကူဟာ ငွေသား စင်စစ်အမှန် ဟုတ်ရဲ့လား၊ (မဟုတ်ပါ ဘုရား)။

စက္ကူပါလို့ ဆိုပေါ့ဘဲ၊ ဘယ်မှာ ငွေသားအစစ် ဟုဘ်လိမ့် မလဲ။

ဒါဖြင့်ဟာ ငွေအစစ် ငွေအမှန်မှ မဟုတ်ဘဲ အလကား သား စက္ကူကြီးဘဲ ဆိုပြီး လွှင့်မျှား ပစ်လိုက်ကြသလား၊ (လွှင့်မပစ်ကြပါဘူး ဘုရား)။

ဘာ လွှင့်ပစ်မှာလဲ ငါးကျပ်တန်ဖြင့် ငါးကျပ်တန် တဆယ်တန်ဖြင့် တဆယ်အရာထားပြီး သုံးစွဲရသေးသကိုး။

အကယ်၍ လွှင့်ပစ်လိုက်လျှင် ထိုသူကို အမိုက်ကြီး အရူးကြီးလို့ ဆိုကြမှာပေါ့နော်၊ (မှန်ပါ မိုက်တယ် ရူးတယ် အဆိုခံရမှာပါ ဘုရား)။

အဆိုမခံရဘဲ နေမလား၊ မိုက်လဲအမိုက်သား ရူးလဲအရူးသားဘဲ၊ ဘာ့ကြောင့်လဲ ဆိုတော့ ငါးကျပ်တန် ဖြစ်လျှင် ငါးကျပ်က မရော့မနဲ ကြေးနီမပွန်းဘဲ သုံးစွဲရသေးဒါကိုး၊ တဆယ်တန်ဖြစ်လျှင် တဆယ်က မရော့မနဲ ကြေးနီမှ မပွန်းဘဲ သုံးစွဲရသေးဒါကိုး။

သူ့ကို ပိုပြီးတောင် စောင့်ရှောက် ထိန်းသိမ်းရလိမ့်ဦးမယ်၊ ဘာ့ကြောင့်လဲဆိုလျှင် နေပူ မိုးဆွဲရွာ ပိုးစား ကြွက်ခဲတောင် ခံနိုင်ဒါမျိုး မဟုတ်ဘဲကိုး။

ငွေစစ် ငွေသား ငွေမှန်များမှာတော့ နေပူမှာလဲ မစိုးရိမ်ရ၊ မိုးဆွဲရွာမှာလဲ မစိုးရိမ်ရ၊ ခြပုန်း, ပိုးရွ စားသွားမှာလဲ မစိုးရိမ်ရ၊ ကြွက်ခဲသွားမှာလဲ မစိုးရိမ်ရ၊ ဘယ်နေရာထားထား စိတ်ချရတယ် မဟုတ်လား၊ (မှန်ပါ စိတ်ချရပါဘုရား)။

ငွေစစ် ငွေသား ငွေမှန်မဟုတ်တဲ့ စက္ကူများမှာတော့ နေပူလောင်အတွက်ကြောင့် အရောင်ပျက်၍ မသုံးစွဲရမှာလဲ စိုးရိမ်ရ မိုးဆွဲရွာလျှင်လဲ ညစ်မဲပြီး မသုံးစွဲရမှာလဲ စိုးရိမ်ရ၊ ခြပုန်း, ပိုးရွ ကိုက်ဖောက်၍ စုတ်ပေါက်သွားမှာလဲ စိုးရိမ်ရ၊ ကြွက်ခဲ၍ စုတ်ပြဲသွားမှာလဲ စိုးရိမ်ရ စသည်ဖြင့် ဘယ်နေရာမှ စိတ်မချရဘူး မဟုတ်လား၊ (မှန်ပါ စိတ်မချရပါ ဘုရား)။

ဒါဖြင့် အခိုင်အမာ မဟုတ်တဲ့အတွက် ငွေသားထက် ပိုမိုပြီး စက္ကူကို သာ၍ ရှိသေ စောင့်ရှောက်ရဦးမှာပေါ့၊ (မှန်ပါ သာလွန်ရှိသေရပါ ဘုရား)။

အေး- အဲဒါလိုဘဲ ငွေအစစ်အမှန် မဟုတ်တဲ့ စက္ကူကို တဆယ်တန်လျှင် တဆယ်အရာထားပြီး သုံးစွဲရဒါလို ငါးကျပ်တန်လျှင် ငါးကျပ်အရာထားပြီး သုံးစွဲရဒါလို၊ ထို့အတူ ဤ**ကား** အဒိ၊ ဤကား အဘ၊ ဤကား ဆရာစသည်ဖြင့် သမ္မုတိကထာ အလာစကား အရာထားသည့် အလျောက် စိတ်ကျရောက်တိုင်း စိတ်ကျရောက်တိုင်း ကိုင်းရှိုင်းညွတ်ခ ရှိသေကြရ၏၊ ရှိသေကြရမည်။

အကယ်၍ကား ပုဂ္ဂိုလ် သတ္တဝါမှ မရှိဘဲဆိုပြီး ဆဲရေး စော်ကား ပြစ်မှားကျူးလွန်ငြားအံ့၊ ငွေစစ်ငွေမှန်မှ မဟုတ်ဘဲ ဆိုပြီး ငွေစက္ကူကို ဆုတ်ဖြဲ လွှင့်ပစ်သော အရူးကြီးနှင့် တူသတည်းဟု မှတ်။

ဤကား ဝိပဿနာ အယောင်ဆောင်သမား ဝိပဿနာ အရေခြုံသမား ရှိငြားခဲ့သော် ဟု ပြောဆို ဆုံးမလိုက်သော အချက်ပင်တည်း။

ဝိပဿနာ အစစ်မှာ ဘယ်အခါမှ ကျူးလွန်စော်ကား ပြစ်မှားရိုး ထုံးစံမရှိ။

စင်စစ်ကတော့ ဒိဋ္ဌိအလိုနှင့် ပုဂ္ဂိုလ်ရှိနေလို့သာ ကျူးလွန် စော်ကား ပြစ်မှားမှုတွေပေါ်ရဒါ၊ ဒိဋ္ဌိကပ်လာ၍ သတ္တဝါ ရှိနေလို့သာ သတ်ချင်ဒါတွေ ဖြစ်ပေါ် နေရဒါ၊ ပုဂ္ဂိုလ်မရှိ

လျှင် အဘယ်မှာ ပြစ်မှားစရာရှိတော့မှာလဲ၊ သတ္တဝါမရှိလျှင် အဘယ်မှာ သတ်စရာရှိတော့မှာလဲ။

လိုရင်းမှာ ငါရှိလျှင် သူရှိမည်၊ သူရှိလျှင် ကျူးလွန်ချင်မည်၊ သတ်ဖြတ်ချင်မည်၊ ဒိဋ္ဌိ ငါကလေးတခု အထင်ရောက်မှုကြောင့် တောက်ရှောက်ကြီး လွဲပြီး တောက်ရှောက်ကြီးများရလေသတည်း။

ဝိပဿနာသမား တရားအလုပ်ကို အားထုတ်တဲ့သူဆိုဒါ ဒိဋ္ဌိအလိုနှင့် ပုဂ္ဂိုလ်သတ္တဝါ အထင်အမြင်တွေ ပျောက်ကင်းအောင် အားထုတ်ရဒါ မဟုတ်လား၊ (မှန်ပါ ဘုရား)။

ဒိဋ္ဌိအလိုနှင့် ပုဂ္ဂိုလ်သတ္တဝါ ထင်ရမှာ ကြောက်လွန်းလို့ ဝိပဿနာတရားအလုပ်ကို အားထုတ်ရတယ်ဆိုလျှင် လွဲမလား၊ (မလွဲပါ ဘုရား)။

အေး– ဒိဋ္ဌိအလိုနှင့် ပုဂ္ဂိုလ် သတ္တဝါ ထင်ရမှာတောင် ကြောက်သေးဒါဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ အပေါ်မှာ ကျူးလွန်စော်ကား ပြစ်မှားရမယ် ဆိုတော့ သားပြီး ဝေးချင်တိုင်း ဝေးတော့ဒါပေါ့။

ဒိဋ္ဌိရောက်က တောက်ရှောက် လွဲကြမည်၊ ဒိဋ္ဌိပျောက်မှ တောက်ရှောက်မှန်ကြမည် ဟူလို။

အချုပ်က ပြောဆိုတတ်ကြ သေးသည်မှာ–

သူတို့ ငါမရှိ,ကိုယ်မရှိ ဘာမရှိ,ညာမရှိနှင့် ပြောဆိုပြုလုပ်နေကြတဲ့ ဝိပဿနာသမားတွေဆိုဒါလဲ သူများလို သားတွေ, သမီးတွေနှင့် နေကြဒါပါဘဲကွယ်၊ သူများလို ပစ္စည်းတွေကိုလဲ

ရှာကြ, ဖွေကြ, စုကြ, ဆောင်းကြ ဒါပါဘဲကွယ်၊ ဘာများ ထူးကြသေးသလဲစသည်ဖြင့် သရော်ပျက်ချော်ကရော်ကမယ် နှင့် ပြောဆိုတတ်ကြသေးတယ်။

သို့ကလို မျက်မြင်ကိုထောက်ပြီး ငါတို့နှင့် သူတို့ ဘာ ကလေးတခုမှ မထူးကြပါဘူးကွယ်၊ အလကား ပစပ်ကသာ ပြောနေကြဒါပါလို့ တချို့က ပြောကြမဟုတ်လား၊ (မှန်ပါ ပြောကြပါ ဘုရား)။

မှားလေစွတကား- မိုက်လေစွတကား၊
အဖျင်းဆုံး-ခြားနားပုံ ပြောဦးမည်။

အထက်က ပြဆိုခဲ့သော ဥပမာကို ပြန်၍ စစ်တမ်းတင် ကြည့်လျှင် ငွေသားနှင့် စက္ကူ အတူထား၍ သုံးစွဲငြားသော် လည်း စိတ်ထားကျတော့ အလွန် ကွာခြားပေလိမ့်မည်။

ကွာခြားပုံကား ငွေသားကိုကိုင်လိုက်တဲ့အခါ လေးလေး တွဲ့တွဲ့ကြီး ရှိမဟုတ်လား၊ (မှန်ပါ လေးလေးတွဲ့တွဲ့ကြီး ရှိပါဘုရား)။

လေးလေးတွဲ့တွဲ့ရှိမှာပေါ့ ငွေစင် ငွေသား ကျပ်ဒင်္ဂါး ကြီးများ ပေကိုး။

စက္ကူကျတော့ ဒီလို လေးလေးတွဲ့တွဲ့ ရှိသေးရဲ့လား၊ (လေးလေးတွဲ့တွဲ့ မရှိတော့ပါ ဘုရား)။

ဘာ - လေးလေးတွဲ့တွဲ့ ရှိတော့မလဲ စက္ကူကိုး။

ငွေစင်,ငွေသား ကျပ်ဒင်္ဂါးကြီးများမို့ လေးလေတွဲ့တွဲ့ ရှိတော့ ကိုင်လိုက်သော အခါမှာ စိတ်ကိုကလဲ လေးလေး

တွဲ့တွဲ့ ဖြစ်လာရသည်၊ စက္ကူကတော့ ပေါ့ပေါ့ရော့ရော့မို့ ကိုင်လိုက်သော အခါမှာ စိတ်ကိုကလဲ ပေါ့ပေါ့ရော့ရော့ဘဲ ဖြစ်လာရသည်။

ငွေသားနှင့်စက္ကူ ကိုင်ယူ သုံးစွဲသောသူမှာ လက်ထဲတွင် လေးတွဲ့မှုနှင့် ပေါ့ရော့မှုဟာ စိတ်အထင် အလွန်ကွာခြား နေပြီနော်၊ (အလွန်ကွာခြားနေပါဘုရား)။

အဲဒီ ငွေသားကို ကိုင်သုံးတော့ လေးတွဲ့မှုနှင့် စက္ကူကို ကိုင်သုံးတော့ ပေါ့ရော့မှု ဤနှစ်ခု ကွာခြားကြဒါလို ထို့ အတူ ရုပ်, နာမ် နှစ်ပါး အနတ္တတရားကို မသိခင်ကတော့ တကယ့် ငါ၊ တကယ့် ကိုယ်၊ တကယ့် သား၊ တကယ့် သမီး စသည်ဖြင့် ဒိဋ္ဌိကအစွဲသီး အယူသီးပြီး လေးလေးတွဲ့တွဲ့ကြီး နှစ်နှစ်ကာကာကြီး ထင်ခဲ့ရတယ်၊ ဖြစ်ခဲ့ရတယ်၊ ယခုအခါ နာမ်,ရုပ် နှစ်ပါး အနတ္တတရားကြီးကို သိရတော့ ဒိဋ္ဌိအစေး ကလေး အနည်းငယ်မျှ ကွာရှသွားလျှင်ဘဲ ရော့ရော့ပေါ့ပေါ့ ဖြစ်သွားရဒါ လွန်စွာ ကွာခြားလှပေ၏။

တရား မသိခင်က စိတ်ထား စိတ်နေနှင့် တရားသိတော့ စိတ်ထားစိတ်နေ စိတ်ဖြစ်ပုံ ဤနှစ်ထွေကို သည်အတိုင်းသာ မှတ်ကြလေ။

နာမ်ရုပ်နှစ်ပါး အနတ္တတရားကို မသိမမြင် မဆင်ခြင်လျှင် ဘယ်နေရာမျိုးမဆို ငွေသားကို ကိုင်သုံးဒါလို လေးလေးတွဲ့ တွဲ့ နေမှာချည်းသာ၊ နာမ်,ရုပ်နှစ်ပါးအနတ္တတရားကို သိမြင် ဆင်ခြင်လျှင် ဘယ်နေရာမဆို စက္ကူကိုကိုင်သုံးဒါလို ပေါ့ပေါ့ ရော့ရော့ နေမှာချည်းသာ ဟူလို။

မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မဆိုက်မထိ မရရှိသေးသော်လည်း တရားသိ၍ စိတ်ဓာတ်ကလေး ပေါ့သွား ရော့သွား ဟာသွား လျှင် အလွန်ပင် ထူးခြားလှပြီ၊ ထိုထူးခြားသော အချက်ကို တရားဘက်သို့ မသက်ဝင်သောသူတွေဟာ အဘယ်မှာ သိနိုင် ပါအံ့နည်း၊ဒါ့ကြောင့် သူတို့လိုချည်း ထင်ကြလေသတည်း။

အဲဒါတွေကို အသာထား၊ ဘယ်သူက ဘာဘဲ ပြောနေနေ ယခင်က ပြဆိုခဲ့ပြီးသော (ဒွေဓာ ဝ ဝတ္ထာပေတိ) ဆိုသည့် နည်းအတိုင်း ရုပ်တပုံ နာမ်တပုံ၊ ရုပ်တစု နာမ်တစု ဤနှစ်ခု သာပိုင်းပြီး အလိုင်းတကြီး ပွားများရမယ် မဟုတ်လား တကာဗိုလ်ရ၊ (မှန်ပါ နှစ်ပုံနှစ်စုသာ ရှုရမှာပါ ဘုရား)။

မသိမှု ရုပ်တပါးနှင့် သိမှုနာမ်တပါး ဉာဏ်အားဖြင့် ပိုင်း ခြားလိုက်တော့ ဤနှစ်ပါးသာ ရထိုက်တော့သကိုး။

ထိုနှစ်ပါးကလဲ အရိပ်နိမိတ်နှင့်မယှဉ်တဲ့ အစိတ်စိတ် အမျှင်မျှင် ဖြစ်နေသော ဓာတ်သဘော အမှုအရာ ကြိယာမျှ သဘာဝ ကလေးတွေဘဲ မဟုတ်လား၊ (မှန်ပါ အစိတ်စိတ် အမျှင်မျှင်မျှ သဘာဝတွေပါ ဘုရား)။

အဲဒီ ရုပ်အစဉ်, နာမ်အစဉ်, အစိတ်စိတ် အမျှင်မျှင်မျှ သဘာဝကလေးတွေကို ပကတိစိတ်အမြင်က ပေါင်းစပ်ပြီး ယူခါ ဟောဒါ ပုဂ္ဂိုလ်၊ ဟောဒါ သတ္တဝါရယ်လို့ ခေါ်ရဒါ ပြောရဒါ သမုတ်ရဒါ။

ထိုခေါ်မှု ပြောမှု သမုတ်မှုပြင်မှတပါး တကယ်ရှာတော့ ဘယ်မှာမှ မရှိဘူး မရဘူး။

ဒါ့ကြောင့် စိတ်ကထင်လို့ ပစပ်ကပြောဒါ ခတ်သဘော၊ အမှန်ကတော့ ရုပ်နှင့်နာမ်သာတည်း။

ကဲ- စိတ်က ပုဂ္ဂိုလ်ဟုထင်၍ ပစပ်က ပုဂ္ဂိုလ်ဟု ပြောဒါ၊ စိတ်က သတ္တဝါဟုထင်၍ ပစပ်က သတ္တဝါဟုပြောဒါ(စိတ်က မထင်ဘဲ ပစပ်က ပြောမဖြစ်ပါဘုရား)။

ဒါဖြင့် ပုဂ္ဂိုလ် သတ္တဝါဆိုဒါ စိတ်အထင် ပစပ်ပြောပေါ့၊ (မှန်ပါ စိတ်ထင် ပစပ်ပြောပါ ဘုရား)။

စိတ်က ငါဟုထင်၍ ပစပ်က ငါဟုပြောဒါ၊ (စိတ်က မထင်ဘဲ ပစပ်က ပြောနိုင်ပါ့မလား၊ (စိတ်ကမထင်ဘဲ ပစပ်က မပြောနိုင်ပါ ဘုရား)။

ဒါဖြင့် ငါဆိုဒါ, သူဆိုဒါ, စိတ်ထင် ပစပ်ပြောပေါ့၊ (မှန်ပါ စိတ်ထင် ပစပ်ပြောပါ ဘုရား)။

စိတ်က သားထင်လို့ ပစပ်က သားလို့ ပြောဒါ၊ စိတ်က မထင်ဘဲ ပစပ်က ပြောလို့ဖြစ်ပါဦးမလား၊ (စိတ်က မထင်လျှင် ပစပ်က ပြောမဖြစ်ပါ ဘုရား)။

ဒါဖြင့် သားသမီးဆိုဒါလဲ စိတ်ထင်ပစပ်ပြောပေါ့၊ (မှန်ပါ စိတ်ထင် ပစပ်ပြောပါ ဘုရား)။

အေး- အဲဒါလို အစစအရာရာ ပေါ်လာသမျှတွေဟာ စိတ်ထင် ပစပ်ပြောမျှ သတ္တုချပြီး ခတ်အစုမျှ အဟုတ်အမှန်ထား၍ ရုပ်နာမ်နှစ်ပါး အရင်းမပျောက်ကြစေနှင့်။

ရုပ်နာမ်နှစ်ပါး အရင်းပျောက်တော့ ဘာဖြစ်မှာလဲ ဆိုလျှင်–

ဟိုယခင်က ဥပမာအလား၊ ကြိုးနှင့်သစ်သား အရင်းပျောက်၍ ဒါသနှင့်ပဋ္ဌာစာရီ-ဆိ အာရုံရောက်ပြီး ပွဲကြည့်တွေ တောက်တီးတောက်တက် ဖြစ်ကုန်ကြဒါလို ယခုလဲ ရုပ်နာမ်က အရင်းပျောက်၍ ပညတ်နိမိတ်ဘက်သို့အာရုံရောက်ပြီး ဒိဋ္ဌိတွေ တောက်တီးတောက်တက် ဖြစ်ကုန်လိမ့်သတည်း။

ထို့ကြောင့် သွားခြင်းအမူအရာ ရပ်ခြင်းအမူအရာ ထိုင်ခြင်း အမူအရာ လျောင်းခြင်းအမူအရာ စသည်ကို ပြုလုပ်ကြတိုင်းပြုလုပ်ကြတိုင်း ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း နာမ်ရုပ်နှင့် ပိုင်းခြားပြီး ဓာတ်သား ဓာတ်ရင်းကျအောင် ပွားများဆင်ခြင်ကြရမည်။

တကာဗိုလ်ရေ၊ (ဘုရား)။

တရားတွေ စကားတွေ သိပ်ရှေ့နေလို့ ဟန်မရသေးဘူး၊ သဲထဲရေသွန်ချသလို ဖမ်းမရ စမ်းမရ ဖြစ်ကုန်ကြလိမ့်မယ်။

ဖမ်းရ စမ်းရအောင် ခါးပိုက်ဆောင် လက်ဘုဒ် အတိုချုပ် ကလေးတွေကို ညဏ်ကုတ်မိအောင် ခပ်သုတ်သုတ် ချပေးဦးမှ ထင်ပါရဲ့၊ (မှန်ပါ သင်ကြားပေးဦးမှ ညဏ်ခြေ ကုတ်ရမှာပါ ဘုရား)။

ကဲ-ကဲ- ဒါဖြင့် ငယ်ငယ်ကြီးကြီး ထီးထီးမမ ရှိရှိသမျှ ပု- စု- ခရုမကျန် ပွက်ပွက်ညံသွားအောင် အားကျပါးကျ အကုန်လိုက်ကြစမ်း လိုက်ကြစမ်း။

# ဝိပဿနာ ရှုဘွယ် ဆောင်ပုဒ်များ

## သွားခြင်း

(၁) သွားမဲ့ဟန်ပျိုး-နာမ်ကြိုးလှုံ့ဆော်၊
ရုပ်သစ်သွား-လှုပ်ရှားပါရနော်၊
ပညာဇာတ်သွင်း-ဓာတ်ရင်းကိုမျှော်၊
ဪ-အဟုတ်တွေးလိုက်တော့-
ရုပ်သေးဟန်တွေပေါ်။

## ရပ်ခြင်း

(၂) ရပ်မဲ့ဟန်ပျိုး-နာမ်ကြိုးလှုံ့ဆော်၊
ရုပ်သစ်သွား-လှုပ်ရှားပါရနော်၊
ပညာဇာတ်သွင်း-ဓာတ်ရင်းကိုမျှော်၊
ဪ-အဟုတ်တွေးလိုက်တော့-
ရုပ်သေးဟန်တွေပေါ်။

## ထိုင်ခြင်း

(၃) ထိုင်မဲ့ဟန်ပျိုး-နာမ်ကြိုးလှုံ့ဆော်၊
ရုပ်သစ်သွား-လှုပ်ရှားပါရနော်၊
ပညာဇာတ်သွင်း-ဓာတ်ရင်းကိုမျှော်၊
ဪ-အဟုတ်တွေးလိုက်တော့-
ရုပ်သေးဟန်တွေပေါ်။

ဌာဆ၃ဆယ ၆၀၆-၂၆ (တတိယအကြိမ်)

## လျှောင်းခြင်း

(၄) လျှောင်းမဲ့ဟန်ပျိုး-နာမ်ကြိုးလှို့ဆော်၊
ရုပ်သစ်သား-လှုပ်ရှားပါရနော်၊
ပညာဇာတ်သွင်း-ခွာတ်ရင်းကိုမျှော်၊
ဩြော်-အဟုတ်တွေးလိုက်တော့-
ရုပ်သေးဟန်တွေပေါ်။

## တရား အဆုံးသတ်ရန်

အယံမေမွှာ၊ ဤယခု ဟောပြခဲ့သော မသိရုပ်, သိနာမ် တရားမှန်ကြီးသည်။ နော-အမှာကာ၊ ဟောမှု နာမှု အာရုံပြု၍ ပေါင်းစုအားထုတ် အကျွန်ုပ်တို့ကို။ တီသု-ဂါဟေသု၊ တဏှာ ဂါဟ, မာနဂါဟ, ဒိဋ္ဌိဂါဟ-ဟု ဆိုအပ်သော ဂါဟတရား ဤ သုံးပါးကို့တွင်။ ဒိဋ္ဌိဂါဟာ၊ အမှားသိ အမှားမြင် အမှားထင် ဖိစီး အမှား ပူပန်မှုကြီးမှ။ ယာဝနိက္ခန္တံ၊ ကျွတ်လွတ်ထွက် မြောက် ငြိမ်းခြင်းသို့ ရောက်သည်တိုင်အောင်။ ပါလေတု၊ ယခုဘဝ ခုခဏမှ အစပြု၍ ဘဝအဆက်ဆက် နောင်မပျက်ရ လေအောင် ကောင်းစွာဆောင်ရွက် စောင့်ရှောက်တော် မူပါ စေသတည်း။

သာဓု-သာဓု-သာဓု။

ကျမ်းဂန်လာ ရုပ်သေးဥပမာကို သတိထား၍ ရုပ်သား, နာမ်သား ပေါ်လွင်ထင်ရှားအောင် ဉာဏ်ဖြင့်ထုတ်ဆောင်၍ ပြောင်ပြောင်ကြီး ကြည့်ရှုဟောပြောကြပါကုန်။

ပြီးပြီ။

ရတနတ္တယံ အဟံ ဝန္ဒာမိ

(၁၀)

# ဘဝေစခန်း ခြေမလှမ်း သေခန်း ဖြတ်ညွှန်း တရားခွန်း

မစ္စုပြဟာသိ မဟာထေရ၊
ကြောင်ပန်းကြောင်ပန်းတိ ပါကဋံ။
ဆိန္ဒိဿာမ မယံ သီဃံ၊
ပညာဝုဓေန အန္တကံ။

ဘောဒန္တော၊ ဘဝေတဝှမ်း ခြေမလှမ်းဘဲ သေခန်းဖြတ်မည့် ဉာဏ်အကြည်ဖြင့် ကြံစည်ရှယ်ချောင်း အို–သူတော်ကောင်းတို့။ ကြောင်ပန်း ကြောင်ပန်းတိ ပါကဋ၊ ခြောက်နှစ်တိုင်တိုင် မဟာမြိုင်၌ ဂန္ဓိုင်တောတွင်း သစ်ပင်ရင်းတွင် ဆင်နင်းလို့ သွားသွား ကျားစားလို့သေသေ တရားမရ ငါမနေဟု မညာလေ မနားမဆုတ်တော့ဘဲ ဘာဝနာတရား အလုပ်ကို အားထုတ်ပြီးခါ ပေါက်ပိုင်လာမှ သာဝကများ အစဉ်သနားသဖြင့် အမြင်တရားကို ညွှန်ကြားတော်မူသောကြောင့် ကြောင်ပန်းရှင်ဘုရား ကြောင်ပန်းရှင်ဘုရားဟု အလွန်ထင်ရှားတော်မူပေထသော။ ဝါ၊ ဝိပဿနာသာသနာပြု ကမ္မည်းဆုကို သွင်းထုခံယူ အလံထူလျက် ဩဇာ-မြန်ဇမ္ဗူတဝှမ်း ဉာဏ်တဆူကလှမ်း အသံတူတောင် အဆံ မတူဘောင်လို့ ပြောကြတဲ့ တောရ ကြောင်ပန်း အဲ-သို့ကလို ဉာဏ်လမ်း ဉာဏ်စခန်း ဉာဏ်အတန်း

တွင် အံ့မခန်းအောင် ကျော်ကြားတော်မူပေထသော။ မဟာထေရ်၊ အနတ္တအရ ခေတ်ခေမ္မကို အပ်ချမတ်ချ အတတ်ပြတော့ စပ်မရ ယှဉ်မဖြစ် အမြင်တစ်ထိပ်သီး ငါတို့ဆရာ မဟာထေရ် မြတ်ကြီးကို။ ဝါ၊ ဒွေး-ဒွေး-ဒွေး- ဧကော် သက္ကရာဇ်တွင် သိတင်းကျွတ်လျှင် ဘွားအောင်မြင်သည့် ခြောက်စောင်သခင် ကျေးဇူးရှင်ကို။ မစွ၊ မတွေ့လိုငြား, မကြားလိုဆုံး, သူအားလုံးတို့, ကြောက်မုန်း စက်ဆုပ် သေမင်းယုတ်သည်။ ဝါ၊ သတ္တဝါတလွဲ ဖြစ်လာခဲ့သော် သုံးဆယ့်တာဘုံ မှိုင်ပေါ်ထွက် မြေကိုရွက်သို့ သေလက္ခဏာ ကပ်လျက်ပါ၍ ထွက်လာချေ ခွင်း ရှင်သေမင်းသည်။ အဟာသိ၊ ဘုရားကိုလဲ မကြောက်, တရားကိုလဲ မကြောက်, သံဃာကိုလဲ မထောက် တော့ဘဲ ငေါက်ခနဲပါအောင် သူ့အတင်းဆောင်လေပြီ။ ဝါ၊ တထောင့် နှစ်ရာ ရှစ်ဆယ်သာ၍ ရှစ်ဖြာစွန်းပို ပြာသိုလစက် ဆန်းသုံး ရက်ကြိမ် နံနက်ချိန်တွင် ဇီဝိန် ခလုတ် အတင်းဖြုတ်ပြီး, နှင်းသုတ်ဆောင်ယူ၍ သွားလေပြီတကား။ မယံ၊ ငါတို့ဆရာ မိန့်မှာဟောပြ ဓမ္မောဇကို နေ့ညမကွာ ခါခါပွားရှု အားပြု ခါနေ တို့တတွေသည်။ ဝါ၊ ကာယ က တည်, ဝစီက,ပြော မနောက,လုပ် သဘောဟုတ်မှ လောကုတ္တရာအချုပ်မှာစိတ် အလုပ်ဟာ မဆိတ်တော့ဘဲ အမြဲကြံတွေး ဆွေးနွေးဖန်ဖန် နာခံမှတ်သား ပွားများခါနေ တို့တတွေသည်။ ပညာဝုဓေန၊ ဝိပဿနာမဂ်ပညာတည်းဟူသော မဟာလက်နက် စိန်သံလျက် ဖြင့်။ ဝါ၊ ဝိဝဋ္ဋနှင့် ချွတ်ပြပေသည် မှောင်မသန်းတဲ့ကြောင်ပန်း ခေတ်ရောင်ခြည်, ဝိပဿနာနှင့် သိအပ်ပါပြီ မှောင်မသန်းတဲ့

ကြောင်ပန်း ခေါက်ရောင်ခြည်, သဘာဝနှင့် ခွါပြပေသည့် မှောင်မသန်းတဲ့ ကြောင်ပန်းခေါက်ရောင်ခြည်, သုံးလောကနှင့် ပြောပြပေသည် မှောင်မသန်းတဲ့ကြောင်ပန်းခေါက်ရောင်ခြည်, ရတနာကျမ်းနှင့် ရှာခန်းတလီ မှောင်မသန်းတဲ့ ကြောင်ပန်း ခေါက်ရောင်ခြည်၊ ဟောစဉ်ကျမ်းနှင့် ညွှန်းခန်းတလီ မှောင် မသန်းတဲ့ ကြောင်ပန်း ခေါက်ရောင်ခြည်၊ ဤခြောက်ကျမ်း ဒီပနီ ခြောက်စောင်ဆီက ခြောက်ရောင် ခြည်ထွက် ခြောက် လက်နက်ဖြင့်။ အန္တကာ၊ အဆုံးပြုလုပ် သေမင်းယုတ်ကို။ ဝါ၊ ဘုရားသော်မှ မလွတ်ရအောင် ဖြစ်သမျှပျက် မငဲ့ကွက်ဘဲ ရက်စက်လေခြင်း နင်သေမင်းကို။ သီဃံ၊ ဘဝမကြာ ဆော လျင်စွာ။ ဝါ၊ သည်နေ့ကစ သည်အချိန်ကပင် အစတင်၍ ညဏ်မြင်မှတ်သုံး ခေါက်တလုံးရှုနည်း အမြတ်ဆုံး တခုတည်း သာလျှင်။ ဆိန္ဒိဿာမ၊ ဝိပဿနာကသိုဏ်း လုံအောင်ဝိုင်း၍ ပိုင်းခါ ပိုင်းခါ နုပ်နုပ်ပါအောင် ခုတ်ဖြတ် ကြပါကုန်အံ့ သတည်း။ ဝါ၊ သုံးဆယ့်တဘုံ သေလမ်းအရပ်ရပ်တွေမှ ရုန်း ထွက်ခုန် ပရမေနန်း ကပ်ရအောင်လို့ ဆုံးမဂ်အကုန် ခြေလှမ်း ရပ်ပြီး ယောဂီတို့ရေ.... သေခန်းဖြတ်ကြပါအံ့ သတည်း။

တကာငြိမ်းရေ၊ (ဘုရား)။

ယနေ့ညမယ် အစတယ်ပြီး ထင်လွယ် မြင်လွယ်အောင် ဟောရမည့် တရားကတော့ သေခန်းဖြတ် တရားတဲ့လား၊ (မှန်ပါ သေခန်းဖြတ် တရားပါတဲ့ဘုရား)။

အေး–ဒီပရိသတ်ကြီးကို သေခန်းဖြတ်တရားခွန်းနှင့် နား သွင်းရလျှင် ကောင်းစွာ ထင်မြင်နိုင်ဘို့ အကြောင်းရှိတယ်။

ဘာ့ကြောင့်လဲဆိုတော့ သေရမှာကို ကြောက်ကြလန့်ကြလို့ အစစအရာရာ ဆိုဒါလို နေ့အခါမှာလဲ အမျိုးမျိုးအဖုံဖုံ လုံခြုံအောင် စောင့်ရှောက်ကြရ၊ ညအခါမှာလဲ အမျိုးမျိုး အဖုံဖုံ လုံခြုံအောင် စောင့်ရှောက်ကြရ၊ လောကကြီးတခုလုံး အုံးအုံးတက် ကျက်ကျက်ညံ ပြုလုပ်ချက်တွေဟာ အသက်ရှင်တခုအတွက်ကြောင့်ဘဲဆိုဒါ အလွန် ထင်ရှားသားဘဲ။

အဲဒီလို နေ့ရောညရော စိတ်ရောမာန်ပါ အမျိုးမျိုး အဖုံဖုံ လုံခြုံအောင် စောင့်ရှောက်ထာတောင်မှဘဲ လုံခြုံတယ်ဘဲမရှိ စိတ်ချရတယ်ဘဲ မရှိဘူးဆိုဒါကလဲ အထူး ပြောနေဘို့ မလိုတော့ပါဘူး။

ကဲ- ဒီပရိသက်တွေကို သင်တို့ဘာကြောင့် တရားနာကြရသလဲဟု မေးလျှင် သေဘေးကို ကြောက်လို့ တရားနာရပါတယ်ဘုရားလို့ အဖြေမပေးကြဘူးလား တကာငြိမ်းရ၊ (မှန်ပါ အဖြေပေးကြပါလိမ့် ဘုရား)။

ဟောတဲ့ ပုဂ္ဂိုလ်ကို မေးလျှင်လဲ သည်အတိုင်းဘဲ ဖြေရမှာပေါ့။

သည်တော့ သေရမှာကိုအလွန်ကြောက်လို့ သေခန်းကြီးကို ဖြတ်တောက်လိုလျှင် သည် အသေဆိုတဲ့ မရဏခေတ်ကြီးကိုပင် ပုဂ္ဂိုလ်နှင့်ယှဉ် ပုဂ္ဂိုလ်နှင့်တင်ပြီး ထင်မြင်အောင် ရှုရလိမ့်မယ်။

ပုဂ္ဂိုလ်နှင့်ယှဉ်၍ အသေခေတ်ကြီး ဆင်ခြင်ပုံကို ပြဆိုအပ်ပြီးသော ဂါထာအရ အကျဉ်းမျှပြောဦးအံ့။

ပုဂ္ဂိုလ်နှင့် ယှဉ်ရ ပုဂ္ဂိုလ်နှင့် တင်ရဆိုသော်လည်း မိမိနှင့် နီးကပ် စပ်သွယ်သော သူနှင့် ယှဉ်ရမှ သာပြီး ထင်မြင်လွယ် သကိုး တကာငြိမ်းရ၊ (မှန်ပါဘုရား)။

ဝိပဿနာလုပ်ငန်း ခြောက်စောင်တွဲ ကျမ်းကို ကြိုးပမ်း စီရင် ရေးသားတော်မူခဲ့သော ပဠမ ကြောင်ပန်း တောရ ဆရာတော်ဘုရားကြီးဆိုဒါ အများတကာဘဲ သိကြပြီးသား ဖြစ်တယ်။

သိပြီး ကြားပြီး ပုဂ္ဂိုလ်တွေချည်း ဖြစ်မှာပေါ့၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ဆိုတဲ့ ဂုဏ်တော် ကျေးဇူးတော်တွေက အလွန်ကြီးမြတ်လှပေသကိုး၊ တရားအလုပ် အားထုတ်ပုံတွေ ကလဲ အံ့ဘွယ်သရဲကြီးတွေပေါ့။

အနည်းငယ်မျှပြောရလျှင် ဟို-မြောက်ဘက်နယ်ထဲ(**ဝက်ရဲ**) အနီး မဟာမြိုင် ခေါ်သော တောကြီးထဲမှာ သီတင်းသုံးနေ တော်မူစဉ် အခါကလဲ သေသေကျေကျေ မအိပ်မနေ တရား အလုပ်ကို အားထုတ်တော်မူခဲ့ပေသည်၊ ၎င်းမဟာမြိုင် တော နက်ကြီးနှင့် တဆက်ထည်းဖြစ်သော (**ကတိုး ကူတော်**)အနီး ကြောင်ပန်း တောကြီးထဲမှာ သီတင်းသုံးတော်မူစဉ် အခါ ကလဲ သေသေကျေကျေ မအိပ်မနေ တရားအလုပ်ကို အား ထုတ်တော်မူခဲ့ပေသည်။

ထိုတောကြီးအတွင်း သစ်ပင်ရင်းသို့ ဝင်နှင်း ချဉ်းကပ်မိ သည်နှင့် တပြိုင်နက် တရားဘက် အားတက်သော စိတ်ထား က ဆင်နင်းလို့ သွားသွား၊ ကျားစားလို့ သေသေ၊ တရားမရ

ငါမနေဘူး-ဟု စိတ်ကူးဆုံးဖြတ်လိုက်တယ် ဆိုတော့ ခန္ဓာကိုယ်နှင့် အသက်ကို ဆင်, သစ်, ကျွဲတို့ထံ အပ်နှံထားလျက်ဖြစ်သွားတော့ဒါပေါ့ တကာကြီးမ်းရ၊ (မှန်ပါ ဆင်, သစ်, ကျွဲတို့ထံ အပ်နှံပြီးသား ဖြစ်ပါဘုရား)။

ကြည့်စမ်းနော်-ကြည့်စမ်းနော်၊ စွန့်စားတဲ့ စိတ်ဓာတ်တော်ကြီးဟာ ဘယ့်ကလောက်လေးလေးနက်နက် အံ့ဩဘွယ်ကောင်းသလဲ။

အဲဒီ ဆင်,ဝက်, သစ်,ကျွဲ, တောရိုင်းကောင် တောရိုင်းသားတွေဟာ များပြားလှန်ပေါလျက် အရောရော အပြွမ်းပြွမ်းနှင့် တောတန်းမှာ တရားအလုပ်ကို အားထုတ်တော်မူလိုက်ထာ ခြောက်နှစ်တိုင်တိုင် ကြာသွားသတဲ့။

ဤကဲ့သို့ မိမိကိုယ်တိုင် ခြောက်နှစ်တိုင်မျှ အားထုတ်ခဲ့ရတဲ့ တရားအလုပ် အကျဉ်းချုပ်ကို ငါသည် အလင်းထုတ်မှ တော်တော့မကိုးဟု သာဝကတို့အပေါ် မေတ္တာဓာတ် ဆော်နှိုး၍ အားလုံး၏အကျိုးကို အထူးပင် မျှော်ကိုးလျက် ဟောချင်ပြောချင်တဲ့စိတ်မျိုးတွေဟာ တားမရ ဆီးမနိုင် လှိုင်လှိုင်ကြီးဖြစ်တော်မူလာသတဲ့။

ဖြစ်ပေါ်ပုံက သင်းတို့ သင်းတို့တတွေဟာ ငါနှင့်သာတွေ့ရလျှင် ဘာ-တရားမရဘဲ နေနိုင်ချင့်မလဲဟု စိတ်ထဲမှာ အမြဲလိုလို ဖြစ်ပေါ်နေသပေါ့လေ။

မိမိအသက်ခန္ဓာ မငဲ့ညှာဘဲ တကယ့်စိတ် တကယ့်ဇွဲနှင့် ရန်သူပေါ်တဲ့ တောစခန်းမှာ အလွန်ဆင်းရဲပင်ပန်းစွာ အား

ထုတ်မှ ရခဲ့သိခဲ့သော တရားအရသာထူးကြီးကို တဦးတည်း မခံစားလိုဘဲ အများကိုလဲ သိစေချင်, မြင်စေချင်, ခံစားစေချင်တဲ့ စိတ်စေတနာတွေကို ပိတ်ကာဆီးတားလို့တောင် မရအောင် ဖြစ်ပေါ်လာတယ် ဆိုဒါလဲ သူတော်ကောင်းကြီးတို့ရဲ့ သဘောလက္ခဏာကြီးပေဘဲ။

ဥပမာဆောင်၍ မြင်သာအောင်ပြောရလျှင် လောကမှာ ရှိကြသော မိဘများဟာ ကောင်းမြတ်တဲ့ အစာအာဟာရ စားစရာကလေး တခုခုရလာလျှင် မိမိသားသ္မီး ကလေးသူငယ်များကို အလွန်ကျွေးချင် မွေးချင် ပေးကမ်းချင်ဒါလို ငါတို့ ဆရာတော်ဘုရားကြီးလဲ မိဘများနှင့် တသားထဲ တထပ်ထဲ တူမနေဘူးလား တကာဒြိမ်းရ၊ (မှန်ပါ မိဘနှင့်မခြားဘဲ တသားထဲ တူလှပါဘုရား)။

ကဲကဲ၊ မိဘနှင့်ပတ်သက်၍ မှတ်ချက်တခု ပြောကြဦးစို့။

မိဘများဟာ ဗြဟ္မာမည်တယ် ဗြဟ္မာခေါ်တယ်၊ ဗြဟ္မာနှင့် တူတယ်လို့ဆိုဒါ အင်္ဂုတ္တိုရ်ပါဠိတော် ၎င်း အဋ္ဌကထာတို့မှာ ထင်ရှားလာပေသည်။

အဘယ့်ကြောင့် မိဘတို့ကို ဗြဟ္မာ ခေါ်ဆိုရပါသလဲ ဆိုလျှင် ဗြဟ္မာတို့မည်သည်မှာ မေတ္တာ, ကရုဏာ မုဒိတာ, ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရ တရားကြီး လေးပါးကို မစွန့်ကုန်မူ၍ အမြဲတည်ရှိကြလေသကဲ့သို့ ထို့အတူ မိဘတို့ သည်လည်း သားသ္မီးတို့အပေါ်၌ ဤ ဗြဟ္မဝိဟာရတရားကြီး လေးပါး အမြဲတည်လျက်သာ ရှိကြလေကုန်၏။ ထို့ကြောင့် ဗြဟ္မာခေါ်ဆိုရပေ၏။

တည်ရှိပုံ ဖြစ်ပေါ်ပုံကို သိသာရုံမျှ ပြောပြပါဦးအံ့။

အမိဝမ်းခေါင်း၌ ကိန်းအောင်းနေစဉ် သားသမီးအပေါ်တွင် အနာရောဂါကင်းရှင်းစွာ မြင်လိုကြသည်၊အင်္ဂါလက္ခဏာပြည့်စုံစွာ မြင်လိုကြသည်၊ထိုအခါ မိဘတို့မှာ ချစ်ခြင်းမေတ္တာဘာဝနာတရားကြီးသည် အားကြီးစွာ ဖြစ်ပေါ်လေ၏ဟုမှတ်၊ ထိုမှတဖန် ဘွားမြင်ပြန်၍ အတန်နုနယ် ပက်လက်ရွယ်၌ မဖယ်နိုင်ခင် မှက်ခြင်, သန်း,ဂျပိုး အမျိုးမျိုးတို့ ကိုက်ထိုးသောခါ သံစာစာကို ကြားလာလေငြား လွန်သနားသည်၊ ထိုအခါ မိဘတို့မှာ ကရုဏာတရား လွန်ဖြစ်ပွား၏ဟုမှတ်။

မြူးထူးပျော်ပါး ကစားချိန်ရွယ် ရောက်သောခါဝယ်တင့်တယ်ယုယ ရှုမဝအောင် နေ့ရှိသမျှ ဝမ်းမြောက်ကြည်လင်ကြသည်။ ထိုအခါ မိဘတို့မှာ မုဒိတာတရားကြီး အားကြီးဖြစ်ပွား၏ဟုမှတ်။

အိုးနှင့်အိမ်နှင့် အချိန်သင့်၍ သီးပွင့်ကြရာထိုအခါလည်း ကိုယ့်ဟာကိုယ်ရှာ ကိုယ့်ဥစ္စာနှင့် မျှပါ၏လော မမျှလောဟု အသင့်ရှု၏။ ထိုအခါ မိဘတို့မှာ ဥပေက္ခာ တရားကြီးသည် အားကြီးဖြစ်ပွား၏ဟုမှတ်။

ဤကား မိဘတို့သည် သားသမီးတို့အပေါ်၌ အမြဲတည်စိုက်၍ထားသော ချစ်ခြင်းမေတ္တာ, သနားခြင်း ကရုဏာ, ဝမ်းမြောက်ခြင်း မုဒိတာ, အသင့်ရှုခြင်း ဥပေက္ခာ ဟူသော ဘာဝနာတရားကြီးလေးပါးကို အခါကာလနှင့်တကွ ပိုင်းခြား၍ ပြအပ်သော မှတ်ချက်ကြီး ဖြစ်သတည်း။

ဤတရားကြီးလေးပါး အမြဲမပြတ် တည်စိုက်ထားသော ကြောင့် မိဘများကို လွန်ကျူးပြစ်မှားသော သားသမီးများ မှာ အပြစ်ကြီးစွာ ထိုက်လေသည်။

ကလလ သန္ဓေ တည်နေသည်ကစ၍ အိုးသီးအိမ်သီး ဖြစ် ကြသည် တိုင်လေအောင် အစဉ်အတိုင်း စောင့်ရှောက်ထိန်း သိမ်း ကျွေးမွေးသုတ်သင် ဝတ်ဆင်သင်ကြား အစစအရာရာ အားဖြင့် များပြားသော ကျေးဇူးရှင်ကြီးများ ဖြစ်ကြပေ သောကြောင့် လွန်ကျူးပြစ်မှားလျှင် အလွန်ဝန်လေးသော ဂရုကံကြီးထိုက်တတ်တယ်ဆိုတဲ့အဓိပ္ပါယ်ကို ကောင်းကောင်း ကြီး နားလယ်လောက်ကြပါပြီ တကာငြိမ်းရ၊ (မှန်ပါ နား လယ်လောက်ကြပါပြီဘုရား)။

သို့ကလို မိဘနှစ်ပါးတည်းဟူသော ဂုဏ်ကြီးရှင် ကျေးဇူးရှင် ကြီးတွေကို လွန်ကျူးပြစ်မှားသော သားသမီးများမှာကြီးမား ဝန်လေးသော အပြစ်ရှိမှန်း သိကြလျှင်လည်း ပြန်ဘက်အား ဖြင့် ထိုမိဘများကို ရိုသေလေးမြတ် ကျွေးမွေးစောင့်ရှောက် တတ်သော သားသမီးများမှာ ခုရောနောင်ခါ ဖြစ်လေရာမှာ ကြီးစွာသော ကောင်းကျိုးချမ်းသာ မင်္ဂလာကြက်သရေ အထွေထွေတို့နှင့် မသွေမုချ ဧကန္တ ပြည့်စုံခံစားရလေ၏ဆိုတဲ့ အဓိပ္ပါယ်ကိုလည်း သိရှိနားလယ်လောက်ကြပါပြီ။

မိဘများကို ရိုသေမြတ်လေး လုပ်ကျွေး မွေးမြူသောသူ တို့မှာ ယခုဘဝမှာလည်း ဝမ်းမြောက်ဝမ်းသာ ချမ်းသာရွှင် လန်းရ၏၊ နောက်ဘဝမှာလည်း ကြီးကျယ် ခမ်းနားသော

နတ်စည်းစိမ်ချမ်းသာကြီးကို အပြီးမွေလျော် စံပျော်ခံစားရကုန်၏ဆိုတဲ့ ဘုရားဟော ပါဠိ ကျမ်းအရှိကိုလည်း ယုံယုံကြည်ကြည် လေးလေးနက်နက် သိရှိကြလေကုန်။

(မိဘသဘ္ဘယ် ဥပဇ္ဈာယ်)တဲ့နော်။

ဤကဲ့သို့သော ဆရာတော် ဘုရားကြီးများလည်း မိဘနှင့်တသားတည်းတူသည်ဟု ဆိုသောကြောင့် ဆည်းကပ်ကိုးကွယ်လျှင် အကျိုးထူးကို ဘယ်လိုရတယ်၊ လွန်ကျူး ပြစ်မှားလျှင် အပြစ်ဟာ ဘယ့်လောက်ကြီးတယ်ဆိုဒါလဲ အကျိုးအပြစ်ကို စီစစ်ဆင်ခြင်ဘို့အရေးမကြီးပေဘူးလား တကာငြိမ်းရ၊(စီစစ်တတ်ဘို့ဟာ လွန်စွာအရေးကြီးလှပါဘုရား)။

အရေးမကြီးဘဲ နေပါ့မလား လောကုတ္တရာသားကို မွေးဘွားပေးတတ်သော ဓမ္မ,မိဘကြီးတွေ ဖြစ်နေကြဒါကိုး။

ယခုလို ပုဂ္ဂလဝိသေသခေါ်ဆိုရသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေကို ဆည်းကပ်ခစား နာကြားကိုးကွယ်သောသူတို့မှာ တသံသရာလုံးက အိပ်မက်ရောင်မျှ မမြင်ခဲ့ဘူး,မရခဲ့ဘူး မတွေ့ခဲ့ဘူးသော အသိထူး,အမြင်ထူး,လောကုတ္တရာ ချမ်းသာထူးကြီးတွေကို ရရှိခံစားကြရသည်၊ ထိုနည်းတူစွာ ကာယကံ,ဝစီကံ, မနောကံအားဖြင့် လွန်ကျူး ပြစ်မှားသော သူတို့မှာလည်း ချမ်းသာသော အကျိုးကြီး ကြီးကျယ်သလောက်ဆင်းရဲသော ဒုက္ခအကျိုးကြီး နက်ကျယ် ကြီးလေးသည်ဟု တထစ်ချမှတ်။

ဒါ့ကြောင့် ဆရာသမား မိဘများဟာ လေးပါးသော ဘာဝနာရှင်ကြီးတွေ ဖြစ်ကြသည့်အတွက် ဝတ်မပျက် ပြုစုရှိသေလျှင် အလွန် အကျိုးကြီးမြတ်၏၊ ဝတ်ပျက် မရိုသေ ပြစ်မှားလျှင် အလွန်ပင် အပြစ်ကြီးလေးသည်၏ အဖြစ်ကို စီစစ်ကြည့်ရှု ကြပ်ကြပ်သတိပြု။

ဆရာတော်ဘုရားကြီးများနှင့် ပတ်သက်၍ ပြစ်မှားတတ်သော အချက်အရာများမှာ ဆုံးမ,တော်မူသော တရားအချက်သဘောနက်ကို မိမိက ဉာဏ်မသက်၍ ပြစ်မှားတတ်ကြသည်လည်း တချက်။

သို့တည်းမဟုတ် ပုဂ္ဂိုလ်စွဲ အနေအားဖြင့် ပြစ်မှားတတ်သည်လည်း တချက်။

သို့တည်းမဟုတ် တလေတယောက် ဗေ့ဘောက်ပြောဟောတတ်သောသူ အတွက်နှင့်လည်း ပြစ်မှား တတ်သေးသည် တချက်။

သို့တစေ အတွက်တို့နှင့် စွပ်စွဲပြောဆို ပြစ်မှားလိုတတ်ကြလေသည်၊ ပြစ်မှားခဲ့လျှင်လည်း ယခင်က ပြောပြခဲ့သည့်အတိုင်း အပြစ်ကမဆိုင်းဘဲ ငရဲသို့ ဒုန်းစိုင်းရတတ်သည်။

ထိုတွင် ဟောပြောဆုံးမသော အချက်ကို မိမိဉာဏ်မသက်လျှင် အပြစ်တင်ခါ ပြောဆိုနေစရာ မလိုပေ၊ မိမိ ဉာဏ်သက်စရာ အချက်တွေ အများကြီး ရှိသေးဒါဘဲ-ဟု သတိပြု၍ ကြည့်ရှုမှတ်သား ပွားများဘို့သာ လိုပေသည်။

မလိုလား မနှစ်သက်သောအချက်ကို အသာထား၊ထို့ပြင် တပါး လိုလားနှစ်သက် ပွားများစရာအချက်တွေဟာ အများ ကြီးရှိသေးဒါဘဲလို့ သဘောထားမှန်မှ နေရာကျမှာ မဟုတ် လား တကာငြိမ်းရ၊ (မှန်ပါ သည်အတိုင်း သဘောထားမှ နေရာကျပါလိမ့်ဘုရား)။

ပုဂ္ဂိုလ်စွဲအနေမျိုးနှင့်တော့ လုံးလုံးစိတ်သဝေ မထိုးသင့် မထိုးထိုက်ဘူးနော်၊ (မှန်ပါ ပုဂ္ဂိုလ်အနေမျိုးနှင့်တော့ သဝေ မထိုးသင့်ပါ ဘုရား)။

အေး-အေး သတိထားနော်၊ တို့တော့ ပုဂ္ဂိုလ်စွဲအနေနှင့် ပြောဒါမဟုတ်ပါဘူး၊ တို့တော့ ဂိုဏ်းဂဏစွဲအနေနှင့် ပြောဒါ မဟုတ်ပါဘူးလို့ ပစပ်ကဖြူးနေအောင် ပြောတတ် ဆိုတတ် ကြတယ်၊ ဘယ်လိုပင်ပစပ်ကဖြူးနေအောင်ပြောတတ်သော်လဲ အထဲက အစွဲခေတ်ကလေး အူငြိနေဒါကိုတော့ လူမသိဘဲကိုး။

အထဲက အစွဲခေတ်ကလေး အသဲအူ ငြိနေဒါကိုတော့ လူ သိဘို့နေနေသာသာ သူ့ဟာသူတောင် သိမှာမဟုတ်ဘူးပေါ့၊ (သိမယ်မဟုတ်ပါ ဘုရား)။

တလေတယောက် ဗွေဘောက်ပြောဆိုတတ်သောသူ ဆိုဒါ ကတော့ ရှိချင်လဲရှိမှာပေါ့၊ရှိခဲ့လျှင်လဲ ထိုသူကိုသာ စောဒနာ လိုက စောဒနာပေါ့၊ မစောဒနာလိုလျှင်လဲ အသာနေပေါ့၊ သူတယောက် အတွက်နှင့် မီးခိုးရှောက်ဆက်ပြီး ဆရာတော် ကြီးများကိုတော့ မပြစ်မှားထိုက်ဘူး၊ ဤအရာမှာ ကြပ်ကြပ် ကြီးသတိထား၍ များများကြီး စဉ်းစားကြပါကုန်။

ဆရာတော် ဘုရားကြီးများ နိုင်ငံမှာ ကျော်ကြားတော်မူကြတယ်ဆိုတာ သာမညနှင့် ကျော်ကြားနိုင်ဒါ မဟုတ်ဘူး၊ ကျော်ကြားနိုင်လောက်သော အကျင့်သီလဂုဏ်၊ ကျော်ကြားနိုင်လောက်သော အခိုင်အခံ့ သမာဓိဂုဏ်၊ ကျော်ကြားနိုင်လောက်သော အသိအမြင်ပညာဂုဏ်၊ ဤ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ပြည့်စုံလုံလောက်မှ သာလျှင် ကျော်ကြားခြင်းသို့ ရောက်နိုင်တယ်။

သီလဘက်က အလွန်အကြူး အထူးလွန်ကဲလာပြန်လျှင်လဲ သီလ တံခွန်စိုက် ကျော်ကြားတတ်သည်၊ သမာဓိဘက်က အလွန်အကြူး အထူးအားထုတ်လာပြန်လျှင်လဲ သမာဓိတံခွန်စိုက် ကျော်ကြားတတ်သည်၊ ပညာဘက်က အလွန်အကြူး အထူးပွားများလာပြန်လျှင်လဲ ပညာတံခွန်စိုက် ကျော်ကြားတတ်သည်၊ သက်သက် အလွတ်မဲ့ အကြောင်းမဲ့ ကျော်ကြားနိုင်သည် မဟုတ်ပေ။

ငါတို့ ကြောင်ပန်း ဆရာကြီးကိုတော့ ပညာတံခွန်စိုက် ကျော်ကြားတော်မူသည်ဟု ဆိုထိုက်ပေသကိုး တကာငြိမ်းရ၊ (မှန်ပါ ပညာတံခွန်စိုက်ပါ ဘုရား)။

ဒါ့ကြောင့် သက်တော်ထင်ရှား ရှိတော်မူစဉ် အခါက (ဝိပဿနာ သာသနာပြု ကြောင်ပန်းဆရာတော်)ဟု ကမ္ပည်းတပ် ခံတော်မူရပေဒါပေါ့။

လူပညာရှိ, ရဟန်းပညာရှိတစုတို့က အသိဉာဏ်ကိုသတိပြု သာသနာတော်ကို ကြည့်ရှုပြီး (ဝိပဿနာ သာသနာပြု

ကြောင်ပန်းဆရာတော်)ဟု ကမ္ပည်းဆုကို သွင်းထုခပ်နှိပ်ကြတဲ့ တံဆိပ်နာမံတော်ကြီးဟာ သတင်းစာအသီးသီး ဩဘာသံတွေ လွှမ်းပြီး တနိုင်ငံလုံး ဟီးသွားအောင် ကျော်ကြားတော်မူခဲ့ဒါတွေကို အသင်တို့တတွေ မှတ်မိကြသေးရဲ့လား၊ (မှန်ပါ အတော်အသင့်လောက်တော့ မှတ်မိကြပါလိမ့်ဦး ဘုရား)။

ကျော်ကြားပေမှာပေါ့၊ ဝိပဿနာ ပညာဉာဏ်တရားက တနိုင်ငံလုံး လွှမ်းသွားဒါကိုး။

သတင်းစာ အသွယ်သွယ် ဂျာနယ် အစောင်စောင်တို့၌ ငါတို့ (ကြောင်ပန်း ဆရာတော်ဘုရားကြီး)ကို ချီးကျူးပါလာတဲ့ စကားတွေကိုတော့ သတိထားမိသူတွေ သိရှိကြပြီး ဖြစ်၍ အသာထားလိုက်ပါတော့၊ အချို့အချို့ နယ်များမှာ ဩဘာသံ စကားတခုကတော့–

(ဩြော်– မြန်မာမှူတ၅မ်း ဉာဏ်တဆုကလွှမ်း အသံတူတောင် အဆံမတူဘောင်လို့ ပြောကြတဲ့ တောရ ကြောင်ပန်း)။

အသံမှာတူသလိုလိုနှင့် အဆံကျတော့ မတူဘူးလို့ ပြောကြဆိုကိုး တကာငြိမ်းရ၊ (မှန်ပါ ပြောသံတွေ ကြားဘူးပါဘုရား)။

အင်း– အသံတူပေမဲ့ အဆံမတူဘူးလို့ ပြောတဲ့သူကို ယခုဘုန်းကြီးက စဉ်းစားကြည့်လိုက်တော့ ထိုသူဟာ ကေန္တဆရာတော်ဘုရားကြီးထံ ဒူးထောက် မြေကျ နိဿယည်းရအောင် နာဘူးသူဖြစ်လိမ့်မယ်လို့ ထင်မိတယ်။

ဘာ့ကြောင့်လဲ ဆိုတော့ အဟုတ်တရား အဟုတ်သား လိုချင်လို့ ထိုအရှင်ဘုရားကြီး ထံတော်ရင်း အတွင်းဝင် ချဉ်းကပ်လာသော ပုဂ္ဂိုလ်များ ကျတော့ အဟုတ်သား ပြဒါးကိုး။

အဟုတ်သားပြလို့လဲ တရားရကြတယ်၊ ရကြတဲ့အတိုင်း လဲ ပြောတတ် ဟောတတ်သူတွေ များပြားကြတယ်၊ ပြော တတ် ဟောတတ်ပြန်တော့လဲ အပေါ်ယံ ရှပ်ပြေးကလေး မဟုတ်ဘဲ အထဲခေတ်က သိပ်ပြီး လိုက်လိုက်လှဲလှဲ နက်နက် နဲနဲ ရှိသကိုး။

တရားအရာမှာ အပေါ်ယံရှပ်ပြေးနှင့် ကျေအေးမနေကြ နှင့်နော်၊ ရှပ်ပြေးနှင့် ကျေအေးနေကြလျှင်တော့ သံသရာ သေဘေးက လွတ်နိုင်ကြမည် မဟုတ်ဘူး။

ဆရာတော်ဘုရားကြီးထံ နည်းခံ၍ အမှန်ရလာသူတွေဟာ ရှပ်ပြေးဉာဏ်ကလေး မဟုတ်ဘဲ ခေတ်အစေး ခေတ်အသား စူးစိုက်မိသော ဉာဏ်အလားမှာ ပြောဆိုသော အသံစကား တွင် ထင်ရှားပါရှိနေပြီ၊ သို့ပင် ထင်ရှား ပါရှိနေသော်လည်း အလွန် စိတ်ဝင်စားသော သူတို့မှ သိနိုင် ရိပ်မိနိုင်ပေလိမ့်မည်။

ဒါ့ကြောင့်ဘဲ (အသံတူ အဆံကွဲ) တယ်လို့ အချိုက ရဲရဲတင်းတင်းကြီးကို ပြောဝံ့ကြဒါ နေမှာပေါ့ တကာငြိမ်းရ၊ (မှန်ပါ အဟုတ်ရိပ်မိ တကယ်သိလို့ပါဘဲ ဘုရား)။

(အနတ္တအရ ခေတ်ဓမ္မကို အပ်ချမတ်ချ အတတ်ပြတော့ စပ်မရ, ယှဉ်မဖြစ် အမြင်တစ် ထိပ်သီး) ဟူသော ထောမနာ သံအပြ အနက်ဆံအရကတော့ သည်လိုတဲ့။

အနတ္တခေတ်တလုံးကို အတ္တသုဉ်းဆိတ်အောင် အဆုံးတိုင် ပြတော့မယ်ဆိုတော့ (ဗဘူဝ)ဖြစ်ပြီတဲ့၊(ဗဘူဝ)ဖြစ်ကုန်ပြီတဲ့ ဟူသကဲ့သို့ (တဲ့)ဟူသော အသံဟာ (**သူများစကား၊တဆင့် ကြား၊ မှတ်သား ပရောက္ခ**) ဆိုသလို တဆင့်စကား တဆင့် ကြား အနေမျိုး အသံမျိုးကို ပရောက္ခ ဝိဘတ်သံလို့ ခေါ်တယ်။

အဲသည် (ဖြစ်သတဲ့· ဖြစ်မှာတဲ့)စသော (တဲ့)ဟူသော ပရောက္ခ ဝိဘတ်သံ အသုံးအစွဲမျိုးတွေကို သိပ်ပြီး လှိုင်လှိုင် ကြီး မသုံးစွဲတော့ဘဲ ဟောဒါဘဲ ဟဲ့၊ ဟောသည်လို ဟဲ့၊ သည် အတိုင်းသိ ဟဲ့၊ သည်အတိုင်းမြင် ဟဲ့၊ သည်သဘော ရောက် အောင် ဆင်ခြင် ဟဲ့၊ ပွားများ ဟဲ့၊အားထုတ်ဟဲ့ ဟု တိုက်တိုက် တွန်းတွန်းနှင့် ထင်ထင်လင်းလင်း ကွင်းကွင်းစက်စက် ပေါ် လာအောင် အပင်ပန်းခံပြီး အထဲပါပါကြီး ဟောပြော ပြသ ဆုံးမတော်မူလေ့ ရှိတယ်။

အဲသည်လို ထပ်ခါထပ်ခါ ခေတ်ပါပါနှင့် ရုပ်တလုံး နာမ်တလုံးကို အတ္တသုဉ်းအောင် ဟောပြော ပြသ ဆိုဆုံးမ ၍ ပြီးစီးသော အဆုံး၌ အားလုံးလိုလိုပင် ထင်မြင် ပေါက် ရောက်သွားကြသဖြင့် အင်း– တရားအပြမှာ စင်ပါပေတယ် ဆိုက်ပါပေတယ်, ရှင်းပါပေတယ်, ပြတ်သားပါပေတယ် လို့ အားရပါးရ ချီးမွမ်းပြောဆိုကြပေသည်။

ချီးမွမ်းသြဘာ ထောမနာ ပြုကြမှာပေါ့၊ ဒိဋ္ဌကိုယ်တွင် အလင်းမြင်ရောက် သန္ဒိဋ္ဌိကဂုဏ်မြောက်အောင် ဟောပြလိုက်တော့ သဘောကျနှစ်ခြိုက်ပြီး သန္ဒိဋ္ဌိကသဘောကြီးသို့ ဆိုက်ရောက်ကြဒါကိုး။

သို့ကလို သန္ဒိဋ္ဌိကဂုဏ်မြောက်၍ ဓာတ်အလင်းရောက်အောင် ဟောမှုပြောမှု ဆိုဒါကလဲ သိပ်လွယ်ကူဒါမျိုး မဟုတ်ဘူးတကာငြိမ်းရ၊ (မှန်ပါ ခဲယဉ်းပါ ဘုရား)။

ဓာတ်သဘောစိုက်ပြီး လိုက်လိုက် လှဲလှဲ ထဲထဲ ပါပါကြီး ဟောမှ နေရာကျမှာ၊ အပေါ်ယံရှပ်ပြေး ဉာဏ်ကလေးမျိုး ဖြတ်ထိုးဉာဏ်ကလေးမျိုးနှင့်တော့ မရဘူး။

အထဲပါမှု အထဲမပါမှုကို သတိပြုစရာ ဥပမာကတော့ တယောက်နှင့်တယောက် ပြောဆိုကြတဲ့အရာမှာ တယောက်က တယောက်ကို (နှင့်အမေ)လို့ ဆိုလိုက်တယ် ဆိုပါတော့၊ ထိုအခါ ဒေါသမပါဘဲ ပြောနေကျ ဆိုနေကျအတိုင်း ပေါ့ပေါ့ဆဆကလေး ဆိုလိုက်သည်ဖြစ်ငြားအံ့၊ တဘက်သား မခံချင်မရှိဘူး၊ ဒေါသမဖြစ်ဘူး၊ဘာ့ကြောင့်လဲ အထဲမပါလို့။

ကဲ- တခါ မျက်နှာကိုတင်း, နဖူးကြောကိုတင်း မျက်မှောင်ကို ကုတ်ထား အန်သွားကို ကျိတ်ပြီး (နှင့်အမေ)လို့ ဆိုလိုက်စမ်း၊ ဟော- တဘက်သားက ဒါးနှင့်ခုတ်, ဒုတ်နှင့်ရိုက်ချင်လာအောင် မခံချင်တဲ့ဒေါသတွေထောင်းခနဲ ထမလာပေဘူးလား၊ ထလာတော့ဒါပေါ့၊ ဒါ-ဘာ့ကြောင့်လဲ အထဲပါလို့။

အဲ- (နှင့်အမေ) ဆိုတဲ့ စကားတခုထဲက ဒေါသပေါ်မှု မပေါ်မှု နှစ်မျိုးနှစ်ဖုံ ကွဲလာတယ်၊ ဒါဟာ အထဲပါမှု အထဲ မပါမှုအတွက်ဘဲနော်။

သည်အတိုင်းဘဲ တရားပြတဲ့အရာမှာလဲ ခေတ်ရင်း ခေတ်သားကို ညာဏ်စိုက်ထားပြီး အူရောသဲပါ လိုက်လှဲ့စွာနှင့် အထဲပါပါကြီးဟောပြနိုင်မှ တဖက်သားတရားရဒါ၊သို့မဟုတ်လျှင် (ထင်ပါရဲ့)ဆိုတဲ့ သဘောမျိုးနှင့် ကိစ္စပြီးတတ်တယ်၊ ဘာတဲ့ ညာတဲ့ ထင်ပါရဲ့ဆိုတဲ့ သဘောနှင့် ပေါ့ပေါ့ဆဆကလေးသာ လုပ်နေလျှင် ဘယ်တော့မှ တရားမရဘူး၊ နာတဲ့သူမှာ ဒိဋ္ဌိစသော ကိလေသာတွေက ဘယ့်နှယ်မှရှိမှာ မဟုတ်ဘူးနော်၊ များများ သတိရှိကြလေ။

အင်း-ပြောနည်းဟောနည်း နိဿယည်း အပေးကျတော့ အလွန် ကွာခြားနေတတ်ကြတယ်၊ ဒါ့ကြောင့်လဲ (စပ်မရ, ယှဉ်မဖြစ်, အမြင်တစ်, ထိပ်သီး)လို့ အံ့ချီးကြဒါဘဲ ထင်ပါရဲ့ တကာငြိမ်းရယ်၊ (မှန်ပါ သည်အချက်ပါဘဲ ဘုရား)။

ငါတို့ ဆရာတော်သခင် ခြောက်စောင်ရှင် ကြီးဟာ ပရိသတ်မှာ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ, နောက်ဆုံးမှာ တယောက်ထည်း နှစ်ယောက်ထည်းဖြစ်စေ၊ဝတ်ကုန်တိုင်းကျေ သဘော အနေ မဟုတ်ဘဲ အလွန် မဲမဲသဲသဲ ကျိတ်ကျိတ် ခဲခဲ ဟောတော်မူလေ့ရှိဒါကိုလဲ တွေ့ဘူးကြုံဘူး နာဘူးသူတွေမှန် သမျှ အကုန်သိကြမှာပါဘဲ၊ တဘက်သားအပေါ်မှာ သိကြပါစေ,မြင်ကြပါစေဆိုတဲ့သဘောထားဟာ ဟောကြားသော အသံတော်ကဘဲ သက်သေခံနေတယ်။

ဘယ့်ကလောက် သိစေလိုတဲ့ဆန္ဒ, မြင်စေလိုတဲ့ဆန္ဒ အား ကြီးသလဲဆိုတော့ တခါတလေ တယောက်ထည်း နှစ်ယောက် ထည်းတောင်မှ တထောင် နှစ်ထောင်ပရိသတ်ကြီး ဟောနေ ဒါလို ထင်ရတယ်၊ သည်အခါကျမှ ဩော်–တကယ့် မေတ္တာ ရှင်ကြီးပါလားလို့ သိရတယ်၊ သာမည ပေါ့ပေါ့ဆဆ မထင် ကြနှင့်, ပေါ့ပေါ့ဆဆမပြောကြနှင့်၊ သူ၏မေတ္တာတော် ဆန္ဒ တော် ကြီးကျယ်မြင့်မြတ်ပုံတွေကိုမသိတော့ ပေါ့ဆဆမနော ထဲ့ားနှင့် ဝစီကပေါ့ဆဆပြောကြားပြစ်မှားတတ်တယ်၊အလွန် ဝန်လေးတယ်ဆိုဒါ သိကြရမယ်။

ဆန္ဒတော် မေတ္တာတော်ကြီး,ကြီးမားပုံတွေကို ပြောနေ မယ်ဆိုလျှင် ကုန်နိုင်ဖွယ်မရှိတော့ပါဘူး၊နောက်ဆုံးမှာပျံလွန် တော်မူခါနီး နွမ်းရိချိနဲ့နေတဲ့အခါကြီးတောင်မှ အနားရှိတဲ့ သူတွေကို ဟောလိုက်တဲ့(မမြဲသဘော) ဟောလိုက်တဲ့(ဆင်းရဲ တုံး, ဆင်းရဲခြဲကြီး) ဟောလိုက်တဲ့ (မပိုင်သဘောကြီး, မဆိုင် သဘောကြီး,မနိုင်သဘောကြီး)တသောသော နေပါရော။

ထို့ပြင်မှာလဲ တဏှာမှ လွတ်မြောက်ရာ နိဗ္ဗာန်လို့ခေါ် တယ်ကွယ်ရို့၊ ဘယ်ပုံဘယ်နည်း ထွက်မြောက်ထာလဲ ဘယ်ပုံ ဘယ်နည်း လွတ်မြောက်ထာလဲ ဆိုပြီး ဟောလိုက်တဲ့ ထွက် မြောက်ပုံတွေ ဟောလိုက်တဲ့ လွတ်မြောက်ပုံတွေ ကြာတော့ အနားရှိသူတွေက မောပါလိမ့်ဘုရား– မောပါလိမ့်ဘုရား·ဟု တောင်းပန်ယူကြရသကိုး တကာငြိမ်းရ၊ (မှန်ပါဘုရား)။

နောက်ဆုံးစကားကတော့ လေသံသဲ့သဲ့ကလေးနှင့် (မမြဲ ဘောင်လေ)ဆိုပြီး ဝိညာဉ်ချုပ်တော်မူလေသည်။

အဲ-ယခုပြောပြခဲ့ပြီးသော (ဝိပဿနာကျမ်း ခြောက်စောင်တွဲ) သခင် ငါတို့ကျေးဇူးရှင် (ပဌမ ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး) သည် သက္ကရာဇ် ၁၂၂၂-ခုနှစ်၊ သီတင်းကျွတ်လတွင် ဘွားအောင်မြင်၍ တဘန် ၁၂၈၈-ခုနှစ်၊ ပြာသိုလတွင် ပျံလွန်တော်မူလေပြီ။

ထိုကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး တွေတောင်မှ သေမင်းရဲ့ခံတွင်းမှာ မရှောင်သာ မတိမ်းသာ ပြေးဝင်သက်ဆင်းရသေးဒါဘဲ၊သင်တို့ငါတို့ တတွေမှာ အဘယ်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။

ဒါ့ကြောင့် ဂုဏ်အားဖြင့် မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးတွေ သေကြပျက်ကြသည်ကို အထူးကြံစည် စိတ်ရည်မှန်းရှု သတိပြုပြီး မိမိလည်း ဤနည်းမလွဲ တထပ်ထဲဘဲဟု (သေခြင်းမြဲတယ် သေရလိမ့်မယ်၊ သေခြင်းမြဲတယ်- သေရလိမ့်မယ်) လို့ ပစပ်ကတွတ်တွတ်တွတ်တွတ် ရွတ်ဆိုရွတ်ဆိုလျက် မရဏာနုဿတိ တရား နေ့စဉ်နေ့တိုင်း ပွားများကြရမည်။

သေမင်းနှင့် တွေ့ချင်ကြသလားလို့မေးလျှင် ဘယ်သူမှ တွေ့ချင်ပါတယ်လို့ ပြောကြမယ် မဟုတ်ဘူးနော်။

တွေ့ချင်ကြဘို့ရာ မဆိုထားဘိ၊ သေ,ဆိုတဲ့ အသံများ နားရှိလို့သာ ကြားလိုက်ရ၊ ကြားတောင် မကြားချင်ကြဘူးပေါ့။

ဘောက်-တွေ့ချင် ကြားချင်လိမ့်မလဲ၊ သေ,ဆိုတဲ့သဘောဟာ ချမ်းသာတဲ့ သဘောမှ မဟုတ်ဘဲ၊ အလွန်ဆင်းရဲတဲ့

သဘောသက်သက် ဆင်းရဲမျိုးကြီးသာ အမှန်ဖြစ်နေဒါကိုး။ လောကလူတွေဟာ မတွေ့ချင်တကာ့ မတွေ့ချင်ဒါထဲ ဟောဒီ သေမင်းဟာ မတွေ့ချင်ဆုံး ထိပ်ပိတ်ကြီးဘဲ။ မကြားချင်တကာ့ မကြားချင်ဆုံးထဲ ဟောဒီ(သေ)ဆိုတဲ့ အသံဟာ မကြား ချင်ဆုံး ထိပ်ပိတ်ကြီးဘဲနော်။

ကဲ-တကာငြိမ်း သေမင်းနှင့် တွေ့ချင်ရဲ့လား၊ (အိပ်မက် ထဲတောင် မမက်လိုပါဘုရား)။

သေဆိုတဲ့ အသံကော ကြားချင်ရဲ့လား၊ (နားတောင် ပိတ်ထားချင်ပါဘုရား)။

အင်း- တယ်ပြီး ကြောက်လိုက် မုန်းလိုက်သကိုးနော်၊ ဒါပေမဲ့ ဘုံသုံးပါးကို အကောင်းထင်လျှင် သေမင်းနှင့် ရင်ဆိုင်လျက်ဘဲ၊ လူ့စည်းစိမ် နတ်စည်းစိမ်ကို အသံကြားလို့ နား,ယားလာလျှင်(သေ)ဆိုတဲ့အသံကို နား,လက်ခံလျက်ဘဲ။

ဒါ့ကြောင့် သေမင်းကို ကြောက်ကြမုန်းကြ စက်ဆုပ်ကြ သော်လဲ ရင်ဆိုင်လျက် လက်ခံလျက်ဘဲ ဖြစ်နေတတ်ကြတယ်၊ စဉ်းစားကြစမ်း၊ စဉ်းစားကြစမ်း။

ဘုံသုံးပါးကို ဘယ်ဟာမှအကောင်းမထားနှင့် အကောင်း မမှတ်နှင့်၊ ဒုက္ခသစ္စာတရားနှင့် ချကြည့်လျှင် ဘယ်ဟာတစိမှ အကောင်းမရှိဘူး, ချမ်းသာမရှိဘူး၊ ဘာ့ကြောင့် အကောင်း မရှိ ချမ်းသာမရှိပါသလဲဆိုလျှင်–

သုံးဆယ့်တဘုံ မှိုင်းပေါ်ထွက် မြေကိုရှက်သို့- ဆိုတယ် မဟုတ်လား၊ သုံးဆယ့်တဖြာ ဝဋ်ဘုံနယ်မှာ ဆတ္တဝါတစ်

ပေါ်ဖြစ်လာသမျှ အသေကလေးရှက်ပြီး ထွက်လာခဲ့ကြရ ဒါကိုး၊ ဘယ်မှာ အကောင်းသုခ, ရှိနိုင်ကြမလဲ။

လောကမှာ မှိုကလေးများ ပေါက်လာတဲ့အခါ မှိုကလေးရဲ့ အထက်ထိပ်ပေါ်က မြေကြီးကလေး ကပ်လျက် ပါမလာဘူးလား၊ (ပါလာပါ ဘုရား)။

မြေကြီးကလေး ကပ်လျက်သား ပါလာမှာပေါ့၊ သူ၏ မူလပကတိ သူ့ဇာတိကိုက မြေဆီမြေလွှာ မြေသြဇာက ဖြစ်လာရဒါကိုး။

အဲဒါလိုဘဲ သူသူငါငါ သတ္တဝါမှန်သမျှ အနန္တတွေလဲ ပဋိသန္ဓေ တည်နေတုန်းကထဲက အသေလက္ခဏာ ကလေးဟာ ကပ်လျက်ပါလာတယ်၊ အဲဒီလို အသေဆိုတဲ့ မရဏ ဓာတ်ကလေး ကပ်မှေးလျက် ထက်ကြပ်မကွာ အမြဲပါလာသော ကြောင့် ဘယ်အခါ ဘယ်သတ္တဝါမှ သေမင်းကို ရှောင်ကွင်းလို့ မရ လိုက်ပါကြရတော့ဒါပေါ့။

ဘယ်အချိန် ဘယ်အခါ ဘယ်သတ္တဝါမဆို မပေါ်လာလေမှာဘဲ ပေါ်လာလျှင် သေမင်းကဖြင့် မှန်မှန်ပါအောင် ခြေနင်းမယ်၊ ဘယ့်ကလောက် ဂုဏ်တွေဒြပ်တွေ ကြီးလို့နေနေ ဖြိုခွင်းမယ်၊ သည်ကိစ္စကိုသာ အမြဲချိန်ရွယ် ချောင်းမြောင်း နေတော့ဒါဘဲနော်။

ဘုရားကိုလဲ သူမကြောက်၊ တရားကိုလဲ သူမကြောက်၊ သံဃာကိုလဲ သူမထောက်ဘူး၊အလွန်ဆိုးဝါးတဲ့ သေမင်းယုတ်၊ ဝိပဿနာ တင်းပုတ်နှင့်သော်မှ နေရာကျတော့ မှာပါဘဲလေ။

ငါတို့ ဆရာတော်ဘုရားကြီးကို တားဆီးလို့မရအောင် ဗိုဝိန်ခလုတ်ကို အတင်းဖြုတ်ပြီး နှင်းသုတ်ဆောင်ယူသွားဒါ ဗိန္ဒောဆရာ, ဓာတ်ဆရာ, ဆရာဝန်အကျော် သမားတော်ကြီးတွေနှင့်တကွ တပည့်သံဃာ တကာ- တကာမတွေပါ အားလုံးဘဲ ယူကြုံးမရ လက်မှိုင်ချပြီး နေလိုက်ကြရတော့သတည်း။

ယခု သင်တို့ ငါတို့တတွေဟာ ဒီအသေကို ကြောက်ကြမုန်းကြ စက်ဆုပ်ကြတဲ့အတွက် ဆရာတော်ဘုရားကြီး ပေးသနားတော်မူခဲ့တဲ့ ဝိပဿနာ လက်နက်တော်ကြီးနှင့် နေ့စဉ်ရက်ဆက် ဝတ်မပျက် သေမင်းကို တိုက်ဖျက်နေကြတဲ့သူတွေ ဖြစ်ကြသည့်အတိုင်း ကာယကလဲ သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း စသော ကံငါးပါးကို စောင့်စည်းပြီးသား လုံခြုံပြီးသားဖြစ်တော့ ကာယက-တည်ကြည် ငြိမ်သက်လျက်ဘဲ နေတော့သည်။

ဝစီကလဲ အမြဲမပြတ် အထပ်ထပ်ဆိုသလို ဝိပဿနာ ရုပ်နာမ် ခန္ဓာနှင့် စပ်လျဉ်းသော တရားစကားများကိုသာ ပြောဟော ဆွေးနွေးလျက်သာ နေထိုင်ကြသည့် အတွက်ကြောင့် ဝစီဘက်ကလဲ အချိုးကျ ဖြစ်နေကြပြီ။

ဒီ-ကာယနှင့် ဒီ ဝစီမှာ မနောကသာ အချုပ်ဖြစ်သောကြောင့် အလုပ်မှာလည်း တပါတည်း ဖြစ်တော့သည်။

ပြောကြသောအခါ မနောက သဘောကလေး စိုက်ခါ စိုက်ခါ အလုပ်ပါအောင် ပြောကြဘို့ တခုသာ လွန်စွာအရေးကြီးပါတော့သည်။

အပြောမှာ အလွန် သဘာဝကျ၍ အဟုတ် ဟန်ရသူမှာ မနေ့ာက မလုပ်ဘူး မလုပ်ပါဘူး ဟု မဆိုသာပေ၊ ထိုသူဟာ ပစပ်ကမပြောဘဲ မနော့ထဲတွင်လည်း ဆင်ခြင်မှု စဉ်းစားမှု တွေးတောမှုတွေဟာ ဖြစ်ပေါ်နေမည် အမှန်သာလျှင်တည်း။

(သဘောဟုတ်မှ လောကုတ္တရာ) ဆိုဒါလို သဘာဝ ကျအောင် ပြောဘို့ သဘောဆိုက်အောင် ထိအောင်ပြောဘို့ သဘော မိအောင် ဆင်ခြင် စဉ်းစားပွားများဘို့သာ အရေး ကြီးလှပေတော့သည်။

မှတ်ချက်။

သဘော်ဟုတ်မှ လောကုတ္တရာ၊
သဘောမဟုတ် မျောမြုပ်စရာ၊
ကိုယ်ရော, နှုတ်ရော လုပ်ပြောညီညာ၊
မနော့လုပ် အချုပ် ဝိပဿနာ။

ဒါ့ကြောင့် သဘောသဘာဝက နေရာတကျ ဟုတ်မှန်ပါမှ မင်္ဂဖိုလ်နိဗ္ဗာန်တည်း ဟူသော လောကုတ္တရာဘက်သို့ ဦးတိုက် လျက်နေကြမှာနော်၊ သဘောသဘာဝက မဟုတ်မမှန် ပညတ် နိုင်ငံတွင် အဖတ် တင်နေကြလျှင်တော့ သံသရာ တခွင်မှာ မျောမြုပ်စရာတွေချည်းသာ ဖြစ်နေကြမှာ အမှန်ဘဲ။

သဘော ဆိုဒါက ဘယ်သဘောလဲ၊ ရုပ်သဘော နာမ် သဘောဘဲ၊ ဟုတ်ဆိုဒါက ဘာလဲ၊ အဟုတ်သိ အဟုတ်မြင် အဟုတ် ဆင်ခြင်ဒါကို ဆိုတယ်၊ ပညတ်နယ်မှ တကယ် လွန်မြောက်ထာကို အဟုတ်ဟု ဆိုလိုပေသတည်း။

ဒါ့ကြောင့် ကာယကလည်း ကံငါးပါးကို လုံခြုံအောင် တည်စေ၊ ဝစီကလည်း သဘောမှန် ရောက်အောင် ဆွေးနွေးပြောဟောလေ၊ မနောကလည်း သဘော သဘာဝ စခန်းသို့ တန်းတန်းမတ်မတ်ကြီး စိုက်ထားပေ ဟူလို။

ယခုပြောသည့် အတိုင်းသာ နေရာကျပါလျှင် အချုပ်မှာ စိတ်ဟာမို့ ဝိပဿနာအလုပ်လဲ မဆိတ်တော့ပါဘူး။ဆိတ်တယ်လို့ မဆိုနိုင်တော့ပါဘူး။

မနောခေါ်သောစိတ်ကလေးဟာ နေရာတကာမှာအချုပ်ပါဘဲ၊ကာယဆိုဒါလဲ မနောဘဲအချုပ်၊ ဝစီဆိုဒါလဲ မနောဘဲအချုပ်၊ သရုပ်မှာ သုံးပါးပြားသော်လဲ မနောမပါဘဲ ဘယ်နေရာဘယ်ကိစ္စမှ မထမြောက်နိုင်ပါဘူး၊ဒါ့ကြောင့် ဝိပဿနာ တရားကို ခတ်သားကျအောင် မြင်ထားသောသူ ခတ်သားဆိုက်အောင် ပြောတတ် ဟောတတ် သူတို့မှာ အချုပ်မှာ စိတ်ဟာမို့ ထိုသူမှာ အလုပ်ဟာလဲ မဆိတ်တော့ပါဘူး၊ ဆိတ်နိုင်ဘွယ်ရာ မရှိတော့ပါဘူး တကာငြိမ်းရ၊ (မှန်ပါ အလုပ်မဆိတ်တော့ပါ ဘုရား)။

အဲဒီလို ဆွေးနွေးနေခြင်း ဟောပြောနေခြင်း မိမိဟာ မိမိ တယောက်ထည်း နှလုံးသွင်းနေခြင်းဟာ သေမင်းကို ချေခွင်း တိုက်ဖျက်နေဒါပါဘဲ၊ သေမင်းကို ဖြိုခွင်းသည် မည်တော့ဒါပါဘဲ။

ဒါ့ကြောင့် ကျေးဇူးရှင်ဘုရားကြီး ထင်ရှားရှိတော်မူစဉ်က တယောက်နှင့် တယောက် ဆွေးနွေးမှုကြီးကို အထူးသဖြင့်

ဂရုစိုက်ပြီး တိုက်တွန်းတော်မူပေသည်၊ ပြောဟောမှု မဆိတ်ကြစေနှင့်ဟဲ့၊ဆွေးနွေးမှု မဆိတ်ကြစေနှင့်ဟဲ့၊ ဒီ ပြောဟောမှု ဒီဆွေးနွေးမှုကလေးမှ ဆိတ်ပြတ်နေလျှင် အတွင်း စိတ်ဓာတ်မှာလဲ တရားနှလုံးသွင်း ဆိတ်နေတတ်သဟဲ့လို့ အမြဲဆုံးမတိုက်တွန်းတော်မူခဲ့တယ် မဟုတ်လား၊ (မှန်ပါ ခဏခဏ ဆုံးမတော်မူခဲ့ပါ ဘုရား)။

ဩော်- သက်တော်ထင်ရှား ရှိတုန်းက ဟောပြောပြသ ဆိုဆုံးမ ရုံမျှနှင့် အားရတင်းတိမ်တော်မမူဘဲ ငါမရှိသည့်နောက်မှာလဲ ကျန်ရစ်သူတွေနှင့်တကွ နောင်လာ နောက်သားသမီးတွေ အမှောင်ပျောက်လို့ အလင်း ရောက်ရစ်ကြပါစေ ဟူသော သဘောရည်မှန်း မေတ္တာတော်ကြီးလွှမ်းပြီး (ဝိပဿနာခြောက်စောင်တွဲ) ကျမ်းကို ကြိုးပမ်းစီရင် တီထွင်ပြုစုတော်မူခဲ့ပေသတည်း။

ဝိဝဋ္ဋ ဒီပနီ ဆိုတဲ့ ဓာတ်ရောင်ခြည်ကြီးကလဲ တရပ်၊ ဝိပဿနာ ဒီပနီဆိုတဲ့ ဓာတ်ရောင်ခြည်ကြီးကလဲတလီ၊သဘာဝ ဒီပနီဆိုတဲ့ ဓာတ်ရောင်ခြည်ကြီးကလဲ တဝ၊ သုံးလောက ဒီပနီဆိုတဲ့ ဓာတ်ရောင်ခြည်ကြီးကလဲ တဖြာ၊ ရတနာဒီပနီဆိုတဲ့ ဓာတ်ရောင်ခြည်ကြီးကလဲ တခက်း၊ ကြောင်ပန်း ဟောစဉ်မည်သော ဓာတ်ရောင်ခြည်ကြီးကလဲ တနဲ၊ဤ ခြောက်စောင်တွဲ ကျမ်းက ဝိပဿနာ ရောင်ခြည်တွေ ထွက်ပေါ် ပျံသန်းနေလိုက်ထာ ကမ္ဘာတဝှမ်းလုံးမှာ အံ့မခန်း ရှိနေတော့သည်။

ကြောင်ပန်း ခြောက်စောင်တွဲ နေမင်းက ဝိပဿနာရောင်ခြည် အလင်းတွေ ပေါ်ထွန်း ဖြာထွက် နေလိုက်ထာ

တနိုင်ငံလုံးမှာ ယခုတက်ထိ တဝင်းဝင်း တလက်လက်နှင့် ဝင်းသည်ထက် ဝင်း လက်သည်ထက် လက် ထွက်သည်ထက် ထွက်လာပြီဆိုဒါ မျက်မြင်နားကြား အထင်အရှားဘဲ မဟုတ်လား၊ (မှန်ပါ မျက်မြင်နားကြား အလွန် ထင်ရှားလှပါ ဘုရား)။

ဒိဋ္ဌိ အစရှိသော ကိလေသာ အမှောင်တွေ မသန်းရ အောင်လို့ ငါတို့ကြောင်ပန်းက ပရမတ် ရောင်ခြည် ဓာတ် ရောင်ခြည်တွေကို ထွန်းပြ လင်းပြလိုက်ပေသည်၊ထိုသို့ ထွန်းပြ လင်းပြလိုက်သည့် အတိုင်း ဉာဏ်အလင်း ရောက်အောင် ကြည့်မှု, ရှုမှု, ပွားများမှုမှာ မိမိတာဝန်သာ လိုကြပါတော့ သည်။ ရည်ရွယ်ချက် ရောက်အောင်သာ သတိပြု၍ ကြည့်ရှု ကြရမည် ဟူလို။

၅၂(ဝိပဿနာကျမ်း ခြောက်စောင်တွဲ)ဟာ သေမင်းကို ဖြိုခွင်းဖျက်ဆီးဘို့ရာ လက်နက်ကြီး ခြောက်ခုပါဘဲ ဆိုလျှင် လွဲလိမ့်မလား၊ (မလွဲပါဘူး ဘုရား)။

မလွဲလျှင် ဆွဲငင်ကြည့်ရှု သတိပြုပြီး ဘိဘိစီးစီး သန်သန် မာမာကြီး တိုက်ဖျက်ကြဘို့ဘဲပေါ့၊ ဇွဲမရှောကြနှင့်နော်၊ ဇွဲရှောကြလို့ ပျော့ကျနေမူ သူကသာ အနိုင်ယူသွားလိမ့် ဦးမည်။

ဘုရားသော်မှ မလွတ်ရအောင် ဖြစ်သမျှ ပျက်စေ၊ အကုန် ချေဖျက်ချတတ်တဲ့ သေမင်းရန်ကို ဝိပဿနာဉာဏ်ကသိုဏ်းဖြင့် လုံလုံကြီးဝိုင်းပြီး အပိုင်းပိုင်းနေအောင် ခုတ်ဖြတ်ဖျက်ဆီး ပစ်ကြမှ နေရာကျတော့မည်။

သို့မှသာ သုံးဆယ့်တဘုံက ခြေလှမ်းရပ်ပြီး သေခန်းကြီးတွေ ပြုတ်ကြမှာ မဟုတ်လား၊ (မှန်ပါ ဒါမှ သေခန်းပြုတ်မှာပါ ဘုရား)။

သို့သော်လည်း ပြုတ်တယ်ပြုတ်တယ်ဆိုဒါ ဖြုတ်မှလဲ ပြုတ်ထာနော်၊ မဖြုတ်ဘဲနှင့် သူ့အလိုလို ပြုတ်ထာမျိုး မဟုတ်ဘူး၊ ဒါ့ကြောင့် ဖြုတ်ပုံဖြုတ်နည်း နိဿယည်းက အားကြီးလိုလှပေ၏။

လိုရင်းက သင်တိုင်ါတို့မှာ တိုတိုတုတ်တုတ်သာ ဆိုလျှင် (**ခြောက်စောင်တွဲ**)ကိုသာ ပေါက်အောင်နှဲ့ဘို့ လိုပေသည်။ ခြောက်ရောင်ခြည်ကိုသာ ပေါက်အောင်ဖြည့်ဘို့ လိုပေသည်။ ဤဝိပဿနာလုပ်ငန်း (**ခြောက်ကျမ်းဒီပနီ**) ခြောက်စောင်ဆီက ခြောက်ရောင်ခြည် ထွက်ချက်ကို ကွက်ကွက်ကွင်းကွင်း တချက်လောက်လင်းလိုက်လျှင်အဝိဇ္ဇာမှောင်ကင်း၍ သေမင်းနှင့် အိုးစားကွဲ၊ ငရဲနှင့် အမွေပြတ် ဝဋ္ဋစက်ဟုန်ခြေလှမ်းရပ်ပြီး တဖြည်းဖြည်း သေခန်းကြီး ပြုတ်ကြရပေလိမ့်သတည်း။

(ဤကား- ဂါထာ၏ပါဌ်လျှောက် အဓိပ္ပါယ် အကျဉ်းတည်း)။

အဲ-ယခုဟောကြားခဲ့သော တရားတခု စကားစုကတော့ ပဌမ ကြောင်ပန်းတောရ ဝိပဿနာကျမ်း ခြောက်စောင်တွဲကို ရေးသားတီထွင် စီရင်ပြုစုတော်မူသော ဆရာတော်သခင် ကျေးဇူးရှင်ကြီး၏ သုပ္ပဋိပန္န ဥဇုပ္ပဋိပန္န စသော သံဃာ့ဂုဏ်တော်ထူးကို ချီးကြူးပြသလိုသည်လည်းတချက်၊ မရဏ

စက် သေမင်းလက်နက် အတင်းနှက်၍ ယွင်းပျက်သေဆုံးရခြင်းလျှင် အဆုံးရှိပုံကို သတိသံဝေဂ ယူကြရစေလို၍လည်း တကြောင်း ဤသို့လျှင် အကြောင်းကိုသိ၍ အကျိုးရှိကြအောင် အနည်းငယ် ထုတ်ဆောင်လိုက်ရပေသတည်း။

ကဲ–သေခြင်းနှင့် ပတ်သက်၍ မရဏာသတိအချက် ဉာဏ်သက်အောင် နှလုံးသွင်းပုံကို သိသာရုံမျှ ဆက်လက် ဟောပြောကြဦးစို့။

သေခြင်းကို ဆင်ခြင်ခြင်း, နှလုံးသွင်းခြင်း, မပြတ်မပြတ် ရွတ်ဘတ် အောက်မေ့ခြင်းဆိုတဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားဟာ လွန်စွာကုသိုလ်ပွားကြောင်းဖြစ်တဲ့ တရားကောင်း အချက်ကြီး ဖြစ်တယ်။

ဒါ့ကြောင့် ရှေးရှေး၌ တွေ့ခဲ့ဘူး, မြင်ခဲ့ဘူး, ကြုံခဲ့ဘူး, ကြားခဲ့ဘူးသော သူတွေ, သေကြ ပျောက်ကြသည်ကို ကြံစည်ဆောင်နှင်း နှလုံးသွင်း၍ (သေခြင်းမြဲတယ်- သေရလိမ့်မယ်၊ သေခြင်းမြဲတယ်- သေရလိမ့်မယ်)ဟု ပစပ်က ရွတ်ဆိုသမှု့, စိတ်က အာရုံပြု၍ ပွားရှုဆင်ခြင်ကြရမည်။

ရှေးအခါ မိမိနှင့်အတူတကွ နေထိုင်သွားလာ လုပ်ကိုင်ပြောဆိုခဲ့ဘူးသော ချမ်းသာသူ, ဆင်းရဲသူ, ဂုဏ်ရှိသူ, ဂုဏ်မရှိသူတွေ သေကြသည်လည်း အများကြီးရှိကြလိမ့်မည်။ တွေ့ခဲ့ဘူးရုံ မြင်ခဲ့ဘူးရုံ ဂုဏ်ရှိသူ, ဂုဏ်မရှိသူတွေ သေကြသည်လည်း အများကြီး ရှိကြလိမ့်မည်။ ထိုအကြီးအငယ် အရွယ်အစားစား ယောကျ်ား, မိန်းမ, ချမ်းသာသူ, ဆင်းရဲသူ, ဂုဏ်ရှိသူ,

ဂုဏ်မရှိသူ ဟူဟူသမျှတို့သည် သေမင်း၏ခံတွင်းဝသို့ သက်ဆင်း ပြေးဝင်ကြရလေကုန်ပြီ တကားဟု သေခြင်းတရားကို မိမိထံပါးသို့ သူသတ်ယောက်ျား အဘဏ္ဍာသား ပါးကွက်သားသည် သံလျက်နှင့် မိုးထားဘိသကဲ့သို့ ထင်ရှားနီးကပ်လာအောင် ရှုဆောင်ပွားများကြကုန်။

ထိုမှတပါးလည်း မရဏာဿတိတရားကြီး ပွားများနည်းတမျိုးမှာ မင်းစိုးရာဇာ အဘဏ္ဍာပြန့်မွေး သူဌေးသူကြွယ်ကြီးကျယ်ရာထူး၊ ဗိုလ်မှူးဗိုလ်ချုပ် လောကုတ်ဈာန်သမာပညာဘုန်းတန်ခိုး အမျိုးမျိုးတို့နှင့် ပြည့်စုံကြသဖြင့် လောကမှာထင်ရှား ကမ္ဘာလုံးကျော်ကြားသူတွေ သေခဲ့ကြရလေပြီကိုလည်း များများကြီး အောက်မေ့ဆင်ခြင်ကြရမည်။

## ရှင်ဘုရင်ကြီး အနေအားဖြင့်လည်း အသေတရား ဆင်ခြင်ပုံ

ကဲ-ကိုယ်တွေ့ဒိဋ္ဌ မမြင်ရသော်လည်း ကိုယ်တွေ့ဒိဋ္ဌ ယခုမျက်မှောက်တွင် မြင်ရသကဲ့သို့ လောကမှာ အလွန်ကျော်ကြားလှသော သီရိဓမ္မာသောကမင်းကြီးဆိုဒါ တကာငြိမ်းကြားဘူးတယ် မဟုတ်လား၊ (ကြားဘူးဘန် များလှပါပြီဘုရား)။

ဤသီရိဓမ္မာသောကမင်းကြီး၏ကမ္ဗဇ်ဒွိခေါ် ဘုန်းတန်ခိုးအာနုဘော်ဟာ ဘယ့်ကလောက်ကြီးကျယ်သလဲဆိုဒါ သိသာရုံမျှ တိုတိုပြောပြဦးမည်။

အောက်မြေကြီးထဲမှာ တယူဇနာ၊ အထက် ကောင်းကင်ပြင်မှာ တယူဇနာ၊ သူ၏ အာဏာတော်ပျံ့နှံ့ လွှမ်းမိုး အုပ်စိုးပိုင်နင်းလေသည်၊ ဇမ္ဗူဒိပါတကျွန်းလုံးကို သိမ်းကြုံး အုပ်စိုးရသော တယောက်ထည်းသော ဧကရာဇ်မင်းကြီး ဖြစ်တော်မူပေ၏။

အနဝတတ်အိုင်မှ တနေ့လျှင် ရေရှစ်ထမ်းကျ နတ်တွေကဆက်သလာကြရသတဲ့။

ထို ရေရှစ်ထမ်းမှာ အိုးအရေအတွက်အားဖြင့် ၁၆-လုံးရှိသတည်း၊ ထိုတွင် ရှစ်လုံးသော အနဝတတ် ရေအိုးတို့ကိုသံဃာတော် အရှင်မြတ်တို့အား လှူဒါန်းတော်မူလေသည်၊ နှစ်လုံးသော ရေအိုးတို့ကို ပိဋကတ်သုံးပုံဆောင် ရဟန်းတို့အား လှူဒါန်းတော်မူလေသည်၊ နှစ်လုံးသော ရေအိုးတို့ကို မိမိ၏အသန္ဓိမိတ္တာ မိဖုယားကြီးအား ပေးသနားတော်မူလေသည်၊ နှစ်လုံးသောရေအိုးတို့ကို တသောင်း ခြောက်ထောင်သော မောင်းမတို့အား ပေးသနားတော်မူလေသည်၊ နှစ်လုံးသော အနဝတတ် ရေအိုးတို့ကို မိမိကိုယ်တော်ပင် သုံးစွဲတော်မူလေသည်။

ထိုမှတပါး ဟိမဝန္တာတော၌ ဖြစ်သော အလွန်နူးညံ့သိမ်မွေ့လှစွာသော အရသာနှင့် ပြည့်စုံသော နာဂလတာအမည်ရှိသော ကွမ်းရိုး ဒန်ပူတို့ကိုရင်း ဆေးဖြင့် ပြီးသောရိုရှားသီးတို့ကိုရင်း နတ်တို့က ပို့ဆက်သကြကုန်သည်။

ထိုမှတပါး အနံ့အရသာနှင့် ပြည့်စုံသော သရက်သီးမှည့် တို့ကိုရင်း၊ ဆဒ္ဒန်အိုင်အနီး ပဒေသာပင်ကြီးမှ ဖြစ်သော ဝတ်စရာ ရုံစရာ အထည်တို့ကိုရင်း၊လိမ်းကျံစရာ နံ့သာပျောင်း နံ့သာမှုန့်တို့ကိုရင်း နတ်များက ဆက်သကြကုန်၏၊ မြတ်သော သူတို့အားသာလျှင် ထိုက်သောမျက်စဉ်းတို့ကိုရင်း နဂါးတို့က ဆက်သကြကုန်၏။

ထိုမှတပါး ဆဒ္ဒန်အိုင် အနီး၌ဖြစ်သော သလေးစပါးတို့ ကိုလည်း ကျေးသား ငုံး ခါ ချိုး လင်းပြာ စသော ငှက် သတ္တဝါတို့က ချီဆောင်၍ လှည်းကိုးထောင်တိုင်တိုင် ဆက်သ လာကြကုန်၏။

ထို သလေးစပါးတို့ကို ကျေးသားတွေ ဆက်သလာတော့ ညဥ့်ဘက်အခါမှာ ရှဉ့် ကြွက်စသော သတ္တဝါတွေ လာပြီး ဆန်လုံးမပျက်စေဘဲ ဖွဲကြမ်း ဖွဲနုတို့ကိုသာ နွာပေးကြရသတဲ့။

ထို ဆန်တို့ဖြင့်သာ အရိယာ သံဃာတော်တို့အား ဆွမ်း လုပ်ကျွေးခြင်း မင်း မိဖုယား မောင်းမမိဿံ ခြွေရံ မှူးမတ် တို့အားလည်း စားနပ်ရိက္ခာပေးခြင်း ပြုတော်မူပေ၏။

ထိုမှတပါးလည်း ပျားကြီး ပျားငယ်တို့သည် နီးရာနီးရာ အရပ်တို့၌ အသက်မရှိဘဲ လဘ်ိုဖြင့်သာ မင်းကြီးသုံးဆောင် စရာ စွဲလာကြကုန်၏။

တောဥ္စနေသော ဝံ, မျောက် စသော သတ္တဝါတို့သည် ပန်းဘဲဖိုသိုဝင်၍ နေ့ညဥ့်မပြတ် တူ ပေ တို့ကို ကိုင်၍ ခတ်ပုတ် ကြရကုန်၏။

ကရဝိက်ငှက် တို့သည်လည်း နန်းတော်ကြီး တပြင် ထက်ဝန်းကျင်မှ သာယာလှစွာသော အသံတို့ဖြင့် တညံညံ ကြူးရင့်လာကြရကုန်၏။

ဪ- ဘုန်းတန်ခိုး အာနုဘော် အတော်ကြီးကျယ်တဲ့ မင်းကြီးပါလားဟ တကာငြိမ်းရ၊ (မှန်ပါ သိပ်ကြီးကျယ် လှပါဘုရား)။

အင်း- ဒါ့ကြောင့်လဲဘဲ ဓမ္မာသောက ဓမ္မာသောကနှင့် လောကမှာ ခုထက်ထိ ပြောစမတ် ရရစ်ခဲ့ကြဒါပေါ့နော်။

ကဲ- ထိုမင်းကြီးရဲ့ စည်းစိမ် ကြက်သရေ ဘုန်းတန်ခိုး အထွေထွေတို့ကို ပြောနေလို့ဖြင့် ကုန်နိုင်ဘွယ်ရာ မရှိတော့ ပါဘူး၊ တိုတိုတခုသာ ပြောကြပါစို့။

တနေ့သောအခါ မှူးကြီးမတ်ရာ သေနာပတိတို့သည် မိမိ မိမိတို့၏ အစဉ်အဆက်အားဖြင့် ဘုရား၏ဂုဏ်တော် ကျေးဇူး တော် ကြက်သရေတော်ကြီးတွေ ကြီးကျယ်တင့်တယ် အလွန် တရာ သပ္ပါယ်၍ ရှူချင်ဘွယ် ကြည်ညိုဘွယ် ရှိပုံတွေကို အချင်းချင်းပြောဆို၍ နေကြကုန်၏။

မြတ်စွာဘုရားကြီး ပရိနိဗ္ဗာန် စံယူတော်မူ၍ အနှစ်ပေါင်း နှစ်ရာကျော်ကလေးမျှသာ ရှိသေးတော့ အစဉ်အဆက်အား ဖြင့် ဘုရားနှင့်ပတ်သက်သော စကားတွေဟာ များများကြီး လှိုင်တုန်းအခါပေါ့။

မင်းကြီးသည် အမတ်တွေ ပြောဆိုကြသော စကားကို ကြားသဖြင့် ဘုရားရှင်ကို ဖူးမြင်လိုသော စိတ်ဆန္ဒတွေဟာ ပြင်းထန်စွာ ဖြစ်ပေါ်လာသတဲ့။

ဘုရားရှင်၏ အသွင်သဏ္ဌာန်တော်ကို ဖန်ဆင်း၍ ပြနိုင်သောသူသည်ကား ဝိဝဋ္ဋဋ္ဌာယီ ကပ်လုံးတည်၍ အသက်ရှည်သော ကာဠ အမည်ရှိသော နဂါးမင်းသာ စွမ်းနိုင်ရာတော့သည်ဟု ကြံစည်အောက်မေ့ သိမြင်တော်မူ၍ ထိုနဂါးမင်းနေရာ မြေအောက် တယူဇနာ အတွင်းမှာ သမုဒ္ဒရာရေအတွင်းသို့ ရွှေခြေကျဉ်းအဖွဲ့ကို စေလွှတ်၍ ခေါ်တော်မူလိုက်သတဲ့။

ကာဠ နဂါးမင်းလည်း မင်းကြီး၏ အမိန့်အာဏာဖြင့် မနေသာ၍ ရှေ့တော်သို့ လျင်မြန်စွာ ဆိုက်ရောက်လာလေ၏။

ထိုအခါ မင်းကြီးကလည်း နဂါးမင်း ကျေနပ်လောက်အောင် ထီးဖြူမိုးသော ရတနာ (၇)ပါးဖြင့်ပြီးသော ပလ္လင်တော်ကြီးပေါ်သို့ နေဇေ၍ အလွန် ကြက်သရေ ရှိလှသော ရေပန်း ကြည်းပန်း ရွှေပန်း ငွေပန်း ပေါက်ပေါက်ပန်းတို့ဖြင့် အုံမခန်း ပူဇော်လျက် ရှုပျော်ဘွယ် ကောင်းလှသော ကချေသည်ပေါင်း တသောင်း ခြောက်ထောင်တို့ကို ရတနာအရောင်တို့ဖြင့် တပြောင်ပြောင် တလျှံလျှံဖြင့် ခြံရံစေမှု ဖျော်ဖြေခြင်းပြုပြီး၊

နဂါးမင်း သင်သည်ကား ဘုရားရှင်၏အသွင်ထူးကို မြင်ဘူးပါသည်၊ ငါမူကား ဘုရားရှင်၏ အသွင်ထူးကို မမြင်ဘူးပါ၊ သို့ဖြစ်၍ သင်သည် ငါ့အား ဘုရားရှင်၏ သဏ္ဌာန်တော်ကို ထင်ပေါ်အောင် ဖန်ဆင်း၍ပြပါလောဟု ပြောဆိုလိုက်သောအခါ နဂါးမင်းက ပြန်၍ပြောသည်မှာ–

အရှင်မင်းကြီး- ရူပ အစိန္တေယျ, ဝစန အစိန္တေယျ, ဉာဏ အစိန္တေယျ, ဣဒ္ဓိ အစိန္တေယျ-တည်းဟူသော အစိန္တေယျလေးပါးနှင့် ပြည့်စုံတော်မူပေသော မကြံစည်အပ်, မနှိုင်းယှဉ်အပ်သော အတုမရှိ အတူမရှိသော မြတ်စွာ ဘုရားကြီး၏ အသွင်သဏ္ဌာန်တော် မြတ်ကြီးကို ဘယ်လိုလုပ်၍ အကျွန်ုပ်တူအောင် ဖန်ဆင်းနိုင်ပါအံ့နည်း၊ တူအောင် မဖန်ဆင်းနိုင်ပါဟု ဆိုသောအခါ။

နဂါးမင်း- စကားတွေ ခင်းမနေပါနှင့်တော့ လုံးဝဥဿုံ အလုံးစုံ အကုန်မတူနိုင်ငြား သော်လည်း တစိတ် တဒေသ အားဖြင့်တူလျှင် အလွန်ပင်ကျေနပ်လှပါပြီ၊ အမြန်သာ ပြပါလောဟု ပြောလေလျှင်-

နဂါးမင်းသည် သုံးဆယ့် နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် တန်းဆာဆင်အပ်သောကကုသန်,ကောဏာဂုံ,ကဿပ,ဂေါတမ-ဟူသော ဘုရားလေးဆူတို့၏ အသွင် သဏ္ဌာန်တော်ကို မိမိ အာနုဘော်ရှိသမျှ ဖန်ဆင်း၍ပြလေ၏။

ထိုအခါ မင်းကြီးသည် ဘုရား၏အဆင်းတော်ကို ရှုမျှော်၍မဝ အားမရအောင်ကြည်ညိုလျက် ခုနစ်ရက်ပတ်လုံး ပိတ်ဖုံးမရှိ မျက်စိ၏ ပူဇော်ခြင်းဖြင့် အဆင်းတော်ကို ပူဇော်ပွားရှုတော်မူလေ၏။

သမုဒ္ဒရာ အတွင်းမှာ နေသော ကာဠ နဂါးမင်းကြီးကို တောင်မှ အာဏာနှင့်ဆောင်နှင်း၍ ဘုရားအသွင်ကို ဖန်ဆင်း

ပြစေနိုင်တယ် ဆိုတော့ ဘယ့်လောက် ဘုန်းတန်ခိုး ကြီးတဲ့ မင်းလဲ တကာငြိမ်းရ၊ (မှန်ပါ အလွန် ဘုန်းတန်ခိုးကြီးတဲ့ မင်းကြီးပါ ဘုရား)။

ကဲ-ဓမ္မာသောကမင်းကြီးရဲ့ ကောင်းခြင်း ငါးဖြာ ကြန် အင်္ဂါလက္ခဏာနှင့်ပြည့်စုံသောအသန္ဓိမိတ္တာ မိဖုယားကြီးတို့၏ အကြောင်းကိုတော့ မပြောတော့ပါဘူး မင်းကြီးကို ပြောပြ လျှင် ထင်ရှားလှပါပြီ။

ဘယ့်ကလောက်ပင် ထီးနန်းစည်းစိမ် ထိန်ထိန်လျှံဖိုး၍ ဘုန်းတန်ခိုးအာနုဘော်တွေ ဘယ့်ကလောက်ပင် ကြီးကျယ်၍ နေငြားပါသော်လည်း အသေ တရားကြီးမှ လွတ်ငြိမ်းချမ်း သာခွင့် ရကြရဲ့လား၊ (မရပါ ဘုရား)။

ဒီ-စည်းစိမ်ချမ်းသာ အဖြာဖြာနှင့် အာဏာအမျိုးမျိုး, ဘုန်းတန်ခိုးအထွေထွေ ကြက်သရေ အစားစား တပ်မတော် သားအများအပြားတွေကကော မင်း,မိဖုယားကြီး၏ အသေ တရားကြီးကို တားဆီးစောင့်ရှောက် ပေးနိုင်ကြသေးရဲ့လား၊ (မပေးနိုင်ကြပါဘုရား)။

အဘယ်မှာ အသေတရားကြီးကို မသေအောင် တားဆီး ပေးနိုင်ကြလိမ့်မလဲ၊ သူတို့လဲ သေကြလျက်ဘဲကိုး။

ခြွေရံစည်းစိမ် ဂုဏ်သိရ် ကြီးမား ထိုမင်း မိဖုယားကြီး တွေဟာ စည်းစိမ်ချမ်းသာ အာဏာတန်ခိုး ဘုန်းအာနုဘော် အမျိုးမျိုးတို့နှင့်တကွ ဘက်မပြိုင်နိုင်ဘဲ လက်မှိုင်ချပြီး သေ မင်း၏ခံတွင်းဝသို့ အကုန်လုံး သက်ဆင်းပြေးဝင် ကြရလေပြီ

တကာငြိမ်းရ၊ (မှန်ပါ သေမင်းနှင့်ကျ စစ်ခင်းလို့ မရတော့ပါဘူး ဘုရား)။

အဲ- ဤကဲ့သို့ ခြေရုံစည်းစိမ် အာဏာရှိန်နှင့် ဂုဏ်သိရ်ကြီးမား မင်း, မိဖုယားကြီးတွေတောင် အသေ တရားကြီး၏ ခြေဘဝါးအောက်သို့ အလျားမှောက် ဝင်ရောက်ကြရသေးဒါဘဲ၊ ခြေရုံနည်းစွာ အာဏာမဲ့မှိန် ဂုဏ်သိရ်ညှံ့ဖျင်း ငါတို့လိုလူတသင်းဟာ အဘယ်မှာ ဆိုဘွယ်ရာ ရှိပါတော့ အံ့နည်း၊ အသေတရားကြီး၏ ခြေဘဝါးအောက်သို့ အလျားမှောက်ခါဝင်ရောက်ကြရမည်သာတည်း။

## သူဌေးကြီး အနေအားဖြင့် အသေတရားကြီးကို ဆင်ခြင်ပုံ

ယခုအခါ သူဌေးတွေကိုတော့မြင်ရိုးကြားရိုးဖြစ်၍ ထင်ရှားပါပြီ၊ သိပ်လဲ မပြောပလောက်သော သူဌေး အတန်းအစားတွေမို့ အသာထားပါတော့၊ ဘုရားရှင် လက်ထက်တော်ကဇောတိက,အမည်ရတဲ့ သူဌေးကြီးတဦးကိုသာ ပြောကြပါစို့၊ ဇောတိကသူဌေးကြီးဆိုဒါ တကာငြိမ်းတို့ ကြားဘူးကြတယ်မဟုတ်လား၊ (မကြာ မကြာ ကြားဘူးပါ ဘုရား)။

လူတော်တကာ အများကြားဘူးရာကို ထုတ်ဆို ပြောပြမှလဲ တရားသဘောကို ပေါလောနေအောင် မြန်မြန်သိလွယ်မြင်လွယ်ဒါကိုး။

ဇောတိကသူဌေးဟာ မွေးလာခါစကပင် အတော်ထူးချွန်ပေသည်၊ ထူးချွန်ပုံက ထိုသတို့သားကို မွေးဘွားသောနေ့မှာ

ရာဇဂြိုဟ်ပြည်ကြီးတပြည်လုံး၌ အသုံးအဆောင်ဖြစ်ကုန်သော လက်နက်တန်းဆာ ရတနာဟူသမျှ အစစတို့သည် သတ္တိုသား၏ ကမ္မဇိဒ္ဓိဘုန်းကံကြောင့် အလျှံတဝင်းဝင်း အလုံးစုံအကုန်လုံး တခဲနက် ပြိုးပြိုးပြက်အောင် ထွန်းလင်း တောက်ပ ကြလေကုန်၏။

ထိုအကြောင်း ပစ္စတ္တိနိမိတ် ဖြစ်သည်ဟိတ်ကြောင့် ဇောတိက-ဟူသော အမည်တံဆိပ်ကို ခပ်နှိပ်ပြုလုပ် ခေါ်သမုတ်ကြသတဲ့။

အရွယ်သို့ ရောက်သောအခါ နေစရာအိမ်ကို ရှာဖွေကြရာ သိကြားမင်း, မနေသာ၍ ညီညာကူပေ စောင့်ရှောက်လေလျက်(ရွှေ,ငွေ,ပုလဲ, ကြောင်မျက်ရွဲနှင့် တနဲစိန်မြ တဝသန္တာ) ဤရတနာ ၇-ပါးဖြင့်ပြီးသော ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်ကြီးသည် မြေကြီးကိုခွဲဖောက်၍ ဟီးနေအောင် ပေါ်ပေါက်လာလေ၏။

ကဲ-ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, စိန်, သန္တာ ဟူသော ရတနာ ၇-ပါးဖြင့်ပြီးသော ဘုံ ၇-ဆင့် ရှိသော ပြာသာဒ်ကြီးဟာ မြေမှပေါ်ပေါက်လာရတယ် ဆိုတော့ ဘယ့်ကလောက် ထူးဆန်းသလဲ တကာငြိမ်းရ၊ (အင်မတန်မှ ထူးဆန်းလှပါဘုရား)။

ရွှေရောင်တွေက တဝေဝေ၊ ငွေရောင်တွေက တဝဲဝဲ၊ ပုလဲရောင်တွေက တကြွားကြွား၊ ပတ္တမြားရောင်တွေက တသဲသဲ၊ ကြောင်မျက်ရွဲရောင်တွေက တပြောင်ပြောင်၊စိန်ရောင်တွေက,

တထိန်ထိန်၊ သန္တာရောင်ရှိန်တွေက, တဝင်းဝင်း၊ ရှုမျှော်ခင်းကြီး အမှန်ဖြစ်နေခြင်းကြောင့် လွန်မင်းစွာ အံ့သြစရာကြီးပေါ့။

သင်တို့ငါတို့ ယခု အိမ်ကျောင်း အစစ နေစရာဌာနပြုလုပ်၍ နေကြသော ကျောက်, အုတ်, အင်္ဂတေ, သံ, မြေ, သစ်ဝါး, သွတ်ပါး, သက်ငယ်, ရိုးနွယ်ထန်းရွက်, အင်ဖက်, မျက်ဖြူ, စလူမနို, အစရှိသော အဆောက်အဦ တွေဟာ ဇောတိက၏နေရာနှင့် နှိုင်းစာလိုက်တော့ ရှက်တောင်ရှက်စရာကြီးပါလား၊ ပြောပလောက်ကြ သေးရဲ့လား၊ (မပြောပ, လောက်တော့ပါဘူး ဘုရား)။

မပြောပလောက်တော့လျှင် ငါ့အိမ်ဟာ, ငါ့ကျောင်းဟာနှင့်ဘာမှ မာနကြီးနေဘို့ မလိုတော့ပါဘူးကွယ်ရို့၊ (မာနကြီးစရာ မရှိပါဘုရား)။

မာနကြီးနေကြလျှင် အချည်းနှီး အလကား ငရဲသွားဘို့သာ ရှိတော့သည်။ သတိရကြလေ။

သည်မျှမကသေးဘူး၊ ထိုရတနာမယ ပြာသာဒ်ကြီးကိုအတားအဆီးဖြစ်သော ရတနာ ၇-ပါးဖြင့်ပြီးသော တံတိုင်းကြီး ၇-ထပ်ကလည်း တံခါးလေးမျက်နှာနှင့်တကွ ပတ်ပတ်လည် ဝန်းရံလျက် ပေါ်ထွက်ပိတ်ကာပြန်လေ၏။

ထိုတံတိုင်းကြီးတို့၏ အကြားအကြား၌ လိုရာသုံးဆောင်နိုင်သော သုံးဆောင်စရာ ပဒေသာပင်ကြီး အသီးသီးတို့နှင့်တကွ ရေးကောင်းမှုကိုပြလို၍ ထန်းလုံးပမာနရှိသော ကြံ

ပဒေသာတို့လည်း ပေါက်ကုန်သေး၏။ ထိုကြံ့ပင်တို့ကား အရွက်မှာပတ္တမြား၊ပင်စည်မှာ ရွှေသားအတိပြီးသည်ဟုမှတ်။

ပြာသာဒ်၏ လေးထောင့်အရပ်တို့၌ ရွှေအိုးကြီးလေးလုံးတို့သည်လည်း ကံအလျောက် ပေါ်ပေါက်လာကုန်၏။ ပမာနမှာ တလုံးကား တဂါဝုတ်၊ တလုံးကား နှစ်ဂါဝုတ်၊ တလုံးကား တယူဇနာ ရှိသည်ဟု မှတ်။

တံတိုင်း ၇-ထပ်တို့၏ လေးမျက်နှာ တံခါးအရပ်တို့တွင် ပဌမတံခါးမုခ်ဝက ယမကောဋ္ဌိ အမည်ရှိသော နတ်ဘီလူးသည် မိမိ၏ အခြံအရံဖြစ်သော ဘီလူးတထောင်နှင့်တကွ စောင့်ရှောက်ကြလေ၏။ ဒုတိယ တံခါးမုခ်ဝက ဥပ္ပလ အမည်ရသော နတ်ဘီလူးသည် နှစ်ထောင်တို့နှင့်တကွ၊ တတိယ တံခါးမုခ်ဝက ဝဇိရ အမည်ရသော နတ်ဘီလူးသည် သုံးထောင်တို့နှင့်တကွ၊စတုတ္ထတံခါးမုခ်ဝက ဝဇိရဗဟုခေါ်သော နတ်ဘီလူးသည် လေးထောင်တို့နှင့်တကွ၊ ပဥ္စမတံခါးမုခ်ဝက ကသကန္ဒ အမည်ရသော နတ်ဘီလူးသည် ငါးထောင်တို့နှင့် တကွ၊ ဆဋ္ဌမ တံခါးမုခ်ဝက ကဋ္ဌတ္ထ အမည်ရသော နတ်ဘီလူးသည် ခြောက်ထောင်တို့နှင့် တကွ၊ သတ္တမ တံခါးမုခ်ဝက ဒိသာပါမုခ အမည်ရသော နတ်ဘီလူးသည် မိမိ၏ အခြံအရံဖြစ်သော နတ်ဘီလူးပေါင်း ခုနစ်ထောင်တို့နှင့်တကွ ဤသို့ အသီးသီး အသက, အသက, စောင့်ရှောက်ကြလေ၏။

ထိုသူဌေးနှင့် ရှေးရှေးသောအခါ ကုသိုလ်ကောင်းမှုကို အတူတကွ ပြုဘက်ဖြစ်သောသူက မြောက်ကျွန်းမှာ ပဋိသန္ဓေ

နေလေ၍ တဆယ်နှင့်ခြောက်- အရွယ်ရောက်သော အခါ ရတနာ့မယ, ပြာသာဒ်ပေါ်သို့ နတ်တွေက ရောက်အောင် ကောင်းမွန်စွာ ပို့ဆောင်လာ ကြရပြန်၏။

အလွန်ချောညက်လှပ နူညံ့ပြေပြစ် ကျစ်လစ်ဟန်ရ ရှုမဝ သော (တုလကာရိ)အမည်ရှိလေသတည်း။

ထိုမြောက်ကျွန်းသူမှာ တကွမ်းစားမျှသော ဆန်နှင့် ဇောတိပါသာဏ အမည်ရှိသော မြခနောက် သုံးလုံးသာ ပါလာ၏။ ထိုတကွမ်းစားမျှသော ဆန်ကို ရွှေအိုး၌ထည့်၍ မြခနောက်ပေါ်သို့ တင်ရုံခါမျှ အငွေ့ချောင်းချောင်းထ၍ တခဏအတွင်း ကျက်နပ်ခြင်းသို့ ရောက်ရလေ၏။

ထိုမြောက်ကျွန်းမှ ဖြစ်သော တကွမ်းစားသော ဆန်ဖြင့် ချက်အပ်သော အလွန် အရသာနှင့် ပြည့်စုံသော ထမင်းကို ဗိုလ်ခြေဗိုလ်ပါ မြောက်မြားစွာ စားသောက်ကြသော်လည်း ဘယ်အခါမှ ကုန်ခြင်းသို့ ရောက်သည်ဟူ၍ မရှိပေ။

အဲဒီ မြောက်ကျွန်းက ပါလာတဲ့ တကွမ်းစားမျှ ဖြစ်တဲ့ ဆန်ကို ဇနီးမောင်နှံအားလုံး အသက်ထက်ဆုံး စားသုံးလို့ မကုန်ဘူး၊ ကဲ–ဘယ့်ကလောက် အကျိုးပေး ထူးဆန်းသလဲ စဉ်းစားကြစမ်း။

ယခုလောကမှာ ဒီအစားကလေးအတွက်ဟာ ရှာလိုက် ဖွေလိုက်ကြရဒါ၊ တနှစ်စာ,တနှစ်၊ တလစာ,တလ၊ တရက်စာ, တရက်၊ ရပ်နားခွင့် ရပ်နားကွက် မရတော့ဘဲ အကုန်လုံး သွက်သွက်ကို လယ်လို့။

ဒါလောက်ခေတ်မှာ သွက်သွက်လယ်အောင် ကြံရ စည်းရ ရှာဖွေရပါသော်လဲ ဘယ်အခါမှ အလိုပြေ၍ ဘယ်အခါမှ ဒေါင့်စေ့တယ်လို့ မရှိဘူး။

ကဲ- ယခု သူဌေးမောင်နှံတို့၏ တကြိမ်တခါမျှ ဆောင်ယူခဲ့တဲ့ တခါချက်မျှဖြစ်သော ဆန် စားရပြန်တော့လဲ အင်မတန်အရသာရှိ၍ နတ်သုဓာဘုတ်နှင့် တူ၏ဟု ဆိုသောကြောင့် တို့တတွေ စားသုံး၍နေကြသော အစာအာဟာရမျိုးလို ဟုတ်ကြသေးရဲ့လား၊ တူကြသေးရဲ့လား၊ သူသူငါငါ ရှာဖွေစား သောက်၍နေကြဒါတွေဟာ အကုန် ရယ်စရာလိုလို ဖြစ်ကုန်ပါပြီလေ။

အင်း- ဇောတိကနှင့် တုလကာရိတို့ စားသောက် သုံးဆောင်ကြသော အလွန် အနံ့အရသာ ဩဇာနှင့်ပြည့်စုံသော နတ်သုဓာဘုတ်နှင့်တူတဲ့ ထမင်းမျိုး ဟင်းမျိုးတွေကို သိရကြားရတော့ အများတကာ အားလုံးစားသုံး၍ နေကြသော ထမင်းမျိုး ဟင်းမျိုး တွေဟာ အလျှင်း အဘိုးမတန် မပြောပလောက်တော့ဘဲ တောက်တီး တောက်တဲ့ ထမင်းစုပ်ပဲ့ ဟင်းစုပ်ပဲ့ကလေးတွေဘဲလို့ စိတ်ထဲမှာ အတွေး အထင် ရောက်သွားသကိုး တကာငြိမ်းရ၊ (မှန်ပါ ထမင်းစုပ်ပဲ့ ဟင်းစုပ်ပဲ့ ကလေးတွေပါ ဘုရား)။

အဲဒီ ထမင်းစုပ်ပဲ့ ကလေးအတွက်နှင့် ငရဲ ကျရမှာများ အလွန်ကြောက်စရာကြီးဘဲနော် သတိရှိကြ။

ထိုမှတပါး ဇောတိကအား ခမ်းနားကြီးကျယ် အံ့ဩဘွယ်ဖြစ်သောစည်းစိမ်ချမ်းသာရတနာပြာသာဒ်ကြီးမြေကြီး

မှ ဟီးနေအောင် ပေါ်ပေါက် စိုက်တည်လာသည် ဟူသော အသံကို ဇမ္ဗူဒိပ် တကျွန်းလုံး ညံနေအောင် ကြားကြရသော အခါ မျှားစွာသောလူအပေါင်းတို့သည် ကုန်းကြောင်း ရေကြောင်း သောင်းသောင်းဖြဖြ ကြည့်ရှုရန် လာလိုက်ကြဒါ ကလဲ ပရိသတ်ကြီးတွေဟာ ဘယ်အခါမှ မစဲတော့ဘူးဆိုကိုး ကွယ်ရို့။

လာလာသမျှ ပရိသတ်တွေကိုလဲ သူဌေး မောင်နှံတို့က တကွမ်းစားသော ဆန်ကိုချက်၍ကျွေးလိုက်ထာဘဲတဲ့၊တကွမ်း စားမျှပင်ဖြစ်သော်လဲ ထမင်းအိုးထဲမှာ ကုန်သွားဘို့ရာ နေနေသာသာ ယော်ကမ်မရာတောင် မထင်ဘူးတဲ့။

ပရိသတ်တွေဟာ ဘယ့်လောက်ဘဲလာလာ ဘယ်နှစ်ခါဘဲ ခူးခူး ကုန်တယ်လို့မရှိဘူး၊ ဘယ်တော့မှ အွားနာရတဲ့ ထမင်းအိုးမဟုတ်ဘူး သိပ်ထူးဒါဘဲနော်။

အခုကာလကတော့ ဌေ့သည်တယောက် တိုးလာလျှင် ထမင်းအိုးကို အားနာရပြီကွယ်ရို့၊ (မှန်ပါ အလွန်အားနာရတဲ့ ထမင်းအိုးတွေပါ ဘုရား)။

အားမနာရဘဲ ရှိပါ့မလား၊ ညှာညှာတာတာ အတိုင်းအထွာကလေးနှင့် လုပ်ထာတောင်မှ တခါတလေ ပြုတ်တော့ မလိုလို ဖြစ်နေသေးသတဲ့။

ကဲလေ- ရှိပါစေတော့ ရှိပါစေတော့၊ ကံဆိုးတဲ့ ထမင်းအိုးတွေကို ကြားထိုး၍ ပြောမနေတော့ပါဘူး။

တနေ့သောအခါ ဗိမ္ဗိသာရ မင်းကြီးသည် တပြည်လုံး အုံးအုံးတက် ကြွက်ကြွက်ညံအောင် ဇောတိက၏ ဘုံဗိမာန်ကို

ချီးမွမ်း အံ့သြကြသော အသံကို ကြား၍ ရှုစားတော်မူရန် အလို့ငှာ ခြွေရံဗိုလ်ပါ မြောက်မြားစွာနှင့် ရတနာမယ ပြာသာဒ်ကြီးသို့ကြွချီ ဆိုက်ရောက်တော်မူလေရာ မင်းကြီးနှင့် တကွ ပရိသတ် အားလုံးကို နတ်သုဓာဘုတ်နှင့် တူသော မြောက်ကျွန်းသူ ထမင်းကို စားသုံးစေလျက် အထွေထွေ အရိုအသေ ကျွေးမွေးညှော့ခံပြီး မင်းကြီးအား သခွားသီးကြီး ပမာန လုံးပတ်သုံးထွာမျှရှိသော ပတ္တမြားရတနာကြီး တလုံး ကိုလည်း ရွေနန်းတော် အသုံးပြုတော်မူပါဟု လက်ဆောင် ပဏ္ဏာ ကောင်းမွန်စွာ ဆက်သလိုက်သေးသတဲ့။

သည်မျှ မကသေးဘူး၊ မိမိ၏ ဗိမာန်ကို ကြည့်ရှုရန်အလို့ ငှာ အရပ် လေးမျက်နှာမှ နေ့စဉ်နှင့်အမျှ လာလာသမျှ ပရိသတ်တို့အား အယုတ်အလတ် အမြတ်မရွေးဘဲ တကွမ်း စားသော သုဓာဘုတ် ဆန်မျိုးကို ရွှေအိုး၌ ထည့်သွင်း မြ ခနေ့ာက်ပေါ် တင်နှင်းလျက် တခဏချင်း ကျက်စေလျက် ကျွေးမွေးညှော့ခံလေပြီး မိမိ မိမိတို့ခရီးအသီးသီး ပြန်ကြသော အခါတွင်လည်း လက်ဘဲလာ အချည်းနှီး မပြန်စေဘဲ မိမိ သုံး စွဲ၍နေသော ပဒေသာပင်ကြီးတွေမှဖြစ်သော အလွန်ကောင်း မြတ် နူညံ့သိမ်မွေ့လှစွာသော နတ်တို့၏ အသုံးအဆောင်နှင့် တူသော အဝတ်တန်းဆာ ဘဏ္ဍာပရိဘောဂတို့ကိုလည်း အလို ရှိသမျှ ပြည့်ဝအောင် ပေးလိုက်ကြသေးသတဲ့။

အဲဒီ ပဒေသာပင်ကြီးတွေမှ ဖြစ်သော အဝတ်တန်းဆာ ဘဏ္ဍာ အသုံးအဆောင်များဟာ အဆင်း အားဖြင့်လည်း အလွန် ဆန်းကြယ် နုနယ် ချောမွေ့ပုံကလည်း ပြောပြ၍

မကုန် အလုံးစုံ နတ်တို့၏ တန်းဆာနှင့်တူ၏လို့ ဆိုတော့၊ ကဲ– သင်တို့ ငါတို့တတွေ ဝတ်ရုံသုံးစွဲခဲ့ပါ နေကြသော အဝတ် အထည်တွေဟာဘာမှ မပြောမပလောက်တော့ဘဲတောက်တီး တောက်တဲ့ အဝတ်စုပ်ပဲ့ကလေးတွေ ဖြစ်မနေဘူးလား၊ (မှန်ပါ တောက်တီးတောက်တဲ့ အဝတ်စုပ်ပဲ့မျိုးပါဘုရား)။

အဲဒီ အဝတ်စုပ်ပဲ့ကလေး အတွက်နှင့် ငရဲကျရမှာများ အလွန်နစ်နာတယ်နော်၊ ကြပ်ကြပ်ကြီး သတိထားလိုက်ကြ။

သည်မျှမကသေးဘူး၊လာလာသမျှကုန်သော လူအပေါင်း တို့အား ပုတီး, နားဒွောင်း လက်ကောက် လက်စွပ် စသည် ပြုလုပ်၍ ဝတ်ဆင်ကြစရာ တဂါဝုတ် ပမာန ရှိသော ရွှေအိုးကြီးထဲမှ ဆွဲငင် ဆွဲငင်ပြီး မီးကြီးခဲ အလားရှိသော ရွှေသား,ရွှေလုံး, ရွှေတုံး,ရွှေခဲကြီးများကိုလည်း အသီးအသီး ပေးလိုက်သေးသဖြင့် နိုင်သမျှယူပြီး အသီး အသီး ပြန်ပြန် သွားကြသတဲ့။

ထိုရွှေတွေကို ရလာကြသဖြင့် ဝတ်လိုက် ဆင်လိုက်ကြဒါ ရွာရေမြို့ပါ ဘယ်နေရာမကျန် ယောကျ်ား မိန်းမ မှန်သမျှ တို့၏ တကိုယ်လုံးမှာ ရွှေရောင်တွေဖုံးနေရောဆိုကိုး။

တကာငြိမ်းတို့တတွေ ယခုအခါ သုံးစွဲနေကြသော တမူး သား, တမတ်သား, တကျပ်သားစသော လက်ဝတ်တန်းဆာ ရွှေရတနာကလေးတွေဟာ အကုန်ရယ်စရာ ဖြစ်မနေဘူးလား၊ (ရယ်စရာလောက်ကလေး ဖြစ်နေပါဘုရား)။

အောင်မယ်- ဒီတမတ်သား, ငါးမူးသားကလေးတောင်မှ မစားရက် မသောက်ရက်ဘဲ ကျကုတ် ကျခဲ စုဆောင်းလိုက်ရဒါ မောလို့ဆိုဘဲ။

တခါတလေလဲ ကိုယ့်လက်ထဲမှာ မပျော်ပိုက်ရှာလို့ သူများလက်ထဲထွက်ထွက်သွားလို့ လိုက်လိုက်ခေါ်ရဒါကလဲ ဆယ်ခါမကဘူးဆိုကိုး။

ဒီတမူးသား တမတ်သားကလေးဟာ ကိုယ့်အိမ်မှာမပျော် သူများအိမ်မှာသာပျော်၍ ခဏခဏ ပြန်ပြန်ခေါ်ရဖန်များလို့ အလွန် မောဖားနေတဲ့ အဆုံးတနေ့ ကျတော့ (ကိုယ်ကသာ ခေါ် သူမပျော် ရွှေကိုယ်တော် ကြွတော်မူရော့) ဆိုဒါလို တချို့လဲ သည်လိုနှင့်ဘဲ အဆုံးသတ်, လက်စသတ်လိုက်ရ ဆိုဘဲ။

အချို့တတွေမှာတော့ (ဘားသံကြောင့် ဘားသေရ)ဆိုဒါလို ဆိုငါးမူးသား,တကျပ်သား, အလကား ဘာမှမပြောပလောက်တဲ့ ရွှေကလေးကိုက ဒါးမြရေ-ငါ့ကိုရိုက်ပြီး ယူလှဲ့ပါဟော့၊ ဒါးမြရေ-ငါ့ကိုသတ်ပြီး ယူလှဲ့ပါဟော့လို့ နေ့စဉ်နေ့တိုင်း ခေါ်နေသလိုဘဲ၊ တကြောက်ကြောက် တလန့်လန့် တထိတ်ထိတ် တပြာပြာနှင့် မအိပ်သာမနေသာ စိတ်တွေဟာ ပူထူပြီး ဒါးမြကိုသာ အမြဲတမ်းလို မျှော်တော်မူနေကြရသတဲ့။

ကဲ-နောက်နောက်ဘဝက ကိုယ်ပြုခဲ့တဲ့ကုသိုလ်ကိုက မသန့်ရှင်း မစင်ကြယ်လို့ ဒီလိုဟာတွေနှင့် တွေ့နေကြရဒါ ဘာမှ ပြောမနေကြနှင့်တော့ ကိုယ့်အကြောင်းက ဟန်မရ၊ ကိုယ့်ကံ

ကိုယ်သာ ကိုယ်ချပြီး ကုန်းခံ့,မှောက်ခံ့,စောင်းခံ လိုက်ကြပေတော့ မတတ်နိုင်တော့ဘူး။

ကြည့်ပါလား- ကိုယ့်အကြောင်းကံနှင့် ကိုယ့်ဆုတောင်းဟန်ရတော့ ဇောတိကသူဌေးကြီးဟာ သူ့ပစ္စည်းကို သူမပေးလိုလျှင် မိတ်ဆွေချည် တပင်မျှ မည်သူမှ မယူနိုင်ကြဘူးတဲ့၊ ကြားဘူးကြရဲ့မဟုတ်လား၊ (ကြားဘူးကြပါလိမ့်ဘုရား)။

သူ့အကြောင်းနှင့် ဆုတောင်း ပြည့်စုံ၍ ကုသိုလ်ကံ သန့်ရှင်းစင်ကြယ်ပုံကို သိသာရုံမျှ ဇောတိကသူဌေး၏ လိုရင်းမှတ်ချက်ကလေး တခုကို ပြောပြဦးမည်၊ ကိုယ့်ကံမှဲ့ ကံစုပ်ကလေးအတွက်ကြောင့် တွေ့ရတဲ့ ဒုက္ခအချက်ကို ဉာဏ်သက်ပြီး အနည်းနည်းကျေနပ်လိုက်ကြစမ်းပ။

တနေ့သောအခါ အားခွန်ဗလနှင့် ပြည့်စုံသော အဇာတသတ်မင်းသည် ဇောတိကသူဌေး၏ လက်စွပ်ကို သူမပေးလိုဘဲနှင့် တကဲကဲနေအောင် ချွတ်လိုက်ထာ အခါတရာမက ချွေးဒီးဒီးကျရော့တဲ့။

အဇာတသတ်မင်း၏ အားခွန်ဗလဟာ ဘယ့်ကလောက်ကြီးသလဲဆိုတော့ ဆောင့်ကြောင့် ထိုင်လျက် ခုန်လိုက်လျှင် အထက်သို့ ၁၈-တောင် မြောက်သွား၍ မတ်တတ်ရပ်လျက်ခုန်လိုက်ရင် အထက်ကောင်းကင်သို့ အတောင် ၈၀-မြင့် ရောက်သွားသတဲ့၊ သို့ကလောက် ကြီးကျယ်သောအင်အားနှင့် လက်စွပ်ကို နင်လားငါလား ချွတ်သော်လည်း ကျွတ်ကျဘို့ရာ

မဆိုထားဘိ ဖြုံဖြုံကလေးမှ မရှိသည့်ပြင် အားအင်တွေကုန်ခန်းပြီး မောပန်းရုံမျှ အရှက်ရတော်မူလေသတဲ့။

ဇောတိက သူဌေးက ပေးလိုသော ဆန္ဒနှင့် လက်တို့ကို ဖြောင့်တန်းပြီးချလိုက်တော့မှ မင်းကြီး၏ ဝတ်လဲတော်ပေါ်မှာ လက်စွပ်တွေ အလိုလို ကျသွားကြတယ်ဆိုဘဲ။

ကဲ-ပြုခဲ့တဲ့အကြောင်းကံက သန့်ရှင်းတော့ ရလာတဲ့အကျိုးစည်းစိမ်တွေဟာ ဘယ့်ကလောက် တန်ခိုးကြီးသလဲ။

အင်း-ဘယ့်ကလောက်ပင် ကျေးမွေးပေးကမ်း လှူဒါန်းကြသော်လည်း ထမင်းအိုးကလဲ ယောက်မရာမထင်၊ ပဒေသာပင်ကလဲ လျော့တယ်မရှိ၊ ရွှေအိုးကြီးကလဲ ပြည့်မြဲပင် ပြည့်၊ လှူချမ်းသာဖြင့် တန်းကုန်ပါပေ၏ဟု ဆိုရပေလိမ့်မည်။

၎င်းဇောတိကမှာ ရရှိတဲ့ပစ္စည်းကိုစစ်ပြီးကြည့်လိုက်တော့ ယခုကာလလူတွေမှာ ရရှိထားကြသော ပစ္စည်းရတနာကလေးတွေဟာ တောက်တီးတောက်တဲ့ ပစ္စည်းစုပ်ပွဲ့ ကလေးတွေဘဲဟာ တကာငြိမ်းရ၊ (မှန်ပါ တောက်တီး တောက်တဲ့ပစ္စည်းစုပ်ပွဲ့ ကလေးတွေပါ ဘုရား)။

အဲဒီ တောက်တီး တောက်တဲ့ ပစ္စည်းစုပ်ပွဲ့၊ ဥစ္စာစုပ်ပွဲ့၊ ရတနာစုပ်ပွဲ့၊ ပုတီးစုပ်ပွဲ့၊နားဒောင်းစုပ်ပွဲ့၊ လက်ကောက်စုပ်ပွဲ့၊ လက်စွပ်စုပ်ပွဲ့ ဒီစုပ်ပွဲ့ကလေးတွေ အတွက်နှင့် ငရဲသွားရမှာ အလွန်အသဲနာစရာ ကောင်းတယ်၊ မျှားမျှားကြီး စဉ်းစားကြနော်။

ထို့ပြင်တဝ ဇောတိကတို့နေရတဲ့ အိမ်ကလဲ ယခင်က ပြောပြခဲ့သောအတိုင်း နတ်ဘုံ နတ်နန်း နတ်ကြငှန်းကြီးနှင့် မခြား ရတနာ ၇-ပါးအတိ ပြီးသဖြင့် ဇနီး မောင်နှံတို့မှာ ရွှေသားမြသားတွေ ပေါ်မှာသာ သွားလာ နေထိုင်ကြလျက် ထိုရွှေသား မြသားတွေမှထွက်သော အရောင်တို့ဖြင့်သာ နေ့ ရော ညဉ့်ပါ အသုံးပြုပြီး မီးဆိုလျှင် မမြင်ဘူးသလောက် ဘဲတဲ့။

ကဲ-ဒီဘုံဗိမာန်ကြီးနှင့်ဆိုလျှင် ယခုလောက အသုံးပြုခါ နေထိုင်ကြတဲ့ တိုက်အိမ် သစ်သားအိမ် ဝါးအိမ် စသော ဘုံဗိမာန်တွေဟာ တောက်တီးတောက်တဲ့ အိမ်စုပ်ပွဲ ကလေး တွေဘဲဟာ၊ (မှန်ပါ တောက်တီးတောက်တဲ့ အိမ်စုပ်ပွဲပါ ဘုရား)။

အဲဒီ အိပ်ရာ,ထိုင်ရာ, နေရာအစုပ် ဘာမဟုတ်တဲ့ ကျောက် အင်္ဂတေ,သံ, မြေ, သစ်ဝါး, သွတ်ပါး,သက်ငယ်,ရိုးနွယ်, ထန်းရွက်, အင်ဖက်, မြက်ဖြူ, စလူ, ဓနိ အစရှိသည်တို့ဖြင့် ပြုလုပ်အပ်သော တောက်တီးတောက်တဲ့ အိမ်စုပ်ပွဲကလေး အတွက်နှင့် ငရဲကျရမှာများ ကိုယ့်ကိုယ်ကို အလွန်ရှက်သနား ကြီး သနားဘွယ် ကောင်းဒါဘဲနော်၊ သတိထားကြ သတိ ထားကြ။

ထိုမှတပါး မယားဖြစ်သူ မြောက်ကျွန်းသူ အမည်ရှိတဲ့ တုလကာရီရဲ့ ကိုယ်လုံး ကိုယ်ကောင်ကလေး နေပုံကတော့ မဝလွန်း, မပိန်လွန်း, မဖြူလွန်း, မနက်လွန်း, မနိမ့်လွန်း, မမြင့် လွန်း, သန့်ရှင်းသော အကြော, ပြေပြစ်သောအဆစ်,ညီညွတ်

သော အရိုးအဆက်, ချောညက်သောအရေနှင့် ပြည့်တင်း လှပသော အသားစိုင် အသားခဲ ကလေးတွေဟာ အကြိမ် တရာ ခပ်အပ်သော လဲ၀ါဂွမ်းစိုင်, လဲ၀ါဂွမ်းစုကဲ့သို့ အလွန် နူညံ့သိမ်မွေ့၍ နုတ်အတွေ့ရှိသတဲ့။

သူ၏ ကိုယ်အဆင်းအရောင်ကတော့လဲ ဝင်းပြောင် ထိန် တောက်လျက် စိန်ကျောက်ပတ္တမြား မြသားပကတိ ရွှေသား ရွှေရောင် ရွှေအဆင်းရှိသတဲ့။

သူ၏ ကိုယ်အနံ့ကတော့လဲ ကြာညိုပန်းနံ့ကဲ့သို့ သင်းပျံ့ ထုံလှိုင် တဖြိုင်ဖြိုင် မွှေးကြိုင်လျက် ရှိသတဲ့။

အင်း- သည်နေရာမှာ ဇောတိက၏ သူဌေးကတော်မ ကလေးဟာ ပယောဂနှင့် ကြောင့်ကြပူပြီး ဘာတခုမှ မလိမ်း မကျံရဘဲနှင့် အမြဲတမ်းတကြိုင်ကြိုင် သူ့ကိုယ်က အလိုလို မွှေးကြိုင်နေတယ်ဆိုတော့ တကာဒြမ်းတို့၏ ယခုရှိနေကြတဲ့ ဟာမတွေကတော့ ဘယ်လိုများ နေကြလိမ့်မှန်းနော်။

(ချစ်လို့သာ နမ်းလိုက်ရ မျက်ခမ်းက တာတေလံ ချွေ စော်ကနံ့)ဆိုသလို ဖြစ်နေကြမလား မသိပါဘူး။

ကဲလေ- ရှိပါစေတော့ ရှိပါစေတော့၊ အဲဒါတွေနှင့်သာ နှိုင်းစာပြီးကြည့်ရလျှင် ယခုလက်ရှိ မောင်မောင်တို့၏ ဟာမ တွေဟာ တောက်တီးတောက်တဲ့ မယားစုပ်ပဲ့ ကလေးတွေ ပါကလား၊ (မှန်ပါ တောက်တီးတောက်တဲ့ မယားစုပ်ပဲ့ ကလေးပါ ဘုရား)။

အဲဒီ- တောက်တီးတောက်တဲ့ မယားစုပ်ပဲ့ ကလေးအတွက်နှင့် သက်သက် ငရဲကျရမှာဟာ အလွန်ဝမ်းနည်းစရာ ကောင်းတယ်၊ ကြပ်ကြပ်ကြီး သတိထားပြီး များများကြီး စဉ်းစားကြည့်ကြစမ်းပါ၊ ငါ့ဟာ ဟုတ်လှပြီ၊ ငါ့ဟာ ဟန်လှပြီ ထင်နေကြလျှင် ပါစင်အောင် မှားကုန်ကြလိမ့်မနော်။

ကဲ-ကဲ တရားနှင့် ကပ်လိုက်ကြစို့။

ထိုဇာတိက သူဌေးကြီးနှင့်တကွ သူဌေးကတော်မတို့သည်လည်း ပစ္စည်းဂုဏ်သိရ် တရှိန်ရှိန်နှင့် တထိန်ထိန်တောက်ကြွားလျက် ဘယ့်ကလောက်ပင် မြောက်မြားကြွယ်ဝ ချမ်းသာကြသော်လည်း သေမင်းကြီးက နင်တို့နင်တို့ အခုလာကြဟု အမိန့်ချလိုက်သဖြင့် သေမင်း၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါကြရလေကုန်ပြီတကား။

ကဲ- သေဘေးကြီးက ရွှေသူဌေးကြီးဘဲကူ၊ ရွှေသူဌေးကတော်ကြီးဘဲကူ ရယ်လို့များချန်လှပ်ပြီး ထားခဲ့သေးရဲ့လား၊ (မထားခဲ့ပါ ဘုရား)။

သေရေးနှင့်ကျတော့ ရွှေသူဌေးလဲ မနေရ၊ ရွှေသူဌေးကတော်လဲမနေရ အကုန်လိုက်ပါကြရတော့သည်။

ကဲ-သူတို့မှာ မိုးပါးနီးခအောင် ကြီးကျယ် ခမ်းနားလှစွာသော ရတနာမယ ပြာသာဒ်ကြီးနှင့်တကွ တဂါဝုတ် နှစ်ဂါဝုတ် ပမာဏရှိသော ရွှေအိုးကြီးတွေကလဲ သေပေါက်သေဝကျတော့ အားကိုးရာ အားထားရာ ရသေးရဲ့လား၊ (အားကိုးရာ အားထားရာ မရတော့ပါ ဘုရား)။

ဒါဖြင့် ခုနစ်ဆင့် ခုနစ်ထပ် ဝန်းရံပတ်ကာပြီး နေသော တံတိုင်းကြီးတွေကကော အစဉ်သဖြင့် မသေအောင် ဝန်းရံ ပတ်ကာ ပေးနိုင်သေးရဲ့လား၊ (မကာမကွယ်နိုင်တော့ပါ ဘုရား)။

ကဲ-ဒါဖြင့် တံခါးမုခ်ဝတို့မှ စောင့်ရှောက်၍နေကြသော အလွန်ကြမ်းထမ်း၍ အားအစွမ်းကြီးမားလှသော နတ်ဘီလူး အစောင့်အရှောက် တွေကကော ထိုသူတို့ မသေရအောင် အစဉ်သဖြင့် လိုက်ပြီး အသေတရားကြီးကို တားဆီးစောင့် ရှောက် နိုင်ကြသေးရဲ့လား၊ (မတားဆီး မစောင့်ရှောက် နိုင်ကြတော့ပါဘူး ဘုရား)။

ဒါ့ကြောင့် ဩော်-ငါတို့မှာ အသေတရားကြီး ကျတော့ ဘယ်သား, ဘယ်သမီး, ဘယ်မြေး, ဘယ်မြစ်, ဘယ်အချစ်, ဘယ်ဆွေမျိုးမှ တစိုးတစိ အားကိုးစရာ အားထားစရာ မရှိ တော့ပါလားဟု များများကြီး ပွားရှုဆင်ခြင်သင့်ပေသည်။

ဩော်-ငါ့မှာ သေပေါက်သေဝ,ကျတော့ ဘယ်စည်းစိမ်, ဘယ်ပစ္စည်း ဘယ်ဥစ္စာ, ဘယ်ချမ်းသာ, ဘယ်ဘယ်ဟာတခုမှ အားကိုးရာ အားထားရာ မရပါကလားဟု အဖန်ဖန်အခါခါ သတိပြုသင့် လှပေသည်။

ဤကဲ့သို့ ရှေးဘုန်းရှေးကံ ထက်သန် ကြီးမား လှသော သူဌေး-သူဌေးကတော်ကြီးများတောင်မှ သေမင်း၏ ဘဝါး အောက် နင်းပြားအဖြစ်သို့ ရောက်ကြရသေးဒါဘဲ၊ ရှေးဘုန်း ရှေးကံ အင်မတန်သေးမွှား ငါတို့လိုသူတွေမှာမူကား အဘယ်

မှာ ဆိုဘွယ်ရာရှိအံ့နည်း။ သေမင်း၏ ဘဝါးအောက်သို့ နင်း ပြား ဖြစ်ကြရမည်သာတည်း။

## ဗိုလ်မှူး ဗိုလ်ချုပ်ကြီး အနေအားဖြင့် အသေတရားကြီးကို ဆင်ခြင်ပုံ

ဘုရားရှင် လက်ထက်တော်အခါ သာဝတ္ထိပြည်မှာ ဗန္ဓုလ စစ်သူကြီးဆိုဒါ တကာဥငြိမ်းတို့ ကြားဘူးကြ ပါလိမ့်မယ်၊ (ကြားဘူးပါ ဘုရား)။

ကောသလမင်းကြီးများ အားကိုးအားထား ပြုလုပ်နေတဲ့ ဗိုလ်မှူး ဗိုလ်ချုပ်ကြီး ဖြစ်သပေါ့လေ။

ဗိုလ်ခြေဗိုလ်ပါ မြောက်မြားစွာသော အမင်းမင်းတွေနှင့် ရင်ဆိုင် ယှဉ်ပြိုင်ပြီး စစ်ခင်းလျှင် ခဏချင်းနှင့် အနိုင်ရတဲ့ ဗိုလ်မှူးကြီးပေပေါ့။

အမျိုးမျိုးသော စစ်ပွဲတွေမှာ တစ်စွဲခဲ့တဲ့ ဗိုလ်ချုပ်ကြီး ပါဘဲ။

သူ၏ ကြင်ယာတော် စစ်ဗိုလ်ကတော်ကြီး ကတော့ မလ္လိကာတဲ့ အဲဒီမလ္လိကာ အမည်ရှိသော စစ်ဗိုလ်ကတော်ကြီး ကလဲ အားခွန်ဗလနှင့် ပြည့်စုံ၍ ဘယ်လိုစစ်သူပုန် အရေး ဖြစ်ဖြစ် ဖြုံဖြုံကလေးမျှ မရှိဘူးတဲ့။

ဗန္ဓုလ ဗိုလ်ချုပ်ကြီး၏ အားအင်ကတော့ ရထားပေါ်က နေ၍လေးကိုတင်လိုက်သောအခါ သူ့ရထားဘီးဟာ မြေကြီး ထဲမှာ ပုန်းတောင်းဆိုက်အောင် စူးဝင်ကျွံနစ်၍ သွားသတဲ့။

ပြီးတော့လဲ လေးညှို့ကြိုးကို ဖြန့်လိုက်သောအခါ မိုးကြိုးသံကြီးကဲ့သို့ မြည်ဟီးပြီး မြေကြီးတောင် တုန်လှုပ်သွားသတဲ့။

သူ၏ မျှားတစင်းကို ပစ်ခွင်းလိုက်သောအခါ မြောက်မြားစွာ ဖောက်ထွင်းပြီး မြေကြီးတောင် စူးဝင်သွားသေးသတဲ့။

အင်း- အလွန် အားအင်ရှိပြီး အတော်သတ္တိရောက်တဲ့ လေးမျှားဘဲ အသေးအမွှား မထင်ကြနှင့်နော်။

တနေ့သောအခါ ရထားငါးရာနှင့်တကွ လိစ္ဆဝီမင်းငါးရာတို့ လိုက်ကြလေရာ မျှားတစင်းဖြင့် အားချင်း ပစ်ခွင်းလိုက်ရာတွင် လိစ္ဆဝီမင်း ငါးရာဟာ အကုန်မသာကောင်တွေချည်းဖြစ်ကုန်ကြသတဲ့။

ဤမျှလောက် အင်အားသတ္တိ ပြည့်ခြင်းရှိကြသော ထိုဗန္ဓုလ စစ်ဗိုလ်ချုပ်ကြီးနှင့်တကွ မလ္လိကာ စစ်ဗိုလ်ကတော်ကြီးတွေလဲ သေပွဲသို့ ဝင်ကြရလေကုန်ပြီ။

သေမင်း၏ အသေလက်နက်နှင့်ကျတော့ သူတို့၏လက်နက်ဟာ တချက်ကလေးမှ မခုခံနိုင်ကြတော့ဘဲ ဗုံးဗုံးလဲကျ အရှုံးပေးလိုက်ကြရတော့သည်။

ကဲ-သူတို့ရဲ့ အားအစွမ်းကြီးတွေဟာ သေမင်းနှင့်ကျတော့ အန္တုဗလ ပြုနိုင်ကြသေးရဲ့လား တကာငြိမ်းရ၊ (အန္တုဗလ မပြုနိုင်ကြတော့ပါ ဘုရား)။

လေးကြီးကို တင်လိုက်သောအခါ ရထားဘီးဟာ ပုန်းတောင်းကျအောင် မြေကြီးသို့ နှစ်မြုပ်သွားအောင် စွမ်း

ဆောင်နိုင်သော အင်အားလဲ ဘယ်ဆီ လွင့်ပါးသွားရတယ် မသိတော့ဘူး။

လေးညှို့ကို ဖြန့်တီးလိုက်လျှင်မိုးကြိုးသံကြီးကဲ့သို့ မြည်ဟီး သွားအောင် စွမ်းဆောင်နိုင်သော သတ္တိနှင့် ဇွဲဟာလဲဘဲ ဘယ် ဆီမှာ ဖွဲပြာဖြစ်သွားတယ် မပြောတတ်တော့ ပါဘူးနော်။

မျှားတစင်း ပစ်ခွင်းလိုက်သောအခါ ငါးရာသော လိစ္ဆဝီ မင်းတွေတောင် အကုန်လုံး အသေကောင်ချည်း ဖြစ်ကုန် အောင် စူးဝင်ဖောက်ထွင်းသွားနိုင်သော မျှားမောင်မောင် တို့ကလဲ ဘယ်ချောင်ထိုးပြီး ငုပ်သျှိုးတိမ်းရှောင်နေကြတယ် မသိတော့ပေ။

အင်ကြီးအားကြီး မျှားကြီးလေးကြီး သံလျက်ကြီးတွေ နှင့်တကွ သေမင်း၏ခြေရင်းကျတော့ တခါတည်းဒူးထောက် လက်မြှောက်ကြရတော့ဒါဘဲမဟုတ်လား၊ (မှန်ပါ ဒူးထောက် လက်မြှောက်လိုက်ကြရပါဘုရား)။

ပြောလို့သာပြောရ၊ ဆိုလို့သာဆိုရ ဘယ်လိုပင် လက်နက် တွေ ကောင်းကောင်း ဘယ်လိုပင် အားစွမ်းသတ္တိတွေရှိရှိ သေမင်း၏ ခြေရင်းကျတော့ မကွေ့မကွင်း မသွေ့ပြင်းနိုင် တော့ဘဲ တဦးတယောက်မျှ အထူး မလျှောက်သာတဲ့ပြင် ဒူးထောက်ခါ လက်မြှောက်လိုက်ကြရတော့သတည်း။

ဤကဲ့သို့ အားစွမ်းသတ္တိ ပြည့်စုံခြင်း ရှိကြကုန်သော ဗန္ဓုလစစ်သူကြီးနှင့်တကွ စစ်ဗိုလ်ကတော် မလ္လိကာတို့သော်မှ လည်း သေမင်း၏ ရှေ့မှောက်သို့ ဆိုက်ရောက်ကြသောအခါ

ဒူးထောက်၍ လက်မြှောက်ကြရချေသေးသည်။ အားစွမ်းမဲ့သူ ငါတို့တတွေမှာမူကား အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။သေမင်းကြီး၏ ရှေ့မှောက်တွင် ဒူးထောက်၍ လက်မြှောက်ကြရမည်သာတည်း။

## တန်ခိုးကြီးသူ အနေအားဖြင့်လည်း အသေတရားကြီး ဆင်ခြင်ပုံ

စျာန်အဘိညာဉ်နှင့် ပြည့်စုံသည်ဖြစ်၍ အလွန်တန်ခိုးကြီးသော ပုဂ္ဂိုလ်ကို ထုတ်ဆို ပြောပြရမည်ဆိုလျှင် ဘုရားရှင်လက်ထက်တော်အခါက အရှင်မဟာ မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဆိုဒါ လူတော်တကာ ကြားဘူးကြပါလိမ့်မယ် တကာငြိမ်းရ၊ (မှန်ပါ ကြားဘူးကြပါ ဘုရား)။

လက်ဝဲတော်ရံ နာမံဘွဲ့တပ် တံဆိပ်ခပ်သည့် အရှင်မဟာမောဂ္ဂလာန် ရဟန္တာ ကိုယ်တော်မြတ်ကြီးဟာ တန်ခိုးတော်အရာမှာ ဘုရား တေဒဂ် ထားတော်မူတယ် မဟုတ်လား၊ (မှန်ပါ တေဒဂ် ရတော်မူပါ ဘုရား)။

ဘုရားအရှင် လက်ထက်တော် အခါက စျာန်အဘိညာဉ်ရကြကုန်သော စျာနလာဘီ ရဟန္တာပုဂ္ဂိုလ်ကြီးတွေ အများအပြားတို့တွင် ဘုရားရှင်ကလွဲလျှင် သူဘဲ တန်ခိုးအဘိညာဉ်အကြီးကျယ်ဆုံးပေါ့လေ။

ကဲ- တန်ခိုးကြီးကျယ်ပုံကို အနည်းငယ်မျှ ပြောပြပါဦးမယ်။

ယူဇနာတထောင် အမြင့်ဆောင်သော အခေါင်ကြီးမား သိကြားစံရာ ဝေဇယန္တာ ဘုံဗိမာန်ကြီးကိုတောင်မှ ခြေမ တော်ဖျားဖြင့် ချွန်ကစားတော်မူလိုက်တာ သွက်သွက်ခါ အောင် တုန်လှုပ်သွားသတဲ့။

ထိုအခါကျတော့ သိကြားမင်းနှင့်တကွ သိကြားမင်း၏ ပရိသတ်ခပင်း ဝေဿဝဏ် နတ်မင်းကြီးတွေပါ ကြောက်လိုက် ကြ လန့်လိုက်ကြဒါ ကြက်သီး မွေးညှင်းတွေထပြီး နေစရာ မရ တာဝတိံသာ ဘုံတန္နုန်းဟာ အကုန်လုံး ဖိန့်ဖိန့်တုန်ကုန် ကြရော ဆိုကိုး။

သည်လိုဖြစ်တော့မှ (အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော) ဟု နတ်အများက ထောမနာ ပြုကြသတဲ့၊ အရှင် မောဂ္ဂလာန် ကိုယ်တော်မြတ်၏ တန်ခိုးတော်သည် ဩော်- အံ့ဩဘွယ် ကောင်းလေစွ၊ ဩော်- မဖြစ်စဘူး ဖြစ်လေစွဟု ဆိုကြသည်။

ဤကဲ့သို့ အံ့ဘွယ်သရဲ အနန်အဝဝ တန်ခိုးတော်ပြရခြင်း မှာ နတ်သမီး, နတ်သား, နတ်အများကို ကြွားလိုဝါလို နိုင်ထက် စီးနင်း ပြုလို၍ ပြရသည်မဟုတ်ဘူး၊စင်စစ်ကတော့ စည်းစိမ် ဖြင့် မာန်ရစ်ပြီး တရားသတိလွတ်ကင်း၍ နေကြသော နတ် သမီး, နတ်သား, နတ်တန်ခိုးကြီးများအား တရားသတိ ရရှိ စေခြင်းငှာ ကရုဏာတော် အကြောင်းရင်းကြောင့် ထိုကဲ့သို့ တန်ခိုးတော်ကို ပြတော်မူရခြင်းဖြစ်တယ်။

အင်း- ဝေဇယန္တာ ဘုံဖျားကို အကုန်လုံး ဖိန့်ဖိန့်တုန် သွားအောင် ခြေမတော် ဖျားကလေးနှင့် သွက်သွက်ခါ

လှုပ်ရှား ယိမ်းယိုင်စေနိုင်တော် မူတယ်ဆိုတော့ အတော် တန်ခိုးကြီးတော်မူဒါပဲနော်၊ (မှန်ပါ အတော် တန်ခိုးကြီး ပါ ဘုရား)။

ထိုမှတပါး ငရဲသူ ငရဲသားများကို သနား ကရုဏာ ကြီးမားစွာနှင့် သက်သာရာ ချမ်းသာရာ ရစေခြင်းငှာ ရုံဘန် ရုံခါ ငရဲပြည် ငရဲရွာသို့ ကြွသွားတော်မူလေသည်။

ငရဲပြည်သို့ ဒေသစာရီ ကြွချီတော်မူသောအခါမှာလည်း အပူဓာတ်ကြီးကို အေးစေသတည်းဟု အဓိဋ္ဌာန်တော်မူပြီး လှည်းဘီး အတိုင်းအရှည်ရှိသော ပဒုမာကြာပွင့်ကြီးကို ဖန် ဆင်းတော်မူ၍ ထိုပဒုမာကြာချပ်ကြီးပေါ်က နေလျက် ငရဲ သားတွေကို တရားဟောတော်မူပေ၏။

သည်အခါ သည်အခိုက်အတန့် အတွင်းမှာ အလွန်ပူပြင်း လှစွာသော ငရဲမီးအလျှံတွေ ရပ်စဲ၍နေသဖြင့် ငရဲသူ ငရဲသား တွေဟာ သက်သာရာ သက်သာခွင့် ရကြလေသည်၊ အလွန် အံ့သြဘွယ်ကြီးပါပေတည်း။

ဩော်- ငရဲမီး ငရဲမီးနှင့် ရီးတီးယားတား အသံကြားနှင့် အများ ပြောဆိုကြ ပေါ့ပေါ့ဆဆ အထင်ရောက်၍ သိပ် ကြောက်စရာ ကောင်းပါကလားဟု စဉ်းစားမှု နည်းပါး ကြလိမ့်မယ် ထင်တယ်၊ ငရဲ မီးပူပြင်းပုံကို သတိရှိကြစရာ သိသာရုံမျှ ပြောပြအုံးမှာဘဲ။

ငရဲမီးဆိုဒါ ယခု လူ့ပြည် လူ့ရွာ လူ့ဌာနတွေမှာ ရှိနေကြသော မီးမျိုးဟုတ်ထာ မဟုတ်ဘူး၊ လူ့ပြည်မှာ သုံးစွဲ

၍ နေကြသောမီးများထက်အဆရာထောင်မကအောင် ပူပြင်း တယ်ဆိုဒါ အသေအချာ မှတ်ကြရမယ် တကာငြိမ်းရ၊(မှန်ပါ အမိန့်ရှိတော်မူပါ ဘုရား)။

ယခုလူတွေ ထမင်းချက်ခြင်း, ဟင်းချက်ခြင်း စသည်ဖြင့် ပြုလုပ်သုံးစွဲ၍ နေကြသော မီးတွေကိုတော့ ကိုယ်တွေ့ ဒိဋ္ဌ မျက်မှောက်တွင် ရှိနေကြသောကြောင့် ပူပုံ လောင်ပုံ မီး အလားကို သိကြပြီသား ဆိုပါတော့လေ၊ (မှန်ပါ သိကြပြီး သားပါ ဘုရား)။

ငရဲမီးသဘောအရ ပူပြင်းလောင်ကျွမ်းပုံကို ပြောပြရလျှင် ခုတ်သစ်စ ဖြစ်သော အနှစ်နှင့် ထွေးထွေး အစေးနှင့် ဝေဝေ အရေနှင့်စိုစို ထင်းတစည်းတိုက်မျှကို နှမ်းစေ့ ပမာနလောက် ရှိသော အဝီစိ ငရဲမီးပွားကလေး တစ်ချလိုက်တော့ တခဏ ချင်းဘဲ ပြာကျ၍ သွားသတဲ့ သိပ်ပူဒါဘဲနော်။

အိမ်လုံးပမာန ကျောင်းလုံး ပမာနရှိသော ကျောက်တုံး ကျောက်ခဲကြီးတွေကို ငရဲမီးချလိုက်လျှင် ခဏချင်းပင် ပြာကျ ၍ သွားစေနိုင်သတဲ့ အားကြီးပူဒါဘဲနော်။

အဝီစိငရဲမီးကို ယူဇနာ့ တရာထက်ကနေ၍ လှမ်းပြီးကြည့် လိုက်လျှင် ပကတိ လူတို့မျက်စိဟာ ဖောင်းခနဲ ပေါက်ကွဲ၍ သွားရသတဲ့ အလွန်ပူဒါဘဲနော်။

သို့ကလောက် ပူလောင်ချက် ပြင်းထန်သော ငရဲမီးလျှံ သတ္တိကို ပျော့စိစိ မမှတ်ကြနှင့်နော်၊ ပျော့စိစိ မှတ်ကြလျှင် ဖြုတ်ဖြုတ်တလူး ပြာကြကုန်မယ်။

အဲဒီ ငရဲမီးတွေဟာ ရှင်မဟာ မောဂ္ဂလာန် ကိုယ်တော် မြတ်ကြီးကျတော့ အကုန်လုံး အရှုံးပေးကြရတယ်၊ အလွန် တန်ခိုး ကြီးဒါဘဲနော်၊ (မှန်ပါ အလွန်တန်ခိုး ကြီးလှပါ ဘုရား)။

ထိုမှတပါး နန္ဒောပနန္ဒ အမည်ရသော နဂါး မင်းအား သနားခြင်းကရုဏာနှင့် လိမ္မာယဉ်ကျေးအောင် နှိမ်နင်းဆုံးမ တော်မူရာမှာလဲ လွန်စွာ အံ့ဩဘွယ်ကောင်းတယ်၊ ဆုံးမတော်မူ ပုံကတော့ သည်လိုတဲ့။

တနေ့သောအခါ နန္ဒောပနန္ဒနဂါးမင်းသည် မိမိ၏ မူးကြီး မတ်ရာ သေနာပတိ များဘိခပင်း နဂါးကညာတသင်းတို့နှင့် တကွ ကြီးကျယ် ခမ်းနားစွာ ပျော်ပွဲ သဘင်ကြီး က,ခုန် ကျင်းပနေကြရာ ဘုရားရှင်နှင့်တကွ ငါးရာသော သာဝက တို့သည် ကောင်းကင် ခရီးဖြင့် နဂါးမင်းကြီး၏ ဘုံဗိမာန် ပေါ်က ဖြတ်ကျော်ပြီး ကြွသွားတော်မူကြသတဲ့။

ထိုအခါ နဂါးမင်းသည် ထန်ပြင်းစွာဒေါပွ၍ အောင်မယ် ငါ၏ဂေါင်းပေါ်က ဖုံခြေမှုန့်တွေ ကြဲချပြီး မကြာခဏ သွား လာလေ့ရှိကြသော ဦးပြည်းရဟန်းတွေ နေနှင့်ကြဦး နေနှင့် ကြဦး၊ ယနေ့ ငါ့အကြောင်းကို သိစေရမည်ဟု ရန်ငြိုးကြီး ပြုလေ၏။

သက်ကြီးသက်ငယ် ဂုဏ်ကြီးဂုဏ်ငယ်မရွေးချယ်ဘဲ ကျယ် သလိုလို ဝန့်သလိုလိုနှင့် မရိုမသေ မထေမဲ့မြင် ဆင်ခြင်မရှိ ငါ၏ ဗိမာန်ပေါ်က ဖြတ်ကျော်ခါ ဖြတ်ကျော်ခါ မကြာ မကြာ ခဏခဏ တာဝတိံသာသို့ သွားကြလာကြလှ ယနေ့

တော့ ငါ့သတ္တိပြလိုက်မည်ဆိုပြီး ယူဇနာပေါင်း ရှစ်သောင်း လေးထောင် လုံးရပ်ဆောင်သော မြင့်မိုရ်တောင်ကြီးကို မိမိကိုယ် ဖန်တီး ရစ်ပတ်လိုက်တာ ခုနစ်ပတ် ပတ်မိသွားရော့ဆိုဘဲ။

နဂါးမင်း၏ ပါးပျဉ်းကြီးကလဲ မြင့်မိုရ်တောင် ထိပ်ကို ဖုံးပိတ်မိုးကာပြီးထားလိုက်တာ တောင်ထိပ်မှာ တည်ရှိသော တာဝတိံသာတခုလုံး အကုန်အုပ်ဖုံး နေရောဆိုကိုး၊ အင်း– အတော်ကြီးမားတဲ့ နဂါးမင်းပါကလားနော်။

ထိုအခါ အကြောင်းသိရ၍ နဂါးမင်းကို နှိပ်နင်းဆုံးမ ရန် အရှင် မောဂ္ဂလာန် တာဝန် ကျလာတော့ အရှင်မြတ်ကလည်း စတုတ္ထ ဈာန်သမာပတ်ကို ဝင်စားလျက် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် ရဟန်း၏ အသွင်ကို ဖျောက်ပြီး နဂါးကြီး အသွင်ဖြင့် တခါတထပ် ဆင့်ပြီးပတ်လိုက်တာ မြင့်မိုရ်တောင်မှာ တဆဲ့လေးပတ် ပတ်မိသွားပါရောတဲ့။

နန္ဒောပနန္ဒ နဂါးကြီး၏ ဥက္ကောင်းပေါ်က ရဟန္တာ နဂါး၏ ပါးပျဉ်းကြီးက ဖုံးအုပ်ထားလိုက်တာ အောက်က တုပ်တုပ်မှ မလှုပ်နိုင်တော့ဘူးဆိုကိုး၊ အင်း–ကြီးကျယ်ပါဘိနော်....။

ရဟန္တာနဂါးက နန္ဒောပနန္ဒ နဂါးကို နင်လားဟဲ့နဂါးဆိုပြီး မြင့်မိုရ်တောင်သားနှင့် ညှပ်ညှပ်ပြီး ကြိတ်လိုက်တော့ မခံနိုင်သော စိတ်မာန်နှင့် ဒေါသတွေ တမျိုးထန်ပြီး အခိုးအလျှံတွေ လွှတ်ကုန်ပါရောတဲ့။

သယ်-သင်သာလျှင် အခိုးလွှတ်နိုင်သည် မဟုတ်၊ ငါလဲ အခိုးလွှတ်နိုင်သည်ဆိုပြီး သူ့ထက်ကြီးမားသော အခိုးအလျှံတွေကို လွှတ်တော်မူပြန်သတဲ့။

ထိုအခါ နှစ်ဦးသော နဂါးတို့၏ အခိုးအလျှံတို့ကြောင့် မိုးနဘန်အုပ်ဖုံး မြင့်မိုရ်တောင်ကြီး တခုလုံးမှာ မီးဟုန်းဟုန်း တောက်လောင်နေ သကဲ့သို့ တပြောင်ပြောင် တရှိန်ရှိန်နှင့် ထိန်ထိန်လင်းလင်း ဝင်းဝင်းတောက် ဖြစ်လေ၏။

နဂါးမင်း၏ အခိုးအလျှံသည် ရှင်မောဂ္ဂလာန်ကို ဘယ်လိုမှ မနှိပ်စက် မညှဉ်းဆဲနိုင်ပေ၊ ရှင်မောဂ္ဂလာန်၏ အခိုးအလျှံကသာ နဂါးမင်း၏ အရေအသား အရိုးထဲသို့ စူးဝင်ဖောက်ခွဲပြီး ညှဉ်းဆဲ နှိပ်စက်လေ၏။

နဂါးမင်းသည် ရှင်မောဂ္ဂလာန်၏ ပြင်းထန်သောဒဏ်ကို မခံနိုင်လှ၍ ငါ့ကို မြင့်မိုရ်တောင်နှင့် ညှပ်ပြီး ကြိတ်တာဟာ ဘယ်သူလဲဟု မေးလေရာ ငါ, ဘုရားရှင်၏ လက်ဝဲတော်ရံ မောဂ္ဂလာန်ဘဲဟု ပြန်ပြောသောအခါ သို့ဖြစ်လျှင် သင်သည် ရဟန်း၏အသွင်ကိုပြမှသာလျှင် ငါယုံကြည်နိုင်မည်ဟု ပြောလေလျှင် ရှင်မောဂ္ဂလာန်သည် နဂါး၏အသွင်ကိုပယ်ဖျောက်၍ ရဟန်း၏အသွင်ကို ထင်မြင်အောင် ပြလေ၏။

ရဟန်း၏အသွင်ကိုပြ၍ နဂါးမင်းမြင်ရသောအခါ လူသားစစ်စစ် အမှန်ဖြစ်သော မောဂ္ဂလာန် ငါ၏အဆိပ်ဒဏ်ကို ဘာခံနိုင်ရမလဲ ဟူသော စိတ်ထားနှင့် အံသွားကို ကျိတ်လျက် အဆိပ်ကိုထုတ်ပြီး နှာခေါင်းလေကို အတင်းမှုတ်ထုတ်ပြန်ရာ။

ရဟန္တာအရှင်မြတ်ကလည်း နဂါးမင်းမှုတ်ထုတ်အပ်သော အဆိပ်လေတို့ကို ကြိတ်ချေ၍ အတင်း မပြတ်ကြိုပြီးခံတွင်းဖြင့် ဟပ်မျိုတော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားက ယုဂန္ဓိုရ်တောင်ဖျားမှ တန့်နားတော်မူလျက် ချစ်သား မောဂ္ဂလာန် စတုတ္ထ စျာန်သမာပတ်ကို ကြပ်ကြပ်ဝင်စားလော၊ ဤနဂါးသည် အလွန်တန်ခိုးကြီးမား၏ဟု သတိပေးစကားကို မိန့်ကြားတော်မူလိုက်လျှင် အရှင်ဘုရား စိုးရိမ်တော်မမူပါလင့်၊ ဤနဂါးထက် တန်ခိုးကြီးသော အရာအထောင်ကို သော်လည်း အကျွန်ုပ် နိုင်နင်းအောင် ဆုံးမနိုင်ပါသည်ဘုရားဟု လျှောက်ထားပြီး နဂါး၏ခံတွင်းသို့ အတင်းပြေးဝင်တော်မူလေသည်။

နဂါးမင်း၏ခံတွင်းပေါက်က ဝင်တော်မူလျက်နားပေါက်မှ ထွက်တော် မူလေ၏၊ နားပေါက်က ဝင်တော်မူလျက် နှာခေါင်းပေါက်မှ ထွက်တော်မူလေ၏။ ကိုက်တော့မည် ပစပ်ကြီး အဟ,လိုက် အဟ,လိုက်တွင်လည်း ပစပ်ပေါက်က ဝင်ပြီး အူပေါ်တွင် စင်္ကြံကြွတော်မူလေ၏။

အောင်မယ် ငါ၏ ဝမ်းတွင်းမှာ ဝင်သွားဒါကို အစက ငါမမြင်လိုက်ရ၍ ချမ်းသာခွင့် ရလေသည်၊ ထွက်လာသော အခါကျမှ ထက်လှသော ငါ၏အစွယ်ဖျားတွင် မှုန့်မှုန့်ညက် ညက် ကြေ သွ ား စေ မည် ဟု ကြံစည်ပြန်လျက် ရဟန်းမောဂ္ဂလာန် အသင်ပြန်၍ ထွက်ခဲ့ဦး ထွက်ခဲ့ဦးဆို၍ အရှင်

မောဂ္ဂလာန်သည် အစွယ်နှစ်ဘက်ကို ရိုက်နှက်ပြီး အပြင်ဘက်သို့ ထွက်တော်မူလာပြန်သည်။

နဂါးမင်းသည် ခံပြင်းလှ၍ အဆိပ်နှင့်တကွ နှာခေါင်းကလေတွေကိုအတင်းမှုတ်လျက် တချက်ထည်း ဖမ်းအကိုက်လိုက်တွင် ခံတွင်းက ဝင်ပြီး လျှာပေါ်တွင် စင်္ကြံကြွတော်မူနေပြန်လေ၏။

အတွင်းကနေပြီး နဂါး၏ သွားတွေကို ပုတ်ခတ်ကစားပြီး အပြင်ဘက်သို့ တဖန် ပြန်ထွက်လာသောအခါ ငါသည် ဤရဟန်းနှင့် တန်ခိုးပြိုင်၍ ဘယ်တော့မှ အနိုင်ရတော့မည်မဟုတ်ပေ၊ ပြေးမှသာ တော်ချေမည်ဟု အကြံအစည်ပြုပြီး နဂါးကြီး အသွင်ကို ဖျောက်ပယ်လျက် နဂါးငယ်အသွင် ဖန်ဆင်းခါ သီတာရေပြင်သို့ အတင်းသက်ဆင်း ပြေးဝင်လေ၏။

အရှင် မောဂ္ဂလာန်ကလည်း ဂဠုန်သဏ္ဌာန် ဖန်ဆင်းပြီး အတင်းလိုက်ပြန်လေ၏။

နဂါး မင်းသည် အားချင်းပင် ပြေးသော်လည်း ရှင်မောဂ္ဂလာန်၏ ဂဠုန်ဘေးမှ ကင်းဝေး လွတ်မြောက်ရန်မရှိ၊ ကြံရာမသိတော့ လူသားအသွင်ကို ဖန်ဆင်းပြီး လူ ဗ္ဗြာဟ္မဏကြီး ဟန်ဆောင်ပြုလုပ်နေပြန်ရာ-

အရှင်မြတ်ကလည်း နတ်ဘီလူးကြီးသဏ္ဌာန် ဖန်ဆင်းပြီး မျက်လုံးကြီးက ပြူးပြူး အစွယ်ဖွးကြီးက ငေါငေါ နဖူးကြောကြီးက ကုတ်ကုတ် ပစပ်ကြီးက တဂါဝုတ်လောက်နှင့် အတင်းကိုက်ဝါးမည် ပြုလုပ်တော့မှ နဂါးမင်း နေစရာမရ

ကြွက်သီး မွေးညှင်းတွေထခါ အလွန်ကြောက်လန့်လာသဖြင့် ကဗျာကရာ ရှိသေစွာ ဝပ်တွားလျက် အရှင်ဘုရား အကျွန်ုပ် မှားခြင်းကြီး မှားပါပြီ၊ အကျွန်ုပ်ကို သနားတော်မူပါက အကျွန်ုပ်ပြုလုပ်မိသော အပြစ်များကို ခွင့်လွှတ်ပြီး အကျွန်ုပ် အား သည်းခံတော်မူပါဘုရား၊ သည်းခံတော်မူပါဘုရားဟု လျှောက်ထား ဝန်ချ တောင်းပန်လေ၏။

ဤကဲ့သို့ ရှင်မောဂ္ဂလာန်က နှိမ်နင်းဆုံးမ၍ နန္ဒောပနန္ဒ အမည်ရသော နဂါးမင်းက တောင်းပန်ဝန်ချ ကန်တော့ပြီးမှ ရှင်မောဂ္ဂလာန်က တဖန် ဘုရားထံ ခေါ်သွား၍ ဘုရားထံ ရောက်တော့မှ ဘုရားက တရားပြသဖြင့် နဂါးဘဝနှင့် တရား ရပြီး ဥပါသကာကြီး အဖြစ်သို့ စင်စစ် ဆိုက်ရောက်ရလေ သတည်း။

ရှင်မောဂ္ဂလာန် တန်ခိုးကြီးကျယ်ပုံကို အနည်းငယ်ရယ်လို့ ပြောပြလိုက်တာ အတော် ကြာသွားပြီလား မသိပါဘူး၊ သိပ်ပြီး တန်ခိုးကြီးမားတော်မူဒါဟာ ထင်ရှားပြီမဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ ထင်ရှားပါပြီ ဘုရား)။

ကဲ- ဒါဖြင့် တန်ခိုး အဘိညာဉ်တွေ ဘယ့်ကလောက်ပင် ကြီးကျယ်၍ နေငြားသော်လည်း အသေတရားကြီးကို မတား ဆီး မလွန်ဆန်နိုင်တော့ ယခု အထင်ခံ အမြင်ခံ အနေနှင့်များ ပြောပြနိုင်သေးရဲ့လား၊ (မပြောပြနိုင်တော့ပါ ဘုရား)။

ဘာ- ပြောပြနိုင်တော့မှာလဲ မရဏမင်းက ဖြိုခွင်းဖျက် ဆီး၍ ပျက်စီးပျောက်ကွယ်သွားရပေါ့ဘဲ။

ယူဇနာ၁၀ထောင် အမြင့်ဆောင်သော သိကြားမင်းစံရာ ဝေဇယန္တာ ပြာသာဒ်ကြီးကို ခြေမတော်ဖျားဖြင့် ယိမ်းယိုင်သွားအောင် လှုပ်ရှားစေနိုင်သော တန်ခိုးတော်ကြီးကလဲ သေမင်းနှင့်ကျ အရှုံးပေးရတော့သည်။

ငရဲရှစ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသောအခါ ငရဲမီးတွေကို မပူမလောင်ရအောင် တားဆီး လွှမ်းမိုးနိုင်သော တန်ခိုးကြီးတွေကလဲ သေမင်းနှင့်ကျ လက်ရှော့ရတော့သည်။

နန္ဒောပနန္ဒ နဂါးမင်းကြီး၏ ခံတွင်းတလျှောက် နား, နှာပေါက်တဝိုက် ဝမ်းပိုက်အတွင်းမှာ ဝင်ချီထွက်ချီ အလီလီ အလာလာ အခါခါ အထပ်ထပ် အနိုင်ရအောင် ဆုံးမတော်မူတတ်သော တန်ခိုးတော်မြတ်ကြီးတွေကလဲ သေမင်းနှင့်ကျ တန်ခိုးသတ္တိ မပြနိုင်ကြတော့ဘူး။

ဤကဲ့သို့ တန်ခိုးသတ္တိနှင့် ပြည့်စုံခြင်း ရှိတော်မူပေသော အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသော်မှ သေမင်းနှင့်ကျတော့ အရှုံးပေးတော်မူရချေသေးသည်၊ တန်ခိုးမဲ့သူ ငါတို့တတွေမှာမူကား အဘယ်မှာ ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း၊ သေမင်းနှင့်ကျတော့ အရှုံးရပြီး လုံးလုံးမထနိုင်တော့ဘဲ ဗုံးဗုံးကျ ဖြစ်ကြရမည်သာတည်း။

## ပညာကြီးသူအနေအားဖြင့်လည်း အသေတရားကြီးကိုဆင်ခြင်ပုံ

ပညာအရာ အရှင်သာရိပုတ္တရာ ရဟန္တာ ကိုယ်တော်မြတ်ကြီးဘဲ မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ ပညာအရာ အရှင်သာရိပုတ္တရာပါဘဲ ဘုရား)။

တန်ခိုးတော်အရာ အရှင်မောဂ္ဂလာန်၊ ပညာအရာ အရှင်သာရိပုတ္တရာဘဲဆိုဒါ အများကြားသိကြပြီးသားပေါ့။

မြတ်စွာဘုရားကြီးကို ချန်လှပ်၍ထား ဘုရားမှတပါး သာဝက အများတွင် အရှင် သာရိပုတ္တရာသာ အချွန်ဆုံး အလွန်ဆုံး ပညာအကြီးဆုံးဟု ဧတဒဂ်ဆုကို ဘုရားရှင် ချီးမြှောက်ခွင့်ပြုတော်မူအပ်သော တဆူမြတ်အမော် မထေရ်ကျော်ကြီး ပါပေတည်း။

ပညာတော်၏ ကြီးကျယ်ပုံကို နှိုင်းချိန်နိုင်ရုံမျှ ပြောပြပါအံ့။

ဘုရားမှတပါး သာဝကကြီးများ၏ တရားသိသော ပညာနှင့် အရှင်သာရိပုတ္တရာ၏ ပညာကို နှိုင်းယှဉ်စာရလျှင် သချာပမာန တဆယ့်ခြောက်စိတ်, စိတ်က တစိတ်စာမျှ မမှီနိုင်ကြပေ။

တနည်း အရှင်သာရိပုတ္တရာ၏ ပညာတော်ကို နှစ်ရာ့ငါးဆယ့်ခြောက်စိတ်, စိတ်သော်လည်း တစိတ်တဒေသမျှ မမှီနိုင် မယှဉ်နိုင်ကြကုန်။

အရှင်သာရိပုတ္တရာ၏ ပညာနှင့်ပတ်သက်၍ မှတ်ချက်တခုမှာ တကမ္ဘာ ကာလပတ်လုံး အုံးအုံးတက်မျှ ရွာသွန်၍ချသော မိုးဃ်းရေမိုးဃ်းပေါက် တို့ကို လက်တဖျောက်မျှ တခဏနှင့် ရေတွက်ပြတော်မူနိုင်သတဲ့။

ထို မိုးဃ်းရေ မိုးဃ်းပေါက်တို့တွင် ဤမျှလောက်သော မိုးဃ်းရေ မိုးဃ်းပေါက်တို့ကား မဟာသမုဒ္ဒရာ၌ ကျရောက်

ကုန်၏။ ဤမျှလောက်သော မိုဃ်းရေမိုဃ်းပေါက် တို့ကား မြေအပြင်၌ ကျရောက်ကုန်၏။ ဤမျှလောက်သော မိုဃ်းရေ မိုဃ်းပေါက် တို့ကား တောင်ပေါ်တို့၌ ကျရောက်ကုန်၏ဟု သည်အထိ မကြာခဏနှင့် ရေတွက်၍ ပြတော်မူနိုင်ပေ၏။

ဒါကြောင့်လဲမြတ်စွာဘုရားက နည်းအမြွက်မျှကို ပြတော် မူလိုက်လျှင် နည်းပေါင်း အရာ, နည်းပေါင်း အထောင်, နည်းပေါင်း အသိန်းမက ဖြေဆိုဟောကြားတော် မူနိုင် ဒါပေါ့။

ဘယ့်ကလောက် အရှင်သာရိပုတ္တရာ၏ ပညာတော်ဟာ ကြီးကျယ်သလဲ အလွန်အံ့ဘွယ် သရဲကြီး မဟုတ်လား၊ (မှန်ပါ အံ့သြဘွယ်ရာကြီးပါဘုရား)။

တိုတို ပြောကြပါစို့ရဲ၊ ဂင်္ဂါမြစ်ကြီးထဲ၌ရှိသော သဲလုံး ကလေးတွေကို တလုံးပြီးတလုံး တလုံးပြီးတလုံး ရေတွက်ခါ ဖြုန်းနိုင်ရလျှင် ထိုသဲလုံးတွေဟာ ကုန်ဆုံးဘွယ်ရာသာ ရှိတော့ သည်။ အရှင်သာရိပုတ္တရာ၏ ပညာတော်ဉာဏ်လမ်းမှာ ဆုံးခန်း တိုင် မရှိချေ။ ထို့အတူ မဟာသမုဒ္ဒရာကြီး၌ရှိသော ရေတွေ ကို အထွေထွေ ပမာန ရေတွက်ရလျှင် ကုန်ဆုံးကြရပေမည်။ ပညာတော်ကြီးမှာ ကုန်ဆုံးဘွယ်ရာ မရှိချေ။ ထို့အတူ ဤ မဟာပထဝီ မြေကြီး၌ရှိသော မြေမှုန့်ကလေးတွေကို တခုစီ တခုစီ ရေတွက်လျှင် ကုန်ဆုံးဘို့သာမြင်သည်။ အရှင်သာရိ ပုတ္တရာ၏ ပညာတော်တွေကို ကုန်ဆုံးနိုင်ဘွယ်ရာ မရှိချေဟု သို့ကလို ကျမ်းဂန်တို့ အဆိုရှိပေသည်။

ဖြေ၁-အလွန်အမင်း ကြီးကျယ်လှစွာသော ပညာတော်ကြီးပါကလားနော်၊(မှန်ပါ အလွန်ကြီးကျယ်တဲ့ ပညာတော်ကြီးပါဘုရား)။

ဒါကြောင့်လဲဘဲ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ပညာရှိ ပဏ္ဍိတ ပုဂ္ဂိုလ်မည်၏ဟု ထုတ်ဆို ချီးကျူးတော်မူပေသည်။ ခန္ဓာအာယတန ဓာတ် သစ္စာ စသော တရားတို့ကို သိခြင်း၌ အလွန်ကြီးကျယ်သော မဟာပညာ၊ ထိုထို တရားတို့ကို သိမြင်ခြင်း၌ အလွန်လျင်မြန်သော ဇဝနပညာ၊ အလွန်ထက်မြက်သော တိက္ခပညာ၊အလွန်ပြန့်ပြောသော ပုထုပညာ၊ အလွန် ရွှင်လန်းဝမ်းမြောက်သော ဟာသပညာ၊ထိုထိုသင်္ခါရတရားတို့၌ အလွန် ငြီးငွေ့ထိတ်လန့်သော နိဗ္ဗေဓိကပညာ၊ ဤပညာတို့နှင့် ပြည့်စုံသော ပညာအချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ဟု ရွှေနှုတ်တော်က ထုတ်ဘော်အပ်ပေ၏။

ဘုရားမှတပါး ရဟန္တာပုဂ္ဂိုလ်တိုင်း မဝင်စား မပွားများနိုင်သော အနုပဒ ဝိပဿနာ ဉာဏ်ပညာကြီးကိုလည်း အဖန်ဖန်အခါခါ ဝင်စားပွားများတော် မူနိုင်လေသည်။ အနုပဒ ဝိပဿနာဉာဏ်ဆိုသည်မှာ တရားတခုကို ဝိပဿနာပြု၍ ပွားရှုတော်မူသောအခါ ထိုတရားနှင့် အတူတကွ သမ္ပယုတ္တမွေစသည် ဖြစ်ကြသော အစိတ်စိတ် အဖြာဖြာ အသီးသီးသော သဘောလက္ခဏာ ကလေးတွေနှင့်တကွ သရုပ်သချာပါ သိမြင်အောင် ပွားရှုနိုင်ဒါကို အနုပဒ ဝိပဿနာဉာဏ်ဟု ဆို၏။ ဤကား အတိုချုပ်ပြ အမြွက်မျှသာ ဖြစ်သတည်း။

သို့ကလောက် ဉာဏ်ထူး, ဉာဏ်ချွန်, ဉာဏ်အမွန်,ပညာထူး, ပညာချွန်, ပညာအမွန်ကြီးတွေနှင့် အလွန်ပြည့်စုံတော် မူပေသော ပညာတေဒဂ်ရ လကျ်ာတော်ရံ နာမ်ဘွဲ့တပ် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးလည်း ခြင်္သေ့၏ ခံတွင်းသို့ သွားသမင် သက်ဆင်းရလေသကဲ့သို့ ထို့အတူ သေမင်း၏ ခံတွင်းသို့ သက်ဆင်းတော်မူရလေပြီ။

ပညာသေးသိမ် မေးမှိန်ပါးရှား ငါတို့ တတွေမှာမူကား အဘယ်မှာလျှင် သေမင်း ပစပ်ဖျားသို့ မပြေးသွား မသက်ရောက်ဘဲ နေနိုင်လိမ့်မလား၊ မရပ်မနား မတန့်စားဘဲ မလွဲသွားရောက်ရမည်သာတည်း။

## တနည်း ပစ္စေကဗုဒ္ဓါ အနေအားဖြင့် အသေတရားကြီးကို ဆင်ခြင်ပုံ

ဤလောကမှာ ရံဘန်ရံခါ ကြိုးကြားကြိုးကြား ဘုရားငယ် တဆူ ခေါ်ဆိုတော် မူရကြသော ပစ္စေကဗုဒ္ဓါ အရှင်ဘုရားတွေလဲ ပွင့်သွားတော်မူကြဒါ အလွန်ပင် များလှပြီ တကာငြိမ်းရ၊ (မှန်ပါ များလှပါဘုရား)။

လေးပါးသစ္စာ သိမြင်ရာဝယ် ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် မိမိအလိုလို ထိုးထွင်း၍ သိမြင်တော် မူတတ်သောကြောင့် သတ်မှတ်ထင်ရှား သီးခြားပွင့်သူကို ပစ္စေကဗုဒ္ဓါဟု ခေါ်ဆို မှတ်ယူရလေသည်။

ပစ္စေကသမ္ဗောဓိဉာဏ်ဖြင့် မဂ်လေးတန်,ဖိုလ်လေးတန်နိဗ္ဗာန်ဟု ဆိုအပ်သော ၉-ပါးသော လောကုတ္တရာ ချမ်းသာထူး

ချမ်းသာမြတ်ကြီးတွေကို အပြီးတိုင် ကိုယ်ပိုင်ရရှိခံစားတော်မူမိသော အရှင်မွန်, အရှင်မြတ်ကြီးများ ဖြစ်သတည်း။

သစ္စာ လေးတန် တရားမှန်ကို မည်သူ့ထံမှ နည်းမခံဘဲ မိမိ၏ပစ္စေကသမ္ဗောဓိဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်နိုင်တော်မူကြသော ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီး တွေလဲ အမြဲအစွဲ မတည်နိုင်ကြတော့ဘဲ အရှင်သေမင်း၏ ကျေးတိုင်ရင်းသို့ အားလုံးကုန် အပ်နှင်း လိုက်ကြရပြီး မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ တပါးမကျန် အကုန်လုံး အပ်နှံလိုက်ကြရပါပြီဘုရား)။

အဲသည်တော့ ပစ္စေကဗုဒ္ဓါ သမ္ဗောဓိဉာဏ် ဝေးလံကြသူငါတို့တတွေမှာမူကား အဘယ်မှာ ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း၊သေမင်းကြီး၏ ကျေးတိုင်ရင်းသို့ အတင်း အပ်နှံကြရမည်သာတည်း။

## ဘုရားရှင် အနေအားဖြင့်လည်း အသေတရားကြီးကို တနည်း ဆင်ခြင်ပုံ

ကဲ- နောက်ကဆိုခဲ့ပြီးသော သူတွေကို ထားလိုက်ပါဦး၊ ဤကမ္ဘာ,ဤလောကကြီးမှာ (ဂေါတမ မြတ်စွာဘုရားကြီး) ရယ်လို့ ကမ္ဘာကြီး ဟီးသွားအောင် ပွင့်တော်မူသွားသည်မှာ အများပင် သိကြပြီးသားဘဲ မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ အားလုံးသိကြပြီးပါ ဘုရား)။

ယခုလို သမ္မာသမ္ဗောဓိ မြတ်စွာ ဘုရားကြီး သဗ္ဗညုတ မြတ်စွာဘုရားကြီးမျိုးဆိုတာ ကမ္ဘာမှာ ကမ္ဘာတိုင်း ကမ္ဘာ

တိုင်း ပွင့်တော်မူနိုင်,ပေါ်တော်မူနိုင်ဒါမျိုးမဟုတ်၊ ပွင့်ပေါ်တော်မူနိုင်ရိုး ထုံးစံမရှိဘူး၊ မဟာကမ္ဘာကြီးပေါင်း အသင်္ချေ အနန္တ အလွန်အမင်းကြီး ကြာချင်တိုင်းကြာလှမှ ရံဖန်ရံခါ ကြိုးကြားကြိုးကြားမှသာ ပွင့်တော်မူလာနိုင်ရိုးရှိတယ်။

(**ဗုဒ္ဓုပ္ပါဒေါ-ဒုလ္လဘော**)ဟု ဟောတော်မူသည့် အတိုင်း ဘုရားပွင့်တော်မူသောအခါကာလကို အလွန်ရခဲတယ်၊အလွန် ကြုံခဲတယ်၊ အလွန် ပွင့်တော်မူနိုင်ခဲတယ် ဆိုပါတော့။

ဤကဲ့သို့ ကမ္ဘာမှာ ရံဖန်ရံခါ ကြိုးကြား ကြိုးကြား ပွင့်တော်မူငြားပါသော်လည်း နှစ်ပါး နှစ်ဆူ ပွင့်တော်မူရိုး မရှိ၊ တပါးတည်း,တဆူတည်းသာ ပွင့်တော်မူလာရိုး ရှိတယ်။

အဲသည်တော့ ထိုပွင့်တော်မူခိုက် ထို သက်တော်ထင်ရှား ထိုဘုရားကြီးနှင့် ဖူးတွေ့လိုက်ရဘို့ဟာ ဘယ်ကလောက်ခဲယဉ်းသလဲ စဉ်းစားကြည့်ကြစမ်း၊ အလွန့်အလွန် အလွန်ပင်လျှင် ကံထူးချွန်မှ ဖူးတွေ့ကြရမည်ဟု ဆိုထိုက်ပေတော့သည်။

ထိုသဗ္ဗညုတ အမည်ရသော အရှင်ဂေါတမမြတ်စွာဘုရားကြီးသည် ဘယ်လို သဘောရှိပါသလဲ ဆိုလျှင် (**ရူပကာယ, သမ္ပတ္တိ-ဓမ္မကာယ,သမ္ပတ္တိ**) ထိုနှစ်ပါးနှင့် ပြည့်စုံခြင်း ရှိတော်မူသည်ဟု မှတ်ရမည်။

ရူပကာယ,သမ္ပတ္တိဆိုသည်ကား အလွန်တင့်တယ် ပြည့်ဖြိုး၍ ဘုန်းတန်ခိုးကြက်သရေနှင့် ပြည့်စုံတော်မူသော ကိုယ်တော်မြတ်ကြီးကို ဆိုသည်။

ဓမ္မကာယ,သမ္ပတ္တိ ဆိုသည်ကား အလွန် အကြူး အထူး စင်ကြယ် သန့်ရှင်းတော် မူသော သီလက္ခန္ဓ စသည် အထူး

ဂုဏ်တော် ကျေးဇူးတော်ကြီးတို့နှင့် ပြည့်စုံတော် မူသည်ကို ဆိုသည်။

မြတ်စွာဘုရားကြီး၏ ရူပကာယ ကိုယ်တော်မြတ်ကြီးဟာ ဘယ်လူ့,ဘယ်နတ်,ဘယ်ဗြဟ္မာ၏ ကိုယ်ကောင်နှင့်မှ စပ်မမြင်, ယှဉ်မရတဲ့ ရူပကာယတော်ကြီး တဆူ ဖြစ်တော်မူပေတယ် တကာကြီးမင်းရ၊ (မှန်ပါ ရူပကာယထူးကြီးပါဘုရား)။

ထို့ပြင် သီလတော်ကြီးကလဲ ဘယ်သီလနှင့်မှ ညီမျှ၍မရ၊ သမာဓိတော်ကြီးကလဲဘယ်သမာဓိနှင့်မှစာကြည့်၍မရ၊ပညာ တော်ကြီးကလဲ ဘယ်ပညာနှင့်မှ ယှဉ်စာ၍မရ၊ အလွန်မွန်မြတ် လှသော ဓမ္မကာယတော်ကြီးလို့ မှတ်ကြရမယ်နော်၊ (မှန်ပါ အမွန်မြတ်ဆုံးဖြစ်တဲ့ ဓမ္မကာယတော်ကြီးပါ ဘုရား)။

အတိုချုပ်ပြောရလျှင် မြတ်စွာဘုရားကြီးဆိုသော(ရုပ်ထူး ရုပ်မြတ်ကြီး- နာမ်ထူး နာမ်မြတ်ကြီး) လို့သာ မှတ်ကြပေ တော့လေ။

မြတ်စွာဘုရားကြီးကို (ရုပ်ထူး နာမ်ထူးကြီး)ဟုဆိုရာ သိသာ, မြင်သာ, ထင်သာကြအောင် ရူပကာယ, ခေါ်သော ရုပ်ထူးကြီးတခုကို ပြဆိုပါဦးအံ့။

မြတ်စွာဘုရားကြီး၏ ရူပကာယ, တော်ကြီးဟာ သုံးဆယ့် တဝ ဘုံဌာနမှာ ဘယ်ရူပကာယနှင့်မှ စပ်ယှဉ်၍မရဘူး ဘက် ပြိုင်ဘို့မရဘူး။

မရပုံက ပကတိ ကိုယ်တော်မြတ်ကြီး၏ အဆင်းသဏ္ဌာန် တော်ကြီးသည် ရွှေအဆင်းကဲ့သို့သော အဆင်းတော်ကြီး ဖြစ်တော်မူပေသည်။

ထိုရွှေအဆင်းနှင့်တူသော အဆင်းတော်ကြီးပေါ်မှတဖန် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် ခြောက်သွယ်သော ရောင်ခြည်တွေက တပြောင်ပြောင်, တဝင်းဝင်း ဖြစ်၍ နေလေ၏။

ထိုယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ အသီးသီး လက္ခဏာတော်ငယ် အသွယ်သွယ်တို့ အပေါ်မှ ချယ်လယ် တောက်ကြွား၍နေသော ခြောက်ပါးသော ရောင်ခြည်တော်တို့ကြောင့်လည်း ရှုမြှော်၍မငြီး အံ့ချီး၍မကုန် ကြက်သရေ မျိုးစုံစွာ မဟာဝိသေသ ပုဂ္ဂလကြီးတဆူ ဖြစ်တော်မူပါပေသတည်း။

## ရောင်ခြည်တော်ခြောက်ပါး တောက်ကြွား၍ နေပုံကား

(၁) ဆံတော်,မုတ်ဆိတ်တော်,မွေးညှင်းတော်,မျက်နက်တော် အရပ်တို့မှ စိမ်းညိုသော (နီလ)ရောင်ခြည်တော်တို့သည် ထွက်ကြွ ကွန့်မြူး၍ အထူးတင့်တယ်တော် မူကြလေကုန်၏။

(၂) တကိုယ်လုံး တကောင်လုံး ရွှေတုံး, ရွှေသားကြီးကဲ့သို့သော ကိုယ်တော်မြတ်ကြီး၏ အရေတော်တို့မှ ဝါရွှေသော (ပီတ) ရောင်ခြည်တော်တို့သည် ထွက်ကြွကွန့်မြူး၍ အထူးတင့်တယ်တော် မူကြလေကုန်၏။

(၃) အသားတော်, အသွေးတော်,နှုတ်ခမ်းတော်, လက်ဘဝါးတော်, ခြေဘဝါးတော်, ခြေသည်းတော်, လက်သည်း

တော် တို့နှင့်တကွ လျှာတော်အရပ်တို့မှ နီသော(လောဟိတ) ရောင်ခြည်တော်တို့သည် ထွက်ကြွကွန့်မြူး၍ အထူးတင့်တယ် တော် မူကြလေကုန်၏။

(၄) စွယ်တော်,သွားတော်,အရိုးတော်, ဖြူသော မျက်ဝန်းတော်,ဥဏ္ဏာလုံမွေးရှင်တော်အရပ်တို့မှ ဖြူသော(ဩဒါတ) ရောင်ခြည်တော်တို့သည် ထွက်ကြွကွန့်မြူး၍ အထူး တင့်တယ် တော် မူကြလေကုန်၏။

(၅) ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကျန်သော ထိုထို ကိုယ်တော် အစိတ်အစိတ် အရပ်တော်တို့မှ နီမောင်းသော (မဉ္ဇိဋ္ဌ) ရောင်ခြည်တော်တို့သည် ထွက်ကြွကွန့်မြူး၍ အထူးတင့်တယ် တော် မူကြလေကုန်၏။

(၆) ကိုယ်တော်မှထွက်သော နီလ, ပီတ စသော ရောင်ခြည် ငါးတန် ဝေလျှံရောယှက် တရောင်နှင့်တရောင် ကူးဆက်သောခါ သွေးရောင်များစွာ ထွေလာဆန်းပြား ပြန့်ပွားရောယှက် ပြိုးပြိုးပြက်သော (ပဘဿရ) ရောင်ခြည်တော်တို့သည် ထွက်ကြွကွန့်မြူး၍ အထူးတင့်တယ်တော် မူကြလေကုန်၏။

တကိုယ်တော်လုံး အကျဉ်းချုံးပြောရလျှင် သက်တော်ထင်ရှား ရှိတော်မူစဉ် ဘုရားရှင်ကို ရှုမြင်လိုက်ရလျှင်–

(၁) နီလ, ရောင်ခြည်တော်ကြီးကလည်း ညိုညိုဝင်းဝင်း လင်းလင်းထိန်တောက် မျက်စိတွင်မလွတ်ရက်လောက်အောင် ဖူးမြင်သူတို့၏ သဒ္ဓါစိတ်ကို စွဲမြဲအောင် ဆွဲဆောင်တော် မူတတ်ပါပေ၏။

(၂) ပီတ, ရောင်ခြည်တော်ကြီးကလည်း ဝါဝါဝင်းဝင်း လင်းလင်းထိန်တောက်,မျက်စိတွင် မလွှတ်ရက်လောက်အောင် ဖူးမြင်သူတို့၏ သဒ္ဓါခါတ်ကို စွဲမြဲအောင် ဆွဲဆောင်တော်မူတတ်ပါပေ၏။

(၃) လောဟိတ, ရောင်ခြည်တော်ကြီးကလည်း နီနီ ဝင်းဝင်း လင်းလင်းထိန်တောက် မျက်စိတွင် မလွှတ်ရက် လောက်အောင် ဖူးမြင်သူတို့၏ သဒ္ဓါခါတ်ကို စွဲမြဲအောင် ဆွဲဆောင်တော်မူတတ်ပါပေ၏။

(၄) ဩဒါတ, ရောင်ခြည်တော်ကြီးကလည်း ဖြူဖြူ ဝင်းဝင်း လင်းလင်းထိန်တောက် မျက်စိတွင် မလွှတ်ရက် လောက်အောင် ဖူးမြင်သူတို့၏ သဒ္ဓါခါတ်ကို စွဲမြဲအောင် ဆွဲဆောင်တော်မူတတ်ပါပေ၏။

(၅) မဉ္ဇိဋ္ဌ, ရောင်ခြည်တော်ကြီးကလည်း နီမောင်း ဝင်းဝင်း လင်းလင်းထိန်တောက် မျက်စိတွင် မလွှတ်ရက် လောက်အောင် ဖူးမြင်သူတို့၏ သဒ္ဓါခါတ်ကို စွဲမြဲအောင် ဆွဲဆောင်တော်မူတတ်ပါပေ၏။

(၆) ပဘဿရ, ရောင်ခြည်တော်ကြီးကလည်း ပြိုးပြက် ဝင်းဝင်း လင်းလင်းထိန်တောက် မျက်စိတွင် မလွှတ်ရက် လောက်အောင် ဖူးမြင်သူတို့၏ သဒ္ဓါခါတ်ကို စွဲမြဲအောင် ဆွဲဆောင်တော်မူတတ်ပါပေ၏။

ထိုဘုရားကြီးမှာ ထိုရောင်ခြည်တော် ခြောက်ပါးတို့က တလွှားလွှား, တလွဲလွဲ, တဝဲဝဲ, တပျံ့ပျံ့,တလျှံလျှံ, တဝင်းဝင်း,

တလင်းလင်း, တထိန်ထိန်, တရှိန်ရှိန် တကြွကြွနှင့် မြင်ရသူတို့၏ သဒ္ဓါပန်းကို အထူးသဖြင့် ပွင့်လန်းစေနိုင်သောကြောင့် အံ့မခန်းသော ရုပ်ထူး, ရုပ်ဆန်း, ကိုယ်တော်မြတ်ကြီး ပါကလား တကာငြိမ်းရ၊ (မှန်ပါ ရုပ်ထူးရုပ်ဆန်း ကိုယ်တော်မြတ်ကြီး ဖြစ်တော်မူပါဘုရား)။

အဲ– ရုပ်ထူး ရုပ်ဆန်းကြီးဖြစ်လျှင်လည်း ရုပ်နှင့်နာမ်ဆိုဒါ အညမည အချင်းချင်း ကျေးဇူးမကင်းကြဘူး၊ ဒါ့ကြောင့်သည် ရုပ်ထူး ရုပ်ဆန်းကြီးဟာလဲ နာမ်ထူး နာမ်ဆန်းကြီးကြောင့် ဖြစ်ပေါ်လာရဒါဘဲ မဟုတ်လား၊ (မှန်ပါ နာမ်ထူးနာမ်ဆန်းကြီးနှင့် မကင်းပါဘုရား)။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဆိုဒါ (အလွန်တင့်တယ် ရှုခင်းဘွယ်ကြီး)အကြီးအကျယ်ဘဲဟုသာ ဉာဏ်မှာ စူးစိုက်ပြီး အမြဲမှတ်ထား လိုက်ကြပေတော့။

သဒ္ဓါခံ့ခိုင် စွဲလမ်းနိုင်အောင် မျက်မြင်နှင့် ပုံဆောင်၍ ပြဦးမည်၊ အကောင်အထည် ပေါ်အောင်သာ သတိထားပြီး နာကြားလိုက်ကြ။

## လောကီဥစ္စာ ရတနာ ၇-ပါးနှင့် ထင်ရှားအောင်ပြချက် လောကီရတနာ ၇-ပါး သရုပ်

ရွှေ, ငွေ, ပုလဲ, ကြောင်မျက်ရွဲ, မြခဲ, စိန်,သန္တာ၊ရွှေတပါး ငွေတပါး, ပုလဲတပါး, ကြောင်မျက်ရွဲတပါး,ပတ္တမြားတပါး စိန်တပါး သန္တာတပါး-ဟုမှတ်။

## ရွှေရုပ်ကြီး ဥပမာ

ကဲကဲ- တဆုံရှစ်တောင် ပမာန ရှိသော ရွှေတုံးကြီး ပြုလုပ်၍ ထားသော ရွှေသားအတိပြီးသော ရွှေရုပ်ကြီးတခု ရှိရာ၏ တကာငြိမ်းရေ့၊ (မှန်ပါ ရှိပါဘုရား)။

၎င်း ရွှေရုပ်ကြီးဟာ အရပ်အမောင်းမှာ (၁၈)တောင်မျှ ရှိ၏၊လူ့ပုံ လူ့ဟန် လူ့သဏ္ဌာန်ပါပါနှင့် ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၏ အမူအယာ ပြည့်စုံစွာ ရှိလှသဖြင့် ကြည့်မဝ, ရှုမဝအောင် ထုလုပ်၍ ထားသည် ဆိုကြပါစို့။

မပိန်မဝ မစွံမဖြင့် မမြင့်လွန်း မနိမ့်လွန်း ကိုယ်ဝန်းညီမျှ အချိုးကျဖြစ်ပါပေသည်။

မျက်နှာ, ရင်, ဝမ်း, နှုတ်ခမ်း, မေး,ပါး,ခြေဖျား, ဆံထုံး တကိုယ်လုံးလည်း စ,ဆုံး ညီညွတ်ပါပေသည်။

အဆက် ပြေပြစ် အဆစ် ညက်ညော ချောမော သပ္ပါယ် လွန်တင့်တယ်၍ တကယ် ရှုချင်ဘွယ်ကြီး ဖြစ်ပါပေသည်။

ဝံယာ ရွှေနောက် ထက်အောက် ဖီလာ ဆယ်မျက်နှာမှာ ဘယ်နေရာဝယ် ဘာလိုတယ် ဆိုဘွယ် ကင်းလွတ်ပါပေသည်။

ထို အထက်နှင့်အောက် ရွှေနှင့်နောက် ပိုမောက်မရှိ တိတိ ရှင်းရှင်း ကိုယ်ဝန်းညီညွတ် အပြစ်လွတ်သဖြင့် စင်စစ်ပကတိ တင့်တယ်ခြင်းရှိသော ရွှေရုပ်ကြီး၊စင်စစ်ပကတိ သပ္ပါယ်ခြင်း ရှိသော ရွှေရုပ်ကြီး၊ စင်စစ်ပကတိ ရှုချင်ဘွယ်ရှိသော ရွှေရုပ် ကြီးဟု အပြီးပိုင် ဆိုထိုက်တတိ မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ အပြီးပိုင် ဆိုထိုက်ပါ ဘုရား)။

သည်မျှ မကသေးဘူး အခုဟာက လူ့ပုံ လူ့ဟန် လူ့သဏ္ဌာန် လူ့အလားနှင့်ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၏ အမူအယာ ညီညွတ်စွာ ထုလုပ်၍ထားသော ရွှေသားရွှေရုပ်ကြီး ထီးထီးတွင် ရှိသေးတယ်။

ရတနာ ၇-ပါးတို့တွင် ရွှေရတနာကြီးတခုကိုသာ အရင်းပြုပြီး အထည်ခံ အနေ အမာခံ အနေနှင့်သာ ဆိုရချေသေးသည်၊ တဖန် ထိုရွှေသားအတိပြီးသော ရွှေရုပ်ကြီးပေါ်ကမှ ကြွင်းကျန်သော ရတနာ ၆-ပါးတို့ဖြင့် အစားစား တန်းဆာဆင်ပြီး စုံလင်အောင် တပ်ဆင်ကြည့်ရလိမ့်အုံးမယ်။

ကဲ- ဒါဖြင့် ငွေသား ငွေရောင်နှင့် သင့်တော်အောင်ဖြစ်ထိုက်သော အရပ်ဌာနများက ငွေစစ် ငွေသား ငွေတန်းဆာများကို အစားစား ချယ်စီတပ်ဆင်၍ ထား။

ထို့ပြင်မှာလဲ ပုလဲသွေး ပုလဲရောင်နှင့် တင့်တယ်အောင်ဖြစ်ထိုက်သော အရပ်ဌာနများက ပုလဲစစ် ပုလဲသား ပုလဲတန်းဆာများကို အစားစား ချယ်စီတပ်ဆင်၍ထား။

ထိုပြင်တနဲ ကြောင်မျက်ရွဲသွေး ကြောင်မျက်ရွဲရောင်နှင့် သင့်တော်အောင် ဖြစ်ထိုက်သော အရပ်ဌာနများက ကြောင်မျက်ရွဲစစ်, ကြောင်မျက်ရွဲသား, ကြောင်မျက်ရွဲ တန်းဆာများကို အစားစား ချယ်စီ တပ်ဆင်၍ထား။

ထို့ပြင်တပါး ပတ္တမြားဟူသော မြသွေး မြရောင်နှင့် သင့်တော်အောင် ဖြစ်ထိုက်သော အရပ်ဌာနများက မြစစ်

မြသား, မြတန်းဆာများကို အစားစား ချယ်စီ တပ်ဆင်၍ ထား။

ထို့ပြင် တကြိမ် စိန်သွေး စိန်ရောင်နှင့် သင့်တော်အောင် ဖြစ်ထိုက်သော အရပ်ဌာနများက စိန်စစ် စိန်သား စိန်တန်းဆာများကို အစားစား ချယ်စီတပ်ဆင်၍ထား။

ထို့ပြင် တခါ သန္တာသွေး သန္တာရောင်နှင့် သင့်တော်အောင် ဖြစ်ထိုက်သော အရပ်ဌာနများက သန္တာစစ်, သန္တာသား သန္တာတန်းဆာများကို အစားစား ချယ်စီတပ်ဆင်၍ ထား။

အောင်မယ်- ရွှေသား အတိ ပြီးသော ရွှေရုပ်ကြီးမှာ အသီးအသီး အသက-အသက သူ့ဌာနနှင့်သူ အမှုအစားစား ချယ်စီတပ်ဆင်၍ ထားလိုက်တော့ ငွေတန်းဆာ ရောင်တွေ ကလဲတသဲသဲ၊ ပုလဲတန်းဆာရောင်တွေကလဲ တပြောင်ပြောင်၊ ကြောင်မျက်ရွဲ တန်းဆာရောင်တွေကလဲ တလွှားလွှား၊ ပတ္တမြားတန်းဆာရောင်တွေကလဲ တထိန်ထိန်၊ စိန်တန်းဆာရောင်တွေကလဲ တဖြာဖြာ၊ သန္တာတန်းဆာရောင်တွေကလဲ တဝင်းဝင်း၊ အလွန်ပင် ရှုခင်းရှုဘွယ်ကောင်းလှစွာသော ရတနာရွှေရုပ်ကြီး, မင်္ဂလာရွှေရုပ်ကြီး, ဖြစ်နေပါပေါ့လားဟ တကာငြိမ်းရ၊ (မှန်ပါ ရှုခင်းသာယာဘွယ်ကြီးပါဘုရား)။

အလွန်မင်္ဂလာထိုက်သော ရတနာရွှေရုပ်ကြီး မဟုတ်လား၊ (မှန်ပါ မင်္ဂလာရှိသော ရတနာ ရွှေရုပ်ကြီးပါဘုရား)။

ထိုနည်းအတူ မြတ်စွာ ဘုရားကြွး၏ ရူပကာယတော်ကြီးလည်း တကိုယ်လုံး တကောင်လုံး ရွှေတုံး ရွှေသားအတိပြီးသော ရွှေရုပ်ကြီးနှင့်မခြား အလားတူတော်မူပေ၏။

ဆံတော်, မုတ်ဆိတ်တော်, မွေးညှင်းတော်, မျက်တောင်တော်, မျက်ခုံးတော်, မျက်နက်တော်စသော အစိတ် အစိတ်သော ကိုယ်အရပ်မှ မပြတ်မပြတ် တလျှပ်လျှပ် ထွက်ပေါ်ကွန့်မြူး၍နေသော ညိုဝင်းတောက်ပြောင်သော (နီလ) ရောင်ခြည်တော်ကြီးတွေက ပတ္တမြားတန်းဆာကြီးများကိုတပ်ဆင်၍ထားသည်နှင့် တူစေ။

အရေတော်,မျက်လုံးတော်,မျက်လွှာတော်စသော အစိတ်အစိတ်သော ကိုယ်အရပ်မှ မပြတ်မပြတ် တလျှပ်လျှပ် ထွက်ပေါ်ကွန့်မြူး၍နေသော ဝါဝင်းတောက်ပြောင်သော(ပီတ) ရောင်ခြည်တော်တွေက ရွှေတန်းဆာ၊ ဝါသော မြတန်းဆာကြီးများကို တပ်ဆင်၍ထားသည်နှင့် တူစေ။

အသွေး အသားတော်, လက်ဘဝါး ခြေဘဝါးတော်, လက်သည်း ခြေသည်းတော်, ခံတွင်းတော်, လျှာတော်, သွားဖုံးတော်စသော အစိတ်အစိတ်သောကိုယ်အရပ်မှ မပြတ်မပြတ် တလျှပ်လျှပ် ထွက်ပေါ် ကွန့်မြူး၍နေသော နီဝင်းတောက်ပြောင်သော (လောဟိတ)ရောင်ခြည်တော်ကြီးတွေက သန္တာတန်းဆာကြီးများကို တပ်ဆင်၍ထားသည်နှင့် တူစေ။

မာကျောပြည့်ဖြိုးသော အရိုးတော် အထက်ကနှစ်ဆယ်၊ အောက်ကနှစ်ဆယ်၊ ပေါင်း- မကျဲ မခေါ် အလွန်ညီညွတ်

ချောမွေ့သော လေးဆယ်မံသာသွားတော်၊ ထိုလေးဆယ်တွင် အပါအဝင်ဖြစ်သော လေးချောင်းသော စွယ်တော် စသော အစိတ်အစိတ်သော ကိုယ်အရပ်မှ မပြတ်မပြတ် တလျှပ်လျှပ် ထွက်ပေါ် ကွန့်မြူး၍နေသော ဖြူဝင်း တောက်ပြောင်သော (ဩဒါတ) ရောင်ခြည်တော်ကြီးတွေက ငွေတန်းဆာ, ပုလဲတန်းဆာ, စိန်တန်းဆာကြီးများကို တပ်ဆင်၍ ထားသည်နှင့် တူစေ။

ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော ထိုထို အစိတ်အစိတ်သော ကိုယ်အရပ်မှ မပြတ်မပြတ် တလျှပ်လျှပ် ထွက်ပေါ်ကွန့်မြူး၍ နေသော နီမောင်းတောက်ပြောင်သော (မဉ္ဇိဋ္ဌ) ရောင်ခြည်တော်ကြီးတွေက ကြောင်မျက်ရွဲ တန်းဆာကြီးများကို တပ်ဆင်၍ထားသည်နှင့် တူစေ။

ထို နီလ,ပီတ,လောဟိတ,ဩဒါတ,မဉ္ဇိဋ္ဌ-ဟု ဆိုအပ်သော အသွေးအရောင်ငါးမျိုးတို့ ရောယှက်ကြ၍ ကိုးကိုးကွက်ကွက် နှင့် လျှပ်စီးတွေပစ် မီးပန်းတွေထွက်သကဲ့သို့ ပြိုးပြိုးပြက်ပြက် အရောင်ကို (ပဘာသရ)ရောင်ခြည်တော်ဟု ဆိုသတည်း။

အရောင်ချင်းရောထွေး အသွေးချင်းပေါင်းဆုံ၍ အရောင်မျိုးစုံ အဖုံဖုံ အသွယ်သွယ် အလွန်ထူးခြား ဆန်းကြယ်လှသော ပဘာသရရောင်ခြည်တော်ဟု မှတ်။

ယခင် ဆိုအပ်ခဲ့ပြီးသော လောကီရတနာ တန်းဆာကြီးများ တရောင်နှင့်တရောင် တသွေးနှင့်တသွေး ရောထွေးစပ်ယှက် ကူးဆက်မိကြသောအခါ ဆန်းကြယ်စွာ ပေါ်ထွက်လာသော အသွေးအရောင်များစွာတို့နှင့် တူစေ။

(ရွှေ,ငွေ,ပုလဲ၊ ကြောင်မျက်ရဲ၊ မြခဲ, စိန်,သန္တာ)ဟူသော လောကီ ရတနာများသည် ပကတိ ထီးထီး မိမိချည်းသာ နေသောအခါ ညင်ညင်သာသာ ငြိမ်သက်စွာသော အရောင် အဝါတို့ကတမျိုး၊နေရောင်,လရောင်,မီးရောင်တို့နှင့် ပေါင်းမိသောအခါ အလွန်အကြူး အထူးပိုမောက်စွာ တောက်ပ၍လာသော အရောင်အဝါတို့ကတမျိုး၊ သို့ကလို နှစ်မျိုးနှစ်စား ဖြစ်ပွားနိုင်သကဲ့သို့ ဘုရား၏ရောင်ခြည်တော်ဖြစ်သော–

ညို,ဝါ,နီ,ဖြူ၊ မောင်းပြိုးဟူ၊ ခြောက်ဆူ,ရောင်ခြည်ခတ်–ဟူသော ရောင်ခြည်တော် ခြောက်ပါးတို့သည်လည်း ပကတိ ထီးထီး မိမိချည်းသာ နေသောအခါမှာ ညင်ညင် သာသာ ငြိမ်သက်စွာသော အရောင် အဝါတို့က တမျိုး၊ ဉာဏ်တော် အထူး ကွန့်မြူးသောအခါ တန်ခိုးတော်အထူး ကွန့်မြူးသော အခါမှာ အလွန်အကြူး အထူးပိုမောက်စွာ တောက်ပ၍လာသော အရောင်အဝါတို့က တမျိုး၊ နှစ်မျိုးနှစ်စား, နှစ်ပါးပင် တောက်ကြွားစံပယ်လျက် တင့်တယ်တော်မူလေ့ ရှိကြပေကုန်၏ဟု မှတ်။

ကဲ- အပေါ်က ဖော်ပြခဲ့သော ရွှေသား အတိပြီးတဲ့ ရတနာရွှေရုပ်ကြီးကို ဝါးတပြန်ကွာ နှစ်ပြန်ကွာလောက်က ထားပြီး ရှုစားနေမည်ဆိုလျှင် တခြားသို့ မျက်နှာလွဲနိုင်စရာ မရှိဘူး မဟုတ်လား တကာငြိမ်းရဲ၊ (မှန်ပါ မျက်နှာလွဲနိုင် စရာ မရှိပါဘုရား)။

အဲ- သည်အတိုင်းပါဘဲ တဆဲ့ရှစ်တောင် အမြင့်ဆောင်သော အခေါင်ထွဋ်ထား မြတ်ဘုရားကြီးလည်း ရောင်ခြည်

တော် ခြောက်ပါးတို့ဖြင့် ပိုင်းခြားမှတ်သားပြီး ပြတ်ပြတ်သားသားနှင့် မတ်မတ် မားမားကြီး ပေါ်လာအောင် ရှုကြည့်ပါက ဘယ်ကလောက် မျက်စိအရသာကြီး ရှိသလဲ နော်၊ (မှန်ပါ မျက်စိအရသာ အလွန်ရှိလှပါ ဘုရား)။

ဘုရားအာရုံဆိုဒါ အတိဋ္ဌာရုံကြီး ဖြစ်နေတော့ ဉာဏ်မျက်စိထဲမှာ ဘယ်အခါမှ မလွှတ်နိုင်တော့ဘူးပေါ့၊ (မှန်ပါ မလွှတ်နိုင်ပါ ဘုရား)။

အလွန်အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော အတိဋ္ဌာရုံကြီးဖြစ်သည့်အတိုင်း မျက်စိအရသာ အလွန်ကြီးကျယ်လှသောကြောင့် ထိုမျက်စိ အရသာကြီးကို အစဉ်မှီးပြီး ဝေနေယျ သတ္တဝါတို့သည် သဒ္ဓါတည်းဟူသော စွဲလမ်းနည်းဖြင့် စွဲလမ်းကြည်ညိုကြလေကုန်၏။

ထိုသဒ္ဓါတည်းဟူသော စွဲလမ်းနည်းဖြင့် စွဲလမ်းကြည်ညိုမှီခို ဆည်းကပ်ကြသောကြောင့် လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို အသီးအသီး ကိုယ်စီကိုယ်ငှ ရရှိခံစားကြရလေကုန်၏။

လူ, နတ်, ဗြဟ္မာ သုဂတိ သတ္တဝါတို့၏ မျက်စိသာလျှင် အရသာရှိသည် မဟုတ်သေး။ အပါယ်ဘုံသား ဒုဂ္ဂတိသတ္တဝါများ၏ မျက်စိတွေတောင် အလွန်အရသာ ရှိကြသည်ဆိုဘဲ တကာငြိမ်းရ၊ (မှန်ပါ ရှိကြပါလိမ့်ဘုရား)။

ရှိကြပုံက သည်လိုတဲ့ အစာအာဟာရ ဆာလောင်မွတ်သိပ်လှသော ကျွား သတ္တဝါသည် သမင် တည်းဟူသော သား

ကောင်ကို ကိုက်ဝါး စားသောက်လို၍ နောက်က စိုက်စိုက် အတင်း လိုက်လေသော် တဟိုက်ဟိုက် တဟောဟော် နေ အောင် ကြောက်မိ လန့်ကြား တဟုန်တည်း ပြေးသွား၍ နေသော သားသမင်သည် ဘုရားရှင်ကို မြင်လိုက်သောအခါ မြင်လိုက်သည်နှင့် တပြိုင်နက် နောက်က လိုက်ပါလျက် ရှိ သော ကျားရန်သူကို သတိမမူနိုင်တော့ဘဲ ထို ကျားရန်သူ ကို မေ့လျော့ပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုသာ တန့် ရပ်ခါမြော်ကြည့် နေလိုက်တော့ဒါဘဲတဲ့။

ကျားသက္ကဝါကလဲ ဘုရား မြတ်စွာကို မြင်လိုက်သော အခါ အစာဖြစ်သော သားကောင် သမင်ကို သတိမရ တော့ဘဲ အမိအရဖမ်းလိုတဲ့စိတ်ဓာတ်တွေ ပုံကျရာတွင် ကဆုန် ချလာသော ခြေလက် အဟုန်တွေ ရပ်သွားပြီး မြတ်ဘုရား ကြီးကိုသာ စူးစိုက်ခါ မြော်ကြည့်နေလိုက်တော့ဒါဘဲတဲ့။

ကဲ-ဘယ့်ကလောက် ကြက်သရေကြီးမာတဲ့ ဘုရားအာရုံ ကြီးလဲဆိုဒါ စိတ်ထဲ ဉာဏ်ထဲမှာ ပေါ်လာပြီ မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ ပေါ်လာပါပြီဘုရား)။

အဲ- ယခု ပြဆိုခဲ့သော စကားရပ်စုကတော့ (သိရိ) ဘုန်းတော်ကြီးတွင် အပါအဝင်ဖြစ်ပေသော မြတ်စွာဘုရား၏ ရူပကာယတော် အဆင်းတော်အရကို အမြွက်မျှသာ ဖော်ပြ လိုက်သောအရာ ဖြစ်လေသည်။

ထိုမှတပါး ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အင်္ဂါရှစ်ပါး နှင့် ပြည့်စုံသော အသံတော်ကြီးကိုလည်း ဤနည်းအတိုင်း အလွန်ကြက်သရေရှိပုံကို အကုန်သိကြရမည်။

## အသံတော် (၈)ပါး အကျဉ်းချုပ်

**သန့်ရှင်း, သိလွယ်, နာဘွယ်, သာယာ, မပြာ, နက်နဲ့,**
**တခဲ, ပဲ့တင်, ဤရှစ်အင်၊ ရှင်ပင်မြတ်အသံ။**

ဤလင်္ကာ ဆောင်ပုဒ် အတိုချုပ်ကို နှစ်လုံးတပိုဒ် နှစ်လုံးတပိုဒ် ကောက်ရမည်။

ကောက်ပုံကား (သန့်ရှင်း)အရ သန့်ရှင်း ကြည်လင်သော အသံ။ (သိလွယ်)အရ သိလွယ် နားလည်လွယ်သော အသံ။ (နာဘွယ်)အရ နာပျော်ဘွယ်ရှိသောအသံ (သာယာ) အရ သာယာချိုမြိန်သောအသံ။ (မပြာ)အရ မပြာမကျဲ မကွဲမပြန့်သောအသံ။ (နက်နဲ)အရ နက်နဲသောအသံ။ (တခဲ) အရ တခဲနက်လုံးသော အသံ။ ဝါ၊ လုံသောအသံ။(ပဲ့တင်) အရ ပဲ့တင်ခတ်သော အသံ။ ဝါ၊ ဟိန်းသောအသံ။ ဤသို့ အသီးအသီး ကောက်ယူလေ။

ဤ ဆိုအပ်ပြီးသည့် အတိုင်း သန့်ရှင်း ကြည်လင်ခြင်း၊ သိလွယ်နားလည်လွယ်ခြင်း၊ နာပျော်ဘွယ်ရှိခြင်း၊ သာယာချိုမြိန်ခြင်း၊ မပြာမကျဲ မကွဲမပြန့်ခြင်း၊ နက်နဲခြင်း၊ တခဲနက်လုံးခြင်း။ ဝါ၊ လုံခြင်း၊ ပဲ့တင်ခတ်ခြင်း ဝါ၊ ဟိန်းဟီးခြင်း ဟူသော အင်္ဂါရှစ်ပါး၊ အသံတော်ရှစ်ပါးနှင့် ပြည့်စုံသော မြတ်စွာ ဘုရား၏ အသံတော်မြတ်ကြီးကို ဗြဟ္မာမင်းကြီး၏ အသံကဲ့သို့ရင်း၊ ကရဝိက်ငှက်မင်း၏ အသံကဲ့သို့ရင်း၊ကျမ်းကြီး ကျမ်းခိုင်တို့မှာ ဥပမာတင်၍ ထင်မြင်အောင် ပြဆိုတော်မူကြကုန်သေး၏။

ဗြဟ္မာမင်းကြီး၏ အသံ၊ ကရဝိက်ငှက်မင်းကြီး၏ အသံ၊ ထိုအသံတွေ မကြားဘူးကြတော့ တရားနာ ပရိသတ်ဟာ နားအထူးဖြစ်အောင် ဘယ်လို ယူဆောင်ပြီး မှတ်ကြရမယ် မသိကြပေဘူး၊ နားအထူး မှတ်ယူနိုင်အောင်ဟာ ကြားဘူး ကြတဲ့ ဥပမာနှင့် ဆောင်ပြအုံးမှပါဘဲ။

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မြတ်စွာဘုရား၏ အသံတော် မြတ်ကြီးသည့်အသံမျိုးစုံပေါ်ထွက်အောင် တီးနှက်အပ်သော စောင်းကြီးသံနှင့် အမှန်တူလှပါပေ၏ ဟူ၍ရင်း၊ ကောင်းစွာ စီရင်၍ တီးအပ်သော အလွန် သာယာစွာမြည်ဟီးသော စည် ကြီးသံနှင့် အမှန်တူလှပါပေ၏ ဟူ၍ရင်း၊ကောင်းမွန်စွာ သွန်း လောင်း၍တီးအပ်သော ရွှေခေါင်းလောင်းကြီးသံ ငွေခေါင်း လောင်းကြီးသံတို့နှင့် အမှန်တူလှပါပေ၏ ဟူ၍ရင်း၊ တရာမျှ အတောင် အမြင့်ဆောင်သော ရွှေစေတီကြီး၏အခေါင်တွင် ဆွဲဆင်၍ထားအပ်သော ရွှေဆွဲလဲကြီး အသံ, ငွေဆွဲလဲကြီး အသံတို့နှင့် အမှန် တူလှပါပေ၏ ဟူ၍ရင်း၊ သို့ကလို အသံ နိမိတ်အားဖြင့် ကြည်ညိုစိတ် ထားကြရမည်။

က-စောင်းကြီးသံ, စည်ကြီးသံ, ခေါင်းလောင်းကြီးသံ, ဆွဲလဲကြီးသံဆိုလျှင် ပျိုပျို,အိုအို, ငယ်ငယ်,ကြီးကြီး ထီးထီး, မမ, အကုန်ကြားဘူးကြမယ် မဟုတ်လား၊ (မှန်ပါ ကြားဘူး ကြပါလိမ့် ဘုရား)။

အေး-ကြားဘူးကြသော အသံများနှင့် လူဇာတ်ဖြစ်သော ဘုရားရှင်၏အသံကို ချိမြိန်သာယာ သန့်ရှင်းစင်ကြယ် ကြည်

လင်စွာသောအဖြစ်ဖြင့် ဂုဏ်သနစ်တူကြသောကြောင့် အာရုံထား၍ စိတ်,နားခွင့်ရအောင် ပုံဆောင်လိုက်ရပေသည်။

သည်လို-ချမ်းသာမှု အထွေထွေ ကြက်သရေ အဖုံဖုံတို့နှင့် ပြည့်စုံတော်မူပေသော အသံတော်ဖြစ်သောကြောင့် ထိုဘုရားရှင်၏ အသံတော်ကို ကြားရသောအခါ နားအရသာရှိလှ၍ ဘယ်သတ္တဝါမျိုးမဆို ဘယ်လို အာရုံကိုမျှ သတိမရတော့ဘဲ ဘုရား၏အသံ အာရုံကိုသာ စူးစိုက်ခါ နားထောင် နေကြရသတဲ့။

နားထောင်၍သာ နေကြရပုံမှာ တဦးသော ရန်သူသည် တဦးသောရန်သူကို သတ်ဖြတ်လို၍ မြေပျိုကျမက ရှောကပြေး နောက်ကလိုက် ဖြစ်နေကြရာ ဘုရားရှင်၏ အသံတော်ကြီးကို ကြားကြရသောအခါ နှစ်ဦးနှစ်ယောက် စလုံးဟာ ရန်သူဟူသော အမှတ်သညာပျောက်ပြီး ဘုရား၏ အသံတော်ကြီးတခုကိုသာ အာရုံစိုက်လျက် ဦးတိုက်နေလိုက်ကြရသတဲ့။

ဘယ်သတ္တဝါမျိုးမဆို ဘယ်လိုအာရုံစု ဘာတခုကိုမျှ ရန်သူချင်းချင်းကိုတောင် အမှတ်မရကြ တော့ဘဲ ကြားလိုက်လျှင် နားမစိုက်ချင်ဘဲ မနေနိုင်သော အသံတော်ကြီး ဆိုတော့ ကြားရလျှင် ဘယ့်ကလောက် နားအရသာရှိမည်ဆိုဒါ ဉာဏ်နှင့်သာ ဝင်စားပြီး ထင်ရှားအောင် ကြည့်ညိုကြ ပေတော့နော်....။

စုစုချုပ်ပြောရလျှင် သုံးလောကတခွင်မှာ ပြိုင်ယှဉ်ဘက်မရှိသော အလှန်ဆုံး, အချွန်ဆုံး, အမွန်ဆုံး, အမြတ်ဆုံး,

အသာဆုံးဖြစ်သော ဘုရား၏အဆင်းတော်၊ အလှန်ဆုံး, အချွန်ဆုံး, အမွန်ဆုံး, အမြတ်ဆုံး, အသာဆုံးဖြစ်သော ဘုရား၏ အသံတော် ထုတ်ဖော်၍ မဆုံးနိုင်လောက်အောင် တကိုယ်တော်လုံး တကောင်တော်လုံးဟာ ကြက်သရေတုံး, ကြက်သရေခဲ, ကြက်သရေစိုင်ကြီး တဆူ ထဲသာ ဖြစ်တော်မူပေသတည်း။

သို့ကလို ထူးထူးချွန်ချွန် လွန်လွန်ကဲကဲ ကြက်သရေတုံး, ကြက်သရေခဲ ကြက်သရေစိုင်ကြီး တဆူထဲသာ ဖြစ်တော်မူသောကြောင့် ဘုရားရှင်၏ အဆင်းတော်ကြီးကို ဖူးမျှော်၍ နေ့နေ့ညည တွေ့တွေ့သမျှ ရောင့်ရဲ တင်းတိမ်နိုင်တယ်လို့ မရှိကြဘူးတဲ့ တကာငြိမ်းရ၊ (မှန်ပါ ရောင့်ရဲ တင်းတိမ်ကြမည် မဟုတ်ပါ ဘုရား)။

ဘုရားရှင်၏အသံတော်ကို ကြားရလျှင်လည်း ကြားကြားသမျှတွေဟာ ဘယ်အခါမှ အားရ တင်းတိမ်တယ်လို့ မရှိကြဘူးတဲ့နော်၊ (မှန်ပါ အားရ တင်းတိမ်ကြမယ် မဟုတ်ပါ ဘုရား)။

ဘယ်မှာလျှင် မြင်ရ၍ ကြားရ၍ အားရတင်းတိမ်နိုင်လိမ့်မှာလဲ၊ နောက်နောက်ကာလ ဘဝ ဘဝက ဘယ်သူနှင့်မှ မတူရအောင် ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သော ပါရမီဒဗ္ဗသမ္ဘာရ အဆောက် အဦ အပရာပရိယ ကုသိုလ်ကံ ထူကြီး အနန္တတွေက အန္တိမ, ပစ္ဆိမ, အဆုံးစွန်သော ဘုရားဘဝသို့ ရောက်လာသောအခါ ဘုရား၏ ခန္ဓာတော်တခုထဲ၌သာ သူက အကျိုးပေးလိုက်ပါရစေအုံး၊ ငါက အကျိုးပေးလိုက် စမ်းပါ

ရစေအုံးနှင့် စုရုံးဝိုင်းအုံ အကုန်ပုံပြီး နောက်ပိတ်ဆုံး အကျိုးပေးနည်းဖြင့် အကျိုးပေးထားတဲ့အသံတော်ကြီးတွေ အဆင်းတော်ကြီးတွေ ဖြစ်တော် မူပေ ဒါကိုး – ကွယ်ရို့၊ (မှန်ပါ နောက်ဆုံး အကျိုးပေး နည်းမို့ ပဂေးကြီး ဖြစ်လာရပါ ဘုရား)။

ဒါတောင်မှ ဘုရားကြီးကသာ သက်တော်(၈၀)ဝါတော်(၄၅)ဝါပြည့်၍ပရိနိဗ္ဗာန်စံဝင်တော်မူသွားရ အခွင့်မရ အချိန်မရ၍ အကျိုးမပေး လိုက်ရသော ဘယ်သူနှင့်မှ မတူအောင် ပြုလုပ်တော်မူခဲ့သော ကုသိုလ်ကံ ထူးကြီးတွေက အနန္တထက် အနန္တငေးမှိုင်ကျန်ရစ်ခဲ့ကြရသေးသတဲ့ တကာငြိမ်းရ၊ (မှန်ပါ အနန္တမကကျန်ရစ်ခဲ့ကြရသေးကြောင်းပါ ဘုရား)။

အင်း–ပြုခဲ့သော ကုသိုလ်ကံအကြောင်းတရားကြီးတွေက ထူးကဲမျှားမြတ်လာလို့လဲ ရရှိလာသော အကျိုး တရားကြီးတွေလဲ ထူးကဲမျှားမြတ်တော့ဒါပါဘဲနော်။

ဒါ့ကြောင့်လဲဘဲ ဘုရားကို ကြည်ညိုကြသော သမ္မာဒိဋ္ဌိ အယူရှိကြသော သူတွေကို မဆိုထားဘိ ဘုရားကို ကြည်ညိုခွင့် မရကြသော မိစ္ဆာဒိဋ္ဌိ အယူရှိသော တိတ္ထိများပင် ဘုရားရှင်ကို မြင်ရလျှင် မကြည့်ချင်ဘဲ မနေနိုင်၊ မရှုချင်ဘဲ မနေနိုင်ဘဲ အဆင်းတော်ဘက်သို့ ယိုင်လဲ စူးစိုက်ပြီး ကြည့်ရှုမိအောင် ကြည့်ရှုလိုက်ကြရသေးသတဲ့။

ထို့အတူ အသံတော်ကို ကြားရပြန်တော့လဲ အသံတော်က ဆွဲလိုက်သဖြင့် အသံတော်ကို စူးစိုက် နားထောင်လိုက်မိကြသေးသတဲ့။

ဒါပေမဲ့ သူတို့မှာ သဒ္ဓါတရား မဖြစ်ပွားဘဲ ဘုရားရှင်ကို ဝန်တိုစိတ်ထားကြ၍ မဒွေရတွေ များပြီး အကုသိုလ် အညစ် တရားတွေသာဖြစ်ပွားရှာကြသတဲ့ သနားစရာဘဲနော်၊ (မှန်ပါ အထင်မှားရှာကြဒါ အလွန် သနားစရာပါ ဘုရား)။

သည်လို သနားစရာ အကုသိုလ်တွေ ဖြစ်ရဒါဟာ ဘာ့ကြောင့်ပါလဲဆိုတော့–

(ဝိပါက်အမှန်-ဇောအပြန်-မှန်ရန်-ဝိပ္ပလ္လာသ)

ဟူသော လင်္ကာ သံပေါက်အတိုင်း ဘုရားကို မြင်သော အခါ သူတို့မျက်စိမှာ ကျရောက်လာသော ကုသလဝိပါက် စက္ခုဝိညာဉ် စိတ်ကလေးကတော့ ကုသိုလ်၏ အကျိုးဆက်ဖြစ် ၍ ဝိပါက်ကတော့ အမှန်အတိုင်း ဖြစ်လေသည်၊နောက်တခါ ဇောကျလာသော အခါကျမှ ပါပဓမ္မ ဒေါသမဒွေရ စသော အကုသိုလ်ဇောတွေ ကျရောက်လာလေသည်။

ဒါ့ကြောင့် ဘုရား၏ အာရုံတော်ကြီးကတော့ အလွန် အလိုရှိအပ် အလွန် မြတ်နိုးအပ်သော အတိဣဋ္ဌာရုံကြီး ဖြစ်သည့်အတိုင်း ထိုအတိ ဣဋ္ဌာရုံကြီးအားလျော်စွာ မြင်လိုက် သောအခါ ကုသလဝိပါက် စက္ခုဝိညာဉ်သာ ဖြစ်၍(ဝိပါက် အမှန်)။

သဒ္ဓါကြည်ညိုသော ကုသိုလ်ဇောသာလျှင် ဇောရမည် ဖြစ်ပါလျက် ကုသိုလ်ဇောမဇောဘဲ အကုသိုလ်ဇော ဇောခြင်း ကြောင့် (ဇောအပြန်)ဟု ဆိုသတည်း။

ထို့အတူ ဘုရား၏အသံ တရား၏အသံကို ကြားရသောအခါ တိတ္ထိတို့မှာ နားဝမှာ ကြားရသော အသံက အလွန်အလိုရှိအပ်သော မြတ်နိုးအပ်သော အတိဋ္ဌာရုံကြီးဖြစ်သည့်အတိုင်း ထိုအတိဋ္ဌာရုံကြီး အားလျော်စွာ သောတဝိညာဉ်မှာ ကုသလဝိပါက် သောတဝိညာဉ်သာ ဖြစ်ရသည်၊ ဇောကျသောအခါ သူတို့မှာ မကြည်မသာသော အကုသိုလ်ဇောသာ စောရှာကြသည်ဟု မှတ်။

သို့ကလို ဝိပါက်စိတ်ကသာ မှန်ပြီး ဇောစိတ်ကျတော့ ဘောက်ပြန်ကြဒါဟာ အလွန်ကြောက်စရာကောင်းပါလား တကာငြိမ်းရ၊ (မှန်ပါ ဝိပါက်မှန်ပြီး ဇောပြန် ဒါဟာ ကြောက်စရာ အကောင်းဆုံးပါဘုရား)။

အေး- ယခုအခါမှာလဲ အများဘဲ သတိထားကြနော်။ ဘုရားအာရုံကို မြင်ကြသော အခါမှာတော့ ကြည်ညိုစိတ်ထားတတ်ကြ၍ ကုသိုလ်တရား ဖြစ်ပွားဒါ များပြားကြပါသေးရဲ့၊ ခန္ဓာတရား, ရုပ်တရား, နာမ်တရား, ပရမတ်တရား, ဓာတ်တရား, နိသတ္တတရား, နိဇီဝတရား, အနိစ္စတရား, ဒုက္ခတရား, အနတ္တတရား,ထိုတရားသံတွေ ကြားရတော့ နားဝမှာသောတဝိညာဉ်က ကုသလဝိပါက် မှန်သော်လည်း ဇောကျတော့ ဒေါပွတတ,က တမျိုး၊မောဟက အတင်းဖိတော့ ပျင်းရိရိကတလှဲ့၊ အမှုမဲ့ အမှတ်မဲ့နှင့် တရားသံနှင့် မတဲ့သလိုလိုကတစား၊ မကြားချင်ဒါက တဖန်၊ဟောသည်လို ဇောကျတော့ အပြန်ဖြစ်တတ်သည် သတိထားကြ။

ကဲ- ဒါဖြင့် ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, ငါမဟုတ်, သူမဟုတ်, နာမ်ရုပ်ဓမ္မ အနတ္တဆိုတဲ့ တရားတော်ကြီးကို ကြားရသောအခါ တရားတော်သံကြီးက အတိဋ္ဌဌာရုံကြီး ဖြစ်၍ သောတ ဝိညာဉ်ကလည်း ကုသလဝိပါက် အမှန် ဖြစ်ပါလျက်နှင့် မနောက သဘောမကျ ဒေါသ မောဟတို့ ကြောင့် ဇောမလှ ဖြစ်ရလျှင် ထိုသူကို ဝိပါက်ကသာ မှန်၍ ဇောဇောက်ပြန် နေရှာသောကြောင့် (**ဝိပါက်မှန် ဇောပြန်သမား**)လို့ ဆိုရပေဘူးလား တကာငြိမ်းရ၊ (မှန်ပါ ဝိပါက်မှန် ဇောပြန်သမားလို့ ခေါ်ရပါလိမ့် ဘုရား)။

သည်လိုဆိုလျှင်-

**(ဝိပါက်သာမှန်-ဇောကပြန် -ရှောင်ရန်တိတ္ထိလူ)**

ထိုသူကို တိတ္ထိတို့၏ ဘက်တော်သား တိတ္ထိတို့၏လူ ဖြစ်နေ သောကြောင့် လောကအနေနှင့် ပေါင်းသင်း၍ နေငြား သော်လည်း ဓမ္မအနေအားဖြင့်တော့ ပေယျာလ ဝ,ကွက်၍ သာ ထားလိုက်။

ရုပ်သံ, နာမ်သံ, ပရမတ်သံ, ဓာတ်သံဆိုတဲ့ အနတ္တ တရား တော်သံကြီးများကို ကြားရ၍ နားအရသာရှိရုံမျှမက ခဏ ခဏ သတိရပြီး ကြားလို့မဝ၊ နာလို့မမုန်း ဓမ္မပီတိတုံးကြီး ဖြစ်နေသော သူကိုတော့ ဝိပါက်လဲမှန်၊ ဇောလဲ မှန်သော ကြောင့်(**ဝိပါက်မှန် ဇောမှန်သမား**)လို့ ဆိုရလိမ့်မဟုတ်လား၊ (မှန်ပါ ဝိပါက်မှန် ဇောမှန်သမားပါ ဘုရား)။

သည်လိုဆိုလျှင်-

(ဝိပါက်လဲမှန်-ဇောလဲမှန်-ဆက်ဆံဘုရားလူ)

ထိုသူကို ဘုရားရှင်၏ ဘဲက်တော်သား၊ ဘုရားလူဖြစ်သော ကြောင့် ဖြောင့်ဖြောင့်သိုသို ရိုရိုသေသေ လေးလေးပင်ပင် ခင်ခင်ချစ်ချစ် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပေါင်းသင်း ဆက်ဆံ လိုက်။

အဲ- ယခုလို ပြောပြလိုက်ရခြင်းကတော့ အလွန်အမင်း ကြားရခဲလှ နာရခဲလှသော ရုပ်နာမ်ဓမ္မ အနတ္တ တရားစစ် တရားမှန်ကြီး အသံကို ကြားကြရသောအခါ အချို့မှာ တရားသံကို နား,မခံနိုင်ကြသဖြင့် ထိုတရားသံ အစစ်နှင့် (နားမှာ ရန်ဖြစ်၍)နေတတ်ကြသေးသည်။

သည်အတိုင်း ဖြစ်နေလျှင် (ဝိပါက်မှန်-ဇောပြန်သမား) တွေ ဖြစ်နေကြမည်ကို စိုးရိမ်လှ၍ နားကလဲ လက်ခံ ဉာဏ် ကလဲ သက်မှ (ဝိပါက်မှန်-ဇောမှန်သမား)တွေ ဖြစ်စေလို လှ၍ ဥယျောဇဉ် အမြွက်မျှဖြင့် အချက်ကျစွာ သတိပေး လိုက်ရပါသတည်း။

ယခု စကားစပ်မိ၍ ကြားညှပ်ပြီး ပြလိုက်သော စကား ရပ်ကို တခြားမှတ်ထား လိုက်ကြပါဦး။ မူလစကားရောက် အောင် နောက်ကစကား ပြန်ကောက်ကြပါအုံးစို့ရဲ့။

သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်အခါက ကံတည်း ဟူသော အကြောင်းထူး, အကြောင်းလွန်, အကြောင်းမွန်, အကြောင်းမြတ်ကြီးတွေကြောင့် ရလာအပ်သော အကျိုးထူး အကျိုးလွန်,အကျိုးမွန်, အကျိုးမြတ်ဖြစ်သော အဆင်းတော်

မြတ်ကြီးကို ဖူးမြင်ကြည်ညိုကြရသောသူတို့မှာ(**ဒဿနနုတ္တရိယ ကုသိုလ်**) ကြီးတွေ ဖြစ်ကြလေ၏။ ထို့အတူ အသံတော် မြတ်ကြီးကို ကြားနာရ ကြည်ညိုရသော သူတို့မှာ(**သဝနနုတ္တ- ရိယ ကုသိုလ်**)ကြီးတွေ ဖြစ်ကြလေ၏။

ဘုရား၏ အဆင်းတော်ကို မြင်ရဒါ ဒဿနနုတ္တရိယ ကုသိုလ် တဲ့လား တကာငြိမ်းရ၊ (မှန်ပါဘုရား မြင်ရဒါ ဒဿနနုတ္တရိယ ကုသိုလ်ကြီးပါ ဘုရား)။

အသံတော်ကို ကြားရဒါကတော့ သဝနနုတ္တရိယ ကုသိုလ် တဲ့လား၊ (မှန်ပါ အသံတော်ကို ကြားရဒါက သဝနနုတ္တရိယ ကုသိုလ်ပါဘုရား)။

ထို့ကြောင့် မြတ်စွာဘုရား၏ အဆင်းတော်မြတ်သည် သတ္တဝါတို့၏ ဒဿနနုတ္တရိယ ကုသိုလ်ခေတ်ကို ဆွဲဆောင် ဖြစ်ပွားစေတတ်၏။ မြတ်စွာဘုရား၏ အသံတော်မြတ်သည် သတ္တဝါတို့၏ သဝနနုတ္တရိယ ကုသိုလ်ခေတ်ကို ဆွဲဆောင်ဖြစ်ပွား စေတတ်၏ဟု မှတ်။

ယခုအခါများမှာ သက်တော်ထင်ရှား မရှိငြားသော်လည်း ဆရာသမားက ဟောကြားညွှန်ပြသည့်အတိုင်း ဘုရားပုံ ဘုရားဟန် ဘုရားသဏ္ဌာန်တော် အခြင်းအရာတော် အသံ၏ အခြင်းအရာတော်ကြီးများကို သဒ္ဓါစိတ် ကြည်ညိုစိတ်တွေ ပေါ်လာအောင် များလာအောင် ထင်မြင်လာလျှင်လည်း ဒဿနနုတ္တရိယ ကုသိုလ်တွေ သဝနနုတ္တရိယ ကုသိုလ်တွေ ဖြစ်ကြ လေ၏ ဟူလို။

ဋ္ဌ.ဋ္ဌ.၃.ဆယ ၆၀၆-၃၂ (တတိယအကြိမ်)

ဤအရာမျိုးကား သဒ္ဒါကြည်ညိုစိတ် ထားတတ်ရုံ ထားနိုင်ရုံ သာမည တစိတ်တဒေသမျှကိုသာ ပြောပြနိုင်သော အရာမျိုး ဖြစ်ပေ၏။ စင်စစ်မှာကား ဘုရားရှင်၏ ဂုဏ်အင်ကို အစုံအလင် ကုန်စင်ပြီးမြောက် ဆုံးခန်းသို့ ရောက်အောင် မည်သူတဦးတယောက်မှ ထုတ်ဆောင်ဟောပြ ရေးသားနိုင်ကြသော အရာမျိုးမဟုတ်ပေ။ စုစုချုပ်အနေနှင့် ရည်မှန်းမှတ်သားဘို့ကို ပြောရမည်ဆိုချေသော်–

ဤလောကမှာ ထူးဆိုသမျှ အနန္တတို့တွင် ဘုရားရှင်ကြီး တဦးတရှင်တည်းသာလျှင် အထူး အချွန်ဆုံးဟု မှတ်ရလိမ့် မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ မဟာဝိသေသ- ပုဂ္ဂလ အထူးဆုံးဟု မှတ်ရပါဘုရား)။

ဤလောကမှာ မြတ်ဆိုသမျှ အနန္တတို့တွင် ဘုရားရှင်ကြီး တပါးတည်းသာလျှင် အမွန်အမြတ်ဆုံးဟု မှတ်ကြပေတော့၊ (မှန်ပါ အမြတ်လဲ အမြတ်ဆုံးကြီးပါ ဘုရား)။

အထူးမှာလဲ ဘုရင်ဘဲ မဟုတ်လား၊ (မှန်ပါ အထူးမှာလဲ ဘုရင်ပါဘုရား)။

အမြတ်တွင်လဲ ထိပ်သီးဘဲ မဟုတ်လား၊ (မှန်ပါ အမြတ်တွင်လဲ ထိပ်သီးပါဘဲဘုရား။

ဒါ့ကြောင့် အထူးမှာလဲ ဘုရင်၊ အမြတ်တွင်လဲ ထိပ်သီး ဖြစ်၍ အမှန်စင်စစ်အားဖြင့် မြတ်စွာဘုရားကြီးကို (ပရမတ် ထူးမြတ်ကြီး) တပါးဟု သီးခြားထားမှု အမှတ်ပြုကြရတယ် မဟုတ်လား၊ (မှန်ပါ ပရမတ်ထူးမြတ်ကြီး အစစ်အမှန် ဖြစ်ကြောင်းပါဘုရား)။

ကဲ-ကဲ အဲဒါတွေ ရှိပါစေတော့ ရှိပါစေတော့၊ ဘုရားရှင်ကြီးပင် ဖြစ်သော်လည်း-

ထိုကဲ့သို့ ဘုန်းတန်ခိုးကြက်သရေ အထွေထွေတို့နှင့် ပြည့်စုံတော် မူပေသောကြောင့် အစိန္တေယျ-အပ္ပမေယျ မဟာဝိသေသ ပုဂ္ဂလ လောကဥက္ကဋ္ဌ ဝိသုဒ္ဓိနတ် ပရမတ် ထူးမြတ်ကြီး တဆူ ဖြစ်တော်မူသော သုံးလူထွဋ်ထား မြတ်စွာဘုရားကြီး သည်လည်း သည်းထန်လှသော လေပြင်းနှင့်တကွ မိုဃ်းအလုံး ရွာချလိုက်သောအခါ ကြီးစွာသော မီးပုံကြီးသည် တဟုန် တည်း ငြိမ်းပျောက်၍ သွားရလေသကဲ့သို့ ထို့အတူ မရဏ တည်းဟူသော မိုဃ်းက သွန်းဖြိုးရွာချလိုက်ရာ မြတ်စွာဘုရား ခန္ဓာတော်တည်း ဟူသော မီးပုံကြီးသည်လည်း အပြီးတိုင် ချုပ်ငြိမ်းပြီး ရုပ်သိမ်းရာဌာနအနုပ္ပါဒ နိရောဓခေါ်သောနန်း မသို့ မြန်းကြွ ဆိုက်ရောက်တော် မူရချေသေး၏ တကား။

မြတ်စွာဘုရား တည်းဟူသော လောကသေဋ္ဌနင်း တရား မင်းကြီးတောင်မှ သေငြိမ်းခြင်းသို့ရောက်ရသေးသည် မဟုတ် လား တကာငြိမ်းရ၊ (မှန်ပါ သေငြိမ်းရပါသေးဘုရား)။

သို့ကလို ပရမတ် ထူးမြတ်ကြီး တဆူ ဖြစ်တော်မူသော မြတ်စွာဘုရားကြီးကိုတောင်မှ သေမင်းက မချန်လှပ်ဘူးဆို တော့ ပရမတ်ယုတ်ညံ့, ဓာတ်ယုတ်ညံ့, ပရမတ်ညံ့ဖျင်း, ဓာတ် ညံ့ဖျင်းဖြစ်ကြသော သင်တို့ငါတို့တသင်းမှာ အဘယ်ဆိုဘွယ် ရှိတော့မလဲ၊ သေမင်းက ဆွဲလှဲလိုက်လျှင် ဗိုင်းဗိုင်းလဲ လိုက်ပ ကြရမည် အမှန်သာတည်း။

အယုတ်ကိုလဲ မဖယ်, အလယ်ကိုလဲ မလှပ်, အမြတ်ကိုလဲ မချန်, အင်မတန် ရက်စက်လှသောကြောင့် အရှက်ပျောက် အကြောက်ကင်းတဲ့သေမင်းကြီးပါလားတကာဒြိမ်းရ၊ (မှန်ပါ အရှက်ပျောက် အကြောက်ကင်းတဲ့ သေမင်းပါဘုရား)။

ဒါလောက်တောင် အရှက်ပျောက် အကြောက်ကင်းတဲ့ သေမင်းကို တရားတည်း ဟူသော လက်နက်တော်ကြီးနှင့် ဖြိုခွင်းဖျက်ဆီးပစ်မှ နေရာကျတော့မည်။

တရားတည်းဟူသော လက်နက်တော်ကြီးနှင့် ဖြိုခွင်းဖျက်ဆီးပစ်ဘို့ဆိုဒါလဲ သူ့ကို သေသေချာချာ နေရာတကျ မြင်နိုင်မှသာ တဲ့တဲ့မှန်အောင် ပစ်နိုင်မှာ၊ သူ့ကိုမမြင်ပြန်ရင်လဲ မှန်အောင်ပစ်နိုင်မှာ မဟုတ်ဘူး။

ဥပမာ– ရန်သူကို အောင်လိုသောသူသည် သူ့ကို တဲ့တဲ့နေအောင် မရည်မမှန်းဘဲ ရန်ပစ်နေလို့လဲ မမှန်ဘူး၊ တခြားလွဲပစ်နေလို့လဲ မှန်မှာ မဟုတ်ဘူး၊ မထိမမှန်လျှင်လဲ ထိုရန်အောင်မှာမဟုတ်ဘူး၊ သူနှင့်တဲ့လောက်သော အရပ်ကနေ၍ တဲ့လောက်အောင် ချိန်မှန်းပြီး တန်းခနဲနေအောင် ပစ်နိုင်မှ အောင်ပန်းရနိုင်မည်၊ ဒါကြောင့် သူ့ကို တဲ့တဲ့ပစ်တတ်ဘို့ အရေးမကြီးဘူးလား တကာဒြိမ်းရ၊ (မှန်ပါ တဲ့တဲ့ကြည့်ပစ်တတ်ဘို့ အရေးကြီးလှပါဘုရား)။

အဲ–ဒါကြောင့် အထက်ကစပြီး မင်းကြီးအနေအားဖြင့်ရင်း၊ သူဌေးကြီးအနေအားဖြင့်ရင်း၊ ဗိုလ်ချုပ်ကြီးအနေအားဖြင့်ရင်း၊ လက်ဝဲတော်ရကြီး အနေအားဖြင့်ရင်း၊ လကျာ

တော်ရုံကြီး အနေအားဖြင့်ရင်း၊ ယခုနောက်ဆုံးမှာ အတုမရှိ အတူမရှိသော မြတ်စွာဘုရားကြီး အနေအားဖြင့်ရင်း အသေတရားတည်းဟူသော ရန်သူကြီးကို အနည်းနည်း အစားစား ထင်ထင်ရှားရှားကြီး ညွှန်ကြား ဖော်ပြခဲ့ပြီး မဟုတ်လား၊ (မှန်ပါ ထင်ရှားအောင် ဖော်ပြခဲ့ပါပြီဘုရား)။

ထိုအသေ တရားကြီးကို မိမိကိုယ်သို့ ကပ်ပြီး တင်စီးယူဆောင်၍ ထင်မြင်အောင်သာ အခါခါ အထပ်ထပ် ရှုမှတ်ကြပေတော့။

## တနည်း အကျဉ်းချုပ် ဂါထာပုဒ်နှင့်ရှုပုံ

ဇီဝိတံ ဗျာဓိ ကာလောစ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နနာယရေ။

ဇီဝိတံစ၊အရှယ်သုံးပါး အသက်အပိုင်းအခြားရင်း။ဗျာဓိစ၊ ကိုးဆဲ့ခြောက်ဖြာ အနာရောဂါရင်း။ကာလောစ၊ နံနက်နေ့ညအခါကာလရင်း။ ဒေဟနိက္ခေပနံစ၊ မြို့,ရွာ,တော,မြေ,ကုန်း,ကြည်း,ရေနှင့် နေရာသတ်မှတ် သေရာအရပ်ရင်း။ ဂတိစ၊ဒေဝမနုဿ နိရယနှင့် ပေတ တိရစ္ဆာန် ငါးတန်သော ဂတိရင်း။ ဧတေပဉ္စ၊ သရုပ်ပိုင်းခြား ဤငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ သတ္တလောက ခေါ်ဆို ရသော လောကကြီး တခုလုံး၌။ အနိမိတ္တာ၊ ဒုန်းဒုန်းချမှတ် ဆုံးဖြတ် ပိုင်ပိုင် သိနိုင်ရာသော အကြောင်း မရှိကောင်းသောကြောင့်။ နနာယရေ၊ ဘယ်ရွယ်, ဘယ်နာ, ဘယ်ခါ, ဘူမိ, ဘယ်ဂတိ-ဟု မသိအပ်နိုင်ကုန်သတည်း။

ဤသို့ အရှယ်, အနာ, အခါ, ဌာန, ဂတိ-အားဖြင့် မသိအပ်သော အကြောင်းတရား ငါးပါးနှင့်ချပြီး မရဏတရားပွားများနည်းကို ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကြီးမှာ ဤဂါထာနှင့်တကွ ဖွင့်ပြတော်မူပေ၏။ ဂါထာ ပါဠိ အနက်ကို ရအောင်ကျက်ကြလေ။

## အရှယ်သုံးပါးဟူသော်ကား-

ယခုလောကမှာ ပဌမအစဆုံးက ၃၃-နှစ်နှင့် ၄-လကို ပဌမအရှယ် ဆိုသည်။

ဒုတိယ အလယ်က ၃၃-နှစ်နှင့် ၄-လကို ဒုတိယ အရှယ်ဆိုသည်။

တတိယအဆုံးက ၃၃-နှစ်နှင့် ၄-လကို တတိယ အရှယ်ဆိုသည်-ဟု မှတ်။

ကဲ-ဒါဖြင့် ပဌမအရှယ် ဒုတိယအရှယ် တတိယအရှယ်ဟုဆိုအပ်သော အရှယ် သုံးပါးတို့တွင် ဘယ်အရှယ်ကျ ငါသေရမည်ဟု အရှယ်အားဖြင့် သေခြင်းသဘောတရားကို ဆုံးဖြတ်ပိုင်ပိုင် ပြောဆိုနိုင်ပါမလား တကာငြိမ်းရ၊ (မပြောဆိုနိုင်ပါဘုရား)။

## အနာမျိုး(၉၆)ပါးဟူသော်ကား-

၁။ စက္ခုရောဂေါ- မျက်စိ၌ဖြစ်သော အနာ။

၂။ သောတရောဂေါ- နားတွင်း၌ဖြစ်သော အနာ။

၃။ ဃာနရောဂေါ- နှာခေါင်း၌ဖြစ်သော အနာ။

၄။ ဇိဝှါရောဂေါ- လျှာ၌ဖြစ်သော အနာ။
၅။ ကာယရောဂေါ- ကိုယ်၌ဖြစ်သော အနာ။
၆။ သီသ ရောဂေါ- ဦးခေါင်း၌ဖြစ်သော အနာ။
၇။ ကဏ္ဏ ရောဂေါ- နားရွက်၌ဖြစ်သော အနာ။
၈။ မုခ ရောဂေါ- ခံတွင်း, ပစပ်၌ဖြစ်သော အနာ။
၉။ ဒန္တ ရောဂေါ- သွားတံကျင်နာ။
၁၀။ ကာသော- ချောင်းဆိုးနာ။
ပေါင်း တဆယ်တရပ်။
၁။ သာသော- ကြို့ထိုးသော အနာ။ ဝါ-ကုတ်ဟိုးနာ။
၂။ ပိနာသော- နှာခေါင်းဖူ၌ ဖြစ်သော အနာ။ ဝါ၊ ဆောင်းမေးခါး အနာ။
၃။ ဍာဟော- ကိုယ်တွင်းပူသော၊ ဇရော- ဖျားနာ။
၄။ ကုစ္ဆိရောဂေါ- ဝမ်း၌ဖြစ်သော အနာ။
၅။ မုစ္ဆာ- မူးဝေသော အနာ။
၆။ ပက္ခန္ဒိကာ- သွေးအန်သော အနာ။
၇။ သူလာ- ထုံကျင် ကိုက်ခဲသော အနာ။
၈။ ဝိသူစိကာ- ဝမ်းကျသော အနာ။
၉။ ကုဋ္ဌံ- နူနာ။
၁၀။ ဂဏ္ဍော- ထွတ်မြင်းနာ။
ပေါင်း တဆယ် တရပ်။
၁။ ကိလာသော- ညှင်းကြီးနာ။
၂။ သောသော- အသွေးအသား ခန်းခြောက်စေတတ်သော ခရရုပ်နာ။

၃။ အပမာရော- ရှူးနာ။
၄။ ဒဒ္ဒု- ဝဲနာ။
၅။ ကဏ္ဍု- ယားနာ။
၆။ ကစ္ဆု- ပွေးနာ။
၇။ နခသာ- လက်သည်းတို့ဖြင့် ခြစ်မိရာ၌ ဖြစ်သော အနာ။
၈။ ဝိတစ္ဆိကာ- လက်ဖဝါး, ခြေဖဝါးကွဲသော အနာ။
၉။ လောဟိတပိတ္တံ-အနီ, အရွေ, ကျသောအနာ။
၁၀။ မဓုမေဟော- ထူလာသရောနာ။ ဝါ၊ဆီးအိမ်ပျက်၍ ဆီးတစက်တစက်ရှိသော အနာ။
ပေါင်း တဆယ်တရပ်။
၁။ အံသာ, ပိဠကာ- ဖောသော အဖို့ ရှိသော အနာ။ ဝါ၊ ကိုယ်ရောင်သော အနာ။
၂။ ဘဂန္ဒလာ-ဘဂန္ဒိုလ်နာ။ ဝါ၊ ဘင်နာ၊
ပေါင်း ၂-ပါးတရပ်။

ဤသို့လျှင် ဆယ်ပါး သုံးရပ်၊ နှစ်ပါးတရပ်၊ လေးရပ် ပေါင်းသော် (၃၂)ပါးဖြစ်၏။

ရင်း (၃၂)ပါးသည် ပိတ္တသမုဋ္ဌာန- သည်းခြေကြောင့် ဖြစ်သော (၃၂) ပါး။ သေမှသမုဋ္ဌာန- သလိပ်ကြောင့် ဖြစ်သော (၃၂)ပါး။ ဝါတသမုဋ္ဌာန- လေကြောင့်ဖြစ်သော (၃၂)ပါးဖြစ်သောကြောင့်-

(၃၂)ပါးကိုတည်၊ ပိတ္တ-သေမှ-ဝါတ-သုံးပါးနှင့်မြှောက် အနာမျိုး(၉၆)ပါး ဖြစ်၏။

ကဲ- ဤအနာမျိုး (၉၆) ပါးတို့တွင် ဘယ်အနာမျိုးနှင့် ငါသေရလိမ့်မည်ဟု မည်သူ တဦးတယောက်မှ ဆောက်ထစ် အန်ကျ ပြောဆိုနိုင်ကြပါမလား၊ (မပြောနိုင်ပါဘူး ဘုရား)။

## အခါအားဖြင့် ဟူသော်ကား

နံနက်ခင်းအခါ ငါသေရမည်၊ နေ့လည်ခင်းအခါ ငါသေရမည်၊ ညချမ်းအခါ ငါသေရမည် ဟု အချိန် ပိုင်းခြားအခါ အားဖြင့်လည်း အပြီးအစီး အပိုင်အနိုင် ဘယ်သူက ပြောနိုင်လိမ့်မလဲ၊ (မပြောနိုင်ပါဘူး ဘုရား)။

## ဘူမိ- အရပ်အားဖြင့်သော်ကား

မြို့ထဲမှာ ငါသေမည်၊ ရွာထဲမှာ ငါသေမည်၊ တောထဲမှာ ငါသေမည်၊ မြေပြင်မှာ ငါသေမည်၊ ရေပြင်မှာ ငါသေမည်၊ ကုန်းအရပ် ငါသေမည်၊ ကြည်းအရပ် ငါသေမည် စသည်ဖြင့် သေရာအရပ်ဌာနသင်းချိုင်းဝကို ကေန်ဒိဋ္ဌ ဘယ်သူကမှပြောပြနိုင်ကြမည်လဲ မဟုတ်ပါဘူးနော်၊ (မပြောပြနိုင်ကြပါဘုရား)။

သေပြီးသည်မှ နောက်ကာလ ကျပြန်တော့လဲ ဒေဝဂတိ- နတ်ဘုံ၊ မနုဿဂတိ၊ လူ့ဘုံ၊ နိရယဂတိ- ငရဲဘုံ၊ ပေတဂတိ- ပြိတ္တာဘုံ၊ တိရစ္ဆာနဂတိ- တိရစ္ဆာန်ဘုံ၊ သို့ကလို မိမိလားရန် ဂတိငါးတန် ရှိပြန်တော့ ငါသည် ဘယ်ဘုံ ဘယ်ဂတိသို့ လားရမည် ရောက်ရမည်ဟု အတည်တကျ နိတတ္ထအားဖြင့် တိုက်ရိုက်ပြနိုင် ပြောနိုင်ကြလိမ့်မလား ဆိုလျှင်လည်း ပြနိုင်

ပြောနိုင်ဘို့ ဝေးစွ ဟိုဘက်ဘဝအဘို့ ကောင်းကောင်းတောင်မှ တွေးဆဘူးကြမည် မထင်ပါဘူး တကာငြိမ်းရ၊ (မှန်ပါ လားရန်ဂတိကိုလဲ မသိနိုင်ပါဘုရား)။

## မှတ်ရန်အချုပ် လင်္ကာဆောင်ပုဒ်ကား

(၁) ဘယ်ရွယ်, ဘယ်နာ၊ ဘယ်ခါ, ဘူမိ၊ ဘယ်ဂတိမှ၊ မသိရပါတကား အနိစ္စခန္ဓာကိုယ်။

(၂) ဒေဝ, မနုဿ၊ နိရယနှင့်၊ ပေတ, တိရစ္ဆာန်၊ ငါးတန် ဌာန၊ ဘယ်ဘဝမှ၊ မသိရပါတကား-အနိစ္စခန္ဓာကိုယ်။

ဤလင်္ကာဆောင်ပုဒ် အတိုချုပ်ကို အရကျက်ပြီး သေခြင်း တရားကြီးကို မိမိကိုယ်သို့ ဆောင်ပြီး ထင်မြင်အောင် ကပ်ရှု ရလိမ့်မယ် တကာငြိမ်းရ၊ (မှန်ပါ ကိုယ်မှာကပ်ပြီး အထပ်ထပ် ရှုရပါလိမ့်ဘုရား)။

သို့ကလို အရွယ်အားဖြင့်ရင်း၊ အနာအားဖြင့်ရင်း၊ အခါ အားဖြင့်ရင်း၊ ဘူမိဟူသော အရပ်အားဖြင့်ရင်း၊ လားရန်ဂတိ အားဖြင့်ရင်း မသိနိုင်ခြင်း အကြောင်းတရား ငါးပါးနှင့် မရဏဿတိ ဟူသော သေခြင်းတရားကြီးကို အဖန်ဖန်အထပ် ထပ် သုံးသပ် ဆင်ခြင်ပြီးလျှင် ဝိပဿနာ ဘာဝနာတရားကြီး ကို ပွားစီးကြရဦးမည်။

သေခြင်းတရားကို ဆင်ခြင်ပွားများရုံနှင့် ကိစ္စကုန်ပြီ ကိစ္စ ပြီးစီးပြီဟု မထင်ကြနှင့်ဦး။

ဤ သေခြင်းတရားကို အောက်မေ့ ဆင်ခြင် ရဒါက စိတ်ဓာတ်ကလေး ယဉ်ကျေး နူးညံ့လာစေခြင်းငှာ ရှေးဦးစွာ စိတ်ကို နှူးနှပ်ပေးရရှိသာ ရှိသေးတယ်။

သည်လိုနှူးနှပ်ပေး၍ စိတ်ကလေး နူးနပ်ပြေပြစ်ကျစ်လစ် သေဝပ်လာမှ ရုပ်နာမ် ဝိပဿနာကို ဆက်လက်ပွားရှုလိုက် သောအခါ ပြေပြစ် ချောမောစွာ ထိထိ ရောက်ရောက် မိမိပေါက်ပေါက် သာပြီးရောက်နိုင်သည် မဟုတ်လား တကာ ငြိမ်းရ၊ (မှန်ပါ စိတ်ဓာတ်ကလေး ယဉ်ကျေးလာမှ သာပြီး အရေးပါ အရာရောက်ပါဘုရား)။

ကဲ ကဲ-ဒါဖြင့် ဝိပဿနာအလုပ် နာမ်နှင့်ရုပ်ကို အကျဉ်း ချုပ်လိုက်ကြစို့။

အခုတင်က သေခြင်းတရားတွေကို ဆင်ခြင်ဒါ၊ အောက် မေ့ဒါ၊ စဉ်းငေးဒါ၊ ကြံစည်ဒါ၊ နှလုံးသွင်းဒါ၊ ပွားရှုဒါ ဘယ်တရားလဲ၊ (ကိုယ့်ကိုယ်ကို ဤလိုမေး)။

ကမ္မဋ္ဌာန်း ကုသိုလ်စိတ်တွေ တဖွားဖွားဖြစ်၍ နေသော ကြောင့် အဲဒါတွေက (နာမ်တရား-နာမ်တရား) ကိုယ့်ဟာ ကိုယ် သည်လိုဖြေ။

သည်-နာမ်တရားတွေက ဘာကို မှီဖြစ်ရသလဲ၊ (မေး) လိုက်ဦး။

ဟာဒယဝတ္ထုကို မှီ၍ဖြစ်ရသည်၊ (ဖြေ)လိုက်ဦး။

သည်-ဟာဒယဝတ္ထု ဆိုဒါကကော ဘာတရားလဲ၊ (မေး) လေဦး။

ဟာဒယဝတ္ထုက (ရုပ်တရား-ရုပ်တရား) (ဖြေ)လေဦး။
နာမ်တရားကား-ဘယ်သဘော ရှိသလဲဟု သေချာအောင် ထပ်၍စစ်။

နာမ်တရားကား- အာရုံကို ညွှတ်တတ်သော သဘော သိတတ်သော သဘောရှိသည်ဟု စိတ်ထဲတွင်(ဖြေ)။

ဤအရာမှာတော့ သေမှုအခြင်းအရာ ကလေးတွေကို ညွှတ်တတ်သည်၊ သိတတ်သည်၊ ကြံတတ်သည်ဟု မှတ်။

ယဒယဝတ္ထု ရုပ်တရားကား ဘယ်အရပ်မှာ တည်၍ ဘယ် သဘောရှိသလဲဟု ထပ်၍စစ်။

ဟာဒယ ဝတ္ထုရုပ်ကား ရင်ချိုင့်ထဲပါး နှလုံးသားအတွင်း တလက်ဘက်စွန်းခွဲမျှလောက်ရှိသော သွေးကိုမှီ၍ တည်လေ၏ဟု ဖြေ။

ကုသိုလ်-အကုသိုလ် စသော မနောဝိညာဏ် နာမ်တရား တို့၏ မှီရာ, တည်ရာ,ဖြစ်ပေါ်ရာ, ပေါက်ပွားရာဖြစ်၍ အလွန် နူညံ့သိမ်မွေ့ ပြကတေ့ ထွန်းပလှသော သဘောထူးရှိသော ရုပ်တရားဟု မှတ်။

ဩဝါဒ-ဒါဖြင့် အခုတင်က သေခြင်းတရားကို ဆင်ခြင် ဆိုဒါကလဲ နာမ်တရား၊ အောက်မေ့ ဆိုဒါကလဲ နာမ်တရား၊ စဉ်းစားဆိုတာကလဲ နာမ်တရား၊ ကြံစည်တယ် ဆိုဒါကလဲ နာမ်တရား၊နှလုံးသွင်းတယ် ဆိုဒါကလဲ နာမ်တရား၊ပွားတယ်, ရှုတယ် ဆိုဒါကလဲ နာမ်တရား၊ နာမ်သဘော,နာမ်ကိစ္စ နာမ် အမှုသွားဖြစ်၍ စင်စစ် ငါမျိုး-ကိုယ်မျိုး မဟုတ်ပါကလားဟု နာမ်တရားပေါ် သတ္တုချရောက်စေ။

ထိုနာမ်တရားစုသည် ရင်ချိုင့်ထဲပါး နှလုံးသားအတွင်း တလက်ဘက်ခွဲစွန်းမျှလောက်ရှိသော သွေး၌ နှီး၍တည်သော အလွန်နည့် ထွန်းပလှသော ဟဒယ ဝတ္ထုရုပ်ထူး၌ မှီ၍တည်၍ ဖြစ်ပေါ်လာဒါပါကလား၊ ငါကောင်ပေါ် ကိုယ်ကောင် ပေါ်၌ မှီ၍တည်၍ ဖြစ်ပေါ်လာရသည် မဟုတ်ပါကလားဟု ဟဒယဝတ္ထု ရုပ်တရားပေါ် သတ္တုချရောက်စေ။

တရားဆိုဒါ တခြားထွက်ပြီး ရှာမနေကြနှင့် (ငါးကြင်း ဆီနှင့် ငါးကြင်းတစ်)ဆိုဒါလို မိမိကိုယ် မိမိရှေက ဖြစ်ပေါ် သွားသော တရားအစဉ်ကို နောက်ကဖြစ်ပေါ်သော တရား အစဉ်က မျက်ခြေမပြတ် ရုပ်နာမ်ပရမတ်သဘော ဆတ်ဆတ် ရောက်အောင် ကြည့်ရှုဘို့သာ လိုတော့ဒါပါဘဲ၊တကာငြိမ်းရ၊ (မှန်ပါ ငါးကြင်းဆီနှင့် ငါးကြင်းတစ်-တတ်ဘို့သာ လိုပါ ဘုရား)။

အေး အေး-ဟုတ်တယ်၊ဟုတ်တယ်၊ ပွားဒါ,ရှုဒါ ဆင်ခြင် ဒါ နာမ်သဘော, နာမ်သဘာဝ ပါကလားဟု နာမ်တရား ပေါ်မှာ သဘာဝကျလျှင် ကျရော့၊ နာမ်တရား ပေါ်မှာ သဘာဝ မကျလျှင် ကေန္တ ငါကောင်-ကိုယ်ကောင် ပေါ်မှာ ကျရောက်မှာ အမှန်ဘဲ။

သူ၏ တည်ရာ, မှီရာကတော့ ဟဒယဝတ္ထုရုပ် တရားပါ ကလားဟု ရုပ်တရားပေါ်မှာ သဘာဝကျလျှင် ကျရော့၊ ရုပ်တရားပေါ်မှာ သဘာဝ မကျလျှင် ကေန္တ ငါကောင်-ကိုယ်ကောင်ပေါ်မှာ ကျရောက်နေတော့မှာဘဲ။

ဘာ့ကြောင့်လဲဆိုလျှင် နာမ်တရားတွဲ့ ရုပ်တရားတွဲ ဆိုဒါက သာသနာမမ္မ အခုကာလ အခုခဏမှ ကံကောင်းထောက်မ ဆရာသမားများ ဆုံးမ၍ ကြားရ နာရ လေ့လာကြဒါကိုး၊ ငါကောင်, ကိုယ်ကောင်, ပုဂ္ဂိုလ်ကောင်, သတ္တဝါကောင် ဆိုဒါကတော့ တသံသရာလုံးက ဒိဋ္ဌိပြုတဲ့အတိုင်း မဆိုင်းမတွ လေ့လာခဲ့ကြ ထုံလာကြ- မှုံလာကြရင်းဖြစ်တော့ သူ့ဘက်ချည်းဘဲ စိတ်ဓာတ်တွေ ပုံလျက် လဲလဲနေကြဒါကိုး။

သည်လို တရားအားထုတ်ရင်းတောင်မှ ငါ- အားထုတ်တယ်၊ ငါပွားများတယ်၊ ငါသိတယ်၊ ငါမြင်တယ်လို့၊ ငါ ငုတ်တုပ်ကလေးက လိုက်ပြီးရှုပ်နေကြသေးလျှင်တော့ (ဆွမ်းခံရင်း ငှက်သင့်)ဆိုသလို ဖြစ်နေပြီဟု မှတ်။

တရားအလုပ်ကို အားထုတ်နေဒါက (ဆွမ်းခံရင်း) ဆိုဒါနှင့် တူစေ၊ ငါ အားထုတ်တယ်၊ ငါ ပွားများတယ် ဆိုဒါက (ငှက်သင့်)ဆိုတာနှင့် တူစေ။

ကဲ ပရိသတ်တို့ (တရားဆွမ်းခံရင်း ဒိဋ္ဌိငှက်သင့်) နေကြအုံးမနေဘ်၊ ကြပ်ကြပ် သတိထားလိုက်ကြကွယ်ရို့။

အင်း- တရားအားထုတ်နေတယ်၊ တရားအားထုတ်နေတယ်နှင့် အပြောသွယ်လိုက်ကြဒါ၊ (တရားဆွမ်းခံရင်း ဒိဋ္ဌိငှက်သင့်)နေဒါတော့ လူတိုင်းလူတိုင်း သိကြမယ် မဟုတ်ကြဘူးဟ တကာငြိမ်းရ၊ (မှန်ပါ တရားဆွမ်းခံရင်း ဒိဋ္ဌိငှက်သင့်ရမှာ အလွန်ကြောက်စရာပါ ဘုရား)။

အဲ-ဤကဲ့သို့ တရားအားထုတ် နေရင်းတောင်မှ တဏှာ, မာန, ဒိဋ္ဌိ အလိုနှင့် စွဲဆိုထားသော ငါ- အစွန်းက မလွတ်

ကင်းဘဲ ပူးတွဲကပ်ခါ လိုက်ပါ၍ နေတတ်သောကြောင့် ထို ငါ-ငါဟူသော တဏှာ,မာန,ဒိဋ္ဌိ အစွန်းမှ လွတ်ကင်းအောင် ပွားရှုနည်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးက နည်းပြတော်မူလို၍ ဖွင့်ဆိုတော်မူသည်မှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

**သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။**

သင်္ခါရာဝ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ သည်သာလျှင်။ သင်္ခါရေ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ပွားရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ကုန်၏။ ဝဝတ္ထပေန္တိ၊ နှလုံး၌ထား မှတ်သားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ပိုင်းခြားကုန်၏။

လိုရင်း ပိဏ္ဍတ္ထ အဓိပ္ပါယ်ကတော့ တရားအားထုတ်တယ် ဆိုဒါ ပုဂ္ဂိုလ်မပါ သတ္တဝါမဘက် သက်သက်သော သုဒ္ဓဓမ္မ ရုပ်နာမ်သင်္ခါရ တရားတို့ သည်သာ တရားတို့ကသာ ပုဂ္ဂိုလ် မပါ သတ္တဝါမဘက် သက်သက်သော သုဒ္ဓဓမ္မ ရုပ်နာမ်သင်္ခါရ တရားတို့ကိုပွားရှုကြသည် သုံးသပ်ကြသည် မှတ်သားကြသည် သိမ်းဆည်းကြသည် ပိုင်းခြားကြသည်ဟု ဆိုလိုပေ၏။

## မှတ်ရန်အချုပ် သံခိပ်ပုဒ်ကား

၁။ ထိုထို ဤဤ အလီလီကြံဒါက နာမ်တရား။

၂။ ဟာဒယမည် ဝတ္ထုသည် မှီတည်ရာက ရုပ်တရား။

၃။ ရုပ်နာမ်ဓမ္မ ဖြစ်ပျက်မျှ အနိစ္စမျိုးပါတကား။

၄။ ဖြစ်ပျက်မှန်က ဆင်းရဲလှ ဒုက္ခမျိုးပါတကား။
၅။ ဆင်းရဲဆိုက လိုမကျ အနတ္တမျိုးပါတကား။

## အဓိပ္ပါယ်အကျဉ်း လိုရင်းသဘောကား

ထိုထိုဤဤ အလီလီ အလာလာ ကြံစည်ခါ ကြံစည်ခါ အသိ အမျိုးမျိုး ဖြစ်ပေါ်ဒါက နာမ်တရား၊ ထိုနာမ်တရားစု၏ မှီရာက ဟဒယဝတ္ထု ရုပ်တရား။

ထိုနာမ်ရုပ်နှစ်ပါး တဖွားဖွားဖြစ်၍ တလှစ်လှစ်ချုပ်ဆုံးကွယ်ပျောက် မရှိမမြင်ခြင်းသို့ ရောက်တတ်ကုန်သောကြောင့် အနိစ္စမျိုး။

ထိုဖြစ်မှုပျက်မှုဖြင့် ထောင်းထုခံရ ဆင်းရဲလှသောကြောင့် ဒုက္ခမျိုး။

ဆင်းရဲမှန်က စိတ်အလိုကျ မဟုတ်သောကြောင့် အနတ္တမျိုး။

ယခုပြခဲ့ဒါကတော့ ဘာဝနာအလုပ် အရာမှာ ပဓာနထားပြီး ပြခဲ့တယ်၊ စင်စစ်မှာ ဒါနပြုရာ, သီလဆောက်တည်ရာမှာလဲ သည်အတိုင်းဘဲ သတိထားရမယ် မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ သည်အတိုင်း သိရပါလိမ့်ဘုရား)။

## ရှုကြည့် သိမြင် ထားရမှာကတော့ ဒါန ပြုရာမှာဆိုလျှင်

၁။ ပေးလှူဒါက ဒါနကုသိုလ် နာမ်တရား၊ သူ၏မှီရာ ဟဒယဝတ္ထုက ရုပ်တရား၊ နာမ်,ရုပ် နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။

## သီလဆောက်တည်ရာမှာဆိုလျှင်

၂။ ဆောက်တည်ဒါက သီလကုသိုလ် နာမ်တရား၊ သူ၏ မှီရာ ဟဒယဝတ္ထုက ရုပ်တရား၊နာမ်ရုပ်နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။

## ဘာဝနာ ပွားများရာမှာဆိုလျှင်

၃။ ပွားရှုဒါက ဘာဝနာကုသိုလ် နာမ်တရား၊ သူ၏မှီရာ ဟဒယဝတ္ထုက ရုပ်တရား၊ နာမ်ရုပ် နှစ်ပါး အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။

ဤစကား ၃-ချက်ကို အရကျက်၍ ရွတ်ဘတ် ပွားများ ကြလေကုန်။

ဟောသည့်လို အကျဉ်းချုပ် အားဖြင့် နာမ်ရုပ် နှစ်ပါး ဝိပဿနာ ဘာဝနာတရားကြီးကို သိထား မြင်ထား ဆင်ခြင် ထားပါမှ ဒါနကုသိုလ်မှု ပြုရာမှာဖြစ်စေ၊ သီလဆောက်တည် ကျင့်သုံးရာမှာဖြစ်စေ၊ဝဋ္ဋမှလွတ်ရသော ဝိဝဋ္ဋခုတ်ကြီး အပြီး တိုင်ပါရှိလေ၍ ယခုနေအခါ သာသနာတော်တွင်း ကြီးမှာ လွန်စွာ အရေးကြီးလှသော နိဗ္ဗာန်နှင့် အနီးဆုံး အကပ်ဆုံး ဖြစ်သော ဝိဝဋ္ဋဒါန မြတ်ကြီးတွေ, ဝိဝဋ္ဋသီလ မြတ်ကြီးတွေ ဖြစ်ကြရပေတော့မည်၊ ဘယ်နေရာမှာမဆို တရားသတိ အမြဲ လက်ကိုင်ရှိကြစေ။

သို့ကလို သာသနာ့ဓမ္မ ဘုရား၏အဆုံးအမကိုရကြ၍ ပြုကြသော ဒါန၊ ဆောက်တည်ကြသော သီလ၊ ပွားများကြသော ဘာဝနာစု ကုသိုလ်မှု တွေကို သာသနာ တော်တွင်း ဒါန၊ သာသနာတော်တွင်း သီလ၊ သာသနာတော်တွင်း ဘာဝနာ ဟူ၍လည်း ခေါ်ဆိုရ မဟုတ်လား တကာငြိမ်းရ၊ (မှန်ပါ သာသနာတော်တွင်း ဒါန၊ သာသနာ တော်တွင်း သီလ၊ သာသနာတော်တွင်း ဘာဝနာဟု ခေါ်ရပါဘုရား)။

ရုပ်နာမ်ဓမ္မ အနိစ္စအချက်ကြီး ဒုက္ခအချက်ကြီး အနတ္တ အချက်ကြီးများကို သိထား, မြင်ထား, ဆင်ခြင်ထားပြီးဖြစ် သောကြောင့် နိဗ္ဗာန်နှင့် အနီးဆုံးဖြစ်သော ဝိဝဋ္ဋဒါန, ဝိဝဋ္ဋ သီလ, ဝိဝဋ္ဋဘာဝနာလို့လဲ ခေါ်ဆိုရတယ်နော်၊ (မှန်ပါ ဝိဝဋ္ဋ ဒါန, ဝိဝဋ္ဋသီလ, ဝိဝဋ္ဋဘာဝနာလို့လဲ ခေါ်ဆိုရပါ ဘုရား)။

ဝဋ္ဋမျိုးမဟုတ်ဘဲ ဤကဲ့သို့ ဝိဝဋ္ဋခေတ် ကုသိုလ်မြတ်ကြီး တွေ ဖြစ်ကြမှသာ နောက်က ဟောပြခဲ့သော သေစခန်း သေလမ်းကြီးတွေက တဖြေးဖြေး ရပ်ပြီး သေခန်းကြီးတွေ တဖြေးဖြေးပြတ်ကြမှာ မဟုတ်လား၊ (မှန်ပါ ဒါမှ တဖြေး ဖြေး သေခန်းပြတ်ကြမှာပါ ဘုရား)။

တကာငြိမ်းရေ (ဘုရား)၊ ကဲ- ကဲ- ကဲ- ဒါဖြင့်(သေခန်း ပြတ် ဆောင်ပုဒ်များကို) ခါးပိုက်ဆောင် သံဝေ ရသွားကြ အောင် ရွေကဆောင်ပြီး ချပေးလိုက်အုံးမယ်၊ အငယ်,အကြီး အထီး,အမ ပုစု,ခရုမကျန်ဆိုသလို အားလုံး စိတ်ရောမာန်ပါ ထက်သန်စွာ လိုက်ကြစမ်း-လိုက်ကြစမ်း။

## သေခန်းပြတ် သံဝေဂဆောင်ပုဒ်များ

(၁) ဒါနအကျိုး မြှော်ကိုးရည်ရွယ်၊
ဝိဝဋ္ဋ ဖြစ်ရပါစေတကယ်၊
ကာမဘဝ ဝဋ္ဋထိုနယ်၊
ခြေမလှမ်း သေခန်းဖြတ်တော့မယ်။

(၂) သီလအကျိုး မြှော်ကိုးရည်ရွယ်၊
ဝိဝဋ္ဋ ဖြစ်ရပါစေတကယ်၊
ရူပဘဝ ဝဋ္ဋထိုနယ်၊
ခြေမလှမ်း သေခန်းဖြတ်တော့မယ်။

(၃) ဘာဝနာအကျိုး မြှော်ကိုးရည်ရွယ်၊
ဝိဝဋ္ဋ ဖြစ်ရပါစေတကယ်၊
အရူပဘဝ ဝဋ္ဋထိုနယ်၊
ခြေမလှမ်း သေခန်းဖြတ်တော့မယ်။

## တရား အဆုံးသတ်ရန်

မယာ၊ ငါနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဣမေ၊ ဤတရား ဟောမှု တရားနာမှုကို စိတ်တူကိုယ်မျှ ပြုလုပ်၍ နေကြကုန်သော သူတို့သည်။ တေသံ ပုညာနံ၊ တရားတော်ကြောင့်သာ ဖြစ်ပေါ်လာရသော ဒါန, သီလ, ဘာဝနာ သုံးဖြာအစု သုံးကောင်းမှုတည်းဟူသော ဝိဝဋ္ဋဓာတ် ထိုကုသိုလ်မြတ်ကြီးတို့၏။ အာနုဘာဝေန၊တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။မဇ္ဈုရာဇံ၊

ကာမ-ရူပအရူပဟု ဆိုအပ်သော သုံးလောကဓာတ် သုံးဘုံရပ်၌ အယုတ်, အလတ်, အမြတ် မချန် သတ်ရန်အကြောင်း အမြဲချောင်း၍နေသော မကောင်းညစ်စုပ် သေမင်းယုတ်ကြီးကို။ ဇိနန္တု၊ အပြတ်အတောက် ထပ်မရောက်အောင် (သေခန်းကြီးဖြတ်)တောက် အောင်မြင်နိုင်ကြ ပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

(ပိုသလိုထင်သောနေရာ နှုတ်ပြီး၊ လိုသလိုထင်သောနေရာ ချဲ့ထွင်၍ ပရိသတ်ထင်မြင်အောင် ဟောပြောကြပါကုန်)။

သေခန်းဖြတ်တရားကွင်း ပြီး၏။

# ကြေကြေညက်ညက်အရကျက်၍ ညစဉ်ညတိုင်း ရွတ်ဘတ် ဆင်ခြင်ကြရန်

## အသုဘဆယ်ပါး ပါဠိ,အနက်

ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ လောဟိတကံ ပုဠုဝကံ အဋ္ဌိကဉ္စေတိ ဣမေ ဒသ အသုဘာနာမ။

(၁) ဥဒ္ဓုမာတကံ၊ သေဆုံးသည်မှ နောက်ကာလထက် နှစ်ရက်,သုံးရက် လွန်ကြူး တက်လျှင် ဖူးဖူးရောင်ပုပ် စက်ဆုပ်ရွံဘွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ ဥဒ္ဓုမာတက ခေါ်သော အသုဘအကောင်ပုပ် တမျိုးရင်း။

(၂) ဝိနီလကံ၊ အသားများရာ၌နီ ပြည်စုရာ၌ဖြူ ယေဘူယျအားဖြင့် ညိုမြည်းရောင်ပုပ် စက်ဆုပ်ရွံဘွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ ဝိနီလကခေါ်သော အသုဘ အကောင်ပုပ်တမျိုးရင်း။

(၃) ဝိပုဗ္ဗကံ၊ ပေါက်ပြတ် အက်ကွဲ မကြည့်ရဲအောင် ယို့ရွဲပြည်ပုပ် စက်ဆုပ်ရွံဘွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံး မကျတဲ့ ဝိပုဗ္ဗက ခေါ်သော အသုဘ အကောင်ပုပ် တမျိုးရင်း။

(၄) ဝိစ္ဆိဒ္ဒကာ၊ နှစ်ပိုင်းဖြတ်ခုတ် နှစ်ပိုင်းပြုတ်၍ စက်ဆုပ်ရှုံ့ဘွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ ဝိစ္ဆိဒ္ဒက ခေါ်သော အသုဘအကောင်ပုပ် တမျိုးရင်း။

(၅) ဝိက္ခာယိတကာ၊ ခွေး ကျီး ငှင်းတ သစ်ကျား စသည် ထိုမှာကျဲလဲ တသဲသဲနှင့် ကိုက်ခဲထိုးကုပ် စက်ဆုပ်ရှုံ့ဘွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ဝိက္ခာယိတကခေါ်သော အသုဘအကောင်ပုပ် တမျိုးရင်း။

(၆) ဝိက္ခိတ္တကာ၊ ခြေ, လက်, ခေါင်း, ကိုယ်, ဖရိုဖရဲ တကွဲတပြား တခြားစီပြုတ် စက်ဆုပ်ရှုံ့ဘွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ ဝိက္ခိတ္တက ခေါ်သော အသုဘ အကောင်ပုပ် တမျိုးရင်း။

(၇) ဟတဝိက္ခိတ္တကာ၊ ကျီးခြေမယှင်း ဒါးဖြင့်မွန်းလျက် ခေါင်း,လက်,ကိုယ်,ခြေ, အထွေထွေပြုတ် စက်ဆုပ်ရှုံ့ဘွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ ဟတဝိက္ခိတ္တက ခေါ်သော အသုဘ အကောင်ပုပ် တမျိုးရင်း။

(၈) လောဟိတကာ၊ ထိုထိုကျဲကျဲ နီနီထွေးထွေး သွေးလိမ်းစီးသွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ လောဟိတကခေါ်သော အသုဘ အကောင်ပုပ် တမျိုးရင်း။

(၉) ပုဋ္ဌုဝကံ၊ ပိုးလောက်ဝင်ထွက် ကျိကျိတက်လျက် ပြည့်နှက်ကပ်တွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ ပုဋ္ဌုဝက ခေါ်သော အသုဘ အကောင်ပုပ်တမျိုးရင်း။

(၁၀) အဋ္ဌိကံ၊ တချောင်းနှင့်တချောင်း အိမ်ပျက်ဟောင်းသို့ ပေါင်းစုစပ်တွယ် သင်းချိုင်းမြေဝယ် စွန့်ပယ်ပစ်ချ အသုံးမကျတဲ့ အဋ္ဌိကခေါ်သော အရိုးစု အသုဘ အကောင်ပုပ် တမျိုးရင်း။

ဣတိ-ဣမေ၊ ဤသည့်တို့သည်။ ဒသ အသုဘာနာမ၊ ခန္ဓာ ယွင်းဘောက် ဇီဝိန်ပျောက်က ရောက်ရအသင့် မတင့်မတယ် မဖွယ်ရာသည့် ရှုဘွယ်ရာအပြား ဆယ်ပါးသော အသုဘ တရားတို့ မည်ကုန်သတည်း။

အရကျက်၍ ညတိုင်း

ရွတ်ဘတ် သရဇ္ဈာယ်ကြပါလေကုန်။

## ဆုတောင်းနှင့်အမျှဝေ

(၁) ဟောပုံကျမ်းပြု ကောင်းမှုကံတွေ၊
အကြောင်းတခု တောင်းဆုပန်ချွေ၊
ပညာဝိက မရမနေ၊
ကာသစ်ပန်း ဆွတ်လှမ်းနိုင်ရစေ။

(၂) ဟောနည်းကျင့်နည်း အပြီးပါလေ၊
မပင်မပန်း သင်တန်းအနေ၊
သတိမပျက် ကြည့်ကျက်ဆောင်လေ၊
သိ့မြင့်ပေါက် ပိုင်ရောက်ကြပါစေ။

(၃) ကြွားကြွားသမျှ များစွာဝေနေ၊
ဓမ္မဒါန အမျှရစေ၊
ကာယစိတ္တ သုခနှစ်ထွေ၊
နိဗ္ဗာန်ထိ တည်ရှိကြပါစေ။
သာဓု-သာဓု-သာဓု။

ဟောပုံကျမ်း- တတိယတွဲ
ဤတွင် ပြီးပြီ။

ကြော်ငြာပန်း ကျမ်းစာအုပ် အမျိုးမျိုး

ရနိုင်ပါသည်။

ဦးဘညွန့်-ဒေါ်အုန်းမေ

မြင်းမူလမ်း၊ မုံရွာ။